K.A. ABBAS

Mera Naam Joker

၂၀၀၆ခုနှစ် အမျိုးသားစာပေ(ဘာသာပြန် - ရသစာပေ)ဆုရ

ကံကြမ္မာအကျဉ်းသား

မောင်ပေါ်ထွန်း

WHISPER OF WORDS

ဖူးပွင့်ဝေဝေစာအုပ် အမှတ် ၃၄

ကံကြမ္မာ အကျဉ်းသား

မောင်ပေါ်ထွန်း

MERA NAAM JOKER

by K.A.ABBAS

ဖူးပွင့်ဝေဝေစာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။
ဖုန်း- ၂၉၆၆၇၁ (အိမ်)၊ ၇၁၀၁၀၃ (ဆိုင်)
ဖြန့်ချိရေး - ရာပြည့်စာအုပ်ဆိုင်
အမှတ် ၄၁၆၊ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့်၊ ရန်ကုန်မြို့။
Ebook Creator - Whisper Of Words

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း ▯ ပထမအကြိမ်၊ ၂၀၀၆ ၊မေလ

ဒုတိယအကြိမ်၊ ၂၀၁၉၊ ဒီဇင်ဘာလ၊

အုပ်ရေ (၅၀၀)

ထုတ်ဝေသူ ▯ ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ၊

(၀၀၆၆၀) ၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ▯ ဒေါ်ကြည်ပြာသွယ်၊

ဝင်းတိုးအောင်အော့ဖ်ဆက် (၀၇၄၂၇) ၁၈၁၊လမ်း ၅၀၊ ၁၀ ရပ်ကွက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင် ▯ အေဇက်

မျက်နှာဖုံးဒီဇိုင်း ▯ လင်းဝဏ္ဏ

စာအုပ်ချုပ် ▯ ဖူးပွင့်မွေး

တန်ဖိုး ▯ ၂၅၀၀ ကျပ်

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖောက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

စာအုပ်အသစ်တွေ တင်ပေးတိုင်း သိရှိနိုင်ဖို့ link ကို နှိပ်ပြီး ချန်နယ်ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

၂၀၀၆ ခုနှစ် အမျိုးသားစာပေ စိစစ်ရွေးချယ်ရေးကော်မတီ ဘာသာပြန် (ရသစာပေ)အဖွဲ့ငယ်၏ မှတ်ချက်

ဘာသာပြန် (သုတ၊ ရသ) စာပေအဖွဲ့ငယ်သည် ၂၀၀၆ ခုနှစ်အတွက် ဘာသာပြန်စာအုပ်ပေါင်း (၁၄၁) အုပ်ကို လက်ခံရရှိခဲ့ပါသည်။ ၎င်းတို့အနက် ရသစာပေဆိုင်ရာစာအုပ် (၈၅) အုပ်ကို အစည်းအဝေး (၃) ကြိမ် ခေါ်ယူညှိနှိုင်းခဲ့ရာ "မောင်ပေါ်ထွန်း" ဘာသာပြန်ဆိုသော "ကံကြမ္မာ အကျဉ်းသား"စာအုပ်ကို ဆုချီးမြှင့်ရန် ရွေးချယ်ခဲ့ကြပါသည်။

မူရင်းဝတ္ထုအမည်မှာ Mera Naam Joker ဖြစ်ပြီး မူရင်းစာရေး ဆရာမှာ K.A.ABBAS ဖြစ်ပါသည်။ အလွန်ဆင်းရဲသော မုဆိုးမ မိခင်ကြီးက ၁၅ နှစ်သားအရွယ် သားဖြစ်သူကို ပညာတတ်ဖြစ်စေလို ပါသည်။ ဖခင်၏ သွေးပါသော ရာဂျူးက ဖခင်ကဲ့သို့ပင် လူရွှင်တော် ဖြစ်လိုသည်။ ရာဂျူးသည် လူရွှင်တော်လိုဝတ်၍ လမ်းဘေးတွင် ဈေး ရောင်းမှုဖြင့် ကျောင်းထုတ်ခံရသည်။

ရာဂျူးက မေရီကို စွဲလမ်းနေသော်လည်း မေရီ လက်ထပ်သွားသောအခါ အချစ်၏ ခါးသီးမှုကို ကြုံလိုက်ရသည်။ ထို့နောက် မမျှော်လင့်ဘဲ ဆပ်ကပ်လူရွှင်တော် ဖြစ်သွားသည်။ ရုရှားအမျိုးသမီး ကျွမ်းဘားအားကစားမယ် မာရီနာနှင့် ချစ်သွားကြပြန်သည်။ ရာဂျူး၏ ဘဝမှန်ကို သိသွားသော မိခင်ကြီး က ဆက်ကပ်လာကြည့်ရင်း နှလုံးရောဂါဖြင့် ပွဲခင်းထဲမှာပင် ကွယ်လွန်သွားသည်။ မာရီနာလည်း ဆက်ကပ်အဖွဲ့နှင့်အတူ ရုရှားသို့ ပြန်သွားသည်။ တစ်ကောင်ကြွက် ရာဂျူးသည် ခြေသလုံးအိမ်တိုင် လုပ်နေရင်း ယောကျ်ားကလေးလို ရုပ်ဖျက်ဝတ်ဆင်ထားသော မိန္နူး ခေါ် မီနာနှင့် တွေ့ရပြန်သည်။ မီနာ့အပေါ်တွင် ရာဂျူး စောင့်စည်းခဲ့သည်။ မီနာ ရုပ်ရှင်မင်းသမီးဖြစ်သွားသောအခါ ရာဂျူးတစ်ယောက် ပျောက်သွားပြန်သည်။ ထို့နောက် နှစ်ပေါင်းများစွာ ကြာသောအခါ ရာဂျူး ပြန်ပေါ်လာပြီး ၎င်း၏ နောက်ဆုံးပြကွက်ကို ၎င်းချစ်ခင်ရသော မေရီ၊ မာရီနာနှင့် မီနာတို့၏ ရှေ့မှောက်၌ တင်ဆက်ပြသခဲ့သည်။

ဤဝတ္ထုတွင် အဓိကဇာတ်ဆောင် ရာဂျူးသည် ဘဝတက္ကသိုလ် ကျောင်းဆင်းပီသစွာ လောကဓံကို ကြံ့ကြံ့ခံနိုင်သည်သာမက အလွန် လူပီသသူဖြစ်သည်။ လူတွေကို ရယ်အောင် လုပ်နိုင်သည်။ ၎င်းတို့၏ ဒုက္ခသုခများကိုလည်း ဝေမျှခံစားတတ်သော်လည်း စိတ်နာတတ်သူ မဟုတ်၊ တည်ငြိမ်စွာပင် ခံယူခဲ့သည်။ ယောကျ်ားကောင်း၊ ဥယျာဉ် မှူးကောင်း ပီသသည်။ မျက်စိရှေ့မှောက်၌ မိခင်ကြီး ကွယ်လွန်သွား သည်ကို တွေ့မြင်နေရသည့်တိုင်အောင် ၎င်း၏ လူရွှင်တော်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားသည်။ ၎င်းအတွက် အားလုံးက ငိုနေကြသော်လည်း လူရွှင်တော်သည် မျက်ရည်မကျရဆိုသော ခံယူ ချက်ဖြင့် ထိန်းထားနိုင်ခဲ့သည်။ ရာဂျူးသည် လူရွှင်တော်ပညာဖြင့် လူတွေအား ဘဝကြေးမုံပြင်ကို မြင်အောင် ပြနိုင်သူဖြစ်သည်။ ဤဝတ္ထု ကို ဖတ်ရှုခြင်းဖြင့် ဘဝ၏ ဒဿနကို ပိုမိုသဘောပေါက်လာကြဖွယ် ရှိသည်။ ကျစ်လစ်စွာ မြန်မာဘာသာသို့ ပြန်ဆိုထားကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် "ကံကြမ္မာအကျဉ်းသား" စာအုပ်ကို အမျိုးသား စာပေဆု၊ ဘာသာပြန် (ရသ) အတွက် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။

ပဏာမ

မျက်နှာဖုံးရယ်၊ လူရယ်

[၁]

ဆပ်ကပ်တီးဝိုင်း၏ စည်းချက်အတိုင်း ဒရမ်ဗုံကြီးကို တဒေါင်းဒေါင်းဖြင့် တီးခတ်လာသည်။ ဗုံကြီး၏ မျက်နှာပြင်တွင် ဆပ်ကပ်လူရွှင်တော်၏ ရယ်နေသော မျက်နှာပုံ ရေးဆွဲထားသည်။

လူရွှင်တော်ပုံတွင် အပြာရောင် ကတော့ချွန်ဦးထုပ် ဆောင်းထားသည်။ ဦးထုပ်ထိပ်တွင် ရွှေရောင် ခေါင်းလောင်းကလေးများ တွဲလောင်းဆွဲထားသည်။ လူရွှင်တော်၏ ပါးပြင်နှစ်ဖက်မှာ ခရမ်းချဉ်သီးမှည့်လို တွတ်တွတ်နီ နေ၏။ ပါးစပ်ကို အကျယ်ကြီးဖြဲပြီး သွားတွေအားလုံးပေါ်အောင် ရယ်နေသည်။ သို့သော်လည်း ကလေးဆန်သည့် သူ့မျက်လုံးတွေမှာတော့ ဝမ်းနည်း ရိပ် လွှမ်းနေ၏။

ပါးနှစ်ဖက်၊ နှာခေါင်းနှင့် မျက်လုံးများကို ဒရမ်လက်ရိုက်တံဖြင့် အဆက်မပြတ် တီးခတ်နေသည်။ သို့ပေမဲ့ လူရွှင်တော်၏ မျက်နှာကတော့ လုံးဝ အပြုံးအရယ်မပျက်။ အမြဲတမ်း ပြုံးရယ်လျက်ပင်။ သူကား ထာဝရ ပျော်တော်ဆက်ပင်တည်း။ သူ့မျက်နှာကို ဒရမ်လက်ရိုက်ဖြင့် ပို၍ ပြင်းပြင်း တီးခတ်လေလေ၊ ဒရမ်သံက ပို၍ ကျယ်လောင်ပြီး ပို၍ မြူးရွှင်လေလေ ဖြစ်သည်။ ဤသည်မှာ သာမန် ဆပ်ကပ်လူရွှင်တော် တစ်ယောက်၏ မျက်နှာမဟုတ်၊ အထူးစပယ်ရှယ် လူရွှင်တော်တစ်ယောက်၏ မျက်နှာဖြစ်၏။

တစ်ချိန်သောအခါက သူ့ကို လူတိုင်းသိသော၊ လူတိုင်းရယ်ရသော၊ လူတိုင်း ချစ်သော လူရွှင်တော် တစ်ယောက်၏ မျက်နှာဖြစ်၏။ ဒရမ်တီးခတ်သူ နောက်မှ မြှောက်ကိုင်လာသော ဆိုင်းဘုတ် စာတန်းကတော့

"သူ နောက်တစ်ကြိမ်ပြန်လာပြီ သီချင်းဆိုတဲ့ ဆပ်ကပ်လူရွှင်တော်ကြီး ရာဂျူး နောက်တစ်ကြိမ် ပြန်လာပြီ ဤအကြိမ်သည် နောက်ဆုံးအကြိမ် ဖြစ်နိုင်သည်"

ရှည်လျားသော ဆပ်ကပ်အဖွဲ့သား လူတန်းကြီးသည် ဘုံဘေမြို့တွင်းမှ လမ်းမကြီးများအတိုင်း ဖြည်းဖြည်း ညီညာ စီတန်းလှည့်လည် လာကြသည်။ ဆပ်ကပ်အဖွဲ့တွင် ဆင်များ၊ မြင်းများအပြင် လှောင်အိမ်သွင်း၍ သယ်ဆောင်လာသည့် ခြင်္သေ့များ၊ ကျားများ၊ ကျားသစ်များ၊ ဝက်ဝံများ၊ လူဝံများနှင့် မျောက်များလည်း ပါသည်။ မျောက်တွေက လမ်းဘေးမှ လူအုပ် ကြီးကို ကသူကရှုကြည့်ကာ ပြောင်ချော်ချော် လုပ်ပြနေကြသည်။

ဆပ်ကပ်အားကစားသမားများက လမ်းလျှောက် ချီတက်လာရင်းမှ ထူးဆန်းသော ကျွမ်းထိုးပညာ ပြကွက်များကို ပြသလာကြသည်။

အသားကပ် ကိုယ်ကျပ်ဝတ်စုံဝတ်ထားသော ဆပ်ကပ်မယ်ကလေး များက ရောင်စုံအလံများနှင့် ကြော်ငြာဆိုင်းဘုတ်များကို ကိုင်ဆောင်လာ ကြသည်။

နောက်ဆုံးမှ လိုက်ပါလာသူများကတော့ ဆပ်ကပ်လူရွှင်တော်များ။ အချို့က ရှည်ရှည်၊ အချို့က ပုပု၊ အချို့က ဝဝ၊ အချို့က ပိန်ပိန်။ ပြောင်ပြောင်

လက်လက် အရောင်စုံ ဝတ်စုံများ ဝတ်ဆင်လျက်။ မျက်နှာများကို ရယ်စရာကောင်းအောင် ကြောင်ကြောင်ကျားကျား ဆေးရောင်စုံခြယ်လျက်။ အချို့က ကမ္ဘူးရှူးထိုး ဒယီးဒယိုင် လျှောက်လျက်။ တမင်တကာ ခြေချော်လဲသူက လဲ၊ တစ်ယောက်အပေါ်တစ်ယောက် တွန်းမှီသူက တွန်းမှီ၊ ခုန်ပေါက်သူက ခုန်ပေါက်၊ ကျွမ်းထိုးသူက ထိုးဖြင့် လူထုပရိသတ်ရယ်အောင် တမင်လုပ်ပြ လာကြခြင်း ဖြစ်၏။

ယင်းသို့လျှင် မျက်စိပသာဒ ဆွဲဆောင်စရာ မြင်ကွင်းစုံ ပါလာသော် လည်း ပရိသတ်အများစု စိတ်အဝင်စားဆုံး အရာကတော့ "နာမည်ကျော် ဆပ်ကပ်လူရွှင်တော်ကြီး ရာဂျူးပြန်လာပြီ" ဟူသော ဆိုင်းဘုတ်စာတန်းပင် ဖြစ်သည်။ ရာဂျူးသည် ဆပ်ကပ်လောကမှ နှစ်ပေါင်းများစွာ အနားယူ နေခဲ့ပြီးမှ ယခုတစ်ဖန် နောက်ဆုံးအကြိမ်အဖြစ် ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်၏။ ဆိုင်းဘုတ်ကြော်ငြာများတွင် ယခင်က လူတိုင်းနှင့် ရင်းနှီးကျွမ်း ဝင်နေခဲ့သော လူတိုင်းရယ်မောခဲ့ရသော လူရွှင်တော်ကြီး ရာဂျူး၏ ရုပ်ပုံများ ကို ရယ်စရာကောင်းအောင် ဆေးရောင်စုံဖြင့် အမျိုးမျိုး ရေးဆွဲထားသည်။ သို့သော်လည်း လူတွေက သိကြသည်မှာ လူသားစင်စစ် ရာဂျူးမဟုတ်၊ ကလေးတွေ တဝါးဝါး ရယ်မောရအောင် ဝတ်စုံပွပွကြီး ဝတ်ထားသည့် မျက်နှာဖုံးစွပ် ရာဂျူးသာ ဖြစ်၏။ ရယ်မောနေသည့် မျက်နှာဖုံးအောက်မှ လူသားစစ်စစ်၏ မျက်နှာကိုကား ဘယ်သူမှ မမှတ်မိကြ။ သူ ပျော်ရွှင်နေ သလား၊ ဝမ်းနည်းနေသလား။ သူ နုပျိုနေဆဲလား၊ အိုမင်းနေပြီလား။ သူ ရှူးကြောင်ကြောင် လူစားလား၊ မေတ္တာတရားကြီးမားသည့် အတွေးအခေါ်သမားလား။ ကွဲကွဲပြားပြား ဘယ်သူမှ မသိကြပါချေ။

※

ယင်းသို့သော လူရွှင်တော် အရုပ်ကလေးတစ်ရုပ်ကို ဆံဖြူစပြုနေပြီဖြစ်သည့် ခရစ်ယာန်ဘာသာဝင် အမျိုးသမီးကြီးတစ်ဦးက ပါဆယ်ထုပ်ထဲမှ ဆွဲထုတ် လိုက်သည်။ လူရွှင်တော်ရုပ်ကလေးကို မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသော ကြောင့် သူမ တစ်ကိုယ်လုံး သိမ့်သိမ့်ခါ တုန်လှုပ်သွားသည်။ ယဉ်ပါးနေသည့် ထူးဆန်းသော ဂီတသံစဉ်သည် သူမ၏နှလုံးသားထဲမှ သို့မဟုတ် သူမ၏ အတိတ်ကာလမှ ပေါ်ထွက်လာသည်။ ညိုးရော်နေသော်လည်း လှပသော သူမ၏မျက်နှာတွင် အပြုံးပန်းများ ကြည်လင်တောက်ပလာသည်။ လူရွှင်တော် အရုပ်ကလေးနှင့်အတူ ဆပ်ကပ်ပွဲ လက်မှတ်နှစ်စောင်နှင့် စာတစ် စောင်တို့လည်း ပါလာသည်။ အမျိုးသမီးကြီး၏ စိတ်အစဉ်သည် အတိတ် ကာလဆီသို့ ပြန်လည် လွင့်မျောသွားကာ ၁၅နှစ်အရွယ် ကျောင်းသား ကလေး၏အသံကို ပီပီပြင်ပြင် ပြန်လည် ကြားယောင်လာမိလေသည်။

"ဆရာမ...

ကျွန်တော့်ဘဝမှာ နောက်ဆုံးပွဲ သို့မဟုတ် နောက်ဆုံး စာမေးပွဲ ကျွန်တော် ဆင်နွှဲမှာ ဖြစ်ပါတယ်၊ ဆရာမကို ကျွန်တော် နောက်ထပ် ဒုက္ခမပေးတော့ပါဘူး၊ လာဖြစ်အောင် လာခဲ့ပါ ဆရာမ။

ရာဂျူး"

ဆီးနှင်းဖုံးလွှမ်းသော ဟိမဝန္တာတောင်စဉ်တောင်တန်းများကို ကျော်ဖြတ်လျက် ဘုံဘေမြို့မှ မိုင်ပေါင်း ထောင်ပေါင်းများစွာ ဝေးကွာသော

မော်စကိုမြို့တော်၊ လီနင်နာမြို့နယ်၊ မိုးထိတိုက်ကြီးတစ်တိုက်၏ ၁၇ထပ်မှ အခန်းတံခါး ခေါင်းလောင်းကို လုပ်ငန်းဝတ်စုံဝတ် စာပို့လုလင်က တီးခတ်လိုက်သည်။

သွယ်သွယ်နှောင်းနှောင်း လူလတ်ပိုင်းအရွယ် ရွှေရောင်ဆံပင်ပိုင်ရှင် အမျိုးသမီးတစ်ဦး ထွက်လာပြီး စာပို့လုလင်ထံမှ ပါဆယ်ထုတ်နှင့် စာတစ်စောင်ကို လက်မှတ်ထိုး၍ လက်ခံယူသည်။ ပါဆယ်ထုပ်ကို ဖွင့်လိုက်တော့ လူရှင်တော်အရုပ်ကလေးတစ်ရုပ် ထွက်လာသည်။ လှပသော သူမ၏ မျက်နှာသည် ရုတ်တရက် ညှိုးသွားသည်။ မကြာမီတွင် ပြန်ပြီး ပြုံးရိပ် သမ်းလာသည်။ သူမ၏ စိတ်အာရုံသည် ဝေးလံသော ဒေသဆီသို့ ပြန်ရောက်သွားသည်။ သူမသည် စာကို ဖတ်ရင်း တစ်ကြိမ်က ရင်းနှီးခဲ့ဖူးသော လူတစ် ယောက်၏ အသံကို ကြားယောင်လာသည်။

“ကျွန်တော်ချစ်တဲ့ မမ မာရီယာ...

နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပေမယ့် မမရဲ့ ရှေ့မှောက်မှာ ပထမ ဆုံး ဖြေဖျော်ပြခဲ့တဲ့ အိန္ဒိယသား ဆပ်ကပ် ပျော်တော်ဆက်ကလေးနဲ့ အိန္ဒိယနိုင်ငံကိုတော့ မမ သတိရနေဆဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ကျွန်တော့်ရဲ့ နောက်ဆုံး ဖြေဖျော်ပွဲကို ရှုစားရအောင် အိန္ဒိယကို မမ လာနိုင်ပါ့မလား။ ဘုံဘေမြို့နဲ့ မော်စကိုမြို့ဟာ မိုင်ပေါင်း ထောင်ပေါင်းများစွာ ကွာဝေးတယ်လို့ ကြားဖူးပါတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်ကြတဲ့လူတွေ နီးစပ်ရေးအတွက် တီထွင်ထားတဲ့ ဂျက်လေယာဉ်ပျံကြီးကို စီးလာရင် နာရီအနည်းငယ် အတွင်း ရောက်နိုင်ပါတယ် မမရယ်”

ရာဂျူး”

※

ဘုံဘေမြို့၏ တစ်ခုသော နံနက်ခင်း၊ ၁၀ နာရီအချိန်။

ဆွဲဆောင်မှု ရှိနေဆဲ ဖြစ်သော်လည်း အောင်မြင်မှု မှေးမှိန်နေပြီဖြစ်သော (သိပ်လည်း မနုပျို၊ သိပ်လည်းမလှ၊ သိပ်လည်း မထင်ရှားတော့သည့်) ရုပ်ရှင်မင်းသမီးကြီးသည် နေ့သစ်ကို ကြိုဆိုရန် သူမ၏ မိတ်ကပ်ဖုံး မျက်လုံးအစုံကို ဖွင့်လိုက်သည်။ အိမ်ဖော်မိန်းကလေးက နံနက်စာလင်ပန်းနှင့် စာတွေကို ယူလာသည်။ သူမ၏ ကျန်းမာရေးဓာတ်စာဖြစ်သည့် ရေနွေး၊ သံပုရာရည်၊ ထောပတ်မဲ့ ပေါင်မုန့်ညိုနှင့် သကြားမဲ့ ကော်ဖီကြမ်းတို့ကို မြင်လိုက်ရတော့ ရုပ်ရှင်မင်းသမီးကြီး ရုတ်တရက် တုန်လှုပ်သွားမိသည်။ သို့ပေမဲ့ သူမကိုယ် သူမ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ထားသည်။ ရေနွေးတစ်ငုံ သောက်ပြီးနောက် အပေါ်ဆုံးမှ စာအိတ်ကို ဖောက်ဖတ်သည်။

“ကျွန်တော့်ကို ယုံပါ မစ္စမီနာ၊ မီနာရဲ့ နောက်ဆုံး ရုပ်ရှင် ကားကို ကြည့်ရပြီးကတည်းက မီနာဟာ ကျွန်တော့်ရဲ့ အိပ်မက်ထဲကချစ်သူ ဖြစ်လာခဲ့တာပါ။ ကျွန်တော်တော့ မီနာ့ကို တကယ့်ကို စွဲချစ်နေမိပြီ။ မီနာ လက်မှတ်ထိုးထားတဲ့ ဓာတ်ပုံတစ်ပုံတော့ ဖြစ်အောင် ပို့ပေးပါနော်” “အလကား ... လိမ်ညာတာ” ဟု ပြောပြီး စာကို စာအိတ်ပုံထဲ ပစ်တင် လိုက်သည်။

ကော်ဖီကြမ်း တစ်ကျိုက်သောက်သည်။ ပြီးတော့ စာတွေကို တစ်စောင်ပြီးတစ်စောင် ဖွင့်ဖတ်ရင်း ပါးစပ်ကလည်း စက်ရုပ်လို တဖွဖွ

ရေရွတ်နေသည်။

“ဒီလောကမှာ ငါ့ကို ချစ်တဲ့လူ တစ်ယောက်တည်း ရှိတယ်၊ ကြာ တော့ ကြာခဲ့ပါပြီ၊ သူ့ကို ငါ ဆုံးရှုံးခဲ့ရတယ်”

ထို့နောက် ရောင်စုံတစ်ရှူးစက္ကူ ပါဆယ်ထုပ်ကို ဖောက်ဖွင့်လိုက်သည်။ ပြုံးရယ်နေသော လူ့ရှင်တော်အရုပ်ကလေး ပေါ်ထွက်လာသည်။ မင်းသမီးကြီးသည် ကာလတာရှည် ကွဲကွာနေသည့် ရည်းစားနှင့် ပြန်တွေ့ရသလို အရုပ်ကလေးကို ရင်မှာအပ်ကာ ပွေ့ဖက်ထားလိုက်သည်။ အရုပ် ကလေးနှင့်အတူ ဆပ်ကပ်ပွဲ လက်မှတ်နှစ်စောင်နှင့် စာတစ်စောင်တို့လည်း ပါလာသည်။ သူမသည် စာကို အသံတိတ်ဖတ်ရင်း အတိတ်က အသံကို အတိုင်းသား ကြားနေရသလို ခံစားမိသည်။

“ချစ်တဲ့ မီနာ...

ငါ့ရဲ့ နောက်ဆုံးနှုတ်ဆက်ပွဲကို ကျင်းပမလို့ပါ၊ ဒါဟာ ငါ့ဘဝမှာ နောက်ဆုံးပွဲ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်၊ မင်း လာဖြစ်အောင် လာခဲ့ပါ။ ဒါနဲ့ မင်း ငါ့နာမည်ကိုမှ မှတ်မိပါသေးရဲ့လား

ရာဂျူး”

မျက်လုံးအစုံမှ မျက်ရည်တွေ စီးကျလာသည်။ ကြည်လင်တောက်ပမှု ပျောက်ကွယ်သွားသည်။ အရုပ်ကလေးက သူမကို ကြည့်ပြီး ရယ်နေသည်။ သို့ပေမဲ့ အရုပ်ကလေး၏ ကလေးဆန်သည့် မျက်လုံးပြာများတွင် ဝမ်းနည်းကြေကွဲရိပ် လွှမ်းနေသည်ဟု သူမ ခံစားမိလေသည်။

※

လူ့ရှင်တော်အရုပ်ကလေးသည် အလှပြင် မှန်တင်ခုံပေါ်တွင် ထိုင်ကာ မမြင်ရသော မျက်လုံးများနှင့် သူ့ရှေ့မှ လူ့ရှင်တော်ကြီးကို ပြောင်ချော်ချော် ကြည့်နေသည်။

လူ့ရှင်တော်ကြီးသည် သူ့ရုပ်ကိုသူ မှန်သုံးချပ်ထဲတွင် ကြည့်ရင်း မိတ်ကပ်ခြယ် အလှပြင်နေသည်။ သူသည် သူ့မျက်နှာကို အလှမခြယ်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ တော်တော်ကြာခဲ့ပြီ။ ထို့ကြောင့် အချိန်ယူကာ အကြာကြီး ခြယ်သနေရ၏။ ဇရာနှင့် ဗျာဓိအပြင် ဗျာပါဒစိတ်တို့၏ နှိပ်စက်မှုကြောင့် သူ့မျက်နှာတွင် အရေးအကြောင်းလေးများ ထင်နေကြပြီ။ မျက်ကွင်းညိုကာ မျက်တွင်းလည်း ကျနေပြီ။ သို့ပေမဲ့ ယနေ့ညတွင် တော့ အိုမင်းရင့် ရော်ခြင်း၏ တိုက်ခိုက်မှုကို အပြင်းအထန် ခုခံတော်လှန်ရန် သူ လေးလေး နက်နက် သန္နိဋ္ဌာန်ချထားသည်။ ယနေ့ည ဆပ်ကပ်ပွဲလာ ပရိသတ်၏ အမြင်တွင် သူသည် ယခင်ကလိုပင် လူတိုင်းသိသော၊ လူတိုင်းချစ်သော၊ လူတိုင်း လက်ခုပ်သြဘာပေးရသော နုပျိုတက်ကြွသည့် လူ့ရှင်တော်ကလေး ဖြစ်နေရလိမ့်မည်။

ထို့ကြောင့် သူသည် သူ့မျက်နှာကို နုပျိုလာအောင် အထူးဂရုစိုက်၍ မိတ်ကပ်ခြယ်သည်။ အထူးသဖြင့် မျက်လုံး၊ နှာခေါင်းနှင့် နှုတ်ခမ်းများကို ဂရုတစိုက် ခြယ်သသည်။ မိတ်ကပ်ခြယ် အလှပြင်၍ ပြီးသွားသောအခါ မှန်သုံးချပ်ထဲမှ လူ့ရှင်တော်သုံးယောက်က သူ့ကို ဝိုင်းကြည့်နေတာကို မြင်တွေ့ရသည်။

လူရှင်တော် ! လူရှင်တော်! လူရှင်တော် ဘယ်နှစ်ယောက်?

ပြုံးနေတာက တစ်ယောက်၊

ရယ်နေတာက တစ်ယောက်၊

ငိုနေတာက တစ်ယောက်၊

ပြုံးနေတဲ့ လူရှင်တော် !

ရယ်နေတဲ့ လူရှင်တော် !

ငိုနေတဲ့ လူရှင်တော်!

ဘယ်မျက်နှာက လူရှင်တော်အစစ်ရဲ့ မျက်နှာပါလိမ့်?

လူရှင်တော်ကြီးက ယင်းသို့ တွေးနေစဉ် ဆက်ကပ်အဖွဲ့ပိုင်ရှင် မဟိန္ဒာ ဝင်လာသည်။ မဟိန္ဒာမှာ လူရှင်တော်ကြီး၏ မိတ်ဆွေ ဟောင်းကြီးဖြစ်ပြီး ဘားတန်းလွှဲပညာသည်ဟောင်းလည်း ဖြစ်သည်။ သူ၏ နား သယ်နှစ်ဖက်တွင် ဆံပင်များ ဖြူနေကြပြီ။ သို့ပေမဲ့ အားကစားသမားဖြစ်၍ ကိုယ်ခန္ဓာကတော့ သန်မာတောင့်တင်းနေဆဲ ဖြစ်သည်။ ယခုလို မဟိန္ဒာ ဝင်လာခြင်းမှာ မိမိ၏ နောက်ဆုံး နှုတ်ဆက်ပွဲအတွက် ဝမ်းမြောက်ဝမ်းသာ အားပေးစကားပြောရန် ဖြစ်မည်ဟု လူရှင်တော်ကြီးက တွေးလိုက်မိသည်။ သို့သော်လည်း မဟိန္ဒာ၏မျက်နှာက ရွှင်ရွှင်ပျပျ မရှိ၊ တစ်စုံတစ်ခုအတွက် စိတ်အနှောင့်အယှက် ဖြစ်နေဟန်တူသည်။ မဟိန္ဒာက နိဒါန်းချီမနေတော့ဘဲ သူဝင်လာရခြင်းကိစ္စကို ဘွင်းဘွင်းကြီး ပြောချလိုက်၏။

"ဒီမယ်...ရာဂျူး၊ ဒီနေ့ ခင်ဗျားပွဲကို ကျွန်တော် ဖျက်လိုက်တော့မယ်'

မိက်ကပ်ခြယ်ထားသော လူရှင်တော်တစ်ယောက်၏ မျက်နှာတွင် အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဒေါသထွက်ခြင်း၊ ဝမ်းနည်းခြင်း စသည့် ခံစားချက်လက္ခဏာများကို ဘယ်တော့မှ မြင်တွေ့ရလိမ့်မည် မဟုတ်၊ အမြဲပြုံးရယ်နေသော မျက်နှာကိုသာ တွေ့ရမည်ဖြစ်၏။ ထို့ကြောင့်လည်း လူရှင်တော်ကြီး ရာဂျူးက အမြဲပြုံးနေသော မျက်နှာဖြင့် ပြန်မေး လိုက်၏။

"ဗျာ...ဘာဖြစ်လို့လဲဗျာ"

"ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်က ကျွန်တော့်ကို အားလုံး ပြောပြပြီးပြီ၊ ခင်ဗျားမှာ နှလုံးကြီးတဲ့ ရောဂါ ဖြစ်နေတယ်၊ ပြီးတော့ နှလုံးသွေးကြောထဲက အခင်တွေလည်း ပျက်စီးနေတဲ့အတွက် ခင်ဗျားနှလုံးဟာ မူလသွေးလွှတ်နှုန်းရဲ့ ငါးပုံတစ်ပုံသာ ရတယ်လို့ ပြောတယ်၊ အဲဒါကြောင့် ဒီည ခင်ဗျားပွဲပြမယ်ဆိုရင် နှလုံးသွေး ရပ်သွားနိုင်တယ်တဲ့၊ ကျွန်တော် စိတ်မကောင်းပါဘူး ရာဂျူး၊ ခင်ဗျား ကိုယ့်ကိုယ်ကိုယ် သတ်သေတာကို ကျွန်တော် ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ပါဘူး"

ရာဂျူးသည် ထိုင်ရာမှ ထကာ မဟိန္ဒာထံသို့ ပြုံးပြီး ဖြည်းဖြည်း လျှောက်လာသည်။

"ကောင်းပြီလေ၊ ကျွန်တော့်ပွဲကို ခင်ဗျား ဖျက်နိုင်ပါတယ်၊ ဒါပေမဲ့

သတ်မှတ်ချက် တစ်ခုတော့ ထားရလိမ့်မယ်၊ အဲဒါက ဒီလိုပါ၊ ဒီညပွဲကို ကျွန်တော်ပွဲမပြေရင် ဒီညမှာဖြစ်ဖြစ်၊ နက်ဖြန်မှာဖြစ်ဖြစ်၊ နောက်တစ်နှစ်မှာ ဖြစ်ဖြစ် ကျွန်တော် မသေနိုင်ဘူးဆိုတာကို ခင်ဗျား အာမခံပေးရမယ်"

ရာဂျူး၏ လန့်စရာကောင်းသော တောင်းဆိုချက်ကြောင့် မဟိန္ဒာမှာ ပါးစပ်ဟောင်းလောင်းနှင့် အံ့အားကြီးသင့်နေသည်။ ခဏကြာတော့မှ သက်မ ချကာ ပြုံးရင်း ရာဂျူးကို သိုင်းဖက်လိုက်သည်။

"ခင်ဗျား နိုင်တယ်၊ ကျွန်တော် ရှုံးတယ်၊ ဒီည ခင်ဗျားပွဲ ပြနိုင်တယ်၊ ဆပ်ကပ်တစ်ဖွဲ့လုံးကို ခင်ဗျားကြိုက်သလို အသုံးချနိုင်ပါတယ်"

"ကျေးဇူးအများကြီးတင်ပါတယ် ဆရာ မဟိန္ဒာရယ်"

"ဟိုအရင်ကတည်းက ခင်ဗျားကို ကျွန်တော် ပြောခဲ့ပြီပဲ၊ ကျွန်တော့် နာမည် ဆရာမဟိန္ဒာ မဟုတ်ပါဘူး၊ သာမန်ရိုးရိုးအတိုင်း မဟိန္ဒာပါလို့"

"ဟုတ်ပါတယ်၊ ကျွန်တော် မှတ်မိပါတယ် ဆရာမဟိန္ဒာ"

"လုပ်ပြန်ပြီ ဒီဆရာ"

"ဟုတ်ကဲ့ပါ ဆရာ၊ အို ...အဲ ... မဟုတ်ပါဘူး ဆရာ"

ရာဂျူးက ထုံးစံအတိုင်း ရယ်စရာဖြစ်အောင် ပြောလိုက်တော့ မဟိန္ဒာ က အားရပါးရ ရယ်သည်။

"ခင်ဗျားကတော့ တကယ့်ကို လူ့ရှင်တော်စစ်စစ်ပဲ ရာဂျူး၊ ဘယ်တော့မှလည်း ပြောင်းလဲမှာ မဟုတ်ဘူး၊ ဒီအတွက် ဘုရားသခင်ကို ကျေးဇူးတင်ရမှာပဲ" ပြီးတော့ သူက လေသံခပ်ပျော့ပျော့ဖြင့် "ဒါနဲ့ လိုရမည်ရ နှလုံးရောဂါ ပါရဂူတစ်ယောက်တော့ အဆင်သင့် ခေါ်ထားပါရစေဗျာ"

"ဒီအတွက်တော့ ဘာမှ မစိုးရိမ်ပါနဲ့ ဆရာမဟိန္ဒာ၊ ကျွန်တော့်ရဲ့ ကိုယ်ရေး သမားတော်တချို့ကို ကျွန်တော် ခေါ်ထားပြီးပါပြီ" ပြီးတော့ သူက မချိပြုံးကလေးဖြင့် "အဲဒီပုဂ္ဂိုလ်တွေကိုလည်း နှလုံးရောဂါ ပါရဂူတွေလို့ ခေါ်လို့ရပါတယ်ဗျာ"

※

ထိုည ဆက်ကပ်ပွဲတွင် တစ်ရုံလုံး ပြည့်လျှံသွားသည်။ လက်မှတ်တွေ အားလုံး ရောင်းကုန်သွားသည်။ သို့သော်လည်း ရှေ့ဆုံးတန်းတွင် ထိုင်ခုံ တစ်ဒါဇင် လောက်တော့ လပ်နေသေးသည်။ ယင်းတို့မှာ ရာဂျူး၏ အထူး ဧည့်သည်တော်များအတွက် သီးသန့်ချန်ထားသော ထိုင်ခုံများ ဖြစ်၏။

ဆံပင်ဖြူစပြုနေပြီဖြစ်သည့် မဒမ်မေရီနှင့် သူ့ခင်ပွန်း ဒေဗစ်တို့ ရောက်လာကြသည်။ မေရီသည် အကောင်းစားဝတ်စုံကို ဝတ်ဆင်ကာ ခင်ပွန်းသည်၏ လက်မောင်းကို ဆုပ်ကိုင်ရင်း လျှောက်လာသည်။ သူတို့ဇနီးမောင်နှံအား ရာဂျူးကိုယ်စား ဆပ်ကပ်မန်နေဂျာ ရှားဆင်းက ကြိုဆိုသည်။ ရှားဆင်းမှာ ယခင်က ဆပ်ကပ်ဆရာဟောင်း ဖြစ်သည်။ ရှားဆင်းက မေရီတို့

ဇနီးမောင်နှံအား သီးသန့်ထိုင်ခုံရှိရာသို့ ခေါ်လာကာ သက်သောင့်သက်သာဖြစ်အောင် နေရာချပေးပြီးနောက် ပြန်ထွက်သွားသည်။ ဆပ်ကပ်ဇာတ်ခုံမှာ ဟင်းလင်းပြင်ကြီးဖြစ်ပြီး ငြိမ်ဆိတ်နေဆဲဖြစ်သည်။ ပွဲစတင်ရန် မိနစ်အနည်းငယ်ခန့် လိုနေသေးသည်။ ထို့ကြောင့် ဒေးဗစ်က ဆေးလိပ်ကို မီးညှိသောက်ကာ သံကွင်းဆက် မီးခိုးငွေ့များကို အပေါ်သို့ မှုတ်ထုတ် နေသည်။ မေရီကတော့ အဝေးမြင် သံမဏိကိုင်း မျက်မှန်တပ်ကာ ရာဂျူးရှိရာကို ရှာဖွေကြည့်ရှု နေသည်။

ရုရှအမျိုးသမီးကြီး မာရီနာ ရောက်လာသည့်အခါမှာတော့ ဆပ်ကပ်အဖွဲ့ပိုင်ရှင် မဟိန္ဒာက ဆီးကြိုသည်။ သူတို့နှစ်ယောက်သည် လုပ်ဖော်ကိုင်ဖက် မိတ်ဟောင်းဆွေဟောင်းများပမာ လှိုက်လှဲဝမ်းသာ လက်ဆွဲနှုတ်ဆက် ကြသည်။ မဟိန္ဒာက မာရီနာအား ရှေ့ဆုံးခုံတန်းသို့ ခေါ်ဆောင်လာပြီး ဒေးဗစ်နှင့် မေရီတို့ဘေးမှ ထိုင်ခုံတွင် နေရာချပေးသည်။ ထို့နောက် လေယာဉ်ခရီးချောမောပြေပြစ်ခြင်း ရှိ မရှိ မေးမြန်းပြီးနောက် မဟိန္ဒာ ပြန်ထွက်သွား၏။ ဤဆပ်ကပ်အဖွဲ့မှာ မာရီနာအဖို့ သူစိမ်းမဟုတ်သော်လည်း သူမ၏ လှပသော အညိုရောင်မျက်လုံးများကတော့ ယခုအထိ လုံးဝ မမြင်ရသေးသည့် ရာဂျူးကိုသာ ရှာဖွေလျက် ရှိသည်။ သူမ မော်စကိုမှ ထွက်လာခဲ့တာ မှားများ မှားသွားလေပြီလား။

ဆပ်ကပ်ရုံအဝင်ဝဆီမှ ရုတ်ရုတ်သဲသဲ အသံကြားရသည်။ မဟိန္ဒာ အပြေးကလေး လိုက်သွားသည်။ ပြပွဲပရိသတ်က ရုံဝင်ဂိတ်ကို အတင်းတိုးဖောက်ပြီး ဝင်ရောက်ကြတာများလားဟု ရုတ်တရက် တွေးပူလိုက်မိ၏။ သို့သော် အဖြစ်မှန်က သူ တွေးပူသလိုမဟုတ်။ ရုပ်ရှင်မင်းသမီး အလှဘုရင်မ မီနာနှင့် နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ ကူမားတို့စုံတွဲ ရောက်လာ၍ ပရိသတ်များက အလုအယက် ဝိုင်းအုံတိုးဝှေ့နေခြင်း ဖြစ်သည်။ သူတို့စုံတွဲမှာ လက်ရှိတက်သစ်စ လူငယ်မင်းသား မင်းသမီးများနှင့် ယှဉ်လျှင် အရွယ်တော်တော်တော် ဟိုင်းခဲ့ပြီ ဖြစ်၏။ သို့သော်လည်း တစ်ချိန်က ပရိသတ်အသည်းစွဲ စုံတွဲအဖြစ် လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့ကြပြီး ယခုလည်း ပရိသတ်ကြည်နူးစရာ အတွဲညီ စုံတွဲမောင်နှံအဖြစ် ထင်ပေါ်နေဆဲဖြစ်သည်။ ပရိသတ်တွေ တိုးဝှေ့ဝိုင်းအုံကာ ဆူဆူညံညံ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ မဟိန္ဒာမှာ မီနာတို့စုံတွဲကို ပရိသတ် အကြားမှ အင်အားသုံး၍ ဆွဲထုတ်ကာ ထိုင်ခုံတန်းသို့ ခေါ်လာခဲ့ ရ၏။ ထို့နောက် ပြပွဲအစီအစဉ် ကြေညာရန် ဇာတ်ခုံနောက်သို့ ကမန်းကတန်း ပြေးလာခဲ့သည်။ ပြပွဲစရန် အချိန်ရောက်ပြီ။ တတိယမြောက် နောက်ဆုံး ခေါင်းလောင်းထိုးသံ ပေါ်ထွက်လာပြီ။

ဇာတ်ခုံပေါ်တွင် အလင်းရောင် တဖြည်းဖြည်း မှိန်သွားကာ နောက်ဆုံးတွင် လုံးဝဥဿုံ မှောင်မည်း သွားလေသည်။ ထို့နောက် ဆလိုက်မီးရောင်တန်းကြီး ပေါ်ထွက်လာပြီး မဟိန္ဒာ၏ ခန့်ညားသောရုပ်သွင်ကို စူးစိုက်ထိုးပြထားသည်။ သူ့လက်ထဲတွင် စကားပြောခွက်ကို ကိုင်ထား၏။

“ရွှေပွဲလာပရိသတ်များခင်ဗျား…”

သူက စတင်ကြေညာလိုက်သည်။ ယနေ့ သူ၏ ကြေညာစကားမှာ ခါတိုင်းကဲ့သို့ သာမန်ရိုးရိုး ကြေညာစကားမဟုတ်။ ထူးခြားသော ကြေညာ စကား ဖြစ်သည်။ ထို့ကြောင့် သူ့အသံသည် ခါတိုင်းနှင့်မတူ ထူးခြားနေသည်။ သူက အချိန်အခါ အခြေအနေနှင့် ကိုက်ညီလိုက်ဖက်အောင် စကားလုံးများ ကိုလည်း သတိနှင့်ရွေး၍ ပြောသည်။

“ဒီနေ့ညဟာ ကျွန်တော်တို့ရဲ့ ဆပ်ကပ်အဖွဲ့သမိုင်းမှာ မေ့မရနိုင်မယ့် အမှတ်တရည ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွှေပွဲလာပရိသတ်များရဲ့ အချစ်တော်၊ သီချင်းဆိုတဲ့ လူ့ရွှင်တော် ရာဂျူးကို နှစ်ပေါင်းများစွာ ကြာခဲ့ ပြီးတဲ့နောက် ဒီကနေ့ညမှာ ကျွန်တော်တို့ ဆပ်ကပ်အဖွဲ့က ပြန်လည်တင် ဆက်ခွင့် ရခဲ့တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်…”

ကလေး လူကြီး၊ ယောကျ်ား မိန်းမ ပရိသတ် လူပေါင်းငါးထောင်ကျော်၏ တစ်ခဲနက် လက်ခုပ်သြဘာ သံသည် ရုံလျှံကာ မိုးယံသို့ တက်သွားသည်။ ရှေ့ဆုံးတန်းမှ အမျိုးသမီးသုံးယောက်နှင့် အမျိုးသားနှစ် ယောက်တို့ကလည်း ပရိသတ်ကြီးနှင့်အတူ လက်ခုပ်လိုက်တီးကြသည်။ သို့သော်လည်း ဤသည်မှာ သူတို့အဖို့ ပြပွဲ–အစ”ကို တင်ဆက်ခြင်း မဟုတ်ဘဲ သူတို့ဘဝဇာတ်လမ်း၏ “အဆက်”ကို ပြန်လည်ပြသခြင်းပင် ဖြစ်၏။

မဟိန္ဒာ၏ ကြေညာချက်ကို သူတို့ငါးယောက်စလုံး ပီပီပြင်ပြင် ရှင်းရှင်းလင်းလင်း ကြားကြရသည်။ စကားလုံးတိုင်းသည် သူတို့အဖို့ ထူးခြားလေးနက်နေသည်။

“ဆပ်ကပ်လောကက နှစ်ပေါင်းများစွာ ပျောက်ကွယ်သွားပြီးတဲ့နောက် ရာဂျူးဟာ ဘယ်ကို ရောက်နေခဲ့သလဲ၊ သူ ဘာတွေလုပ်နေခဲ့သလဲ၊ သူ ဘာတွေ ဖြစ်ထွန်းအောင်မြင်ခဲ့သလဲ၊ သူ ဘာတွေ နစ်နာဆုံးရှုံးခဲ့သလဲ။ သူဟာ အဲဒီအကြောင်းအရာတွေ၊ အဲဒီအဖြစ်အပျက်တွေကို သူနဲ့ အလွန်ရင်းနှီးတဲ့ ကျွန်တော့်ကိုတောင်မှ လုံးဝထုတ်ဖော်မပြောခဲ့ပါဘူး၊ ဒါပေမဲ့ သူ ဘယ်ကိုပဲရောက်နေနေ၊ သူ ဘာပဲလုပ်နေနေ၊ သူ စိတ်ချမ်းသာနေသည် ဖြစ်စေ၊ စိတ်ဆင်းရဲနေသည်ဖြစ်စေ၊ သူ ချမ်းသာနေသည်ဖြစ်စေ၊ ဆင်းရဲနေသည်ဖြစ်စေ၊ သူ ကျန်းမာနေသည်ဖြစ်စေ၊ မကျန်းမာနေသည် ဖြစ်စေ သူဟာ သူများတွေအတွက် ရယ်စရာတွေ ဖြန့်ချိနေတယ်၊ ပျော်စရာတွေကို ဖြန့်ချိနေတယ်ဆိုတာကိုတော့ ကျွန်တော် ကောင်းကောင်းကြီး သိပါတယ်”

သည်တစ်ကြိမ်တွင်လည်း လက်ခုပ်သြဘာသံ သောင်းသောင်းညံ သွားပြန်သည်။ သို့သော်လည်း သည်တစ်ခါမှာတော့ ရှေ့ဆုံးတန်းမှ အမျိုးသမီးကြီး

သုံးယောက်တို့ လက်ခုပ်တီးရန် မေ့နေကြသည်။ အသီးသီး ကိုယ့် အတွေးနှင့်ကိုယ် နစ်မျောနေကြ၏။

"ဒီကနေ့ညမှာ ရာဂျူး ပြန်လည် ဖြေဖျော်ပါလိမ့်မယ်၊ ပြန်လည် သီချင်းဆိုပါလိမ့်မယ်၊ သူလည်း ရယ်ပါလိမ့်မယ်၊ ပရိသတ်ကြီးကိုလည်း ရယ်ခိုင်းပါလိမ့်မယ်၊ ဘယ်တုံးကမှ မရယ်ဖူးတဲ့ ရယ်နည်းမျိုးနဲ့ ရယ်ခိုင်းပါလိမ့်မယ်၊ ဒီနေ့ညပွဲဟာ သူ့အတွက်လည်း တစ်သက်တာ မမေ့နိုင်မယ့် အမှတ်တရပွဲ ဖြစ်ပါလိမ့်မယ်"

မဟိန္ဒာက သူ့စကားကို ခေတ္တရပ်ပြီး ရှေ့ဆုံးတန်းမှ အထူးဧည့်သည်တော် များအတွက် သတ်မှတ်ထားသော သီးသန့်ထိုင်ခုံများကို တစ်ချက်စောင်းငဲ့ ‌ေ၀့ကြည့်လိုက်သည်။ နေရာလပ်အချို့ ကျန်နေသေး သည်ကို သတိပြုမိသည်။

"ဒီနေ့ပွဲကို ကြွရောက်လာကြတဲ့ ပရိသတ်ကြီးထဲက ပုဂ္ဂိုလ်တချို့ သူ့အချစ်၊ စေတနာနဲ့ နားလည်မှုတို့ကြောင့်... ဒါမှမဟုတ် အဲဒီပုဂ္ဂိုလ်တွေရဲ့ သစ္စာရှိမှု... ဒါမှမဟုတ် သစ္စာမဲ့မှုကြောင့် ဘာမှမတတ်မသိတဲ့ အညတရ လူငယ်ကလေး တစ်ယောက်ဟာ ဒီရာစုနှစ်မှာ အကျော်ကြားဆုံး ဆပ်ကပ် လူရွှင်တော်တစ်ယောက်အဖြစ် ပြောင်းလဲတိုးတက်လာခဲ့ခြင်း ဖြစ်ပါတယ်"

မဟိန္ဒာက ရှေ့ဆုံးတန်းမှ အမျိုးသမီးသုံးယောက်နှင့် အမျိုးသားနှစ် ယောက်တို့၏ မျက်နှာများကို တည့်တည့်ကြည့်ကာ ပြောလိုက်ခြင်းဖြစ်၏။

"အခုအချိန်မှာ သူတို့စိတ်ထဲ ဘာတွေ တွေးနေကြတယ်၊ ဘာတွေ ခံစားနေကြရတယ်ဆိုတာ ကျွန်တော် မသိပါဘူး၊ ဒါပေမဲ့ သူတို့ကို ကျွန်တော် ပြောချင်တာကတော့ ရာဂျူးကို သူတို့က ဘာကိုပဲ ပေးခဲ့ ပေးခဲ့ အဲဒါဟာ အချည်းနှီး မဖြစ်ခဲ့ပါဘူးဆိုတာပါပဲ၊ ရာဂျူးက သာမန်ပုဂ္ဂိုလ်မဟုတ်ဘဲ ပါရမီရှိတဲ့ပုဂ္ဂိုလ် ဖြစ်တဲ့အတွက် အဲဒါတွေအားလုံးကို စုပ်ယူပြီး ဟာသဉာဏ်အဖြစ် ဖန်တီးယူခဲ့ပါတယ်၊ အဲဒီနောက် အဲဒီဟာသဉာဏ်ကို တစ်ကမ္ဘာလုံးက သန်းပေါင်းများစွာသော လူသားတွေ ခံစားနိုင်အောင် ရက်ရက်ရောရော မျှဝေဖြန့်ဖြူးခဲ့ပါတယ်"

ထို့နောက် နိဂုံးချုပ်အနေဖြင့်...

"ရွှေပွဲလာပရိသတ်များ ခင်ဗျား... ကမ္ဘာပေါ်မှာ ပထမဆုံးနဲ့ နောက်ဆုံးဖြစ်တဲ့ အကျော်ကြားဆုံး သီချင်းဆိုတဲ့ ဆပ်ကပ်လူရွှင်တော်ကြီး ရာဂျူးကို ပရိသတ် ရှေ့တော်မှောက်မှာ တင်ဆက်လိုက်ပါပြီ၊ ရှုစားရင်း ရယ်မောတော်မူကြပါ ခင်ဗျား"

ထို့နောက် ဂီတသံများ ကျယ်လောင်စွာ ပေါ်ထွက်လာပြီး ဇာတ်ခုံတစ်ခုလုံး ရုတ်တရက် မှောင်မိုက်သွားလေသည်။

[၃]

မီးပြန်လင်းလာသောအခါ ဆပ်ကပ်ဇာတ်ခုံသည် ဆေးရုံတစ်ရုံ၏ ခွဲစိတ်ခန်းအဖြစ် ပြောင်းလဲသွားသည်။ သို့သော်လည်း ဤဆေးရုံမှာ အခြားဆေးရုံများနှင့် မတူ၊ ဆရာဝန်များနှင့် သူနာပြုတွေအားလုံး လူရွှင်တော်တွေချည်း ဖြစ်ကြ၏။ ဇာတ်ခုံပေါ်တွင် ခါတ်ငွေ့ဘူးရှည်ကြီးနှစ်ဘူး ချထားသည်။ တစ်ဘူးတွင် "ဟိုက်ဒရိုဂျင်ဖုံး"ဟု ရေးထားပြီး နောက်တစ်ဘူးတွင် "နိုက်ထရိုဂျင်ဖုံး"ဟု ရေးထားသည်။ အနီရောင်အရည် ထည့်ထားသည့် ဇရောမပုလင်းကြီး တစ်လုံးမှာတော့ "သွေး"ဟု ရေးထား၏။ စားပွဲပေါ်တွင် ခွဲစိတ်ဓားများ၊ ခွများ၊ လွှများ၊ တူများ၊ ဆောက်များ၊ ညှပ်များနှင့် ကတ်ကြေးများ တင်ထားသည်။

ခွဲစိတ်ခန်းထဲသို့ ခွဲစိတ်ဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်တို့ ရယ်စရာ ဟန်မူယာဖြင့် ဝင်လာကြသည်။ နှစ်ယောက်စလုံး အဖြူရောင် သင်တိုင်းဝတ်ရုံကြီး ဝတ်ထားပြီး စားဖိုမှူးများလို အဖြူရောင် ဦးထုပ်မြင့်ကြီး ဆောင်းထားကြသည်။ ဆရာဝန်ကြီးက အထက်စီးလေသံဖြင့် အော်၍ မေး လိုက်သည်။

"လူနာက ဘာရောဂါလဲဟေ့"

"အသည်းနှလုံး ကြီးထွားတဲ့ ရောဂါပါ ဆရာကြီး" သူနာပြုဆရာမက ဖြေသည်။

"အိမ်း ... တော်တော်အန္တရာယ်ကြီးတဲ့ရောဂါပဲ၊ ကမ္ဘာကြီးက သေးသေးကလေး၊ အသည်းနှလုံးက အကြီးကြီး၊ အသည်းနှလုံးကို ခွဲစိတ်ပြီး ထုတ်ပစ်ရမယ်"ဟု ပြောပြီး အမိန့်တော်ပြန်တမ်း ကြေညာသကဲ့သို့ "နှလုံး ပါရဂူ ရောက်စေ" ဟု အော်ပြောလိုက်၏။

နှလုံးပါရဂူနှင့် လက်ထောက်ဆရာဝန်တို့ ဝင်လာကြသည်။ သူတို့လည်း အလားတူပင် အဖြူရောင်ဝတ်ရုံကြီးကို ဝတ်ပြီး ထိပ်ချွန်ဦးထုပ်ရှည်ကြီးများကို ဆောင်းထားကြသည်။ ခွဲစိတ်ဆရာဝန်ကြီးနှင့် နှလုံးပါရဂူတို့ ဖက်လဲတကင်း နှုတ်ဆက်ကြသည်။ နှလုံးပါရဂူက ဝမ်းမြောက်ရွှင်လန်းစွာဖြင့် မေးလိုက်သည်။

"သူ့ရောဂါက ဘာရောဂါလဲ ဆရာ"

"ကမ္ဘာသေးသေးလေးထဲမှာ အသည်းနှလုံး ကြီးကြီးဖြစ်နေတဲ့ ရောဂါ"

နှလုံးပါရဂူသည် အလွန်ဝမ်းသာသွားသည်။

"ဒါဆို မျှော်လင့်ချက် မရှိတော့ဘူး၊ သူ အသက်မရှင်နိုင်တော့ဘူး"

"အဲဒီတော့ ကျုပ်တို့ ဘာလုပ်ကြမလဲ"

"ခွဲစိတ်ရမှာပေါ့"

"ခွဲစိတ်တော့ကော သူ့အသက်ကို ကယ်တင်နိုင်မလား"

"လုံး၀ မကယ်တင်နိုင်ဘူး"

"ဒါဆို ဘာလို့ ခွဲစိတ်မှာလဲ" ခွဲစိတ်လက်ထောက်က မေးလိုက်သည်။

"ခွဲစိတ်ရင် သူ့ အသက်ရှင်ရှင် မရှင်ရှင် ဆရာဝန်တွေက ခွဲစိတ်ခ ရမယ်လေ၊ သူ ခွဲစိတ်စားပွဲပေါ်မှာပဲ သေပါစေ"ဟု နှလုံးလက်ထောက်က အော်ပြောလိုက်၏။

သို့သော်လည်း ခွဲစိတ်ဆရာဝန်ကြီးက စိတ်ကူးတစ်မျိုးရလာပြီး.

"ခွဲစိတ်ရင် ခွဲစိတ်ခသာ ရမှာမဟုတ်ဘူး၊ သာမန်ထက် ထူးခြားကြီးမားတဲ့ နှလုံးကြီးကိုလည်း မြင်ခွင့်ရမယ်၊ ကနေ့အထိ ကျုပ်တို့ ခွဲထုတ်ပြီးသမျှ နှလုံးတွေဆိုရင် စာကလေးနှလုံး အရွယ်တွေချည်းပဲ"

ထို့နောက် မေ့ဆေးဆရာဝန်ကို ခေါ်လိုက်သည်။ သူသည် လက်ဖွေ့ သမား လက်အိတ်ကိုစွပ်၍ ဝင်လာသည်။ နှလုံးပါရဂူက မေးသည်။

"ဆရာက ဘာလုပ်သလဲ"

မေ့ဆေးဆရာဝန်က ပြန်ဖြေသည့်အနေဖြင့် သူ့လက်ထောက်ကို လက်သီးနှင့် ပစ်ထိုးလိုက်ရာ လက်ထောက်လဲကျပြီး မေ့မြောသွားသည်။

"ကျွန်တော်က အဲဒီအလုပ် လုပ်တာ" သူက ဂုဏ်ယူစွာ ပြောသည်။ "လူတွေကို မေ့လဲသွားအောင် အလဲထိုးတာ"

အားလုံး အသင့်ပြင်ဆင်ပြီးသောအခါ ခွဲစိတ်စားပွဲတွင် ဆရာဝန်တွေ ဝန်းရံကာ လူနာကိုယ်ပေါ်မှာ လွှမ်းထားသည့် အဝတ်ဖြူကို ဆွဲခွာလိုက်သည်။ အဝတ်ဖြူအောက်တွင် ဘယ်သူမှ မတွေ့ရသောအခါ အားလုံး ဟာခနဲ ဟင်ခနဲ ဖြစ်ကာ အံ့အားကြီးသင့်နေကြသည်။

"လူနာ ဘယ်ရောက်သွားသလဲ"

"ခွဲစိတ်ခံးကို ကြောက်လို့ ထွက်ပြေးသွားပြီ"

"ဟာ...အဲဒါမှ သေတာပဲ၊ ဒီလိုဆို ကျုပ်တို့ကို ဆရာဝန်ကြေး ဘယ်သူပေးမှာလဲ"

ထိုအခိုက် လက်ထောက်ဆရာဝန်တစ်ယောက်က အပေါ်သို့ လက်ညှိုးထိုးပြပြီး...

"ဟိုမှာ...ဟိုမှာ...ရောမအသည်းနှလုံးကြီး မိုးပေါ်က ဆင်းလာတယ်"

တကယ်ပင် အလွန်ကြီးမားသော အသည်းနှလုံးကြီး မိုးပေါ်က သို့မဟုတ် ဓာတ်ခုံခေါင်မိုးပေါ်က တဖြည်းဖြည်း ကျလာ၏။ ဆရာဝန်တွေက တအံ့တသြဖြင့် ကြည့်နေကြသည်။

တကယ်တော့ အဆိုပါ အသည်းနှလုံးကြီးမှာ လူ့အသည်းနှလုံး သဏ္ဌာန် ပလတ်စတစ် ဒရမ်ဖုံကြီးသာ ဖြစ်သည်။ ယင်းဒရမ်ကြီးသည် အောက်သို့ ရောက်သောအခါ အလယ်မှ နှစ်ခြမ်းကွဲသွားပြီး အထဲမှ ရာဂျူး ထွက်လာ၏။ သူက

ဦးထုပ်ကိုချွတ်ကာ ပရိသတ်ကို ဦးညွှတ်နှုတ်ဆက် လိုက်သည်။ နားကွဲမတတ် လက်ခုပ်သံများ သောသောညံသွားလေသည်။ သို့သော်လည်း ဇာတ်ခုံပေါ်တွင် ဇာတ်လမ်းကတော့ ဆက်လက် ကပြလျက်ရှိ၏။

ခွဲစိတ်ဆရာဝန်ကြီးသည် ရာဂျူးအနီးသို့ ကပ်သွားပြီး ...

"ခင်ဗျားက လူသားလား၊ ဒါမှမဟုတ် အသည်းနှလုံးလား"

"အသည်းနှလုံးဟာ လူပဲဆရာ၊ လူထဲမှာ အသည်းနှလုံးရှိတယ်၊ အသည်းနှလုံးထဲမှာ လူရှိတယ်၊ ယောကျ်ား သို့မဟုတ် မိန်းမ ရှိတယ်"

"ဒါနဲ့ ခင်ဗျား အသည်းအသန် မကျန်းမာဘူးဆိုတာ ခင်ဗျား သိသလား"

ဆရာဝန်တစ်ယောက်က မေးသည်။ နောက်တစ်ယောက်က ထပ်ပြီး...

"ခွဲစိတ်ဖို့ အဆင်သင့်ပြင်ကြ၊ ခင်ဗျား အသည်းနှလုံးကို ခွဲထုတ် ပစ်ရမယ်"

သည်စကားကို ကြားလိုက်သည်နှင့် ရာဂျူး မူးမေ့သွားသည်။ ဆရာဝန်များက ဝိုင်းပြီး ဖေးမပေးကြသည်။ မကြာခင်မှာ ရာဂျူး သတိပြန်ရ လာ၏။ သူက မေးလိုက်သည်။

"ကျွန်တော် ဘာရောဂါ ဖြစ်နေတာလဲ ဆရာရယ်"

"သိပ်ပြီး ကြောက်စရာကောင်းတဲ့ ရောဂါပဲ" ခွဲစိတ်ဆရာဝန်ကြီးက ပြောသည်။ "ကမ္ဘာကြီးက တဖြည်းဖြည်း ကျုံ့ကျုံ့လာတယ်၊ ခင်ဗျား အသည်းနှလုံးက တဖြည်းဖြည်း ကြီးကြီးလာတယ်"

"ဒါဆို ဆရာတို့က ကမ္ဘာကြီးကို အကျုံ့ရပ်သွားအောင် ဘာလို့ မခွဲစိတ်ကြတာလဲ၊ ကျွန်တော့် အသည်းနှလုံးကို ဘာလို ခွဲထုတ်ချင်ကြတာလဲ"

ယင်းသို့ ခွဲထုတ်မှသာ ဆရာဝန်ကြေး ရကြမည်မဟုတ်လား၊ ထို့ကြောင့် စတင်ခွဲစိတ်ရန် ပြင်ဆင်ကြသည်။ ခွဲစိတ်ကိရိယာတွေကို နေရာတကျ အစီအစဉ် ချကြသည်၊ ထို့နောက် သူတို့က သနားစရာ လူရွှင်တော်ကြီးကို အတင်းဖမ်းချုပ်ကာ ခွဲစိတ်စားပွဲပေါ် လှဲချကြသည်။ ပြီးလျှင် မေ့ဆေးဆရာဝန်က သူ့နှာခေါင်းတွင် ခေတ်ဌေ့ကာကိရိယာတပ်၍ ခေတ်ဌေ့လွှတ်ပေးလိုက်ရာ မကြာမီတွင်ပင် မေ့ဆေးဆရာဝန် ရော၊ လူနာပါ တစ်ပြိုင်တည်း မေ့သွားကြလေ၏။

ခွဲစိတ်ပါရဂူနှင့် နှလုံးပါရဂူတို့က တူနှင့်လွှများထုတ်ကာ လူနာကို စတင် ခွဲစိတ်ကြသည်။ ပထမဦးစွာ လူနာ၏နံရိုးများကို လွှနှင့်ဖြတ်သည်။ ထို့နောက် ညှပ်များကိုသုံးပြီး ဆွဲထုတ်သောအခါ နောက်ဆုံးတွင် ဘောလုံး လောက်ရှိသည့် အသည်းနှလုံးကြီး ထွက်လာ၏။

သည်မျှကြီးသည့် အသည်းနှလုံးကို မည်သူမျှ မမြင်ဖူးကြ။ ထို့ကြောင့် ခွဲစိတ်ပါရဂူက ပြောလိုက်သည်။

"ဟ ... နည်းနည်းနောနော အသည်းနှလုံးကြီး မဟုတ်ဘူး၊ ဆပ်ကပ် တစ်ဖွဲ့လုံးတောင် ဝင်နေလို့ ရလောက်ပါရဲ့"

ထို့နောက် သူက အသည်းနှလုံးကြီးကို နှလုံးပါရဂူထံသို့ ကမ်းပေးလိုက်သည်။ နှလုံးပါရဂူလက်ထဲ ရောက်တော့ ပို၍ ပို၍ ကြီးလာသည်။

"ဘုရားရေ ... အသည်းနှလုံးကြီးက ကြီးကြီးလာလိုက်တာ တစ်မြို့လုံးတောင် ထည့်ထားလို့ရမှာပဲ"

ဤတွင် ရာဂျူးသည် ခွဲစိတ်စားပွဲပေါ်မှ ပြန်ထကာ ဇာတ်ခုံပေါ်မှ ဆပ်ကပ်ဝိုင်းထဲတွင် ပတ်ချာလှည့် ပြေးလွှားရင်း ပျောက်ဆုံးသွားသည့် သူ့အသည်းနှလုံးကို သွေးရူးသွေးတန်း လိုက်ရှာနေ၏။ သူ့ပါးစပ်ကလည်း ပရိသတ်ကို တတွတ်တွတ် မေးနေ၏။

"ကျွန်တော့်အသည်းနှလုံး ဘယ်သူခိုးသွားသလဲ၊ သိတဲ့လူတွေ ကျေးဇူးပြုပြီး ပြောကြပါခင်ဗျား"

ပရိသတ်များ ဝါးခနဲ ပွဲကျသွားသည်။

ရာဂျူးက ရှေ့ဆုံးတန်းမှ အမျိုးသမီးသုံးယောက်တို့၏ ရှေ့တည့်တည့်တွင် ရပ်ကာ

"ကျွန်တော့် အသည်းနှလုံး ခင်ဗျားတို့ ခိုးထားကြသလား"

ဟု မေးလိုက်သည်။ သို့သော်လည်း အမျိုးသမီးသုံးယောက်စလုံး ဘယ်သူမှ မရယ်ကြ။

မေရီက မဲ့ပြုံးပြုံးကာ သူ့ခင်ပွန်းကို ညှိုးငယ်စွာ ကြည့်လိုက်သည်။

ရာဂျူးက မာရီနာ၏ မျက်နှာကို စိုက်ကြည့်နေသည်။ သူ့အမူအရာက "ကျွန်တော့်အသည်းနှလုံး ခင်ဗျား ခိုးထားသလား"ဟု အသံတိတ် မေးနေ ဟန်မျိုး၊ သို့ပေမဲ့ မာရီနာထံမှ ဘာစကားမှတော့ ထွက်မလာ။

သူမသည် သက်မတစ်ချက်ချကာ တစ်ချိန်တုန်းက ဆပ်ကပ်လူရွှင်တော် ဖြစ်အောင် သူမ ကူညီလေ့ကျင့်ပေးခဲ့သည့် ရာဂျူး၏မျက်နှာကိုသာ ငေးကြည့်နေမိလေသည်။

ထို့နောက် ရာဂျူးသည် ရုပ်ရှင်မင်းသမီးကြီး မီနာ၏ရှေ့တွင် ရပ်ကာ အသံတိတ် မေးခွန်းထုတ် နေပြန်၏။ မီနာမှာ သူ့အပြစ်နှင့်သူ လိပ်ပြာမလုံဖြစ်ကာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ အဘယ်ကြောင့် ဆိုသော် သူမကား တစ်ချိန်သောအခါက သူမ၏အချစ်ကို ထင်ပေါ်မှုနှင့်၊ အသပြာနှင့် လဲလှယ်ခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့် သူမသည် ရာဂျူး၏ မျက်နှာကို စေ့စေ့မကြည့်ရဲဘဲ ရှက်ရှက်နှင့် ခေါင်းငုံ့နေ၏။

ရာဂျူးသည် စိတ်ပျက်အားငယ်စွာဖြင့် ဆရာဝန်များထံ ပြန်လာပြီး မေးလိုက်ပြန်သည်။

"ကျွန်တော့် အသည်းနှလုံး ခိုးသွားတဲ့လူကို သိကြပါသလား ခင်ဗျာ" ယခုအချိန်တွင် လက်ဝှေ့သမား၏ ရင်အုပ်ထက်ကြီးသည့် အသည်းနှလုံးကို ဆရာဝန်က ရာဂျူးအား ကမ်းပေးပြီး အရေးတကြီး ပြောလိုက်သည်။

“ဟောဒီမှာ ... ရော့ ... ခင်ဗျား အသည်းနှလုံး၊ လုံလုံခြုံခြုံ သိမ်းထား၊ ဒီနှုန်းအတိုင်းသာ ဆက်ပြီးကြီးလာမယ်ဆိုရင်တော့ ဒီအသည်းနှလုံးထဲမှာ တစ်ကမ္ဘာလုံးတောင် လမ်းလျှောက်တဲ့နေ့ကို ရောက်လာလိမ့်မယ်”

“တကယ်...တကယ်ပြောတာလား ဆရာ” ရာဂျူးက အသည်း နှလုံးကို လက်ထဲတွင် ကိုင်ထားရင်း စိတ်လှုပ်ရှားစွာဖြင့် ပြန်မေးလိုက်သည်။ “ကျွန်တော့် အသည်းနှလုံးထဲမှာ တကယ်ပဲ တစ်ကမ္ဘာလုံးကို ထည့်ထားနိုင် မှာလားဟင်” ရာဂျူးသည် သိန်းဆုကြီးပေါက်သည့်သတင်း ရုတ်တရက် ကြားလိုက်ရသူလို အလွန်အမင်း ဝမ်းသာသွားသည်။

ထို့နောက်တွင် ဂီတသံများ ဖြုန်းခနဲ ပေါ်ထွက်လာပြီး ဆေးရုံရော၊ ဆရာဝန်များနှင့် သူနာပြုများပါ ပျောက်ကွယ်သွားကာ ဆပ်ကပ်ဝင်းထဲတွင် အသည်းနှလုံးကြီးကို ဘောလုံးပမာ မြှောက်ကစားရင်း လူရွှင်တော်ကြီး ရာဂျူးတစ်ယောက်တည်းသာ ကျန်ရစ်တော့သည်။

တစ်ကြိမ်တွင် ရာဂျူးက အသည်းနှလုံးကြီးကို အမြင့်ကြီး မြှောက်တင်လိုက်ပြီးနောက် ဖြည်းဖြည်းသာသာ တအိအိ ပြန်ကျလာရာ မေရီက စိုးရိမ်စိတ်ဖြင့် အမှတ်မထင် ခပ်အုပ်အုပ်ကလေး ညည်းလိုက်မိလေသည်။ ရာဂျူးသည် ရုတ်တရက် အံ့အားသင့်ကာ မေရီ၏မျက်နှာကို လှမ်းကြည့်လိုက်မိ၏။ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အသည်းနှလုံးကြီးသည် ကြမ်းပြင်နှင့်တိုက်မိကာ အစိတ်စိတ်အမြွာမြွာ ပေါက်ကွဲသွားတော့သည်။ လူရွှင်တော်ကြီးသည် ကစားစရာအရုပ်ကလေး ပျက်စီးသွားသည့် ကလေးငယ်ပမာ အသည်းနှလုံး အပိုင်းအစများကို တွေတွေကြီး စိုက်ကြည့်နေ၏။ သို့သော်လည်း သူက ဝမ်းမနည်း၊ ပျော်ပင် ပျော်နေမိသေးသည်။ အဘယ်ကြောင့် ဆိုသော် ပြိုကွဲသွားသည့် အသည်း နှလုံးအပိုင်းအစတိုင်းတွင် မေရီ၏ရုပ်သွင်ကို မြင်နေရသောကြောင့် ဖြစ်၏။ သူမြင်နေရသည့် ရုပ်သွင်မှာ ဆံပင်ဖြူနှင့် မေရီ မဟုတ်၊ လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်က နုပျိုလှပနေသည့် မေရီဖြစ်သည်။

ဂီတလေလှိုင်းက သူ့အား အတိတ်ကာလသို့ ခေါ်ဆောင်သွားပြီး လူပျိုဖော်ဝင်စ အရွယ်သို့ ပြန်ရောက်သွားသလို ခံစားရလေသည်။

ပထမပိုင်း

ဆရာမသို့ အချစ်များစွာဖြင့်

[၁]

အတိတ်ကာလ၏ ခြံလွှာကို လှစ်တင်လိုက်သောအခါ ရာဂျူးသည် သူ့ကိုယ်သူ ဆီးနှင်းဖုံးသော စကိတ်ကွင်းဝိုင်းကို ကုန်းမြင့်တစ်နေရာမှ လှမ်းကြည့်နေသည်ကို တွေ့ရသည်။ စကိတ်ကွင်းဝိုင်းကို မြင်ရသည်မှာ ငါးကလေးတွေ လူးလာ ခေါက်ပြန် ရေကူးနေကြသည့် ရေကန်နှင့်တူနေ၏။

တချို့က စကိတ်စီး(ရေခဲပြင်လျှောစီး) အလွန်တော်ကြသည်။ ကွင်းဝိုင်းကို လှည့်ကာပတ်ကာ လျင်မြန်စွာ၊ ကျွမ်းကျင်စွာ လွှားခနဲ လွှားခနဲ အရှိန်နှင့် စီးမျောပါသွားကြသည်။ အချို့ကတော့ နယ်နိမိတ် သတ်မှတ် ကြိုးတန်းကို အကာအကွယ်ယူကာ ခြေလှမ်းတိုင်း သတိထားလျက် ဖြည်း ဖြည်းသာသာ စီးသွားကြသည်။ သို့သော်လည်း လူသစ်တွေကား ကယိုင်ကပါး ကိုးရိုးကားရားနှင့် ခြေချော်ပြီး ရေခဲပြင်ပေါ်တွင် တဗိုင်းဗိုင်း လဲကျကြသည်။ ယင်းသို့ တဗိုင်းဗိုင်း လဲကျသူများထဲတွင် ဝဝဖိုင့်ဖိုင့် သူငယ်လေးမှာ အဆိုးရွားဆုံးဖြစ်၏။ သူသည် အလွန်ကျပ်သော လက်ထိုးဆွယ်တာအင်္ကျီ အပြာကို ဝတ်ထားပြီး လူ့ရွှင်တော် ဦးထုပ်နှင့်တူသည့် သိုးမွေးပန်းပွားတပ် ကက်ဦးထုပ်ကလေးကို ဆောင်းထားသည်။ သူ့မျက်နှာက ရာဂျူးနှင့် အလွန် တူသည်။

မတူဘဲ နေပါ့မလား၊ ရာဂျူးကိုယ်တိုင် ဖြစ်နေတာကိုး။ ဟုတ်ပါသည်။ ရာဂျူးမှ ရာဂျူးအစစ်၊ ၁၅ နှစ်သားအရွယ် ရာဂျူးအစစ်။

သူသည် ဟိုယမ်းသည်ယမ်းနှင့် တဗိုင်းဗိုင်းလဲကျနေပေမယ့် စကိတ်စီးရတာကို အလွန်ပျော်နေသည်။ အလွန်တက်ကြွနေသည်။ ထို့ကြောင့် ခြေချော်ပြီး လဲကျတိုင်း စိတ်ဓာတ်မကျဘဲ အားနှင့်မာန်နှင့် ပြန်ထသည်။

ထို့နောက် မြင်ကွင်းထဲသို့ မိန်းကလေးတစ်ယောက် ရောက်လာသည်။ တော်တော်လည်း ချောသည်။ အားလုံးထဲတွင် သူမက စကိတ်စီး အတော်ဆုံး၊ သူမနာမည်က မေရီ၊ အသက်က ၂၀ နှစ် သို့မဟုတ် ၂၂နှစ် ခန့် ရှိရော့မည်။ သွယ်သွယ်နွှောင်းနွှောင်းနှင့် ရာဂျူးထက် အရပ်ပိုမြင့်သည်။ အချိုးကျသော ပန်းရောင် သိုးမွေးဆွယ်တာ လက်ရှည်ကို တင်းတင်းရင်းရင်း ဝတ်ထားသောကြောင့် အပျိုစင်ရင်သားနှစ်မြွှာက ထင်ရှားပေါ်လွင်နေသည်။ သူကလေးသည် မဟူရာဆံပင်များကို သားမွေးကက်ဦးထုပ်ဖြင့် မလုံ့တလုံ ဖုံးအုပ်ထားပြီး ပန်းရောင်နှုတ်ခမ်းအစုံတွင် အပြုံးပန်းကလေး မသိမသာ ပွင့်နေသည်။ သူ့ကိုကြည့်ရသည်မှာ စကိတ်စီးရင်း တော်တော် ပျော်ရွှင်နေပုံရသည်။ ခြေတစ်ဖက်ပေါ်တွင် ရပ်ကာ တစ်ဖက်ကို လွှားခနဲမြှောက်ရင်း စက်ဝိုင်းလှည့်ကာ လျှောစီးသွားသည်မှာ ကျွမ်းကျင်သည့် အားကစားသမား တစ်ယောက်၏ ပေါ့ပါးသွက်လက်မှုလည်း ပါသည်၊ သဘာဝရင့်သည့် ကချေသည်တစ်ယောက်၏ တင့်တယ်မှုလည်း ရှိသည်။ လူတိုင်းပင် သူမကို အားကျနေကြသည်၊ ချီးကျူးအံ့သြနေကြသည်။

ရာဂျူးကလေးကတော့ စကိတ်ကွင်းကို ပထမဆုံးအကြိမ် ရောက်လာခြင်း

ဖြစ်သည်။ တစ်နာရီမျှ စကိတ်စီးရဖို့အတွက် တစ်ပတ်လုံးအတွက် မုန့်ဖိုးပိုက်ဆံကို ခြစ်ခြုပ်စုဆောင်းခဲ့ရ၏။ သူသည် ခက်ခဲပင်ပန်းစွာ ကြိုးကြိုးစားစား လျှောစီးနေရင်းမှ ပန်းရောင်ဆွယ်တာ ကျပ်ကျပ်ကလေး ဝတ်ထားသည့် မိန်းကလေးအပေါ် မျက်လုံးရောက်သွားသည်။ မိန်းကလေးအား ပါးစပ်ဟောင်းလောင်းဖြင့် အငမ်းမရ ကြည့်ရင်း မိန်းကလေးအနီးသို့ ရောက်ရန် အားတင်း၍ ကြိုးစားသည်။ ကြိုးစားတိုင်း တဖိုင်းဖိုင်း လဲကျသည်။ လဲကျတိုင်း အဖော်ကျောင်းသားကလေးတွေက တဟားဟားနှင့် ပြက်ရယ် ပြုကြသည်။ သို့ပေမဲ့ သူက စိတ်မဆိုး၊ သူကိုယ်တိုင်လည်း သူ၏ အားနည်းချက်အတွက် စိတ်မပျက်ဘဲ အဖော်တွေနှင့်အတူ ရော၍ပင် ရယ်လိုက်သေးသည်။

သူ့ကိုပဲ အားလုံးက အာရုံစိုက် စိတ်ဝင်စားကြောင်း သိရတော့ သူက ဇာတ်ဟန်ပါပါဖြင့် တမင်တကာ ခဏခဏ လဲပြသည်။ ယခုတော့ သူသည် ဟန်ချက်မထိန်းနိုင်၍ ကိုးရိုးကားရား ချော်လဲနေသည့် လျှောစီး သမားမဟုတ်တော့၊ လူတိုင်း ပျော်ရအောင် ရယ်စရာ တမင်လုပ်ပြနေသည့် လူရွှင်တော်သာ ဖြစ်နေတော့သည်။ သို့သော်လည်း သူက အလကား လုပ်ပြနေခြင်းတော့ မဟုတ်၊ ရည်ရွယ်ချက်နှင့် လုပ်ပြနေခြင်း ဖြစ်၏။ ပန်းရောင်ဆွယ်တာနှင့် မိန်းမချောကလေးက သူ့ကို အာရုံစိုက်လာအောင် လုပ်ပြနေခြင်း ဖြစ်၏။

တစ်ကြိမ်တွင် ရာဂျူးသည် အစွမ်းကုန်အားတင်းကာ သတိကြီးစွာ ဟန်ချက်ထိန်းပြီး မိန်းကလေးအနီးသို့ မြန်နိုင်သမျှ မြန်မြန် ချဉ်းကပ်လာသည်။ အရှိန်လွန်ပြီး မိန်းကလေးနှင့် ဝင်တိုက်မည်စိုး၍ ကိုယ်ရှိန်သတ်ကာ အတင်းရပ်လိုက်၏။ သို့သော်လည်း ဟန်ချက်ပျက်ပြီး သူ့ကိုယ်သူ မထိန်းနိုင်တော့၍ မိန်းကလေးခြေရင်းက ဆီးနှင်းပြင်တွင် ပုံလျက်သား လဲကျသွား တော့သည်။ ဝါးခနဲ ရယ်သံများ သောသောညံ သွားလေ၏။

"ဟိုမှာ ကြည့်လိုက်စမ်းဟေ့၊ ဖက်တီးကလေး လဲကျသွားပြန်ပြီကွ" "ဟေ့ ...ဖက်တီး၊ ဘာလဲကွ၊ မင်းက နှင်းတောထဲမှာ ပိုက်ဆံ ရှာနေတာလားကွ"

"ဟေ့ ... လူဝကလေး၊ စကိတ်မစီးတတ်ဘဲနဲ့ ဘာလို့ ပိုက်ဆံ လာဖြုန်းတာလဲ၊ မင်းအမေ့ရင်ခွင်ထဲ ပြန်သွားပါလားကွ"

ထို့နောက် ယောကျ်ားကလေးတွေရော၊ မိန်းကလေးတွေပါ ဟားတိုက်ပြီး သံပြိုင် ရယ်လိုက်ကြပြန်၏။ ရာဂျူးကလည်း သူတို့နှင့်အတူ ရော၍ရယ်ကာ ပြန်ထလိုက်သည်။ ပြန်၍ လဲကျသွားပြန်၏။ ကလေးတွေက ရယ်လိုက်ကြပြန်၏။

ဤတွင် မေရီက အမိန့်သံပါပါဖြင့် အော်ပြောလိုက်သည်။

"ဟေ့ ကောင်လေးတွေ၊ မတတ်သေးလို့ လဲကျတဲ့ကလေးကို ဝိုင်းပြီး ရယ်ကြတာ မင်းတို့ မရှက်ဘူးလား"

ရာဂျူးမှာ ဆီးနှင်းပြင်ပေါ်တွင် လဲနေတုန်း ရှိသေးသည်။ မေရီက သူ့ ကိုယ်စား ဝင်တားသည့်အတွက် ဝမ်းသာမိသည်။ သို့ပေမဲ့ သူ့ကို ကလေး တစ်ယောက်လို သဘောထားတာကိုတော့ လုံးဝသဘောကျ။

တစ်ခြားကလေးတွေ လျှောစီးလှည့်ထွက်သွားကြတော့ မေရီက သူမ၏ လက်အိတ်စွပ်လက်ကို ရာဂျူးဆီသို့ ကမ်းပေးရင်း "က...လာပါ၊ မင်း လဲမကျအောင်

ငါ သင်ပေးပါ့မယ်” သူမ၏မျက်နှာက ပြုံးနေသည်။ ရာဂျူး အားတက်သွားသည်။ သူက မေရီ၏လက်ကို ဆုပ်ကိုင်ကာ လဲနေရာမှ မတ်တတ် ထရပ်လိုက်သည်။ သူမ၏ လက်ကလေးက နုညံ့အိစက်ပြီး နွေးထွေးနေသည်။

မေရီက ရာဂျူးအား လက်နှစ်ဖက်နှင့်ထိန်းကာ ကွင်းဝိုင်းအလယ်သို့ လျှောစီးခေါ်လာခဲ့သည်။ ရာဂျူးသည် အခက်အခဲမရှိဘဲ အလိုက်သင့်ပါလာသည်။ သူက မေရီနှင့် နီးနီးကပ်ကပ်နေရတာကို အလွန်ပျော်နေသည်။ လွန်ပျော်နေ သို့ပေမဲ့ သူ့ကို ကလေးတစ်ယောက်လို ပြောဆိုဆက်ဆံနေတာကိုတော့ တော်တော်အခံရ ခက်မိသည်။

“မင်းက ခဏခဏ လဲကျတော့ သူများတွေက ဝိုင်းရယ်ကြတယ်၊ အဲဒါကို မင်းအနေနဲ့ ဘယ်လိုမှ မခံစားရဘူးလား” မေရီက စာနာစိတ်ဖြင့် မေးခြင်း ဖြစ်သည်။

“သူများတွေ ရယ်တာကို ကျွန်တော်က ဘာလို့ခံစားရမှာလဲ၊ ကျွန်တော် မတ်တတ်ရပ်လို့ သူများတွေ ငိုရတာထက်စာရင် ကျွန်တော် လဲကျလို့ သူများတွေ ရယ်ရတာက ပိုကောင်းပါတယ်”

“အံမယ် ...မင်းက ဘယ်ဆိုးလို့လဲ၊ တွေးခေါ်ရှင်ကလေး ကျနေတာပဲ၊ ဒါနဲ့ မင်းနာမည်က ဘာတဲ့လဲ”

ရာဂျူးက လက်ယာဘက်လက်ကို ဟန်ပါပါ မြှောက်လိုက်ပြီး-

“ကျွန်တော့်နာမည် လူရွှင်တော်”

“ဟင် … လူရွှင်တော်တဲ့လား၊ ဘယ်လိုနာမည်မျိုးပါလိမ့်”

“ကျွန်တော့်နာမည်ရင်းက “ရန်ဘာရာ့ဂျ်”ပါ၊ အမေကတော့ ရာဂျူးလို့ ခေါ်တယ်၊ ဒါပေမဲ့ ကျောင်းမှာကျတော့ အားလုံးက လူရွှင်တော်လို့ပဲ ခေါ်ကြတယ်၊ သူတို့ ရယ်ရအောင်လို့ ကျွန်တော်က တမင်တကာ ပိုပြီးလဲပြတာ”

“အို...မင်းက ကျောင်းသားလေးလား၊ ဒါနဲ့ ဘာကျောင်းတက် သလဲ”

“ကွန်ဗင့်ကျောင်း”

“သြော်...ဟုတ်လား...

ထို့နောက် မေရီက ဆုပ်ကိုင်ထားသည့် ရာဂျူး၏လက်ကို ပြန် လွှတ်ပေးလိုက်သည်။

“ကဲ...လုပ်ကြည့်စမ်း၊ မင်းဟာမင်း စီးလို့ရပြီ”

မေရီ လျှောစီးရင်း လှည့်ထွက်သွားပြီး လူအုပ်ထဲ ဝင်ရောက်သွားသည်။ နောက်ကို တစ်ချက်မှ လှည့်မကြည့်ခဲ့တော့။

ရာဂျူးသည် မေရီကို လှမ်းကြည့်ရင်း ငေးကျန်ရစ်ခဲ့သည်။ ပြီးတော့ မေရီနောက်ကို အမီလိုက်ရန် ကြိုးစားသည်။ ခြေချော်ပြီး လဲကျသည်။ ရေခဲပြင်ပေါ်တွင် တုံးလုံးပက်လက်ကြီး ဖြစ်နေသည်။ မတော်တဆ လဲကျခြင်း ဖြစ်သော်လည်း သူက ဇာတ်ဟန်ပါပါဖြင့် ရယ်စရာကောင်းအောင်

တမင်လုပ်ပြသည်။

နွေရာသီအားလပ်ရက်များ ကုန်ဆုံးပြီးနောက် ကွန်ဗင့်ကျောင်းကို ပြန်ဖွင့်သည်။ ကျောင်းသူ ကျောင်းသားတွေ ပြန်လည်ဆုံစည်းကြရသောကြောင့် မြူးထူး အော် ဟစ်သံများဖြင့် ပွက်ပွက်ညံနေသည်။ အတန်းထဲတွင်ရော၊ အတန်းအပြင်ဘက်မှာရော၊ စင်္ကြံလမ်းများမှာရော၊ အလယ်ကွက်လပ်များ မှာပါ စကားပြောသံများ၊ ရယ်မောသံများဖြင့် ဆူညံနေသည်။

အဋ္ဌမတန်း စာသင်ခန်းထဲတွင်တော့ ကျောင်းသားကလေးများက သတင်းထူးတစ်ရပ်ကို ပြောဆိုဆွေးနွေးနေကြသည်။

"တို့အတန်းကို ဆရာမ အသစ်တစ်ယောက် ရောက်လာမယ်လို့ သိရတယ်ကွ"

"တကယ်လား၊ မင်းကို ဘယ်သူပြောသလဲ"

"ကျောင်းအုပ်ကြီးရုံးခန်းက စာရေးကြီးက ပြောတာ"

"ဒါဆို ဆရာမအသစ် ဘယ်လိုပုံလဲဆိုတာ စောင့်ကြည့်ရတာပေါ့"

"ဘယ်လိုပုံလဲဆိုတာ မင်းတို့ကို ငါပြမယ်"

နောက်ဆုံးပြောလိုက်သူမှာ ရာဂျူးဖြစ်သည်။ သူသည် နံရံကပ် သင်ပုန်းကြီးရှေ့တွင် ရပ်နေရာမှ မြေဖြူခဲယူပြီး သင်ပုန်းကြီးပေါ်တွင် ရုပ်ပုံ တစ်ပုံ စတင် ဆွဲသည်။ ကျောင်းသူ ကျောင်းသားအားလုံး စိတ်ဝင်စားစွာ ကြည့်နေကြသည်။

သူ ဆွဲပြီးသွားသောအခါ ရုပ်ပုံမှာ ခါးကိုင်းကိုင်းနှင့် တောင်ဝှေး ထောက်နေသည့် အရုပ်ဆိုးဆိုး အဘွားကြီးပုံ ဖြစ်နေ၏။

"အဘွားကြီးက သွားလည်း မရှိတော့ဘူး၊ ဆံပင်တွေကလည်း တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေပြီ၊ သူဟာ အတန်းထဲ တုန်တုန်ယင်ယင် ဝင်လာပြီး ဘာပြောလိုက် သလဲဆိုတော့ "ကဲ ... ကလေးတို့... အားလုံးထပြီး ဖင်ဘူးတောင်းထောင် ရပ်နေကြတဲ့"

တစ်ခန်းလုံး ဝါးခနဲ ရယ်လိုက်ကြသည်။ ဤသည်ပင်လျှင် တကယ့် ရာဂျူးအစစ် ဖြစ်၏။ လူတိုင်း ရယ်ရအောင် ပြက်လုံးသစ်များကိုလည်း ရှာရှာဖွေဖွေ အမြဲတမ်း ထွင်ပြောတတ်သည်။ တစ်ချိန်တည်းတွင် အပြောင် အနောက်လည်း သန်သည်။ အတန်းပိုင်ဆရာမ ဝင်လာသောအခါ ကလေးတွေအားလုံး ရယ်နေကြတုန်း ဖြစ်သည်။ ချက်ချင်း အရယ်ရပ်ပြီး အားလုံး ဝုန်းခနဲ ထရပ်လိုက် ကြသည်။

တကယ်တော့ ဆရာမမှာ သူတို့ထင်သလို အဘွားကြီးအို ခါးကုန်း ကုန်း မဟုတ်၊ ထူးထူးခြားခြား ချောမောလှပသည့် အမျိုးသမီးကလေး ဖြစ်နေ၏။ သူမသည် လက်ရှည်ဘလောက်အင်္ကျီအဖြူနှင့် စကတ်အပြာ ကိုဝတ်ပြီး

ဒေါက်မြင့်ဖိနပ်သံ တခွပ်ခွပ်ပေးကာ အတန်းထဲသို့ ဝင်လာ၏။ ထိုအချိန်တွင် ရာဂျူးမှာ သင်ပုန်းကြီးနားတွင် တောင့်တောင့်ကြီးရပ်ရင်း ပါးစပ်ဟောင်းလောင်းဖြင့် မှင်တက်မိနေ၏။ အဘယ်ကြောင့်ဆိုသော် ယခု ဝင်လာသည့် ဆရာမမှာ တမြန်နေ့က သူ့ကို စကိတ်စီးသင်ပေးခဲ့သော မိန်းကလေး ဖြစ်နေသောကြောင့်တည်း။

ဆရာမလေး မေရီသည် စားပွဲနားသို့ ရောက်သောအခါ သင်ပုန်းကြီးပေါ်က အရုပ်ကိုကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ရာဂျူးမှ တစ်ပါး ကလေးတွေအားလုံးလည်း လိုက်ရယ်ကြ၏။

"ငါ့ရုပ်က ဒီရုပ်ပုံနဲ့ တူနေသလား"

ဆရာမက အတန်းသားအားလုံးဆီသို့ မျက်လုံးဝေ့ကြည့်ပြီး မေး လိုက်သည်။

"မတူပါဘူး ဆရာမ"

ကလေးတွေက သံပြိုင် ပြန်ဖြေလိုက်ကြ၏။ သို့သော် ရာဂျူး ပါးစပ် ကတော့ ဘာအသံမှ ထွက်မလာ၊ သူ့အပြစ်နှင့်သူ ရှက်လည်းရှက်၊ ကြောက် လည်း ကြောက်ပြီး ဦးခေါင်းကိုသာ မသိမသာ ခါယမ်းလိုက်လေ၏။

"ကဲ...ထိုင်ကြပါ ကလေးတို့"

စာရေးစားပွဲချင်းထိသံ၊ ခြေထောက်နှင့်ကြမ်းပြင် ပွတ်ထိသံများ ပေါ်ထွက်လာပြီးနောက် ကလေးတွေအားလုံး ကိုယ့်နေရာမှာကိုယ် ပြန်ထိုင် လိုက်ကြသည်။ ရာဂျူးက နောက်တန်းမှ သူ့စာရေးစားပွဲသို့ လျှောက်လာစဉ် ကလေးတစ်ယောက်က သူ့ခြေထောက်ဖြင့် ဆတ်ခနဲ ကလန့်လိုက်သည်။

ရာဂျူးသည် ယိမ်းထိုးကာ မှောက်ရက်သား လဲကျသွားသည်။ ရယ်သံများ ပေါ်ထွက်လာသည်။ ရာဂျူးကလည်း ပြန်ရယ်လိုက်၏။ နောက်ဆုံးတွင် ရာဂျူးသည် သူ့စာရေးစားပွဲတွင် ဝင်ထိုင်လိုက်သည်။ ရယ်မောသံများ တိတ်သွားပြီ။ မေရီက အတန်းသားများအား စကားပြောသည်။

"ကလေးတို့ ....တို့ရဲ့ ပထမဆုံးတွေ့ဆုံခြင်းဟာ မင်္ဂလာရှိတဲ့ ရယ်မောသံနဲ့ စတင်ခဲ့တယ်၊ ဆရာမက ကလေးတို့တစ်တွေ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောနေတာကို မြင်ချင်တယ်၊ ဒါပေမဲ့ သူများ တွေကို ကြည့်ပြီး ရယ်မောတာက သိပ်ပြီး လွယ်တယ်၊ အရေးအကြီးဆုံးက ကိုယ့်ကိုယ်ကိုယ် ကြည့်ပြီး ရယ်တတ်ဖို့ပဲ"

"ဆရာမက ငါ့ကို ရည်ညွှန်းပြီး ပြောနေတာလား" ရာဂျူးက တွေးမိသည်။ "တော်တော် စိတ်ကောင်းရှိတဲ့ ဆရာမပဲ၊ သူနဲ့ငါ အကြာကြီးက သိခဲ့ရသလိုပဲ ငါခံစားရတယ်"သူက ဆရာမမျက်နှာကို စိုက်ကြည့်နေသည်။ ဆရာမပြောတာကိုလည်း စူးစူးစိုက်စိုက် နားထောင်နေသည်။ "သူ့အသံ ကလေးကလည်း သိပ်ပြီး နားထောင်လို့ ကောင်းတာပဲ"

မေရီက ဆက်ပြောသည်။

"ဆရာမက ကလေးတို့ကို ပုံမှန်သင်ခန်းစာတွေကို သင်ပေးတဲ့အပြင် ကျန်းမာရေးလေ့ကျင့်ခန်း၊ တေးသီချင်းနဲ့ ကစားခုန်စားတွေလည်း သင်ပေးမယ်၊ ဆရာမကို ဆရာမတစ်ယောက်လို့သာ သဘောမထားကြပါနဲ့၊ ဆရာမ ကလည်း ကလေးတို့ရဲ့ မိတ်ဆွေ၊ ကလေးတို့ရဲ့လမ်းညွှန်၊ ကလေးတို့ရဲ့ လူယုံတော်တစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်၊ ဒါကြောင့် ဆရာမကို ယုံယုံကြည်ကြည်နဲ့ ကလေးတို့ရဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို ပြောပြနိုင်တယ်၊ အဲဒီတော့ ဆရာမဟာ ကလေးတို့ရဲ့ မိတ်ဆွေပဲ၊ ကလေးတို့ ကလည်း ဆရာမရဲ့ မိတ်ဆွေပဲ"

သည်စကားတွေအားလုံး သူ့တစ်ယောက်တည်းကိုသာ ရည်စူး၍ ပြောကြားနေသည်ဟု ရာဂျူးက ထင်မိသည်။ ထို့ကြောင့် သူက အသံတိတ် စိတ်ထဲက ကျိတ်၍ ပြောနေမိသည်။ "ဟုတ်ကဲ့ပါ ဆရာမ၊ ဆရာမကို ကျွန်တော့် မိတ်ဆွေလို၊ လမ်းညွှန်လို၊ လူယုံတော်လို သဘောထားပါ့မယ်၊ ဒါပေမဲ့ "လူယုံတော်"ဆိုတာ ဘာလဲ၊ အိမ်ရောက်တော့မှ "အဘိဓာန်"မှာ ရှာကြည့်ရဦးမယ်"

မေရီက စကားဆက်ပြန်သည်။

"နောက်တောက်တောက် ပြောင်ချော်ချော် လုပ်တတ်တာဟာ ကလေးတွေ အားလုံးရဲ့ မွေးရာပါ သဘာဝပဲ၊ ဒါပေမဲ့ သူရဲဘောကြောင်သူ တွေကသာ လိမ်ညာပြောတတ်ကြတာပါ၊ ကဲ... ဒီတော့ ဆရာမ မေးမယ်၊ မှန်တဲ့အတိုင်း ပြောပါ၊ ဒီကာတွန်းပုံကို ဘယ်သူဆွဲတာလဲ၊ ဆွဲတဲ့လူ မတ်တတ် ထရပ်ပြပါ"

ရာဂျူးသည် အခိုက်အတန့်အားဖြင့် တော်တော် အကျပ်ရိုက်သွား၏။ အမှန်အတိုင်းပြောပြီး ဖြစ်ပေါ်လာမယ့် အကျိုးဆက်ကို ရင်ဆိုင်မှာလား၊ ဆရာမက သူ့အား ခုံတန်းပေါ် ထရပ်ခိုင်းချင်လည်း ရပ်ခိုင်းမည်၊ ဒါမှမဟုတ် ကြိမ်တုတ်နှင့် ရိုက်ချင်လည်း ရိုက်မည်၊ သူက ပြစ်ဒဏ်ကိုသာ ကြောက်သည် မဟုတ်၊ ဆရာမက သူ့ကို မုန်းသွားမှာကိုလည်း အလွန်ကြောက်မိ၏။ နောက်ဆုံးတော့ သူ ဆုံးဖြတ်လိုက်သည်။ ဖြစ်ချင်ရာဖြစ် ခံတော့မည်။

သူ ရုတ်တရက် ထရပ်လိုက်၏။ သို့သော်လည်း ရှက်လွန်းလို့ ဦးခေါင်းကိုတော့ ငုံ့ထားသည်။

ဆရာမက သူ့ကို ချက်ချင်း မှတ်မိသွား၍ ပြုံးလိုက်သည်။ ထို့နောက် သူက ပြောသည်။

"ဪ...လက်စသတ်တော့ ရာဂျူးကိုး"

ရာဂျူးက တအံ့တသြဖြင့် ခေါင်းမော့ကြည့်လိုက်သည်။ ဆရာမက ဆက်၍ ပြောသည်။

"ဒါပေမဲ့... မင်းလက်ရာက တော်တော် ညံ့သေးတာပဲ၊ မင်းကို ပန်းချီဆွဲနည်းလည်း ဆရာမ သင်ပေးပါ့မယ်၊ အဲဒါဆိုရင် မင်းက ငါ့ကို အခုလို ခါးကုန်းမ ကြီးရုပ်မျိုး ဆွဲပေးမှာ မဟုတ်တော့ဘူးပေါ့" ကလေးတွေ အားလုံး ဝါးခနဲ ရယ်လိုက်ကြသည်။"ကဲ...ထိုင်ပါ" ဆရာမက ရာဂျူးကို အမိန့်ပေးလိုက်သည်။

ထို့နောက် ဆရာမက ဘောဖျက်ကိုယူ၍ သင်ပုန်းကြီးကို သန့်ရှင်းလိုက်သည်။ ပြန်ထိုင်သည်။ ကျောင်းတက်မှတ်တမ်းစာအုပ်ကို

လှန်လိုက်သည်။

"ပါရိုတန်ကူးမား"

"ရှိပါတယ် ဆရာမ"

"အေနီချန်ဒါ"

"ရှိပါတယ် ဆရာမ"

"ကွမ်ရှုဒင်"

"ရှိပါတယ် ဆရာမ"

"ဘန်နီကူးပါး"

"ရှိပါတယ် ဆရာမ"

"ဂေါပါလ် ဗာမ"

"ရှိပါတယ် ဆရာမ"

ဆရာမက နာမည်ခေါ်နေစဉ် ရာဂျူးသည် ဆရာမ၏မျက်နှာကိုသာ တစ်ချိန်လုံး စိုက်ကြည့်နေသည်။ စိတ်ထဲကလည်း တွေးနေမိသည်။ "ဆရာမ တွေ အားလုံးထဲမှာ ဒီဆရာမကိုသာ ငါ သဘောအကျဆုံးပဲ၊ အဲဒါ ဘာကြောင့်လဲ၊ သူက မိန်းမဖြစ်နေလို့လား၊ ဒါပေမဲ့ အရင်ဆရာမကလည်း မိန်းမပဲဟာ၊ ဒီဆရာမလေးက ငယ်ငယ်မို့လို့ ထင်ပါရဲ့၊ ဒါပေမဲ့ တခြား ငယ်ငယ်ဆရာမတွေလည်း တွေ့ခဲ့ရတာပဲ၊ ဒါပေမဲ့ ဒီဆရာမလေးလောက် ဘယ်ဆရာမမှ ဆွဲဆောင်မှု မရှိဘူး၊ အဲဒါဘာကြောင့်လဲ... ဘာကြောင့် လဲ..."ယင်းသို့လျှင် သူ့အတွေးနှင့်သူ ဦးနှောက်ရှုပ်နေသောကြောင့် ပထမ အကြိမ် သူ့နာမည်ခေါ်သံကို သူ မကြားလိုက်မိ။

"ရန်ဘာ ရာ့ဂျ်"

ဆရာမက ဒုတိယအကြိမ် ထပ်၍ခေါ်သော်လည်း ပြန်ထူးသံ ပေါ် ထွက်မလာ၍ တစ်တန်းလုံးက ရာဂျူးဘက်ကို လှည့်ကြည့်လိုက်ကြ၏။ ရာဂျူးမှာ မျက်လုံးကြီးအဝိုင်းသားဖြင့် ကြောင်တိကြောင်တောင် ဖြစ်နေ၏။

"ရန်ဘာရာ့ဂျ်... ရာဂျူး"

သည်တော့မှ ရာဂျူးသည် အိပ်ရာမှ ဖျတ်ခနဲနိုးလာသူလို ကမန်းကတန်းနှင့် လွှတ်ခနဲ ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျား... မဟုတ်ဘူးခင်ဗျား... မဟုတ်ဘူး ဆရာမ ရှိပါတယ် ဆရာမလို့ ပြောတာပါ ဆရာမ"

တစ်ခန်းလုံး ဝါးခနဲ ရယ်လိုက်ကြသည်။ ထို့နောက် ကျောင်းသားကလေး တစ်ယောက်က အသံကျယ်ကျယ်ဖြင့်-

"ဆရာမ… ဒါကြောင့်မို့လို့ ကျွန်တော်တို့က သူ့ကို "လူရှင်တော်" လို့ ခေါ်ကြတာပါ ဆရာမ"

အားလုံးက ရယ်လိုက်ကြပြန်သည်။ ရာဂျူးကိုယ်တိုင်လည်း လိုက်ရယ်နေ၏။ ဆရာမကလည်း တခစ်ခစ်နှင့် ပြုံးရယ်ရယ်နေသည်။ ဤတွင် ရာဂျူး၏ ဦးနှောက်ထဲသို့ အတွေးဝင်လာပြန်၏။

"ဆရာမက ပြုံးလိုက်ရင် သိပ်ပြီး ချစ်စရာကောင်းတာပဲ"

ကျောင်းဝင်း မြက်ခင်းပြင်တွင် ရှပ်အင်္ကျီ လက်တိုအဖြူနှင့် ဘောင်းဘီတို ဝတ်ထားသည့် ကျောင်းသားကလေးတွေ ညီညာစွာစီတန်း၍ ဖြည်းဖြည်း သာသာ လှုပ်ရှားနေကြသည်ကို မြင်ရသည်မှာ လေညင်းအဝှေ့တွင် နှင်းပန်း ဝါပင်ကလေးတွေ တသွဲ့သွဲ့ ယိမ်းနွဲ့နေကြသလို ထင်ရသည်။

ဆရာမကလေး မေရီက ကျန်းမာရေးလေ့ကျင့်ခန်း လက်တွေ့သင်ပြနေခြင်း ဖြစ်သည်။ ကျောင်းသားကလေးတွေ ကလည်း ဆရာမလုပ်ပြသည့် အတိုင်း စည်းချက်ညီညီ လိုက်လုပ်နေကြ၏။

ဆရာမက လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းလိုက်သည်။ ကလေးတွေကလည်း ဆရာမနည်းတူ လိုက်၍ ဆန့်တန်းကြသည်။

ဆရာမက လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်လိုက်သည်။ ကလေး တွေကလည်း ဆရာမနည်းတူ လိုက်၍ မြှောက်ကြသည်။

ဆရာမက ဒူးနှစ်ဖက်ကို မတ်မတ်ထား၍ ကိုယ်ကို ကုန်းညွတ်ကာ ခြေဖျားကို လက်နှင့် တို့ထိလိုက်သည်။ ကလေးတွေကလည်း ဆရာမနည်းတူ လိုက်၍ တို့ထိကြသည်။

သို့သော်လည်း ရာဂျူးတစ်ယောက်ကတော့ တခြားကလေးတွေလို စည်းဝါးမမှန်ဘဲ စည်းဝါးပျက်နေ၏။ သူသည် ကိုယ်ကို ကုန်းလိုက်တော့ တဗျစ်ဗျစ် မြည်သံလိုလို ကြားရ၍ မတ်မတ် ပြန်ရပ်လိုက်သည်။ ပြီးတော့ နောက်ဘက်သို့ လှည့်ကြည့်သည်။ အသံက နောက်ဘက်မှ လာသောကြောင့် ဖြစ်၏။ ပထမတွင် တစ်ယောက်ယောက်က သူ့ကို နောက်ပြောင်လို၍ တစ်ခုခုလုပ်တာဖြစ်မည်ဟု တွေးလိုက်မိသည်။ သို့သော်လည်း ကလေးတွေ အားလုံး ကိုယ်ကို ကုန်းနေကြတာကိုသာ တွေ့ရ၏။ ထို့ကြောင့် သူ့စိတ်ထဲ ပေါ့သွားသည်။

ဆရာမက နောက်တစ်ကြိမ် ကိုယ်ကိုကုန်း၍ ခြေဖျားကို လက်နှင့် တို့ထိလိုက်ပြန်သည်။ ကလေးတွေကလည်း ဆရာမအတိုင်း လိုက်လုပ်ကြသည်။ ရာဂျူးကလည်း လိုက်လုပ်သည်။ စောစောကအတိုင်း တဗျစ်ဗျစ် မြည်သံ ပေါ်ထွက်လာပြန်၏။

သည်တစ်ကြိမ်တွင်တော့ အဖြစ်မှန်ကို သူသိရှိပြီ။ လက်စသတ်တော့ သူ့ဘောင်းဘီဖင်ကြားက ချုပ်ရိုးတွေ ပြုတ်နေတာကိုး။ သူ တော်တော် စိုးရိမ်သွားသည်။ စည်းချက်မှန်မှန် လေ့ကျင့်နေသော အခြားကလေးတွေ ကြားတွင် သူ တစ်ယောက်သာ မတ်မတ်ကြီး ရပ်နေ၏။

ဆရာမက သတိပြုမိ၍ သူ့ထံသို့ လျှောက်လာပြီး…

"ရာဂျူး… ဘာလို့ရပ်နေတာလဲ၊ ဘာလို့ လေ့ကျင့်ခန်း မလုပ်တာလဲ"

"ဟို…ဟို…ဆရာမ" သူ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။ ဘယ် ဖက်လက်ကိုလည်း နောက်ပစ်ပြီး သူအရှက်ကွဲမည့်နေရာကို အုပ်ထားသည်။

"ဟိုဒင်း…ဟိုဒင်း…တော်. . .တော်တော် ခက်ခဲနေလို့ပါ ဆရာမ"

"အို… တော်တော်မိုက်တဲ့ ကလေးပဲ" ဆရာမက လေသံအေးအေး ဖြင့် ပြောလိုက်သည်။ "ဘာမှ မခက်ဘူး၊ ငါလုပ်သလို လိုက်လုပ်၊ ဟောဒီ လိုလုပ်၊ တစ်… အသက်ရှူသွင်း၊ နှစ်. . .ပြန်ရှူထုတ်၊ သုံး… ဒူးကို မတ်မတ် ထား၊ ကုန်းချလိုက်၊ ခြေဖျားကို တို့ထိ၊ လေး…မတ်မတ်ပြန်ရပ်"

သို့သော်လည်း ရာဂျူးက ဆရာမလုပ်ခိုင်းသလို လုပ်လို့မရ၊ မလုပ်နိုင်။ သူက ရှက်ရှက်နှင့် မတ်တတ်ကြီးသာ ရပ်နေ၏။ ပြီးတော့မှ လွှတ်ခနဲ ပြောလိုက်လေ၏။

"ဆရာမ…ကျွန်တော် လုပ်လို့မရဘူး၊ ဘောင်းဘီဖင်ပြဲသွားပြီ"

သူပြောတာ သိပ်မကျယ်လှသော်လည်း ကြားလိုက်သော ကလေး တွေက ဝါးခနဲ ရယ်လိုက်ကြသည်။ ကလေးတစ်ယောက်ကမူ "ဟေ့ … ဖက်တီး၊ မင်းက သိပ်အစားကြူးတာကိုးကွ၊ ဒါကြောင့်မို့ ဘောင်းဘီ ဖင်ကွဲ ကုန်တာပေါ့" ဟုပင် စလိုက်သေးသည်။

"အားလုံး တိတ်စမ်း"

ဆရာမက အမိန့်ပေးလိုက်သည်။ ထို့နောက် ဝီစီမှုတ်၍ ရပ်နားလိုက်၏။

※

"လာ…ငါနဲ့လိုက်ခဲ့"

ဆရာမ ရာဂျူးကို သူနှင့်အတူ ခေါ်သွားလေ၏။

အခြား ဘော်ဒါကျောင်းများနည်းတူ ရာဂျူးတို့ကျောင်းတွင်လည်း အရေးပေါ်အပ်ချုပ်လုပ်ငန်းအတွက် စက်ချုပ်ခန်းထားရှိသည်။ ထို့ပြင် ကျောင်းဆေး ခန်းအတွက် ဆေးဖြူသုတ် ခန်းဆီးတွေလည်း ရှိသည်။

ရာဂျူးသည် ခန်းဆီးတစ်ခု၏နောက်တွင် ရပ်နေသည်။ သူ အလွန် ရှက်နေ၏။ ဆရာမက အပ်တွင် အပ်ချည်ထိုးနေရင်းမှ-

"လာ…ရာဂျူး၊ မင်းဘောင်းဘီပေး"

ရာဂျူးမှာ ရုတ်တရက် မှင်ထူသွားပြီး…

"ဟာ…ဆရာမ…ကျွန်တော်…ဘယ်လိုလုပ်ပြီး… ကျွန်တော် ဘောင်းဘီချွတ်ရမှာ ရှက်တယ် ဆရာမ"

ဆရာမက ရယ်သည်။ ပြီးတော့ အသံအေးအေးဖြင့် ပြောလိုက်သည်။

"မိန်းကလေးတွေသာ ရှက်ရတာ၊ မင်းက မိန်းကလေးလား"

ဆရာမ၏စကားကြောင့် ရာဂျူး ပို၍ပင် ရှက်သွားမိသည်။

သို့သော်လည်း ဘယ်လိုမှ မတတ်သာတော့သဖြင့် ခန်းဆီးနောက်တွင်

ဘောင်းဘီကို ချွတ်၍ ခန်းဆီးပေါ်မှကျော်ပြီး ဆရာမဆီ လှမ်းပေးလိုက်သည်။ ချုပ်ရိုးပြုတ်သွားသော်လည်း ဘောင်းဘီအထည်သား က အကောင်းကြီးရှိသေး၏။ ဆရာမက အပ်ချုပ်စက်နင်းနေရင်းမှ ပြောလိုက်သည်။ "ဘာမှမပူပါနဲ့၊ ငါ အချိန်မီ ချုပ်ပေးပါ့မယ်၊ ဒါနဲ့ ဒီဘောင်းဘီက ဘယ်မှာချုပ်တာလဲ"

"ကျွန်တော့်အမေ ချုပ်တာပါ၊ သူက ကမန်းကတန်း ချုပ်လိုက်ရလို့ ချုပ်ရိုးပြုတ်ကုန်တာ"

"မင်းအမေက စက်ချုပ်တတ်သလား"

"ဟုတ်ကဲ့... ဆရာမ၊ ကျွန်တော့် အဝတ်အစားတွေအားလုံး အမေပဲ ချုပ်ပေးပါတယ်၊ အပြင်မှာက သိပ်ဈေးကြီးတယ် ဆရာမ၊ ကျွန်တော်တို့က ဆင်းရဲတော့ မတတ်နိုင်ပါဘူး"

"အဲဒီလို ဘယ်တော့မှ မပြောပါနဲ့ ရာဂျူး" မေရီက ကြင်နာစွာ ပြောသည်။ "မင်းကို ဆင်းရဲတယ်လို့ ဘယ်သူက ပြောသလဲ၊ မင်းက ဘယ်တော့မှ လိမ်မပြောဘူး၊ ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ ဉာဏ်လည်း ကောင်းတယ်၊ မင်းမှာ ကောင်းမွန်တဲ့ အကျင့်စရိုက်တွေ အကုန်ပြည့်စုံတယ်၊ ဒီတော့ မင်းကို ဆင်းရဲတယ်လို့ ဘယ်သူက ပြောနိုင်မှာလဲ" ထို့နောက် ဘောင်းဘီကို ရာဂျူးဆီသို့ ကမ်းပေးရင်း "ဒါနဲ့ မင်းအမေနာမည်က ဘယ်လို ခေါ်သလဲ"

"မာမာလို့ပဲ ကျွန်တော် သိပါတယ်"

"မင်းအဖေက ဘာလုပ်သလဲ"

"အဖေ မရှိတော့ပါဘူး၊ သေသွားပြီ"

"ဪ...စိတ်မကောင်းပါဘူးကွယ်၊ သူ အသက်ရှိတုန်းက ဘာလုပ် သလဲ"

"သူ သေတော့ ကျွန်တော်က တစ်နှစ်သားပဲ ရှိသေးတယ်၊ အဲဒီ နောက်ပိုင်း အမေက ကျွန်တော့်ကို ဘာမှ မပြောတော့ဘူး"

မေရီ တော်တော် အံ့ဩသွားမိသည်။

"ဪ...မင်းအမေက မင်းအဖေအကြောင်း မင်းကို ဘာမှမပြော ပြဘဲကိုး"

ထို့နောက်တော့ သူမက ဘာမှထပ်မမေးတော့။ သို့သော်လည်း သူမ၏ စပ်စုလိုသည့်စိတ်ကြောင့် ၁၅ နှစ်သားအရွယ် ရာဂျူးကလေး၏ ငုပ်နေသည့် ခံစားချက်ကို အစဖော်ပေးလိုက်သလို ဖြစ်သွားသည်ကတော့ အမှန်ပင်။

ကျောင်းဆင်းပြီးနောက် အိမ်သို့ပြန်ရောက်သောအခါ သူ့အမေ စက်ချုပ်နေသည်ကို တွေ့ရ၏။ တစ်ချိန်က တော်တော် ချောမောခဲ့သော မှဆိုးမကြီးမှာ ယခုအခါ အလုပ်ကြမ်းဒဏ်ကြောင့် တော်တော် ကျသွား ခဲ့လေပြီ။ တစ်ဦးတည်းသော သားကလေးကို မြင်လိုက်တော့ အမေ့မျက်နှာ လင်းထိန်သွား၏။

"လာပါဦး သားရယ်...မာမာ အခုပဲ ချုပ်ပြီးသွားတာ၊ ဒီအင်္ကျီလေး ဝတ်ကြည့်စမ်းပါဦး"

သို့ပေမဲ့ ရာဂျူးက စိတ်ပေါက်နေသောကြောင့် အသံမာမာဖြင့် ပြန်ပြောလိုက်၏။

"ကျွန်တော် မဝတ်ချင်ဘူး၊ လိုလည်း မလိုချင်ဘူး"

တကယ်တော့ လွန်ခဲ့သော တစ်ပတ်လောက်က သူကပင် သူ့အမေအား အင်္ကျီသစ်ချုပ်ပေးရန် ပူဆာခဲ့ခြင်း ဖြစ်၏။

သားဖြစ်သူ၏ မာမာဆတ်ဆတ် စကားသံကြောင့် မိခင်ကြီး၏ ရင်ထဲ ထိတ်ခနဲ ခံစားလိုက်ရ၏။

"ဟင် ...ဘယ့်နှယ်... ဘာများဖြစ်လာလို့လဲ သားရယ်"

ရာဂျူးသည် သူ့ဦးနှောက်ထဲ ကျုပ်ခဲနေသည့် ပြဿနာကို မျိုသိပ် မထားနိုင်တော့သဖြင့် ရုတ်တရက် ရင်ဖွင့်လိုက်တော့သည်။

"မာမာ... ကျွန်တော့်ကို အရင်ပြောစမ်းပါ၊ အဖေ ဘာအလုပ်လုပ်ခဲ့ သလဲ"

မိခင်ကြီးသည် သည်မေးခွန်းကို ရာဂျူးကမေးတိုင်း အမြဲတမ်း ငြင်းဆန်နေခဲ့သည်ချည်း ဖြစ်သည်။ ယခုလည်း ငြင်းဆန်ရန် ကြိုးစားပြန်သည်။

"သားရေ... တစ်နေကုန် ကျောင်းစာတွေ ကျက်ရလို့ သား ပင်ပန်း လာပြီ၊ မျက်နှာလေး ဘာလေး သစ်ပစ်လိုက်ပါလား၊ မာမာ ထမင်းပွဲ ပြင်လိုက်မယ်လေ"

သို့ပေမဲ့ ရာဂျူးက အလျှော့မပေး။

"ဟင့်အင်း...မစားဘူး၊ အဖေလုပ်တဲ့အလုပ်ကို မပြောသမျှ အခု လည်း မစားဘူး၊ နောက်လည်း မစားတော့ဘူး၊ တခြားကျောင်းသားလေး တွေဆိုရင် သူတို့အဖေတွေရဲ့အလုပ်ကို ပြောပြီး ဂုဏ်ယူကြတယ်၊ ဘန်နီ ကူးပါးအဖေက ဆရာဝန်၊ ဂေါပါလ်အဖေက စက်ရုံပိုင်ရှင်၊ အန်ဝါ့အဖေက ရှေ့နေ၊ ဒီနေ့ ဆရာမအသစ်က ကျွန်တော့်အဖေအလုပ်ကို မေးတယ်၊ ကျွန်တော်က ဘယ်လိုမှ မဖြေနိုင်ဘူး၊ မာမာက အဖေသေသွားပြီလို့ ပြောတယ်၊ ဒီတော့ သူ မသေခင်က ဘာအလုပ် လုပ်ခဲ့သလဲ၊ မာမာက ဘာလို့ မပြောတာလဲ၊ ဘာလို့ ဖုံးကွယ်ထားသလဲ၊ သူ့အလုပ်က သိက္ခာမရှိတဲ့ အလုပ်မို့လား၊ သူက သူတောင်းစားလား၊ လူဆိုးလူမိုက်လား၊ လူသတ် သမားလား"

"ဟော့... တိတ်စမ်း" မိခင်ကြီးက အော်ပြောလိုက်သည်။ "ဒီလောက်တောင်မှ သိချင်ရင် မင်းအဖေလုပ်တဲ့ အလုပ် ငါ ပြောပြမယ်"

သူမသည် အတွင်းခန်းထဲသို့ ခပ်သုတ်သုတ် ဝင်သွားပြီးနောက် တစ်စုံတစ်ခုကို ဗီရိုထဲ မှ ယူလာပြီး ရာဂျူးဆီသို့ ပစ်ပေးလိုက်သည်။

"ရော့... အဲဒါ မင်းအဖေပဲ"

သူမသည် အသံတုန်နေပြီး မျက်ရည်တွေလည်း စီးကျလာသည်။ ရာဂျူးက ငုံ့ကြည့်လိုက်တော့ လူရွှင်တော်ကဲ့သို့ ဝတ်ဆင်ထားသည့် ကစားစရာ အရုပ်ကလေးကို တွေ့ရသည်။ လူရွှင်တော်ကလေးသည် သက်မဲ့ မျက်လုံးပြာကလေးတွေဖြင့် ရာဂျူးကို စိုက်ကြည့်နေ၏။ ရာဂျူးက အရုပ်ကလေးကို

ဖြည်းဖြည်းကလေး ကောက်ယူကာ စေ့စေ့စပ်စပ် ကြည့်သည်။ ရင်ထဲတွင် သိမ့်ခနဲ ခံစားရသည်။ သူ့မျက်နှာသည် ပြုံးရွှင်လာသည်။

"ဒါဆို ကျွန်တော့်အဖေလည်း လူရွှင်တော်ပဲ" သူက သည်စကားကို သူ့အဖေ ဝန်ကြီးတစ်ယောက် ဖြစ်သကဲ့သို့ ဂုဏ်ယူစွာ ပြောသည်။ "တကယ် လည်း အဖေက လူတွေကို ရယ်အောင် လုပ်ခဲ့သလား"

နောက်ဆုံးတော့ မိခင်ကြီးမှာ မနေသာတော့ဘဲ နှစ်ပေါင်းများစွာ နှလုံးသားထဲ ဝှတ်ထားခဲ့သည့် လျှို့ဝှက်ချက်ကို မျက်ရည်စက်လက်ဖြင့် ဖွင့်ဟ ပြောပြရတော့သည်။

"ဟုတ်တယ် သား၊ သူက လူတွေကို ရယ်အောင် လုပ်ခဲ့တယ်၊ သူ့လိုတော်တဲ့ လူရွှင်တော် တစ်ယောက်မှ မပေါ်သေးဘူးလို့ လူတွေက ပြောကြတယ်၊ သူက ညတိုင်းညတိုင်း ဆပ်ကပ်ပွဲကို သွားတယ်၊ သူလုပ် ပြတိုင်း လူတွေက အူတက်မတတ် ရယ်ကြတယ်၊ ဆပ်ကပ်ဟာ သူ့ဘဝပဲ၊ သူဟာ "ဂျိနာယာဟန် မာနာယာဟန်၊ အစ်စကေဆီဝ ဂျာနာကာဟန်" ဆိုတဲ့ သီချင်းစာသားကလေးကို အမြဲတမ်း ဆိုညည်း နေတတ်တယ်၊ သူသေ တော့လည်း ဆပ်ကပ်ဇာတ်ခုံပေါ်မှာပဲ သေသွားခဲ့တယ်၊ သေတဲ့အထိလူတွေကို ရယ်အောင် လုပ်ပြသွားတယ်၊ ကောင်းကင်ဘားကစားပြရင်း မတော်တဆ လိမ့်ကျလို့ သေတာပါ၊ ဒါပေမဲ့ လူတွေက သူ့ ဇာတ်စင်ပေါ် မှေ့မြောနေတာကိုပဲ ရယ်စရာပြကွက်တစ်မျိုး လုပ်ပြနေတာထင်ပြီး တသောသော ရယ်နေကြတယ်..."

အမေ၏ မျက်လုံးများတွင် မျက်ရည်တွေ ပြည့်လျှံလျက်...၊ သား၏ မျက်လုံးများတွင်တော့ အလင်းရောင်သစ်၊ ဆုံးဖြတ်ချက်သစ်တွေ ရွှန်းဝေလျက်...။

"မာမာ...ကျွန်တော်ကြီးလာရင်လည်း လူရွှင်တော်ပဲ လုပ်မယ်၊ ကျွန်တော်လည်း အဖေ့လိုပဲ လူတွေကို ရယ်အောင် လုပ်မယ်"

သားဖြစ်သူ၏စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရတော့ အမေ့မှာ ရုတ်တရက် ခေါင်းနားပန်းကြီးကာ သွေးရူးသွေးတန်းဖြစ်သွားသည်။

"ဘာ...ဘယ်လို၊ မင်းလည်း လူရွှင်တော်ပဲ လုပ်မယ်... ဟုတ်လား၊ ကဲ... လုပ်ဦးကွာ...လုပ်ဦးကွာ"

အမေက ပြောပြောဆိုဆို သားငယ်၏ ပါးနှစ်ဖက် ဘယ်ပြန်ညာပြန် လက်ဝါးဖြင့် ရိုက်လိုက်လေသည်။ သားဖြစ်သူမှာ မထင်မှတ်သော အမေ၏ အပြုအမူကြောင့် အံ့အားကြီးသင့်ကာ ငိုဖို့ကိုလည်း သတိမရ၊ ပြန်လည် ကာကွယ်ရန်လည်း သတိမရ ဖြစ်သွား၏။ အမေကတော့ ရှိုက်ကြီးတငင် ငိုယိုရင်း ပါးစပ်ကလည်း တတွတ်တွတ်နှင့် ပြောနေသည်။

"အဖေလုပ်သူက လူတွေရယ်ရအောင်လို့ သူ့ကိုယ်သူ သတ်သေသွားပြီး မုဆိုးမတစ်ယောက်နဲ့ ဖတဆိုးကလေးတစ်ယောက် ထားပစ်ခဲ့တယ်၊ အခုတစ်ခါ သားဖြစ်သူကလည်း လူရွှင်တော်ပဲ လုပ်မယ်လို့ ပြောနေပြန်ပြီ၊ ငါ နေ့မအား ညမအား ပင်ပင်ပန်းပန်း ကျွန်ခံပြီး အလုပ်လုပ်နေတာ ဘာ အတွက်ကြောင့်လို့ မင်းထင်သလဲ၊ မင်းလည်းပဲ တစ်နေ့မှာ လူတွေ ရယ်ရဖို့အတွက် လုပ်ပြရင်း အသေဆိုးနဲ့သေအောင် လူရွှင်တော် ဖြစ်ပါစေဆိုပြီး ငါက အခုလို ကျွန်ခံနေတယ်

ထင်သလား၊ ငါ အခုလို ပင်ပန်းခံနေတာ မင်းကို အကောင်းဆုံး ကျောင်းမှာထားပြီး အကောင်းဆုံး ပညာရအောင် လို့ဟေ့... အရူးကလေးရဲ့၊ ကဲ... လူရှင်တော် လုပ်ဦးမှာလား... ပြောစမ်း ပါဦး၊ မင်းအဖေလိုပဲ ငါ့ကို တစ်ယောက်တည်း ထားပစ်ခဲ့ဦးမှာလား... အရူးကလေးရဲ့"

အဘွားကြီးက သားဖြစ်သူကို ပြောပြောဆိုဆို တဗျန်းဗျန်းနှင့် ပါး ရိုက်သည်။ ပြီးတော့ ပွေ့ဖက်လျက် နမ်းသည်။ မျက်ရည်စက်လက်နှင့် ပြန်လည် တောင်းပန်သည်။

"သားရယ်... မာမာက သားကို စာကြိုးစားစေချင်တယ်၊ ဒါမှ သား အလုပ်ကောင်းကောင်းရပြီး ထင်ပေါ်ကျော်ကြားလာမယ်၊ မိန်းမချော ချောကလေးလည်း ရနိုင်မယ်၊ မာမာမသေခင် စိတ်ချမ်းချမ်းသာသာနဲ့ နေသွားပါရစေလား သားရယ်"

မိခင်ကြီးက သားကလေးကို ရင်မှာအပ်ရင်း ငိုနေဆဲ။ သားဖြစ်သူ ကတော့ ဖခင်၏ဝိညာဉ် ဝင်စားသည့်အလား မိခင်ကြီး၏နောက်ကျောတွင် လူရှင်တော်ရုပ်ကလေးကို တမြတ်တနိုးကြည့်ကာ ပြုံးရယ်နေ၏။

ကလေးတို့ ...မင်းတို့ ဘာတူရိယာတွေ တီးမှုတ်တတ်ကြသလဲ၊ ကိုယ်တတ်တာ ကိုယ်ပြောကြပါ”

တေးဂီတသင်တန်းတွင် မေရီက မေးလိုက်ခြင်းဖြစ်၏။

“ကျွန်တော် ဟာမိုနီယံအော်ဂင် တီးတတ်ပါတယ် ဆရာမ” တစ်ယောက်က ပြောသည်။

ဝဝတုတ်တုတ် ကလေးတစ်ယောက်က အသံကျယ်ကြီးဖြင့်...

“ကျွန်တော် ဗုံတီးတတ်ပါတယ် ဆရာမ”

နောက် ခပ်ပိန်ပိန်တစ်ယောက်က...

“ကျွန်တော် ပလွေမှုတ်တတ်ပါတယ် ဆရာမ”

မပိန်မဝတစ်ယောက်က...

“ကျွန်တော် ခေတ်စက်ဖွင့်တတ်ပါတယ် ဆရာမ”

တစ်တန်းလုံး ဝါးခနဲ ရယ်လိုက်ကြသည်။ ရယ်သံများ တိတ်သွား သောအခါ ဘာဂျာမှုတ်သံ ရုတ်တရက် ပေါ်ထွက်လာသည်။ ဘာဂျာသံက တော်တော်ကောင်းသည်။ သို့သော်လည်း တေးသွားက ကြည်နူးစရာ မဟုတ်ဘဲ ကြေကွဲစရာဖြစ်နေ၏။ မေရီက တံခါးဝသို့ လှည့်ကြည့်လိုက်သည်။ သူ့တူရိယာကလေးကို လက်နောက်ပြန်ဝှက်ကာ ရာဂျူး ဝင်လာသည်။

“ခုနက ဘာဂျာမှုတ်တာ မင်းလား” ဆရာမက မေးလိုက်သည်။ “ဟုတ်ပါတယ် ဆရာမ” ရာဂျူးက ကြောက်ကြောက်နှင့် ဝန်ခံလိုက်သည်။

“ဒါဆို ပြန်ပြီး မှုတ်ပြပါဦး၊ နားထောင်ပါရစေ”

ရာဂျူးသည် ဘာဂျာကို နှုတ်ခမ်းတွင် ကပ်လိုက်ပြီး မျက်လုံးကို စုံမှိတ်ကာ ဦးခေါင်းကလေးကို စောင်းလျက် စတင်မှုတ်တော့သည်။ တစ်ခန်းလုံး အပ်ကျသံပင်ကြားရမတတ် လုံးဝ ငြိမ်သက်တိတ်ဆိတ် သွား၏။ သူ့တေးသွားက ဝမ်းနည်းစရာကောင်းသော်လည်း နားဆင်နေသူတိုင်း စွဲငြိအောင် ဆွဲဆောင်နိုင်သည်။ ရာဂျူး ဘာဂျာမှုတ်ပြီးသွားတော့ မေရီက ပြောလိုက်သည်။

“မင်းက သိပ်တော်တာပဲ၊ ကဲ... နောက်တေးသွားတစ်မျိုးလောက် မှုတ်ပြပါဦး”

“ကျွန်တော်က ဒီတေးသွားတစ်မျိုးပဲ မှုတ်တတ်ပါတယ် ဆရာမ”

“ဒါဖြင့် နောက်တေးသွားတစ်မျိုး ငါသင်ပေးရမလား”

ရာဂျူးသည် စိတ်ထဲကတော့ “ဟုတ်ကဲ့ ဆရာမ” ဟု ပြောလိုက်ချင်၏။

သို့သော်လည်း ဦးခေါင်းခါယမ်းလျက် "မသင်ချင်ဘူး ဆရာမ" ဟုသာ ပြောလိုက်၏။

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်အဖို့ တစ်ဘဝအတွက် တေးသွားတစ်ခုဆိုရင် လုံလောက် ပါပြီ"

အင်း... ဒီကလေးဟာ တွေးခေါ်ရှင်ကလေးပဲဟု မေရီက တွေးလိုက်မိသည်။ ပြီးတော့ သူက-

"ဒါနဲ့... ဒီတေးသွားမှာ စာသားရှိသလား"

"ဟုတ်ကဲ့... ကျွန်တော့်အဖေဆိုနေကျ သီချင်းတစ်ပုဒ်ပါ၊ ဒါပေမဲ့ ကျွန်တော်က တစ်ပိုင်းတစ်စပဲ ရပါတယ်၊ ကျွန်တော်ဆိုပြပါမယ်"

"ဂျီနာ ယာဟမ်၊ မာနာ ယာဟမ်၊ အစ်စကေ ဆီဝ ဂျာနာ ကာဟမ်"

ကလေးတစ်ယောက်၏ပါးစပ်မှ ထွက်လာသော ဤသီချင်းကို နားထောင်ရတော့ မေရီသည် အံ့သြလည်း အံ့သြမိ၏။ ဝမ်းနည်းလည်း ဝမ်းနည်းမိ၏။ သူ့ကို သည်သီချင်း ဘယ်သူသင်ပေးတာပါလိမ့်၊ သူ့အဖေ သင်ပေးတာလား၊ သူ့အဖေက ဘယ်သူလဲ၊ ဘာလုပ်သလဲ၊ ဒီကလေးဟာ သည်သီချင်းရဲ့ ဆန်းကြယ်တဲ့ အဓိပ္ပာယ်ကိုရော အပြည့်အစုံ နားလည်ပါ ရဲ့လား။ နောက်ဆုံးတွင် မေရီက မေးလိုက်၏။

"ရာဂျူး... သီချင်းက သိပ်ကောင်းတာပဲ၊ ဒါပေမဲ့ မင်းလို လူ့ဘဝကို စတင်ခါစ ကလေးတစ်ယောက် အဖို့ ဒီသီချင်းက သိပ်ပြီး ဝမ်းနည်းစရာကြီး ဖြစ်နေတယ်၊ ငါ သီချင်းသစ် သင်ပေးပါ့မယ်"

ရာဂျူးသည် ဆရာမကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။ ဆရာမ၏ နှုတ်ခမ်းလွှာပေါ်တွင် အပြုံးပန်းပွင့်နေသည်။ "သူက ငါ့ကို ပထမဆုံး စကိတ်စီး သင်ပေးခဲ့တယ်" ရာဂျူး တွေးနေမိ၏။ "ပြီးတော့ ငါ့ကိုယ်ငါ လေးစားမှုရှိလာ အောင် သင်ပေးခဲ့တယ်၊ အခုတစ်ခါ သီချင်းသစ် သင်ပေးဦးမလို့တဲ့၊ ငါဟာ သူ့ဆီက ရာဇဝင်၊ ပထဝီဝင်နဲ့ အင်္ဂလိပ်စာ တွေသာမက တခြားအရာတွေကိုလည်း အများကြီး သင်ရဦးမှာပါလား၊ သိပ်ပြီး စိတ်ကောင်းရှိတဲ့ ဆရာမလေးပါလား" ရာဂျူး၏ နှလုံးသားထဲတွင် ဆန္ဒသစ်၊ မျှော်လင့်ချက်သစ်၊ ရည်မှန်းချက်သစ်တွေ ပေါက်ဖွားလာကြသည်။ တစ်ချိန်တည်းတွင် အမည်မဖော်တတ်သည့် ဝေဒနာ သစ်လည်း ဖြစ်ပေါ်လာသည်။

"ငါ ဘာဖြစ်နေတာလဲ၊ ငါ ဘာဖြစ်ခဲ့ပြီလဲ"

ဆရာမ မေရီက သူ့ တပည့်ကလေးတွေအားလုံးကို တနင်္ဂနွေရက်အားတွင် ပျော်ပွဲစားခေါ်သွားခဲ့သည့် နေ့ကို ရာဂျူးအနေဖြင့် တစ်သက်လုံး မမေ့နိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် ထိုနေ့သည် သူ၏ကလေးဘဝ ကုန်ဆုံးသည့် နေ့ ဖြစ်သောကြောင့်တည်း။

သူတို့သည် တစ်နေ့လုံး သီဆိုတီးမှုတ်ကြသည်။ ငှက်ဖမ်းကြသည်။ (သို့သော် တစ်ကောင်မှတော့ ဖမ်းမရကြ)၊ ကိုယ့်ထမင်းကိုယ်ချက်ပြီး လဟာပြင်တွင်ထိုင်ကာ တပျော်တပါး နေ့လယ်စာ စားကြသည်။

မေရီမှာ အလွန်တော်သော အဖော်ကောင်းဖြစ်သည်။ သူမသည် ကလေးတွေနှင့်အတူ မြူးမြူးရွှင်ရွှင် ရယ်မောသည်။ သီချင်းဆိုသည်။ ကလေးတွေအား ရယ်စရာသီချင်းသစ်တွေ သင်ပေးသည်။ သူမက တိုင်ပေးသည်ကို ကလေးတွေက သံပြိုင်လိုက်ဆိုကြသည်။ ရာဂျူးက ဆရာမသီချင်း ကို ဟာမိုနီယံနှင့် လိုက်ပေးသည်။ သူသည် တစ်ချိန်လုံး အူမြူးပျော်ရွှင်နေ၏။ “ဆရာမက သိပ်ပြီး သီချင်းဆို ကောင်းတာပဲ၊ ငါလည်း မညံ့ပါဘူး၊ ဟာမိုနီ ယံမှာ ငါ့ကို ဘယ်သူမှ မမီပါဘူး၊ ဒါဟာ ဆရာနဲ့ တပည့်တို့ရဲ့ စံပြဆက်ဆံ ရေးပဲ၊ တစ်ယောက်အပေါ်တစ်ယောက် သံယောဇဉ်တွယ်ခြင်းပဲ၊ တပည့်တွေ အနေနဲ့ ဆရာကို ကြောက်စရာမလိုဘူး၊ ဒါဟာ တကယ့်မိတ်ဆွေစစ် မိတ်ဆွေမှန်ဘဝပဲ၊ ဆရာမပြောခဲ့တာ ရှိပါသေးတယ်၊ ဘာတဲ့၊ “ငါဟာ မင်းတို့ရဲ့မိတ်ဆွေ၊ မင်းတို့ရဲ့လမ်းညွှန်၊ မင်းတို့ရဲ့ လူယုံတော်”တဲ့၊ လူယုံတော် ဆိုတာ ဘာလဲ၊ ငါ မသိသေးဘူး၊ အဘိဓာန်မှာ ရှာကြည့်ဖို့ မေ့နေတယ်၊ အိမ်ရောက်တော့မှ ရှာဖြစ်အောင် ရှာကြည့်ရဦးမယ်”

ညနေစောင်းကျတော့ ကလေးတွေအားလုံး ချောင်းထဲဆင်းကြသည်။ ချောင်းက သိပ်လည်းမကျယ်၊ သိပ်လည်းမနက်။ ရေကူးတတ်သူ တွေက ရေကူးကြသည်။ မတတ်သူတွေကို သင်ပေးကြသည်။ တချို့က ဒူးလောက် ရေထဲမှာ ရပ်ပြီး တစ်ယောက်ကိုတစ်ယောက် ရေပက်ကစားကြသည်။ သို့ပေမဲ့ ရာဂျူး တစ်ယောက်တော့ ရေထဲဆင်းရမှာ ကြောက်နေ၏။ သူသည် ကျောင်းဝင်းထဲက ရေကူးကန်မှာတောင် တစ်ခါမှ မကူးခဲ့စဖူး၊ (ရေကူးခ တစ်လငါးကျပ် ပိုပေးရ တာကြောင့်လည်းဖြစ်သည်။) သူသည် အခြားကလေး ရေကူးနေတာ၊ ရေပက်တမ်းကစားနေတာကို ကမ်းပါး မြက်ခင်းပေါ်မှ ထိုင်ကြည့်နေသည်။

ကောင်းကင်တွင် ဆည်းဆာနေရောင်ကြောင့် အရောင်မျိုးစုံ တိမ်လွှာတွေ တရွေ့ရွေ့ လွင့်မျောနေကြ၏။ ကျောင်းစာကြည့်တိုက်ထဲက ပန်းချီကားတွေနှင့် တူလှ၏။ တောင်စွယ်တွင် နေကွယ်ခါနီးအချိန်၊ လေညင်းကလေးတလွင်လွင် သုတ်ဖြူးနေသည်။ ရာဂျူးသည် ချောင်းကမ်းပါးတွင် တစ်ယောက်တည်းထိုင်ရင်း ရေကူးနေကြသော အခြားကလေးတွေကို ကြည့်ကာ မနာလိုစိတ်ပင် ဝင်လာမိသည်။

“ဟေ့ကောင်... ရာဂျူး၊ လာလေကွာ၊ ရေထဲဆင်းခဲ့ပါကွ”

ဖာရွတ်က လှမ်းခေါ်လိုက်ခြင်းဖြစ်၏။ သို့သော်လည်း ရာဂျူးက ခေါင်းခါ ပြရင်း-

"ဟင့်အင်း… ငါ ရေမကူးတတ်လို့ပါကွာ"

ဂေါပါလ်က ရေပေါ်တွင် ကိုယ်ကို ဖော့ကူးလာပြီး-

"သူ့ကို ဒီလိုခေါ်လို့မရဘူးကွ၊ ချောင်းထဲ အတင်းဆွဲချမှရမှာ"

ထို့နောက် ကလေးနှစ်ယောက်တို့သည် ရာဂျူးအား ဆွဲချရန် ကမ်းနဖူးသို့ ကူးလာခဲ့ကြသည်။

"မလုပ်ပါနဲ့ကွာ၊ ငါ မကူးတတ်လို့ပါ၊ အအေးပတ်မှာ ကြောက် လို့ပါ"

သို့သော်လည်း ဖာရွတ်က ရာဂျူး၏ခြေထောက်ကို အတင်းဆွဲချုပ်ပြီး အခြားအဖော်များအား မျက်ရိပ်ပြလိုက်ရင်း-

"ကဲ… ဘောင်းဘီဆွဲချွတ်ပြီး သူ့ကို ရေထဲပစ်ချကြမယ်ဟေ့"

"မလုပ်ကြပါနဲ့ကွာ၊ မလုပ်ကြပါနဲ့၊ ငါတောင်းပန်ပါတယ်"

ကလေးနှစ်ယောက်က ခြေထောက်ကို တအားဖမ်းချုပ်ထားသည်။ နောက်တစ်ယောက်က ဘောင်းဘီကို အတင်းဆွဲချွတ်သည်။

"မလုပ်ကြပါနဲ့ကွာ၊ ငါသိပ်ချမ်းနေလို့ပါ၊ ချောင်းရေကလည်း သိပ်အေးနေလို့ပါ၊ ငါ အလကားပြောတာ မဟုတ်ပါဘူး၊ မင်းတို့က ငါ့ကို ရေထဲချရင် ငါ ငှက်ဖျားရောဂါဖြစ်လိမ့်မယ်၊ အဆုတ်ရောင်ရောဂါလည်း ဖြစ်လိမ့်မယ်"

ရာဂျူးက သွေးရူးသွေးတန်း တောင်းပန်နေသည့်ကြားမှပင် ကလေး တွေက သူ့ဘောင်းဘီကို မရမက ဆွဲချွတ်ကြပြန်သည်။

"ကယ်ကြပါဦး…ကယ်ကြပါဦး… သူတို့က ကျွန်တော့်ကို ရေထဲ နစ်သတ်နေကြပါတယ်ဗျို့"

ရာဂျူး၏ ငယ်သံပါအောင် အော်သံကို ခပ်လှမ်းလှမ်းမှ သစ်ပင်ရိပ်တွင် အနားယူရင်း စာဖတ်နေသည့် ဆရာမမေရီ ရုတ်တရက် ကြားလိုက်ရ၏။ သူမသည် တစ်ယောက်ယောက် ရေနစ်နေပြီအထင်ဖြင့် ချောင်းကမ်းနား သို့ ကမန်းကတန်း ပြေးလာခဲ့သည်။ ပြေးလာရင်းကလည်း"ဘယ်သူလဲ၊ ရေနစ်တာ ဘယ်သူ လဲ၊ ဟေ့… ကလေးတွေ၊ ပြောစမ်း… ပြောစမ်း"ဆိုပြီး အော်မေးလာ၏။

ဆရာမကိုမြင်တော့ လူရမ်းကား ကလေးသုံးယောက် ချောင်းထဲ ပြန်ပြီး ကျွမ်းထိုးဆင်းသွားကြသည်။ အခြားကလေးတွေကတော့ မသိသလို ဟန်ဆောင်နေကြသည်။ ရာဂျူးမှာ လူရမ်းကားကလေးတွေလက်မှ လွတ် ကင်းသွားပြီ ဖြစ်သော်လည်း ဆရာမ ပြေးလာနေသည်မြင်၍ ကြောက်ကြောက်လန့်လန့်ဖြင့် ဘောင်းဘီကြယ်သီး ပြန်တပ်နေ၏။

မေရီက အကြောင်းရင်းကို မသိသေး၍ မေးလိုက်သည်။ "ဘာဖြစ်တာလဲ၊ ဘယ်သူ ရေနစ်တာလဲ"

နောက်ဆုံးတွင် ဖာရွတ်က ဖော်ကောင်လုပ်၍ ဖွင့်ပြောတော့သည်။ "ရေနစ်တာမဟုတ်ဘူး ဆရာမ၊ ရာဂျူး ရေထဲမဆင်းတာနဲ့ ဟိုကောင် တွေက

အတင်းဆွဲချကြတာပါ”

ဆရာမက အထိတ်တလန့်ဖြင့် ရာဂျူးကို ကြည့်လိုက်သည်။ ဘာမှ မဖြစ်ကြောင်း သိရတော့မှ စိတ်အေးသွားမိ၏။ ထို့နောက် သူမက ကလေး တွေအားလုံး ခေါ်လိုက်ပြီး…

“တစ်ယောက်ကိုတစ်ယောက် အလွန်အကျွံ မနောက်ကြပါနဲ့လို့ မင်းတို့ကို ငါပြောတာ ဘယ်နှကြိမ်ရှိပြီလဲ၊ ရေမကူးတတ်တဲ့လူကို ရေထဲ ဆွဲချတာ တော်တော်ရိုင်းတာပဲ” ဆရာမက ပြောရင်းနှင့် ကမ်းစပ်သို့ ဆင်း လာသည်။ “မင်းတို့က ငါ့စကားကို ဂရုမစိုက်ကြဘူး၊ ဒီလိုသာဆိုရင် မင်းတို့”

ဆရာမကလေးသည် စကားကို အဆုံးမသတ်လိုက်နိုင်ဘဲ ရွှံ့တောထဲ ခြေချော်ကာ ရေထဲ လဲကျသွားတော့သည်။ ကလေးတွေက ရယ်လိုက်ကြသည်။

ရေတိမ်ဖြစ်၍ တော်ပါသေး၏။ မေရီသည် သူ့ကိုယ်သူထိန်းပြီး ရေထဲမှ ပြန်ထသည်။ ဤတွင် ရာဂျူးအဖို့ ကျောင်းက အလှမယ်ကလေး ထက် ပို၍လှသော ရေနတ်သမီးကလေးကို မြင်ခွင့်ရလိုက်လေ၏။ ရေစို အဝတ်နှင့် ကိုယ်နှင့်ကပ်နေသဖြင့် သူမ၏ ရင်ခုန်စရာ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ကို ထင်ထင်ရှားရှား မြင်နေရသည်။

ကလေးတွေက သူမကိုကြည့်ပြီး ဝိုင်းရယ်ကြသောကြောင့် မေရီက ထပ်မံ၍ ကြိမ်းရပြန်သည်။

“မင်းတို့အားလုံး ယဉ်ကျေးသိမ်မွေ့ကြပါ၊ မင်းတို့ဟာ လမ်းပေါ်က ကလေကချေ ကောင်လေးတွေ မဟုတ်ဘူး၊ မိကောင်းဖခင် သားသမီးကလေး တွေဆိုတာ မြဲမြဲမှတ်ထားကြ၊ ကဲ… ဒါပဲ… အားလုံး အဝတ်အစား လဲကြ တော့၊ မြန်မြန်လုပ်”

ကလေးတွေအားလုံး ရေထဲက ပြန်တက်ပြီး ခပ်မြန်မြန် အဝတ်လဲ ကြ၏။ သူတို့က ရေစိုအဝတ်နှင့် မတ်တတ်ရပ်နေသော ဆရာမကို မျက်လုံး ထောင့်ကပ်၍ တိတ်တခိုးကြည့်တာကို မေရီက သတိပြုမိ၍ ခပ်လှမ်းလှမ်းမှ ချုံပုတ်ဆီသို့ အသော့ကလေး ပြေးသွားလေ၏။

ရာဂျူးသည် ဆရာမကို တမင်တကာ ရည်စူးချက်ဖြင့် စိတ်မဝင်စားခဲ့ကြောင်း သူ့ကိုယ်သူ ကျိတ်ပြီး ဝန်ခံမိသည်။ သို့သော်လည်း ရေထဲမှ တက်လာသော ရေနတ်သမီးကလေး ရုပ်ပုံလွှာသည် သူ့မျက်လုံးထဲမှ မထွက်နိုင်ဘဲရှိ၏။ သူသည် ထူးဆန်းသော စိတ်လှုပ်ရှားမှုကို ခံစားနေရသည်။ သို့သော်လည်း သူ့ခံစားချက်ကို မည်သူ့ကိုမှ မပြော၊ သူ့ဟာသူ ကျိတ်၍သာ ခံစားနေမိသည်။

သူသည် ရည်ရွယ်ချက်မရှိဘဲ ချောင်းကမ်းပါးတွင် တစ်ယောက်တည်း လျှောက်လာရင်း ခပ်လှမ်းလှမ်းရှိ ချုံပုတ်တွင်းမှ တစ်စုံတစ်ရာ လှုပ်ရှားနေသည်ကို သတိပြုမိ၏။ ပထမတွင် သူက တောရိုင်းတိရစ္ဆာန် တစ်ကောင်ကောင်များ ဖြစ်နေ လေမလားဟု ထင်မိသည်။ သည်တစ်ဝိုက် တွင် ကျားတွေရှိကြောင်း သူကြားဖူးသည်။ သူ ရုတ်တရက် ကြောက်စိတ် ဝင်လာကာ ထွက်ပြေးရန် စိတ်ကူးမိ၏။ သို့သော်လည်း ချုံပုတ်ကြားမှ လူခြေထောက်နှစ်ချောင်းကို ဖျတ်ခနဲ

လှမ်းမြင်လိုက်ရသည်။ ယောကျ်ားလား၊ မိန်းမလား။ ယောကျ်ားမဖြစ်နိုင်ဘူး၊ ယောကျ်ားခြေထောက်က ဒီလောက် မလှနိုင်ဘူး၊ ဧကန္တတော့ ဆရာမပဲ ဖြစ်ရမယ်၊ ဆရာမက ချုံတောထဲ ဘာလုပ်နေတာပါလိမ့်။

ထို့နောက် ဆရာမကလေးသည် ကိုယ်လက်သုတ်သင်ပြီး အဝတ်တွေကို ဖြန့်လှမ်းနေတာ မြင်လိုက်ရ၏။ ရာဂျူး၏ ရင်ဘတ်သည် တဒိန်းဒိန်း ခုန်နေသည်။ ပျော်သလိုလည်း ခံစားမိသည်။ အပြစ်တစ်ခုကို ကျူးလွန်မိသလိုလည်း ထင်မိသည်။ သူ ရှေ့သို့ သုံးလေးလှမ်း တိုးသွားပြီး သစ်ပင် ကွယ်ကာ ချောင်းကြည့်လိုက်သည်။ ဆရာမလေး၏ သဘာဝအလှကို အတိုင်းသား မြင်လိုက်ရသောကြောင့် ဦးခေါင်းကိုငုံ့ကာ မျက်စိမှိတ်ထား လိုက်ရ၏။

ရာဂျူးသည် ဆက်လက်၍ မကြည့်ရဲတော့၊ သူ နောက်ပြန်လှည့်၍ ပြေးလာခဲ့သည်။ သူ့နောက်မှ သရဲတွေ လိုက်လာသလို ထင်ရသည်။ သစ်ပင်တွေအားလုံး ကျွမ်းထိုးမှောက်ခုံဖြစ်ကာ သူ့နောက်မှ လိုက်လာကြသည်။

သူသည် ကြောက်စရာကောင်းသော သရဲသဘက်ကိုသာမဟုတ်၊ အခြားတစ်စုံတစ်ယောက်ကိုလည်း ကြောက်သောကြောင့် ပြေးလာခဲ့ခြင်း ဖြစ်၏။ တစ်ချိန်တည်းတွင် သည်အချိန်မှစ၍ သူ၏ ကလေးဘဝလည်း သူ့ထံမှ ထွက်ပြေးသွားလေပြီတည်း။ ခါတိုင်းဆိုလျှင် ရာဂျူး ကျောင်းမှ ပြန်လာပြီးနောက် ညတိုင်းလိုပင် ခေါင်းအုံးပေါ် ခေါင်းချလိုက်သည်နှင့် မောမောပန်းပန်းဖြင့် တစ်ကျောတည်း အိပ်ပျော် သွားတတ်၏။ သို့သော် ယနေ့ညမှာတော့ သူ လုံးဝအိပ်မပျော်၊ အိပ်ရာပေါ် တလူးလူး တလိမ့်လိမ့်ဖြင့် ဆောက်တည်ရာမရ ဖြစ်နေသည်။ မျက်လုံးကို အတင်းမှိတ်၍ အိပ်ပျော်ရန် အတန်တန်ကြိုးစားသည်။ သို့သော်လည်း ဆရာမကလေး၏ စွဲမက်စရာ ရုပ်သွင်မူရာကိုသာ အဖန်ဖန် မြင်ယောင်နေ၏။ လူတစ်ယောက်၏ ရုပ်သွင်က ငါ့ကို ဘာကြောင့် အနှောက်အယှက် ပေးနေရတာလဲ၊ ငါ ဘာကြောင့် အိပ်မပျော်နိုင်ရတာလဲ။ မေးခွန်းများနှင့် သံသယစိတ်များက သူ့ကို နှိပ်စက်နေ၏။ သာယာမိသောစိတ်နှင့် အပြစ် မကင်းသည့်စိတ်တို့က သူ့ကို ဒုက္ခပေးနေ၏။

သူ့အား ဒုက္ခပေးနေသည့် ထိုမျက်နှာ၊ ထိုရုပ်သွင်ကို သူက "ဆရာမ" ဟု ခေါ်သောသူ၏ မျက်နှာဖြစ်သည်၊ ရုပ်သွင်ဖြစ်သည်။

"ဆရာမ...ဆရာမ...ဆရာမ"

သူ၏ နက်ရှိုင်းသော နှလုံးသားတစ်နေရာမှ လျှို့ဝှက်သော ရမ္မက် ဆန္ဒ ဖြစ်ပေါ်လာ၏။ တကယ်လို့ သူဟာ ငါ့ဆရာမသာ မဟုတ်ခဲ့ရင် ...တကယ်လို့ သူဟာ ငါ့ထက်သာ မကြီးခဲ့ရင်... တကယ်လို့ သူဟာ သာမန်မေရီတစ်ယောက် သာဖြစ်ခဲ့ရင်...

မေရီ ...မေရီ ...ခရစ်တော်၏မယ်တော်...၊ ဟင့်အင်း... ဟင့်အင်း...

သည်အတွေး ရုတ်တရက်ဝင်လာသောအခါ သာသနာပြု ကွန့်ဗင့် ကျောင်းသားကလေးသည် မသန့်ရှင်းသော သူ့အတွေးကြောင့် နဖူးနှင့် ရင်ဘတ်ကို လက်ဖြင့် ကြက်ခြေခတ်တို့ထိကာ အရိုအသေ ပြုလိုက်၏။

အို...မဟုတ်ဘူး၊ မဟုတ်ဘူး၊ ခရစ်တော်ရဲ့မယ်တော် မဟုတ်ဘူး၊

မေရီ၊

ရိုးရိုးမေရီ၊ တခြားမေရီ၊

မေရီ၊

ဘယ်သူ့မေရီလဲ၊ ငါ့မေရီ...ငါ့မေရီ...။

သည်လိုနှင့် နောက်ဆုံးတွင် သူ အိပ်ပျော်သွားလေသည်။ သူသည် အိပ်မက်ထဲတွင်လည်း သူ့မေရီကိုသာ မြင်နေရလေ၏။

နောက်နေ့တွင် ရာဂျူးသည် စာသင်ခန်းထဲတွင်ထိုင်ရင်း ဆရာမ သင်ပြနေတာတွေ ကို အာရုံစိုက်၍မရအောင် ဖြစ်နေမိသည်။ သူ မအီမသာ ဖြစ် နေသည်။ မျက်နှာတစ်ပြင်လုံးလည်း နီနေ၏။ အသက်ရှူလည်း ကျပ်နေ၏။ အကျီကော်လာကြယ်သီးကို ဖြုတ်သည်၊ လည်စည်းကို လျော့သည်၊ သို့ပေမဲ့ အသက်ရှူနေဆဲ ပင်။

ငါ အပြစ်ကျူးလွန်မိပြီ၊ အပြစ်ကျူးလွန်မိပြီ...

သည်အတွေး၊ သည်အကြောက်၊ သည်စွဲချက်က သူ့ဦးခေါင်းကို တင်းပုတ်နှင့် ထုသလို ထုနေ၏။ ငါအပြစ်ကျူးလွန်မိပြီ၊ အပြစ်ကျူးလွန်မိပြီ…

ထိုနေ့က ဖြစ်ရပ်ကလေးကို သူ ပြန်လည်တွေးနေမိသည်။ ထိုနေ့က နေ့လယ်အားလပ်ချိန်တွင် ရာဂျူးသည် ဘုရားရှိခိုးကျောင်းရှေ့မှ ဖြတ်လျှောက်လာစဉ် ဆရာမကို လှမ်းမြင်လိုက်သည်။ မေရီသည် ခရစ်တော်လက်ဝါးကပ်တိုင် ရှေ့တွင် ဒူးထောက်ကာ ဘုရားရှိခိုးနေ၏။ ရာဂျူးလည်း ရုတ်တရက် စိတ်ကူးရ၍ ဆရာမလုပ်သလို လုပ်ရန် ဆုံးဖြတ်လိုက်သည်။

မေရီသည် ဘုရားရှိခိုးပြီးသွားသောအခါ နဖူးနှင့်ရင်ဘတ်တို့ကို ကြက်ခြေခတ် တို့ထိပြီးနောက် ပြန်အလှည့်တွင် ရာဂျူးကို တွေ့လိုက်ရ၏။ ဟိန္ဒူဘာသာဝင် လူငယ်ကလေးက ခရစ်ယာန်ဘာသာဝင် တစ်ယောက် ကဲ့သို့ တရိုတသေ ပြုမူနေသောကြောင့် မေရီ အံ့သြသွားမိသည်။

“ရာဂျူး… မင်းဒီမှာ ဘာလာလုပ်တာလဲ”

“ဆရာမ ဒူးထောက်နေတာမြင်လို့ ကျွန်တော်လည်း ဆရာမ လုပ်သလို လိုက်လုပ်တာ” သူက ရိုးသားစွာ ပြန်ပြောလိုက်၏။ “ဆရာမ အဲဒီလို ဘာကြောင့် လုပ်တာလဲ”

“တို့ လုပ်မိတဲ့ အပြစ်တွေကို ခွင့်လွှတ်ဖို့ တောင်းပန်တာ၊ ခရစ်တော်ရဲ့ မေတ္တာတော်ဟာ တို့ရဲ့အပြစ်တွေအားလုံးကို ဆေးကြောပစ်နိုင်တယ်”

ထို့နောက် ရာဂျူးသည် “ကယ်တင်ရှင်” ရုပ်ပွားတော်ကို စူးစူး စိုက်စိုက် မော်ကြည့်နေရင်းမှ…

“ဆရာမ …ရုပ်ပုံတိုင်း ရုပ်တုတိုင်းမှာ ခရစ်တော်ဟာ အမြဲတမ်း ဝမ်းနည်းနေသလိုပဲ၊ ခရစ်တော် ပြုံးနေတာ ရယ်နေတာကို ကျွန်တော် တစ်ခါ မှ မမြင်ဖူးဘူး၊ သူ အဲဒီလို ဘာဖြစ်လို့ ဝမ်းနည်းနေရတာလဲဟင်”

“ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့သားသမီးတွေဖြစ်တဲ့ ကမ္ဘာလောကသားတွေ အားလုံး ဝမ်းနည်းကြေကွဲ နေကြလို့ပေါ့”

“ဒါဆို ကျွန်တော် ဝမ်းနည်းတော့ သူလည်း ဝမ်းနည်းမှာလား”

“ဒါပေါ့၊ သူက မင်းကို ချစ်တယ်၊ ဒါကြောင့် မင်းဝမ်းနည်းတော့ သူလည်း ဝမ်းနည်းတာပေါ့”

"ဒါဆိုရင် ကျွန်တော် ဘယ်တော့မှ ဝမ်းမနည်းတော့ဘူး၊ တစ်နေ့ကျတော့ ကျွန်တော် သူ့ကို ရယ်အောင်လုပ်မယ်"

သည်ဖြစ်ရပ်ကလေးကို ပြန်လည်စဉ်းစားရင်း သူ့စိတ်ထဲတွင် အတွေးတစ်ခုပေါ်လာ၏။ သူကျူးလွန်မိသည့် အပြစ်ကိုလည်း ခရစ်တော်ထံတွင် ဆုတောင်းလျှင် အပြစ်မှ ကင်းလွတ်အောင် ခွင့်လွှတ်လိမ့်မည် ဟူသော အတွေးဖြစ်၏။ သို့သော်လည်း လောလောဆယ်တွင် စာသင်ခန်းထဲမှ သူ ထွက်သွားဖို့ ဘယ်လိုမှ မဖြစ်နိုင်။

ဆရာမက ကျောင်းပိတ်ရက်အတွက် "အိမ်စာ" တွေ ရွတ်ပေးနေသည်။ ကလေးတွေအားလုံး မှတ်စုစာအုပ်တွင် စိတ်ပါလက်ပါ လိုက်ကူးနေကြ၏။ ဆရာမက အမှတ်မထင် လှမ်းကြည့်လိုက်တော့ ရာဂျူးသည် အိမ်စာလိုက်မကူးဘဲ အလကားသက်သက် ထိုင်မှိုင်နေသည်ကို မြင်လိုက်ရသည်။ သူ့ကို ကြည့်ရသည်မှာ နေ့ခင်းကြောင်တောင် အိပ်မက်မက်နေ သည့်ပုံမျိုး။ ဆရာမသည် ရာဂျူးထံသို့ လျှောက်လာပြီး...

"ရာဂျူး... အိမ်စာတွေ လိုက်မရေးဘူးလား"

"မ ...မဟုတ်ဘူး ဆရာမ...အို...ဟုတ်...ဟုတ်ကဲ့ ဆရာမ"

သူသည် တုန်တုန်ယင်ယင်ဖြင့် စာရေးစားပွဲအံဆွဲထဲမှ ကျောင်းသုံးစာအုပ် တစ်အုပ်ကို ကမန်းကတန်း ဆွဲထုတ်လိုက်သည်။

မေရီက တအံ့တသြဖြင့်

"မင်းက အိမ်စာကို ဒီစာအုပ်ထဲမှာ ရေးမှာတဲ့လား" သည်ကောင်လေး တစ်ခုခုတော့ ဖြစ်နေပြီဟု အကဲခတ်မိသဖြင့်"မင်းဘာဖြစ်နေတာလဲ ရာဂျူး၊ နေမကောင်းဘူးလား"

"ဟုတ်ကဲ့ဆရာမ၊ ကျွန်တော် နေမကောင်းချင်သလိုပဲ"

"ဒါဖြင့် အစက ဘာလို့မပြောတာလဲ၊ မှန်း...ငါစမ်းကြည့်မယ်၊ ဖျားများ ဖျားနေသလား"

မေရီက သူ့နဖူးကို စမ်းကြည့်ရန် လက်ကိုလှမ်းလိုက်တော့ ရာဂျူးက အစမ်းမခံ၊ ဦးခေါင်းကို နောက်သို့ အတင်းလှန်ထားလိုက်၏။ ဆရာမ၏ နူးနူးညံ့ညံ့ လက်ကလေးက သူ့ကိုထိမှာကို သူကြောက်သည်၊ သူက အထိလည်း ခံချင်သည်။ အဲဒါလည်း အပြစ်ကျူးလွန်ခြင်းပင် ဖြစ်၏။

"မလုပ်ပါနဲ့ ဆရာမ၊ မလုပ်ပါနဲ့၊ အဖျားမရှိပါဘူး၊ ဘာမှမဖြစ်ပါဘူး၊ တကယ်ပြောတာပါ၊ ကျွန်တော် နည်းနည်း နေမကောင်းချင်သလို ဖြစ်တာလောက်ပါ" ရာဂျူးက ဗလုံးဗထွေးနှင့် ကမန်းကတန်း ပြောလိုက်သည်။

မေရီက သူ၏မူမမှန်ပုံကို အကဲခတ်မိ၍ အနည်းငယ် စိုးရိမ်သွား မိ၏။

"ကဲ...ဘာပဲဖြစ်ဖြစ်၊ ထ... အိမ်ပြန်ပြီး နားလိုက်၊ လာပါ ... ထပါ"

ရာဂျူး ထရပ်လိုက်သည်။ ထို့နောက် စာအုပ်တွေ ပြန်သိမ်းပြီး အခန်းထဲမှ

ထွက်လာခဲ့၏။ မေရီက ရပ်ကြည့်နေရင်း ဒီလောက် ပျော်ပျော် ရွှင်ရွှင် နေတတ်တဲ့ ကောင်လေး ဘာများဖြစ်နေတာပါလိမ့်၊ အိမ်မှာ ပြဿနာ တစ်ခုခုများ ကြုံနေရ သလားမသိဘူး ဟူ၍ တွေးကျန်ရစ်လေ၏။

※

ကျောင်းဆင်းပြီးနောက် ထုံးစံအတိုင်း မေရီသည် ဘုရားရှိခိုးကျောင်းထဲသို့ ဝင်လာခဲ့သည်။ ဘုရားခန်းရှေ့တွင် ဒူးထောက်ထိုင်နေသော ရာဂျူးကို မြင်လိုက်ရတော့ အံ့အားသင့်နေမိ၏။ ရာဂျူးသည် ခပ်လှမ်းလှမ်းမှ ကြား လောက်သည့်အသံဖြင့် ဘုရားရှိခိုးနေသည်။

“အရှင်ဘုရား... တပည့်တော်ဟာ အပြစ်ကြီးတစ်ခုကို ကျူးလွန်ခဲ့မိပါတယ်ဘုရား၊ အရှင်ဘုရားထံမှာ ဂန်ခံတောင်းပန်ရင် အပြစ်အားလုံးကို အရှင်ဘုရားရဲ့ မေတ္တာတော်နှင့် ဆေးကြောပစ်တယ်လို့ လူတွေက ပြောကြပါတယ် ဘုရား၊ အရှင်ဘုရား... တပည့်တော်ဟာ နောင်အခါ ဒီလိုအပြစ်မျိုးကို ဘယ်တော့မှ မကျူးလွန်တော့ကြောင်း ရိုသေစွာ ကတိပြုပါတယ်ဘုရား၊ တပည့်တော်အား သနားသဖြင့် ခွင့်လွှတ်တော်မူပါ ဘုရား”

ခရစ်တော်၏ တည်ငြိမ်အေးချမ်းသော မျက်နှာတော်ပေါ်တွင် ကြီးစွာသော မေတ္တာကရုဏာရိပ်များ ပေါ်လွင်နေသည်ကို ရာဂျူး မြင်ရသည်။ ခရစ်တော်က သူ့အပြစ်ကို ခွင့်လွှတ်လိုက်ပြီဟုလည်း ယုံကြည်မိသည်။

“ကျေးဇူးကြီးလှပါသည်ဘုရား”ထိုင်ရာမှ ပြန်ထရင်း...

“ကျေးဇူးကြီးလှပါသည်ဘုရား”

ဤတွင် မေရီက ရှေ့သို့တိုးလာပြီး...

“ရာဂျူး ဒီမှာလာပြီး ဘာတွေလုပ်နေတာလဲ၊ ဘာလို့ အိမ်မပြန်သေး တာလဲ”

ရာဂျူးသည် မေရီနှင့် မျက်နှာမဆိုင်ရဲ၊ သူ့မျက်နှာကို အောက်စိုက် ထားရင်း-

“ကျွန်တော့်အပြစ်အတွက် ခွင့်လွှတ်ဖို့လာပြီး ဆုတောင်းတာပါ ဆရာမ

“ဟင်... အပြစ်ဟုတ်လား” ဆရာမက အံ့အားသင့်ဟန်ဖြင့် “ကလေးတွေက အပြစ်မကျူးလွန် ကြပါဘူး၊ မင်းက ကလေးပဲဟာ”

ရာဂျူး၏ စိတ်ထဲတွင် အစော်ကားခံလိုက်ရသလို၊ အနှိမ်ခံလိုက်ရသလို ခံစားရ၏။ သူက မေရီ၏မျက်နှာကို ကြည့်လိုက်သည်။ ပြီးတော့ ခရစ်တော်၏ မျက်နှာကို ကြည့်လိုက်သည်။ ထို့နောက် မေရီဘက် ပြန် လှည့်ပြီး-

“ကျွန်တော် ကလေးမဟုတ်တော့ဘူး ဆရာမ”

ယင်းသို့ပြောပြီး သူ ချာခနဲ လှည့်ထွက်သွားတော့သည်။ မေရီမှာ နေရာတွင် တွေတွေကြီးရပ်ရင်း မဝေခွဲတတ်အောင် ဖြစ်နေမိလေ၏။

တစ်ကမ္ဘာလုံးမှ ကျောင်းသားကလေးတွေ အားလုံး အထူးသဖြင့် ကျောင်းအိပ် ကျောင်းစား ကျောင်းသားကလေးတွေ အားလုံး နှစ်ပတ်လည် ကျောင်းပိတ်ရက်ကို စိတ်အားထက်သန်စွာ မျှော်နေတတ်ကြသည်။ ကျောင်းပိတ်လျှင် သူတို့ကလေးတွေ စာသင်လွတ်ကြမည်၊ ကျန်းမာရေးလေ့ကျင့်ခန်း မလုပ်ရ တော့၊ ကျောင်းထမင်း ကျောင်းဟင်းလည်း မစားရတော့၊ ထို့ပြင် ကျောင်း စည်းကမ်းလည်း မလိုက်နာရတော့။ မိဘများ၊ ညီအစ်ကိုများ၊ ညီအစ်မများ နှင့် ပြန်လည်ဆုံစည်း ရပြီး မိခင်လက်ဖြင့်ချက်သည့် ထမင်းဟင်းများ ကိုလည်း မြိန်မြိန်ရှက်ရှက် စားကြရ တော့မည်။ ရုပ်ရှင်တွေ၊ ပြဇာတ်တွေ လည်း သဘောရှိ ကြည့်ကြရတော့မည်။ အရေးအကြီးဆုံးကတော့ ကြိုက်တဲ့ အချိန်အိပ်ပြီး ကြိုက်တဲ့အချိန် ထကြရတော့မည်။

သာသနာပြု ကွန်ဗင့်ကျောင်းမှ ကျောင်းသားကလေးတွေအားလုံး လည်း ကျောင်းပိတ်ပြီး အိမ်ပြန်ခါ နီးလို့ လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီ။ နေရာတကာတွင် ဆူဆူညံညံနှင့် ပျော်ရွှင်မြူးထူးသံများ ကြားနေရပြီ။ အိပ်ရာတွေလိပ်၊ ပစ္စည်းတွေသိမ်းပြီး အချင်းချင်း နေရပ်လိပ်စာပေးနေကြပြီ။ အားလပ်ရက်မှာ အပန်းဖြေထွက်မည့် ခရီးစဉ်တွေ ဆွေးနွေးနေကြပြီ။ ကွန်ဗင့်ကျောင်းမှာ တောင်ကုန်းပေါ်တွင် တည်ရှိသောကြောင့် မြေပြန့်လမ်းဆုံသို့ အသွား အပြန် ခုတ်မောင်းသည့် မီးရထားကလေး တစ်စီးသာ ရှိသည်။ ထို့နေ့အတွက် ကျောင်းအာဏာပိုင်များက မီးရထားကို စီးလုံးငှားထားသည်။ ဘူတာရုံစင်္ကြံ တွင် ကျောင်းဝတ်စုံ တူညီဝတ်ထားသည့် ကလေးတွေနှင့် ပိတ်ကျပ်နေ၏။ မေရီက ကလေးတွေအား နေရာထိုင်ခင်း ချထားရေးကို တာဝန်ယူ ကြီးကြပ် ရသည်။

"ဆရာမ…ကျွန်တော်တို့ ဘယ်အတွဲတက်ရမှာလဲ"

"ကျွန်တော်တို့ ဘယ်မှာထိုင်ရမှာလဲ ဆရာမ"

"ကျွန်တော်တို့ပစ္စည်းတွေ ဒီနေရာမှာ ထားရမှာလား ဆရာမ"

"ဆရာမ ဟိုအတွဲက ကောင်လေးတွေက ကျွန်တော်တို့ကို သူတို့ အတွဲ မလာရဘူးတဲ့"

ကလေးတွေက မေရီဆီ ဝိုင်းအုံလာပြီး တစ်ယောက်တစ်ပေါက် မေးကြ မြန်းကြသည်၊ တိုင်ကြတောကြသည်။ မေရီမှာ ဆူညံရှုပ်ထွေး နေသည့် လူအုပ်ကြားမှ အပြုံးမပျက်ဘဲ သူ့အလုပ်ကို တည်တည်ငြိမ်ငြိမ် လုပ်နေသည်။

"မင်းတို့က ဒီမှာထိုင်"၊ "မင်းတို့က ဟိုအတွဲကိုသွား"၊"ဟိုအုပ်စုက ဒီဖက်လာ ကလေးတွေက ကိုယ့်အတွဲကိုကိုယ် အလုအယက် တက်ကြသည်။ ရထားတစ်စီးလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ ထိုအချိန်တွင် မေရီ၏ မျက်လုံးများက သည်ရထားနှင့် ထွက်ခွာမသွားသည့်၊ ဘယ်ကိုမှ ထွက်ခွာ မသွားသည့် ကလေးတစ်ယောက်ကို တွေ့လိုတွေ့ငြား လိုက်ရှာနေ၏။

သည်အချိန်တွင် ထိုကလေးသည် ဗီရိုထဲမှ လူရွှင်တော်အရုပ်ကလေး ကို ထုတ်ယူကာ အရုပ်ကလေးနှင့် စကားပြောနေ၏။

"မင်းလည်း ငါ့လိုပါပဲ အရုပ်ကလေးရယ်၊ အားလပ်ရက်မှာ ဘယ်ကို မှ သွားလို့ မရပါဘူးကွယ်"

ရာဂျူးသည် သူ့အမေပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင်လာသည်။ သူက အမေ့ကိုမေးသည်။

"မာမာ... ကျောင်းပိတ်ရက်မှာ ကျွန်တော်တို့ ဘာဖြစ်လို့ ဘယ်ကိုမှ မသွားတာလဲဟင်၊ တခြားကလေးတွေဆိုရင် သူတို့သွားချင်တဲ့နေရာကို သွားပြီး သိပ်ပျော်နေကြမှာပဲ၊ ကျွန်တော့်မှာတော့ ဘယ်မှမသွားရဘဲ အိမ်မှာပဲ တစ်ယောက်တည်း နေနေရတယ်"

သည်တော့ အမေက မျက်နှာညှိုးညှိုးဖြင့်...

"သားရယ်၊ မာမာတို့က သူတို့လိုဘယ်တတ်နိုင်ပါ့မလဲ၊ သားကို ကျောင်းထားဖို့တောင် မာမာ မနည်းကြိုးစားနေရတာကို သားလည်း သိပါတယ်၊ ကျောင်းပိတ်ချိန်မှာ မာမာက အလုပ်ပိုလုပ်ရမှာ၊ ဒါမှ ကျောင်းပြန် ဖွင့်တော့ သားကို ပြန်ထားနိုင်မှာပေါ့၊ တခြားဟာတွေ စိတ်မဝင်စား ပါနဲ့သားရယ်၊ စာကိုသာ ကြိုးစားသင်ပါ၊ စာမေးပွဲအောင်ရင် သား အရေးပါတဲ့ လူဖြစ်လာမယ်၊ အဲဒီအချိန်ကျတော့ တစ်နိုင်ငံလုံး လျှောက်လည်နိုင်မယ်၊ တစ်ကမ္ဘာလုံးတောင် လျှောက်လည်နိုင်မယ်"

သို့သော်လည်း ရာဂျူးက အရေးပါတဲ့လူ မဖြစ်ချင်။ တိုင်းပြည်ခေါင်းဆောင်၊ ရှေ့နေ၊ ဆရာဝန်၊ အစိုးရအရာရှိ...အဲဒါတွေ တစ်ခုမှမဖြစ်ချင်။ သူက လူရွှင်တော်သာ ဖြစ်ချင်သည်။ သူ့အဖေ၏ အထိမ်းအမှတ်ဖြစ်သော လူရွှင်တော်ရုပ်ကလေးလို လူရွှင်တော်သာဖြစ်ချင်သည်။

အဝေးဆီမှ မီးရထားဥသြမှုတ်သံ ကြားရ၏။ ရာဂျူး၏မိတ်ဆွေ ကျောင်းသားကလေးတွေ မိဘရပ်ထံ အသီးသီး ပြန်ကြတော့မည်။ ပြီးတော့ မေရီ၊ အလွန်တော်သော ဆရာမ၊ အလွန်တော်သော မိတ်ဆွေ။

ရာဂျူးသည် တောင်ကုန်းဆင်ခြေလျှောမှ ပြေးဆင်းလာခဲ့သည်။ ဖြတ်လမ်းအတိုင်း ဘူတာရုံသို့ သုတ်ခြေတင်ခဲ့သည်။ ရထားထွက်တော့မည်။ ရထားပေါ် မတက်ရသေးသော ကလေးတွေက သူ့ကို နှုတ်ဆက်ရန် ဝိုင်းအုံလာကြသည်။ သို့သော်လည်း သူက သူတို့ကို အချိန်မပေးနိုင်။ သူက "တာ့တာ၊ ဘိုင့်ဘိုင်" ဟု ကမန်းကတန်းနှုတ်ဆက်ကာ မေရီဆီသို့သာ တန်းပြေးလာခဲ့သည်။

"ရာဂျူး... "

အမောတကော ပြေးလာသည့် ရာဂျူးကို မြင်တော့ မေရီက အော်ခေါ်လိုက်သည်။ ကောင်လေးခမျာ သနားစရာပဲ၊ အဝေးကြီးက ပြေးလာရ ရှာတယ်။

"ဆရာမ... ကျွန်တော်... ကျွန်တော်... ဆရာမကို လိုက်... လိုက်ပို့ဖို့ လာ... လာတာ" သူက မောကြီးပန်းကြီးနှင့် ပြောသည်။

"ကျေးဇူးတင်ပါတယ်ကွယ်" ရာဂျူးလက်ထဲမှ စက္ကူထုပ်တစ်ထုပ်ကို မြင်၍ "ဒါနဲ့ အဲဒါက ဘာအထုပ်လဲ"

“ဆရာမအတွက်ပါ ဆရာမ”

ရာဂျူးက အထုပ်ကို ဆရာမအား ကမ်းပေးလိုက်သည်။ စိတ်လှုပ်ရှား လွန်း၍ သူ့လက်တွေ တုန်နေသည်။

မေရီက အထုပ်ကို ဖွင့်ကြည့်ပြီး အံ့အားသင့်သွားသည်။ လှူရှင်တော်ရုပ်ကလေး ဖြစ်နေသည်။ သူက ငါ့ကို ဘာဖြစ်လို့ ဒီအရုပ်ကလေး လက်ဆောင်ပေးရတာလဲ။

“ဒါက ဘာလဲ”

“လှူရှင်တော်”သူက စိတ်ကိုအားတင်းပြီး “အဲဒါ ကျွန်တော်ပဲလေ” ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ရုတ်သဲသဲ လှုပ်လှုပ်ရှားရှား ဖြစ်နေသောကြောင့် မေရီသည် ရာဂျူး၏စကားကို အတွင်းနှိုက်၍ နားမလည်နိုင်။ သူမ၏ အတန်းထဲမှ ပျော်ရွှင်နောက်ပြောင်တတ်သည့် တပည့်ကလေး တစ်ယောက်က သူမအား ပျော်ရွှင်စရာ လက်ဆောင်ကလေး တစ်ခုပေးခြင်း ဖြစ်သည်ဟုသာ သူမက သဘောပေါက်၏။ သူမက အရုပ်ကလေးကို ကိုင်ထားရင်း ပြောလိုက်၏။

“မင်းလိုပဲ သိပ်ပြီး ရွှင်တဲ့ နောက်နောက်ပြောင်ပြောင် အရုပ်ကလေးပဲ”

နောက်ဆုံးဥသြမှုတ်သံ ပေါ်ထွက်လာသည်။

ဂါတ်ဗိုလ်က ဝီစီ မှုတ်ပြီး အလံကို ဝှေ့ယမ်းပြလိုက်သည်။ ကလေးတွေက ပြတင်းပေါက်မှ ခေါင်းပြူထွက်ကာ ကျောင်းသီချင်းကို သံပြိုင်ဆိုကြသည်။ ရထားတရွေ့ရွေ့ စထွက်တော့မှ မေရီက ရထားပေါ်တက်သည်။ သူမသည် အရုပ်ကလေးကို ရင်မှာပိုက်လျက် ရာဂျူးကို နောက်ဆုံးနှုတ်ဆက်ရန် တွဲပေါက်ဝတွင် ရပ်နေသည်။ ရာဂျူးက လက်ကို ဝှေ့ယမ်းရင်း ရထားနှင့်အပြိုင် ပြေးလိုက်လာသည်။

ရထားသည် စကြံလမ်းကို ကျော်လာခဲ့ပြီ။ ရာဂျူးက လက်ပြနှုတ် ဆက်ရင်း ရပ်ကျန်ရစ်ခဲ့၏။ ရထားသည် မေရီအား သယ်ဆောင်လျက် လိုဏ်ခေါင်းထဲ ဝင်ကာ ပျောက်ကွယ်သွားသည်။ နောက်ဘက်တွင် မီးခိုးလိပ် များသာ ကျန်ရစ် တော့သည်။ ရာဂျူး၏ရင်ထဲတွင် ရုတ်တရက် ဟာသွား သလို ခံစားရသည်။ သို့သော်လည်း သူ့ဆရာမအား အရုပ်ကလေး လက်ဆောင်ပေးလိုက်ရ၍ ဖြေသာပါသေး၏။

ရာဂျူးသည် သူ့ကဗျာစာအုပ် တစ်နေရာတွင် "အချိန်ငှက်"ဆိုသည့် အသုံးအနှုန်းကို ဖတ်ဖူးသည်။ အချိန်သည် အမြဲတမ်းပြေးနေကြောင်း၊ ဘယ်တော့မှ မရပ်ကြောင်း၊ ထို့ကြောင့် အချိန်သည် တောင်ပံဖြင့် အမြဲတမ်း ပျံနေသည့် ငှက်နှင့်တူကြောင်း သူ့အား မေရီက ရှင်းပြဖူးခဲ့၏။

သို့သော်လည်း ယခုအခါမှာတော့ ရာဂျူးက ထိုကဗျာ မှားသည်ဟု ယူဆသည်။ ဆရာမ မှားသည်ဟု ယူဆသည်။ အချိန်သည် လုံးဝငှက်မဟုတ်၊ အချိန်သည် ပက်ကျိဖြစ်သည်။ အလွန်နှေးကွေးစွာ ရွေ့လျားနေသည်။

သည်နှစ် ကျောင်းပိတ်ရက်သည် ရာဂျူး၏တစ်သက်တာတွင် အရှည်ဆုံးဖြစ်သည်။ ဘယ်တော့မှ မဆုံးတော့သလို ထင်ရ၏။ သူ့ဘဝသည် ဟာနေသည်၊ ထိုင်းမှိုင်းနေသည်၊ ငြီးငွေ့ဖွယ် ဖြစ်နေသည်။ ဝန်ပိနေသလို ထင်ရသည်။ သူသည် တွေဝေထိုင်းမှိုင်းပြီး စိတ်လေနေသည်။ ဘာကိုမှ စိတ်မဝင်စားသလို ဖြစ်နေသည်။

သူ့အမေသည် ဆေးရုံတွင် သူနာပြုလုပ်ရန် မနက်အစောကြီး ကတည်းက အိမ်မှ ထွက်သွားသည်။ ရာဂျူးသည် သူတို့အိမ်ကလေးထဲတွင် တစ်ယောက်တည်း အသက်ရှူကျပ်နေသလို ခံစားရသည်။ ထို့ကြောင့် သူအပြင်သို့ ထွက်လာခဲ့သည်။ အပြင်မှာလည်း ချမ်းအေးလှပြီး ငြီးငွေ့စရာ တွေကိုသာ မြင်တွေ့ရ၏။ ဆောင်းဦးပေါက်ကာလဖြစ်၍ နေရာတကာတွင် သစ်ရွက်ကြွေများ ပြန့်ကျဲနေကြသည်။ သူ့ခြေဖဝါး အောက်တွင် တကျွတ် ကျွတ် မြည်နေကြသည်။ သစ်ပင်တွေမှာ သစ်ရွက်မဲ့ကာ ဆောင်းလေထဲတွင် သစ်ကိုင်းများ ခိုက်ခိုက်တုန်နေကြသည်။ ဘယ်နေရာကို ကြည့်လိုက် ကြည့်လိုက် စိမ်းစိမ်းစိုစို မရှိ၊ ပန်းမန် မရှိ၊ အရောင် မရှိ၊ အသက် မရှိ။ တစ်မြို့လုံးကို မြူနှင်းတွေက ဖုံးလွှမ်းထား၏။ ဈေးတန်းကလေးလည်း လူသူကင်းမဲ့ကာ ခြောက်ကပ်နေသည်။ အပေါ်အင်္ကျီတွေ၊ စောင်တွေ၊ ပုဝါ တွေခြုံကာ တစ်ယောက်စ နှစ်ယောက်စ ခြေလှမ်းသွက်သွက်ဖြင့် တိတ်ဆိတ် ငြိမ်သက်စွာ လျှောက်သွားနေကြသည်။ သူတို့ကို ကြည့်ရသည်မှာ လူတွေနှင့်မတူ၊ တစ္ဆေတွေနှင့်သာ တူနေ၏။ သူတို့ကျောင်းလည်း လူသူကင်းမဲ့ပြီး အထီးကျန် တိတ်ဆိတ်နေသည်။

အရင်ကဆိုလျှင် စာသင်ခန်း၊ စာကြည့်တိုက်၊ ကစားကွင်းနှင့် အလယ်ကွက်လပ်များတွင် စကားပြောသံ၊ စာကျက်သံ၊ ရယ်မောသံဖြင့် ဆူညံနေခဲ့သည်။ ယခုတော့ ဘာသံမှမကြားရ၊ ကြောက်စရာကောင်း လောက်အောင် ပိတ်ပိတ်သား တိတ်ဆိတ်နေ၏။ ရာဂျူးသည် အရှုးတစ်ယောက်ပမာ စကြံလမ်းပေါ်တွင် လျှောက်သွားနေသည်။ သူ့ခြေသံကို သူကြားနေရ၏။

သည်လို တိတ်ဆိတ်နေတာကိုပင် သူက နှစ်သက်နေမိသလို ခံစားရသည်။ သူသည် နောက်နေ့တွင်လည်း သည်နေရာသို့ ပြန်လာပြီး တိတ်ဆိတ် မှုကို ခံစားသည်။ သူ့နှလုံးသားမှာလည်း ဟာလာဟင်းလင်းဖြစ်ကာ တိတ်ဆိတ်နေသည် မဟုတ်လား။

သူသည် လူသူထူထပ်သည့် လက်ဖက်ရည်ဆိုင်၊ ဘူတာရုံ၊ ရုပ်ရှင် ရုံများသို့ လုံးဝမသွား၊ အဖော်မပါ တစ်ယောက်တည်း တိတ်ဆိတ်စွာ လျှောက်သွားနေသည်။

အကျီကော်လာကို ထောင်ကာ လက်နှစ်ဖက်ကို အကျီအိတ်တွင် နှိုက်လျက် တစ်ကိုယ်တော် စကားပြောရင်း လျှောက်သွား နေသည်။ တကယ်ဆိုလျှင် ရာဂျူးမှာ အဖော်မမဲ့၊ အဖော်ရှိသည်။ သူ၏ ထာဝရအဖော်မွန် လူရွှင်တော်ကလေးသည် သူ့နှလုံးသားထဲတွင် အမြဲတမ်း ရှိနေသည်။ သူသည် ထိုနှလုံးသားထဲက အဖော်မွန်ကလေးနှင့် မကြာခဏ စကားပြောသည်။

"မင်းက ဘယ်သူလဲ"

"လူရွှင်တော်"

"ဒါဆို ငါကရော"

"လူရွှင်တော်ပဲ"

"ဘဝဆိုတာကရော ဘာလဲ"

"ချမ်းအေးခြင်း၊ ဆင်းရဲခြင်း၊ အထီးကျန်ခြင်း၊ ပြီးတော့ သေဆုံးခြင်း"

"သေဆုံးခြင်းဆိုတာ ဘာလဲ"

"သေဆုံးခြင်းဆိုတာ ငါ့အဖေကို ခေါ်သွားတဲ့ စုန်းမကြီး၊ တစ်နေ့မှာ ငါ့အမေကိုလည်း ခေါ်သွားမှာပဲ၊ ပြီးတော့ ငါ့ကိုလည်း ခေါ်သွားမှာပဲ"

"လောကမှာ အလုံခြုံဆုံး၊ အနူးညံ့ဆုံး၊ အနွေးထွေးဆုံးနေရာဟာ ဘာလဲ"

"အဲဒါ ငါ့အမေရဲ့ရင်ခွင်ပေါ့"

"လောကမှာ အလှဆုံးလူဟာ ဘယ်သူလဲ"

"အဲဒါ ဆရာမပေါ့၊ မေရီပေါ့၊ သူပြုံးလိုက်ရင် ချမ်းအေးပြီး ဆီးနှင်းဖုံးနေချိန်မှာ နေထွက်လာသလို ထင်ရတယ်၊ သူရယ်လိုက်ရင် တောင်ကျစမ်းရေစီးသံလို ထင်ရတယ်၊ သူဟာ သိပ်ပြီးလှတယ်၊ အိပ်မက်ထဲမှာ ပိုပြီး လှတယ်၊ အဲဒါ ငါ့ ဆရာမ၊ ဆရာမထက် ပိုသေးတယ်၊ အဲဒါ ငါ့မိတ်ဆွေ၊ မိတ်ဆွေထက်ပိုသေးတယ်၊ သူဟာ သိပ်ပြီး နူးညံ့တယ်၊ သိပ်ပြီး နွေးထွေးတယ်၊ တခြား ဘယ်နူးညံ့မှု၊ ဘယ်နွေးထွေးမှုနဲ့မှ မတူဘူး၊ ငါ့အမေရင်ခွင်ရဲ့ နူးညံ့မှု၊ နွေးထွေးမှုနဲ့လည်း မတူဘူး"

"အဲဒီတော့ သူဟာ ဘာလဲ"

"သူဟာ ဘဝ၊ အသက်၊ ရယ်မောခြင်း၊ နွေဦးမှာပွင့်တဲ့ပန်း၊ သူဟာ ပိုးသားလို နူးညံ့တယ်၊ ပျားရည်လို ချိုတယ်၊ သူ့နာမည်က မေရီ၊ ငါ့မေရီ၊ ဒါပေမဲ့ ဒီအကြောင်း ငါ ဘယ်သူ့မှ မပြောဘူး၊ ပြောရင် သူ့ကို ငါ့ဆီက လုယူသွားကြလိမ့်မယ်၊ သူဟာ ငါ့စိတ်ကူးထဲမှာ အမြဲတမ်း အသက်ရှင် နေမယ်၊ သူ့ကို ငါ့နှလုံးသားထဲမှာ လုံလုံခြုံခြုံ သေသေချာချာ ခတ်ထားမယ်၊ သူ သူ့အလှ၊ သူ့ ချိုမြိန်မှု၊ သူ့နွေးထွေးမှုတွေဟာ ငါ့ဘဝရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာလိမ့်မယ်၊ ဒါကို ဘယ်သူမှမသိဘူး၊ သူတောင်မှ မသိဘူး"

"ကောင်းပြီ... မိတ်ဆွေ၊ ဒီခံစားချက်ကိုပဲ "အချစ်"လို့ ခေါ်တာလား"

“ဒီမေးခွန်းကို ငါ့ကိုယ်ငါတောင် မမေးရဲဘူး၊ အခု ငါ့ကိုမေးတာ မင်း ဘယ်သူလဲ”

“ငါဘယ်သူလဲ...ဟုတ်လား” ရင်ထဲက မိတ်ဆွေက ခပ်သဲ့သဲ့ ရယ်လိုက်ပြီး “ငါဟာ မင်းရင်ထဲမှာ အသက်ရှင်နေတဲ့ “လူရွှင်တော်” လေ”

အဝေးဆီမှ ရထားဥသြမှုတ်သံ ကြားရသည်။ ကျောင်းပိတ်ရက် ကုန်ဆုံးသွားပြီ ဆိုတာကို ရာဂျူး ရုတ်တရက် သတိရလိုက်၏။ ဒီနေ့ သူတို့အားလုံး ပြန်ရောက်လာကြတော့မည်။ မေရီအပါအဝင်အားလုံး ပြန်ရောက်လာကြတော့မည်။

ရာဂျူးသည် အိမ်ပြင်သို့ ပြေးထွက်ခဲ့ရာ နွေဦးပေါက်ရာသီက ဆောင်းရာသီကို အောင်နိုင်သွားပြီ ဆိုတာတွေ့ရ၏။ နေရာတကာတွင် အစိမ်းရောင်ဖြင့် လွှမ်းခြုံထားသည်။ နွေဦးပန်းတွေ ဝေဆာပွင့်လန်း နေကြပြီ။ ပန်းရိုင်းကလေးတွေ တစ်ဆုပ်ကြီးခူးကာ ဘူတာရုံသို့ ပြေးလာခဲ့သည်။ ဘူတာရုံသို့ သူရောက်သည်နှင့် ရထားလည်း အချိန်ကိုက် ဝင်လာသည်။ ရထားတွင် နီပြာဝါစိမ်း အလံကလေးတွေ အလှဆင် စိုက်ထိုးထားသည်။ ကလေးတွေက ပြတင်းပေါက်မှ ခေါင်းပြူကာ သီချင်းဆိုလာကြသည်။ ကျောင်းတီးဝိုင်းက ရထားဘီးလိမ့်သံနှင့် စည်းချက်ကိုက် တီးမှုတ်ပေးနေကြသည်။ ရာဂျူး အလွန်ပျော်သွားသည်။ ရထားဘေးမှ ပြေးလိုက်ရင်း ပြတင်းဝမှ ခေါင်းပြူကြည့်နေသော သူ့မိတ်ဆွေ ကျောင်းသားကလေးများ အား ပန်းတွေ ကမ်းပေးနေသည်။

စကြံတွင် ရထားရပ်တော့ ရာဂျူး၏လက်ထဲတွင် သူ့ဆရာမအတွက် ပန်းအနည်းငယ်သာ ကျန်နေတော့သည်။ သူ ကမန်းကတန်း မျက်လုံးကစားကြည့်လိုက်သည်

ဟောဟိုမှာ ဆရာမကို တွေ့ပြီ၊ ရှင်လန်းလှပစွာ ရထားပေါ်မှ ဆင်းလာသည်။ ရာဂျူးက ပန်းစည်းဖြင့် ဆီးကြိုနှုတ်ဆက်လိုက်၏။

“ဟဲလို...ရာဂျူး” မေရီက ပန်းစည်းကို လှမ်းယူရင်း ပြောလိုက်သည်။ “ကျေးဇူးတင်ပါတယ် ရာဂျူး”

ရာဂျူးမှာ ပြေးလာရ၍ မောနေတုန်း ရှိသေးသည်။ စိတ်လှုပ်ရှားနေ၍ စကားလည်း မပြောနိုင်သေး။ သူက ဦးထုပ်ချွတ်လိုက်ပြီး နှင်းဆီနီတစ်ပွင့် ယူကာ ဆရာမအား ပေးလိုက်ပြန်၏။

“အို...ကျေးဇူးပါပဲ၊ ဒါနဲ့ ကျောင်းပိတ်ရက်မှာ ပျော်ရဲ့လား” “သိပ်ကြာနေသလိုပဲ ဆရာမ၊ မဆုံးနိုင်တော့သလိုပဲ ထင်ရတယ်” “အံ့သြစရာပါလား၊ ကလေးတွေအများစုက ကျောင်းပိတ်ချိန် တိုလွန်းတယ်လို့တောင် ထင်နေကြတာ၊ မင်းက ရက်အားမှာ ဘာကြောင့် မပျော်ရတာလဲ”

“ဆရာမမှ မရှိတာ၊ တစ်ကျောင်းလုံး တိတ်နေတာပဲ” ရာဂျူးက အမှန်အတိုင်းပင် ပြောချလိုက်တော့သည်။ ဆရာမက ရာဂျူးပြောသော စကားအဓိပ္ပာယ်ကို စဉ်းစားနေသည်။ ထိုအချိန်တွင် သက္ကလပ်ကုတ်အင်္ကျီနှင့် ဘောင်းဘီပွ ဝတ်ထားသော အရပ်ရှည်ရှည် ထွားထွားကျိုင်းကျိုင်း လူငယ်တစ်ယောက် ရထားပေါ်မှ ဆင်းလာသည်။ သူသည် မေရီ၏အဝတ်သေတ္တာကိုပါ တွဲပေါ်မှ ဆွဲချနေရာ မေရီနှင့် တော်တော်ရင်းနှီးပုံ ပေါ်နေ၏။ “ဆရာမရဲ့အစ်ကိုပဲ ဖြစ်ပါစေ”ဟု ရာဂျူးက ကျိတ်ပြီး ဆုတောင်းလိုက်သည်။

"ဒါနဲ့… ဒေးဗစ်" ဆရာမက တရင်းတနှီးခေါ်လိုက်သည်။"ဒီမှာ ရာဂျူးနဲ့ တွေ့ပါဦး၊ ကျွန်မအတန်းမှာ အတော်ဆုံး ကျောင်းသားလေးပဲ" ထို့နောက် ရာဂျူး ဘက်သို့လှည့်ကာ "သူက ဒေးဗစ်တဲ့"

ဒေးဗစ်က ရာဂျူး၏လက်ကို ပြုတ်တူနှင့်ညှပ်သလို တင်းတင်းကြီး ဆုပ်ရင်း…

"တွေ့ရတာဝမ်းသာပါတယ်၊ ဒါနဲ့… နာမည်က ဘယ်လိုခေါ်သလဲ"

ရာဂျူးက ညာလက်ကို အပေါ်မြှောက်လျက်…

"ကျွန်တော့်နာမည် လူရှင်တော်"

"လူရှင်တော်…ဟုတ်လား"

ဒေးဗစ်က ပထမတွင် အံ့သြသလိုလိုဖြစ်မိသည်။နောက်တော့မှ နောက်ပြောင်ပြောသည့် ကျောင်းသားကလေးများ၏ ပြက်လုံးတစ်မျိုး ထင်ပြီး အားရပါးရ ရယ်နေ၏။ ထို့နောက် ဒေးဗစ်က အဝတ်သေတ္တာများကို ကောက်ယူမည်လုပ်တော့ ရာဂျူးက "ဒါတွေ ကျွန်တော် သယ်ပါရစေ ခင်ဗျာ"ဟု ပြောပြီး ကောက်ယူလိုက်သည်။

ကျောင်းသားကလေးအားလုံး ဘတ်စ်ကားပေါ်ရောက်နေကြပြီ။ ဒေးဗစ်နှင့် မေရီတို့က လက်ချင်းယှက်ကာ ဘူတာမှ ထွက်လာကြသည်။ ဒေးဗစ်၏ ခြေလှမ်းကျယ်နှင့်အမှီ မေရီက သွက်သွက်ကလေး လိုက်လျှောက် လာသည်။ သူတို့နောက်မှ သေတ္တာနှစ်လုံးကိုဆွဲကာ ဖြည်းဖြည်းချင်း လိုက်ပါလာသူကတော့ ရာဂျူး။ သူ့မျက်နှာသည် မလန်းဆန်းဘဲ ညှိုးရော် နေ၏။ လွန်ခဲ့သည့် မိနစ်ပိုင်းခန့်က လင်းထိန်နေခဲ့သည့် နေကို ယခုအခါ တိမ်သလ္လာတွေဖုံးသွားပြီး ချမ်းစိမ့်သည့် လေပြင်းလည်း တိုက်ခတ်လာပြီဟု ရာဂျူးက တွေးလိုက်မိလေ၏။

နွေရာသီ ကျောင်းပိတ်ရက်များကုန်ဆုံး၍ စာကျက်သံများကို ပုံမှန်ကြားလာ ရပြီ။ မေရီသည်လည်း ပုံမှန်စာသင်သည်။ ကျန်းမာရေးလေ့ကျင့်ခန်းနှင့်တေးဂီတ သင်ခန်းစာများ သင်ပေးသည်။ သို့သော်လည်း ရာဂျူးအဖို့တော့ ကျောင်းပိတ်ရက်ကာလ မေရီ မရှိစဉ်ကကဲ့သို့ပင် အထီးကျန်ဖြစ်နေဆဲ၊ စိတ်အားငယ်နေဆဲ။

မေရီက ကျောင်းတက်စာရင်းခေါ်တော့ ရာဂျူးက "ရှိပါတယ် ဆရာမ"ဟု ပြန်ထူးသည်။ မေရီက ခါတိုင်းလို ရာဂျူးအား လှမ်းမကြည့်ဘဲ ခေါင်းငုံ့ကာ ကျောင်းတက်စာရင်း မှတ်လိုက်သည်။ ကျောင်းဆင်းတော့ လည်း အမှုထမ်းရိပ်သာရှိ သူမ၏အိမ်ခန်းသို့ အလေသုံးဆယ် ပြန်သွားသည်။ ဘုရားရှိခိုးကျောင်းထဲသို့လည်း ခါတိုင်းလို မဝင်တော့။

ဆရာမ ဘာကြောင့် ပြောင်းလဲသွားတာလဲ၊ သူ့အလုပ်ကို ခါတိုင်းလို ဘာကြောင့် စိတ်မဝင်စား တော့တာလဲ။

စပ်စုတတ်သည့် ကျောင်းသားကလေးတွေ အချင်းချင်း ဆုံမိလျှင် သည်အကြောင်းကို ပြောဖြစ်ကြသည်။ သို့သော်လည်း သည်အကြောင်းကို ပြောဖြစ်ကြတိုင်း ရာဂျူးကတော့ လုံးဝမပါဝင်၊ ဝေးဝေးက ရှောင်တတ်၏။ သူက အတင်းပြောတာကို ဝါသနာမပါ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ကျောင်းသား ကလေးတွေကတော့ ဆရာမနောက်ကွယ်တွင် ထင်ရာမြင်ရာ အတင်းတွေ ပြောနေကြပြီ။ သူ့ဆရာမအကြောင်း မကောင်းပြောတာကို ရာဂျူးက လားလားမျှ မကြိုက်။ တစ်ခါတစ်ရံ အတင်းအဖျင်း ဝိုင်းနှင့် အမှတ်မထင် ဝင်တိုး လျှင်လည်း "ဟေ့ကောင် တွေ… မင်းတို့ပါးစပ်ပိတ်လိုက်စမ်း၊ မင်းတို့က ကိုယ့်ဆရာမအကြောင်း ဒီလိုပဲ မကောင်း ပြောရသလား၊ တော်တော်မိုက်တဲ့ ကောင်တွေ… "ဆိုပြီး ရာဂျူးက ကြိမ်းလား မောင်းလား လုပ်တတ်သည်။ သို့သော်လည်း ကလေးပါးစပ် ပိတ်လို့မရ၊ ပြောမြဲတိုင်း ပြောနေ ကြ၏။ တကယ်တော့ သည်အတင်း သတင်းသည် ကျောင်းပိတ်ရက် ကုန်ဆုံးပြီးနောက် ကလေးတွေ ပြန်ရောက်သည့်နေ့ကပင် စတင်ခဲ့ခြင်း ဖြစ်သည်။ ထိုနေ့က အဖြစ်ကလေးကို ရာဂျူး မှတ်မိနေသေးသည်။ သူက ဆရာမနှင့် ဒေးဗစ်တို့၏ သေတ္တာများကို သယ်ယူလာပြီး သူတို့ငှားထား သည့် အငှားကားပေါ် တင်ပေးသည်။ ထို့နောက် သူ့အား လမ်းကြုံခေါ်တင် သွားဖို့ နေနေသာသာ လှည့်၍ပင်မကြည့်ဘဲ ထွက်သွားကြ၏။

ရာဂျူး၏ရင်ထဲ နင့်ခနဲ ခံစားလိုက်ရပြီးနောက် သူ ကျောင်းကားပေါ် တက်လိုက်သည်။ ဤတွင် ဆန်းဒါးက…

"လာ ရာဂျူး၊ ဒီမှာထိုင်ကွ၊ ဒါနဲ့ မင်းကို ငါ စိတ်ဝင်စားစရာတစ်ခု ပြောပြရဦးမယ်၊ အကြီးအကျယ် စိတ်ဝင်စားဖို့ကောင်းတယ်ကွ"

ရာဂျူး ထိုင်ခုံတွင် ဝင်ထိုင်သည်။ ကားစတင်ထွက်ခွာသည်။ ဆန်းဒါးက သူ့စကား ဆက်ပြန်၏။

"ဟေ့ …ဒီမှာ ရာဂျူး၊ ငါပြောမယ်၊ ရထားပေါ်မှာ တို့မြင်ခဲ့ရတဲ့

အချစ်ဇာတ်လမ်းလေးကွ၊ ဆရာမနဲ့ ဒေးဗစ်တို့က တစ်တွဲတည်း အတူ စီးလာတာကွ၊ သူတို့နှစ်ယောက်က တစ်ယောက်လက်ကိုတစ်ယောက် ဟောဒီလို… ဟောဒီလို ဆုပ်ကိုင်ထားကြတာ…”

ဆန်းဒါးက ရာဂျူး၏လက်ကို ဖျစ်ညှစ်ပြီး လက်တွေ့သရုပ်ပြသည်။ ထို့နောက် ဂေါဗင်က တပ်ကူဝင်ပြီး …

“ပြီးတော့ ဆရာမက ပန်းသီးကို အခွံနွှာပြီး အစိပ်ကလေးတွေ လှီးတယ်ကွ၊ ပြီးတော့ ဘာလုပ်သလဲ သိလား၊ ဒေးဗစ် ပါးစပ်ထဲကို ကလေး ခွံ့သလို ခွံ့ကျွေးတယ်ကွ၊ တကယ့်အချစ်ဇာတ်လမ်းပါပဲကွာ၊ ငါပြောမယ်၊ မင်းမယုံရင် စောင့်သာကြည့်နေ၊ သူတို့နှစ်ယောက် မကြာခင် လက်ထပ်ကြ လိမ့်မယ်၊ တကယ့် ရိုမီယို ဂျူလီယက်ဇာတ်လမ်းပဲ၊ သိလား၊ တကယ်… တကယ်…”

ဤတွင် ရာဂျူး ရုတ်တရက် ပေါက်ကွဲပြီး ဂေါဗင်အား အော်ဟောက် ပြောလိုက်၏။

“ဟေ့ကောင်… တော်စမ်း၊ ဆရာမအကြောင်း မကောင်းမပြောနဲ့ ကွာ၊ ဆရာမက အဲဒါမျိုးတွေ ဘယ်တော့မှမလုပ်ဘူး သိလား”

ထို့နောက် သူက ကားဆရာအား လှမ်းပြောလိုက်သည်။

“ခဏရပ်ပါ၊ ခဏရပ်ပေးပါ၊ ကျွန်တော် ဒီမှာဆင်းချင်လို့ပါ”

သူကားပေါ်မှ ခုန်ဆင်းလိုက်သည်။ သူတို့အိမ်နှင့် တစ်မိုင်ခန့် ဝေးသေးသည်။ သူတစ်ယောက်တည်း လျှောက်လာခဲ့သည်။ လျှောက်လာ ရင်းလည်း ဆရာမအကြောင်း အတင်းပြောသည့် ကောင်လေးတွေကို မကျေ မနပ် ဖြစ်နေမိ၏။

“ဒေးဗစ်က ဆရာမရဲ့ မောင် ဒါမှမဟုတ် မောင်ဝမ်းကွဲ ဖြစ်ချင်ဖြစ်နေမှာ၊ ပြီးတော့ မိသားစု မိတ်ဆွေလည်း ဖြစ်နိုင်တာပဲ၊ ဘယ်သူသိမှာလဲ၊ သူတို့နှစ်ယောက် ရိုးရိုးခင်ကြတာကို ဒီကောင်တွေက သွားပုပ်လေလွင့် အတင်းပြောကြတာ တော်တော်ဆိုးတာပဲ”

သည်ဖြစ်ရပ် တော်တော်လေး ကြာခဲ့ပါပြီ။ သို့သော်လည်း ထိုကတည်းကပင် ဆရာမနှင့် ဒေးဗစ်တို့အကြောင်း မကောင်းသတင်းသည် လူတိုင်းပါးစပ်ဖျားသို့ ပျံ့နှံ့သွားခဲ့၏။ တချို့ကဆိုလျှင် မဟုတ်က ဟုတ်ကတွေတောင် တမင်ထွင်ပြီး ပြောလာကြ၏။ သူတို့နှစ်ယောက် မကြာခင် လက်ထပ်ကြတော့မည်ဟု ပြောသူလည်း ရှိသည်။ တစ်ယောက်ကမူ လာမည့် ကျောင်းပိတ်ရက်မှာ လက်ထပ်လိမ့်မည်၊ လောလောဆယ် အကြောင်းတစ်စုံ တစ်ရာရှိ၍ လူသိရှင်ကြား ထုတ်ဖော် မပြောသေးခြင်းဖြစ်သည်ဟု အတိအကျဆို၏။ တချို့ကတော့ သူတို့နှစ်ယောက် ပန်းခြံထဲတွင် နမ်းနေတာ ကိုပင် မြင်ခဲ့ရသည်ဟု ပြောကြ၏။ သည်ထက်ဆိုးသည်ကား စိတ်ပင် မကူးသင့်သည့် အယုတ်တမာ စကားများဖြင့် အပုပ်ချကြခြင်းဖြစ်၏။

[၁၁]

မိုးရွာသော နေ့တစ်နေ့။ ထိုနေ့တွင် မေရီ ကျောင်းသို့မလာ၊ ခွင့်ယူသည်။ ရာဂျူး စိတ်ပူမိ၏။

မိုးက သိပ်ကြီးတယ်၊ ဆရာမ နေမကောင်းဖြစ်နေသလား မသိဘူး၊ ငါ သွားကြည့်ဦးမှ၊ ဒါပေမဲ့ သူက ဘာဖြစ်လို့လာသလဲလို့ မေးရင် ငါဘယ် လိုပြန်ဖြေမလဲ။

ကံကောင်းချင်တော့ သူ ကျောင်းစာကြည့်တိုက်ထဲ ဝင်သွားသောအခါ စာကြည့်တိုက်မှူးက ဆီး၍ပြောသည်။

"ရာဂျူး... ဆရာမလေး စာကြည့်တိုက် ဘာဖြစ်လို့ မလာတော့တာလဲ မင်း သိသလား၊ ပြီးခဲ့တဲ့နှစ်ပတ်လောက်က ရောက်လာပြီး သူဖတ်ချင်တဲ့ စာအုပ်တွေ ရှာထားဖို့ စာရင်းပေးသွားတယ်၊ အဲဒီကတည်းက သူပေါ်မလာ တော့ဘူး"

ရာဂျူး ချက်ချင်း အကြံရသွားပြီး...

"ဒါဆို ကျွန်တော့်ပေးလိုက်လေ၊ သူ့အိမ်က ကျွန်တော်ပြန်မယ့် လမ်းပေါ်မှာပဲ၊ ကျွန်တော် သွားပေးလိုက်ပါမယ်"

"ကျေးဇူးပါပဲ ရာဂျူး"ဟုပြောပြီး စာကြည့်တိုက်မှူးက စာအုပ်နှစ်အုပ် ထုတ်ပေးသည်။

"သတိလည်းထားဦးနော်၊ စာအုပ်တွေ မိုးစိုနေဦးမယ်"

"စိတ်ချပါ၊ ကျွန်တော့်မှာ ထီးပါပါတယ်"

ရာဂျူး၏ထီးမှာ ဇာတ်လမ်းရှိသည်။ သူ့ထီးကို လူတိုင်းက ရယ်စရာ လုပ်ပြောကြသည်။ သူ့ထီးပေါ်မှာ မိုးရွာသလို ထီးအောက်မှာလည်း မိုးတွေ အများကြီး ရွာတယ်တဲ့။ ယင်းသို့ နောက်ပြောင်ပြောဆိုကြတာကို ထီးပိုင်ရှင် ကတော့ လုံးဝမသိ။ နောက်ပြောင်မည်ဆိုကလည်း နောက်ပြောင်စရာပင်။ သူ့ထီးက စုတ်ပြဲရုံ သာမက အပေါက်တွေကလည်း အများကြီး။ သူသည် ယင်းထီးစုတ်ကြီးကို ဆောင်းကာ အဖိုးတန်ရတနာ စာအုပ်နှစ်အုပ်ကို အပေါ် အင်္ကျီအတွင်း ချိုင်းကြားတွင် ညှပ်လျက် မေရီ၏အဆောင်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ စိတ်ထဲကလည်း သူ ဘယ်မှမသွားပါစေနှင့်ဟု ကျိတ်ပြီး ဆုတောင်းလိုက်မိ၏။

မိုးက သဲသဲမဲမဲ ရွာချသည်။ မိုးရေထဲတွင် အဆောင်ကို မှုန်ဝါးဝါးသာ မြင်ရ၏။ သို့သော်လည်း ပြတင်းတစ်ပေါက်တော့ ပွင့်နေသည်။ မီးလည်း လင်းနေ၏။ ဦးခေါင်းနှစ်လုံးအရိပ်ကို လှမ်းမြင်လိုက်သည်။ အနီးကပ် သွားသောအခါ အရိပ်တစ်ခုတည်းက နှစ်ရိပ်ကွဲသွားသည်။ တစ်ယောက်က ယောကျ်ားအရိပ်၊ နောက်တစ်ယောက်က မိန်းမအရိပ်၊ နှစ်ယောက်စလုံး အလွန်ပူးကပ်နေသည်။ သူတို့နှစ်ယောက် အသက်ရှုကျပ်နေတာ ဖြစ်ရမည် ဟု ရာဂျူးက တွေးလိုက်မိ၏။ ဒေးဗစ်နှင့် ဆရာမ... ဆရာမနှင့် ဒေးဗစ် . ..။

အထဲသို့ဝင်ရန် ရာဂျူး ခြေလှမ်းတုံ့နေသည်။ ပြန်လှည့်ပြေးရကောင်းမည်လားဟု စဉ်းစားမိသည်။ သို့သော် သူ့ကိုမြင်သွားပြီ။ ပြတင်း ပေါက်ကိုမျက်နှာမူ နေသော ဒေးဗစ်က ပထမဦးစွာမြင်သွားပြီး...

"မေရီ...ဟိုမှာ...မင်းတပည့် ရာဂျူး"

"လာပါ . ..လာပါ ရာဂျူး၊ ဝင်လာပါ" မေရီက လှမ်းခေါ်ပြီး ဒေးဗစ် အား ခပ်တိုးတိုး ပြောလိုက်သည်။ "သူ့ခမျာ သနားပါတယ်၊ မိုးရေထဲ စိုရွှဲကုန်တော့မယ်"

ရာဂျူးသည် ထီးကို ရုပ်ပြီး ရေစိုရွှဲ့ပေ ဘွတ်ဖိနပ်ဖြင့် ဧည့်ခန်းထဲ ဝင်လာသည်။

"မင်္ဂလာပါဆရာမ...မင်္ဂလာပါခင်ဗျား"

ယနေ့တော့ ရာဂျူးက အလွန်စည်းထိန်းနေသည်။

"အေး... ရာဂျူး၊ ဒါနဲ့ ဒီလောက်မိုးကြီးရေကြီးထဲမှာ ဘာလို့ဒုက္ခခံပြီး လာရတာလဲ" မေရီက ပြောလိုက်သည်။

"ဒီမိုးက သာမန်လောက်ပါ ဆရာမ၊ တကယ်လို့ ရေကြီးရင်တောင်မှ သမ္မာကျမ်းစာထဲက နောအနဲ့ သူ့လှေကြီးလို ကျွန်တော့်ကိုတော့ ဆရာမဆီ မလာအောင် တားထားလို့ရမှာ မဟုတ်ဘူး"ဟု ရာဂျူးက ပြန်ပြောလိုက်ချင်သော်လည်း ပါးစပ်ကတော့ထွက်မလာ၊ စာအုပ်နှစ်အုပ်ကို အင်္ကျီကြား ထဲမှ ထုတ်ယူကာ ဆရာမအား ကမ်းပေးရင်း သူ့ပါးစပ်က တကယ်ပြောဖြစ် တာကတော့..

"ကျွန်တော် ဒီစာအုပ်တွေ လာပေးတာပါ ဆရာမ၊ စာကြည့်တိုက်မှူး က ပေးခိုင်းလိုက်လို့ပါ"

မေရီက ရာဂျူးကို ကျေးဇူးတင်သည်။ ဒေးဗစ်ကတော့ ရာဂျူးကို တစောင်းကြည့်လိုက်သည်။ သူ့စိတ်ထဲမှာလည်း သည်လောက်သည်းထန်တဲ့ မိုးရေထဲမှာ ဆရာမအား စာအုပ်လာပေးသည့် ကောင်ကလေး၏သတ္တိကို အံ့သြမိသည်။

"ကျွန်တော်ပြန်တော့မယ် ဆရာမ"

"အို...ဘယ့်နှယ်၊ ဘာများအရေးကြီးနေလို့လဲ ရာဂျူး၊ ကော်ဖီသောက် သွားပါဦး၊ မိုးစိုရေစိုလာရတာ နွေးနွေးထွေးထွေး ဖြစ်သွားအောင် ပေါ့"

"နေပါစေ ဆရာမ၊ ကျေးဇူးပါပဲ" သူ့မျက်လုံးများက ဆရာမ၏ အင်္ကျီဟနေသည့် ရင်ညွှန့်ဆီသို့ ရောက်သွားသည်။ သူ တွေဝေတုန်လှုပ် သွားသည်။ သူ့ စိတ်ကို သူ အတင်းထိန်းပြီး ပြောလိုက်သည်။

"ကျွန်တော် အိမ်ပြန်တော့မယ် ဆရာမ၊ သိပ်နောက်ကျနေရင် ကျွန်တော့်အမေ ပူနေ လိမ့်မယ်"

ရာဂျူး နောက်ပြန်လှည့်၍ ပြေးထွက်လာခဲ့သည်။ ချိုင်းကြားညှပ် ထားသော ထီးကို ဖွင့်ဆောင်းရန်ပင် သတိမရတော့။

ဒေးဗစ်သည် ရာဂျူးကိုလှမ်းကြည့်ရင်း အတွေးနက်ကာ နှုတ်ဆိတ်ကျန်ရစ်၏။

"သိပ်ပြီး ချစ်စရာကောင်းတဲ့ ကလေးပဲ" မေရီက ပြောလိုက်သည်။ "ကလေး"ဟူသောစကားကြောင့် ဒေးဗစ်က မျက်ခုံးချီလိုက်တာကို မေရီ သတိမပြုမိ။

"ဟုတ်ပါတယ်"ဟု ဒေးဗစ်က ခပ်ဝါးဝါးပြောလိုက်ပြီး အတွေးနက် နေ၏။

မေရီက ဆက်ပြောသည်။

"ဒေးဗစ်… ကျောင်းတိုင်းကျောင်းတိုင်းမှာ ဆရာ၊ ဆရာမတွေ အများကြီး ရှိတယ်၊ ကျောင်းသူ ကျောင်းသားတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ တစ်ခါတလေမှာ ဆရာတစ်ယောက်နဲ့ တပည့်တစ်ယောက်ပဲ ရှိတတ်တယ်"

သို့သော်လည်း ဒေးဗစ်က သူမ၏စကားကို မကြား၊ သူက အပြင်သို့သာ လှမ်းကြည့်နေ၏။ ရာဂျူးသည် ထီးစုတ်ကြီးကို ချိုင်းကြားညှပ်လျက် ဖြည်းဖြည်းလျှောက်ရင်း ဝေးဝေးသွားပြီး နောက်ဆုံးတွင် မိုးနှင်းမြူများ အတွင်း ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

တစ်နေ့တာကုန်ဆုံး၍ ကျောင်းလွှတ်လိုက်ပြီ။ တချို့ကျောင်းသားကလေးများ အိမ်သို့ ပြန်ကြသည်။ တချို့က ဘော်ဒါဆောင်သို့ ပြန်ကြသည်။ တချို့ ကတော့ ကစားကွင်းသို့ သွားကြသည်။

သို့သော် ရာဂျူးကမူ ကျောင်းဝင်းဂိတ်ဝတွင် ရပ်လျက်၊ သူ ဘာကို စောင့်နေတာလဲ၊ ဘယ်သူ့ကို စောင့်နေတာလဲ၊ သူကိုယ်တိုင်လည်း ရေရေ ရာရာ မသိ။ တကယ်တော့ သူ မေရီကို စောင့်နေတာ ဖြစ်နိုင်သည်။ မေရီက ထွက်မလာသေး၊ ကျောင်းအုပ်ကြီးနှင့် စကားပြောနေဆဲ ရှိသေးသည်။

ခါတိုင်းဆိုလျှင် ဒေးဗစ်က မေရီကို နေ့တိုင်း လာကြိုနေကျ၊ သို့သော် လည်း သည်နေ့တော့ သည်အချိန်ထိ ဒေးဗစ် ပေါ်မလာသေး၊ သူ တစ်နေ ရာရာ သွားနေတာ ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့မဟုတ် သူ ပြန်သွားပြီး တာလည်း ဖြစ်နိုင်သည်ဟုလည်း ရာဂျူး မျှော်လင့်ချက်ဖြင့် တွေးလိုက်မိ၏။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဆရာမနှင့်အတူ လျှောက်သွားခွင့်ရဖို့ကိုတော့ သူ အားခဲ ထား၏။ လမ်းလျှောက်သွားရင်း ဆရာမအား မေးရန် မေးခွန်းများကိုပင် သူက ကြိုတင်စဉ်းစားထားပြီး ဖြစ်သည်။

"ဟဲလို ...ရာဂျူး"

နောက်ဘက်မှ အမှတ်မထင် ကြားလိုက်ရသော နှုတ်ဆက်သံကြောင့် သူ ရုတ်တရက် လန့်ဖျပ်သွားပြီး လက်ထဲမှစာအုပ်တွေ လွတ်ကျသွား၏။

ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ဒေးဗစ် ဖြစ်နေ၏။ အရပ်ရှည်ရှည်၊ ဗလကောင်းကောင်း၊ အပြာရောင်ဆွယ်တာနှင့် ခန့်ချောချောသူ။ ရာဂျူးက စိတ်မှန်းဖြင့် သူနှင့် ယှဉ်ကြည့်လိုက်သည်။ သူက ပုပုဝဝနှင့် ပုံပန်းမကျသူ။

"ဟုတ်...ဟုတ်ကဲ့ ခင်ဗျား"

ရာဂျူးက မျက်ကလူးဆန်ပျာ ပြန်ပြောလိုက်ပြီးနောက် စာအုပ် တွေကို ပြန်ကောက်နေသည်။ ဒေးဗစ်က ကူ၍ ကောက်ပေး၏။ မှတ်စုစာအုပ်တစ်အုပ်ကို ကောက်ယူလိုက်တော့ စာအုပ်ထဲမှ မေရီ၏ပုံတူ ပန်းချီစာရွက် တစ်ရွက် ထွက်ကျလာသည်။ နီပြာခဲတံဖြင့် အဖြစ်ဆွဲထားသည့် လက်ရာ ဖြစ်၏။ မေရီ၏ပုံတူကို အသည်းပုံထဲမှာ ဆွဲထားပြီး ပုံအောက်တွင် "ဆရာမ သို့...အချစ်များစွာဖြင့်" ဟူသော စာတန်းကို ပန်းချီစာလုံးဖြင့် လှလှပပရေး ထား၏။ ရာဂျူးက ပန်းချီစာရွက်ကို ဒေးဗစ်လက်ထဲမှ ဖျတ်ခနဲ ဆွဲယူလိုက်သည်။ သို့သော်လည်း မကြာမီ ကျရောက်တော့မည့်"ချစ်သူများနေ့" (စိန့်ဗာ လင်တိုင်းဒေး)အတွက် လက်ဆောင်ပေးရန် ဆွဲထားသည့်ပုံဖြစ်ကြောင်း ဒေးဗစ်က သတိရမိ၏။

"ကျောင်းဆင်းပြီးပြီလား ရာဂျူး"

ဒေးဗစ်က စကားရှာ၍ မေးလိုက်သည်။

"ဟုတ်ကဲ့...ဆင်းပြီးပါပြီ"

ရာဂျူးသည် ဖြစ်နိုင်လျှင် ထိုနေရာမှ ချက်ချင်း သုတ်ခြေတင် ထွက်ပြေးချင်လှ၏။ သို့သော် ဘယ်လိုကြောင့်မှန်းမသိ၊ သူ မတ်တတ်ကြီး ရပ်နေမိ၏။

ရာဂျူး၏ မူမမှန်သည့်အဖြစ်ကို အကဲခတ်မိသောကြောင့် ဒေးဗစ်က မေးလိုက်သည်။

"တစ်ယောက်ယောက်ကို စောင့်နေတာလား"

"ဟုတ်...ဟုတ်ကဲ့ ခင်ဗျား၊ မ...မ...မဟုတ်ဘူး ခင်ဗျား၊ ကျွန်...ကျွန်တော် ပြန်တော့မယ် ခင်ဗျား"

ထိုအချိန်မှာပင် မေရီသည် ကျောင်းထဲမှ ထွက်လာ၏။ ဒေးဗစ်ကို မြင်လိုက်တော့ သူမမျက်နှာ လင်းကြည်သွားသည်ကို ရာဂျူး သတိပြု လိုက်မိ၏။

"ခွင့်လွှတ်ပါ… ဒေးဗစ်၊ စောင့်နေတာ ကြာပြီလား...ဒါ ..."

ရာဂျူး လျှောက်ထွက်သွားတာကို လှမ်းမြင်လိုက်ရ၍ မေရီသည် "ဒါလင်" ဟူသောစကားကို အဆုံးမသတ်နိုင်ဘဲ ဖြစ်သွားသည်။

"ဟဲလို...ရာဂျူး" သူမ လှမ်းခေါ်လိုက်သည်။ "မင်း အိမ်မပြန်သေး ဘူးလား"

"ခုပဲ ပြန်တော့မလို့… ၊ ခွင့်ပြုပါဦး ဆရာမ၊ ခွင့်ပြုပါဦး ခင်ဗျား' ထို့နောက် သူ ပြေးထွက်လာခဲ့သည်။ သူ့ကို ရပ်ကြည့်နေကြမည် ဆိုတာကို သိ၍ နောက်သို့ လုံးဝလှည့်မကြည့်တော့။

※

ဒေးဗစ်နှင့် မေရီတို့သည် အရိပ်ကောင်းသော လမ်းမကြီးတစ်လျှောက် တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ လမ်းလျှောက်လာကြသည်။ "ကောင်လေး သနားပါတယ်" ဒေးဗစ်က ကောက်ကာငင်ကာ ပြောလိုက်သည်။

"ရှင် အဲဒီလိုမပြောပါနဲ့" မေရီက ကန့်ကွက်လိုက်သည်။ "သူက သနားစရာ မလိုပါဘူး၊ သိပ်ပြီး ပျော်တတ်တဲ့ကလေး၊ အမြဲတမ်း ရယ်စရာ လုပ်တတ်တယ်၊ သိပ်ပြီး ချစ်ဖို့ကောင်းတဲ့ ကလေးပဲ"

"သိပ်ပြီး ချစ်ဖို့ကောင်းတဲ့ကလေး...ဟုတ်လား" "ဟုတ်တယ်...ဒါလင်၊ သူ့ကို တစ်တန်းလုံးသာမဟုတ် တစ် ကျောင်းလုံးက ချစ်ကြတာ၊ ကျောင်းသားလေးတွေသာမဟုတ် ဆရာ ဆရာမ တွေအားလုံးက ချစ်ကြတာ"

"သူက တစ်ကျောင်းလုံးရဲ့ အချစ်တော်ဖြစ်ချင်လည်း ဖြစ်မှာပေါ့ လေ" ဒေးဗစ်က စဉ်းစဉ်းစားစားဖြင့် ဖြည်းဖြည်းပြောသည်။ "ဒါပေမဲ့ သူဖြစ်ချင်တာကတော့ ဆရာမရဲ့ အချစ်တော်ပါ"

"ဟင်… ဒေးဗစ်၊ ရှင် ဘာတွေ လျှောက်ပြောနေတာလဲ"

"ငါ အဓိပ္ပာယ်ရှိတာ ပြောနေတာပါ မေရီ၊ ငါ့အထင်တော့ မင်းရဲ့

လူရွှင်တော်ကလေးမှာ ချစ်သူရှိနေပြီ”

“ချစ်သူရှိနေပြီ...ဟုတ်လား”

မေရီက အဖြေကို သိနေပြီးဖြစ်ပေမယ့် မသိသလို တမင်မေးလိုက်သည်။

“ဘယ်ချစ်သူလဲ၊ ဘယ်သူလဲဟင်”

“သူ့ဆရာမ ...သူ့ဆရာမပေါ့”

“ဟင်... ကျွန်မကို ပြောတာလား၊ မရူးစမ်းပါနဲ့ ဒေးဗစ်၊ ဒီဆယ့်လေးငါးနှစ်သား အရွယ်ကလေးက အချစ်အကြောင်း ဘယ်လိုလုပ်သိဦး မှာလဲ၊ ရှင် တမင်နောက်နေတာလား၊ ဒါမှမဟုတ် သူ့ကို မနာလို ဖြစ်နေ လို့လား”

“မဟုတ်ဘူး မေရီ၊ ငါနောက်နေတာ မဟုတ်ဘူး၊ မနာလိုလည်း မဖြစ်ဘူး၊ ငါ တကယ် လေးလေးနက်နက် ပြောနေတာပါ၊ သူ့လို ဆယ့်လေး ငါးနှစ်သား အရွယ်တွေဟာ အချစ်ကို တောင့်တနေကြတယ်၊ အချစ်ဆာ လောင်မွတ်သိပ်နေကြတယ်၊ အဲဒါ သူတို့ကို နည်းနည်းလေး အခွင့်အရေး ပေးလိုက်ရင် တစ်ခါတည်း အသည်းစွဲ ချစ်မိသွားကြတော့တာပဲ”

မေရီ တုံ့ခနဲ ရပ်လိုက်သည်။ ဒေးဗစ်၏စကားကြောင့် သူမ တော်တော်စိုးရိမ်သွားသည်။ ဒါတကယ်အမှန်ပဲလား၊ သစ်ပင်တွင်မှီရင်း သူမ တွေးကြည့်သည်။

“ဒါပေမဲ့... ဒေးဗစ်၊ ဒီကလေး ရင်ထဲမှာရှိတဲ့ ခံစားချက်ကို ရှင်က ဘယ်လိုလုပ်ပြီး သိတာတဲ့လဲ”

ဒေးဗစ်က မေရီ၏မျက်လုံးညိုများကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။ ပြီးတော့ သူ့နှလုံးသားထဲမှ လာသောအသံဖြင့် ပြောလိုက်သည်။

“ဘယ်လိုလုပ်သိသလဲဆိုတော့ တစ်ချိန်တုန်းက ငါကိုယ်တိုင်လည်း ဆယ့်ငါးနှစ်သားအရွယ် ဖြစ်ခဲ့လို့.”

“ဒါဆို အခုရော” မေရီက မျက်စောင်းကလေးထိုးကာ စလိုက်သည်။

“အခုလည်း ဆယ့်ငါးနှစ်သားအရွယ် ပြန်ဖြစ်သွားတယ်” ဒေးဗစ်က မေရီအနီးသို့ ကပ်လာသည်။ သူ့ နှာခေါင်းက သူမ၏ပါးပြင်ကို လာ၍ ထိနမ်းသည်။ “...ပြီးတော့ နှစ်ဆယ့်တစ်နှစ်ရှိတဲ့ ဆရာမလေးကို အသည်းစွဲချစ် မိတော့တာပဲ”

“လူညာကြီး”

“တကယ်ပြောတာပါ”

ဒေးဗစ်က တိုး၍ ကပ်လာသည်။ သူတို့မျက်နှာချင်း နမ်းစေ့တစ်ထောက်သာ ကွာတော့သည်။

“ဒါဆို ရှင်က သက်သေပြနိုင်လို့လား”

မေရီက မျက်လုံးအစုံကိုမှိတ်ရင်း နှုတ်ခမ်းလွှာတွင် အပြုံးပန်း ပွင့်ပေး

လိုက်သည်။

"ပြနိုင်တာပေါ့"

သူတို့၏နှုတ်ခမ်းနှစ်စုံ ဂဟေဆက်သွားကြသည်။

သည်အချိန်တွင် သူတို့အနေဖြင့် ကျောင်းသားကလေး ရာဂျူးနှင့် သူ၏ ဆယ့်ငါးနှစ်သားအချစ် ကို လုံးဝ သတိမရကြတော့။

ဆယ့်ငါးနှစ်သားအရွယ် ရာဂျူးသည် သစ်ပင်ကွယ်ပြီး ချောင်းကြည့် နေရင်း တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ဆက်လက်၍ သည်းမခံ နိုင်တော့သဖြင့် ချာခနဲလှည့်ကာ ပြေးထွက်လာခဲ့သည်။ သူ့နောက်မှလည်း မကောင်းဆိုးဝါးတွေ အုပ်လိုက်ချီ၍ လိုက်လာသလို ထင်ရသည်။

[၁၃]

ကျောင်းသားကလေးများနှင့် ဆရာ ဆရာမများ၏ ဟော်ကီပြိုင်ပွဲ ကျင်းပနေသည်။ ကျောင်းသားတွေ နှင့် ဆရာ ဆရာမတွေအားလုံး တက်ရောက်ပြီး စိတ်ဝင်စားစွာ အားပေးကြသည်။ မေရီက ဆရာ ဆရာမတွေဘက်မှ ရှေ့တန်း အလယ်လူအဖြစ် ပါဝင်ကစားသည်။ သူမ၏ကစားကွက်က အလွန်လှသည်။ အထူးသဖြင့် ရာဂျူးက ယင်းသို့ပင် ထင်သည်။ သူသည် (မေရီ)၏ လှုပ်ရှားမှုမှန်သမျှကို မျက်ခြည်မပြတ် ရင်တလှပ်လှပ်ဖြင့် စောင့်ကြည့်နေ၏။ မေရီသည် ကွင်းတစ်ဘက်စွန်းမှ အခြားတစ်ဘက်စွန်းသို့ပြေးကာ ဘောလုံးနောက်သို့ လိုက်နေသည်။ ရာဂျူးက သူ့မျက်လုံး တွင် မှန်ပြောင်းတပ်ထားသလို မေရီကိုသာ အာရုံစိုက်၍ ကြည့်နေသည်။ သို့ဖြင့် သူ့နံဘေးတွင် လူတစ်ယောက် လာထိုင်သည်ကိုပင် သတိမထားမိ၊ သူ့မျက်နှာရှေ့သို့ ချော့ကလက်နို့အေးချောင်း ရုတ်တရက် ရောက်လာ တော့မှ လှည့်ကြည့်လိုက်၏။

"ဟဲလို...ရာဂျူး" ဒေးဗစ်က နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့ ခင်ဗျား"

"နို့အေးချောင်း စားပါလား" ဒေးဗစ်က ကမ်းပေးသည်။

ရာဂျူး ရုတ်တရက် လက်တွန့်နေသည်။ ပြီးတော့မှ နို့အေးချောင်းကို လှမ်းယူရင်း...

"ကျေးဇူးတင်ပါတယ် ခင်ဗျား"

ထို့နောက် ကစားပွဲကို ဆက်ကြည့်နေ၏။ ကစားကွက်က အလွန် စိတ်ဝင်စားစရာ ကောင်းနေသည်။ မေရီသည် ကွင်းကိုဖြတ်၍ ဟော်ကီ တုတ်ဖြင့် ဘောလုံးကို တို့ကာ တို့ကာ သယ်ယူသွားသည်။

"ဘယ့်နှယ်လဲ၊ ကောင်းရဲ့လား" ဒေးဗစ်က မေးလိုက်သည်။

"ဟုတ်ကဲ့၊ သူက အရမ်းကောင်းတာပဲ" သူက ဂိုးနားနီးလာသော မေရီကို မျက်တောင်မခတ် ကြည့်နေရင်းမှ ပြန်ပြောလိုက်၏။

"ငါက နို့အေးချောင်း ကောင်းသလားလို့ မေးတာ"

"ဟာ...ကျွန်တော်က သူ့ကိုမေး..." ရာဂျူးက သူ့စကားသူ ပြန်ထိန်းလိုက်သည်။ ပြီးတော့ ဒေးဗစ်ကို လှည့်ကြည့်လိုက်၏။

"ငါက မေရီအကြောင်း မေးတယ် ထင်လို့လား၊ နို့အေးချောင်းစား လိုက်ပါလား၊ နေပူရင် အရည်ပျော်သွားလိမ့်မယ်"

ရာဂျူး နို့အေးချောင်းကို စုပ်နေသည်။

"သိပ်ကောင်းတာပဲ၊ ကျွန်တော်က နို့အေးချောင်းဆို သိပ်ကြိုက်တာ"

"ငါသိပါတယ်"

"ဘယ်သူပြောတာလဲ"

"မေရီ"

"အို ...ဆရာမလား"

"သူက တခြားဟာတွေလဲ ပြောသေးတယ်၊ မင်းလူကြီး ဖြစ်လာရင် ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ... အဲဒါတွေ ဘာမှမလုပ်ဘူးတဲ့၊ သူများ တွေကို ရယ်အောင်လုပ်တဲ့ လူရွှင်တော်ပဲ လုပ်မယ်တဲ့"

ရာဂျူး ဆတ်ခနဲ ထရပ်လိုက်သည်။ ဒေးဗစ်ကို သူ့ကို ရယ်စရာ ချာတိတ် တစ်ယောက်လို သဘောထားပြီး နှိမ်နေသည်ဟု ထင်မိသည်။

"ဒါဆိုရင် ခင်ဗျားကလည်း တခြားလူတွေလိုပဲ ကျွန်တော့်ကို လူရွှင်တော်... လူရွှင်တော်ဆိုပြီး ရယ်စရာ လုပ်နေတာပေါ့လေ"

ရာဂျူး၏ ဒေါသတကြီး အော်ပြောလိုက်သံကြောင့် ဘေးပတ်ဝန်း ကျင်မှ လူများအတွက် အနှောက်အယှက်ဖြစ်သွားပြီး သူ့ကို ဝိုင်းအော်ကြသည်။ ဒေးဗစ်က ရာဂျူး၏လက်မောင်းကို ဆုပ်ကိုင်ကာ လူအုပ်ထဲမှ ဆွဲ ထုတ်လာပြီး...

"လာစမ်းပါ ရာဂျူး၊ တို့ပန်းခြံထဲ သွားကြမယ်၊ မင်းနဲ့ငါနဲ့ လူကြီး လူကောင်းဆန်ဆန် သွားပြီး ဆွေးနွေးကြရအောင်"

ရာဂျူး ဝမ်းသာသွားသည်။ သူ့ကို ကလေးတစ်ယောက်လို ဆက်ဆံ နေကြတာကို သူငြီးငွေ့ လှပြီ၊ ယခု ဒေးဗစ်က လူကြီးတစ်ယောက်လို သဘော ထား၍ ဆက်ဆံသည့်အတွက် ဒေးဗစ်ကို ကျေးဇူးတင်မိ၏။

သူတို့သည် ပန်းခြံထဲမှ ခုံတန်းလျားတွင် ထိုင်ကြသည်။ ဒေးဗစ်က စတင်၍ ပြောသည်။

"ရာဂျူး...ကမ္ဘာပေါ်မှာ လူရွှင်တော်လို အနှောက်အပြောင်ခံရ၊ ပြက်ရယ်ပြုခံရတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဘယ်လောက်ရှိတယ်ဆိုတာ မင်းသိသလား"

ရာဂျူးက ဦးခေါင်းကို ခါရမ်းပြလိုက်ပြီး ...

"ကျွန်တော်မသိပါဘူး၊ အဲဒါ ဘယ်သူတွေလဲ"

"ပထမဆုံးပုဂ္ဂိုလ်က ခရစ်တော်ပဲ၊ ရောမန်တွေက သူ့ကို လူလိမ် လူညာ၊ မှော်ဆရာလို့ စွပ်စွဲပြီး လက်ဝါးကပ်တိုင်မှာ ကားစင်တင်ပြီး သတ် လိုက်ကြတယ်၊ ဒါပေမဲ့ သူက သူ့ကိုသတ်တဲ့ လူတွေကို စိတ်မဆိုးဘူး၊ မေတ္တာထားတော်မူတယ်၊ အဲဒါဟာ မြင့်မြတ်တဲ့ လူရွှင်တော်တစ်ဦးရဲ့ လုပ်ရပ်ပဲ မဟုတ်ဘူးလား"

ရာဂျူး တော်တော် စိတ်ဝင်စားလာသည်။

"ပြီးတော့ ဘယ်သူရှိသေးလဲ"

"မဟတ္တမဂန္ဒီ ရှိသေးတယ်၊ အင်္ဂလိပ်တွေက သူ့ကို မလှံ့တလှံ့ လန်ကွတ်တီနဲ့ ဖကီးဘုန်းကြီးဆိုပြီး သရော်ပြောင်လှောင်ခဲ့ကြတယ်၊ ကာတွန်းဆရာတွေက "မစ်ကီမောက်စ်"ပုံမျိုး ရုပ်ပြောင်ဆွဲပြီး အပုပ်ချခဲ့ ကြတယ်၊ လူသတ်သမားက သူ့နှလုံးသားထဲကို ကျည်ဆံလေးတောင့် ပစ်သွင်းခဲ့တယ်၊ ဒါပေမဲ့ သူက ဒေါသမထွက်ဘူး၊ မမုန်းဘူး၊ နောက်ဆုံးမှာ "အို...ဘုရားသခင်"လို့ပြောပြီး သေဆုံးသွားခဲ့တယ်၊ အဲဒါဟာ မြင့်မြတ်တဲ့ လူ့ရွှင်တော်တစ်ဦးရဲ့လုပ်ရပ်ပဲ မဟုတ်ဘူးလား"

ရာဂျူးသည် မဟတ္တမဂန္ဒီ၏ခေတ်ပုံကို ပြက္ခဒိန်တွင် မြင်ဖူးသည်။ ပိန်ပိန်၊ သေးသေး၊ မည်းမည်းကလေး။ နားရွက်တွေက အကြီးကြီး၊ မျက်လုံး သေးသေးကလေးတွေက သံမဏိကိုင်း မျက်မှန်ဝိုင်းကို ထိုးဖောက်ပြီး ရွှန်းကြည်နေသည်။ အပေါ်ပိုင်းတွင် အကျႌမဝတ်ဘဲ အောက်ပိုင်းတွင် လန်ကွတ်တီကိုသာ ဝတ်ထားသည်။ ဦးခေါင်းပေါ်မှာတော့ ရယ်စရာ ကောင်းတဲ့ ဝါးပပ်ဦးထုပ်ကြီးနှင့်။ မိုးတွင်းမှာ လယ်ထွန်ဆင်းတဲ့ ဘင်္ဂါလီ လယ်သမားကြီးပုံမျိုး။ တကယ့်လူ့ရွှင်တော်ပုံပဲ။ ခေတ်ပုံထဲတွင် ကလေး တစ်ယောက်လည်း ပါသည်။ ဝါးတောင်ဝှေး ကိုင်ထားသည့် ဂန္ဒီကြီးအား ဖေးမပြီး လိုက်လာသည်။ ထိုကလေးနှင့် ဂန္ဒီကြီးတို့ နှစ်ယောက်စလုံး ရယ်နေကြသည်။ သူတို့ကိုမြင်ရတာ တကယ်ရယ်စရာ ကောင်းသည်။

"ဒါဆို ဂန္ဒီကြီးလည်း လူ့ရွှင်တော်ပဲပေါ့၊ နောက်ကော ဘယ်သူရှိသေးလဲ"

"နေရူး ရှိသေးတယ်၊ သူက ဗရုတ်သုတ်ခလောကကြီးကို အမှန် အတိုင်း မြင်ရအောင်ဆိုပြီး ခေါင်းကို ကြမ်းပြင်မှာထားပြီး ခြေနှစ်ချောင်းကို အပေါ်မတ်မတ် ထောင်ထားတယ်၊ အဲဒီလို နေ့တိုင်းလေ့ကျင့်တယ်၊ အဲဒါဟာ ကြီးကျယ်တဲ့ လူ့ရွှင်တော်ကြီးတစ်ယောက်က လောကကြီးရဲ့ ရယ်စရာ ကောင်းပုံကို သဘောကျပြီး သူ့ကိုယ်သူလည်း ရယ်စရာကောင်းအောင် လုပ်တာပဲ မဟုတ်ဘူးလား"

သို့သော်လည်း အဲသည် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေနှင့် ငါ့လို အညတရ ကလေးတစ်ယောက်နှင့် ဘယ်လိုနှိုင်းယှဉ်နိုင်ပါ့မလဲဟု ရာဂျူး တွေးမိသည်။ ထို့ကြောင့် သူက ပြောလိုက်၏။

"ကျွန်တော်တော့ ဘာမှနားမလည်ဘူး၊ အစ်ကိုကြီးက ဘာကိုပြော ချင်တာလဲ"

ဒေးဗစ်က ရာဂျူး၏ကျောကုန်းကို ကြင်နာစွာ တစ်ချက်ပုတ်လိုက် ပြီးတော့...

"ငါပြောချင်တာက အဲဒီလူ့ရွှင်တော်ဟာ သာမန်လူ၊ အလကားလူ မဟုတ်ဘူး၊ သူ့ရုပ်ကတော့ ရူးကြောင်ကြောင်ပဲ၊ ဒါကလည်း လူ့ရွှင်တော် မျက်နှာဖုံး စွပ်ထားလို့ပါ၊ ဒါပေမဲ့ သူဟာ ဝမ်းနည်းတာ၊ ဝမ်းသာတာကို ခံစားတတ်တယ်။ ဝမ်းနည်းစရာ၊ ဝမ်းသာစရာတွေကို ရယ်စရာဖြစ်အောင် ဖန်တီးတတ်တယ်။ သူဟာ ဆယ့်ငါးနှစ်အရွယ်ပဲဖြစ်ဖြစ်၊ ငါးဆယ် အရွယ်ပဲဖြစ်ဖြစ် သူ့နှလုံးသားကတော့ ကလေးအရွယ်ပဲ"

ရာဂျူးက နက်နဲသိမ်မွေ့သော ဒဿနသဘောတရားတွေကို နားမလည်။

သို့သော်လည်း ဒေးဗစ် ပြောလိုသည့် အဓိပ္ပာယ်ကိုတော့ သူ ရိပ်စား မိ၏။

"ရာဂျူး" ဒေးဗစ်က ဆက်၍ပြောသည်။ "လောကကြီးမှာ ပူဆွေး သောကရောက်နေတဲ့လူတွေ၊ ဆင်းရဲဒုက္ခရောက်နေတဲ့လူတွေ အများကြီး ရှိတယ်။ အဲဒီတော့ စိတ်ချမ်းသာစရာ၊ ရယ်မောပျော်ရွှင်စရာကို ပေးနိုင်တဲ့ လူတစ်ယောက်ပဲ ရှိစေဦး၊ အများကြီး အကျိုးရှိတယ်၊ အဲဒီလူဟာ မင်းပဲ ဖြစ်နိုင်တယ်လို့ ငါထင်တယ်"

"ဟင်... ကျွန်တော်" ရာဂျူး အံ့သြသွားသည်။

"ဟုတ်တယ်၊ မင်းပဲ" ဒေးဗစ်က ရာဂျူး၏မျက်နှာကို စေ့စေ့ကြည့် ရင်း "ဒါပေမဲ့ အဲဒီအတွက် မင်းဟာ အများကြီး အနစ်နာခံရလိမ့်မယ်။ မင်းဟာ အသည်းကွဲအောင် ခံစားရမယ်၊ ဒါပေမဲ့ မင်း မငိုဘူး၊ ရယ်နေမယ်၊ သူများတွေ ရယ်အောင် လုပ်မယ်။ မင်းကို အသည်းကွဲအောင် လုပ်ကြလိမ့် မယ်။ ဒါပေမဲ့ မင်းမမုန်းဘူး၊ ချစ်နေလိမ့်မယ်။ အဲဒါ ဘာကြောင့်လဲ၊ မင်းဟာ အချစ်ကို ချစ်နေလို့ပဲ။ မင်းက ရယ်တာကို ချစ်သလို သူများတွေ ရယ်အောင် လုပ်ရတာကိုလည်း ချစ်နေလို့ပဲ"

ရာဂျူး ငြိမ်နေသည်။ ဒေးဗစ်ပြောတာတွေကို နားလည်အောင် စဉ်းစားနေသည်။ ထို့နောက် ဒေးဗစ်က မေးလိုက်၏။

"ဒီတော့ အခုဆိုရင် မင်းဟာ ကိုယ့်ရဲ့ဘဝလမ်းကြောင်းကို သိသွားပြီ၊ ဒါကြောင့်မို့ လူရွှင်တော်လို့ ခေါ်တာကို စိတ်မဆိုးပါနဲ့"

ရာဂျူး၏ရင်ထဲတွင် ပြောချင်တာတွေ အများကြီး ရှိသည်။ သို့သော် လည်း သူ့ခံစားချက်ကို ဖော်ထုတ်ရန် စကားလုံးရှာမရ။ သူ့အတွေးကို ဖော်ပြရန် ဝေါဟာရရှာမရ။ ထို့ကြောင့် သူသည် ဘာမှမပြောတော့ဘဲ သူ၏ မခံချင်သည့်စိတ်နှင့် ရည်စူးချက်ကို ဖွင့်ဟသည့် အမူအရာဖြင့် ညာဘက်ကို မြှောက်ကာ ခပ်ကျယ်ကျယ် ကြွေးကြော်လိုက်လေ၏။

"ကျွန်တော့်နာမည် လူရွှင်တော်"

※

ဟောကီပြိုင်ပွဲ ပြီးဆုံးသောအခါ သူတို့အသင်း အနိုင်ရသောကြောင့် မေရီက ဒေးဗစ်ကို မျက်ကလူးဆန်ပျာ လိုက်ရှာနေ၏။ ဒေးဗစ်သည် ပန်းခြံထဲတွင် ရာဂျူးနှင့် စကားပြောနေကြောင်း တစ်စုံတစ်ယောက်က သတင်းပေးသည်။

"ဟဲလို... ဒေးဗစ်"

မေရီက လှမ်းခေါ်လိုက်သည်။ သို့သော် ဒေးဗစ်တစ်ယောက်တည်း။

"ဟဲလို ... မေရီ၊ ဂုဏ်ယူပါတယ်"

"ကျေးဇူးပါပဲ" သူမက ဘေးဘီကို ဝေ့ကြည့်လိုက်ရင်း "ဒါနဲ့ ရာဂျူး ကော၊ ရှင်တို့နှစ်ယောက် စကားပြောနေတယ်ဆို"

ဒေးဗစ်က မိုးကောင်းကင်ကို မျှော်ကြည့်လိုက်သည်။ ထို့နောက် သူက ပြောလိုက်သည်။

“စောစောက သူ ငါနဲ့အတူ ဒီမှာထိုင်နေတာ၊ အခု သူမရှိတော့ဘူး၊ ထွက်သွားပြီ”

ရာဂျူး ကျောင်းသွားရန် ပြင်ဆင်နေစဉ် သူ့အမေ၏ တဟွပ်ဟွပ် ချောင်းဆိုးသံ ကြားရသည်။

“မာမာ… ဘယ်လိုဖြစ်နေလို့လဲဟင်” သူက စာအုပ်တွေကို အိတ်ထဲ ထည့်ရင်းမှ လှမ်းမေးလိုက်သည်။

“မာမာ ဘာမှမဖြစ်ပါဘူး သားရယ်” တကယ်တော့ သူမမှာ ပန်းနာ ချောင်းဆိုးရောဂါ ရှိသည်။

ရာဂျူး သူ့အမေဆီသို့ လာပြီး နဖူးကို စမ်းကြည့်သည်။ သူ အလန့် တကြား အော်ပြောလိုက်၏။

“ဟင်… ကိုယ်တွေလည်း ခြစ်ခြစ်တောက် ပူလို့ပါလား၊ ဒါဆို မာမာ အလုပ်သွားလို့ မဖြစ်တော့ဘူး”

သူမ ကိုယ့်ကိုယ်ကိုယ် အားယူပြီး ထထိုင်သည်။

“မာမာ အလုပ်မသွားရင် ဘာနဲ့ ထမင်းစားမလဲ၊ ကျောင်းလခ ဘယ်လိုလုပ်ပြီး ပေးမလဲ”

“မာမာ… မာမာ အလုပ်တွေ အများကြီး လုပ်ခဲ့ပြီးပါပြီ၊ မာမာ အလုပ်မလုပ်ပါနဲ့တော့၊ သားလည်း အခုဆို အရွယ်ရောက်ပါပြီ၊ သား လုပ်ကျွေးပါ့မယ်၊ မာမာ အနားယူပါတော့”

သူက အမေ့ကို အိပ်ရာထဲ လှဲသိပ်ပေးသည်။

“မင်း ရူးနေပြီလား ရာဂျူး၊ မင်း အလုပ်လုပ်ရင် ကျောင်းဘယ်လို တက်နိုင်တော့မှာလဲ၊ ကျောင်းမတက်ရင် အရေးပါတဲ့လူ ဘယ်လိုဖြစ်နိုင် တော့မှာလဲ၊ ငါ့ရည်မှန်းချက်တွေ ဘယ်လိုလုပ် ဖြစ်နိုင်တော့မှာလဲ”

“မပူပါနဲ့ မာမာ၊ သား ကျောင်းတက်ရင်းနဲ့ အလုပ်လုပ်မယ်”

“သားက ငယ်ပါသေးတယ်ကွယ်၊ ဘယ်လိုအလုပ်မျိုး လုပ်နိုင်မှာပဲ”

“သား လုပ်နိုင်တဲ့အလုပ်ဆိုရင် ဘယ်အလုပ်ပဲဖြစ်ဖြစ် လုပ်မယ်မာမာ”

※

ယခုအခါ ရာဂျူးမှာ သူ၏နှလုံးသားဆန္ဒနှင့်အညီ အလုပ်ရနေပြီဖြစ်၏။ သူ့အလုပ် က လူရွှင်တော်အလုပ်၊ ယင်းအလုပ်အတွက် အထွေအထူးမလို၊ ထိပ်ချွန် ဦးထုပ်မြင့်တစ်လုံး၊ အကျီပွရောင်းရောင်း တစ်ထည်နှင့် မျက်နှာကို ဆေးခြယ်ရန်သာ လိုသည်။

သူက ခေါင်းလောင်းကလေးကို တချွင်ချွင်တီးလိုက်လျှင် လူတွေ သူ့ဆီကို

ဝိုင်းအုံလာကြသည်။ ထို့နောက် သူက ခနောက်စိမ်းသတ္တုမှုန့် မျက်စဉ်းဆေးကို ရောင်းသည်။

ဆေးရောင်းနည်း၊ စကားပြောနည်းတွေကိုလည်း သူက အဆင်သင့် လေ့လာထားပြီး ဖြစ်သည်။ ထိုပညာရပ်အတွက် သူ၏ မြင်ဆရာများမှာ လမ်းပေါ်က မျက်လှည့်ဆရာတွေနှင့် မြွေလမ္ပာယ်ဆရာတွေ ဖြစ်ကြ၏။ “ဒီမှာ...ကျွန်တော်ပြောမယ် မိတ်ဆွေတို့၊ အပေါင်းအသင်း ရောင်းရင်းတို့၊ အိန္ဒိယအမျိုးသား အမျိုးသမီးအပေါင်းတို့ ခင်ဗျား... လောကမှာ တန်ဖိုးအရှိဆုံးအရာဟာ ဘာလဲဆိုတာကို သိကြပါသလား၊ မှန်းကြည့်ကြစမ်းပါ”

“အဲဒီ အရာဟာ ဝေဒကျမ်းတွေ၊ ကိုရန်ကျမ်းတွေ၊ သမ္မာကျမ်းတွေ လည်း ဖတ်တတ်ပါတယ်၊ ပြီးတော့ အဂ္ဂရာမြို့က တပ်ဂျ်မဟာလ်ရဲ့ အလှ၊ ဒေလီမြို့က ဘာလမန္ဒာရဲ့အလှ၊ အလာဟာဘတ်မြို့က ဂင်္ဂါ၊ ယမုနာ၊ ဆရာဆွာတီမြစ်တွေရဲ့ အလှကိုလည်း ကြည့်မြင်တတ်ပါတယ်၊ နောက်ပြီး တော့ နာမည်ကျော် အနုပညာရှင်များဖြစ်ကြတဲ့ ရပ်ဂျ်ကပူး၊ ရာဂျန္ဒရာ ကူမားနဲ့ ဝိဂျယန္တိ မာလတို့ရဲ့ အလှတွေကိုလည်း ရှုစားတတ်ပါတယ်။ ကဲ... ဒီတော့ အဲဒီလို အံ့သြစရာကောင်းတဲ့၊ ခမ်းနားဆန်းကြယ်တဲ့၊ တန်ဖိုးမဖြတ် နိုင်တဲ့အရာဟာ ဘာလဲ၊ ပြောကြစမ်းပါ... ပြောကြစမ်း”

ပရိသတ်တွေအားလုံး နှုတ်ပိတ်နေကြသည်။ အားလုံး ဦးနှောက် ခြောက်ကုန်ကြသည်။ ဘယ်သူမှ မပြောနိုင်ကြ။

ဤတွင် ပန်ချာဘီ ပညာရှိကြီးတစ်ယောက်က ပြောလိုက်သည်။

“တို့ စဉ်းစားလို့မရဘူး၊ မင်းပဲ ပြောပြပါတော့”

“ဟာ... ဟုတ်ပြီ၊ ဒါဆို အရှုံးပေးပြီပေါ့ ဟုတ်လား”

“ဟုတ်ပါတယ်၊ အရှုံးပေးပါတယ်” ထိပ်ပြောင်လူကြီးတစ်ယောက် က ခေါင်းကုတ်ပြီး ပြန်ပြောလိုက်သည်။

“ကောင်းပြီ၊ ကျွန်တော်ပြောပြမယ်၊ အားလုံး နားဆင်ကြပါခင်ဗျာ၊ ဒါပေမဲ့ အဲဒီအရာက တစ်ခုတည်းမဟုတ်ဘူး၊ နှစ်ခု... နှစ်ခုတစ်စုံခင်ဗျ၊ အဲဒါ ဘာလဲ ... သိလား၊ တခြားမဟုတ်ပါဘူး၊ တခြားမဟုတ်ပါဘူး၊ လူတိုင်း လူတိုင်း မျက်နှာမှာ မွေးကတည်းက ပါလာတဲ့ မွေးရာပါ “မျက်စိနှစ်ကွင်း” ဖြစ်ပါတယ် ခင်ဗျား၊ အဲဒီမျက်စိနှစ်ကွင်းနဲ့ပဲ ဝေဒကျမ်းမြတ်တွေ၊ တခြားဘာသာရေး တရားဓမ္မစာပေတွေကို ဖတ်ရှုကြတယ် မဟုတ်ပါလား ခင်ဗျား

ပရိသတ်တွေအားလုံး သဘောကျပြီး တဟားဟား ရယ်မောကြသည်။ ရာဂျူးကလည်း သည်အချက်ကိုပင် အဓိက ရည်ရွယ်ခြင်းဖြစ်၏။ သည်တော့မှ ရာဂျူးသည် သူ့ကိုယ်သူ လမ်းဘေးက တကယ့် ဆေးရောင်းသမားကြီးလို ဟန်မူရာကောင်းကောင်းဖြင့် သူ့ဆေးကို လက်တွေ့ ရောင်းချပါတော့သည်။

“ဂုဏ်သရေရှိတဲ့၊ ကြင်နာတတ်တဲ့၊ လိမ္မာတဲ့၊ မိုက်မဲ ဟိုလူ ဒီလူ အားလုံး လူအပေါင်းတို့ခင်ဗျား... ကျွန်တော်က အားလုံးကောင်းကျိုး အတွက် စေတနာကောင်းနဲ့ ကြေညာမောင်းခတ်လိုက်ပါသည်။

"လူကြီးမင်းတို့ရဲ့ မျက်စိနှစ်ကွင်းဟာ ဘုရားသခင် ချီးမြှင့်တော်မူတဲ့ တန်ဖိုးအရှိဆုံး လက်ဆောင်မွန် ဖြစ်တယ်ဆိုတာ သတိရကြပါခင်ဗျာ။ ဒါကြောင့်မို့ ကိုယ့်မျက်လုံးကိုကိုယ် ဂရုစိုက်ကြပါ၊ စောင့်ရှောက်ကြပါ။ နေရောင်၊ ဖုန်မှုန့်၊ သဲမှုန့်၊ မီးခိုး စတဲ့ အန္တရာယ်တွေက ကာကွယ်ကြပါ။

"မျက်လုံးက မျက်ရည်ယိုလာရင်၊ မျက်လုံးနီလာရင်၊ မျက်စိနာ လာရင်၊ မျက်လုံးကျိန်းစပ်လာရင်၊ ဒါမှမဟုတ် ချောချောလှလှ ကောင်မလေးတွေကို မျက်လုံးစွေစောင်းနဲ့ကြည့်ရင်၊ မျက်တောင် ပုတ်ခတ်ပုတ်ခတ်နဲ့ ကြည့်ရင် သူတို့ရဲ့ အစ်ကိုတွေ၊ မောင်တွေ၊ ရည်းစားတွေက လူကြီးမင်းတို့ကို လိုက်ပြီး ရိုက်ကြပါလိမ့်မယ်"

သူကိုယ်တိုင် မျက်လုံးကို စွေစောင်းပြ၊ မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်ပြသောကြောင့် ပရိသတ်က ဝါးခနဲ ရယ်လိုက်ကြ၏။ ဤတွင် သူသည် တကယ်ပင် ကြေးစားလူရွှင်တော်ဖြစ်နိုင်ကြောင်း သတိပြုလိုက် မိ၏။ လူတွေကို ရယ်အောင် သူ လုပ်နိုင်ပြီ။

- လိုရင်း တိုရှင်းကို ပြောရမယ်ဆိုရင်ဖြင့် မျက်စိမှုန်၊ မျက်ရည်ယို၊ တိမ်စွဲ စတဲ့ မျက်စိဝေဒနာ ခံစားနေရရင် ပကတိအတိုင်း မျက်စိကြည်လင်ပြီး အဝေးမြင်၊ အနီးမြင်၊ လင်းယုန်မြင်၊ လင်းတမြင်... မြင်ချင်ရင်၊ ဒါမှမဟုတ် ကိုယ့်ချစ်သူကို တည့်တည့်ကြည့်၊ တစောင်းကြည့်၊ စွေကြည့်၊ ကြာကြည့်၊ ငမ်းကြည့်နဲ့ ကြည်ကြည်လင်လင် ပီပီပြင်ပြင်ကြည့်ချင်ရင် အကောင်းဆုံး မျက်စဉ်းဆေးကတော့ ကျွန်တော့်ရဲ့ နိုင်ယင်ထရာ သွားတိုက်ဆေးမှုန့်ပါပဲ ခင်ဗျား"

ရာဂျူးက တမင်တကာ ရယ်စရာလုပ် ပြောလိုက်သောကြောင့် လူတွေအားလုံး ဝါးခနဲ ရယ်လိုက်ကြပြန်၏။

". . . မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော် မှားသွားလို့၊ မှားသွားလို့ပါ ခင်ဗျား၊ နိုင်ယင်ထရာ သွားတိုက်ဆေးမှုန့် မဟုတ်ပါခင်ဗျား၊ အမှန်တကယ်က နိုင်ယင်ထရာ မျက်စဉ်းဆေးမှုန့်ပါခင်ဗျား၊ မျက်စဉ်းဆေးမှုန့်ပါ"

ပရိသတ် ရယ်သံ သောသောညံသွားပြန်၏။

"ဈေးကလည်း ချိုပါတယ်ခင်ဗျာ့၊ ချိုလိုက်တာမှ ပျားရည်ထက်တောင် ချိုပါသေးတယ်" (ရယ်မောသံများ)။ "ပုလင်းသေးက တစ်ကျပ်တည်း ပါ၊ ပုလင်းကြီးက နှစ်ကျပ်တည်းပါ။ မိတ်ဆွေတို့ ကြိုက်တာ ယူကြပါ၊ လက်ကျန်နည်းနေလို့ပါ ခင်ဗျာ့၊ ဦးရာလူ ရမယ်ခင်ဗျာ့၊ ဒီမှာ...ဒီမှာ ကြိုက်တာ ယူပါ၊ တစ်ကျပ်တည်း၊ ကြိုက်တာယူပါ နှစ်ကျပ်တည်း"

ရာဂျူးသည် သူ၏လူရွှင်တော်အဖြစ် အောင်မြင်မှုကို လက်တွေ့ဒိဋ္ဌ သိလိုက်ရပြီ။ သူ သည်လိုပဲ ရှုးပေါပေါ လူရွှင်တော်ပုံစံဖြင့် ဆက်လုပ်သွား မည်၊ ပေါကြောင်ကြောင်ပုံစံဖြင့် လူတွေကို ဖြေဖျော်သွားမည်။

ရာဂျူး၏ မျက်စဉ်းဆေးမှုန့်တွေကို လူတွေက အလုအယက်တိုးကြိတ်ဝယ်ကြရာ ခဏချင်း ပြုက်ခနဲ ကုန်သွားသည်။ ရာဂျူးကို လူတွေ ဝိုင်းထား၍ လမ်းပိတ်နေသည်။ အနက်ရောင် ဇိမ်ခံကားကြီးတစ်စီး ရှေ့ဆက် မသွားနိုင်ဘဲ ထိုးရပ်လိုက်ရ၏။

ကားထဲတွင် ဝဝဖိုင့်ဖိုင့် မိန်းမတစ်ယောက်နှင့် ကျောင်းဝတ်စုံ ဝတ်ထားသည့် သူမ၏ သားကလေး ပါလာသည်။ "ဒါက ဘာဖြစ်နေတာလဲ၊ အဓိကရုဏ်း ဖြစ်နေတာလား" ကားထဲမှ သူဌေးမက ကားမောင်းသူကို မေးလိုက်၏။ ကားမောင်းသူက ပြတင်းပေါက်မှ ခေါင်းပြူကာ လှမ်းကြည့်လိုက်ပြီးနောက်...

"လမ်းဘေးဈေးသည် ဆေးရောင်းနေတာပါ မမ"

"မာမီ... အဲဒါ သားတို့ကျောင်းက ကျောင်းသားလေးပါ" ကားထဲမှ သားကလေးက သူ့အမေကို ပြောလိုက်ပြီး တစ်ဆက်တည်းပင် "ဟေ့... ရာဂျူး၊ ဟေ့ကောင်... ရာဂျူး"

ရာဂျူးက လှည့်ကြည့်လိုက်တော့ သူ၏ အတန်းတူမိတ်ဆွေ ဂေါဗင် ကို ဖြစ်နေ၏။

"ဟေး... ဂေါဗင်" သူက ကားအနီးသို့ ပြေးလာပြီး "ငါ့အစား ကျောင်းတက်စာရင်း ထိုးလိုက်ပါကွာ၊ ငါ နည်းနည်း နောက်ကျမှာမို့လို့ပါ"

လူရွှင်တော် အဝတ်အစားနှင့် ရာဂျူးကို မြင်လိုက်ရတော့ ကားထဲမှ မိန်းမကြီးက မသတီဟန်ဖြင့် မျက်နှာရှုံ့မဲ့လျက်...

"ဟေ့... ဒရိုင်ဘာ၊ မောင်း... မောင်း၊ လူအုပ်ကို ဖြတ်မောင်း" ကားဆရာက လူတောထဲ အတင်းဖြတ်မောင်းသည်။ တချို့က ကားနှင့် ပွတ်တိုက်သွားသဖြင့် နောက်မှလိုက်၍ အယုတ္တအနတ္တ ကျိန်ဆဲ ကျန်ရစ်ခဲ့ကြ၏။

ကားထဲမှာတော့ မိန်းမကြီးက သူ့သားကို တင်းတင်းမာမာ အကြည့် ဖြင့် ...

"အဲဒီ လမ်းဘေးက လူရွှင်တော်က သားနဲ့ တစ်တန်းတည်းဆိုတာ တကယ်ပဲလား"

"ဟုတ်တယ်... မာမီရဲ့" ဂေါဗင်က အားတက်သရော ပြန်ပြော၏။ "ဒီကောင်က တော်တော် စိတ်ဝင်စားဖို့ကောင်းတာ၊ ရယ်စရာလည်း အရမ်း လုပ်တတ်တယ်၊ သူ့ကို သားတို့အားလုံးက လူရွှင်တော်လို့ပဲ ခေါ်ကြတာ၊ သူက သိပ်ပြီး ဆင်းရဲတယ် မာမီရဲ့၊ ဒါကြောင့် ကျောင်းတက်ရင်း အလုပ် လုပ်ရတာပေါ့၊ သိပ်ပြီး အံ့ဩဖို့ကောင်းတာ မာမီရဲ့၊ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ မှန်တယ်၊ သိပ်ပြီး အံ့ဩဖို့ကောင်းတယ်၊ ဒီလိုကလေ ကချေ အကောင်မျိုးနဲ့ ငါ့သားက တစ်တန်းတည်း တက်ရတာ သိပ်ပြီး အံ့ဩဖို့ကောင်းတယ်"

ရာဂျူး အတန်းထဲရောက်သွားတော့ ကျောင်းအုပ်ကြီးက သူ့ကို ခေါ်ကြောင်း သိရ၏။

သူ အမြဲတမ်း ကျောင်းတက်နောက်ကျတာကို ကျောင်းအုပ်ကြီး သိသွားပြီ ထင်၍ တော်တော် စိုးရိမ်သွားသည်။ ကျောင်းအုပ်ကြီး၏ရုံးခန်းသို့ လာရင်း ဆီလျော်မည့် အကြောင်းပြချက်ကို တွေးလာစဉ် ရုံးခန်းထဲမှ ပြန်ထွက်လာသည့် ဂေါဗင်၏အမေနှင့် တိုက်တိုက်ဆိုင်ဆိုင် လာတိုးသည်။ ရာဂျူးက လက်အုပ်ချီ၍ အရိုအသေပြုလိုက်သည်။ မိန်းမကြီးက ရာဂျူးကို မျက်နှာရှစ်ခေါက်ချိုးနှင့် တစ်ချက် စောင်းကြည့်ပြီး လျှောက်ထွက်သွားသည်။ သို့သော်လည်း သည်မိန်းမကြီး ကျောင်းအုပ်ကြီးဆီ လာတာနှင့် သူ့ကို ကျောင်းအုပ်ကြီးခေါ်တာ ဘယ်လို ဆက်စပ်နေကြောင်း ရာဂျူးက လုံးဝ မစဉ်းစားမိ။

ရုံးခန်းထဲတွင် ခရစ်တော်၏ ပုံတူပန်းချီကားအောက်၌ မုတ်ဆိတ်မွေးဖားဖားနှင့် ကျောင်းအုပ်ကြီး ထိုင်နေ၏။ ကျောင်းအုပ်၏ စားပွဲရှေ့တွင် ထိုင်နေသည့် မေရီကို မြင်လိုက်ရတော့ ရာဂျူး ကြောက်စိတ်ပြေသွားသည်။ ဆရာမရှိနေရင်တော့ ဆိုးဆိုးရွားရွား မဖြစ်နိုင်ပါဘူးဟု သူ တွေးလိုက်မိ၏။ ဆရာမက သူ့ကို ပြုံးပြသည်။ သူ အားတက်သွားသည်။

ကျောင်းအုပ်ကြီးက စာရွက်စာတမ်းပုံပေါ်မှ ရာဂျူးကို မော့ကြည့်လျက်...

"ရပ်ဂျ်ရန်ဘား ဆိုတာလား"

"ဟုတ်ပါခင်ဗျား"

ကျောင်းအုပ်ကြီးက စာရွက်တွေ လှန်နေပြန်၏။ ပြီးတော့မှ...

"မင်း ကျောင်းလခ မပေးတာ သုံးလရှိပြီ မဟုတ်လား"

ရာဂျူးမပြောမီ မေရီက ကြားဝင်ပြီး...

"ဆရာကြီးကို ကျွန်မ ကတိပေးပြီးတဲ့အတိုင်း သူ့လခကို ကျွန်မ ပေးပါ့မယ် ဆရာကြီး"

ရာဂျူးက မေရီကို ကျိတ်ပြီး ကျေးဇူးတင်မိသည်။ သို့သော်လည်း သူက သူ့ကြောင့် ဘယ်သူ့အပေါ်တွင်မှ တာဝန်မပိစေချင်။ ကျောင်းအုပ်ကြီး က မေရီကို လက်ကာ၍ တားလိုက်ပြီးနောက်-

"ဆရာမ မေရီ၊ ငါ ရာဂျူးနဲ့ စကားပြောနေတယ်"

ဤတွင် ရာဂျူးက...

"ဒီလို...ဒီလိုဖြစ်ရတာက ကျွန်တော့်အမေ မမာလို့ပါ ခင်ဗျား"

ကျောင်းအုပ်ကြီးက စားပွဲကို လက်သီးနှင့် ထုလိုက်ပြီး အသံမာမာဖြင့် -

“အဲဒါကြောင့် မင်းက လူရှင်တော်လိုဝတ်ပြီး လမ်းတကာလျှောက် ဆေးလိုက်ရောင်းတယ်ပေါ့၊ ဟုတ်စ”

“ဟုတ်ပါတယ် ခင်ဗျာ့၊ ကျွန်တော်က လူရှင်တော်လုပ်ရတာ၊ လူတွေကို ရယ်အောင်လုပ်ရတာ ကြိုက်ပါတယ်၊ ကျွန်တော့်အဖေလည်း လူရှင်တော်ပဲ လုပ်ခဲ့ပါတယ်”

သူက သူ့အဖေရုပ်သွင်ကို မြင်ယောင်ကာ ပြုံးလိုက်သည်။

သို့သော်လည်း ကျောင်းအုပ်ကြီး၏ စကားကြောင့် သူ့အပြုံး ပျောက်ကွယ်သွား၏။

“ရာဂျူး... ငါ စိတ်မကောင်းပါဘူး၊ မင်း ကျောင်းထွက်ရမယ်”

ရာဂျူးက “ဟုတ်ကဲ့ ခင်ဗျား”ဟု လွတ်ခနဲ ပြန်ပြောလိုက်၏။ သူ့ စကား တိုတောင်းပေမယ့် အဓိပ္ပာယ်တော့ အများကြီး ရှိသည်။ သူ့စကားတွင် အံ့သြခြင်း၊ နောင်တရခြင်း၊ နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ မကျေနပ်ခြင်းတို့ ပါဝင်၏။

မေရီက ရာဂျူးကိုယ်စား အသနားခံသည်။

“ရပ်ဂျ်ရန်ဘားဟာ ဉာဏ်ကောင်းပြီး ထက်မြက်တဲ့ ကလေး တစ်ယောက်ပါ ဆရာကြီး၊ ဆရာကြီး၊ လူရှင်တော်လို ဝတ်စားပြီး ဆေးရောင်းတာဟာ ပြစ်မှုမဟုတ်ပါဘူး၊ အမေရိကမှာဆိုရင် အလုပ်လုပ်ရင်း ပညာသင်တဲ့ ကလေးတွေ အများကြီးရှိပါတယ်”

“ဒါပေမဲ့ ဒါအမေရိက မဟုတ်ဘူး မေရီ၊ အိန္ဒိယ... အိန္ဒိယ၊ ငါ့အနေ နဲ့ ကျောင်းသားမိဘတွေရဲ့ မကျေနပ်မှုကို ထည့်တွက်ရမယ်၊ တချို့မိဘတွေ က သူတို့ကလေးတွေကို လမ်းပေါ်က စျေးသည်၊ ဒါမှမဟုတ် လူရှင်တော် တစ်ယောက်နဲ့ တစ်တန်းတည်းမှာ အတူတူ မထားချင်ကြဘူး၊ ခုနကပဲ မစ္စတာ ဗားမား လာသွားတာ မင်းအမြင်ပဲ၊ သူ တော်တော် ဒေါသထွက်ပြီး စိတ်မချမ်းသာ ဖြစ်နေတာ”

မစ္စတာဗားမားတဲ့လား၊ ရာဂျူး တွေးနေမိသည်။ ဂေါဗင်ရဲ့ အမေ။ ဝဝဖိုင့်ဖိုင့် သူဌေးမကြီး၊ ဗာရာဏသီထွက် ပိုးဘရိုကိတ် ဆာရီဝတ်လို့၊ ငါ့ကို နှာခေါင်းရှုံ့ပြပြီး လှည့်ထွက်သွားတယ်။ ဒါကြောင့်မို့ ငါ့ကို ကျောင်း ထုတ်တာကိုး၊ ကျောင်းလခကိစ္စက တမင်အကြောင်းပြတာပါ။

ကျောင်းအုပ်ကြီးက မေရီကို ကြည့်ပြီး ဆက်ပြောသည်။

“ဒါပေမဲ့ မင်း ဘာမှမပူပါနဲ့၊ ရပ်ဂျ်ကို ငါ စေတနာ့ဝန်ထမ်းကျောင်း တစ်ကျောင်း ပို့ပေးပါ့မယ်၊ ခင်ကြီးဖာသာလိုဘိုကို ပြောဖို့ မင်းက ငါ့ကို သတိပေးပါ”

“ကျေးဇူးတင်ပါတယ် ဆရာကြီး” ရာဂျူးက မခံချင်စိတ်ဖြင့် ခပ်မာမာ ပြောလိုက်သည်။ “စေတနာ့ဝန်ထမ်းကျောင်းလည်း ကျွန်တော် မတက်တော့ဘူး၊ ဖာသာလိုဘိုကိုလည်း ဒုက္ခခံပြီး ပြောမနေပါနဲ့တော့၊ ကျေးဇူးပါပဲ ဆရာကြီး”

ရာဂျူး ဦးခေါင်းကို မော့ပြီး ပြန်ထွက်သွား၏။

ကျောင်းအုပ်ကြီးနှင့် မေရီတို့က ရာဂျူးထွက်သွားတာကို ထိုင်ကြည့်

ကျန်ရစ်ခဲ့ကြသည်။ ရုံးခန်းသည် ရုတ်တရက် မှောင်သွားပြီး တိတ်ဆိတ်သွား သလို ထင်ရ၏။ အလင်းရောင်ရာဂျူး အခန်းထဲ မှ အပြီးအပိုင် ထွက်သွား သလို ထင်မှတ်ရ၏။

မေရီက မတ်တတ် ထရပ်လိုက်ပြီးနောက်-

"ကျွန်မစိတ်မကောင်းပါဘူး ဆရာကြီး၊ ရာဂျူးကို အခုလို ထုတ်ပစ်လိုက်တာကို အရှင်မြတ်က နှစ်သက်တော်မူမှာ မဟုတ်ပါဘူး"

"ဘာအရှင်မြတ်လဲ... ဘယ်သူလဲ"

ကျောင်းအုပ်ကြီး ဇဝေဇဝါ ဖြစ်နေသည်။

မေရီက ခရစ်တော်ပုံတူကို လက်ညှိုးထိုးပြရင်း...

"သူပဲပေါ့"

ထို့နောက် သူမ အခန်းထဲမှ ပြန်ထွက်ခဲ့လေ၏။

※

စာသင်ကျောင်းစကြံမှ နံရံကပ်ဗီရိုဆောင်တွင် မှန်ပြတင်းကို နောက်ခံထား၍ ခရစ်တော်၏ စကျင်ကျောက်ဆင်းတုတော် ရှိသည်။ ခရစ်တော်၏ မျက်နှာပေါ်တွင် မေတ္တာကရုဏာတော်ဓာတ်သည် အထင်းသား ပေါ်လွင်နေ၏။ သို့သော် လည်း ယခုအချိန်တွင် ခရစ်တော်၏ တရားဓမ္မကို ဖြန့်ဝေနေသည့် သာသနာပြုစာသင်ကျောင်းက ရာဂျူးကို နှင်ထုတ်လိုက်ကြပြီ။

"နှုတ်ဆက်ခဲ့ပါတယ် အရှင်" ရာဂျူးက ခရစ်တော်ကို တိုင်တည်နေ၏။"သူတို့က အရှင်၏ လူ့ရွှင်တော်ကို ကျောင်းထုတ်လိုက်ပါပြီ၊ တပည့် တော်က အရှင့်ကို ရယ်မောပျော်ရွှင်အောင် လုပ်ချင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်၊ သူတို့က အရှင့်ကို အမြဲတမ်း ဝမ်းနည်းပူဆွေး နေစေချင်ကြ ပါတယ်"

ရာဂျူး တွေးနေမိသည်။ "ငါ့စိတ်ထဲက ထင်နေတာများလား၊ ဒီ အလင်းရောင်ဟာ တကယ်မှ ဟုတ်ပါရဲ့လား၊ ခရစ်တော်ရဲ့ ကျောက်ဆင်း တုတော် နှုတ်ခမ်းပေါ်မှ ညှိုးငယ်နွမ်းလျတဲ့ အပြုံးရိပ်ကလေး မသိမသာ ပေါ်လွင်နေပါရောလား"

"ရာဂျူး"

မေရီ၏ ခေါ်သံကို ကြားလိုက်ရ၏။

"အို.. ဆရာမ" သူက လှည့်မကြည့်ဘဲ ပြောလိုက်သည်။ သူ့မျက်ရည်ကို မေရီ မမြင်စေချင်။

"ကျွန်တော် သွားတော့မယ် ဆရာမ"

"ငါလည်း သွားတော့မယ် ရာဂျူး"

"ဟင်...ဆရာမလည်း သွားတော့မှာလား၊ ဘာကြောင့်လဲ၊ ကျွန်တော့်ကြောင့်လား"

"မင်းကြောင့် မဟုတ်ပါဘူး ရာဂျူး" မေရီက ပြောရမှာ ရှက်နေသည်။ ပြီးတော့မှ "ငါ မကြာခင် လက်ထပ်တော့မယ်"

ကြားလိုက်ရသော စကားကြောင့် ရာဂျူး နှလုံးခုန်ရပ်သွားသလို ခံစားလိုက်ရ၏။ သို့သော် သူ့စိတ်ထင်သာ ဖြစ်လိမ့်မည်။ သူ့နှလုံး အမှန်တကယ်သာ ရပ်သွားခဲ့လျှင် သူ ပွဲချင်းပြီး သေသွားမှာပေါ့။ သို့သော် သူသည် ထိုခဏ၌ အခြားသေခြင်းတစ်မျိုးကိုတော့ အမှတ်ထင်ထင် တကယ်ပင် ခံစားလိုက်ရ၏။ ယင်းသေခြင်းမှာ အခြားမဟုတ်၊ ဆယ့်ငါးနှစ်သားကလေး တစ်ယောက်၏ စိတ်ကူးအိပ်မက်များ၊ မျှော်လင့်ချက်များနှင့် ပျော်ရွှင်မှုများ အားလုံး ရုတ်တရက် သေဆုံးသွားခြင်းပင် ဖြစ်၏။

သူသည် မသေသေး၊ ရှင်နေဆဲ၊ ရပ်နေဆဲ၊ ကြားနေဆဲပင် ရှိသေးသည်။ ငါဘာကြောင့် အသက်ရှင်နေတာလဲ၊ ငါ့ကို ဘယ်အရာက အသက်ရှင်အောင် လုပ်ထားသလဲ၊ ဘာကြောင့်လဲ၊ ဘာအတွက်လဲ၊ ဘာရည်ရွယ်ချက် နှင့်လဲ။ သည်မေးခွန်းများ၏အဖြေကို သူမသိ။

သည်အရာတွေ အားလုံးကို စက္ကန့်ပိုင်းအတွင်း သူ ခံစားလိုက်ရသည်။ သည်အရာတွေအားလုံးကို တွေးတောလိုက်မိသည်။ ယင်းသို့ အတွေး တွေ ရှုပ်ထွေးနေသည့်ကြားမှ မေးခွန်းတစ်ခုကို သူ မေးဖြစ်သွား၏။ "ဒေးဗစ်နဲ့လား" မလိုအပ်ဘဲ မေးလိုက်သည့် မေးခွန်း။ "ဟုတ်တယ်" မေရီက ပြန်ပြောသည်။"လက်ထပ်ပွဲကို မြို့နယ်ဘုရား ရှိခိုးကျောင်းမှာ လုပ်မယ်၊ ဒေးဗစ်က မင်းကို "လူပျိုရံ"လုပ်စေချင်ဘယ်" "လူပျိုရံ. . .ဟုတ်လား"သည်ဝေါဟာရကို သူတစ်ခါမှ မကြားစဖူး။ "အဲဒါ ဘာကို ပြောတာလဲ ဆရာမ"

"အချစ်ဆုံး၊ အကောင်းဆုံးမိတ်ဆွေကို "လူပျိုရံ"လို့ ခေါ်တယ်၊ မင်း လာမယ် မဟုတ်လား"

ရာဂျူးသည် မျက်ရည်မကျမိအောင် အားတင်း၍ ပြုံးလိုက်ပြီး-"ဟုတ်ကဲ့... ဆရာမ၊ ကျွန်တော် လာပါ့မယ်"

ထို့နောက် သူသည် မေရီမျက်နှာကို စိုက်ကြည့်နေရင်းမှ နောက်သို့ ပြန်လှည့် လျှောက်သွားနေ၏။ မေရီနှင့် ဝေးရာသို့ လျှောက်သွားနေ၏။ ဒါမှမဟုတ် မေရီသည် သူနှင့်ဝေးရာသို့ လျှောက်သွားနေ၏။ သူသည် ယင်းသို့ လျှောက်သွားရင်း ပန်းအိုးတစ်အိုးကို တိုက်မိရာ အချိန်မီ ဖမ်းကိုင် လိုက်မိ၍ ကျမကွဲခြင်း ဖြစ်၏။

သည်လိုအခြေအနေမျိုးတွင်ပင် သူ၏ အမူအရာမှာ ပြောင်ချော်ချော် ဖြစ်နေ၍ မေရီက ကျိတ်ပြီး ရယ်လိုက်မိလေ၏။ သူက မေရီကို ကျိတ် ပြီး ရယ်လိုက်မိလေ၏။ သူက မေရီကိုကြည့်ကာ ငါဝေတော့ တကယ့် လူရွှင်တော်ပဲဟု တွေးလိုက်မိသည်။ ထို့နောက် သူက ရှက်ကိုးရှက်ကန်း ပြုံး လိုက်ပြီး-

"ဆရာမ... ကျွန်တော် သွားတော့မယ်"

သူ ထွက်သွားပြီးနောက် မေရီသည် နှလုံးသားထဲမှ လာသော သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်၏။

"ဩော်... ရာဂျူး... ရာဂျူး၊ ချစ်စရာကောင်းလိုက်တာ၊ မင်း ဘာဖြစ်လို့ နောက်ထပ် အသက်ငါးနှစ်လောက် ကြီးမနေရတာလဲကွယ်"

မေရီနှင့် ဒေးဗစ်တို့သည် ကက်သလစ်ဘုရားရှိခိုးကျောင်းတော်၌ တခမ်းတနား လက်ထပ်ကြသည်။ သတို့သားနှင့် သတို့သမီးတို့သည် အချင်းချင်း လက်စွပ်လဲကြသည်။ မင်္ဂလာအကြီးအမှူး ဘုန်းတော်ကြီးက မင်္ဂလာမောင်နှံ နှစ်ဖော်တို့အား ကောင်းချီးမင်္ဂလာပေးသည်။ ကျောင်းသားကလေးများ၊ ဆရာ ဆရာမများနှင့် ရာဂျူးတို့၏ ရှေ့မှောက်တွင် ဒေးဗစ်နှင့် မေရီတို့သည် ပုဆိုးတန်းတင် တရားဝင် အကြင်လင်မယား ဖြစ်သွားကြပြီ။

ဘုရားရှိခိုးကျောင်း ခေါင်းလောင်းမျှော်စင်ထက်မှ ခေါင်းလောင်းကြီးက ရက်မြတ်မင်္ဂလာ ပျော်စရာ သတင်းကောင်းကို အသံပေး၍ ကြွေး ကြော်လိုက်၏။

"နော်တာဒိမ်းဘုရားရှိခိုးကျောင်းမှ ခါးကုန်းကြီး" " ကဲ့သို့ပင် ရာဂျူး သည် နှလုံးသားဝေဒနာကို ခံစားရင်း ကြိုးကိုဆွဲ၍ မင်္ဂလာခေါင်းလောင်းထိုးသည်။ သို့သော်လည်း ထိုခေါင်းလောင်းသည် တစ်ချိန်တည်းတွင် ဥပါသကာတစ်ယောက် သေဆုံးကြောင်းကိုလည်း ကြွေးကြော်ခဲ့၏။ ယနေ့တွင် ရာဂျူး ၏ အစိတ်အပိုင်းတစ်ခုလည်း သေဆုံးသွားသည်။ ရာဂျူး၏ ကလေးဘဝ သေဆုံးကြောင်း ဘုရားရှိခိုးကျောင်း ခေါင်းလောင်းက ကြွေးကြော်ခဲ့သည်။

ဒေးဗစ်နှင့် မေရီတို့ ဘုရားရှိခိုးကျောင်းမှ ပြန်ထွက်လာသောအခါ ပရိသတ်များက နှင်းဆီပွင့်ဖတ်များနှင့် ရောင်စုံစက္ကူစကလေးများဖြင့် ပက်ကြဲကြသည်။ မင်္ဂလာသတို့သားနှင့် သတို့သမီးတို့က ရပ်တန့်လျက် ပရိသတ်များ အား ကျေးဇူးတင်စကား ပြောသည်။

သူတို့သည် ဦးညွတ်ကာ လက်ဆွဲနှုတ်ဆက်ရင်း ကျေးဇူးတင်စကား ပြောရင်း လှေကားမှ ဆင်းလာစဉ် သူတို့၏ မျက်လုံးများက ရာဂျူးကို လိုက်ရှာနေကြသည်။ ထိုအချိန်တွင် ရာဂျူးမှာ ကျောင်းသားကလေးအုပ်စု ထဲ၌ ငြိမ်သက်စွာ ရပ်လျက်ရှိသည်။

သတို့သားနှင့် သတို့သမီးတို့ သူ့ထံသို့ လျှောက်လာသည်ကို ရာဂျူး မြင်သည်။ အရပ်သွယ်သွယ်နှင့် ခန့်ညားသော သတို့သား ဒေးဗစ်သည် အနက်ရောင်ဝတ်စုံကို ဝတ်ထားပြီး ရင်ဘတ်ကြယ်သီးပေါက်တွင် အဖြူ ရောင် ဇော်မွှားပန်းကို ထိုးထားသည်။ အဖြူရောင် မင်္ဂလာဝတ်စုံ ဝတ်ထား သော သတို့သမီး မေရီကတော့ မကြာမီတွင် သတို့သားနှင့် လိုက်ပါသွား တော့မည်။ သတို့သမီးက နတ်သမီးကလေးနှင့် တူနေ၏။ ရာဂျူးသည် ဝမ်းသာစကားပြောရန် လည်ချောင်းထဲက အလုံးကြီးကို မျိုချလိုက်သည်။

"ဝမ်းသာပါတယ် မစ္စတာ ဒေးဗစ်၊ ဝမ်းသာပါတယ် ဆရာမ"

ဒေးဗစ်က ကျေးဇူးတင်စကားပြောပြီးနောက် ရာဂျူးကို မေးလိုက်သည်။

"ရာဂျူး... မင်း သတို့သမီးကို မနမ်းတော့ဘူးလား"

ရာဂျူးသည် တစ်ကိုယ်လုံး ထူပူသွားကာ မျက်နှာတစ်ပြင်လုံး နီရဲ သွား၏။ သူစကားပြောနိုင်။

မေရီက ရှေ့သို့တိုးလာပြီး ပြုံးပြုံးကလေးဖြင့် ပါးပြင်ကို လှည့်ပေးသည်။ ဒေးဗစ်က ရာဂျူးကို မြှောက်ပေးလိုက်သည်။

"ဒါဟာ လူပျိုရုံတစ်ယောက်အနေနဲ့ မင်းရဲ့အခွင့်အရေးပဲ၊ မင်းရဲ့ တာဝန်ပဲ"

ရာဂျူးသည် ပူလောင်နေသည့် နှုတ်ခမ်းများဖြင့် မေရီ၏ ပါးပြင်ကို ပက်ခနဲ တစ်ချက်နမ်းကာ နောက်ဆုတ်ပြီး ခေါင်းငုံ့ရပ်နေသည်။ မှည့်ရွှန်း ချိုမြိန်သော မေရီ၏အတွေ့ကို ခဏတာမျှ ခံစားလိုက်ရသော်လည်း ရာဂျူး အဖို့ရာတွင် ထိုအတွေ့သည် နှစ်ပေါင်းများစွာ တည်တံ့နေပေလိမ့်မည်။ ထို့နောက် မေရီက အပျိုရံမိန်းကလေးတစ်ယောက်ကို မျက်ရိပ်ပြ လိုက်၏။ မိန်းကလေးသည် ရောင်စုံစက္ကူဖြင့် ထုပ်ထားသည့် ကတ်ထူဘူးကလေးတစ်ခုကို ယူလာသည်။ ထိုဘူးကို ဒေးဗစ်အား ပေးသည်။ ဒေးဗစ်က တစ်ဆင့် ရာဂျူးအား ပေးလိုက်၏။

ရာဂျူးက အံ့အားသင့်လျက် မေးလိုက်သည်။

"ကျွန်တော်ကသာ လက်ဆောင်ပေးရမှာ မဟုတ်လား"

"ဟုတ်ပါတယ်၊ မင်းက လက်ဆောင်တွေအားလုံးထဲမှာ အကောင်း ဆုံး လက်ဆောင်ဖြစ်တဲ့ မင်းရဲ့ ဆရာမကို ငါ့ကို ပေးပြီးပါပြီ"

ရာဂျူးက ကတ်ထူဘူးကို ဖွင့်လိုက်ပြီး...

"ဒါက ဘာလဲ"

"အဲဒါ မင်းပဲပေါ့" မေရီက ပြောလိုက်သည်။

ကတ်ထူဘူးထဲမှ လူရွှင်တော်ရုပ်ကလေး ထွက်လာ၏။ ရာဂျူးသည်

အရုပ်ကလေးကို ဝမ်းနည်းစွာ ကြည့်နေသည်။ ပြီးတော့မှ-

"ဒါကို ကျွန်တော် ဘာလုပ်ရမှာလဲ"

ဒေးဗစ်က ရာဂျူး၏ ပခုံးပေါ် ရင်းနှီးစွာ လက်တင်လိုက်ပြီးတော့-

"အဲဒါကို သိမ်းထားပါ၊ မင်းရဲ့လူရွှင်တော်ဖြစ်ရေး ရည်မှန်းချက်ကို ဒီအရုပ်ကလေးက အမြဲတမ်း သတိပေးနေလိမ့်မယ်"

သူ့အား ဒေးဗစ်ပြောခဲ့သည့် မြင့်မြတ်သော လူရွှင်တော်ပုဂ္ဂိုလ် ကြီးတွေ အကြောင်းကို ထိုခဏ၌ ရာဂျူး ပြန်လည်သတိရမိ၏။

မေရီက အရုပ်ကလေးကို လက်ညှိုးထိုးကာ ပြောလိုက်သည်။

"ဒီအရုပ်ကလေးကို သိမ်းထားပါ၊ ထိုက်တန်တဲ့လူကို ပေးပါ၊ ကဲ ... သွားတော့မယ်၊ ဘုရားသခင် ကောင်းချီးပေးပါစေ"

"ဂွတ်ဘိုင်... ဆရာမ"

"ဂွတ်ဘိုင်... ရာဂျူး"

“ဂွတ်ဘိုင်… ဒေးဗစ်”

ဒေးဗစ်နှင့် မေရီတို့သည် ရွှင်လန်းစွာ ပြုံးနေကြသော်လည်း မသိမသာ ဝမ်းနည်းရိပ်မျက်နှာဖြင့် မင်္ဂလာကားပေါ်သို့ တက်ကြသည်။ ပရိသတ်က ရောင်စုံစက္ကူစလေးများဖြင့် ပက်ကြဲကြသည်။ ကျောင်းသား ကလေးများ တီးဝိုင်းမှ ဂီတသံများ ဆူညံသွား၏။

မေရီကား ရာဂျူး၏ဘဝထဲမှ ထွက်သွားခဲ့လေပြီ။

သူမ တစ်သက်တာလုံး အပြီးအပိုင် ထွက်သွားလေပြီလား။

မဟုတ်။ တစ်သက်တာလုံး ထွက်သွားတာမဟုတ်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူမသည် သူ့ထံသို့ ပြန်လာဦးမည်ဆိုသည်ကို ရာဂျူး၏ နှလုံးသားက သိနေ၏။ ဘယ်တော့လဲ၊ ဘယ်နေရာမှာလဲ၊ ဘယ်လိုလဲ . .။

သူမ ထွက်သွားပြီ။ သို့ပေမဲ့ သူမက သူ့အား အရုပ်ကလေးကို ပြန်ပေးသွားသည်။ သည်အရုပ်ကလေးသည် သူ၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်၏။ ဖခင် ကြီးအား အမှတ်ရစေသည့် အရာဖြစ်၏။

ယခုအခါ ရာဂျူးသည် ဘဝခရီးကို အဖော်မဲ့စွာ တစ်ကိုယ်တည်းသာ လျှောက်လှမ်းခဲ့ရပြီ။ သူ့ခြေထောက်များက မြေကြီးပေါ်မှာ။ သို့ပေမဲ့ သူ့ဦးခေါင်းကတော့ တိမ်တိုက်ထဲမှာ . ..။ သူ့မျက်လုံးများတွင် မျက်ရည်တွေ ရွှမ်းလာသည်။ သူ မငိုမိအောင် ကြိုးစားရမည်။ လူရွှင်တော်ဖြစ်ရေးသည် သူ၏နှလုံးသားဆန္ဒ ဖြစ်၏။ အရုပ်ကလေးသည် သူ့လက်ထဲတွင် လှုပ်တုပ်လှုပ်တုပ်နှင့် ပါလာသည်။ အရုပ်ကလေးသည် ပြုံးရယ်နေသည်။ ရာဂျူး လည်း အဓိပ္ပာယ်ရှိစွာ ပြုံးလိုက်၏။ မကြာမီ ရောက်လာတော့မည့် နေ့ရက် များကို သူကြိုတင်မြင်နေရလေပြီတင်း။

※※※

ဒုတိယပိုင်း

နတ်မိမယ်နှင့် ဘားတန်းပေါ်မှ အရုး

[၁]

ရာဂျူးသည် မိခင်ကြီးနှင့်အတူ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်သည်။ သူတို့သားအမိနှစ်ယောက်မှာ အိမ်ခြေ ရာခြေမရှိသည့် ခြေသလုံးအိမ်တိုင် ဂျစ်ပစီတွေလို ဖြစ်နေသည်။ ရာဂျူးသည် ကလေးဘဝမှ လူငယ်ဘဝသို့ လူငယ်ဘဝမှ လူကြီးဘဝသို့ ဝင်လာခဲ့သည်။

သူသည် ဘဝကို ရုန်းကန်ရင်း ဆင်းရဲခြင်းနှင့် ဆုံးရှုံးခြင်းတို့ကို တောင့်ခံသည်။ သို့သော်လည်း ယင်းတို့က သူ့မျက်နှာတွင် ဒဏ်ရာဒဏ်ချက် များ၊ အရေးအကြောင်းများကို ဖြစ်ပေါ်စေသည်။ သို့တိုင်အောင် သူက အပြုံးမပျက်။ အရင်ကလိုပင် အရွယ်တင်နေဆဲ၊ အရင်ကလိုပင် ခံနိုင်ရည် ရှိနေဆဲ။

“ငါဟာ လူရွှင်တော် အရုပ်ကလေးလိုပဲ နေရမယ်။ ဘယ်အရွယ်ပဲ ရောက်ရောက်၊ ဘယ်လိုဆင်းရဲဒုက္ခပဲ ခံစားရရ အမြဲတမ်း ရယ်နေမယ်၊ လူတွေကို ရယ်အောင် လုပ်နေမယ်”

သူသည် ကြုံရာကျဘန်း အလုပ်တွေကို ဝင်လုပ်သည်။ ကြော်ငြာ စာရွက် လိုက်ကမ်းသည်။ ပျော်ပွဲရွှင်ပွဲတွေမှာ လူရွှင်တော်လို ဝတ်ဆင်ကာ ကလေးတွေကို ဖြေဖျော်သည်။ ယင်းသို့သော အလုပ်တွေကို လုပ်ရင်း သူလည်း ရယ်သည်။ သူများတွေကိုလည်း ရယ်အောင် လုပ်သည်။ သူ ဘယ်နေရာကိုပင်သွားသွား ကလေးတွေက သူ့ကို မှတ်မိသည်။ ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်စွာဖြင့် “လူရွှင်တော်...လူရွှင်တော်” ဟူ၍ လိုက်ခေါ်ကြသည်။

ရာဂျူးကလည်း ယင်းသို့ နှုတ်ဆက်သည်ကို ဝမ်းသာစွာ၊ ဂုဏ်ယူစွာ အသိအမှတ်ပြု၏။ သူက မတော်တဆ ချော်လဲသလို လုပ်ပြတော့ ကလေး တွေက “လူရွှင်တော်ကွ၊ လူရွှင်တော်ကွ”ဟု လက်ခုပ်တီးကာ တသောသော ရယ်ကြ၏။

ရာဂျူး ဘုံဘေမြို့သို့ ရောက်လာသည်။ အလုပ်ရနိုင်မည့်နေရာကို စူးစမ်းသည်။ လူတစ်ယောက်က "အလုပ်အကိုင် ရှာဖွေရေးရုံး"ကို ညွှန်ပြသည်။

"မင်း အဲဒီသွားရင် အလုပ်ရလိမ့်မယ်"

ရာဂျူးသည် တော်တော်ကြာကြာ တန်းစီရပြီးနောက် ရုံးထဲ ဝင်လာခဲ့သည်။ ကောင်တာစားပွဲရှေ့တွင် သွားရပ်သည်။

"နာမည်"

စာရေးက ပုံစံစာရွက်ပေါ် လက်တင်ရင်း မေးသည်။

"ကျွန်တော့်နာမည် လူရွှင်တော်၊ လူတွေက ကျွန်တော့်ကို လူရွှင်တော်လို့ ခေါ်ကြပါတယ်၊ ဒါပေမဲ့ အခုတော့ ရာဂျူးလို့ပဲ ခေါ်ပါ"

"အသက်"

"ယောဂီနဲ့ လူရွှင်တော်မှာ အသက်အရွယ် မရှိပါဘူး"

"ပညာအရည်အချင်း"

"ကျောင်းတော်တော်များများက အထုတ်ခံခဲ့ရပါတယ်"

စာရေးက ရာဂျူး၏ ဒဿနသို့မဟုတ် ဟာသကို သိပ်ပြီး သဘောမကျ။ သို့ဖြင့် ခပ်မာမာ မေးလိုက်၏။

"အဲဒီတော့ မင်း ဘာလုပ်တတ်သလဲ"

"ကျွန်တော် ဆိုတတ်တယ်၊ ငိုတတ်တယ်၊ ရယ်တတ်တယ်၊ တခြားလူတွေကိုလည်း ရယ်အောင် လုပ်တတ်တယ်၊ ကျွန်တော့်ဆရာ့ကိုလည်း ရယ်အောင် လုပ်တတ်ပါတယ်"

သို့သော်လည်း စာရေးက ပြုံးပင် မပြုံး။ သူက မျက်နှာတည်တည် ကြီးဖြင့်...

"လူတွေကို ရယ်အောင် လုပ်တတ်တယ်ဆိုတော့ အဲဒါဘာအလုပ်လဲ"

"တန်ဖိုးရှိတဲ့ တစ်ခုတည်းသောအလုပ်ပါ ခင်ဗျား၊ တခြားအလုပ်တွေအားလုံးက ပိုက်ဆံရှာတဲ့ စိတ်ဆင်းရဲစရာ အလုပ်တွေပါ"

"မင်းက လူရွှင်တော်လို စကားပြောတယ်၊ ဒီတော့ ဆပ်ကပ်ရုံကိုသာ ကြွပေတော့ ကိုယ့်လူ၊ ဒီမှာတော့ မင်းအတွက် အလုပ်မရှိဘူး"

စာရေးက ရာဂျူးကို မောင်းထုတ်လိုက်ပြီး တန်းစီနေသူတွေထဲမှ နောက်တစ်ယောက် လာရန် ခေါ်လိုက်လေသည်။

※

ထိုနေ့ညနေတွင် ရာဂျူးသည် သူတို့၏ တစ်ခန်းတဲအိမ်ကလေးသို့ ပြန်ရောက် လာသောအခါ သူ့အမေကို ကွပ်ပျစ်ကလေးပေါ်တွင် လှဲနေတာ တွေ့ရ၏။ သူ့အမေသည် မကျန်းမာ၍ မထနိုင်အောင် ဖြစ်နေသည်။

အမေက သား၏ခြေသံကို မှတ်မိပြီး မျက်လုံးဖွင့်ကြည့်သည်။

"အလုပ်ရခဲ့သလား သား"

"တွေ့တော့ တွေ့တယ်၊ ဒါပေမဲ့ မရခဲ့ဘူး မာမာ" သူက မိခင်ကြီး

စိတ်မချမ်းသာဖြစ်မည်စိုး၍ တိုက်ရိုက်မပြော။ ထို့နောက် ရယ်စရာသဘောဖြင့် "မာမာရဲ့ တန်ဖိုးမရှိတဲ့ ပညာမဲ့သားကို ဘယ်သူက အလုပ်ပေးပါ့မလဲ၊ မင်းလို အရူးတွေအတွက် ဆပ်ကပ်ပွဲဟာ နေရာမှန်ပဲ"ဆိုပြီး လူတိုင်းက ပြောတယ်"

"ဆပ်ကပ်ပွဲ...ဟုတ်လား" မိခင်ကြီးက အလန့်တကြားနှင့် မနိုင့် တနိုင် ထထိုင်လိုက်သည်။ သူမ၏အသံတွင် ခါးသီးသော ဒေါသပါနေသည်။ "လာပြန်ပြီလား... ဒီဆက်ကပ်အကြောင်း" သူမ၏ မျက်နှာတွင် မျက်ရည်တွေ စီးကျလာသည်။"မာမ့ကို ကတိပေးစမ်းပါ သားရယ်၊ တခြား ဘာအလုပ်ပဲဖြစ်ဖြစ် လုပ်ပါ၊ ဒီအလုပ်ကိုတော့ လုံးဝမလုပ်ပါနဲ့၊ တံမြက် လှည်း၊ ကုန်ထမ်းအလုပ်တွေ အများကြီးပါ၊ ဒါပေမဲ့ ဆပ်ကပ်လူရွှင်တော် အလုပ်ကိုတော့ ဘယ်တော့မှ မလုပ်ပါနဲ့"

သူမသည် သည်ကိစ္စနှင့် ပတ်သက်၍ တစ်လျှောက်လုံး ပြတ်ပြတ် သားသား ဆန့်ကျင်လာခဲ့၏။

ရာဂျူးသည် နှစ်ရက်သာ အလုပ်ရှိပြီး ငါးရက် အလုပ်လက်မဲ့ ဖြစ်နေ ခြင်းကို ငြီးငွေ့လှပြီ။ သည်အဖြစ် သူ့မိခင်ကြီးသိလျှင် သူ့ဆန္ဒကို လိုက်လျော လိမ့်မည်ဟု ယူဆ၏။

"ကျွန်တော် ဆပ်ကပ်ပွဲမှာ မလုပ်ရင် ထမင်းစားဖို့ ပိုက်ဆံဘယ်က ရမှာလဲ၊ မာမ့အတွက် ဆေးဝယ်ဖို့ပိုက်ဆံ ဘယ်ကရမှာလဲ"

သူ့အသံတွင် စိတ်မရှည်သံ ပါဝင်နေ၏။

မိခင်ကြီးသည် ထရပ်ကာ တုန်တုန်ယင်ယင် လျှောက်လာပြီး သားကလေးကို ရင်ခွင်တွင် ပိုက်ထားရင်း-

"မာမာ ဆေးမလိုချင်ဘူး၊ သေသွားချင် သေသွားပါစေ၊ မာမာက သားကိုသာ အသက်ရှည် စေချင်တယ်၊ ငါ့သားက သူ့အဖေလိုပဲ ငါ့ကို လောကကြီးထဲ တစ်ယောက်တည်း ဆင်းဆင်းရဲရဲ ပစ်ထားခဲ့တာကို မလို ချင်ဘူး"

မျက်ရည်စက်လက်နှင့် တောင်းပန်နေသည့် အမေ့စကားကြောင့် ရာဂျူး တော်တော် စိတ်ထိခိုက်သွား၏။

"မစိုးရိမ်ပါနဲ့တော့ မာမာ၊ ကျွန်တော် ဆပ်ကပ်ထဲ မဝင်တော့ပါဘူး၊ ဘယ်ဆပ်ကပ်မှ မဝင်တော့ပါဘူး"

သို့သော်လည်း အမေကြီး၏ နောက်ကွယ်တွင် ရာဂျူး၏ မျက်လုံးတွေကတော့ အရုပ်ကလေး ထည့်ထားသည့် ကြောင်အိမ်ဗီရိုဆီသို့သာ တစ်ချိန်လုံး ရောက်နေ၏။ သူ့အဖေ၏ သင်္ကေတဖြစ်သည့် အရုပ်ကလေး ကလည်း ဗီရိုထောင့်မှာ ထိုင်နေရင်းမှ အသက်မဲ့ ဖန်မျက်လုံးကလေးတွေဖြင့် ရာဂျူးကိုသာ ပြုံးပြနေသည်။

※

တစ်နေ့သော နံနက်တွင် ဘုံဘေမြို့ အဇတ်မေဒင်ရပ်မှ "ထိပ်သီးဆပ်ကပ်ပွဲ" သို့ ရာဂျူး၏ခြေလှမ်းတွေ ဦးတည်လျှောက်သွားနေသည်မှာ တိုက်ဆိုင်မှုလည်း ဖြစ်နိုင်သည်။ သို့မဟုတ် သူ၏ကံကြမ္မာ နှိုးဆော်မှုလည်း ဖြစ်နိုင်သည်။ သို့မဟုတ် သူ့အဖေကို သတိရခြင်းလည်း ဖြစ်နိုင်သည်။ ဘယ်လိုပဲ ဖြစ်ဖြစ် သူသည် ရုံဝတွင် စုပြုံရပ်နေသည့် လူအုပ်ကြီးနှင့် ပက်ပင်းတိုးနေ၏။ သို့သော်လည်း အချိန်က တော်တော် စောနေသေးသည်။ နေ့ပွဲပြချိန် မဟုတ် သေး။ ဒါနဲ့များ သည်လူအုပ်ကြီး ဘာလာလုပ်နေတာလဲ။ ဘယ်သူ့ကို စောင့်နေကြတာလဲ။

သူက လူတစ်ယောက်ကို စုံစမ်းကြည့်တော့ နိုင်ငံခြားဆပ်ကပ်အဖွဲ့ တစ်ဖွဲ့ လာရောက်မည်ဖြစ်၍ အိန္ဒိယဆက်ကပ်အဖွဲ့က ကြိုဆိုဧည့်ခံရန် စောင့်နေကြကြောင်း သိရ၏။

သည်တော့မှာပင် ရာဂျူးသည် ဂိတ်ဝမှ ပိတ်သားဆိုင်းဘုတ်ပေါ်တွင် ရေးသားထားသည့် "ဆိုဗီယက်အနုပညာရှင်များအား လှိုက်လှဲစွာ ကြိုဆိုပါ" ဟူသော စာတန်းကြီးကို မြင်မိတော့သည်။

"ဆိုဗီယက်ယူနီယံ"အကြောင်းကို ရာဂျူး ကြားဖူးသည်။ သို့သော်လည်း အများစုကတော့ နာမည်ဟောင်းအတိုင်း "ရုရှ"ဟုပင် ခေါ်ကြ၏။ ရုရှနိုင်ငံသည် ဧရာမနိုင်ငံကြီးဖြစ်ပြီး အစိုးရသည် လယ်သမားများနှင့် အလုပ် သမားများကို ဦးစားပေးကြောင်း ရာဂျူး ကြားဖူးသည်။ သို့သော်လည်း ရုရှနိုင်ငံက လူတွေ ဘယ်တော့မှ မပြုံးမရယ်ကြောင်း၊ ပျော်ပွဲရွှင်ပွဲလည်း မရှိကြောင်း၊ တော်လှန်ရေးနှင့် ကွန်မြူနစ်ဝါဒအကြောင်းကိုသာ ပြောနေကြ ကြောင်း စာစောင်တစ်ခုတွင် ရာဂျူး ဖတ်ခဲ့ရဖူး၏။

ဆိုဗီယက်ယူနီယံတွင် ဆပ်ကပ်အဖွဲ့ ရှိကြောင်း ရာဂျူး လုံးဝမသိ။ ယခုသော်ကား ဆိုဗီယက်ဆပ်ကပ် အနုပညာရှင်တွေ အိန္ဒိယဆပ်ကပ်ရုံတွင် ဖြေဖျော်ရန် ရောက်ရှိလာခဲ့ပြီ။ သူတို့အထဲတွင် ရုရှလူရွှင်တော်လည်း ပါကို ပါရမည်။ အိန္ဒိယလူရွှင်တော်တွေက အိန္ဒိယပွဲကြည့်ပရိသတ်ကို ရယ်အောင် လုပ်သလို သူကလည်း ရုရှပရိသတ်ကို ရယ်အောင် လုပ်သလား။ အခွင့်သာလျှင် ငါလည်းပဲ သူတို့ကို ရယ်အောင် လုပ်ပြလိုက်ချင်သည်ဟု ရာဂျူး တွေးမိ၏။

ရာဂျူးသည် ပရိသတ်ထဲတွင် ရောက်နေရင်းမှ အိန္ဒိယ လူရွှင်တော်၊ ရုရှ လူရွှင်တော်၊ အမေရိကန် လူရွှင်တော်၊ တရုတ် လူရွှင်တော်၊ ဂျာမန် လူရွှင်တော်၊ ပြင်သစ် လူရွှင်တော်နှင့် အခြားနိုင်ငံအားလုံးတို့မှ လူရွှင်တော် တွေကို မျက်စိထဲတွင် မြင်ယောင်နေသည်။ သည်လူရွှင်တော်တွေက တစ်ကမ္ဘာလုံးမှ လူတွေအားလုံး ရယ်ရအောင် လုပ်ပြနေကြသည်။ ရယ်နေတဲ့ လူတွေ အချင်းချင်း မုန်းကြသလား။ အချင်းချင်း စစ်တိုက်ကြသလား၊ အချင်းချင်း အနုမြူဗုံး ကြဲကြသလား။ ဟင့်အင်း...မလုပ်ဘူး၊ အဲဒါတွေ သူတို့လုံးဝ မလုပ်ကြဘူး။ ဒါကိုတော့ ရာဂျူးက

အတတ်ပြောနိုင်သည်။ သူတို့မှာ အဲဒါတွေလုပ်ဖို့ အချိန်မရှိ။ သူတို့သည် ရယ်ရဖို့အကြောင်းကိုသာ စဉ်းစားရင်း အလွန်အလုပ်များနေသောကြောင့် အချင်းချင်း သတ်ဖြတ်ဖို့ အကြောင်း စဉ်းစားရန် အချိန်မရှိ။

အိန္ဒိယလေကြောင်းဌာနမှ ဘတ်စကားကြီးတစ်စီး ဟူးခနဲ ထိုးရပ်လိုက်တော့မှ ရာဂျူးလည်း အတွေးအိပ်မက်မှ ရုတ်တရက် လန့်နိုးလာ တော့သည်။ ရုရှလူမျိုးတွေ ကားပေါ်မှ တစ်ယောက်ပြီး တစ်ယောက် ဆင်းလာကြသည်။ အားလုံးအသားဖြူကြသည်။ အားကစားသမားလူငယ်များနှင့် ချောမောလှပသည့် မိန်းကလေးများ ဖြစ်ကြ၏။ အချို့က ရွှေဝါရောင်ဆံပင် နှင့်၊ အချို့က ဆံပင်အနက်နှင့်။ ရွှေရောင်ဆံပင်ရှိသူတွေ အများစု၏ မျက်လုံး တွေက အပြာရောင်တွေ ဖြစ်သည်။ သူ့မျက်လုံးလည်း အပြာရောင်ဖြစ် သည်ကို ရာဂျူး သတိရမိ၏။

ရာဂျူးနှင့် အရပ်အတူတူလောက်ရှိသည့် ရုရှအနုပညာရှင်တစ် ယောက် ကားပေါ်မှ ဆင်းလာသည်။ သူက ရပ်ကြည့်နေသူများအား ဦးထုပ် ချွတ်၍ ပြောင်ချော်ချော် ဦးညွှတ်နှုတ်ဆက်ပုံကို ကြည့်၍ လူရွှင်တော် ဖြစ်မည်ဟု ရာဂျူး တွေးလိုက်သည်။ ဒါဆို ရုရှတွေမှာလည်း အခြားလူတွေကို ရယ်အောင်လုပ်တဲ့ လူရွှင်တော်တွေ ရှိတာပဲ။ အိန္ဒိယက လူရွှင်တော်တွေ လိုပဲပေါ့။ တခြားလူသားတွေလိုပဲပေါ့။

ကားပေါ်မှ နောက်ပိတ်ဆုံး ထွက်လာသူကတော့ ယဉ်ကျေးသိမ်မွေ့ သလောက် အလွန်ချောမောလှပသည့် ရွှေရောင်ဆံပင်နှင့် မိန်းကလေး ဖြစ်သည်။ သူမသည် စကတ်အတို ဝတ်ထားပြီး ကားပေါ်မှ ခုန်ဆင်းရန် တွန့်ဆုတ်ဆုတ် လုပ်နေသည်။ ဤတွင် ကြို့ဆိုသူအုပ်စုနှင့် ခပ်ခွာခွာ ရပ်နေ သည့် လူထွားကြီးတစ်ယောက်က သူမဆီသို့ အမြန်ကလေး ပြေးသွားသည်။ (ထိုသူသည် နာမည်ကျော် ဆပ်ကပ်ဆရာ ရှားဆင်းဖြစ်သည်ဟု ရာဂျူးဘေးမှ လူက ရာဂျူးကို ပြောသည်။) ပြီးတော့ သူက ရုရှမကလေးကို ခါးမှ မချီပြီး အရပ်ကလေးတစ်ရပ်ပမာ အောက်သို့ အသာကလေး ချလိုက်သည်။ ရုရှ မလေးက ပြုံးပြပြီး ရုရှဘာသာဖြင့် ကျေးဇူးတင်စကား ပြောသည်။ သူမက ရာဂျူးအနီးမှ ဖြတ်လျှောက်သွားတော့ သူမ၏ အလှကြောင့် ပါးစပ်ဟောင်း လောင်းနှင့် ငေးကြည့်နေမိ၏။ ဤတွင် သူ့ရင်ထဲမှ နှလုံးသားတေးသံ ဟောင်းကို ရာဂျူး ကြားလိုက်ရပြန်သည်။ သူ ကျောင်းသားကလေးဘဝ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက မေရီကို ပထမဆုံး မြင်တွေ့ရချိန်က ကြားခဲ့ရသည့် နှလုံးသားတေးသံအတိုင်းပင် ဖြစ်၏။ သည်တစ်ယောက်လည်းပဲ သူ့ဘဝကို ဒုက္ခပေးဦးမှာလား။ မဖြစ်နိုင်ဘူး။ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သူက နိုင်ငံခြားသူ၊ ရုရှအမျိုးသမီး၊ ရာဂျူး အိန္ဒိယသားပဲ။ ရာဂျူးက လမ်းပေါ်က အလကားလူ။ သူမက နာမည်ကျော် အနုပညာရှင်။ တကယ်လို့ သူမနှင့် တွေ့ဆုံခွင့်ရလျှင်တောင်မှ သူ့အနေဖြင့် ဘာဘာသာစကားနှင့် ပြောရမှန်းမသိ။

ထို့နောက် ပြောင်ပြောင်လက်လက် ဝတ်ရုံများကို ဝတ်ကာ လက်ထဲတွင် ပန်းကုံးကိုယ်စီဖြင့် ရပ်စောင့်နေကြသည့် ဆပ်ကပ်မယ်လေးများအား ဆပ်ကပ်ပိုင်ရှင် မဟိန္ဒာက အချက်ပြလိုက်သည်။ မဟိန္ဒာမှာ အရပ်ရှည်ရှည်၊ အသားညိုညိုနှင့် ခန့်ချောချောသူတစ်ယောက်ဖြစ်ပြီး သူကိုယ်တိုင်လည်း နာမည်ကျော် ကျွမ်းဘားပညာရှင်တစ်ယောက်ဖြစ်၏။ ဆပ်ကပ်မယ်ကလေး များသည် ရှေ့သို့ တိုးလာကာ ဧည့်သည်များအား အသီးသီး ပန်းကုံးများ စွပ်ပေးပြီးနောက် အိန္ဒိယရိုးရာထုံးစံအတိုင်း နဖူးပေါ်တွင် “ကွမ်ကွမ်”

(KumKum)ခေါ် အနီစက်ကလေးများလည်း တို့ပေးကြသည်။ ရုရှအလှ နတ်သမီးကလေးအား ပန်းကုံးစွပ်ပေးပြီး နဖူးတွင် “ဘင်ဒီ” (Bindi) အနီစက်ကလေး တို့ပေးပြီးသောအခါတွင်ကား ရာဂျူး၏အမြင်တွင် တကယ့်ကို အိန္ဒိယသူ အလှမယ်ကလေးတစ်ယောက် ဖြစ်သွားတော့သည်။ ရာဂျူးသည် သူမအား အနီးကပ် ကြည့်လိုသောကြောင့် ပရိသတ်ထဲသို့ တံတောင်နှင့် တွက်၍ တိုးဝင်ကာ ရှေ့တန်းသို့ ရောက်လာ၏။

ရုရှအနုပညာရှင်အားလုံးကို ပန်းကုံးစွပ် ကြိုဆိုပြီးသောအခါ ရုရှ အမျိုးသားတစ်ယောက်အား ပန်းကုံးမစွပ်ရသေးသည်ကို ဆပ်ကပ်မယ် ကလေးတစ်ယောက်က သတိပြုမိသည်။ ထိုသူသည် အသားဖြူ၍ မျက်လုံး ပြာသည်။ ဘောင်းဘီပွကြီးနှင့် ဂျက်ကက်အကျႌ ဝတ်ထားပြီး ဦးထုပ်ဟောင်း ကြီး ဆောင်းထားသည်။ ဆပ်ကပ်မယ်ကလေးက ထိုသူအား လည်ပင်းတွင် ပန်းကုံးစွပ်၍ နဖူးပေါ်တွင် “ကွမ်ကွမ်” အနီစက်ကလေး တို့ပေးလိုက်၏။

ထို့နောက် ရုရှအနုပညာရှင်များအားလုံး ရွှက်ဖျင်ဆပ်ကပ်တဲထဲသို့ ဝင်သွားကြသည်။ စောစောက ရုရှအမျိုးသားလည်း သူတို့နောက်မှ လိုက် သွားရင်း အမှတ်မထင် ခြေချော်ပြီး လဲသွား၏။ ဤတွင် နောက်ဘက်၌ ရပ်ကာ ပရိသတ်ကို စောင့်ကြပ်နေသည့် ပထန်အမျိုးသား ရှံစောင့်က အပြေး ကလေး လိုက်သွားပြီး ဒေ့သည်ကို ထူမပေးသည်။ အဝတ်အစားတွေကို လက်နှင့်ပွတ်၍ ဖန်သုတ်ပေးသည်။ ပြီးတော့ သူက ပန်ချာဘီနှင့် ဟိန္ဒူ စကားနှစ်မျိုးကို ဒေါလီရော၍ မေးလိုက်၏။

“ဆဟက်... ဘာမှမဖြစ်ပါဘူးနော်”

“ကွိုင်း ဘအက် နဟိန်း... ခန်ဆဟက်” (ဘာမှမဖြစ်ပါဘူး... ခန်ဆဟက်)

နိုင်ငံခြားသားက ဟိန္ဒူစကားနှင့် ပြန်ပြောလိုက်ရာ ရှံစောင့်သည် အလွန်အံ့ဩသွား၏။ ထိုပုဂ္ဂိုလ် ထွက်သွားပြီးသောအခါ ဒီလူ ဟိန္ဒူစကားကို အိန္ဒိယသားတွေ ပြောသလို ဘယ်လိုလုပ်ပြီး ဒီလောက် ပီပီသသကြီး ပြောနိုင် တာပါလိမ့်ဟု တွေးကျန်ရစ်ခဲ့လေ၏။

[၃]

ဆပ်ကပ်ရုံထဲတွင် မဟိန္ဒာသည် ရုရှအလှမယ်ကလေးနှင့် စကားပြောနေ၏။ သူတို့စကားကို မော်စကိုမြို့မှ ဆပ်ကပ်အဖွဲ့နှင့်အတူ လိုက်ပါလာသော ဟိန္ဒူစကားတတ် ရုရှအမျိုးသား တစ်ယောက်က ဘာသာပြန်ပေးသည်။

မဟိန္ဒာက အလှမယ်ကလေး၏ နဖူးပေါ်မှ အနီစက်ကလေးနှင့် လည်ပင်းမှ ပန်းကုံးတို့ကို လက်ညှိုးထိုးပြကာ-

"ဒါတွေက နိုင်ငံခြားဧည့်သည်တွေကို ကြိုဆိုတဲ့ ကျွန်တော်တို့ အိန္ဒိယ ရိုးရာဓလေ့ပါ"

စကားပြန်က ဘာသာပြန်ပေးပြီးသောအခါ အလှမယ်ကလေးက ပြုံးလိုက်ပြီး...

"ကရာဆီဗာ... အိုချင် ကရာဆီဗာ"

"သူ ဘာပြောတာလဲ"

မဟိန္ဒာက စကားပြန်အား မေးလိုက်၏။

"သိပ်လှတာပဲ၊ သိပ်ပြီး လှတာပဲတဲ့" စကားပြန်က ပြောသည်။

"ခင်ဗျားလည်း သိပ်ပြီးလှတာပဲ"

မဟိန္ဒာက ပြုံးပြုံးကြီး ပြောလိုက်သည်။ စကားပြန်က ဘာသာပြန် ပြောပြီးသောအခါ အလှမယ်ကလေးကလည်း ပြုံးလျက်...

"စပါဆီဘာ'

"ကျေးဇူးတင်ပါတယ်တဲ့" စကားပြန်က ပြောသည်။ ထို့နောက် မဟိန္ဒာက စကားပြန်အား ပြောလိုက်၏။ "မစ္စမရီနာကို ပြောပြပါ၊ သူ့အကြောင်းကို ကျွန်တော် အများကြီး ကြားဖူးပါတယ်၊ သူနဲ့အတူ ကျွမ်းဘားကစားပြခွင့်ရရင် ကျွန်တော့်အနေနဲ့ သိပ်ပြီး ဂုဏ်ယူဝမ်းသာရမှာပဲလို့"

※

အစမ်းလေ့ကျင့်ခန်း (ရီယာဇယ်)အတွက် အသုံးပြုသည့် ကပ်လျက်ရှက်ဖျင် တဲကြီးထဲတွင် မိမိတို့၏ ပစ္စည်းများကို နေရာချထားရင်း ရုရှအနုပညာရှင်များ အလုပ်များနေကြစဉ် ပထန်အစောင့်ကတော့ ရုရှလူမျိုးဟန်ဆောင်ကာ သူ့အား အရူးလုပ်သည့်လူကို မျက်ကလူးဆန်ပျာ လိုက်ရှာနေလေ၏။

ထိုအခိုက် အစောင့်သည် အခန်းထောင့်တွင် ရပ်နေသည့် လူတစ်ယောက်ကို လှမ်းမြင်လိုက်သည်။ ထိုသူသည် ရုရှလူရွှင်တော်နှင့် လုံးတူ ရုပ်တူရှိပြီး အဝတ်အစားကိုလည်း ရုရှလူရွှင်တော်လိုပင် ဝတ်ထားသည်။ ထိုသူ၏

နောက်ကျောကိုသာ မြင်ရသော်လည်း အစောင့်က ထိုသူပင် ဖြစ် မည်ဟု သေချာပေါက် ယုံကြည်၏။ ထို့ကြောင့် အစောင့်သည် လူအုပ်ထဲမှ ဖြတ်ကာ ထိုသူ့ဆီသို့ လျှောက်သွားပြီး ပခုံးနှစ်ဘက်ကို တင်းတင်း ဆုပ်ကိုင် လိုက်ပြီးနောက်-

"လက်စသတ်တော့ ရုံထဲ ဟန်ဆောင်ဝင်ပြီး ငါ့ကို အရူးလုပ်တာ မင်းကိုး၊ ကဲ… ချက်ချင်း ထွက်သွား"

အစောင့်၏ ရိုင်းစိုင်းစွာ ပြောဆိုမှုကြောင့် ထိုသူသည် အလွန်ရှက် သွားပြီး အစောင့်ကို ကျယ်ကျယ်လောင်လောင် ပြန်ပြောနေသည်။ သို့သော် လည်း သူ့စကားကို ပထန်အစောင့်က နားမလည်။ သူတို့နှစ်ယောက်၏ စကားသံကြောင့် ရုရှအနုပညာသည်များလည်း ဘာမှန်းမသိ၍ တစ်ယောက် တစ်ပေါက် ပြောနေကြသည်။ ဤတွင် ပထန်အစောင့်သည် တော်တော် ကလေး ဇဝေဇဝါဖြစ်သွား၏။ ရုရှလူမျိုးအစစ်ကို သူ စော်ကားလိုက်မိပြီ လားဟု တွေးမိပြီး တော်တော် စိုးရိမ်သွား၏။

ထိုအခိုက် မဟိန္ဒာ ရောက်လာပြီး-

"ဘာလဲ၊ ဘာဖြစ်နေတာလဲ"ဟု စကားပြန်အား မေးလိုက်သည်။ သူက သူ့ဧည့်သည်တွေကို တစ်ယောက်ယောက်က တစ်စုံတစ်ရာ အနှောင့် အယှက်များ လုပ်သလားဟု စိုးရိမ်သွားမိသည်။

"ဘာမှမဖြစ်ပါဘူး ခင်ဗျား" စကားပြန်က စာအုပ်ထဲက ဟိန္ဒူစကား ဖြင့် ပြန်ပြောသည်။ သူက အစောင့်ကို လက်ညှိုးထိုးပြပြီး…

"အမှန်က ဒီရဲဘော်ကြီး တစ်ခုခု နားလည်မှုလွဲသွားလို့ပါ"

ဤတွင် မဟိန္ဒာက အစောင့်ကို ပစ်ဆူတော့သည်။

"မင်းက ဘာသွားလုပ်တာလဲ၊ တို့ဧည့်သည်တွေကို ဘာတွေသွားပြီး စော်ကားတာလဲ"

ပထန်အစောင့်သည် သူ့အမှားကို သတိရသွားပြီး-

"ခွင့်လွှတ်ပါ ဆရာ၊ တကယ်တော့ ကျွန်တော် ဘာမှမလုပ်ပါဘူး၊ လူတစ်ယောက်က ရုရှလူမျိုးပုံစံလုပ်ပြီး နှောင့်ယှက်လို့ သူ့ကို ကျွန်တော် လိုက်ရှာတာပါ"

"မင်း အရူးပဲ၊ ရုရှလူမျိုးနဲ့ အိန္ဒိယလူမျိုးက ဘယ်လိုလုပ်ပြီး အတူတူ ဖြစ်နိုင်မှာလဲကွ၊ လုံးဝကွဲပြားတာ အသိသာကြီးပဲ"

အသားဖြူတာရယ်၊ မျက်လုံးပြာတာရယ်၊ အဝတ်အစားတူတာရယ် တို့ကြောင့် သူ အရူးလုပ် ခံလိုက်ရတာကို သိသောကြောင့် အစောင့်က သူ ဆရာအား ဆန့်ကျင်သည့် သဘောမျိုးမဟုတ်ဘဲ သူအမြင်မှားတာကို ရှင်းပြ သည့်သဘောဖြင့်-

"သိပ်အများကြီးတော့ မကွဲပြားဘူး ဆရာ"

ဟု ပြန်ပြောလိုက်သည်။ တကယ်တော့ သူပြောတာလည်း မှန်သည်။ ရုရှလူမျိုးနှင့် အိန္ဒိယလူမျိုးသည် အခြေခံအားဖြင့် အတူတူပင် ဖြစ်သည်။ လူလူချင်း

အတူတူပင် ဖြစ်သည်။

သို့သော်လည်း ယခုမှရောက်လာသည့် နိုင်ငံခြားသား ဧည့်သည်များ အား သူ့လူတစ်ယောက်က မရည်ရွယ်ဘဲ စော်ကားသလို ဖြစ်သွားခြင်း အတွက် မဟိန္ဒာအနေဖြင့် တော်တော်ပင် အားနာသွားမိ၏။ ထို့ကြောင့် သူက ပထန်အစောင့်ကို တော်တော် ကြိမ်းပစ်လိုက်သည်။

"မင်းသိထားဖို့က ဒီလူတွေဟာ ငါတို့ရဲ့ အထူးဧည့်သည်တော်တွေ၊ သူတို့စိတ်အနှောင့်အယှက် ဖြစ်အောင် ဘာမှမလုပ်ရဘူး၊ ကဲ...သွား၊ တစ်ယောက်ချင်းစီ သွားပြီး တောင်းပန်လိုက်"

ပထန်အစောင့်သည် လက်အုပ်ချီကာ ရို့ရို့ကလေး လျှောက်သွားပြီး ပထမဦးစွာ ဦးထုပ်ဟောင်းကြီး ဆောင်းထားသည့် အရပ်ပုပုဂုဏ်ကို တောင်းပန်သည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆာဟက်၊ နောက်ကို ဒီလိုမဖြစ်စေရ တော့ပါဘူး"

စကားပြန်က ဘာသာပြန်ပြရာ အရပ်ပုပု ရှုရှုလူရှင်တော်က ဦးထုပ်ကို ချွတ်ကာ အစောင့်အား ဦးညွှတ်ကာ ပွေ့ဖက်လျက် ခွင့်လွှတ်ကြောင်း ပြန်ပြောသည်။ ပြီးတော့ အခြားဧည့်သည်တော်များအား တစ်ယောက်ပြီး တစ်ယောက် သွား၍ တောင်းပန်သည်။ ဧည့်သည်များက ပြုံးပြုံးရွှင်ရွှင် လက်ဆွဲနှုတ်ဆက်ရင်း ခွင့်လွှတ်ကြောင်း ပြန်ပြောကြသည်။

ပထန်အစောင့်က ဧည့်သည်များအား သွား၍ တောင်းပန်နေစဉ် မဟိန္ဒာက စကားပြန်အနီးသို့ လျှောက်လာပြီး...

"ရဲဘော် ရိုင်ဘာဘော့... ဘယ်လိုမှ သဘောမထားပါနဲ့လို့ ခင်ဗျားရဲ့ တခြားရဲဘော်တွေ အားလုံးကို ပြောပြပေးပါ၊ တကယ်တော့ နားလည်မှု လွဲသွားလို့ ဒီလိုဖြစ်ရတာပါ၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် နောက်နောင် ပြဿနာတစ်စုံတစ်ရာပေါ်ရင် ခင်ဗျားကတစ်ဆင့် ကျွန်တော်နဲ့ အမြန်ဆုံး ဆက်သွယ်ပါလို့ ပြောပြပါ"

ထို့နောက် သူတို့သည် စုပုံထားသည့် ဆပ်ကပ်ပစ္စည်းတွေအနီးမှ ဖြတ်လျှောက်လာစဉ် မှောက်ထားသော ခြင်းတောင်းကြီးတစ်လုံးသည် လှုပ်လှုပ် လှုပ်လှုပ်နှင့် တဖြည်းဖြည်း ပွင့်လာပြီး ခြင်းအောက်ထဲမှ ရာဂျူး ထွက်လာလေ၏။ သူသည် ယခုတိုင် လည်ပင်းတွင် ပန်းကုံးစွပ်ထားပြီး နဖူးပေါ်တွင် အနီစက်ကလေး ရှိနေဆဲဖြစ်သည်။

ပထန်အစောင့်သည် ဧည့်သည်အားလုံးနှင့် လက်ဆွဲတောင်းပန်ပြီး နောက်ပြန်လျှောက်လာစဉ် ရာဂျူးကို မြင်၍ လက်ဆွဲတောင်းပန်နေပြန်၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆာဟက်၊ နောင်ကို ဒါမျိုးမဖြစ်စေရ တော့ပါဘူး"

သည်တစ်ကြိမ်တွင်တော့ ရာဂျူးက ဟိန္ဒူစကားမပြောတော့ဘဲ ရှုရှု စကားသံလုပ်ပြီး အဓိပ္ပာယ်မရှိ ထင်ရာစွတ်ပြောလိုက်သည်။ သို့သော်လည်း

ပထန်အစောင့်ကတော့ သူ့ကို ခွင့်လွှတ်ကြောင်း ပြောသည်ဟု တကယ်ပင် ယုံကြည်သွားလေသည်။

[၄]

ဆပ်ကပ်ရုံကြီးထဲတွင် လူသူကင်းမဲ့နေဆဲဖြစ်၏။ သို့သော်လည်း ဇာတ်ခုံပေါ်တွင်တော့ အရောင်စုံ လူပ်ရှားကာ အလုပ်များလျက် ရှိကြသည်။ အိန္ဒိယနှင့် ရုရှဆပ်ကပ်ပညာသည်များ ပထမအကြိမ် အစမ်းလေ့ကျင့်ရန် ပြင်ဆင်နေ ကြခြင်းဖြစ်သည်။

မဟိန္ဒာသည် အသားကပ် ကျွမ်းဘားဝတ်စုံကို ဝတ်ပြီး အပေါ်မှ ဝတ်ရုံပွကြီးကို ထပ်ဝတ်လိုက်သည်။ ထို့နောက် အဝတ်အစားလဲခန်းမှ ထွက်လာ၏။ ကြွက်သားတွေ ဖုထစ်လုံးကြွနေသည့် လူထွားကြီး ဆပ်ကပ် ဆရာ ရှားဆင်းက မဟိန္ဒာအနီးသို့ လျှောက်လာပြီး-

"မဟိန္ဒာ ဆာဟက်"

"အေး... ရှားဆင်း၊ ရုရှအနုပညာသည်တွေနဲ့အတူ အစမ်းလေ့ကျင့်ရမှာ စိတ်လှုပ်ရှားစရာ မကောင်းဘူးလား၊ မရီနာက ကောင်းကင်ဘား ကစားရာမှာ အရမ်းတော်တယ်ဆိုပဲဗျ"

"ကျွန်တော်လည်း သမညောင်ည ဆက်ကပ်ဆရာ မဟုတ်ပါဘူး" သူ့လေသံက မကျေနပ်သံ ပါနေသည်။

"ဟုတ်ပါတယ်၊ အဲဒါကို ဘယ်သူမှ မငြင်းနိုင်ပါဘူး"

မဟိန္ဒာက ထောက်ခံလိုက်ပြီးနောက် ရှားဆင်း ဘာများဆက်ပြောဦး မလဲဟု စောင့်နေလိုက်၏။

"ဒီနေ့ည ရုရှဆပ်ကပ်ဆရာက ကျွန်တော့်ခြင်္သေ့တွေနဲ့ ကစားပြမယ် ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ...

"မဟိန္ဒာ ဆာဟက်...ကျွန်တော် ဆရာနဲ့အတူ လုပ်လာတာ နှစ်ပေါင်း မနည်းတော့ဘူး၊ ကျွန်တော့်ခြင်္သေ့တွေကို အခြားဆပ်ကပ်ဆရာ အသုံးပြုတာ ကျွန်တော်တော့ မကျေနပ်ဘူးဆရာ"

"ရှားဆင်း... " မဟိန္ဒာက လေသံပျော့ပျော့ဖြင့် "ရုရှဆပ်ကပ်ဆရာ ဟာ ကျွန်တော်တို့ရဲ့ဧည့်သည်ပါ။ သူက သူ့ခြင်္သေ့တွေကို ယူမလာနိုင်ဘူး။ အဲဒီတော့ သူ့ကို ကျွန်တော်တို့ရဲ့ ခြင်္သေ့တွေ အသုံးပြုခွင့် ပေးရမှာပေါ့"

"ဒါဖြင့် သူက ဘယ်မှာလဲ၊ အခု ရောက်နေတဲ့ လူတွေထဲမှာ ဆပ်ကပ် ဆရာလည်း မပါပါလား"

"နောက်လေယာဉ်နဲ့ လိုက်လာမယ်၊ သူ့ဝက်ဝံတွေလည်း ပါလာမယ်၊ ခုလောက်ဆို ရောက်တောင် ရောက်နေပြီနဲ့တူတယ်"

"ဝက်ဝံတွေက သိပ်မဆန်းပါဘူး၊ သူတို့နိုင်ငံမှာ ဝက်ဝံတွေ အများကြီးပဲ၊

ဒါပေမဲ့ သူက ကျွန်တော့်ခြသေ့်တွေကို ရင်ဆိုင်ရဲမှာ မဟုတ်ပါဘူး၊ မြင်တာနဲ့ ကြောက်ပြီး အနားတောင် ကပ်ဝံ့မှာ မဟုတ်ဘူး”

မဟိန္ဒာက စကားကို အပြတ် ပိတ်ပြောလိုက်သည်။

“ခင်ဗျား ဘာမှပူမနေပါနဲ့၊ သူမလာရင်လည်း ခင်ဗျားပဲ လုပ်ရမှာပဲ၊ ဟုတ်တယ် မဟုတ်လား'

ထို့နောက် မဟိန္ဒာသည် မာရီနာနှင့်တွဲ၍ အစမ်းလေ့ကျင့်ရန် ထွက် သွား၏။

ရှားဆင်းမှာ တစ်ယောက်တည်း ကျန်ရစ်ကာ “ဟိုလူရောက်လာရင် တော့…”ဟု တွေးပြီး စိုးရိမ်မိလေသည်။

※

ရာဂျူးသည် ကန့်လန့်ကာနောက်ကွယ်တွင် ပုန်းလျက် အိန္ဒိယနှင့် ရုရှ ဆပ်ကပ်အနုပညာရှင် များ၏ ပူးတွဲ အစမ်းလေ့ကျင့်ပွဲကို ကြည့်နေ၏။ ရုရှမကလေးတွေ တော်တော်သတ္တိရှိတာပဲဟု သူတွေးမိသည်။ ဆံပင်နီနီနှင့် မိန်းမချောကလေး တစ်ယောက်သည် အောက်မှ ပိုက်မခံဘဲ ကောင်းကင် ဘားတန်းပေါ်တွင် အထက်အောက် ကျွမ်းထိုးကစားနေ၏။ နောက်အာရှ အလယ်ပိုင်းသူကလေး တစ်ယောက်ကလည်း ကြိုးတန်းပေါ်တွင် နောက်ခံဂီတသံနှင့် စည်းချက်ညီညီ လမ်းလျှောက်လိုက် ကလိုက် လုပ်နေသည်။ အခြားမိန်းကလေးတွေကတော့ သူတို့၏ ကိုယ်ခန္ဓာမှာ ရော်ဘာအရိုးတွေ ထည့်ထားသည့်အလား ပျော့ပျောင်းလှပစွာ ကျွမ်းထိုးနေကြသည်။ ပြကွက် အမျိုးမျိုးကို ဆက်တိုက်ပြနေရာတွင် ဘယ်သူက အိန္ဒိယလူမျိုး၊ ဘယ်သူက ရုရှလူမျိုးဟု ခွဲခြားပြောပြရန် ခက်၏။

မဟိန္ဒာ ဇာတ်ခုံပေါ် လျှောက်ဝင်လာသည်။ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ သူ တော်တော် ကျေနပ်သွားသည်။ သူသည် ကျွမ်းဘား ကိုယ်ကျပ်ဝတ်စုံကို အချိုးကျကျ ဝတ်ထားသည်။ ရင်အုပ်ကားကားနှင့် လက်မောင်းကြွက်သားများ ဖုထစ်လုံးကြွနေ၏။ လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ပြီးနောက် ကိုယ်ကိုကုန်းကာ ခြေဖျားကို လက်ဖျားနှင့် တို့ထိလိုက်သည်။ ဒူးဆစ်များ လုံးဝ မညွတ်မကွေးဘဲ ပကတိ ဖြောင့်တန်းနေ၏။

ရာဂျူးသည် မဟိန္ဒာ၏ လေ့ကျင့်ခန်းကို မျက်တောင်မခတ် ကြည့် နေရင်းမှ သူ့စိတ်အာရုံက အတိတ်ကို ပြန်ရောက်သွားသည်။ သူ ကွန်ဗင့် ကျောင်းသားဘဝတုန်းက ဆရာမ မေရီနှင့် ကျန်းမာရေးလေ့ကျင့်ခန်း လုပ်နေ ပုံကို မြင်ယောင်လာမိသည်။

ဩော်…မေရီ…မေရီ၊ သိပ်လှတဲ့ မေရီ၊ သိပ်စိတ်ကောင်းရှိတဲ့ မေရီ၊ လူလည်းလှ စိတ်လည်းလှတဲ့ မေရီ။

ဟော…မေရီ ဆပ်ကပ်ဇာတ်ခုံပေါ် ရောက်လာပြီ။ ငါ့ဆီကို လာ နေပြီ။ အပြာရောင်ဝတ်စုံနှင့် ခွေးကလေးကို ပိုက်ချီပြီး လာနေပြီ။ ဒါ မေရီလား၊ တကယ် မေရီအစစ်လား။ ဟော…သူ ငါ့အနားရောက်လာပြီ။ ဟော…လက်စသတ်တော့ သူ မေရီမှ မဟုတ်ဘဲ၊ ငါ စောစောက တွေ့ဖူးတဲ့ ရုရှနတ်မိမယ်ကလေးပဲ။ သူ့နာမည်က “မာရီနာ”တဲ့။ သူ မေရီ မဟုတ်ဘူး။

မေရီက ဆံပင်နက်တယ်၊ သူက ရွှေညိုရောင်ဆံပင်နှင့်။ မေရီ မျက်လုံးတွေက နက်ပြီး ပြူးတယ်။ သူ့မျက်လုံးတွေက အပြာရောင်ဖျော့ဖျော့။ ဒါပေမဲ့ သူတို့နှစ်ယောက်မှာ တူညီတဲ့အချက် ရှိတယ်။ အဲဒါ ဘာလဲ။ အလှ... အလှ။ ဆွဲဆောင်မှု အပြည့်ရှိတဲ့အလှ။ ပြီးတော့. . .နာမည်တွေက လည်း ခပ်ဆင်ဆင်ပဲ။ တစ်ယောက်က "မာရီနာ"တဲ့။ နောက်တစ်ယောက် က"မေရီ"တဲ့။ ကဲ... ခပ်ဆင်ဆင် တူမနေဘူးလား၊ တိုက်ဆိုင်မှ တိုက်ဆိုင် တတ်ပလေ။ အံ့ဩဖို့ကောင်းလိုက်တာ။ ပြီးတော့ မေရီကို စပြီးမြင်ရတုန်းက ငါ့ရင်တွေ တဒိတ်ဒိတ် ခုန်ခဲ့တယ်။ အခုလည်း သူ့ကို မြင်မြင်ချင်း ငါ့နှလုံး တွေ တဒုန်းဒုန်း ခုန်နေပြီ။ ငါ ဒီမှာရှိနေတာကို သူ ဘယ်လိုသိသလဲ။

ရာဂျူးသည် သူ့အနားရောက်လာသော မာရီနာအား ဦးထုပ်ကို ချွတ်၍ ဦးညွှတ်နှုတ်ဆက်လိုက်၏။ မာရီနာသည် ရာဂျူးအား သူတို့အဖွဲ့မှ လူတစ်ယောက်ဟု ထင်မှတ်ကာ ရုရှစကားဖြင့် တစ်စုံတစ်ရာပြောပြီး ခွေးကလေးကို ရာဂျူးလက်ထဲသို့ ထည့်ပေးလိုက်သည်။ ထို့နောက် သူမ သည် ဇာတ်ခုံအလယ်သို့ လျှောက်သွားပြီး အခြားသူများနှင့် စကားပြောသည်။ ပြီးတော့ အပေါ်ဝတ်ရုံ ကြီးကို ချွတ်ချလိုက်သည်။ သူမ၏ ကိုယ်ပေါ် တွင် အရောင်တလက်လက်နှင့် တွတ်တွတ်နီနေသည့် ဆပ်ကပ်မယ် ကိုယ်ကျပ်ဝတ်စုံသာ ကျန်နေတော့သည်။ သူမသည် ကျက်သရေရှိစွာ၊ လှပ စွာဖြင့် ကြိုးတန်းကို အမှတ်မထင် မသိလိုက် မသိသာကိုင်ကာ ကောင်းကင် ဘားပေါ်သို့ လွှားခနဲ ပျံတက်သွားသည်။ ပုံပြင်ထဲက နတ်မိမယ်ကလေး လေထဲ တကယ်ပင် ပျံတက်သွားသလို ထင်မှတ်ရ၏။

သူမသည် ကောင်းကင်ဘားပေါ်တွင် မဟိန္ဒာနှင့်အတူ ရပ်နေသည်။ ထို့နောက် တစ်ဖက်မှ တစ်ဖက်သို့ ဒန်းလွဲ၍ ပျံလွှားခုန်ကူးသည်။ သူမ၏ သွယ်ပျောင်း ပျော့ညွှတ်ခြင်းနှင့် ရဲရင့်ခြင်းတို့ကို မြင်ရ၍ ရာဂျူးသည် အံ့အားကြီးသင့်ကာ အသက်မရှူနိုင်အောင် ဖြစ်နေမိသည်။

ရာဂျူးက မာရီနာ၏ အံ့ဖွယ်ကစားကွက်ထဲတွင် နစ်မျောနေစဉ် သူ့ရင်ခွင်ထဲမှ ခွေးကလေးက အငြိမ်မနေဘဲ ရုန်းကန်လှုပ်ရှားနေ၏။ မာရီနာသည် နောက်ထပ်တစ်ကြိမ် တစ်ဘက်မှ တစ်ဘက်သို့ လွှားခနဲ ဒန်းလွှဲပျံလွှား လိုက်ပြန်သည်။ ရာဂျူးက အားရဝမ်းသာ လက်ခုပ်တီးလိုက်တော့ ခွေး ကလေးက သူ့လက်ထဲမှ ဇတ်ခနဲ ခုန်ချထွက်ပြေးသွားတော့သည်။ ရာဂျူး သည် "ငါ့ကို ချစ်ရင် ငါ့ခွေးကိုလည်း ချစ်ပါ"ဟူသော စကားပုံကို သွား၍ သတိရမိ၏။ ရုရှ အလှမယ်ကလေး နှင့် နောက်ထပ် တွေ့ချင်လျှင် သူမ၏ ခွေးကို ပြန်ဖမ်းပေးရမည်။ မဖမ်းပေးနိုင်လျှင် သူမနှင့် ရင်းနှီးရန် အခွင့် အလမ်း မရှိတော့။

သို့ဖြင့် ရာဂျူးသည် ခွေးကလေးနောက်သို့ ပြေးလိုက်လာခဲ့သည်။ ရာဂျူးနှင့် ခွေးကလေးတို့သည် ဆပ်ကပ်ရုံနောက်ဘက် ကွက်လပ်ထဲတွင် ပြေးတမ်းလိုက်တမ်း ကစားနေကြသည်။ ခွေးကလေးက သေးပေမယ့် အပြေးမြန်သည်။ ပြီး သူက ရာဂျူးကို ပညာပြကာ အမျိုးမျိုး လှည့်ပတ် ပြေးနေသည်။ ဆင်တင်းကုပ်ထဲ ဝင်ပြေးလိုက်၊ ခြသေ့်လှောင်အိမ်နောက် ပုန်းနေလိုက်၊ မြင်းတွေနှင့် မြင်းကျားတွေ၏ ခြေထောက်ကြား ဝပ်နေလိုက်၊ ဆပ်ကပ်သမားများ၏ ရွက်ဖျင်တဲတွေထဲ ဝင်ပြေးလိုက်ဖြင့် မရပ်မနား ပညာပြနေ၏။

ထို့နောက် ခွေးကလေးသည် ရွက်ဖျင်တဲတစ်ခု၏ ထောင့်တွင် ဝင်၍ ဝပ်နေသည်။ ရာဂျူးက ရွက်ဖျင်တဲထဲသို့ လေးဘက်တွား၍ ဝင်သွားပြီး

ထရပ်လိုက်တော့ ရှုရှုဆက်ကပ်မယ်ကလေးတွေ အဝတ်လဲနေတာနှင့် ပက်ပင်းတိုးနေ၏။ မိန်းကလေးတွေက ရာဂျူးကိုမြင်တော့ ရှတ်တရက် လန့်အော်ကြသည်။ ရာဂျူးက ကမန်းကတန်း တောင်းပန်စကားပြောပြီး တဲထဲမှ ထွက်ပြေးလာ ခဲ့၏။

ရာဂျူးသည် ခွေးကလေးနောက်မှ ဆက်လက် ပြေးလိုက်နေသည်။ ဤတွင် ကောင်းကင်ဘားပေါ်မှ ပြန်ဆင်းကာ သူမ၏ ခွေးကလေးကို လိုက်ရှာနေသည့် မာရီနာနှင့် ပက်ပင်းတိုးပြန်၏။ မာရီယာသည် "ဆဘာကာ... ဆဘာကာ"ဟု ထပ်တလဲလဲ အော်ခေါ်ရင်း ခွေးကလေးနောက်သို့ ပြေးလိုက်လာ၏။

ရာဂျူးက "ဆဘာကာ"ဆိုတာ ရှုရှုလို ခွေးကိုခေါ်တာ ဖြစ်မည်ထင်၍ သူကလည်း "ဆဘာကာ ဆိုတာ ခင်ဗျားခွေးလား"ဟု မေးလိုက်သည်။ မာရီယာက ခေါင်းညိတ်ပြပြီး "ဒါ... ဒါ"ဟု ပြန်ပြောသည်။

"ခင်ဗျား ခွေးလေးက သိပ်အပြေးသန်တာပဲ၊ ကျွန်တော်လိုက်ဖမ်း တာ လုံးဝ လိုက်မမီဘူး၊ လူကို ဖတ်ဖတ်မောနေတာပဲ"

ရာဂျူးက ခွေးကလေး ပြေးသွားသည့်ဘက်သို့ လက်ညှိုးထိုးပြရင်း သူပြောချင်တာ ပြောလိုက်ပေမယ့် မာရီယာက ဘာမှ နားမလည်။ သို့ပေမဲ့ သူမက ရှုရှုလို တစ်စုံတစ်ရာပြောပြီး ခွေးကလေးနောက်သို့ လိုက်သွား မည်လုပ် တော့ ရာဂျူးက -

"အဂ္ဂို ဆူနိယေတို... ဒီမှာ မမ၊ ကျွန်တော်ပြောတာ ခဏနားထောင်ပါဦး၊ မမ ကောင်းကင်ဘား ကစားတာ အရမ်းလှတာပဲ၊ လေထဲမှာ နတ်သမီး ကလေး ပျံဝဲနေသလိုပဲ" သူက လက်နှစ်ဖက်ကို ငှက်ပျံသလို တောင်ပံခတ်ပြသည်။ ပြီးတော့ သူ့စကားကို မာရီယာ တစ်လုံးမှနားမလည်တာ မသိဘဲ ဆက်ပြောပြန်၏။ "ဟုတ်တယ်၊ တကယ့်ကို နတ်သမီးလေး အတိုင်းပဲ၊ ကျွန်တော့် စိတ်ကူးထဲက နတ်သမီးလေး၊ မာမာပြောတဲ့ ပုံပြင်ထဲက နတ်သမီး လေးပဲ"

မာရီက သူမ ဘာမှနားမလည်ကြောင်း ပခုံးနှစ်ဖက် တွန့်ပြလိုက်သည်။ သို့ပေမဲ့ ရာဂျူးက ဘယ်လိုမှမဖြစ်၊ သူပြောချင်တာကိုသာ စွတ်ပြော နေ၏။

"တစ်နေ့ကျရင် ကျွန်တော်လည်း မမနဲ့အတူ ဆပ်ကပ်ထဲမှာ ဝင်ကစားမယ်" သူက မိုးပေါ်ကိုရော၊ မြေကြီးကိုပါ လက်ညှိုးထိုးပြရင်း "မမ အပေါ်တက်သွားရင် ကျွန်တော်က ဒီအောက်က စောင့်ကြည့်နေမယ်၊ ကျွန်တော့်ကို မမေ့ပါနဲ့၊ ကျွန်တော့်နာမည် ဂျိုကာ"

"ဂျိုကာ ... ရှတို ဂျိုကာ"

ဂျိုကာ ဆိုတာ ဘာလဲ။ နတ်သမီးကလေးက ကောင်းကင်မှ ပျံနိုင် ပေမယ့် ဟိန္ဒူစကားကိုရော အင်္ဂလိပ်စကားကိုပါ တစ်လုံးမှ နားမလည်ရှာ။

သို့သော်လည်း သူမက "ဂျိုကာ"ဟူသော စကားလုံးကို ထပ်ကာ ထပ်ကာ ရွတ်နေ၏။ ရာဂျူးက သူမကိုကြည့်ပြီး ရယ်သည်။ သူမကလည်း လိုက်ရယ်၏။ ထို့နောက် နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ကြည့်ကာ အတော်ကြာကြာ ရယ်နေကြ၏။ သို့သော်လည်း အခြားတစ် ယောက်က ဘာကြောင့် ရယ်မှန်း နောက်တစ်ယောက်က လုံးဝမသိ။

ဤတွင် ရာဂျူးသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာက မေရီပြောခဲ့သော စကားကို ရုတ်တရက် သတိရမိသည်။

"တို့ရဲ့ ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဟာ မင်္ဂလာရှိတဲ့ ရယ်မောခြင်း နဲ့ စတင်တယ်ဆိုတာ မမေ့ပါနဲ့"တဲ့။

ယခု ဒုတိယတစ်ယောက်နှင့် ပထမဆုံးအကြိမ် တွေ့ခြင်းကလည်း ရယ်မောခြင်းနှင့် စတင်နေပြန်ပြီ။ ပထမတစ်ယောက်နှင့် စတင်တွေ့ဆုံခဲ့သည့်ဖြစ်ရပ်နှင့် တူလိုက်လေခြင်း...။ နာမည်ကလေးသာ လွဲသွား၏။ မေရီက မာရီယာ ဖြစ်သွားသည်။ ပိတုန်းရောင်ဆံပင်က ရွှေရောင်ဆံပင် ဖြစ်သွားသည်။ ဒါပေမဲ့ ဖြစ်ရပ်ကတော့ အတူတူပါပဲ။ ဒါ တကယ်ပဲလား။

ဆက်ကပ်အဖွဲ့မှ ငွေစာရင်းကိုင် ကလူရမ်သည်လည်း သူ့နည်းသူ့ဟန်ဖြင့် လူရွှင်တော်တစ်ယောက် ပင်ဖြစ်၏။ လူက ပုသေးသေးကလေး၊ ဝတ်စုံက ပွပွဖားဖားကြီး။ သိမ်းငှက်နှုတ်သီးနှင့်တူသည့် နှာခေါင်းချွန်ချွန်ကြီးပေါ်တွင် သံမဏိကိုင်း မျက်မှန်တပ်ထားသည်။ လမ်းလျှောက်လျှင်လည်း ရိုးရိုး မလျှောက်၊ ခုန်ဆွခုန်ဆွ လျှောက်၏။ စကားပြောတော့လည်း ပါးစပ်နှင့် မပြော၊ လက်ဟန်ခြေဟန်နှင့်သာ ပြောသည်။ သို့သော်လည်း သူ့ကို ဘယ်သူကမှ မနောက်ပြောင်ရဲ။ အဘယ့်ကြောင့်ဟူမူ သူက ဆပ်ကပ်အဖွဲ့သား အားလုံးကို ထမင်းကျွေးနေသူ ဖြစ်သောကြောင့် ဖြစ်၏။

လစာမှ ကြိုတင်ငွေထုတ်ချင်သလား၊ လစာတွင် နှစ်တိုးချီးမြှင့်ငွေ ထပ်ဖြည့်ချင်သလား၊ ခွင့်ယူချင်သလား၊ ဆွေမျိုးသားချင်းအတွက် အလုပ် လိုချင်သလား။ အဲဒါတွေအားလုံးအတွက် ကလူရမ်ကိုပင် "ကပ်"ကြရ၏။ ယနေ့တွင်လည်း ရုရှအနုပညာသည်များ ကလူရမ်ထံမှ ဈေးသုံးရန် ကြိုတင် ငွေ ထုတ်ယူကြ ရ၏။

ကလူရမ်သည် မှတ်ပုံတင်စာအုပ်ကြီးကို ကြည့်ပြီး အခေါ်ရခက်သော ရုရှနာမည်တွေကို ကြိုးစားပမ်းစား သို့မဟုတ် အလွဲလွဲ အမှားမှား ခေါ်နေသည်။

"မစ္စတာ အိုင်ဗန်နော့"

"မစ္စတာ မော့စကော့စကီး"

"မစ္စတာ ကိုဘာကိုလော့"

ရုရှတွေက တစ်ယောက်စီ ရှေ့ထွက်လာပြီး "ဒါ ...ဒါ"ဟု ပြောကာ ကလူရမ်ထံမှ စာအိတ်တစ်အိတ်စီ ယူကြသည်။ တစ်ယောက်က စာအိတ်ကို ဖောက်ဖွင့်လိုက်သည်။ ရူပီးငွေ ၂၀၀ ကို မြင်လိုက်ရတော့-

"အား... ဒင်ဂီ၊ အား... ပိုက်ဆံတွေပါလား"ဟု ရုရှလို အော်ပြော လိုက်၏။

သို့သော် ကလူရမ်က "ဒင်ဂီ"ဆိုတာ "ပိုက်ဆံ"ကို ခေါ်တာဟု သိပုံ မပေါ်။ ထို့ကြောင့် ရုရှအမျိုးသားက "ရူပီး...ရူပီး"ဟု ပြောလိုက်၏။ ဘယ်လိုပဲဖြစ်ဖြစ် ကလူရမ်ကတော့ ကြိုတင်ငွေ ထုတ်ပေးသောကြောင့် သူ့ကို ကျေးဇူးတင်စကားပြောတာပဲ ဖြစ်မည်ဟု တွေးလိုက်သည်။ ထို့နောက် သူသည် မှတ်ပုံတင်စာရင်းကို ကြည့်လိုက်တော့ ငွေမထုတ်သေးဘဲ တစ် ယောက်ကျန်နေတာ တွေ့ရ၏။

"ခင်ဗျားတို့ ဆပ်ကပ်ဆရာ မလာသေးဘူးလား၊ သူ့အတွက်လည်း ကြိုတင်ငွေ ထုတ်ပေးရမယ်"

"ရှတို... ရှတို" ရုရှအမျိုးသားက ကလူရမ် ဘာပြောမှန်းမသိဘဲ ပြောလိုက်၏။

"ကျွန်တော်ပြောတာ စတို မဟုတ်ဘူး၊ ခင်ဗျားတို့ရဲ့ ဆပ်ကပ် ဆရာကို ပြောတာ" ကလူရမ်က စိတ်ပေါက်ပေါက်နှင့် ပြောလိုက်သည်။

ရုရှတွေက ဘာမှနားမလည်၍ ပခုံးကို တွန့်လိုက်ကြ၏။ ထို့နောက် ကလူရမ် သူ့အလုပ်ကို ဆက်လုပ်သည်။ ဆပ်ကပ်ဆရာကို ရှာရမည်။ သူ့ကို ပိုက်ဆံထုတ်မပေးသေးဘဲနှင့် ငွေစာရင်းကို ပိတ်၍မရ။

ထိုအချိန်တွင် ရာဂျူးသည် ခြသေ့်လှောင်အိမ်များအနီးတွင် မာရီနာ ၏ ခွေးကလေးကို လိုက်ရှာနေ၏။ သည်ခွေးကလေးကို တွေ့မှသာ သူ့အဖို့ ရုရှအလှမယ်ကလေးနှင့် နောက်တစ်ကြိမ် ပြန်တွေ့နိုင်ခွင့် ရမည်ဖြစ်သည်။ တိရစ္ဆာန်ရိုင်းများ၏ လှောင်အိမ်များအနီးတွင် တရင်းတနှီး ရပ်နေသည့် ရာဂျူးကို မြင်လိုက်ရတော့ ဧကန္တ သည်လူ ခြသေ့်ထိန်း ဆပ်ကပ်ဆရာ ဖြစ်ရမည်ဟု ကလူရမ်က သေချာပေါက် တွက်လိုက်သည်။ သို့နှင့် သူက မေးလိုက်၏။

"မင်္ဂလာပါ မစ္စတာ၊ ဒါနဲ့ မစ္စတာက ရုရှဆပ်ကပ်ဆရာလား"

"ကျွန်...ကျွန်တော်လား. . ဆပ်ကပ်ဆရာ" ရာဂျူးက တအံ့တသြဖြင့် ထစ်ထစ်ငေါ့ငေါ့ ပြန်ပြောသည်။ သူ့စကားက မေးခွန်းဖြစ်သော်လည်း ကလူရမ်က သတိမပြုမိ။

"ခင်ဗျားရဲ့ အပြာရောင်မျက်လုံးတွေကို မြင်လိုက်ရတာနဲ့ ရုရှလူမျိုးပဲ ဆိုတာ ကျွန်တော် တစ်ထစ်ချ တွက်လိုက်တယ်"

"အိုး... ဒါဆို ကျွန်တော့်မျက်လုံးပြာတွေကို သတိထားမိတာကိုး" ဟိန္ဒူစတန်နီစကားကို ပီပီသသ ပြောသည့် သည်ရုရှအမျိုးသားကို ကလူရမ်က တအံ့တသြ ကြည့်နေမိ၏။ ပြီးတော့မှ...

"မိတ်ဆွေကြီး . . ခင်ဗျားက ဟိန္ဒူစတန်နီစကား ဒီလောက် ပြော တတ်တာ ဘယ်မှာသင်ယူခဲ့တာလဲ"

ရာဂျူးက တစ်မနက်လုံး ကြားထားသည့် ရုရှစကားအသံထွက် အတိုင်း တုပြီး ပြန်ပြောလိုက်သည်။

"မော်စကိုတက္ကသိုလ်မှာ သင်ခဲ့ပါတယ်၊ ကျွန်တော့်ဆရာက ပါမောက္ခ ရှရီမာတီကော့ပါ၊ သူကလည်း ပြောပါတယ်၊ မင်းက ဟိန္ဒူစတန်နီ စကားကို ဟိန္ဒူစတန်နီတွေ ပြောသလို ပြောတတ်တာပဲတဲ့"

"အခုလိုတွေ့ရတာ အများကြီး ဝမ်းသာပါတယ် မိတ်ဆွေ၊ ဒါနဲ့ နာမည်ကလေးလည်း တစ်ဆိတ်လောက်" ကလူရမ်က ပြောလိုက်၏။

"နာမည်...ဟုတ်လား၊ ကျွန်တော့်နာမည်... အား... အင်း ကျွန်တော့်နာမည် ရာဂျူး... ရာဂျော့စကီး၊ အိုင်ဗန်ရာဂျော့စကီး၊ မိတ်ဆွေ ကြီး နာမည်လည်း သိပါရစေဦး"

"ကျွန်တော့်နာမည်က ကလူရမ်ပါ၊ ဒါပေမဲ့ ကလူကော့ ရာမူးစကီး လို့ ခေါ်ရင်လည်း ရပါတယ်"

ကလူရမ်က သူ့စကားကိုသူ သဘောကျပြီး ရယ်သည်။ ရာဂျူးက လည်း လိုက်ရယ်သည်။

ကလူရမ်က တစ်နေ့တာအတွင်း စာရင်းပိတ်ရန် စိတ်စောနေသော ကြောင့် ရာဂျူးအား စာအိတ်ကို ကမ်းပေးရင်း-

"ကျွန်တော့်ရဲ့ လက်ဆောင်အဖြစ် ဒါကလေးကို လက်ခံပါ ခင်ဗျား"

ရာဂျူးက စာအိတ်ကို ယူလိုက်ပြီးတော့ ရှုရှုံ့ဝဲဝဲဖြင့်-

"ဒါက ဘာလဲ၊ ရည်းစားစာလား"

"ရည်းစားစာထက် တန်ဖိုးရှိပါတယ်" ကလူရမ် ရယ်ပြီး ပြောသည်။ "အထဲမှာ ပိုက်ဆံပါတယ်၊ ရူပီငွေတွေ၊ လူကြီးမင်း သုံးစွဲဖို့ပါ၊ ကျွန်တော်ပြော တာ သဘောပေါက်ပါတယ်နော်"

"ဟုတ်ကဲ့… ပေါက်ပါတယ်၊ ကောင်းကောင်းကြီး ပေါက်ပါတယ်"

ရာဂျူးက စာအိတ်ထဲမှ ရူပီငွေ နှစ်ရာကို ထုတ်ယူလိုက်သည်။ ကလူရမ်က သူ့ကိစ္စပြီး၍ ပိန်သေးသေး ခြေထောက်နှစ်ချောင်းနှင့် လျှောက် ထွက်သွား၏။

ရာဂျူးသည် ရူပီငွေ နှစ်ရာကို တမက်မောမော ကြည့်နေသည်။ သူ့အနေဖြင့် သည်လောက်များများ ပိုက်ဆံကို မကိုင်ခဲ့ဖူးသည်မှာ လပေါင်း အတော် ကြာခဲ့ပြီ။ ဟန်ကျပြီ၊ ယခုအခါ အိမ်လခလည်း ပေးနိုင်ပြီ၊ အမေ့ အတွက် ဆရာဝန်လည်း ပင့်နိုင်ပြီ။ ပြီးတော့ ဆေးဝါး၊ နွားနို့နှင့် သစ်သီးများ လည်း ဝယ်နိုင်ပြီ။

သို့သော်လည်း ထိုအခိုက်တွင် ကလူရမ်သည် လူသန်လူထွားကြီး တစ်ယောက်ကို ခေါ်၍ သူ့ဆီသို့ ပြန်လာနေသောကြောင့် ရာဂျူးရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သူ့အလိမ်ပေါ်သွားပြီလားဆိုပြီး တွေးကြောက် နေမိသည်။ ဟိုလူနှစ်ယောက် သူ့အနီးသို့ မရောက်ခင် ပိုက်ဆံတွေကို အကျႌ အိတ်ထဲ ကမန်းကတန်း ထည့်လိုက်သည်။

"မစ္စတာ ရှားဆင်း" ကလူရမ်က ရာဂျူးကို လက်ညှိုးထိုးလျက် "ဒါဟာ မစ္စတာရှားဆင်းနဲ့ တွဲဖက်ဖြစ်တဲ့ မစ္စတာ အိုင်ဗန်ရာဂျော့စကီးပဲ၊ ဆရာမဟိန္ဒာက ပြောတယ်၊ ဒီနေ့ည မစ္စတာရှားဆင်းရဲ့ ခြသေ့်တွေနဲ့ မစ္စတာ ရာဂျော့စကီး ကစားပြမယ်တဲ့"

ခြသေ့်ဆိုသည့်စကား ကြားလိုက်တာနှင့် ရာဂျူး အကြီးအကျယ် ထိတ်လန့်သွားသည်။ လှောင်အိမ်ထဲတွင် မာန်ဖီဟိန်းဟောက်နေသည့် ခြသေ့်တွေကို မသိမသာ စောင်းကြည့်လိုက်၏။ သို့သော်လည်း သူက ဟန်ကိုယ့်ဖို့ ဆိုသည့်အတိုင်း သူ့ကိုယ်သူ အားတင်းပြီး ရှားဆင်းကမ်း ပေးသော လက်ကို ဆွဲဆုပ်နှုတ်ဆက်လိုက်သည်။ သူ့လက်ကို ဖြုတ်တူကြီးနှင့် ညှပ်ထားသလို ခံစားရ၏။ ထိုနောက် သူက အိန္ဒိယဆက်ကပ်ဆရာအား ဦးညွှတ်အလေးပြုကာ ရုရှစကားသံလိုလို တစ်စုံတစ်ရာကို ပြောလိုက်သည်။

"မစ္စတာ ရာဂျော့စကီးက ဟိန္ဒူစကားကိုလည်း ကောင်းကောင်း ပြောတတ်တယ် ဆရာရှားဆင်းရဲ့" ကလူရမ်က ပြောသည်။

“ဟိန္ဒူစတန်နီစကား ပြောတတ်တာတော့ ဟုတ်ပါရဲ့၊ ခြသေ့်နဲ့ကော စကားပြောတတ်ရဲ့လား” ရှားဆင်းက မေးလိုက်သည်။

“ဟုတ်...ဟုတ်ကဲ့၊ တတ်ပါတယ် ခင်ဗျာ” ရာဂျူးက မလုံမလဲနှင့် ပြန်ပြောသည်။“မစ္စတာရှားဆင်းက ခြသေ့်တွေကို ကောင်းကောင်း လေ့ကျင့်ပေးထားပြီးသားဆိုတော့ ကျွန်တော့်အတွက် အဆင်ပြေမှာပါ”

ထို့နောက် သူက ဦးထုပ်ချွတ် အလေးပြုပြီး ရင်ကော့ကာ လှည့်ထွက်သွား၏။ သူ့ရင်ထဲမှာတော့ တဒိန်းဒိန်းခုန်လျက်။

ရှားဆင်းက မလိုတမာမျက်နှာဖြင့်...

“အင်း . ..ရှုရှုဆပ်ကပ်ဆရာကြီးနဲ့ ငါ့ခြသေ့်တွေနဲ့တော့ ကြည့်ကောင်းဦးမှာပဲ၊ စောင့်သာကြည့်နေ”

ထိုအချိန်တွင် အလုပ်သမားကလေးတစ်ယောက် လက်တွန်းလှည်း ဖြင့် ခြသေ့်စာ အသားနှင့် အရိုးအရင်းတွေ ယူလာသည်။

“ဘီခူး” ရှားဆင်းက ခေါ်လိုက်သည်။

“ခြသေ့်တွေကို အစာမကျွေးနဲ့၊ ဒီည သူတို့ကို တမင်အငတ်ခံထားမယ်”

မဟိန္ဒာ၏ ကြေညာချက်အရ ယနေ့ညသည် အမှတ်တရည ဖြစ်သည်။ ရုရှဆပ်ကပ်ပညာသည်များနှင့် အိန္ဒိယဆပ်ကပ်အနုပညာသည်များ တွဲဖက်၍ ပထမဆုံးအကြိမ် ဖြေဖျော်တင်ဆက်သည့်ညဖြစ်၏။

မဟိန္ဒာက မြင်းဖြူကြီးကို စီးလာသည်။ မာရီယာကတော့ လူခြောက်ယောက်ထမ်းသည့် ဝေါယာဉ် စီးလာသည်။ မဟိန္ဒာက မာရီယာအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

"ဆိုဗီယက်ယူနီယံက အချောဆုံးနဲ့ ကောင်းကင်ဘားအတော်ဆုံး မစ္စမာရီယာ ဖြစ်ပါတယ် ခင်ဗျား"

ပရိသတ်ကြီးက လက်ခုပ်တဖြောင်းဖြောင်း တီးလိုက်ကြ၏။ မာရီနာ၊ ရာဂျူး၏ ရင်ထဲတွင် နောက်ထပ်တစ်ဖန် ခေါင်းလောင်းထိုး ပြန်ပြီ။ (သူသည် ဆပ်ကပ်ဆရာဝတ်စုံကို ဝတ်လျက် ဇာတ်ခုံ ပုဏ္ဏားကွယ် တွင် ရပ်နေ၏။) **မေရီ-မာရီနာ! မေရီ-မာရီနာ !** ။

မာရီနာသည် ကောင်းကင်ဘားတန်းထိပ်သို့ လွှားခနဲ ပျံတက်လိုက်၏။ မဟိန္ဒာက အောက်မှ အရန်သင့် စောင့်နေ၏။ သူတို့နှစ်ယောက်စလုံး ကောင်းကင်ဘားကို အနုပညာမြောက်စွာ ကစားပြကြသည်။ သို့ပေမဲ့ ရာဂျူးကတော့ မရီနာ၏ ပြကွက်များကိုသာ အထူးအာရုံစိုက်၍ မျက်တောင်မခတ် ကြည့်နေသည်။

လေထဲတွင် မာရီနာ ပျံဝဲနေပုံမှာ လှလိုက်ပါဘိ၊ ရှုမငြီးနိုင်အောင် ကျက်သရေ ရှိလိုက်ပါဘိ။ နတ်သမီးကလေး အတောင်မပါဘဲ ပျံဝဲနေသလို ပါပဲ။ မာရီနာ၏ ပြကွက်ထဲတွင် နစ်မျောနေသောကြောင့် ခြင်္သေ့တွေနှင့် ကစားပြရမည့် သူ့အဖြစ်ကိုပင် လောလောဆယ် မေ့နေပါ၏။ (သို့သော် လည်း သူ တစ်စုံတစ်ရာ အန္တရာယ်ကြုံခဲ့လျှင် ရူပီငွေ နှစ်ရာကို သူ့အမေ အားပေးရန် ဆက်ကပ်အဖွဲ့မှ တစ်ယောက်ယောက်ကို လွှဲအပ်ထားခဲ့ဖို့ ကြိုတင်စဉ်းစားထားပြီး ဖြစ်၏။)

မာရီနာနှင့် မဟိန္ဒာတို့၏အလှည့် ပြီးဆုံးသွားသောအခါ နာမည်ကျော် ရုရှဆပ်ကပ်လူရွှင်တော် ဆီရီဒေါ့ဇ်အလှည့် ရောက်လာသည်။ (ဤပုဂ္ဂိုလ်မှာ ပထန်ရုံစောင့်က သူနှင့် လူမှား၍ ဆက်ဆံမိသူ ဖြစ်ကြောင်း သတိရပြီး ရာဂျူးက ပြုံးမိလိုက်သေး၏။) ရာဂျူးသည် ရုရှလူရွှင်တော်၏ ကစားကွက်များကို အထူးဂရုစိုက်၍ ကြည့်နေ၏။

ရုရှလူရွှင်တော်သည် နောက်ခံဆိုင်းချက်နှင့် လိုက်ဖက်စွာ ဦးညွှတ်သည်၊ ကသည်၊ ပတတ်ရပ်သည်၊ လမ်းလျှောက်သည်၊ လဲကျသည်၊ ပြန်ထသည်။ သူ လုပ်ပြသမျှ ပရိသတ်က တသောသောနှင့် ရယ်ကြ၏။

ထို့နောက် အသံချဲ့စက်မှ မဟိန္ဒာ၏အသံ ပေါ်ထွက်လာသည်။

"ဂုဏ်သရေရှိ အမျိုးသမီးများ၊ အမျိုးသားများ ခင်ဗျား။ ယခုအချိန် က စတင်ပြီး နာမည်ကျော် ရုရှအမျိုးသား ခြင်္သေ့ဝိဇ္ဇာ အိုင်ဗန်ရာဂျော့စကီး ခြင်္သေ့တွေနဲ့

ရဲဝံ့စွာဖြင့် ကစားပြပါလိမ့်မယ် ခင်ဗျား”

ဆပ်ကပ်ရုံတစ်ခုလုံး လက်ခုပ်ဩဘာပေးသံတွေ ညံနေ၏။ သို့သော်လည်း အဝတ်အစား လဲခန်းထဲမှာတော့ ရုတ်ရုတ်သဲသဲနှင့် အထိတ်တလန့် ဖြစ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် မော်စကိုမြို့တွင် ရာသီဥတု ဆိုးရွား သည့်အတွက် လေယာဉ်မထွက်နိုင်၍ ရုရှဆပ်ကပ်ဆရာနှင့် သူ့ဝက်ဝံတွေ ရောက် မလာနိုင်ကြောင်းကို သူတို့အားလုံး သိကြသောကြောင့် ဖြစ်၏။ ထို့ပြင် ထိုပုဂ္ဂိုလ်နာမည်ကလည်း အိုင်ဗန်ရာဂျော့စကီး မဟုတ်။ သို့ဖြစ်လျှင် ဆိုဗီယက် ဆပ်ကပ်ဆရာယောင်ဆောင်သူသည် ဘယ်သူလဲ။

ရာဂျူး(ခေါ်)အိုင်ဗန်ရာဂျော့စကီးသည် အနီရောင်ကတ္တီပါ ဆပ်ကပ် ဆရာဝတ်စုံကို အခံ့သား ဝတ်လျက် ဇာတ်ခုံပေါ်က ဆပ်ကပ်ဝင်းထဲသို့ ဝင်လာသည်။ သူက ကြာပွတ်ကိုင်ထားသည့် ညာလက်ကို အပေါ်သို့ မြှောက်ကာ ဦးညွတ် အလေးပြုလိုက်သောအခါ ပရိသတ်ထံမှ လက်ခုပ်သံများ တဖြောင်းဖြောင်း ပေါ်ထွက်လာသည်။ အဝေးကကြည့်လျှင် သူ့ရုပ်သွင်သည် တည်ငြိမ်ခံ့ညားနေသလို ထင်ရသည်။ သို့သော် အနီးသို့ ကပ်ကြည့်လျှင်မူ သူ့မျက်နှာတွင် ကြောက်ရွံ့ရိပ် ပေါ်လွင်နေသည်ကို မြင်ရလိမ့်မည်။ ပြီးတော့ ကတ္တီပါဘောင်းဘီဝတ်ပြီး ဘွတ်ဖိနပ်ရှည်ကြီး စီးထားသည့် ခြေထောက် တွေကလည်း တုန်နေသေးသည်။ ဆပ်ကပ်ဝင်းထဲတွင် သူတစ်ယောက်တည်းသာ ရှိသည်။ သူ့ကိုယ်သူ အားတင်းပြီး မကြောက်ဟန် ဆောင်နေသည်။

လှောင်အိမ်တံခါးတွေ ဝုန်းခနဲ ပွင့်သွားသည်။ ခြင်္သေ့ကြီးတစ်ကောင် ပြီး တစ်ကောင် ထွက်လာကာ အသင့်ချထားသည့် ခွေးခြေများပေါ်သို့ အသီးသီး ခုန်တက်လိုက်ကြသည်။ ရာဂျူးက လက်ကို ဝှေ့ရမ်း၍ နှုတ်ဆက် လိုက်၏။ ပြီးတော့ ရယ်စရာဟန်မူရာဖြင့်-

“မိတ်ဆွေ ခြင်္သေ့ကြီးရေ... ကျွန်တော်က ခြင်္သေ့ဝိဇ္ဇာလည်း မဟုတ် ပါဘူး၊ ဆပ်ကပ်ဝိဇ္ဇာလည်း မဟုတ်ပါဘူး၊ လူလိမ်လူညာ လူရွှင်တော် တစ်ယောက်သာ ဖြစ်ပါတယ်၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို ဘယ်လိုမှ အန္တ ရာယ်မပြုပါနဲ့၊ ကျွန်တော်တို့က မိတ်ဆွေတွေပါ”ဟု တိုးတိုးကလေး ပြောလိုက်၏။

ဒါကိုပင် ဆပ်ကပ်ဆရာပညာနှင့် လူရွှင်တော်ပညာ ပေါင်းစပ်၍ ပြကွက်သစ် လုပ်ပြသည်ထင်ပြီး ပရိသတ်က တဝါးဝါး ပွဲကျနေပြန်၏။ သူတို့က ရာဂျူးသည် တမင်တကာ ကြောက်ချင်ဟန်ဆောင်ခြင်းသာ ဖြစ်သူဟု ယူဆကြ၏။ အဘယ်ကြောင့်ဆိုသော် သာမန်လူရွှင်တော်တစ်ယောက် အနေဖြင့် ဆပ်ကပ်ဝင်းထဲဝင်၍ ခြင်္သေ့တွေနှင့်ကစားရန် ဘယ်နည်းနှင့်မှ မဖြစ်နိုင်သောကြောင့် ဖြစ်၏။ ယခုပွဲတွင် တကယ့်အဖြစ်မှန်ကတော့ ရာဂျူး ၏ ရင်းနှီးကျွမ်းဝင် အမူအရာများကြောင့် ခြင်္သေ့တွေကလည်း အလားတူ တုံ့ပြန်ခြင်းပင်ဖြစ်သည်။ ဆပ်ကပ်ဆရာသစ်က သူတို့ကို ဘာမှအနှောင့် အယှက် မပေး၊ ကြာပွတ်နှင့်လည်း မရိုက်၊ သေနတ်နှင့်လည်း မချိန်။ ထို့ကြောင့် ခြင်္သေ့တွေက ပျော်နေကြ၏။

ပရိသတ်က ရာဂျူး၏လုပ်ရပ်ကို သဘောကျနေကြသော်လည်း အိန္ဒိယဆပ်ကပ်ဆရာ ရှားဆင်းကတော့ ဇာတ်ခုံမှောင်ရိပ်ထောင့်က မီး ခလုတ်ခုံအနီးတွင် မျက်နှာပုပ်သိုးသိုးနှင့် ရပ်ကြည့်နေသည်။ အစာငတ် နေသည့် ခြင်္သေ့တွေက ရာဂျူးကို အငမ်းမရ ကိုက်ဖဲ့စားကြလိမ့်မည်ဟု သူက

တွက်ထားသည်။ သို့ပေမဲ့ ရာဂျူးရှေ့တွင် ခြင်္သေ့တွေက ကြောင်တွေ ဖြစ်ကုန်ကြသည်။ ထို့ကြောင့် သူသည် အကြီးအကျယ် မကျေမနပ် ဖြစ်ကာ မီးခလုတ်ကို တစ်ချက် စွေကြည့်လိုက်ပြီးနောက် ကြောက်စရာကောင်းသည့် အလုပ်တစ်ခုကို လုပ်ရန် ဆုံးဖြတ်လိုက်၏။

ထိုအချိန်တွင် ခြင်္သေ့တွေလည်း ခွေးခြေပေါ်တွင် ရပ်နေရတာ ညောင်းညာလာပြီဖြစ်၍ လှောင်အိမ်များဆီသို့ အသီးအသီး ပြန်သွားရန် ဟန်ပြင်နေကြပြီ။ ရှားဆင်းက မီးခလုတ်ကို ရုတ်တရက် ပိတ်လိုက်ရာ ဆပ်ကပ်ဇာတ်ရုံ တစ်ခုလုံး မှောင်ကျသွား၏။ ရာဂျူးသည် အထိတ်တလန့် ဖြင့် နောက်သို့ ပြေးဝင်လိုက်၏။

ထို့နောက် ရုရှအဖွဲ့မန်နေဂျာက လူတစ်ယောက်သည် ရုရှဆပ်ကပ် ဆရာယောင်ဆောင်၍ လိမ်ညာသွားကြောင်းကို စကားပြန်မှတစ်ဆင့် မဟိန္ဒာ အား ပြောပြသည်။ လျှပ်စစ်မီးတွေ ပိတ်သွားသောအခါ မဟိန္ဒာက ထိုလူလိမ် လူညာ အန္တရာယ်ကင်းပါစေဟု ဆုတောင်းလိုက်၏။ သူသည် ခြင်္သေ့ဟိန်းသံ များနှင့် အိုင်ဗန်ရာဂျော့စကီးဆိုသူ၏ အလန့်တကြားအော်သံ ကြားရသည့် ဆပ်ကပ်ဝင်းဆီသို့ အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ပြေးလာခဲ့သည်။ တစ်ချိန်တည်းတွင် မာရီနာလည်း ပြေးထွက်လာပြီး မဟိန္ဒာအား ရုရှလို အော်ပြောလိုက်၏။

“ကယ်ပါဦး ... ဟိုလူ့အသက်ကို ကယ်ပါဦး”

ရှားဆင်း... ရှားဆင်း” မဟိန္ဒာကလည်း အော်ခေါ်လိုက်သည်။

“ရုရှဆပ်ကပ်ဆရာယောင်ဆောင်သော အိန္ဒိယသားသည် ရူပီးငွေ နှစ်ရာအတွက် အသက် အသေခံကြောင်း ရှားဆင်းက သဘောပေါက်မိ၏။ သူသည် စိတ်မကောင်းစွာဖြင့် မီးခလုတ်ကို ပြန်ဖွင့်လိုက်ပြီးနောက် ဆပ်ကပ် ဝင်းထဲသို့ ပြေးဝင်လာသည်။ ခြင်္သေ့များသည် ဆပ်ကပ်ဝင်းထဲတွင် လှည့်ပတ် ပြေးနေကြ၏။ သို့သော် ဆပ်ကပ်ဆရာကိုတော့ မတွေ့ရ။ ခြင်္သေ့တွေက သူ့အား အဝတ်အစားပါမကျန် စားပစ်လိုက်ကြပြီလားဟု ရှားဆင်းက တွေးလိုက်မိ၏။

ထို့နောက် ရှားဆင်းသည် ရန်းရင်းဆန်ခတ်ဖြစ်နေသည့် ခြင်္သေ့များအား လှောင်အိမ်ထဲသို့ ပြန်သွင်းလိုက်သည်။ ခြင်္သေ့အားလုံးပင် ကျိုးနွံစွာဖြင့် လှောင်အိမ်အသီးသီးသို့ ပြန်ဝင်သွားကြရာ ရှားဆင်းအား ပရိသတ်က လက်ခုပ်တီး၍ ချီးကျူးလိုက်ကြသည်။ ရှားဆင်းကလည်း လှိုက်လှဲဝမ်းသာ လက်ခံ၏။

ထို့နောက် ပရိသတ်ထဲမှ ကလေးတစ်ယောက်က “ဟိုမှာ... ဟိုမှာ” ဟု လက်ညှိုးထိုးပြရာသို့ အားလုံးကြည့်လိုက်ရာ မြင်ရသည့် မြင်ကွင်းကြောင့် ငိုအားထက် ရယ်အားသန် ဖြစ်ကြရလေ၏။

ယင်းမြင်ကွင်းကား အခြားမဟုတ်၊ ရုရှဆပ်ကပ်ဆရာယောင် ဆောင်သူသည် ကြိုးလေ့ကားတစ်ခု ထိပ်တွင် တွဲလောင်းကြီးလွဲကာ ရယ်စရာ လုပ်ပြ နေသည့် မြင်ကွင်းပင်တည်း။

ပရိသတ်၏ လက်ခုပ်သံ တစ်ရုံလုံး ညံသွား၏။ ရာဂျူးသည် ပြောင် ချော်ချော် ရယ်စရာလုပ်ပြရင်း ပရိသတ်အား လက်ဝှေ့ယမ်းကာ “တာ့တာ တာ့တာ”

ဟု နှုတ်ဆက်လိုက်သည်။ ထို့နောက် ခြေထောက်တွေကို ဝှေ့ယမ်း ပြပြန်သည်။ ပြီးတော့ သူ့အား ခွင့်လွှတ်ကြပါရန် တောင်းပန်သည့်အနေဖြင့် လက်အုပ်ချီ၍ ကန်တော့လိုက်ပြန်၏။ သို့သော်လည်း ခွင့်မလွှတ်နိုင်သူ ရှားဆင်းကတော့ ရာဂျူးအား လက်သီးဆုပ်ပြရင်း "ခွေးမသား အရူး၊ နေနှင့် ဦး၊ မှတ်လောက်သားလောက် ဖြစ်သွားအောင် မင်းကို ငါ နဘန်ကျင်းပြမယ်၊ နေနှင့်ဦး"

အလွန်ထူးဆန်းသည့် အထူးစစ်ခုံရုံးဖြစ်၏။ မဟိန္ဒာ၏ ရုံးခန်းထဲတွင် စားပွဲရှည်ကြီးတစ်ဘက်တွင် ရုရှဆပ်ကပ်ပညာသည်များ ထိုင်နေပြီး အခြားတစ်ဖက်မှာတော့ အိန္ဒိယဆပ်ကပ်ပညာရှင်များ ထိုင်နေကြသည်။ ၎င်းတို့အလယ်တွင် မဟိန္ဒာ၊ ရုရှဆပ်ကပ်အဖွဲ့ခေါင်းဆောင်နှင့် စကားပြန်တို့ ထိုင်နေကြသည်။ ၎င်းတို့နှင့် မျက်နှာချင်းဆိုင် စားပွဲထိပ်တွင် ရာဂျူးသည် အကျဉ်းသားတစ်ယောက် ကဲ့သို့ ရပ်နေ၏။

ရုရှဆပ်ကပ်အဖွဲ့ထဲမှ မာရီနာက ရာဂျူးကို စိတ်ဝင်စားစွာ ကြည့်နေသည်။ အဝတ်အစား ညစ်ညစ်နွမ်းနွမ်းနှင့် သည်လူငယ်သည် အလွန် အန္တရာယ်များသည့် ခြင်္သေ့များနှင့် ကစားသည့်အလုပ်ကို ဘာကြောင့်များ လုပ်ရတာပါ လိမ့်ဟု သူမ တွေးနေမိ၏။ ရာဂျူးကလည်း မာရီနာ၏ မျက်နှာ ကိုသာ ကြည့်နေ၏။ သူမ၏ ကြင်နာရိုပ်ပါသည့် မျက်နှာပေးကို မြင်ရ၍ သူက ကျေးဇူးတင်သည့်အနေဖြင့် ဦးခေါင်းကို မသိမသာ ညိတ်ပြလိုက်သည်။ သူ့အား စူးစူးဝါးဝါး ကြည့်နေကြသည့် သူစိမ်းများကြားတွင် အနေရ ကျပ်လှသော်လည်း မာရီနာ၏ နှုတ်ခမ်းပေါ်က အပြုံးပန်းတစ်ပွင့်ကြောင့် ရာဂျူး အလွန်အားတက်သွားမိ၏။

မဟိန္ဒာသည် တရားရုံးတော်မှ တရားသူကြီးတစ်ဦးပမာ တရားခံအား မုန်းတီးခြင်း၊ ဒေါသဖြစ်ခြင်းမရှိဘဲ တည်ငြိမ်စွာဖြင့် စကားပြော၏။ "မင်းက အိန္ဒိယစကားကို ပြောတယ်၊ ရုရှလူမျိုးနဲ့လည်း တူတယ်၊ အသားဖြူတယ်၊ ဆံပင်ညိုတယ်၊ မျက်လုံးပြာတယ်၊ အဝတ်အစားကလည်း ကပြားအဝတ်အစား၊ အဲဒီတော့ မင်းဘယ်သူလဲ၊ ဘာလုပ်သလဲ"

"ကျွန်တော်ဟာ တခြားလူတွေလိုပဲ မျက်လုံးနှစ်လုံး၊ နားရွက်နှစ်ချပ်၊ နှာခေါင်းတစ်ခု၊ ဝမ်းဗိုက်တစ်လုံး၊ အသည်းနှလုံးတစ်ခုရှိတဲ့ လူသားတစ်ယောက်ဆိုရင် မလုံလောက်ဘူးလား။ ကျွန်တော့်ကို ရာဂျူးလို့ ခေါ်တယ်၊ ဒါမှမဟုတ် အိုင်ဗန်ရာဂျော့စကီးလို့လည်း ခေါ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က… ကျွန်တော်က… သူက ညာဖက်လက်ကို ဟန်ပါပါမြှောက် လိုက်ပြီး "ကျွန်တော်က လူရွှင်တော်ပါ၊ ကျွန်တော့်နာမည် လူရွှင်တော်ပါ" ထို့နောက် ထူးထူးဆန်းဆန်း ဝမ်းနည်းရိပ်သန်းသော အပြုံးကလေးဖြင့် "ဒီမှာ ဘာမှမရှိတဲ့ ပုလင်းခွံကို တံဆိပ်ကပ်စရာ လိုပါသေးသလား ခင်ဗျား"

ရာဂျူး၏စကားကို မဟိန္ဒာ စိတ်ဝင်စားသွားသည်။ သူက ပြော လိုက်သည်။

"ဟုတ်ပြီ၊ မင်းရဲ့ကိုယ်ရေးကိစ္စက အရေးမကြီးပါဘူး၊ ရုရှဆပ်ကပ်ဆရာယောင် ဆောင်ရတာက ဘာကြောင့်လဲ၊ အခုလို ဘာဖြစ်လို့ အကြီးကြီး လိမ်ညာရတာလဲ"

ရာဂျူးသည် စားပွဲကိုကျော်က သူ့တည့်တည့်မှ မဟိန္ဒာ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"အမှန်ကို ကျွန်တော် တကယ်ပြောရမှာလား"

သူက ရုရှအနုပညာသည်များဘက်သို့ ဖျတ်ခနဲ တစ်ချက်စောင်း

ကြည့်လိုက်သည်။

"ပြောပါ ... ပြောပါ" မဟိန္ဒာက ပြောသည်။ "သူတို့အားလုံးက တို့မိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဖက်တွေပါ"

"ဒါဆို ကျွန်တော် ပြောပြပါ့မယ်၊ နားထောင်ကြပါ၊ ဘာဖြစ်လို့လဲဆို တော့ သေးသေးလိမ်လို့ အလုပ်မဖြစ်တော့တဲ့အတွက်ပါပဲ၊ ဒီခေတ်က ကြီး ကြီးလိမ်တဲ့ခေတ်ပါ၊ အလှကုန်ပစ္စည်းတွေရဲ့ အကြီးကြီး လိမ်ညာတာကို သုံးစွဲတဲ့ မိန်းမတွေကို အလှဘုရင်မတွေလို့ ခေါ်နေကြပါတယ်၊ ပြည်သူတွေ ကို အကြီးကြီး လိမ်ညာနေသူတွေကို နိုင်ငံခေါင်းဆောင်တွေ၊ နိုင်ငံရေးသမားတွေလို့ ခေါ်နေကြပါတယ်၊ စီးပွားရေး လောကမှာလည်း အကြီးကြီး လိမ်ညာနိုင်လေလေ ဘဏ်တိုက်မှာ ငွေမည်းတွေ ပိုများလာလေလေပဲ" ထို့နောက် မသိမသာ ဝမ်းနည်းရိပ်လွှမ်းသည့်အပြုံးဖြင့် "အကြီးကြီး လိမ်ညာတဲ့ လုပ်ငန်းကြီးထဲမှာ ကျွန်တော်က သေးသေးကလေး တစ်ယောက်သာ ဖြစ်ပါတယ် ခင်ဗျား"

မဟိန္ဒာသည် ရာဂျူး၏စကားကြောင့် တော်တော် ထိခိုက်သွားသည်။ သူ အတန်ကြာသည်အထိ စကားမပြောနိုင်အောင် ဖြစ်နေသည်။

စကားပြန်က ရှုရှတွေကို ဘာသာပြန်ပြောပြသည်။ သူတို့အားလုံးလည်း စိတ်ထိခိုက်စွာဖြင့် ခေါင်းညိတ်ပြကြသည်။ ထို့နောက် မဟိန္ဒာက အသံမာ မာဖြင့် ပြောလိုက်သည်။

"ဒီတော့ အကြီးကြီး လိမ်ညာတဲ့အတွက် မင်းရဲ့ အသက်အန္တရာယ် ကို ထိခိုက်နိုင်တယ်ဆိုတာ မစဉ်းစားမိဘူးလား"

မဟိန္ဒာ၏ဘေးတွင် ထိုင်နေသူ ရှားဆင်းက ကြားဖြတ်၍-

"ခြင်္သေ့တွေက မင်းကို အရိုးပါမကျန် ချက်ချင်း ကိုက်စားပစ်နိုင်တယ်၊ အဲဒါကို မင်း မကြောက်ဘူးလား"

ရာဂျူးက ဆပ်ကပ်ဆရာ လူထွားကြီးကို ကြောင်စီစီကြည့်ရင်း...

"အမှန်အတိုင်းပြောရရင် ကျွန်တော် ကြောက်ပါတယ်၊ ဒါပေမဲ့ ခြင်္သေ့ထက်ပိုပြီး ကျွန်တော်ကြောက်တဲ့ အရာတစ်ခု ရှိပါတယ်" သူက ခုံလူကြီးအားလုံး၏ မျက်နှာတွေကို ဝေ့ကြည့်လိုက်ပြီးနောက် "အဲဒါက တခြား ...တခြား မဟုတ် ပါဘူး၊ ဆင်းရဲခြင်းနဲ့ ငတ်မွတ်ခြင်း ဖြစ်ပါတယ်။ ကျွန်တော့်မှာ သားအမိနှစ်ယောက် စားဖို့အတွက်ရော၊ အမေ့အတွက် ဆေးဝယ်ဖို့ရော အရေးတကြီး ပိုက်ဆံလိုနေပါတယ်။ အမေ နေမကောင်း ဖြစ်နေတာ တော်တော်ကြာပါပြီ။ ဆရာဝန်ခေါ်ဖို့ ကျွန်တော့်မှ ပိုက်ဆံ တစ်ပြားမှ မရှိပါဘူး၊ ကျွန်တော် အလုပ်ထွက်ရှာတော့လည်း ဘယ်သူမှ အလုပ်မပေးကြပါဘူး၊ လူရွှင်တော်ကို ဘယ်သူမှ အလုပ်မခန့်ချင်ကြပါဘူး၊ ကိုယ်တိုင် ရယ်စရာလုပ်တတ်ပြီး သူများတွေကိုလည်း ရယ်အောင် လုပ်ပြ တတ်တဲ့လူကို ဘယ်သူမှ အရေးမလုပ်ကြပါဘူး၊ ဒါပေမဲ့ သူတို့ကတော့ ပြောပါတယ်၊ မင်း ရယ်စရာလုပ်တတ်ရင် ဆပ်ကပ်ထဲ ဝင်ပါလားတဲ့၊ ဒါပေမဲ့ ဆပ်ကပ်တွေကလည်း ကျွန်တော့်အတွက် တံခါးပိတ်ထားကြပါတယ်၊ ဒါကြောင့်မို့ ဆပ်ကပ်ထဲ ဝင်ရဖို့အတွက် ကျွန်တော် အကြီးကြီး လိမ်ညာမိတာ ဖြစ်ပါတယ်'

ရာဂျူး၏ သနားစရာစကားကြောင့် အိန္ဒိယဆပ်ကပ် ပညာသည်တွေရော၊ ရုရှဆပ်ကပ်ပညာသည် များပါ အားလုံး စိတ်ထိခိုက်သွားကြသည်။ မာရီနာဆိုလျှင် မျက်ရည်များပင် စီးကျလာ၏။

သို့သော်လည်း မဟိန္ဒာကတော့ တရားသူကြီးတစ်ယောက်အနေဖြင့် အခြားသူများ၏ အကြံဉာဏ်ကို ခပ်တည်တည် တောင်းခံလိုက်သည်။

"ကောင်းပြီ... ရဲဘော်များ ခင်ဗျား၊ ဒီတရားခံကို ဘယ်ကို အပြစ် ဒဏ်မျိုး ပေးသင့်ပါသလဲ'

ခုံအဖွဲ့ဝင်တွေ အချင်းချင်း တီးတိုးတိုင်ပင်ကြသည်။ ပြီးတော့မှ မဟိန္ဒာအား သူတို့၏ဆုံးဖြတ်ချက်ကို တိုးတိုးပြောလိုက်သည်။

ထို့နောက် မဟိန္ဒာသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီးနောက် တည်ငြိမ်သောအသံဖြင့် စီရင်ချက် ချမှတ်လိုက်သည်။

"ရာဂျူး(ခေါ်) အိုင်ဗန်ရာဂျော့စကီး၊ သင်သည် လူတိုင်း ကျူးလွန်တတ်သည့် ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားစွာ သိရှိရသည်။ ထို့ကြောင့် သင့်အား ဤဆပ်ကပ်အဖွဲ့တွင် ရက်အကန့်အသတ်မရှိ ထိန်းသိမ်းထားရန် ဤရုံးတော်မှ စီရင်ချက် ချမှတ်လိုက်သည်"

အားလုံးကပင် လက်ခုပ်တီးလိုက်ကြသည်။ သည်တော့မှ တရားသူကြီး မဟိန္ဒာ ကိုယ်တိုင်လည်း ပြုံးပြုံးလုပ်ပြီး လက်ခုပ်တီးလိုက်တော့သည်။ အားလုံးအနက် မာရီနာကတော့ မတ်တတ်ထရပ်ကာ လက်ခုပ်တွေ အဆက် မပြတ် တီးနေ၏။

ရုရှလူရွှင်တော် ဆီရီဒေါ့က ရာဂျူးကို လာဖက်ပြီး ပါးပြင်ကို နမ်းရှုပ်သည်။ ရှားဆင်းက သူ့လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်လိုက်သည်။ ရာဂျူး၏ မျက်နှာမှာတော့ မျက်ရည်တွေနှင့်။ ဝမ်းသာမျက်ရည်တွေ၊ ကျေးဇူး တင်မျက်ရည်တွေ။ သူ့နှုတ်ခမ်းတွေက တရွရွ လှုပ်နေသည်။ စကားတော့ တစ်ခွန်းမှ ထွက်မလာ၊ သူ ဘယ်လိုခံစားနေရသည်၊ သူ ဘာပြောချင်သည် ကို သူ့မျက်ရည်တွေက ဖော်ပြနေသည် မဟုတ်ပါလား။

ရာဂျူးသည် ညဘက်တွင် မဟိန္ဒာ၏ ရွက်ဖျင်တဲထဲမှ ထွက်လာသောအခါ လရောင်အောက်တွင် တစ်စုံတစ်ယောက် ရပ်နေသည်ကို မြင်လိုက်ရလေ၏။ သူသည် အခိုက်အတန့်အားဖြင့် နလုံးခုန် ရပ်တန့်သွားမိ၏။ မေရီများ ဖြစ်လေသလား၊ အတိတ်ကလိပ်ပြာ ပြန်ရောက်လာတာလား၊ ဒါမှမဟုတ် မာရီနာများ ဖြစ်လေသလား၊ ဒါမှမဟုတ် စိတ်ခံစားချက်ကြောင့် ထင်ယောင် မြင်မှား ဖြစ်မိတာလေလား။

သူ အနီးကပ်သွားတော့ မာရီနာဖြစ်နေမှန်း သိရလေတော့သည်။ သူမသည် တစ်စုံတစ်ယောက်ကို စောင့်နေတာ ဖြစ်လိမ့်မည်။ မဟိန္ဒာကို စောင့်နေတာလည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ် သူမ၏ အဖွဲ့သားတစ် ယောက်ယောက်ကို စောင့်နေတာလည်း ဖြစ်နိုင်သည်။ သူတို့နှစ်ယောက် အချင်းချင်း မိတ်မဆက်ရ သေးသောကြောင့် သူ့ကို စောင့်နေတာတော့ မဖြစ်နိုင်။

ထို့ကြောင့် သူ လှည့်ထွက်သွားရန် ခြေလှမ်းလိုက်သည်။

"ရာဂျော့စကီး... တိုဗာရစ်ရှ် ရာဂျော့စကီး"

ချိုသာနူးညံ့သော ခေါ်သံကြောင့် သူ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

သူ ပြန်လှည့်ကြည့်လိုက်သည်။

မာရီနာမှ မာရီနာအစစ်၊ သူမက သူ့ကို လှမ်းခေါ်တာ ဖြစ်သည်။ သူမအနီးတွင် စကားပြန် ရိုင်ဘာကော့ ရပ်နေ၏။

ရာဂျူးက ဦးထုပ်ကို ချွတ်ကာ သူမအား နှုတ်ဆက်လိုက်သည်။

မာရီနာက အပြုံးနှင့် တုံ့ပြန်သည်။

သူက အနီးသို့ ကပ်လာပြီး ပြုံးပြလိုက်သည်။ သူ ပြုံးနေတာ မြင်တော့ သူမက ပြန်၍ ပြုံးပြသည်။

ထို့နောက် မာရီနာက ရုရှလို တစ်စုံတစ်ရာ ပြောသည်။ စကားပြန်က ဘာသာပြန်ပြသည်။

"မစ္စမာရီနာက ပြောတယ်၊ မင်းဟာ သိပ်ပြီးထူးဆန်းတဲ့ လူတစ်ယောက်ပဲတဲ့" "ကျေးဇူးတင်ပါတယ်" သူက မာရီနာ၏လက်ကို လှမ်းဆုပ်ကာ နမ်းလိုက်သည်။ ထို့နောက် သူသိထားသည့် ရုရှစကားကို ရွတ်လိုက်သည်။ "စပတ်စီဘာ... ကျေးဇူးတင်ပါတယ်" မာရီနာ အံ့ဩသွားသည်။ ရုရှလို တစ်စုံတစ်ရာ ပြောလိုက်ပြန်သည်။ စကားပြန်က ဘာသာပြန်သည်။ "မစ္စ မာရီနာက သူ့ကို ဘာဖြစ်လို့ ကျေးဇူးတင်တာလဲတဲ့" "ကျွန်တော့်ကို လူသားတစ်ယောက်လို အသိအမှတ်ပြုတဲ့ အချက် ကြောင့်ပါ" စကားပြန်က ဘာသာပြန်ပြောပြတော့ မာရီနာက လေးနက်သည့် မျက်နှာထားဖြင့် တစ်စုံတစ်ရာ ပြောသည်။ "မစ္စမာရီနာက ပြောတယ်၊ မင်း ခြသေ့်တွေနဲ့ ကစားပြတာကို ကြည့်ပြီး

သူ သိပ်ပြီး စိုးရိမ်နေမိတယ်တဲ့”

ရာဂျူးက ဘာမှပြန်မပြောနိုင်မီမှာပင် စကားပြန်အား တစ်ယောက်ယောက်က လှမ်းခေါ်သဖြင့် စကားပြန်သည် ခွင့်တောင်းကာ ပြန်ထွက်သွားလေသည်။

ရာဂျူးနှင့် မာရီနာတို့နှစ်ယောက် ကျန်ရစ်တော့သည်။ ယခုတော့ ရာဂျူးသည် မာရီနာနှင့် နီးနီးကပ်ကပ် စကားပြောရရုံသာ မက သူမကိုယ်မှ ပျံ့လွင့်လာသည့် မွှေးကြိုင်သည့် ရေမွှေးနံ့ကိုလည်း ရှူရှိုက် ရပြီ။ သူ့ စိတ်အာရုံသည် တဒင်္ဂအားဖြင့် မေရီနှင့် ဒေးဗစ်တို့ လက်ထပ်သည့် နေ့သို့ ပြန်ရောက်သွား၏။

ပြီးတော့မှ သူ့အနီး၌ ရပ်နေသူမှာ မေရီမဟုတ်ဘဲ မာရီနာဖြစ် ကြောင်း သတိရတော့သည်။ ထို့နောက် သူက စကားလုံး တစ်လုံးချင်းစီ ဖြည်းဖြည်းကလေး ပြောလိုက်သည်။

“မမက…ကျွန်တော့် …အတွက်…စိုး…ရိမ် …မိတယ်၊ ဟုတ်လား”

သူ စကားပြောရင်း မာရီကိုရော၊ သူ့ရင်ဘတ်ကိုပါ လက်ညှိုးထိုး ပြသည်။

မာရီက ခေါင်းညိတ်ပြပြီး-

'ဒါ… ဒါ*

“ဒါ … ဒါ ဆိုတာ ယက်စ်… ယက်စ် *လို့ပြောတာလား”

“ယက်စ်… ယက်စ် ဒါ … ဒါ

“နိုး… နိုး *ဆိုရင် ရုရှလို ဘယ်လိုပြောမလဲ”

သူက ဦးခေါင်းကို ခါယမ်း၍ “နိုး… နိုး”ဟု ထပ်မံရွတ်ပြသည်။

မာရီနာက သဘောပေါက်သွားပြီး…

“ညက် … ညက်*၊ နိုး … နိုး

“ညက် … ညက်“ ရာဂျူးက လိုက်ပြောသည်။ “နိုး… နိုး”

“နိုး.. နိုး၊ ညက်… ညက်” မာရီနာက ပြောပြန်၏။

သူတို့နှစ်ယောက်ကို မြင်ရသည်မှာ ကျောင်းစာကျက်နေသည့် ကလေးတွေနှင့် တူနေသည်။

“ဒါ … ဒါ၊ ယက်စ်… ယက်စ်”

“ယက်စ်… ယက်စ်၊ ဒါ … ဒါ”

“ညက် … ညက်၊ နိုး.. နိုး

“နိုး.. နိုး၊ ညက် … ညက်”

ထိုအခိုက် "မာရီနာ... မာရီနာ"ဟု ခေါ်သံနှင့်အတူ ရုရှလို တစ်စုံတစ်ရာ ပြောသံကြားလိုက်ရ၏။ မာရီနာအား လှမ်းခေါ်နေခြင်း ဖြစ်သည်။ မာရီနာက ထွက်သွားမလို ခြေလှမ်းပြင်တော့ ရာဂျူးက...

"ညက်. . . ညက်၊ နိုး ... နိုး"ဆိုပြီး တားထားသည်။

"ဒါ ... ဒါ၊ ယက်စ်... ယက်စ်" မာရီနာ ပြန်ပြောသည်။ ထို့နောက် ပြုံးလျက် လက်ကို ဝှေ့ယမ်းပြပြီး ပြန်ထွက်သွားရင်း...

"ဒိုစဗီဒါနိယာ"ဟု ပြောသွား၏။

သို့သော်လည်း ရာဂျူးက နားမလည်။ ထိုအခိုက် ပြန်လှည့်လာသည့် စကားပြန် ရိုင်ဘာကော့ထံ ပြေးသွားပြီး ...

"ခဏလေး. ခဏလေး၊ ကျွန်တော့်ကို တစ်ခုပြောပြပါ ခင်ဗျား"

ရိုင်ဘာကော့က ဟိန္ဒူစကားဖြင့် ...

"ကဟိုင်းယေး'ကျာကသနိုင်း-ဟေး၊ ပြောပါ၊ ဘာများ အခက်အခဲ တွေ့နေလို့လဲ"

"ဒါ့စ်-ဘီ-ဒါနိယာ ဆိုတာ ဘာအဓိပ္ပာယ်လဲ"

"သြော်... ဒိုစဗီဒါနိယာကို ပြောတာလား၊ အဲဒါက "နောက်မှ ပြန်ဆုံကြမယ်"လို့ ပြောတာပါ" ထို့နောက် စကားပြန်ကလည်း ကမန်း ကတန်း ပြန်ထွက်သွားရင်း ....

"ဒိုစဗီဒါနိယာ"

ရာဂျူးသည် အလွန်သဘောကျသွားပြီး ပြုံးပြုံးကြီး ရပ်ကျန်ရစ်၏။ သူသည် ထိုစကားကို ဂါထာရွတ်သလို ထပ်ကာ ထပ်ကာ ရွတ်နေ၏။

"ဒိုစဗီဒါနိယာ... နောက်မှပြန်ဆုံကြမယ်၊ ဒိုစဗီဒါနိယာ"

နောက်မှပြန်ဆုံကြမယ်တဲ့။ ဘယ်သူနှင့် ဘယ်သူ ပြန်ဆုံကြမှာလဲ။ ရာဂျူးနှင့် မာရီနာလား၊ ဒါမှမဟုတ် ရာဂျူးနှင့် မေရီလား။

"ဒိုစဗီဒါနိယာ" ဤစကားလုံးသည် ရုရှစကားလုံး မဟုတ်တော့။ ရာဂျူး၏ ကံကြမ္မာကို ဖန်တီးမည့် တေးသွားတစ်ပုဒ် ဖြစ်သွားလေပြီ။

"ဒိုစဗီဒါနိယာ... နောက်မှပြန်ဆုံကြမယ်"

ထို့နောက် သူသည် အိမ်သို့ ပြန်လာရင်း သူမှတ်မိသမျှ ရုရှစကား တွေကို တစ်လမ်းလုံး ရွတ်ဆိုလာခဲ့၏။

"ဒိုစဗီဒါနိယာ... နောက်မှပြန်ဆုံကြမယ်"

ဒါ ဒါ၊ ယက်စ်... ယက်စ်'

“ညက် ... ညက်၊ နိုး.. နိုး”

“ဒါ ... ဒါ၊ ယက်စ်... ယက်စ်'

“ညက်. . . ညက်၊ နိုး ... နိုး”

နောက်တစ်နေ့ ရာဂျူးအိမ်ပြန်လာတော့ ဟင်းသီးဟင်းရွက်မျိုးစုံနှင့် အခြားစားစရာတွေ ယူလာတာကို မြင်ရ၍ မိခင်ကြီးမှာ တအံ့တသြဖြစ်နေ၏။ ရာဂျူးက မိခင်ကြီးအတွက် စားဆေးနှင့် သောက်ဆေးများကိုလည်း အကျႌ အိတ်ထဲမှ ထုတ်ယူလိုက်သည်။ ပြီးတော့ ပါးစပ်ကလည်း ရွတ်လိုက်၏။

“ဒါ ... ဒါ၊ ယက်စ်... ယက်စ်”

“ဒါ ... ဒါ၊ ဒိုစဗီဒါနိယာ”

မိခင်ကြီးမှာ သားဖြစ်သူ ယူလာသည့် ပစ္စည်းတွေကို ကြည့်ပြီး အံ့သြရသည်ထက် သူမ၏သားကလေး ထူးထူးခြားခြား အူမြူးနေတာကို မြင်ရ၍ ပိုပြီး ဝမ်းသာသွားမိ၏။

“သား... ဘာဖြစ်နေတာလဲ၊ ဒီနေ့ သိပ်ပြီး ပျော်နေပါလား”

“ဒါ... ဒါ” ရာဂျူးက ပြန်ပြောလိုက်သည်။

“အလုပ်ရလာလို့လား”

'ဒါ ... ဒါ'

“အဲဒီ ဒါ ... ဒါ၊ နာ... နာတွေက ဘာတွေလဲ”

“နာ... နာ မဟုတ်ဘူး မာမာ၊ ဒါ ... ဒါ ... ဒါ ... ဒါ၊ အခုဆိုရင် သားအတွက် အားလုံး ဒါ... ဒါ ဖြစ်ပြီ မာမာ၊ ဒါ... ဒါ ဆိုတာ ဟုတ်ကဲ့ ... ဟုတ်ကဲ့လို့ ပြောတာ”

“တကယ်ပြောတာလား”

“တကယ်ပြောတာ မာမာ၊ ဒါ ...ဒါဆိုရင် အားလုံး အဆင်ပြေ တာပဲ”

“ဒါဆိုရင် ငါ့ကို ချွေးမတစ်ယောက် ရှာပေးပါ”

“အိုး... ချွေးမ ဟုတ်လား”

“ဒါ... ဒါလို့ ပြောလေ”

“ကောင်းပြီ မာမာ၊ တစ်နေ့ကျတော့ ဒါ... ဒါ ဖြစ်မှာပါ”

ထို့နောက် သူသည် ဆေးပုလင်းများကို သိမ်းထားရန် ကြောင် အိမ်ဆီသို့ ထလာသည်။

“အများကြီး ကျေးဇူးတင်ပါတယ်....... ဘဂဝန်”အမေကြီးက ဘုရားသခင်ကို လက်အုပ်ချီ လိုက်သည်။

“တပည့်တော်မရဲ့ သားကလေး အလုပ် ကောင်းကောင်း ရပါပြီ၊ နောက်ထပ် ချွေးမတစ်ယောက်သာ ထပ်ရရင်တော့ ဒီအိမ်ကလေးဟာ သိပ်ပြီး ပျော်စရာကောင်းလာမှာပဲ”

ထိုအချိန်တွင် ရာဂျူးက ကြောင်အိမ်ထဲ ဝှက်ထားသည့် လူ့ရှင်တော် အရုပ်ကလေးကို တိတ်တိတ်ခိုး ကြည့်ရင်း သူ့အမေ မကြားအောင် တိုးတိုး ကလေး ပြောနေ၏။

“ဘာဘာ. . . သားအတွက် ဖြစ်ရာဘဝက ဂုဏ်ယူပါ၊ သားလည်း ဘာဘာလိုပဲ ဆပ်ကပ်ထဲမှ အလုပ်ရပါပြီ”

သူ့အမေ၏ ခြေသံကြားသောကြောင့် ကြောင်အိမ်ကို အမြန်ပြန် ပိတ်ပြီး နောက်ကို လှည့်ကြည့်လိုက်သည်။

“ဒါနဲ့ သားရတဲ့အလုပ် ဘယ်လိုအလုပ်မျိုးလဲ၊ မာမာ့ကို ပြောပါဦး သားရဲ့”

“အား... မာမာ” သူက အမေကြီး ဖြောင်လိမ်ညာရန် ဝန်လေးနေမိသည်။ ထို့ကြောင့် မယုတ်မလွန် ပြောလိုက်၏။ “အလုပ်ဟာ အလုပ်ပဲပေါ့ မာမာ၊ အလုပ်အမျိုးမျိုးရှိတာ မာမာ သိပါတယ်၊ ဒါပေမဲ့ အခုအလုပ်က တော်တော် ထူးဆန်းတဲ့အလုပ် မာမာရဲ့၊ အလုပ်လည်း လုပ်ရတယ်၊ ပျော် လည်း ပျော်ရတယ်”

“ဘယ်လိုအလုပ်လဲ၊ ဈေးဆိုင်အလုပ်လား”

“ဟုတ်တယ် မာမာ၊ ဈေးဆိုင်ဆိုလည်း ရတာပဲ၊ ဟုတ်ပြီ မာမာ၊ နောက်ကျနေပြီ၊ ကျွန်တော်သွားတော့မယ်၊ ညနက်မှ အိမ်ပြန်လာမယ်”

“သားအလုပ်က နေ့လည်းလုပ်ရ၊ ညလည်းလုပ်ရဆိုတော့ ဘယ်လို ဈေးဆိုင်မျိုးလဲ”

“ဆေးဆိုင်လိုဟာမျိုးပေါ့ မာမာ၊ နေ့ရော ညရော ဖွင့်ရတာ၊ ကဲ... ကျွန်တော် သွားတော့မယ် မာမာ၊ ဆေးသောက်ဖို့ မမေ့နဲ့ဦးနော်”

သူ့အမေ နောက်ထပ်မေးလားမြန်းလား လုပ်နေဦးမည်စိုး၍ ရာဂျူး က မြန်မြန်စကားဖြတ်ပြီး ထွက်လာခဲ့သည်။ သူ့အနေဖြင့် အမေကြီး စိတ် မချမ်းသာ ဖြစ်မည်ကိုလည်း ကြောက်သည်။ ရတောင့်ရခဲ အခွင့်အရေးကြီး လက်လွတ်သွားမည်ကိုလည်း ကြောက်သည်။

ရာဂျူး အလုပ်ခွင်သို့ ပထမဦးဆုံးနေ့အဖြစ် စတင်ဝင်ရောက်တော့ မဟိန္ဒာက လက်ကိုင်ရှည် တံမြက်စည်းကြီးတစ်ချောင်း ပေးသည်။

"ရော့... ဒါကို ယူ"

ရာဂျူးက မယူချင် ယူချင်နှင့် ယူလိုက်သည်။ သူထင်ထားတာနှင့် တခြားစီ ဖြစ်နေသည်။ သူက ဆပ်ကပ်လူရွှင်တော် လုပ်ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ ယခုတော့ ဆပ်ကပ်ရုံတစ်ခုလုံး လှည်းကျင်းရမည့် သန့်ရှင်းရေးလုပ်သား ဖြစ်နေသည်။

သူ့အမူအရာကို မဟိန္ဒာက အကဲခတ်မိဟန်ဖြင့်-

"ဆပ်ကပ်အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ဒါဟာ မင်းရဲ့ ပထမဦးဆုံး အလုပ်ပဲ၊ အဲဒီတော့ ကြမ်းပြင်တွေကို လှည်းကျင်းရမယ်၊ မြင်းစောင်းတွေ၊ ခြင်္သေ့လှောင်အိမ်တွေကို သန့်ရှင်းရမယ်၊ ဆင်တွေကို ရေချိုးပေးရမယ်၊ သူတို့က ရေမရှိရင် မဖြစ်ဘူး၊ ဒီအလုပ်ကြမ်းကို ငါက ဘာကြောင့် ခိုင်းတယ်ဆိုတာ သိရဲ့လား"

"မသိပါဘူး ခင်ဗျာ"

"ဘာဖြစ်လို့လဲဆိုရင် လေထဲမှာ ပျံနိုင်ဖို့အတွက် ဒါမှမဟုတ် ကောင်းကင်ဘားတန်းတစ်ခု ကနေ နောက်တစ်ခုကို ခုန်ကူးပျံလွှားနိုင်ဖို့ အတွက် ပထမဦးစွာ ခြေထောက်တွေကို မြေကြီးပေါ်မှာ ခိုင်ခိုင်မြဲမြဲ ရပ်တတ် ရတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ် ငါ လူငယ်ဘဝတုန်းကလည်း ဆပ်ကပ်ထဲမှာ ဒီလိုပဲ အောက်ခြေက စခဲ့ရတာပဲ"

ရာဂျူးမှာ သူ့အဖြစ်သူ မယုံနိုင်အောင် ဖြစ်နေတုန်းပင်။ ထို့ကြောင့် မဟိန္ဒာက ဆက်လက်၍ ...

"လောကမှာ ထိပ်တန်းကို ရောက်ချင်ရင် အောက်ခြေလှေကား ထစ်က စပြီး တက်ရတယ်"

ထို့နောက် မဟိန္ဒာက သူ့လက်ကို ရာဂျူးဆီသို့ ကမ်းပေးသည်။ သူသည် ဆပ်ကပ်ပိုင်ရှင်လည်း ဖြစ်သည်။ အလွန်တော်သော ဆပ်ကပ် အနုပညာသည်လည်း ဖြစ်သည်။ ရာဂျူးက မဟိန္ဒာ၏ သန်မာလှသည့် လက်ကို ဆုပ်ကိုင်လိုက်သည်။ အန္တရာယ်များလှသည့် ကောင်းကင်ဘား ကစားနေစဉ် မဟိန္ဒာကိုယ်တိုင်၏ အသက်သည်လည်းကောင်း၊ မာရီနာ၏ အသက်သည်လည်းကောင်းသည် လက်၏ ဆုပ်ကိုင်နိုင်အား အပေါ်တွင် တည်နေ၏။ ရာဂျူးသည် မဟိန္ဒာ၏လက်ကို တင်းတင်းဆုပ်ထားရင်း နူးညံ့ခြင်းနှင့် နွေးထွေးခြင်းတို့ကို ခံစားရ၏။

"ကျေးဇူးတင်ပါတယ်ခင်ဗျား"

မဟိန္ဒာ ပြန်ထွက်သွားတော့ ရာဂျူးက ပြောလိုက်ခြင်း ဖြစ်သည်။ ယခုအခါ

လက်ထဲတွင် တံမြက်စည်းကြီးကိုင်လျက် ရာဂျူးတစ်ယောက် တည်းသာ ကျန်ရစ်တော့သည်။

※

အစမ်းလေ့ကျင့်ရန် ထွက်လာသည့် ရှုရှုလူရွှင်တော် ဆီရီဒေါ့နှင့်ဆုံတော့ ရာဂျူးသည် ဆင်တင်းကုပ်ကို လှည်းကျင်းသန့်ရှင်းပြီးခါစ ရှိသေးသည်။ ရာဂျူးက ချက်ချင်းမှတ်မိပြီး နှုတ်ဆက်လိုက်၏။

"နမာစတေး ဇဒရာစဗစ်ယာ" ဆီရီဒေါ့က ရှုရှုလို ပြန်၍ နှုတ်ဆက်သည်။

" ရာဂျူးကလည်း လက်ဆွဲနှုတ်ဆက်ရင်း သူကြားလိုက်သလို ရှုရှု စကားကို ပြန်ရွတ်လိုက်၏။

"ဇတ်-ဒရာ-ဗီတယာ"

ရာဂျူးက ပြုံးပြလိုက်သည်။ ဆီရီဒေါ့ကလည်း ပြန်၍ ပြုံးပြသည်။

ရာဂျူးက ပြုံးပြပြန်၏။

ဆီရီဒေါ့က ဦးထုပ်ကို ချွတ်လိုက်သည်။

ရာဂျူးကလည်း ဦးထုပ်ကို ချွတ်လိုက်သည်။

ဆီရီဒေါ့က ဦးခေါင်းက ညွတ်သည်။

ရာဂျူးကလည်း ဦးခေါင်းကို ညွတ်၏။

ဆီရီဒေါ့က လေ့ကားတိုင်များကို လက်ညှိုးထိုးပြသည်။

ရာဂျူးက တံမြက်စည်းကြီးကို လက်ညှိုးထိုးပြ၏။

လူရွှင်တော်...

လူရွှင်တော်...

ရှုရှုလူရွှင်တော်...

အိန္ဒိယလူရွှင်တော်...။

※

ဆီရီဒေါ့ ထွက်သွားပြီးတော့ ရာဂျူးက တံမြက်စည်း ဆက်လှည်းကျန်ရစ်သည်။ သို့သော် သည်တစ်ကြိမ်တွင်တော့ စောစောကလို ရိုးရိုးမလှည်း၊ လူရွှင်တော်ဟန်ဖြင့် သရုပ်ပါပါ မြူးမြူးကြွကြွ လှည်းသည်။

ဆီရီဒေါ့သည် မျက်နှာကိုမော့ကာ သက္ကလပ် ဦးထုပ်နှုတ်ခမ်းကို နှာခေါင်းပေါ်တွင် ထောင်တင်လိုက်သည်။ ပြီးတော့ ဖြည်းဖြည်းလျှောက်ရင်း ဦးထုပ်လိမ့်မကျအောင် ဟန်ချက်ကို ထိန်းထားသည်။

ရာဂျူးကလည်း သွေးကြွလာပြီး တံမြက်စည်းကို ပစ်ချလျက် သူ့ဦးထုပ်ပျော့ကလေးကို နှာခေါင်းပေါ်တွင် ထောင်တင်ကြည့်သည်။ သို့သော် ဦးထုပ်က ထောင်မနေဘဲ ချက်ချင်း လိမ့်ကျသွား၏။

ထို့နောက် ဆီရီဒေါ့က သူ၏ဦးထုပ်ကို ရာဂျူးအား ပေးကာ နှာခေါင်းကို လက်ညှိုး ထိုးပြသည်။ မကြာခင်မှာပင် ရာဂျူးက လျှို့ဝှက်ချက် ကို သိသွားတော့သည်။ ဆီရီဒေါ့၏ဦးထုပ် နှုတ်ခမ်းအတွင်းဘက်တွင် ချိုင့် ကလေးတစ်ခု ပါသည်။ ယင်းချိုင့်ကလေးက ဦးထုပ်လိမ့်မကျအောင် နှာခေါင်းရိုးပေါ်တွင် အံကျထိန်းထားခြင်း ဖြစ်သည်။

ယခုအခါ လှည့်စားချက်ကို ရာဂျူး သဘောပေါက်သွားပြီ။ ဦးထုပ် ကို သူ့နှာခေါင်းပေါ်တွင် မတ်မတ်ထောင်ထားနိုင်ပြီ။ လှေကားကို တက် တော့ တမင်ခြေချော်သွားသလို လုပ်ပြလိုက်ရာ ရယ်စရာလို ဖြစ်သွား၏။ "ခရာရှိ...အိုချင် ခရာရှိ... ကောင်းတယ်၊ သိပ်ကောင်းတယ်" ဆီရီဒေါ့က ဝမ်းသာအားရ ချီးကျူးလိုက်သည်။ တစ်ချိန်တည်းတွင် သူတတ်သမျှ ဟိန္ဒူစတန်နီစကားနှင့်လည်း ဘာသာပြန်ပြောလိုက်၏။

"အာချာ... ဘိုဟက်အာချာ"

ရာဂျူးက လှေကားပေါ်မှ ပြန်ဆင်းပြီး ဦးထုပ်ချွတ်ကာ ဦးညွှတ်လိုက်သည်။ ဆီရီဒေါ့က လက်ခုပ်တီးလိုက်သည်။ ထို့နောက် ရာဂျူးကို ပွေ့ဖက်၍ ပါးနှစ်ဖက်ကို နမ်းသည်။ ရာဂျူးကလည်း အားကျမခံ ပြန်၍ နမ်းသည်။ သူတို့နှစ်ယောက်သည် အပြန်အလှန် ဖက်လဲတကင်း အကြာကြီး နမ်းနေကြသည်။ ထို့နောက် အားရပါးရ လက်ဆွဲနှုတ်ဆက်ကြသည်။

"မိတ်ဆွေ...ခင်ဗျားက တကယ့်မွေးရာပါ လူရွှင်တော်ပဲ"ဟု ဆီရီဒေါ့က ရှရှလို ပြောလိုက်၏။ သို့သော် ရာဂျူးက နားမလည်။

ထို့နောက် သူသည် ဆပ်ကပ်ဝင်းကို ဆက်လက်၍ လှဲကျင်းသည်။ မဟိန္ဒာနှင့် မရီနာတို့က ကောင်းကင်ဘား ကစားနေကြရာမှ ရာဂျူး၏ အမူအရာကို သတိပြုမိကြသည်။ မဟိန္ဒာက အောက်ဘက်မှ တံမြက်လှည်း သမားကို လက်ညှိုးထိုးပြပြီး မာရီနာအား ပြောလိုက်သည်။

"ဟိုမှာ. . . ရာဂျူးကို ကြည့်လိုက်စမ်းပါ"

"ရာဂျူး... ဟုတ်လား"မာရီနာက သည်နာမည်ကို ကောင်းကောင်း မကျက်မိသေး။

"ဩော်. . .ရာဂျော့စကီးကို ပြောတာလား"

"ဟုတ်တယ်၊ တစ်နေ့မှာ ဒီကောင်လေးဟာ နာမည်ကျော် "ဂျိုကာ" (လူရွှင်တော်ကြီး) ဖြစ်လာလိမ့်မယ်"

မာရီနာက "ဂျိုကာ" (Joker)ဆိုတာကို နားမလည်။ ထို့ကြောင့် မဟိန္ဒာက ထပ်ပြောသည်။

"ဂျိုကာဆိုတာ "ကလောင်း"(Clown)ကို ပြောတာ"

"ဩော်... ကလုန်(Klon) ကလုန်...ဒါ ... ဒါ

"ရာဂျူးက ဗီဇပါ ဂျိုကာပဲ" မဟိန္ဒာက ရာဂျူးကို လှမ်းကြည့်ရင်း ပြောသည်။ "သူက ဝမ်းနည်းစရာတွေ့ တော့ ရယ်တယ်၊ ငိုစရာတွေ့တော့ သီချင်းဆိုတယ်"

ရာဂျူးသည် ဆပ်ကပ်မြင်းဇောင်းထဲတွင် အညစ်အကြေးတွေကို လှည်းကျင်း သန့်ရှင်းရင်း သီချင်းဆိုနေသည်။ သူ့အတွေ့အကြုံကို အခြေခံကာ ကိုယ်တိုင် စပ်ထားသည့် ဟာသသီချင်း ဖြစ်သည်။ ဘဝခရီးလမ်းတွင် သူသည် သန်မာ ထွားကြိုင်းသူများ၏ တွန်းထိုးကန်ကျောက်ခြင်းကို ခံခဲ့ရ၏။ မဆင်မခြင် ကားမောင်းသူများ၏ ပွတ်တိုက်သွားခြင်းကို ကြုံခဲ့ရ၏။ ထို့ပြင် "ငါနှင့် ငါသာ နိုင်းစရာ"ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီး ဘဝင်မြင့်သူတွေ ဘဝ ခရီးတွင် လဲကျသွားခြင်းကိုလည်း မြင်ခဲ့ရ၏။ သူ့သီချင်းသည် ထိုပုဂ္ဂိုလ် အားလုံးကို သတိပေးသည့်သီချင်း ဖြစ်၏။

"သင့်ခြေလှမ်းကို သတိထားပါ မိတ်ဆွေရာ...

သင့်ခြေလှမ်းကို သတိထားပါ ..."

သူသည် ဆပ်ကပ်ရုံထဲတွင် လှည့်ပတ်ကာ တံမြက်စည်းလှဲနေရာမှ အစမ်းလေ့ကျင့် နေသူများကိုလည်း မျက်ခြည်မပြတ် လှည့်ကြည့်ရင်း သူ့သီချင်းကို အဆုံးမသတ်နိုင်ဘဲ တစ်ပုဒ်တည်းကိုပင် ထပ်ကာ ထပ်ကာ ဆိုနေ၏။

"သင့်ခြေလှမ်းကို သတိထားပါ မိတ်ဆွေရာ...

သင့်ခြေလှမ်းကို သတိထားပါ ..."

ထိုအခိုက် နောက်ဘက်မှ မဟိန္ဒာ ရောက်လာပြီး ရာဂျူး၏ လည် ဂုတ်ကို ဆွဲကိုင်လျက် ...

"အလုပ်လုပ်ရင်း သီချင်းဆိုနေတာ မင်းလား"

"မ...မဟုတ်ဘူး ခင်ဗျား၊ ဟုတ်...ဟုတ်တယ်ခင်ဗျား" ရာဂျူးသည် ရုတ်တရက် လန့်ဖျပ်သွားပြီး ပျာပျာသလဲ တောင်းပန်နေ၏။

"ကျွန်...ကျွန်တော် နောင်ကို ဘယ်တော့မှ သီချင်းမဆိုတော့ပါဘူး ခင်ဗျား"

မဟိန္ဒာက မျက်နှာထားတင်းတင်း အသံကျယ်ကျယ်ဖြင့်...

"ဘာလို့ မဆိုရမှာလဲ၊ ဆိုကို ဆိုရမယ်၊ နေ့တိုင်းဆိုရမယ်" ထို့နောက် သူက ပြုံးလျက် "ဒီကနေ့ကစပြီး မင်း လူရွှင်တော်ဖြစ်ပြီ၊ သီချင်းဆိုတဲ့ လူရွှင်တော် ဖြစ်ပြီ၊ နားလည်လား"

ရာဂျူးမှာ သူ့နားကို သူမယုံနိုင်ဘဲ...

"ဟုတ်... ဟုတ်ကဲ့ခင်ဗျား၊ ဒီဆပ်ကပ်ထဲမှာပဲလား ခင်ဗျား"

"ဒါပေါ့၊ ဒီဆပ်ကပ်မှာပေါ့၊ တခြား ဘယ်ဆပ်ကပ် ရှိရဦးမှာလဲ"

"အများကြီး ကျေးဇူးတင်ပါတယ် ဆရာကြီး မဟိန္ဒာခင်ဗျား"

"ငါ့နာမည်က ဆရာကြီးလည်း မဟုတ်ဘူး၊ ခင်ဗျားလည်း မဟုတ် ဘူး၊ မဟိန္ဒာပဲ"

"ဟုတ်ကဲ့… ဆရာကြီး မဟိန္ဒာခင်ဗျား"

"လာပြန်ပြီ ဒီဆရာကြီး၊ မဟိန္ဒာ… မဟိန္ဒာ"

"ဟုတ်ကဲ့ … မဟိန္ဒာ… ဆရာကြီး"

မဟိန္ဒာက ပြက်လုံးတစ်ခုကို ကြားရသလို အသံထွက်၍ ရယ်ပါလေတော့သည်။ "မင်းက တော်တော်ပြင်ရခက်တဲ့ လူပဲ" ထို့နောက် သူမ၏ အလုပ်ပြင်တဲထဲမှ ထွက်လာသည့် မာရီနာကို လှမ်းမြင်လိုက်တော့ ရာဂျူးကို လက်ညှိုးထိုးပြပြီး "သူ လူ့ရွှင်တော်ဖြစ်တော့မယ်၊ ကလောင်း (Clown)၊ ကလောင်း… သိချင်းဆိုတဲ့ ကလောင်း"ဟု ပြောကာ လှည့်ထွက်သွားသည်။

မာရီနာက ရာဂျူးအနီးသို့ လျှောက်လာသည်။

"ဟဲလို"

"ဟဲလို"

"ဇဒရာစဗစ်တယာ… နမာစတေး"

"နာမာစတေး" ရာဂျူးက ပြန်ပြောသည်။ "ဇတ်-ဒရတ်-တိ-ဗိ-ဘိယာ"

ထို့နောက် သူသည် ဦးထုပ်ကို ချွတ်၍ အထဲမှ နှင်းဆီနီတစ်ပွင့် ထုတ်ယူလိုက်၏။

မာရီနာက ပထမနှင်းဆီပွင့်ကို၊ ပြီးနောက် သူမကိုယ်သူမက လက်ညှိုးထိုးလျက် ရှုရှလို မေးလိုက်သည်။

"ဒါ ကျွန်မအတွက်လား"

"ဒါ… ဒါ၊ ယက်စ်-ယက်စ်"

တကယ်တော့ ရာဂျူး ပြောချင်သည့်စကားက"ကျွန်တော်က မေရီ ကိုလည်း နှင်းဆီပန်း ပေးခဲ့ဖူးပါတယ်၊ အခုလည်း မမကို ပေးပါတယ်"ဟူ၍ ဖြစ်၏။ သို့သော်လည်း သူ့ပါးစပ်က ပြောလို့မထွက်။

မာရီနာက နှင်းဆီပန်းကို ယူပြီးနောက်…

"ကရာဆီဗာ… သိပ်ပြီးလှတာပဲ"

ရာဂျူးက မာရီနာကို လက်ညှိုးထိုးလျက်…

"မမလည်း ကရာဆီဗာ ပဲ"

“စပက်ဆီဘာ… ကျေးဇူးတင်ပါတယ် …ဒိုစဗီဒနိယာ”

ထို့နောက် မာရီနာသည် ပြုံးလျက် ပြန်လှည့်သွား၏။

“ဒက်-ဗီ-ဒါ-နိယာ” ရာဂျူးကလည်း ရှုရှလို ပြန်၍ နှုတ်ဆက် လိုက်၏။

“နောက်မှပြန်ဆုံကြမယ်”ဟု သူ့ဟာသူ ဘာသာပြန်ကာ အလွန် သဘောကျနေသည်။ ထို့နောက် သူ့ကိုယ်သူ ပြောလိုက်သည်။

“ဟော့… ရာဂျူး၊ နောက်ဆုံးမှာတော့ မင်း သိပ်ပြီး ဖြစ်ချင်တဲ့ လူ့ရှင်တော်ဖြစ်ပြီပေါ့၊ မင်းအဖေလိုပဲ သီချင်းဆိုတဲ့လူ့ရှင်တော်. . .လူတွေကို သီချင်းဆိုအောင်လုပ်တဲ့ လူ့ရှင်တော်ဖြစ်ပြီပေါ့၊ အဲဒီတော့ မင်းလည်း မင်း အဖေ ကြုံရတဲ့ ကြမ္မာဆိုးနဲ့ ကြုံရမှာလား”

ထိုနေ့ညၥ် ဆပ်ကပ်ရုံအတွင်း ပြည့်လျှံနေသည့် ပရိသတ်ငါးထောင်တို့၏ ရှေ့မှောက်တွင်... ထို့ပြင် ဇာတ်ခုံ ပုဏ္ဏားကွယ်ကြားမှ စောင့်ကြည့်နေသည့် မာရီနာ၏ ရှေ့မှောက်တွင် "သီချင်းဆိုသော လူရွှင်တော်ရာဂျူး"ကို မွေးထုတ်လိုက်လေ၏။

သို့ဖြင့် ထိုညတွင်လည်းကောင်း၊ အခြား အခြားသော ညများတွင်လည်းကောင်း ရုရှဆပ်ကပ်ပညာသည်များနှင့် တွဲဖက်၍ ရာဂျူးသည် ပရိသတ်ကျေနပ်အောင် ကောင်းကောင်းကြီး ဖြေဖျော်နိုင်ခဲ့သည်။ သူက ဟာသနှောသည့် သရော်စောင်းချိတ် သီချင်းတွေကို ဆိုပြသည်။ ပရိသတ်က အူလှိုက်သည်းလှိုက် ရယ်သည်။ နံရိုးပြုတ်ထွက်မတတ် ခွက်ထိုးခွက်လန် ရယ်သည်။ သို့သော်လည်း ရာဂျူးသည် သာမန်လူရွှင်တော် မဟုတ်ကြောင်း၊ သူတို့မြင်ဖူးသော အခြားလူရွှင်တော်များနှင့် လုံးဝမတူကြောင်း ပရိသတ်က ကောင်းကောင်း သိသည်။

ရာဂျူးကား အလွန်လူသားပီသသူ၊ "ဘဝတက္ကသိုလ်"မှ ဘွဲ့ရလာ သူ၊ ဖုန်ထူဗွက်ပေါက်သည့်လမ်းကို လျှောက်၍ လူတွေကို ရယ်အောင်လုပ်သူ၊ လူတွေ၏ ဒုက္ခသုက္ခကို မျှဝေခံစားတတ်သူဖြစ်၏။ သူသည် အရွယ်မတိုင်မီ ကပင် အချစ်၏ချိုမြိန်မှုနှင့် ခါးသီးမှုတို့ကို ခံစားခဲ့ရ၏။ သို့သော်လည်း သူသီဆိုသည့် သီချင်းများနှင့် သူပြုလုပ်သည့် ဟာသပြကွက်များတွင် ကိုယ်ချင်းစာစိတ်နှင့် မေတ္တာစိတ်သည် အမြဲတမ်း ပြည့်လျှံနေသည်။ သူက လူတွေကို ရယ်မောအောင် လုပ်သည်။ အဘယ်ကြောင့်ဆိုသော် လူ့ဘဝ တစ်ခုလုံးသည်ပင်လျှင် တကယ့်ရယ်စရာ ဖြစ်စဉ်ကြီးတစ်ခုဖြစ်သည် ဆိုတာ ကို သူက အလေးအနက် ခံယူထားသောကြောင့် ဖြစ်၏။

တကယ်ဆိုသော် ရာဂျူးသည် မျက်နှာကို ဆေးခြယ်ထားသည့် လူရွှင်တော်မဟုတ်၊ ရယ်စရာ အဝတ်အစားဝတ်ထားသည့် လူရွှင်တော် မဟုတ်၊ ရယ်စရာဟန်မူရာဖြင့် လူတွေကို ရယ်အောင်လုပ်သူမဟုတ်။ သူ၏ အနုပညာ၊ သူ၏ဟာသ၊ သူ၏ပြကွက်လုံး၊ သူ၏လူရွှင်တော်ပညာများဖြင့် လူတွေအား ဘဝကြေးမုံပြင်ကို မြင်အောင် ပြသသူပင်ဖြစ်သည်။

ပရိသတ်က အဆီအငေါ်မတည့်သော၊ ကမောက်ကမနိုင်သော ရယ်စရာမျက်နှာတွေကို ဘဝကြေးမုံပြင်တွင် မြင်ရသည်၊ ရယ်စရာ အမူအရာတွေကို မြင်ရသည်။ ထိုမျက်နှာတွေ၊ ထိုအမူအရာတွေကို ကြည့်၍ သူတို့က ရယ်ကြသည်။ တကယ်တော့ ကြေးမုံပြင်ထဲတွင် ရာဂျူးပြသော ထိုမျက်နှာ၊ ထိုအမူအရာများမှာ သူတို့၏ မျက်နှာတွေ၊ သူတို့၏ အမူအရာတွေ ဖြစ်နေ၏။ နောက်ဆုံးတော့ သူတို့သည် သူတို့၏ မိုက်မဲမှုများနှင့် ချို့ယွင်းချက်များကို ကြည့်ကာ မိမိတို့ကိုယ်ကို မိမိတို့ကြည့်၍ ရယ်နေခြင်းဖြစ်ကြောင်း သဘောပေါက်မိကြ၏။

ရာဂျူးသည် သူရပ်နားချိန်တွင် ကောင်းကင်ဘား ကစားနေသည့် မိမိအား အမြဲတမ်း စောင့်ကြည့်နေကြောင်း မာရီနာ သတိပြုမိသည်။ ရာဂျူး၏ မျက်လုံးများက သမုဒ္ဒရာရေပြင်ပမာ ပြာလဲ့နေသည်။ ယင်းမျက်လုံးပြာ များတွင် အေးငြိမ်းမှုနှင့် ပျော်ရွှင်မှုတို့ကို မာရီနာ ခံစားရသည်။ ယင်းမျက်လုံး ပြာများကို

မြင်လိုက်ရလျှင် သူမ- အားတက်လာသည်၊ ပို၍ကြိုးစားချင် လာသည်ဟု မာရီနာ ခံစားရသည်။

မာရီနာ၏ပြကွက် ပြီးဆုံးသွားသောအခါ ပရိသတ်ထံမှ လက်ခုပ်သံ များ သောသောညံသွားသည်။ မာရီနာ ကောင်းကင်ဘားတန်းပေါ်မှ အောက် သို့ ပြန်ဆင်းလာသည်။ ဇာတ်ခုံပုဏ္ဏားကွယ်တွင် ရာဂျူး ရပ်နေတာကို တွေ့ရသည်။ သူက ပြုံးပြပြီး ဦးထုပ်ထဲမှ နှင်းဆီပွင့်ကို ယူကာ မာရီနာအား ပေးသည်။

ထို့နောက် ရာဂျူး၏အလှည့် ရောက်လာသည်။ သူ ဖြေဖျော်ပြသနေစဉ် မာရီနာက ဂုဏ်ယူဝမ်းသာသည့် မျက်နှာဖြင့် မျက်တောင်မခတ် စောင့်ကြည့်နေတာကို ရာဂျူး သတိပြုမိ၏။ ထို့နောက်တွင်တော့ ရာဂျူးသည် ပရိသတ် ငါးထောင်ကို ဖြေဖျော်နေခြင်း မဟုတ်တော့။ တစ်ဦးတည်းသော ပရိသတ်အတွက် အထူးသီးသန့် ရည်ရွယ်၍ ဖြေဖျော်ခြင်းသာ ဖြစ်တော့သည်။ မာရီနာက ရာဂျူး၏ ဟာသပြကွက်တွေကို သဘောကျပြီး အူလှိုက် သည်းလှိုက်ရယ်သည်။ သည်တော့ ရာဂျူးမှာ အတိုင်းမသိ အူမြူးကြည်နူးနေ မိတော့သည်။

※

တစ်ညတွင် ရာဂျူး၏အလှည့် ပြီးဆုံးသွားတော့ လက်ခုပ်သံတွေ ဘဝင်လှုံသွားသည်။ မာရီနာကလည်း အဆက်မပြတ် လက်ခုပ်တီးနေသည်။

"ဘရာဗို... ရာဂျူး၊ ဆိုချင် ခရာချို... သိပ်ကောင်းတယ် ရာဂျူး၊ သိပ်ကောင်းတာပဲ" မာရီနာက ချီးကျူးသည်။

ရာဂျူးက မာရီနာ၏ လက်ကို နမ်းရင်း...

"စပတ်စီဘာ... ကရိယ" ထို့နောက် "ဓာညာဝတ်" ဟုပြောပြီး ထပ်၍ နမ်းပြန်၏။

နောက်ဆုံးမှ "ကျေးဇူးတင်ပါတယ်.. မမ မာရီနာ"ဟု ပြောလိုက်သည်။ မာရီနာကလည်း ပြုံးရွှင်စွာနှင့် အလွန်ပျော်ရွှင်နေသည်။ ထိုအခိုက် မဟိန္ဒာရောက် လာပြီး "ရာဂျူး... မင်းက ဘာသာစကား ဘယ်နှစ်မျိုးတောင် ပြောတတ်သလဲ" ဟု ပြုံးရယ်ကာ မေးလိုက်၏။ ထို့နောက် မာရီနာဘက်သို့ လှည့်ပြီး "ကဲ...လာ၊ သူတို့စောင့်နေကြတယ်၊ တို့အလှည့်ရောက်ပြီ"

မာရီနာက ကောင်းကင်ဘားတန်းကို လက်ညှိုးထိုးပြရင်း ရှုရှလို ပြောလိုက်သည်။

"ကျွန်မသွားရဦးမယ်"

"ညက်-ညက်.. နိုး... နိုး" ရာဂျူးက ပြန်ပြောသည်။

မာရီနာက ရယ်လျက် ...

ဒါ-ဒါ... ယက်စ်-ယက်စ်"

ရာဂျူးက...

‘ညက်-ညက်”

မာရီနာက “ဒိုစဗီဒါနိယာ” ဟု ပြောလိုက်ပြီးနောက် မဟိန္ဒာ၏ လက်ကိုဆွဲကာ နှစ်ယောက်သား ဇာတ်ခုံဝင်းထဲသို့ လျှောက်သွားကြသည်။

မဟိန္ဒာနှင့် မာရီနာတို့က ပရိသတ်အား ဦးညွတ်၍ နှုတ်ဆက်လိုက်ကြသည်။ လက်ခုပ်သံများ တဖျောင်းဖျောင်း ပေါ်ထွက်လာသည်။

မာရီနာက ကြိုးလှေကားကို တက်နေစဉ် ရာဂျူးက အတွေးနက် နေမိ၏။

“ဒါဟာ မာရီနာလား၊ မေရီလား၊ မေရီမဟုတ်ရင် သူ့ကို ငါ မြင်မြင် ချင်း ဘာဖြစ်လို့ ရင်တွေ ခုန်ရတာလဲ၊ လူတစ်ယောက်ဟာ တစ်သက်မှာ အချစ်စစ် အချစ်မှန်ကို တစ်ခါသာ ကြုံရတယ်ဆိုတာ မမှန်ဘူးလား”

[၁၁]

ဆက်ကပ်ဆရာ ရှားဆင်းကို ဆပ်ကပ်တစ်ဖွဲ့လုံးက “အူးစတပ်” သို့မဟုတ် “ဂုရု” ဟူ၍ ခေါ်ကြသည်။ သူက အဖွဲ့သားများအား နပန်းလုံးနည်း၊ ကြွက်သားထွက်အောင် လေ့ကျင့်နည်းနှင့် ဆပ်ကပ်အနုပညာများကို သင်ပေးသည်။ ထို့ပြင် ဆပ်ကပ်အဖွဲ့ဝင်များ၏ ကိုယ်ရေးကိုယ်တာ ပြဿနာများကို လည်း ဖြေရှင်းပေးသည်။

တစ်နေ့တွင် ရှားဆင်းသည် သူ့ဆပ်ကပ်တဲရှေ့၌ အနားယူနေစဉ် သူ့ဆီသို့ ရာဂျူး ရောက်လာပြီး...

“အူးစတတ်” ရာဂျူးက ခေါ်လိုက်သည်။

“ဆို” ရှားဆင်းက ပြောလိုက်သည်။

“ဘာပြဿနာ ရှိလို့လဲ”

“ပြဿနာ အကြီးကြီးပဲ အူးစတတ်၊ ဒါပေမဲ့ ပြောရမှာ ကျွန်တော် ရှက်တယ်”

“ဆပ်ကပ်ပညာသည်လည်းဖြစ်ပြီး လူရွှင်တော်လည်းဖြစ်တဲ့ လူက ရှက်စရာ ဘာမှမရှိပါဘူး၊ စိတ်ထဲမှာ ကျိတ်ခံမျိုသိပ်ထားတဲ့ လူတစ်ယောက်ဟာ သူများတွေကို ရယ်အောင်လုပ်လို့ မရဘူး၊ ကဲ... ပြောစမ်းပါ၊ မင်း ပြဿနာက ဘာတဲ့လဲ”

ရာဂျူးသည် ကုလားထိုင်စွန်းတွင် ဝင်ထိုင်သည်။ ပြီးတော့မှ...

“ကျွန်တော် တစ်ခုမေးချင်ပါတယ်”

“မေးပါ၊ ကြောက်မနေပါနဲ့”

“အူးစတတ် ... ဆရာ့အနေနဲ့ တစ်ယောက်ယောက်ကို ချစ်ဖူး သလား”

ရှားဆင်းက ခွက်ထိုးခွက်လန် ရယ်လိုက်ပြီးတော့မှ ...

“မင်းကို ငါအရင်မေးမယ်၊ မင်းခြသေ့်နဲ့ နပန်းလုံးဖူးသလား”

“ကျွန်တော် တစ်ခါတော့ စမ်းကြည့်ဖူးပါတယ်၊ ဒါပေမဲ့ အရှုံးပေးပြီး အမြန်ပြန်ဆုတ်လာခဲ့ရတယ်၊ ဆရာ ဝင်ကယ်လိုက်လို့ အသက်မသေတာ”

ရှားဆင်းက သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်ပြီးတော့မှ...

“ငါလည်း တစ်ကြိမ်တုန်းက ချစ်ခဲ့ဖူးတယ်၊ ဒါပေမဲ့ မင်းလိုပဲ အရှုံးပေးပြီး အမြန်ဆုံး နောက်ဆုတ်ခဲ့ရတာပါပဲ”

“ဆရာ့လို သတ္တိကောင်းတဲ့ ခြသေ့်ဝိဇ္ဇာကတောင် နောက်ဆုတ်လာ ခဲ့ရသတဲ့လား”

“နားထောင်… ငါပြောပြမယ်၊ အစာငတ်နေတဲ့ ခြသေ့်နဲ့ ချောမော လှပတဲ့ မိန်းကလေး၊ ဘယ်သူက ပိုပြီးအန္တ ရာယ်ရှိသလဲ”

“ကျွန်တော် နည်းနည်းတော့ သဘောပေါက်လာပြီ ဆရာ၊ လှပတဲ့ မိန်းကလေးက ပိုပြီး ကြောက်စရာကောင်းပါတယ်”

“မှန်တယ်၊ သိပ်မှန်တယ်၊ ဒီအချစ်လောင်းကစားပွဲဟာ သိပ်ပြီး အန္တ ရာယ်ကြီးတယ် ရာဂျူး၊ မင်းရဲ့ ကိုယ်လက်အင်္ဂါတွေနဲ့ မင်းရဲ့ နှလုံးသား ကို ကြပ်ကြပ် သတိထားပါ”

“ဆရာ…ကိုယ်လက်အင်္ဂါတွေကို ကျွန်တော် ထိန်းနိုင်ပါတယ်၊ ဒါပေမဲ့ နှလုံးသားကိုတော့ မထိန်းနိုင်ပါဘူး”

“ဒါဆို မင်း ဘုရားကိုသာ အားကိုးတော့”

“ဒိုစဗီဒါနိယာ… အူးစတတ်ဂျီး”

“အဲဒါက ဘာလဲ၊ ဘာစကားလဲ”

“ရုရှလို နှုတ်ဆက်တာပါ၊ ကျွန်တော် ဒီအဘိဓာန်စာအုပ် အကူအညီ နဲ့ ရုရှစကား သင်နေပါတယ်” သူက ဟိန္ဒီ-ရုရှ စကားပြောလမ်းညွှန် စာအုပ်ကို ထုတ်ပြသည်။

“အိုး… ဒါကြောင့်ကိုး” ရှားဆင်းက ရယ်လိုက်ပြီး “နောက်တစ် ယောက်ကလည်း ဟိန္ဒူစတန်နီစကား သင်နေတာကိုး”

ရာဂျူး ပြန်ထွက်လာခဲ့သည်။ ရှားဆင်းပြောသည့်စကားကို သူ ပြန်လည် စဉ်းစားလာသည်။

လှလေ ကြောက်စရာကောင်းလေ၊ လှလေ အန္တရာယ်ရှိလေ။

လှတာကို ရုရှလို ဘယ်လိုခေါ်ပါလိမ့်။ ကရာဆီဘာ… ဒါ-ဒါ… ကရာဆီဘာ။

လှရင် ကြောက်စရာကောင်းသလား၊ လှရင် အန္တ ရာယ်ရှိသလား။ ညက်-ညက်… နိုး-နိုး။

ယင်းစကားလုံးတွေကို သူ အဘိဓာန်ထဲမှာ မကြည့်ရသေး။

[၁၂]

ရာဂျူးသည် မာရီနာ၏ ရှက်ဖျင်တဲအနီးသို့ ရောက်လာသောအခါ ဟိန္ဒီ-ရုရှအဘိဓာန်စာအုပ်ကို အိတ်ထဲပြန်ထည့်ထားလိုက်သည်။ ထို့နောက် အထဲ သို့ ချောင်းကြည့်လိုက်၏။

မာရီနာသည် အလှပြင်စားပွဲရှေ့တွင် ထိုင်လျက် ရုရှ'ဟိန္ဒီအဘိဓာန် အကူအညီဖြင့် ဟိန္ဒူစတန်နီ စကားပြော သင်နေသည်။

"ကက်ဗီ ပိုဇီဗေတေး" သူမ စာအုပ်ကြည့်၍ ဖတ်နေသည်။ "အေ့ပ် ကိုင်ဆေး ဟိန်း- ကျန်းမာပါရဲ့လား"

"ယာ ခါရာရှိ" ရာဂျူးက တိုးတိုးပြောလိုက်သည်။ "မိန်း အချား ဟွန်း... ကျန်းမာပါတယ်"

ပြီးတော့မှ သူက "မိုဇနာ"ဟု ကျယ်ကျယ်ထပ်ပြောလိုက်၏။ ယင်းစကားသည် ရုရှစကားလုံး တစ်လုံးမျှသာ ဖြစ်သော်လည်း (အဘိဓာန် ဖွင့်ဆိုချက်အရ) ဝါကျတစ်ခုလုံးလည်း ဖြစ်သည်။ "ဝင်လာလို့ရသလား"ဟု အဓိပ္ပာယ်ရသည်။ တစ်ချိန်တည်းတွင် "ဝင်လာလို့ရပါတယ်"ဟုလည်း အဓိပ္ပာယ်ရသည်။ ထို့ကြောင့် မာရီနာကလည်း ယင်းစကားလုံးကိုပင် ပြန်ပြောနိုင်သည်။

သို့သော်လည်း သူမက "မိုဇနာ"ဟု ပြန်မပြောဘဲ "ဟွန်း...ဟွန်း အယေး"ဟူ၍သာ ဟိန္ဒူစတန်နီကို ပီပီသသ ပြန်ပြောလိုက်၏။ ယင်းသို့ ပီပီသသ ပြောနိုင်ခြင်းအတွက် ရာဂျူးက အံ့သြနေမိသည်။

ရာဂျူး ဝင်လာသောအခါ မာရီနာက ထိုင်ရာမှ ထကာ လက်ဆွဲ နှုတ်ဆက်သည်။ အိန္ဒိယစတိုင်လ်ဖြင့် "နာမာစတေး" ဟုလည်း ပြောလိုက် သည်

ရာဂျူးက ပြန်၍ "ဇဒရာစဗီတိယာ"(ကျန်းမာပါရဲ့လား)ဟု ပြောလိုက်ရာ မာရီနာက "အေ့ပ်... အေ့ပ်"ဟု ပြောပြီးနောက် အဘိဓာန်စာအုပ် ကို လှန်ကြည့်ကာ "ကိုင်ဆေဟိန်း"ဟု ထပ်ပြောလိုက်၏။

ရာဂျူးကလည်း အဘိဓာန်စာအုပ်ကို အင်္ကျီအိတ်ထဲမှ ထုတ်ကြည့်ပြီး "ကက်ဗီပိုဇီပိုင်တေး" (နေကောင်းပါရဲ့)ဟု ပြောလိုက်၏။

ထို့နောက် သူတို့နှစ်ယောက် အဘိဓာန်စာအုပ်တွေ ကိုယ်စီကိုင်လျက် ရယ်မောနေကြသည်။

"မမက ဟိန္ဒူစတန်နီစကား ကောင်းကောင်းပြောနိုင်နေပြီပဲ"

ရာဂျူးက သူ့စကားကို အဘိဓာန်အကူအညီဖြင့် ရုရှလို ဘာသာပြန် ပြောလိုက်သည်။

မာရီနာလည်း ဟိန္ဒူစတန်နီစကားဖြင့် ကြိုးစားပြီး ပြန်ပြောသည်။ "အေ့ ... ဘီ... ရှုဆီ... ဘိုဟတ်... ဘိုလ်တေး... ဟိန်း'

(မင်းလည်း ရှုရှုလို တော်တော်ပြောနိုင်နေပြီပဲ။)

နှစ်ယောက်သား ရယ်လိုက်ကြပြန်သည်။

ထို့နောက် ရာဂျူးက တစ်ရှူးစက္ကူဘူးဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို မာရီနာအား ပေးသည်။

“ဒါ ငါ့အတွက်လား”

“ဟုတ်ပါတယ်၊ ဖွင့်ကြည့်ပါဦး”

မာရီနာက အထုပ်ကို ဖွင့်သည်။ အဖြူရောင် မိုးသားဆာရီတစ်ထည် ထွက်လာသည်။

“အိုချင် ခရာဇီဗာ” (သိပ်ပြီး လှတာပဲ)

မာရီနာက ဝမ်းသာစွာ ပြောလိုက်သည်။

ရာဂျူးက မာရီနာအား ဆာရီကို ဝတ်ကြည့်ရန် ပြောသည်။

အိန္ဒိယအမျိုးသမီးများ ဆာရီဝတ်တာကို မာရီနာ မြင်ဖူး တွေ့ဖူးပြီး ဖြစ်သည်။ သို့သော် သူမကိုယ်တိုင်တော့ ဆာရီကို ဘယ်လိုဝတ်ရမှန်း မသိ။ သူမက ဂါဝန်ပေါ်မှ ရစ်ပတ်ကာ ဆာရီကို ဝတ်ကြည့်သည်။ ပုံစံမကျသဖြင့် ရယ်စရာကြီး ဖြစ်နေ၏။ သို့သော်လည်း မာရီနာအနေဖြင့် ဆာရီကို ဘယ်လို ပုံစံမျိုးဝတ်ဝတ် ရာဂျူးအဖို့တော့ လှနေသည်ချည်းပင်။ မာရီနာလည်း သူ့ရုပ်ကိုသူ မှန်ထဲတွင်ကြည့်ကာ သဘောကျနေသည်။ အနားတွင် ရပ်ကြည့်နေသည့် ရာဂျူးမှာလည်း တပြုံးပြုံးနှင့် ပီတိတွေ ဖုံးလို့။ သူ့အဖြစ်က ဆာရီ ဝတ်စုံဖြင့် သည်လောက်ချောမောလှသည့် မိန်းကလေးမျိုးကို တစ်ခါမှ မမြင်ဘူးသေးသည့် ပုံမျိုး။

ဒါလည်း တစ်နည်းအားဖြင့်တော့ မှန်နေသည်။ မေရီသည် ဂါဝန် သို့မဟုတ် စကတ်နှင့် ဘလောက်ဝတ်စုံကိုသာ အမြဲဝတ်သည်။ ကျောင်းသားကလေး ရာဂျူးက မေရီအား ဆာရီဝတ်စုံ လက်ဆောင်ပေးချင်စိတ် မကြာ ခဏ ဖြစ်ပေါ်မိသည်။ သူက မေရီအား ဆာရီဝတ်စုံဖြင့် သူ့အမေဆီ အလည် ခေါ်သွားချင်သည်။ သို့သော်လည်း ထိုစဉ်က ရာဂျူးမှာ ဆာရီဝတ်စုံ ဝယ်နိုင် လောက်အောင် ပိုက်ဆံလည်းမရှိ၊ ပြီးတော့ ဆာရီဝတ်စုံ လက်ဆောင်ပေးလျှင် ဒီကောင်လေး အတင့်ရဲလွန်းတယ်ဟု မေရီက ယူဆပြီး စိတ်ဆိုးသွားမည်ကို လည်း စိုးရိမ်မိသည်။ ယခုတော့ ရာဂျူးက မာရီနာအား ဆာရီဝတ်စုံ လက်ဆောင်ပေးလိုက်ပြီ။ သို့သော်လည်း မာရီနာအား သူ့အမေဆီကိုရော ခေါ်သွားရဲပါမည်လား။

မာရီနာသည် ဆာရီဝတ်စုံကို အချိုးကျအောင် ထပ်တလဲလဲ ကြိုးစား ပြီး ဝတ်သည်။ နောက်ဆုံးတွင် ခေါင်းမြီးခြုံလွှာကို ခြုံလွှမ်းလိုက်ပြီးသောအခါ သူမ၏ရုပ်သွင်သည် မသိမသာ ရှက်စိတ်လွှမ်းနေသည့် အိန္ဒိယသတို့သမီး ကလေးတစ်ယောက်နှင့် တူနေတော့သည်။

သူမက ဟိန္ဒူစတန်နီစကားကို ကြိုးစားပြီး ပြောသည်။

“ဟိန်း-ကိုင်စီ-ဟွန်း” (ငါ့ရုပ်က ဘယ်လိုနေသလဲ)

ရာဂျူးသည် စိတ်ကူးအိပ်မက်မှ လန့်နိုးလာပြီး…

“အား…လှတယ်၊ မမ သိပ်ပြီးလှတာပဲ၊ မမကို ဒီပုံစံနဲ့ မာမာသာ မြင်ရရင် သိပ်ပြီးဝမ်းသာမှာပဲ”

“မာမာ… ဟုတ်လား”

“မာမာ”ဟူသည့် စကားလုံးကလေးက ကြားရတာ အလွန်နားဝင်ချိုလှသည်။ မာရီနာ ယခုမှ ကြားဖူးခြင်းဖြစ်သည်။

“ဟုတ်တယ် မာမာ ဆိုတာ မာမီ၊ မေမေကို ပြောတာ”

မာတီနာက ခံစားချက်အပြည့်ဖြင့် . .

ညက် မာမာ… တော်လကာ ပါပါ” (မာမာ မရှိတော့ဘူး၊ ပါပါပဲရှိတယ်)။ ထို့နောက် သူမက မှန်တင်ခုံပေါ်မှ လူလတ်ပိုင်းအရွယ် ဓာတ်ပုံကို ကြည့်လိုက်ပြီးနောက် “မာမာက ဘယ်မှာလဲ”ဟု ရုရှလို မေးလိုက်သည်။

“မာမာ အိမ်မှာရှိတယ်၊ မာမာဆီ မမ လိုက်လည်မှာလား”

“ဒါ… ဒါ… ဟုတ်ကဲ့… ဟုတ်ကဲ့၊ မင်း မာမာကို ငါ သိပ်ပြီးတွေ့ ချင်တယ်”

ရာဂျူးသည် အလွန်ဝမ်းသာသွားပြီး …

“မာမာကလည်း သူ့အိပ်မက်ထဲက နတ်သမီးကလေးတွေ့ရရင် သိပ်ပြီး ဝမ်းသာမှာပဲ မမ”

ရာဂျူးနှင့် သူ့အမေတို့သည် ဘုံဘေမြို့ပြင်မှ တန်းလျားတွင် နေထိုင်ကြသည်။ သို့သော်လည်း ထိုနေရာသည် အိန္ဒိယတစ်နိုင်ငံလုံးကို ကိုယ်စားပြုနေ သလို ထင် မှတ်ရသည်။

ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ဘာသာစုံ၊ လူမျိုးစုံ နေထိုင်ကြသည်။ ဟိန္ဒူ၊ မူဆလင်၊ ခရစ်ယာန်၊ မဟာရာရှတ်တရ၊ ဂူဂျာရတီ၊ ပန်ချာဘီ စသည်ဖြင့် လူမျိုးပေါင်းစုံ ရှိသည်။ သူတို့သည် မတူကွဲပြားသည့် ဘာသာစကား တစ်ဒါဇင်ခန့်ကို ပြောကြသည်။ သို့သော်လည်း သူတို့အချင်းချင်း ဆုံလျှင် ပြောဆိုသည့် စကားမှာ “ကပြား”စကားဖြစ်ပြီး ပုံနှိပ်အဘိဓာန်မရှိ၊ သူတို့က ထိုစကားကို “ဘုံဘေ ဟိန္ဒူစတန်နီစကား”ဟု ခေါ်ကြသည်။

ရာဂျူးက မာရီနာအား သူတို့တန်းလျားသို့ ခေါ်လာခဲ့သည်။ အဖြူ ရောင် ပိုးသားဆာရီဝတ်ထားသည့် ရွှေရောင်ဆံပင်နှင့် နိုင်ငံခြားသူ မိန်းကလေးကို အိမ်နီးနားချင်းတွေက အထူးအဆန်းသဖွယ် ဝိုင်းအုံလာကြည့် ကြသည်။ အလုပ်အကိုင် မည်မည်ရရ မရှိသူများအဖို့ ရက်အတော်ကြာကြာ ပြောဆိုဆွေးနွေးစရာ အကြောင်းအရာတစ်ခု ရသွားပြီ။

ရာဂျူး၏အမေသည် မကျန်းမာ၍ ကွပ်ပျစ်ကလေးပေါ်တွင် လှဲနေသည်။ ကျိုခနဲ တံခါးပွင့်သွားတော့ အဘွားကြီးက မျက်စိဖွင့်ကြည့်သည်။ ရာဂျူးနှင့်အတူ မိန်းကလေးတစ်ယောက် ပါလာသည်။ တံခါးမှ ဝင်လာသည့် အလင်းရောင်ကြောင့် မိန်းကလေးကို ပီပီပြင်ပြင် မမြင်ရ။

“မာမာ... မာမ့အိပ်မက်ထဲက နတ်သမီးလေးကို ကျွန်တော် ခေါ်လာတယ်” ရာဂျူးက ဟိန္ဒူစတန်နီစကားဖြင့် ပြောလိုက်သည်။ မာရီနာက ဘာမှနားမလည်၊ ရိုးရိုးတန်းတန်း မိတ်ဆက်ပေးသည့် စကားလို့သာ ထင်မှတ် လိုက်သည်။

အဘွားကြီး တော်တော် အားနည်းနေသည်။ သူကြိုးစားပြီး ထထိုင်သည်။

မာရီနာက လက်ချင်းယှက်လျက် “နာမာစတေး”ဟု ပြောလိုက်ပြီး နောက် အဘွားကြီး၏ ဘေးတွင် ဝင်ထိုင်သည်။ အဘွားကြီးနှင့် မာရီနာတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။

အဘွားကြီးက တွေးမိသည်။ “ဒါဟာ လူယောင်ဆောင်လာတဲ့ နတ်သမီးကလေး ဖြစ်မှာပဲ”

မာရီနာက တွေးမိသည်။ “ဒါဟာ ငါ မမြင်လိုက်ရတဲ့ ငါ့အမေပဲ” အမေအိုက လက်ကို ကမ်းလိုက်တော့ မာရီနာက အနားကို တိုးလာသည်။ သည်နောက်တော့ အမေအိုက မိန်းကလေးကို ရင်နှင့်အပ်၍ ပွေ့ဖက် ထားလိုက်၏။

အမေအို၏မျက်စိထဲတွင် မင်္ဂလာဆောင် သတို့သမီးကလေး၏ ရုပ်သွင်ကို မြင်ယောင်လာမိသည်။ အမေအိုသည် မိန်းကလေးအား တယုတယ ပွတ်သပ်ရင်း “သမီးလေး ကျန်းမာပါစေ၊ အသက်ရှည်ပါစေ၊ လင်ကောင်းသားကောင်း ရပါစေ”ဟု

ဆုပေးသည်။

မာရီနာသည် အမေအို၏စကားကို တစ်လုံးမှ နားမလည်သော ကြောင့် ရာဂျူးကို လှည့်ကြည့်ပြီး အကူအညီတောင်းလိုက်၏။ ရာဂျူးက အဘိဓာန်အကူအညီဖြင့် ဘာသာပြန်ပြောလိုက်သည်။ မာရီနာက အမေအို အား ဝမ်းသာစွာ ကြည့်ရင်း...

"စပတ်ဆီဘာ... မာမာ၊ ကျေးဇူးတင်ပါတယ် အမေ"

အမေအိုက မာရီနာကိုကြည့်လိုက်၊ ရာဂျူးကို ကြည့်လိုက်ဖြင့် ကြောင် တောင်တောင်ဖြစ်နေသည်။ မာရီနာပြောသည့် စကားကို သူ နားမလည်။

"မာမာ.... မာရီနာက ကျွန်တော်တို့စကားကို မပြောတတ်ဘူး" ရာဂျူးက ရှင်းပြသည်။ "သူက အိန္ဒိယသူ မဟုတ်ဘူး"

"ဒါဆို သူက ဘင်္ဂါလီလား"

ရာဂျူးက ခေါင်းကို ခါယမ်းလိုက်သည်။

အမေအိုက မာရီနာအား အကဲခတ်သလို ကြည့်ပြီး...

"သူ့အသားက သိပ်ပြီး ဖြူတယ်၊ ကက်ရှ်မီရီသူ ဖြစ်လိမ့်မယ်"

"ဟုတ်တယ်... ဟုတ်တယ် မာမာ" ရာဂျူးက ခပ်မြန်မြန်ကလေး ပြောလိုက်သည်။ "သူက ကက်ရှ်မီယားနဲ့ သိပ်မဝေးတဲ့နိုင်ငံက လာတာ၊ ကဲ... မာမာ အေးအေးဆေးဆေး နားလိုက်ပါဦး၊ ကျွန်တော်တို့လည်း အလုပ် ကို ပြန်သွားရဦးမယ်၊ သူကလည်း ကျွန်တော်လုပ်တဲ့ ကုမ္ပဏီမှာပဲ လုပ်တာ"

အမေအိုက ရာဂျူးအား သူ့အနားသို့ တိုးလာရန် လက်ရိပ်ပြသည်။ ပြီးတော့ တိုးတိုးလေး ပြောသည်။

"သူ ဘယ်သူပဲဖြစ်ဖြစ် ငါ သဘောကျတယ်၊ ဒါနဲ့ သူ့ကို အလုပ်လုပ် ခိုင်းတာ မင်း မရှက်ဘူးလား သားရယ်"

"မပူပါနဲ့ မာမာ၊ ကျွန်တော်လည်း အဲဒီလိုပဲ တွေးနေမိပါတယ်" ပြန်မလို့ နှုတ်ဆက်ကြတော့ အမေအိုက မာရီနာအား ထပ်မံပွေ့ဖက်ရင်း...

"သမီး... ရာဂျူးကို သမီးကိုပဲ အပ်ပါတယ်၊ သူ့ကို စောင့်ရှောက်ပါ ၊ သူက သိပ်ပြီး စိတ်ထိခိုက်လွယ်တတ်တယ်၊ သူ့အပေါ် အကြင်နာမဲ့တာမျိုး တစ်ခုခု ပြောမိ လုပ်မိရင် သူ ရင်ကွဲရလိမ့်မယ်"

"အမေက ဘာပြောတာလဲ ဟင်"ဟု မာရီနာက ရာဂျူးအား မေးလိုက်သည်။

ရာဂျူးသည် ကြောင်အိမ်နားတွင် ရပ်နေသည်။ သူ ရုတ်တရက် စိတ်ကူးတစ်ခု ရမိသည်။

"ဩော်... မာမာက ပြောတယ်၊ ပထမဆုံးလာလည်တဲ့ ဧည့်သည်ကို လက်ချည်းဗလာ ပြန်မလွှတ်သင့်ဘူးတဲ့၊ သူက မမကို လက်ဆောင်တစ်ခု

ပေးချင်တယ်”

ရာဂျူးသည် ကြောင်အိမ်ကို ဖွင့်၍ လူ့ရှင်တော်အရုပ်ကလေးကို ယူကာ မာရီနာအား ပေးသည်။

“ဒါက ဘာလဲ” မာရီနာက အရုပ်ကလေးကို ကိုင်ထားရင်း မေးလိုက်သည်။

“တီအို ယာ” ရာဂျူးက ရှုရှုလို ပြန်ပြောသည်။ “ဒါ ကျွန်တော်လေ၊ အမြဲ သိမ်းထားပါ”

မာရီနာက ရာဂျူး၏မျက်နှာကို ကြည့်လိုက်သည်။ သူ့မျက်လုံး အစုံတွင် ခံစားချက်တွေ ရောထွေးပြည့်လျှံနေသည်။ မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ စိတ်လှုပ်ရှားခြင်းနှင့် ပျော်ရွှင်ခြင်း... ပြီးတော့ အသံတိတ်မေးခွန်း။ မာရီနာသည် အရုပ်ကလေးကို ရင်ဘတ်တွင် ဖိကပ်ထားလိုက်သည်။ ဤသည်ပင်လျှင် ရာဂျူး၏ အသံတိတ်မေးခွန်းအတွက် သူမ၏ အသံတိတ် အဖြေဖြစ်တော့သည်။

မာရီနာသည် လူ့ရှင်တော်အရုပ်ကလေးကို အလုပြင် မှန်တင်ခုံပေါ်တွင် တမြတ်တနိုး တင်ထားသည်။ အရုပ်ကလေးက ဖန်မျက်လုံးပြာကလေးဖြင့် သူ့ကို စိုက်ကြည့်နေသည်။ မာရီနာက တစ်စုံတစ်ရာကို လှမ်းယူလိုက်တိုင်း အရုပ်ကလေးက အငမ်းမရ လိုက်ကြည့်နေသလို ထင်ရ၏။

"တော်တော်နှောက်တဲ့ ကောင်လေး" မာရီနာက ရှုရှုလို ပြောလိုက်သည်။"ဘာလို့ ဒီလောက်တောင် ငမ်းနေရတာလဲ၊ မိန်းကလေး မမြင်ဖူးတာ ကျနေတာပဲ" ထို့နောက် သူက အရုပ်ကလေးကို ကောက်ယူကာ ဦးဖော်က် ထိုး ကိုင်ထားပြီး ကလိထိုးသည်။ ပြီးတော့ ရင်ဘတ်တွင်အပ်၍ ဖွဖွလေး မွှေးမွှေးပေးနေသည်။

ထိုအခိုက် အပြင်ဘက်မှ ရာဂျူး၏အသံကို ကြားရသည်။

"ကျွန်တော် ဝင်လာလို့ရမလား မမ" တစ်ဆက်တည်းတွင် သူ ရှုရှုလို ပြောတတ်ကြောင်း ကြားချင်တာကြောင့် "မိုဇနာ"ဟု မေးလိုက်သည်။ မာရီနာက အရုပ်ကလေးကို ကပျာကယာ ပြန်တင်ထားလိုက်ပြီး ...

"ဒါ ... ဒါ ပဇာလာစတာ၊ ဝင်ခဲ့ပါ"

နှစ်ယောက်စလုံးက "နာမာစတေး"ဟု သံပြိုင်ပြောပြီး တစ်ဆက် တည်းပင် "ဇထရာ စထရိတိယ"ဟု ပြောကာ တစ်ယောက်ကိုတစ်ယောက် ဦးညွှတ် အရိုအသေပြုလိုက်ကြသည်။ ပြီးတော့ နှစ်ယောက်စလုံး ရယ်ကြသည်။ ထို့နောက် ရာဂျူးက ဦးထုပ်ကိုချွတ်၍ နှင်းဆီနီတစ်ပွင့်ကို ယူပြီး မာရီနာအား ပေးလိုက်သည်။ မာရီနာက နှင်းဆီပွင့်ကို တယုတယ နမ်းသည်။ ပြီးတော့ အရုပ်ကလေးဘေးတွင် တင်ထားလိုက်သည်။

ရာဂျူးက လေးနက်ပြီး အရေးကြီးသည့် တစ်စုံတစ်ရာကို ပြောချင်သည်။ သို့ပေမဲ့ ရုတ်တရက် စကားလုံးရှာမရ ဖြစ်နေသည်။ သို့ဖြင့် အဘိဓာန်ကို ကြိုးစားပမ်းစား လှန်ကြည့်နေသည်။ ထိုအခိုက် စကားပြန် ရိုင်ဘာကော့ ရုတ်တရက် ဝင်ရောက်လာ၏။ သူ့ပုံက တော်တော် ပျော်ရွှင်တက်ကြွ နေပုံရသည်။ သူက မာရီနာအား ရှုရှုလို တစ်စုံတစ်ရာပြောသည်။ ရိုင်ဘာကော့၏ စကားကြောင့် မာရီနာလည်း အလွန်ပျော်မြူးသွားသည်။ ရာဂျူးမှာ ဘာမှန်းညာမှန်း မသိ၍ ကြောင်တောင်တောင်ဖြစ်နေပြီးမှ သိချင်လွန်း၍ မေးလိုက်သည်။

"ဘာကိစ္စလဲ... ရိုင်ဘာကော့၊ ဘာကြောင့် ဒီလောက်တောင် ပျော်နေ ကြတာလဲ ဟင်"

"ဆပ်ကပ်အဖွဲ့ ခရီးထွက်မလို့လေ" ရိုင်ဘာကော့က ဟိန္ဒူစတန်နီ စကားဖြင့် ပြန်ပြောသည်။ "တို့တစ်တွေ အိန္ဒိယက နာမည်ကျော်မြို့ကြီးတွေ မြင်ကြရတော့မယ်၊ ဘယ်လောက် ဝမ်းသာစရာ ကောင်းလိုက်သလဲနော်"

"ဒါဆို ဆပ်ကပ်အဖွဲ့ ခရီးထွက်တော့မယ်ပေါ့" ရာဂျူးက အသက်မပါသော လေသံဖြင့် ထပ်မေးလိုက်၏။

"ဟုတ်တယ်၊ ခရီးထွက်တော့မယ်၊ မင်းလည်း တို့နဲ့အတူ လိုက်ခဲ့ ပါလား"

"လိုက်တော့ လိုက်ချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အမေကို ဘယ်သူ စောင့်ရှောက်ပါ့မလဲ"

မာရီနာ စိုးရိမ်တကြီးဖြင့်...

"အမေက ဘာဖြစ်နေလို့လဲ၊ သူ နေမကောင်းဘူးလား ဟင်"

သူ ရင်ဆိုင်နေရသည့် အခက်အခဲကို ရာဂျူးအနေဖြင့် ဘယ်လိုရှင်းပြရပါ့။ သူ ဘုံဘေက ထွက်သွားလျှင် မကျန်းမမာ ဖြစ်နေသည့် မိခင်ကြီးကို တစ်ယောက်တည်း ထားပစ်ခဲ့ရမှာ။ မသွားပြန်လျှင်လည်း မာရီနာနှင့် ကွဲကွာနေရမှာ။ သည်အဖြစ်မျိုးကို သူ့အနေဖြင့် ဘယ်လိုမှ ခံစားနိုင်မည် မဟုတ်။

ထို့ကြောင့် သူက ပြန်ပြောလိုက်သည်။

"အို...ဘာမှမဖြစ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး" ပြီးတော့ သူ့ကိုယ်သူ အားတင်းကာ မျက်နှာပေါ်မှ စိုးရိမ်ရိပ်ကို ဖယ်ရှားပြီး ရယ်ရယ်မောမောဖြင့် "ဒါဆို မမကို ကျွန်တော် အိန္ဒိယတစ်နိုင်ငံလုံး လိုက်ပြခွင့်ရတော့မှာပေါ့"

"ဒါနဲ့ မင်းက တစ်နိုင်ငံလုံး ရောက်ဖူးသလား"

"ရောက်ဖူးတာပေါ့၊ ကျွန်တော်က ခြေသလုံးအိမ်တိုင် လျှောက်သွားနေတဲ့ အကောင်ပဲ၊ အဝါရာဟွန်း" ထို့နောက် ရုရှစကားဖြင့်"ယာဘရာက် ယာဂါ"

မာရီနာက ဝမ်းသာလွန်းလို့ ပျော်တပြုံးပြုံးဖြင့် လက်ခုပ်များပင် တီးလိုက်သေးသည်။

ရာဂျူးက ထပ်ပြီး...

"မမနဲ့အတူ သွားရတော့ ပိုပြီးတောင် ပျော်စရာကောင်းမှာပေါ့"

※

ဆပ်ကပ်အဖွဲ့သည် ဘုံဘေမှ နာဂပူရသို့၊ နာဂပူရမှ မဒရပ်သို့၊ မဒရပ်မှ ဘန်ဂလိုသို့ စသည်ဖြင့် တစ်မြို့ပြီးတစ်မြို့ ခရီးဆက်ကာ အိန္ဒိယနှင့် ရုရှ ဆပ်ကပ်ပညာရှင်များ ပူးတွဲ၍ ဖြေဖျော်ပြသ လာခဲ့ကြသည်။ အိန္ဒိယအဖွဲ့သား များအဖို့တော့ အဆိုပါမြို့များသို့ အကြိမ်ကြိမ်ရောက်ဖူး၍ ရိုးနေပြီ ဖြစ်သည်။ သို့သော်လည်း ရုရှအဖွဲ့သားများအဖို့မူ အိန္ဒိယနိုင်ငံ၏ ကြီးကျယ်ခမ်းနား လှပထွေပြားသော သမိုင်းဝင် အဆောက်အအုံ များနှင့် ရှုခင်းများကို မြင်ခွင့်ရ၍ အလွန်ဝမ်းသာ နေကြ၏။

ရာဂျူးလည်း ယင်းတို့ကို ယခင်က အထိုက်အလျောက် မြင်ဖူး တွေ့ဖူးပြီး ဖြစ်သည်။ သို့သော်လည်း သည်အကြိမ်တွင် မာရီနာနှင့်အတူ ရှုမြင်ခွင့်ရသည့်အတွက် သူ့အဖို့ ယခင်ကနှင့်မတူ တစ်မူထူးခြား လှပနေ သလို ထင်ရ၏။ အံ့ဖွယ်ပိသုကာလက်ရာ အဟောင်းများအပြင် လက်ရာ အသစ်များမှာ ဘဝသစ်၏ တိုးတက်မှု သင်္ကေတများဖြစ်ကြ၏။ ရာဂျူး သည် မာရီနာအား ကမ္ဘာလှည့်ခရီးသည်တွေ မြင်နေကျ အပေါ်ယံ အိန္ဒိယ နိုင်ငံကိုလည်း ပြသည်။

အတွင်းခံ အိန္ဒိယနိုင်ငံကိုလည်း ပြသည်။ အပေါ်ယံ အိန္ဒိယနိုင်ငံမှ ရှုခင်းမှာ နန်းတော်တမျှ ကြီးကျယ် ခမ်းနားသည့် စံအိမ်ကြီး တွေနှင့် ဟိုတယ်ကြီးတွေ ဖြစ်၏။ အတွင်းခံ အိန္ဒိယနိုင်ငံမှ ရှုခင်းကတော့ သစ်ရွက်သစ်ခက် တဲအိမ်ကလေးတွေနှင့် ရွှံ့တဲအိမ်ကလေးတွေဖြစ်၏။ ယင်းတဲအိမ်ကလေး များတွင် နေထိုင်ကြသည့် ယောက်ျားမိန်းမ ကလေးသူငယ်အားလုံးပင် ရာဂျူးကို တရင်းတနှီး သိကြသည်။ အားလုံးကပင် ရာဂျူးအား မိသားစုဝင်တစ်ဦးပမာ လှိုက်လှဲပျူငှာ ကြိုဆိုနှုတ်ဆက်ကြသည်။ သူတို့အားလုံးက မာရီနာအားလည်း ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ချစ်ချစ် ခင်ခင် ပြောဆိုဆက်ဆံကြသည်။

မိုင်ဆိုးမြို့သို့ရောက်တော့ အလုပ်သမားမိသားစုတစ်စုက လိုအပ်သည်ထက် ပိုကဲစွာ ဧည့်ခံပြုစု သောကြောင့် မာရီနာအဖို့ တစ်သက်မမေ့နိုင် စရာ ဖြစ်ရ၏။ သူတို့က ကိုယ်တိုင်လုပ် မုန့်ပဲသရေစာများဖြင့် ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် ဧည့်ခံကျွေးမွေးကြသည်။ ထို့ပြင် ကျောင်းသူအရွယ် မိန်းကလေး ညီအစ်မတစ်တွေကလည်း သီဆိုကခုန်၍ ဧည့်သည် နိုင်ငံခြားသူ ဆပ်ကပ်မယ်အား ဖြေဖျော်ကြ၏။ ပြန်ခါ နီးကျတော့ မာရီနာခမျာ သူ့ကိုယ် သူ ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ မျက်ရည်သွယ်သွယ် ကျရှာ၏။ အိမ်ရှင် အမျိုးသမီးက “နောက်တော့လည်း လာခဲ့ဦးနော် ညီမလေး၊ ဒါပေမဲ့ မမတို့ အိမ်ကလေးက သိပ်ပြီး သေးတဲ့အတွက်တော့ ခွင့်လွှတ်ပါနော်”ဟု ပြောတော့ မာရီနာက ဟိန္ဒူစတန်နီ စကားဖြင့် “ဂါး-ချိုတာ-ဒီးလ်-ဘာဒါ” “အိမ်က သေးပေမယ့် နှလုံးသားက ကြီးပါတယ် မမရယ်”ဟု ပြန်ပြောလိုက်၏။ မာရီနာ၏စကား ကြားရတော့ အိမ်ရှင်အမျိုးသမီးသည် ဝမ်းသာလွန်းလို့ ရှုရှုအလှမယ်ကလေးကို အတင်းပွေ့ဖက် လှုပ်ယမ်းနေ၏။

မာရီနာသည် ရာဂျူးမှတစ်ဆင့် အိန္ဒိယနိုင်ငံကို မြင်တွေ့ရသည်။ နိုင်ငံအကြောင်း၊ ပြည်သူတွေ အကြောင်းတွေအပြင် အိန္ဒိယယဉ်ကျေးမှုနှင့် ပြည်သူတွေ၏ လူနေမှုဘဝကိုလည်း သိရှိရသည်။ ယင်းသို့ အိန္ဒိယနိုင်ငံနှင့် အိန္ဒိယပြည်သူတွေ၏ ဘဝကို သိလာရသည်နှင့်အမျှ သူမသည် ရာဂျူးအပေါ် မှာလည်း ခင်မင်မှု ပို၍ကြီးထွားလာ၏။ ရာဂျူးအနေဖြင့်လည်း မာရီနာ ပျော်ရွှင်ကြည်နူးနေတာကို မြင်ရတိုင်း မာရီနာ၏ စိတ်ချမ်းသာမှုကို အတတ်နိုင်ဆုံး ဖန်တီးပေးဖို့ အရေးကိုသာ တစ်ချိန်လုံး အာရုံစိုက်နေတော့သည်။ မာရီနာအပြင် အခြားရုရှဆပ်ကပ်အဖွဲ့ဝင် အယောက် ၂၀ ရှိသေးသည့် အနက် တော်တော်များများသည် ရာဂျူးနှင့် ခင်မင်ရင်းနှီးကြသည်။ သို့သော်လည်း ရာဂျူးကတော့ မာရီနာ၏မျက်နှာကိုသာ မြင်၏။ မာရီနာ၏အသံကိုသာ ကြား၏။ စင်စစ် သည်အချိန် သည်ကာလသည် ရာဂျူး၏ဘဝတွင် အပျော်ဆုံး အချိန်ကာလပင်တည်း။

သူတို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး တပူးတွဲတွဲ အနီးကပ် နေနေရသည့်အတွက် အလွန်ပျော်နေကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အကြောင်းမဲ့သက်သက် ရယ်မောကြသည်။ နေ့ရက်တွေ ကြာညောင်းလာသည်နှင့်အမျှ တစ်ယောက်၏ ဘာသာစကားကို လည်း တစ်ယောက်က အတော်အတန် နားလည်နေကြပြီ။ သို့သော်လည်း သူတို့နှစ် ယောက်အတွက် စကားပြောစရာမလို။ အပြုံးတစ်ပွင့်၊ အကြည့်တစ်ချက်၊ အတွေ့တစ်ခုမျှဖြင့်ပင် တစ်ယောက်၏ ခံစားချက်ကို တစ်ယောက်က သိနေ ပြီဖြစ်၏။

ယခုအခါ သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ သာမန်မိတ်ဆွေ အဆင့်ထက် ကျော်လွန်ခဲ့ပြီ။ တစ်ညတွင် ရာဂျူးသည် အပြောင်အပြက် အနေဖြင့် အလွန်ဝပြီး အလွန်သန်မာထွားကြိုင်းသည့် လူသန်ကြီးအဖြစ် သရုပ်ဆောင် ဖြေဖျော်သည်။ သူက ရော်ဘာရုပ်ကလေးနှင့်ပြိုင်ကာ ဟန်ပါပါဖြင့် အလေးမပြသောအခါ ပရိသတ်က သဘောကျပြီး ခွက်ထိုးခွက်လန် ရယ်ကြသည်။ မာရီနာကိုယ်တိုင်လည်း အူနှိပ်နေရ၏။

ဖြေဖျော်မှုပြီးတော့ မာရီနာက ရာဂျူးအား သူမ၏အလှပြင်တဲထဲသို့ ခေါ်လိုက်သည်။ သည်အချိန်အထိ မာရီနာ ရယ်နေတုန်း ရှိသေးသည်။

"ရာဂျူး... ဒီနေ့မှာ မင်း အကောင်းဆုံး သရုပ်ဆောင်လိုက်တာပဲ"

ရာဂျူးက အင်္ကျီပွကြီးဖြင့် တမင်ဖန်တီးထားသည့် ရောမကြွက်သား အလုံးအဖုကြီးတွေကို တစ်အားထုတ်ပြရင်း...

"ဟောဒီမှာ...ဒီကြွက်သားကြီးတွေ ...စမ်းကြည့်ပါလား၊ ကျောက်ခဲလို မာတယ်... သိလား"

မာရီနာက တဟားဟား ရယ်ပြီး ကင်မရာကို လှမ်းယူလိုက်သည်။

ရာဂျူးက ထပ်မံသရုပ်ဆောင်ပြသည်။ မာရီယာက ချက်ခနဲ ဓာတ်ပုံရိုက် လိုက်သည်။

ရာဂျူးက ရယ်သည်။

မာရီယာလည်း ရယ်သည်။

နှစ်ယောက်သား အပြိုင်ရယ်နေကြသည်။

ရယ်ရင်းနှင့် သူတို့နှစ်ယောက် အသားချင်းထိလုမတတ် နီးကပ်သွား ကြသည်။ မာရီနာက ရှရှားလို ပြောလိုက်သည်။

"ယာ လူးဘလူး ဗက်စ်... ရာ-ဂျူး" (မင်းကို ငါချစ်တယ်... ရာ-ဂျူး) သူမက ရာဂျူး၏ နာမည်ကို ချစ်စနိုးဖြင့် အသံရှည်ရှည်ဆွဲ၍ ပြောသည်။

ရာဂျူးကလည်း ဟိန္ဒူစတန်နီဘာသာဖြင့်...

"ကျွန်တော်လည်း မမကို..."

သူ စကားပြတ်သွားသည်။ ဆက်မပြောရဲတော့။ နောက်ဆက်တွဲ စကားကို သူ့ဘာသာစကားနှင့် ပြောရမှာကို သူရှက်နေသည်။ သို့ဖြင့် တုံ့တုံ့ဆိုင်းဆိုင်း နှင့် ရှရှလိုသာ ပြောလိုက်တော့သည်။

"ကျွန်တော်လည်း မမကို လူးဘလူး ပါတယ်"

မာရီနာက ရှေ့သို့ တိုးရွေ့ကာ ရာဂျူးအား နမ်းရန် နှုတ်ခမ်းကို စူဖွင့်လိုက်စဉ်... လေသွင်းထားသည့် ကြွက်သားဖော် သူ့အင်္ကျီပွကြီး "ရှူး" ခနဲ အသံမြည်ရင်း လေလျော့သွားရာ ရာဂျူးတစ်ကိုယ်လုံး အားအင်တွေ

ကုန်ခန်းသွားသလို ခံစားလိုက်ရ၏။

ထိုအခိုက် ရှားဆင်း ရေးကြီးသုတ်ပျာ ဝင်လာပြီး ကြွက်သားတွေ ပျော့အိပိန်ကပ်နေသည့် လူသန်ကြီးကို မြင်လိုက်ရတော့ ရယ်ချင်စိတ် မပေါက်ဘဲ ငိုချင်စိတ်သာ ပေါက်မိလေ၏။ ရှားဆင်းသည် လက်ထဲတွင် သံကြိုးစာကို ကိုင်ထားပြီး သူ့မျက်နှာက သတင်းဆိုး ယူဆောင်လာသူအဖြစ် သိသိသာသာ ပေါ်လွင်နေသည်။

"ဘာများလဲ ... အူးစတတ်"

"မင်းအတွက် သတင်းဆိုးပဲ၊ မင်းအမေ အသည်းအသန်ဖြစ်နေလို့တဲ့၊ အဲဒါ မင်း အခုချက်ချင်း လေယာဉ်နဲ့ ပြန်သွားရမယ်တဲ့၊ ဆရာမဟိန္ဒာက ပြောလိုက်တယ်"

ရာဂျူးသည် မိခင်ကြီး၏အိမ်ရာဘေးတွင်ထိုင်ရင်း မာရီနာနှင့်အတူ ပျော်ခဲ့ရသည့် နေ့ရက်တွေကို သတိရနေသည်။ တစ်ချိန်တည်းတွင် မကျန်းမာသည့် မိခင်ကြီးကိုပစ်ပြီး ထွက်သွားမိသည့် သူ့အဖြစ်ကိုလည်း နောင်တရနေ မိသည်။

မိခင်ကြီးအား အိမ်နီးချင်းတွေနှင့် ပစ်ထားခဲ့သည့် သူ့ကို ဘုရား သခင်က စိတ်ဆိုးမှာလား။ မာရီနာနှင့် နေခဲ့ရချိန်တွင် သူ့အနေဖြင့် မိခင်ကြီး ကို လုံးဝ သတိမရခဲ့တာကတော့ အမှန်ပင်ဖြစ်၏။ သည်လုပ်ရပ်သည် ပြစ်မှုလား၊ ချစ်ခင်တာဟာ ပြစ်မှုလား။ ချစ်ခင်ခြင်းဖြင့်သာလျှင် ဘုရားသခင် ကို သိမြင်နိုင်သည်ဟု လူတွေပြောတာ သူ ကြားဖူးသည်။ ဒါဆိုရင် သူ့ လုပ်ရပ်သည် ဘာကြောင့် ပြစ်မှု ဖြစ်ရမှာလဲ။

သူသည် ဘုရားသခင်ထံတော်တွင် အသံတိတ် ဆုတောင်းနေ၏။ “တပည့်တော်၏မိခင်ကြီး သည်တောင်က ကျော်နိုင်ပါစေ၊ ရောဂါ ကင်းလို့ ကျန်းမာပါစေ၊ မိခင်ကြီးကို ပစ်ထားပြီး တပည့်တော် ဘယ်ကိုမှ မသွားတော့ပါဘူး၊ ဆပ်ကပ်ပွဲကိုလည်း လုံးဝမသွားတော့ပါဘူး၊ တပည့်တော် သစ္စာဆိုပါသည် အရှင်ဘုရား”

ယခုအချိန်တွင် ဆပ်ကပ်အဖွဲ့ ဘယ်ရောက်နေပြီလဲ။ ဒေလီလား၊ အာဂရာလား၊ လပ်ကနောင်လား။ အိန္ဒိယနှင့် ဆိုဗီယက်ဆပ်ကပ်အဖွဲ့သား များသည် ဆင်တွေစီးပြီး ရောင်စုံအလံတွေ၊ တံခွန်တွေ တလူလူနှင့် ဆပ်ကပ် ရုံထဲသို့ စီးတန်းဝင်လာကြလိမ့်မည်။ ဘော်ကြယ်များ တပ်ဆင်ထားသည့် တောက်တောက်ပြောင်ပြောင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ကာ ဝေါယာဉ် စီးပြီး မာရီနာ ဝင်လာတော့ ပရိသတ်က လက်ခုပ်တဖြောင်းဖြောင်းတီး၍ ကြိုဆိုကြလိမ့်မည်။ သူမ၏မိတ်ဆွေ ရုရှလူရွှင်တော် ဆီရီဒေါ့ကလည်း ပွယောင်းယောင်း ဘောင်းဘီရှည်နှင့် အပေါက်အပြဲတွေ ဖာထေးထားသည့် ကုတ်အင်္ကျီကြီးကို ဝတ်လျက် ကလေးတွေ ရယ်ရအောင် ဖင်တလှုပ်လှုပ်ဖြင့် လမ်းလျှောက်ဝင်လာလိမ့်မည်။ ပြီးတော့ မဟိန္ဒာနှင့် မာရီနာတို့က ကောင်းကင်ဘားတန်းပေါ်တွင် အံ့ဖွယ်ပြကွက်များဖြင့် ဖြေဖျော်ကြလိမ့်မည်။ ဆပ်ကပ်နတ်မိမယ်ကလေးသည် လေထဲတွင် မရပ်မနား ပျံဝဲနေလိမ့်မည်။ ဩော်...မာရီနာ... မာရီနာ၊ သူမများ ငါ့ကို သတိရ အောက်မေ့နေရှာလိမ့်မယ်။ ပြီးတော့ ပရိသတ်တွေကလည်း ငါ့ကို တမ်းတနေ ကြမှာပါပဲ။

ဆရာဝန်၏ ဆေးအစွမ်းကြောင့်လား၊ ဒါမှမဟုတ် သားဖြစ်သူ၏ ဆုတောင်းကြောင့်လား၊ ဒါမှမဟုတ် အထူးဂရုစိုက် ပြုစုစောင့်ရှောက်မှုကြောင့်လား။ ရာဂျူး၏ မိခင်ကြီးသည် တဖြည်းဖြည်းနှင့် ရောဂါဝေဒနာ သက်သာ ပြီး ကျန်းမာလာခဲ့သည်။ ယခုအခါ အိပ်ရာပေါ်တွင် ခေါင်းအုံးကိုမှီ၍ ထိုင်နိုင် နေပြီ။

တစ်နေ့တွင် ရာဂျူးက ပြောသည်။

“မာမာ... ဆရာဝန်ကပြောတယ်၊ မာမာ ရောဂါလုံးဝပျောက်ကင်းပြီး လူကောင်းပကတိ ကျန်းမာလာတော့မယ်တဲ့”

“မာမာ လိုချင်တာက ဆရာဝန်မဟုတ်ပါဘူး သားရယ်” မိခင်ကြီး၏

အသံက တိုးပေမယ့် မာသည်။ "မာမာက ချွေးမလောင်းကလေးကို နောက် ထပ်တွေ့ချင်သေးတယ်ကွယ်၊ ဒါနဲ့ သူ့နာမည်လေးက ဘာတဲ့"

"မာရီနာ"

"လှလိုက်တဲ့ နာမည်လေးကွယ်၊ နာမည်လှသလို လူကလည်း လှပါပေတယ်" သည်စကားကို ပြောရင်း မိခင်ကြီး၏မျက်နှာသည် ပို၍ ကြည်လင်လာသလို ထင်ရသည်။ "သူကလေးကို မာမာ တွေ့ပါရစေ သားရယ်"

"မာမာ ကျန်းမာလာတဲ့အခါ တွေ့ချင်သလောက် တွေ့ရမှာပါ၊ အခုလောလောဆယ် ကိုယ့်ကိုယ်ကိုယ် ကျန်းမာလာအောင်သာ ကြိုးစားပါ၊ အဲဒီတော့မှ သူ့ကို မာမာဆီ ကျွန်တော် ခေါ်လာခဲ့ပါ့မယ်"

မိခင်ကြီး၏ မျက်နှာတွင် အပြုံးပန်းပွင့်လာသည်။ ရာဂျူးလည်း အားတင်း၍ ပြုံးသည်။ သူ့အခြေအနေကို သူသိသည်။ သူက မာရီနာအား မျှော်လင့်ချက်အမှားကို ပေးမိခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နောက် နှစ်ရက် သုံးရက်ဆိုလျှင် ဆပ်ကပ်အဖွဲ့ ဘုံဘေမြို့သို့ ပြန်လာကြတော့မည်။ ဘုံဘေတွင် နောက်ဆုံးနှုတ်ဆက်ပွဲ တင်ဆက်ပြီးနောက် သူတို့နိုင်ငံသို့ ပြန်ကြတော့မည်။ ဆပ်ကပ်နတ်မိမယ်ကလေးသည် ဆီးနှင်းခြုံလွှမ်းနေသည့် ဟိမဝန္တာ တောင်စဉ်တောင်တန်းတွေကို ဖြတ်ကျော်ကာ ရုရှနိုင်ငံသို့ ပြန်သွား တော့မည်။ ဒါဆိုရင် ဘာမှမသိရှာသော မိခင်ကြီးကို ရာဂျူးအနေဖြင့် ဘယ်လိုရှင်းပြရပါ့။

[၁၆]

ဆပ်ကပ်အဖွဲ့ ဘုံဘေမြို့သို့ ပြန်ရောက်တော့ မာရီနာသည် ရာဂျူးနှင့် ပြန်တွေ့ရလို့ အလွန် ပျော်သွားသည်။ သူမသည် ရာဂျူးအား အတင်းပွေ့ဖက်ပြီး အားရပါးရ အနမ်းလက်ဆောင်ပေးသည်။ ပြီးတော့ သူမ ဘယ်နေရာပဲ ရောက်ရောက် ရာဂျူးကိုသာ အမြဲသတိရနေကြောင်း၊ ရာဂျူးမပါသည့် အတွက် ဘယ်လိုအထူးအဆန်း မြင်ကွင်းတွေ၊ ရှုခင်းတွေကို မြင်ရ မြင်ရ သူမ လုံးဝမပျော်ကြောင်း ရုရှစကားဖြင့် ကရားရေလွှတ် ပြောပြသည်။ ထို့နောက် ထစ်ထစ်ငေါ့ငေါ့ဖြင့် ဟိန္ဒူစတန်နီလို ဘာသာပြန်ပြောသည်။

"ကာလကတ္တား... ဒေလီ...လပ်ကနောင်... အာဂရာ... မာဂါ -အချာချာ- နဟိန်း-လာဂါ" ဘယ်နေရာမှာမှ သူမ မပျော်ခဲ့။

"ဘာဖြစ်လို့ မပျော်တာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်း မပါလို့ပေါ့"

"ဒီစကားအမှန်ပဲလား မမ"

"ဒါ... ဒါ" မာရီနာက ခေါင်းညိတ်ပြသည်။

"ညက် ... ညက်" ရာဂျူးက ခေါင်းယမ်းပြသည်။

ပြီးတော့ နှစ်ယောက်သား ရယ်နေကြသည်။ သို့ပေမဲ့ သူတို့၏ ရယ်သံက လှိုက်လှိုက်လှဲလှဲ မရှိလှ။ သူတို့သည် မလွဲမသွေ ခွဲခွာရတော့ မည့်အရေးကို မေ့ထားရန် အတင်းကြိုးစားနေကြခြင်း ဖြစ်၏။

"ဒါနဲ့ အမေကြီး အခြေအနေ ဘယ်လိုလဲ"

"တော်တော် ကောင်းနေပါပြီ၊ မာမာက တစ်ချိန်လုံး မမကိုပဲ သတိရ နေတယ်"

"ကဲ.. ဒါဆို တို့ သူ့ဆီသွားကြမယ်"

မာရီနာက ရာဂျူး၏လက်ကိုဆွဲပြီး အတင်းခေါ်သည်။ ရာဂျူးက အတင်းရုန်းပြီး ငြင်းသည်။ စိတ်မချမ်းသာစရာ ကြုံရမည်စိုး၍ သူက ဟိန္ဒူ စတန်နီစကားဖြင့် တမင်ပြောလိုက်သည်။

"မိန်း တွမ် ကို ကိုင်ဆေး ဆမ်ဂျာအုန် ကေ မာ တွမ်ဟင် အပနိဟိုနေဝါလီ ဘာဟူး ဆမ်ဂျာတိ ဟိန်း"

သို့ပေမဲ့ ရာဂျူး၏စကားကို မာရီနာက သုံးလုံးမျှသာ နားလည်၏။

"မိန်း" က "ကျွန်တော်"၊ "တွမ်"က "ခင်ဗျား"၊ "မာ"က "အမေ"။ ပြီးတော့ "ဘာဟူး" ဆိုတာက ဘာလဲ၊ သည်စကားလုံးက အဓိကစကားလုံး ဖြစ်နိုင် သည်ဟု သူမ ထင်မိသည်။

“ဘာဟူးဆိုတာ ဘာအဓိပ္ပာယ်လဲ”

ရာဂျူးက တိုက်ရိုက်မဖြေ၊ သွယ်ဝိုက်၍ ဖြေသည်။

“မိခင်တိုင်းရဲ့ အသည်းနှလုံးထဲမှာ အခန်းနှစ်ခန်း ရှိတယ်၊ တစ်ခန်းမှာ သားနေတယ်၊ နောက်တစ်ခန်းမှာ ဘာဟူး အတွက် ချန်ထားတယ်”

“နဟီး ဆမ်ဂျာတိ” (ငါ နားမလည်ဘူး)။ နားမလည်သည့်အတွက် သူမက ပို၍ သိချင်လာသည်။

“မမ နားလည်အောင်ပြောဖို့ တော်တော် ခက်တယ်၊ အဲဒီစကားကို မမ မော်စကိုမြို့ကို ပြန်ရောက်ပြီးမှ နားလည်တာက ပိုကောင်းလိမ့်မယ်” သူက ထိုင်ရာမှ ထရပ်ပြီး “ကျွန်တော်သွားဦးမယ်၊ ဆရာမဟိန္ဒာနဲ့ သွားတွေ့ လိုက်ဦးမယ်”

ရာဂျူး ပြန်ထွက်သွားသည်။ သူ့အမူအရာကြည့်ပြီး မာရီနာက စိုးရိမ်သွားသည်။ သူ့အမေဆီကို သူမနှင့်အတူ သူ ဘာကြောင့် မသွားချင်တာလဲ။“ဘာဟူး”ဆိုတာက ဘာကို ပြောတာလဲ။ မကောင်းတဲ့ အဓိပ္ပာယ် တော့ ရှိလိမ့်မည်ဟု သူမ မထင်မိ။ သူမသည် ထိုစကားလုံးကို ထပ်ကာထပ် ကာ ရွတ်ဆိုနေသည်။ “ဘာဟူး... ဘာဟူး... ဘာဟူး”

ထို့နောက် အဘိဓာန်တွင် ရှာကြည့်ရန် ရုတ်တရက် သတိရမိသည်။ သို့ဖြင့် အဘိဓာန် စာအုပ်ကလေးကို ယူပြီး သက်ဆိုင်ရာ စာမျက်နှာကို လှန်ကြည့်သည်။“ဘာဟူး... ချွေးမ၊ သားဖြစ်သူ၏ ဇနီးမယား”

မာရီနာ၏ မျက်နှာတွင် သွေးရောင်ပျောက်သွားသည်။ လက်စသတ် တော့ ရာဂျူး၏မိခင်ကြီးက သူမကို သူ့ချွေးမ လုပ်ချင်နေတာကိုး။ သူမ ကလည်း တကယ်ပင် အသည်းနှလုံးထဲကဆန္ဒအရ အဘွားကြီးချွေးမ ဖြစ်လိုက်ချင်သည်။ သို့ပေမဲ့ တစ်ချိန်တည်း ဒုက္ခိတဖခင်ကြီး၏မျက်နှာကို သွားမြင်မိသည်။ သူမ၏ဖခင်ကြီးမှာ စစ်အတွင်းက သေနတ်မှန်၍ ခြေတစ် ဖက်ပြတ်နေသည်။ ရာဂျူး၏ မိခင်ကြီးသည် ရာဂျူးအပေါ်တွင် လုံးဝ မှီခိုအားထားနေရသလို သူမ ဖခင်ကြီးမှာလည်း သူမအပေါ်တွင် လုံးဝမှီခို အားထားနေရရှာသည်။ ယခုအချိန်တွင် သူမပြန်အလာကို လည်တဆန့် ဆန့်နှင့် စောင့်မျှော်နေရှာရော့မည်။ သူမအဖို့ ချစ်ခင်သူဆို၍ ဖခင်ကြီးမှ တစ်ပါး နှစ်ယောက်သာ ရှိသည်။ ရာဂျူးရယ်၊ သူ့အမေရယ်ဖြစ်၏။ ယခု တော့ သူမကြောင့် သားအမိနှစ်ယောက် စိတ်ဆင်းရဲကြရတော့မည်။ သူမ သည် ရာဂျူး၏ အမေမှလွဲ၍ အခြားဘယ်အမေ၊ ဘယ်မိခင်ကိုမှ မသိ။ ရာဂျူး၏အမေတွင် နွေးထွေးဖြူစင်သည့် မိခင်မေတ္တာ ရှိသည်။ ယခုတော့ မာရီနာ သွားရတော့မည်။ အဘွားအို၏ မိခင်မေတ္တာနှောင်ကြိုးကို သူမ ဖြတ်တောက်ရတော့မည်။ “ငါ ဘာလုပ်သင့်သလဲ၊ ဘာလုပ်နိုင်သလဲ” သည် မေးခွန်းက သူမကို အဆက်မပြတ် ခြောက်လှန့်နေသည်။ ကြံရာမရ ဖြစ်နေ စဉ် လူ့ရှင်တော်ရုပ်ကလေးကို သွားမြင်မိသည်။ “အီတိုယာ” (ဒါ ကျွန်တော်ပဲ) ဟု ပြောပြီး သူမအား ရာဂျူးပေးခဲ့သည့် အရုပ်ကလေးဖြစ်သည်။ သည်အရုပ်ကလေးကို မြင်လိုက်တော့မှ သူမ ဘာလုပ်ရမည်ဆိုတာကို ဖျတ်ခနဲ သတိရ မိတော့သည်။

[၁၇]

ထိုနေ့ညနေတွင် အသားဖြူဖြူနှင့် နိုင်ငံခြားသူတစ်ယောက် ရာဂျူးတို့ သားအမိ တဲအိမ်ကလေးထဲသို့ ဝင်သွားသည်ကို အိမ်နီးချင်းတွေအားလုံး မြင်တွေ့ကြရသည်။ သည်တစ်ကြိမ်တွင်တော့ သူမသည် အဖော်မပါ တစ်ကိုယ်တည်း လာသည်။ ပြီးတော့ ခါတိုင်းလို ဆာရီဝတ်စုံကိုလည်း ဝတ်မလာ။ ဒူးဆစ်အထက်ထိ ဗလာကျင်းနေသည့် ဂါဝန်ကိုသာ ဝတ်လာ၏။

"သူက နိုင်ငံခြားသူပဲ၊ ရာဂျူးအမေဆီကို တစ်ယောက်တည်း ဘာကြောင့် လာတာလဲ" အိမ်နီးချင်းမိန်းမကြီး တချို့က ဒူးပေါ်ပေါင်ပေါ် နိုင်ငံခြားသူကလေးကို မကြည့်ရဲ ကြည့်ရဲကြည့်ကာ ဝေဖန်ပြောဆိုနေ ကြသည်။

※

မာရီနာက တံခါးကို ခပ်ဖော့ဖော့ကလေး ခေါက်လိုက်သည်။ ရာဂျူး၏ အမေက အိပ်ရာထဲမှ လှမ်း၍ "ဝင်ခဲ့ပါ"ဟု ပြောလိုက်သည်။ တံခါးပွင့်လာပြီး မာရီနာကို မြင်လိုက်ရတော့ အဘွားကြီး အလွန်ဝမ်းသာသွားသည်။ ပထမတွင် သူမ အိပ်မက်မက်နေသလားဟုပင် ထင်မိသည်။ တကယ်မှ ဟုတ်ပါရဲ့ လား။ နတ်သမီး ကလေးများ ဖြစ်နေသလား။

မာရီနာက လက်နှစ်ဖက်ကို ယှက်ကာ "နာမာစတေး... အေ့ပ်ကိုင်စိဟိန်း" (နေကောင်းရဲ့လား... အမေ)

အဘွားအိုက မာရီနာအား သူမ အိပ်ရာဘေးတွင် ထိုင်ခိုင်းပြီး... "သမီးကို အမေ့ဆီ ခေါ်လာဖို့ ရာဂျူးကို ဒီနေ့ပဲ အမေ ပြောလိုက် သေးတယ်၊ အမေ ဘယ်လောက် မြန်မြန်ဆန်ဆန် နေကောင်းလာပြီဆိုတာ အခု သမီးအမြင်ပဲ"

မာရီနာက အမေကြီး၏မျက်နှာကို စေ့စေ့မကြည့်ရဲ။ သို့ဖြင့် သူမက မျက်နှာတစ်ဖက်လွှဲကာ ဟိန္ဒူစတန်နီစကားဖြင့် ပြောလိုက်သည်။

"အမေ... ရာဂျူးက ..သိပ်ပြီး...စိတ်ကောင်း..ရှိပါတယ်"

ထို့နောက် ဆက်မပြောတတ်တော့သဖြင့် ရှုရှိုးလိုပင် ပြောလိုက်တော့သည်။

"ကျွန်မဘဝမှာ အမေတစ်ယောက်သာ တွေ့ဖူးပါတယ်၊ အဲဒီတစ် ယောက်ဟာ အမေပါပဲ... အမေ၊ အမေက ကျွန်မကို အများကြီး ချစ်ပါတယ်၊ အဲဒါကို ကျွန်မ ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ ကျွန်မစကားနဲ့မပြောတတ်တော့ဘူး၊ အမေ့ကို ကျွန်မ ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ချင်ပါဘူး၊ ရာဂျူးကိုလည်း ကျွန်မကြောင့် စိတ်မဆင်းရဲစေချင်ပါဘူး၊ ဒါပေမဲ့ အမေရယ်... ကျွန်မ ဘာလုပ်ရမလဲ၊ မနက်ဖြန်ဆိုရင် ကျွန်မ မော်စကိုမြို့ကို ပြန်သွားရတော့မယ်၊ ဒုက္ခိတအဖေကြီးက ကျွန်မကို မျှော်နေ ရှာမယ်၊ သူ့မှာ ကျွန်မကလွဲပြီး ပြုစုစောင့်ရှောက်မယ့်လူ ဘယ်သူမှမရှိဘူး၊ ဒါကြောင့် ကျွန်မ ပြန်သွားရတော့မယ်၊ ပြန်သွားရတော့မယ် အမေ" မာရီနာ ၏မျက်နှာတွင် မျက်ရည်သွယ်သွယ် စီးကျလာသည်။

အဘွားကြီးက မာရီနာပြောတာကို "ရာဂျူး"နှင့် "မာမာ"ဟူသော စကားနှစ်လုံးမှတစ်ပါး အခြားဘာမှ နားမလည်။ သူမ၏ ရင်ခွင်တွင် မျက်နှာ အပ်၍ ငိုနေသည့် မာရီနာအား ပွေ့ဖက်ထားရင်းမှ "မငိုပါနဲ့ သမီးရယ်၊ သမီး အမေကို သတိရလို့ ငိုတာလား... ဟင်၊ အမေလည်း သမီးအမေပါပဲ ကွယ်၊ အမေက သမီးကို ရင်သွေးအရင်းလို အများကြီး ချစ်ပါတယ် သမီး ရယ်၊ သမီး ဒီအိမ်မှာပဲ အမေတို့နဲ့အတူ နေနေပါတော့...နော်"

မာရီနာကလည်း အဘွားကြီးစကားကို တစ်ခွန်းမှ နားမလည်။

"မဟုတ်ဘူး...အမေ၊ မဟုတ်ဘူး၊ ကျွန်မက ရာဂျူးအကြောင်းကို ပြောနေတာ"

"ဟင်...... ရာဂျူး ဟုတ်လား" အဘွားကြီးက တစ်မျိုးထင်သွားပြီး "ရာဂျူး ဘာလုပ်သလဲ၊ သမီးကို ဘာလုပ်သလဲ၊ သမီးကို သူ စိတ်မချမ်းသာ အောင် လုပ်သလား၊ ဒီကောင် လာပါစေ၊ သူ့ကို အမေ ကောင်းကောင်းကြီး ဒဏ်ပေးမယ်၊ တစ်သက်လုံး မှတ်သားအောင် ရိုက်ပြီး ဆုံးမမယ်၊ ဒီလောက် စိတ်ကောင်းရှိတဲ့ အမေ့အိပ်မက်ထဲက နတ်သမီးလေးကို ဒီကောင် ဒီလို မဆက်ဆံသင့်ဘူး"

အဘွားကြီး၏ "ပါရီ"ဆိုသည့် ဟိန္ဒူစတန်နီစကားလုံးကို မာရီနာက နားလည်သည်။ ထို့ကြောင့် သူမက "အမေ... ကျွန်မက အမေ့အိပ်မက်ထဲက နတ်သမီးလေး မဟုတ်ပါဘူး၊ သာမန် ရုရှသူလေးတစ်ယောက်သာ ဖြစ်ပါတယ်၊ မနက်ဖြန်ဆိုရင် ကျွန်မ ကိုယ့်နိုင်ငံ ပြန်ရတော့မယ်၊ ဒုက္ခိတအဖေကြီး ဆီ ပြန်ရတော့မယ်၊ ကျွန်မ ဘာမှမလုပ်တတ်တော့ဘူး၊ ဘာမှမလုပ်တတ် တော့ဘူး အမေ" ထို့နောက် သူမ မှတ်မိသည့် ဟိန္ဒူစတန်နီစကားဖြင့် ပြောလိုက်သည်။"မီရာ ဒစ်လ် ရော ရာဟာ ဟိုင်း" (ကျွန်မ အသည်းနှလုံးက ငိုနေပါတယ်) သည်ထက်ပို၍ သူမ မပြောတတ်တော့။ သို့ဖြင့် ရုရှလို ဆက်ပြီး ပြောလိုက်သည်။ "ကျွန်မ ပြန်တော့မယ် အမေ၊ နောက်ဆုံး နှုတ်ဆက်ပွဲ ပြချိန်နီးနေပြီ၊ ဒေါ်စ်ဗီ ဒါနိယ... မာမာ"

ထို့နောက် သူမသည် စက္ကူထုပ်တစ်ထုပ်ကို အဘွားကြီး အိပ်ရာပေါ်တွင် တင်ထားခဲ့ပြီး ပြန်ထွက်လာခဲ့တော့သည်။

မျက်ရည်စက်လက်နှင့် ငိုပြီး ပြန်ထွက်လာသည့် မာရီနာကို မြင်ရတော့ အိမ်နီးချင်းတွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စကား မပြောဘဲ နိုင်ငံခြားသူတွေလည်း တို့လိုပဲ ကြင်နာသနားတတ်တဲ့ လူသားတွေ ပါလားဟု တွေးမိလေ၏။

မာရီနာပြန်သွားပြီးနောက် အဘွားကြီးသည် စက္ကူထုပ်ကို ကောက်ယူပြီး ဖွင့်ဖောက်ကြည့်သည်။ အထုပ်ထဲမှ လူ့ရှင်တော်အရုပ်ကလေး ထွက်လာတော့ အလွန်အံ့သြသွားမိ၏။ ဒီအရုပ်ကလေးကို မာရီနာ ဘယ်က ရတာလဲ။ ဧကန္တ တော့ ရာဂျူးပေးတာ ဖြစ်ရမယ်။ အဲဒီတော့ သူက ဘာကြောင့် ပြန်ပေးရတာလဲ။ ယင်းသို့ စဉ်းစားရင်း အဖြေမပေါ်မီမှာပင် အရုပ်ကလေး ထုပ်ထားသည့် ပိုစတာကို သွားမြင်မိသည်။

ပိုစတာပေါ်တွင် တစ်ဖက်က ကောင်းကင်ဘားဝတ်စုံ ဝတ်ထားသည့် မာရီနာ၏ပုံ၊ အခြားတစ်ဖက်က လူ့ရှင်တော်ဝတ်စုံ ဝတ်ထားသည့် ရာဂျူး၏ ပုံ၊ သူလည်း ရယ်သလို လူတွေကိုလည်း ရယ်အောင် လုပ်နေသည့်ပုံ။ သူအဖေလည်း

သည့်အတိုင်းပင်။ ဆပ်ကပ်ကြော်ငြာ ပိုစတာတိုင်းမှာ အမြဲတမ်း ဖော်ပြခံခဲ့ရသူပင်။

[၁၈]

ထိုညတွင် ဆိုဗီယက်ရုရှဆပ်ကပ်အဖွဲ့၏ နောက်ဆုံးနှုတ်ဆက်ပွဲကို လာရောက် အားပေးကြသည့် ပွဲကြည့်ပရိသတ်မှာ ခါတိုင်းထက် ပို၍ များသည်။

ပထန်အမျိုးသားရုံစောင့်က တဘက်ခြုံထားသည့် အဘွားကြီးတစ်ယောက်ကို ရှားဆင်းထံသို့ ခေါ်လာသည်။

"ဆရာ... ဒီအဘွားကြီးမှာ လက်မှတ်မပါဘူး၊ သူက အတင်းဝင်ခွင့်တောင်းနေတယ်"

အဘွားကြီးမှာ အသက်ကြီးရုံသာမဟုတ်၊ ကျန်းမာပုံလည်း မရ။ သူမက စိုးရိမ်တကြီးလေသံဖြင့် တောင်းပန်နေ၏။

"အမေ့ကို ဝင်ခွင့်ပြုပါ သားရယ်၊ အမေ့သား ရာဂျူး ဒီဆပ်ကပ် အဖွဲ့မှာ လုပ်ပါတယ်၊ သူ ဖြေဖျော်တာကို ကြည့်ချင်လို့ လာခဲ့တာပါ"

"အိုး...အမေက ရာဂျူးရဲ့အမေကိုး၊ လာ...လာ၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

ထို့နောက် ရှားဆင်းက အဘွားကြီးအား သူကိုယ်တိုင် ထိုင်ခုံသို့ လိုက်ပို့မည်ဟု ပြောပြီး ရုံစောင့်ကို ပြန်လွှတ်လိုက်၏။

ထိုင်ခုံတန်းသို့ လျှောက်လာရင်း ရှားဆင်းက အဘွားကြီးအား...

"အမေကြီးရဲ့သားက သိပ်ပြီးတော်တဲ့ လူရွှင်တော်ပဲ၊ သူက ထူးထူးဆန်းဆန်းတွေ လုပ်ပြတော့ လူတွေ သဘောကျပြီး တဝါးဝါး ရယ်ကြတယ်"

သူမ၏ခင်ပွန်းကလည်း လူတွေရယ်အောင် အထူးအဆန်းတွေ လုပ်ပြတာကို အဘွားကြီး သတိရမိသည်။ ယခု ရှားဆင်း၏စကားကို ကြားရတော့ အမင်္ဂလာသတင်းဆိုးကြီးကို ကြားရသလို ထင်မိသည်။

"ထူးထူးဆန်းဆန်းလုပ်ပြရင် လူတွေက ရယ်ကြသတဲ့လား၊ အမေက အဲဒါကိုပဲ တွေးကြောက်မိပါတယ် သားရယ်"

ဆပ်ကပ်ပွဲ စတင်ပြသပြီ။ လက်ခုပ်သံများ သောသောညံနေသည့် ကြားမှ မဟိန္ဒာနှင့် မာရီနာတို့ ဇာတ်ခုံပေါ်တွင် ပေါ်ထွက်လာကြသည်။ ပရိသတ်အား ဦးညွှတ်အလေးပြုကြသည်။ ထို့နောက် မဟိန္ဒာက ကောင်းကင် ဘားတန်းကြိုးလျှောကားကို စတင်တက်သည်။ ပြီးတော့ မာရီနာ၏အလှည့်။ သူမ၏အိပ်မက်ထဲက နတ်သမီးကလေး ပြုံးနေသည်ကို ရာဂျူး၏အမေ မြင်သည်။ သို့သော် သူမ၏အပြုံးက အသက်မပါသည့် ဟန်ဆောင်ပြုံး။ အပြုံး၏နောက်ကွယ်တွင် မျက်ရည်ဝေ့နေသည့် မျက်လုံးများကို မြင်ရသည်။

မာရီနာက လုံခြုံရေးပိုက်ကွန်ပေါ်သို့ တက်တော့ ရာဂျူးက အနားကပ်သွားသည်။ သူသည် လူရွှင်တော်ရုပ်သွင် မိတ်ကပ်ခြယ်ကာ ကောက်ရိုးဦးထုပ်ကို ဆောင်းထားသည်။ သူ့အဖေရုပ်နှင့် ချွတ်စွပ်တူသည်။ သူလည်း သူ့အဖေလိုပင် ကြမ္မာဆိုးနှင့် ကြုံရမှာလား။ သူက မာရီနာအား နှင်းဆီနီပွင့်

ကမ်းပေးရန် ကြိုးလှေကားကို စတက်တော့ မိခင်ကြီးမှာ စိုးရိမ်စိတ်ဖြင့် ရင်တလှပ်လှပ် ဖြစ်နေသည်။ မာရီနာ ကြိုးလှေကားကို ကျွမ်းကျင်စွာ လွယ်လွယ်ကလေး တက်သွားသည်။ သို့သော်လည်း ရာဂျူးကတော့ ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်နှင့် တက်နေသည်။ ခြေထောက်တွေ လည်း မငြိမ်ဘဲ ဒူးတွေတုန်နေသည်။ လုံခြုံရေး ပိုက်ကွန်ပေါ်ရောက်တော့ ကတုန်ကယင်နှင့် လျှောက်သည်။ ခလုတ်တိုက်ပြီး လဲကျသွားသည်။

ဤသည်မှာ အထူးပြကွက် ဖြစ်သည်။ သည်ပွဲအတွက် ရာဂျူးကိုယ် တိုင် တီထွင်ထားသည် ပြကွက်ဖြစ်သည်။ မာရီနာက ညုတုတု ခရာတာတာ အမူအရာဖြင့် ရာဂျူးအား လှမ်းခေါ်နေသည်။ သို့ပေမဲ့ သူမအား ရာဂျူး လက်လှမ်းမမီအောင် တမင်ရှောင်လွှဲနေသည်။ ရာဂျူးကလည်း နှင်းဆီပန်းကို ပါးစပ်တွင် ကိုက်ကာ ကြိုးလှေကားကို ဟိုယမ်းသည်ယမ်း တွယ်လွှဲရင်း မာရီနာနှင့် နီးကပ်အောင် အတင်း ကြိုးစားနေသည်။ သည်ပြကွက်ကြည့်ပြီး ပရိသတ်က တဝါးဝါး ရယ်ကြသည်။ ရာဂျူး၏မိခင်ကြီးမှာတော့ သူ့သား ကလေးအတွက် ရင်ဘတ်ကို လက်နှင့် ဖိကာ ဘုရားတနေရသည်။

နောက်ဆုံးတွင် လူရွှင်တော် ရာဂျူးသည် ကောင်းကင်ဘားတန်း ပေါ်သို့ ရောက်ရှိသွားသည်။ သို့ပေမဲ့ သူက နှင်းဆီပွင့် လှမ်းပေးသောအခါ မာရီနာက အလယ်ဘားတန်းကို လှမ်းဆွဲပြီး တစ်ဆက်တည်းတွင် မျက်နှာချင်းဆိုင် အစွန်ဆုံးဘားတန်းသို့ ပျံလွှားကူးပြောင်းသွားသည်။ ရာဂျူးမှာ ကောင်းကင်ဘားတန်း မြင့်ကြီးပေါ်တွင် ရပ်ကျန်ရစ်ရင်း သူနှင့် မရီနာတို့ အကြားရှိ လဟာချောက်ကြီးကို ကြည့်ကာ ရင်တွေ ခုန်နေ၏။ မာရီနာက တော့ မျက်နှာချင်းဆိုင် တစ်ဖက်ဘားတန်းပေါ်တွင် ရပ်ကာ အပြုံးမျက်နှာဖြင့် ရာဂျူးအား လှမ်းခေါ်နေသည်။ (သည်ပြကွက်ကို သူတို့နှစ်ယောက် အကြိမ် ကြိမ် အလီလီ အစမ်းလေ့ကျင့်ထားပြီး ဖြစ်သည်။ သို့သော်လည်း ယနေ့မှာတော့ သူတို့နှစ်ယောက်၏ ပြကွက်မှာ အထူးသင်္ကေတ နိမိတ်ပုံ ပါဝင်သည့် ပြကွက်ဖြစ်၏။)

ထို့ကြောင့် ရာဂျူးမှာလည်း ဆပ်ကပ်လူရွှင်တော် အမူအရာဖြင့် ပြန်၍ တုံ့ပြန်သည်။ သူသည် သူတို့နှစ်ယောက်ကြားမှ လဟာပြင်အကွာ အဝေးကို ကြည့်ပြီး အလွန်ကြောက်နေ၏။ ထိုမျှလောက် အကွာအဝေးကြီး ကို သူ ဘယ်နည်းနှင့်မှ လှမ်းမခုန်နိုင်။

အခြားတစ်ဖက်မှ အလှမယ်လေးထံ မရောက်နိုင်ဘဲ အခြားတစ်ဖက် တွင် တုန်တုန်ရီရီ ရပ်နေသည့် ရာဂျူးကို ကြည့်ကာ ပွဲကြည့်ပရိသတ်များက တဝါးဝါး ရယ်နေကြသည်။ သို့ပေမဲ့ သည်ပြကွက်၏ ဆန့်ကျင်ဘက် သဘောကို ပရိသတ်က လုံးဝမသိ။ ဤသည်မှာ ရာဂျူးနှင့် မာရီနာတို့၏ လျှို့ဝှက်ချက်ဖြစ်၏။ ဤလျှို့ဝှက်ချက်ကိုသိသည့် တစ်ဦးတည်းသော ပုဂ္ဂိုလ် မှာ ရာဂျူး၏မိခင်ကြီးသာ ဖြစ်သည်။ အဘွားကြီးသည် အန္တရာယ်များသည့် ဤမြင်ကွင်းကို ရင်တမမနှင့် ကြည့်နေရင်း သူ့သားကလေးအား ဘုရား သခင် စောင့်ရှောက်တော်မူပါကြောင်း အသံတိတ် ဆုတောင်းနေရှာ၏။

လေထဲတွင် ပျံဝဲပြီး ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင် ကောင်းကင် ဘားတန်းသို့ ခုန်ကူးသွားသည်။ နတ်မိမယ်ကလေးက လူရွှင်တော်ကို လက် ယပ်ခေါ်နေသည်။ သို့ပေမဲ့ လူရွှင်တော်က လေထဲတွင် မပျံနိုင်။ လဟာ

ပြင်ချောက်ကြီးကိုလည်း မခုန်ကျော်နိုင်ရှာ။ သူ့ခမျာ ကြောက်စိတ်ဖြင့် ဒူးတွေ တုန်ပြီး နတ်မိမယ်ကလေးကိုသာ သိုးလျှမျက်နှာဖြင့် လှမ်းကြည့်နေ ရှာ၏။ သို့ပေမဲ့ ချစ်စိတ်က ကြောက်စိတ်ကို အောင်နိုင်သည်။ လူရွှင်တော်သည် အားတင်းကာ အစွမ်းကုန် ကောင်းကင်ဘားတန်းကို လှမ်းကိုင်ပြီး လဟာနယ်ထဲသို့ လွှားခနဲ လွဲကူးလိုက်သည်။

တစ်ဘက်ဘားတန်းသို့ ရောက်လုနီးပါး ဖြစ်သွားပြီး နတ်မိကလေး က လက်ကို ဆန့်တန်းကာ ကမ်းပေးလိုက်သည်။ လူရွှင်တော်က သူ၏ ချစ်မေတ္တာသင်္ကေတဖြစ်သည့် နှင်းဆီပန်းကို လှမ်းပေးသည်။ သို့ပေမဲ့ နတ်မိမယ်ကလေး၏လက်နှင့် မမီတမီ ဖြစ်နေသည်။ လူရွှင်တော် မူလနေရာ သို့ ပြန်ရောက်လာသည်။ ကိုယ်ကို အားစိုက်လွှဲပြီး တစ်ဖက်သို့ ကူးပြန်သည်။ တစ်ဖက်မှ နတ်မိမယ်ကလေးထံသို့ ရောက်လုရောက်ခင်တွင် မူလနေရာသို့ ပြန်ရောက်လာပြန်သည်။ သူ့အဖြစ်ကိုကြည့်ကာ ပရိသတ်က တဝါးဝါး ရယ်နေသည်။ ယနေ့ညပွဲတွင် "လူရွှင်တော်၊ နတ်မိမယ်နှင့် နှင်းဆီပန်း" ပြကွက်သည် ပရိသတ်ကို အဆွဲဆောင်နိုင်ဆုံး ပြကွက်ပင် ဖြစ်၏။

လူရွှင်တော်သည် မာရီနာနှင့် မဟိန္ဒာတို့ဆီကို ရောက်အောင် ကြိုးစား ရင်း လဟာပြင်ထဲတွင် ချိန်သီးလို ဟိုဘက်သည်ဘက် လွဲနေသည်။ သူသည် ကြောက်လန့်ပြီး အသံထွက်၍ပင် အော်လိုက်သည်။ (တကယ်တော့ ဤသည်မှာ ပြကွက်တစ်ခုသာ ဖြစ်သည်။ လူရွှင်တော်သည် ဘယ်တော့မှ မကြောက်၊ တမင်တကာ ကြောက်ဟန်ဆောင်ခြင်းသာ ဖြစ်၏။) သို့သော်လည်း အောက်မှကြည့်နေသည့် မိခင်ကြီးမှာတော့ အသက်ပင် မရှူနိုင်အောင် ခံစားနေရ၏။

"ဘုရား... ဘုရား၊ လွန်ခဲ့တဲ့ အနှစ် ၂၀က အဖြစ်မျိုး ထပ်ပြီး ကြုံရ ပြန်တော့မယ် ထင်ပါရဲ့"

ရာဂျူးသည် လက်ရှိ သူကိုင်ထားသည့် ကောင်းကင်ဘားတန်းကို လက်လွှတ်လိုက်ပြီး အခြားတစ်ဘက်မှ ဘားတန်းကို ဖမ်းကိုင်ရန် တစ်ကိုယ် လုံးကို အားနှင့်ကြုံး၍ လွှဲလိုက်သည်။ သို့သော်လည်း ဘားတန်းကို မဖမ်းမိဘဲ လက်ကားရား ခြေကားရား ကြောက်ကြောက်လန့်လန့်နှင့် အောက်သို့ ကျလာသည်။ မိခင်ကြီးမှာ အသည်းပြုတ်ထွက်သွားတော့မတတ် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

ရာဂျူးသည် အောက်ဘက်မှ ဖြန့်ကျက်ထားသည့် အသက်ကယ် ပိုက်ကွန်ပေါ်သို့ ကျသည်။ တစ်ကိုယ်လုံး ပြန်၍ မြောက်တက်သွားသည်။ ပရိသတ်က လက်ခုပ်လက်ဝါးတီး၍ ရယ်သည်။

ရာဂျူး ပြန်ကျပြီး ပြန်၍ မြောက်တက်သွားပြန်သည်။

ပရိသတ်က ရယ်ပြန်သည်။ သည်လူရွှင်တော်က အလွန်တော်သည်။ မထင်မှတ်သည့် ပြကွက်သစ်တွေကို အမြဲတမ်း တီထွင်လုပ်ပြတတ်သည်။

နောက်ဆုံးတော့ ရာဂျူးသည် ပိုက်ကွန်ပေါ်တွင် ရပ်ရင်း ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်။ ထိုအချိန်တွင် ရှေ့တန်း၌ထိုင်နေသည့် သူ့မိခင်ကြီးကို ရုတ်တရက် လှမ်းမြင်လိုက်သည်။ မိခင်ကြီးက သူ့ကို မျက်လုံးကျွတ်ကျ မတတ် စူးစိုက်ကြည့်နေသည်။ "သားရယ်... မင်းက အမေ့စကားကို လုံးဝ

နားမထောင်ပါလားကွယ်”ဟု အသံတိတ် ပြောနေသယောင်။

ဤတွင် ရာဂျူးသည် သူ၏ ဆပ်ကပ်လူရွှင်တော်အဖြစ်ကို မေ့သွား ပြီး ပရိသတ်အများကြားမှ သူ့မိခင်ကြီး တစ်ယောက်တည်းကိုသာ ရည်စူးပြီး ပြောနေတော့သည်။

“မာမာ… အခုတော့ အဖြစ်မှန်ကို မာမာ သိသွားပြီပေါ့၊ ကျွန်တော် ဈေးဆိုင်မှာ အရောင်းစာရေး အလုပ်ရတယ်ဆိုတာ တမင်လိမ်ပြောတာပါ၊ ဒါပေမဲ့ ဒီဆပ်ကပ်ထဲက အလုပ်ဟာလည်း အရောင်းစာရေးအလုပ်နဲ့ အတူတူ ပါပဲ။ ကျွန်တော်တို့က ပျော်ရွှင်မှုကို ရောင်းပြီး ဝမ်းနည်းမှုကို ဝယ်တယ်” သည်အချိန်တွင် သူဝယ်ယူသည့် ဝမ်းနည်းမှုသည် ဘယ်လောက်ကြီးမား ကြောင်း သူ လုံးဝမသိ။ ထို့နောက် သူ အလွန်ပြောချင်နေသည့် စကားကို ပြောလိုက်၏။ “မာမာ… ကျွန်တော့်အနေနဲ့ တခြားဘာလုပ်လို့ရမှာလဲ၊ တခြားဘယ်ကို သွားလို့ရမှာလဲ၊ အဖေ့ရဲ့သွေးက ကျွန်တော့်သွေးကြော တွေထဲမှာ စီးမျောပြီး သီချင်းဆိုနေတယ်။ ဂျီနာယာဟန်း… မာနာယာဟန်း…

သူ့အဖေ၏ သီချင်းကို သူ အဆုံးမသတ်လိုက်နိုင်။ အကြောင်းက တော့ တစ်စုံတစ်ယောက်က သူ့အမေကို သွားထိပြီး အမေကြီး ခွေလဲသွား သောကြောင့် ဖြစ်၏။ အမေကြီး သေများ သေသွားပြီလား။ သူ့ကို အသက် မရှိသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေခဲ့တာကို ရာဂျူး ရုတ်တရက် ပြန်လည်မြင်ယောင်မိ၏။

ရာဂျူးသည် ဝမ်းနည်းကြေကွဲစွာဖြင့် အော်၍ ငိုလိုက်သည်။ သို့ပေမဲ့ သူ့ပါးစပ်မှ စကားတစ်လုံးသာ ထွက်လာ၏။

“မာမာ”

[၁၉]

ဆပ်ကပ်ရုံနောက်ဘက်တွင် လူနေရွက်ဖျင်တဲများ စီတန်းနေသည့်အပြင် တိရစ္ဆာန် လှောင်အိမ်များ၊ မြင်းများနှင့် အခြားအထွေထွေ အပြားပြားသော ဆပ်ကပ်သုံးပစ္စည်းများဖြင့် ရှိပြီး အမြဲတမ်း လှုပ်လှုပ်ရှားရှား၊ ဆူဆူညံညံ အသံဗလံများ ပေါ်ထွက်နေတတ်၏။ ခြင်္သေ့ဟောက်သံ၊ ဆင်အော်သံ၊ ကလေးများ ရယ်သံနှင့် မိန်းမများ၏ အတင်းအဖျင်းပြောသံများကို အမြဲ တမ်း ကြားနေရတတ်၏။

သို့သော်လည်း ယခု ရာဂျူးပြေးလိုက်သွားသည့် အချိန်တွင်ကား အရာရာတိုင်း ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ သူ့အမေကို မမြင်ရသေးခင်ကပင် ရာဂျူး၏စိတ်ထဲတွင် သူ့အမေ သေပြီဆိုတာကို အလိုလို သိနေ၏။

ယောက်ျား မိန်းမတွေအားလုံး ဝမ်းနည်းကြေကွဲစွာဖြင့် ခေါင်းငိုက် စိုက်နှင့် ရပ်နေကြသည်။ သူတို့က ရာဂျူး၏အမေသည် ရုတ်တရက် ကြောက်လန့်စိတ် ဖြင့် မေ့မြောနေခြင်းဖြစ်သည်ဟု ယူဆကြသည်။ ရာဂျူးက မိခင်ကြီးအနား ပြေးသွားပြီး နံဘေးတွင် ထိုင်ချလိုက်သည်။ မိခင်ကြီး၏ မျက်နှာတွင် သွေးရောင် လုံးဝမရှိတော့။ ရာဂျူးက အေးစက်ပြီး အသက်မဲ့နေ သည့် လက်နှင့် ခြေတွေကို စမ်းကြည့်သည်။ သူ့မိခင်ကြီး သေသွားပြီဆိုတာ သေချာသည်။ သို့သော် ရာဂျူး မငို၊ မျက်ရည်လည်း တစ်ပေါက်မှ မကျ။ သူ့ဦးနှောက်ထဲသို့ ရုတ်တရက် အသိတစ်ခု ဝင်လာသည်။ ယခုအချိန်တွင် သူ၏လူငယ်ဘဝ ကုန်လွန်သွားခဲ့ပြီဟူသော အသိဖြစ်၏။ သူ့မိခင်ကြီး အသက်ထင်ရှားရှိစဉ်ကဆိုလျှင် ရာဂျူးသည် သူ့ကိုယ်သူ ကလေးတစ်ယောက်လို အမြဲတမ်း သဘောထားခဲ့သည်။ တစ်ဦးတည်းသောသားပီပီ မိခင်ကြီးအပေါ်တွင် နွဲ့ဆိုး ဆိုးခဲ့သည်။ မိခင်ကြီးအား လိမ်ညာပြောဆိုခဲ့သည်။ မိခင်ကြီး၏ ပစ္စည်းတွေကို ခိုးယူခဲ့သည်။ သည်လို လုပ်နိုင်ခဲ့တာက လည်း မိခင်ကြီးက သူ့ကို အလိုလိုက်ထားခဲ့သောကြောင့် ဖြစ်၏။ သူ့မှာ ဘာမှမရှိ။ သို့သော် အားလုံးရှိသည်။ မိခင်ကြီး၏ အနန္တ မေတ္တာ ရရှိနေသော ကြောင့် ဖြစ်သည်။

ရာဂျူး စိတ်ခံတက်ကျပြီး အိမ်သို့ ပြန်လာလျှင် နားလည်မှုရှိသော၊ ကြည်လင်အေးမြသော မိခင်ကြီး၏အပြုံးမျက်နှာကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ပြန်လည် စိတ်ခံတက်ကြွလာသည်။ ရာဂျူးနှင့် သူ့မိခင်ကြီး တို့၏ ဆက်ဆံရေးမှာ ရှာမှ ရှားသည်။ ရာဂျူးအဖို့ မိခင်ကြီးသည် အဖေ လည်းဖြစ်သည်၊ အမေလည်းဖြစ်သည်၊ အစ်ကိုလည်း ဖြစ်သည်၊ အစ်မလည်း ဖြစ်သည်၊ မိတ်ဆွေလည်း ဖြစ်သည်။ သည့်အပြင် တခြားဘယ်သူမှမရှိ။ အဖေဆိုးတုန်းက သူငယ်ငယ်ကလေးသာ ရှိသေးသည်။ သူ့အဖေကို ရေးရေး မျှသာ မှတ်မိသည်။ သို့ပေမဲ့ အမေ၏ အနန္တ မေတ္တာရိပ်တွင် သူ၏ကလေး ဘဝသည် ပျော်စရာကောင်းခဲ့သည်။ သက်သောင့်သက်သာ ရှိခဲ့သည်။ ထိုစဉ်က အမေ၏ရုပ်ရည်သည် တော်တော် ချောသည်။ သို့ပေမဲ့ လောကဓံ ဘဝကြမ်းကို ဖြတ်သန်းခဲ့ရသောကြောင့် နောက်တော့ တဖြည်းဖြည်းနှင့် အမေ၏ရုပ်ရည် ပြောင်းလဲလာခဲ့သည်။

နာတာရှည် မကျန်းမာသောကြောင့် အသားအရေ မည်းမှောင်လာသည်။ ပါးရေ နားရေ တွန့်လာသည်။ သို့ပေမဲ့ ယနေ့ အမေကြီးကွယ်လွန် သွားချိန်မှာတော့ သူ့မျက်နှာတွင် ဇရာရိပ်နှင့် ဗျာဓိလက္ခဏာတွေ လုံးဝ မရှိကြတော့။ အမေသည် သူ ငယ်ငယ်တုန်းကလိုပဲ ချောနေလှနေသည်ဟု ရာဂျူး ထင်မိသည်။

သည်လိုဖြစ်ရသည်မှာ အမေသည် နောက်ဆုံး၌ ဘဝ လောကဓံ၏ ဖိစီးနှိပ်စက်မှုနှင့် ရောဂါဝေဒနာ ဖိစီးနှိပ်စက်မှုတို့မှ လုံးဝ လွတ်မြောက်သွားခြင်းကြောင့်ပေလား။

သူ့ပခုံးပေါ်သို့ တစ်ယောက်ယောက်က ဖွဖွကလေး လက်လာတင်သည်။ မော့ကြည့်လိုက်တော့ ကြင်နာမှုနှင့် ကြေကွဲမှု လွှမ်းနေသည့် မဟိန္ဒာ ၏ မျက်နှာကို မြင်ရသည်။ မေတ္တာစေတနာပါသော ထိုအတွေ့၊ ထိုအကြည့် ကြောင့် ရာဂျူး မျက်ရည်တွေ စီးကျလာသသည်။

ခေါင်းလောင်းထိုးသံ ပေါ်ထွက်လာသည်။ အဝေးကြီးကလို ထင်ရသည်။ တစ်ယောက်ယောက်က အော်ပြောလိုက်သည်။

"ရာဂျူး... မင်းအလှည့်ရောက်ပြီ"

ရာဂျူး ကြားသည်။ မဟိန္ဒာကို မော့ကြည့်လိုက်သည်။ ပြီးတော့ စိတ်ထဲက ပြောနေသည်။

"ဘယ်လိုမှ မဖြစ်နိုင်ဘူး... ဆရာ၊ လောလောလတ်လတ်ကြီး အမေ သေနေတဲ့အချိန်မှာ လူတွေရယ်အောင် ဘယ်သူလုပ်နိုင်ပါ့မလဲ"

ရာဂျူး၏ မျက်လုံးထဲက အသံတိတ်မေးခွန်းကို မဟိန္ဒာက မဖြေဘဲ တစ်ဖက်လှည့်ပြီး လက်ထောက်တစ်ယောက်ကို ပြောလိုက်သည်။

"ငါ့ကို မိုက် ပေးစမ်း"

သူက စကားပြောခွက်ကို လှမ်းယူလိုက်သည်။ ရာဂျူးကတော့ သူ့အမေ ကွယ်လွန်သွားတာကြောင့် ယနေ့ည ရာဂျူး မဖြေဖျော်နိုင်တော့ ကြောင်း မဟိန္ဒာက ပရိသတ်အား တောင်းပန်စကား ပြောကြားလိမ့်မည်ဟု ထင်မိ၏။ သို့သော်လည်း အသံချဲ့စက်မှ ပေါ်ထွက်လာသည့် မဟိန္ဒာ၏ စကားကတော့ ...

"ရွှေပွဲလာ ပရိသတ်များ ခင်ဗျား... ယခုအချိန်ကစပြီး အိန္ဒိယနိုင်ငံ ရဲ့ အကြီးကျယ်ဆုံး၊ အတော်ဆုံး၊ သတ္တိအရှိဆုံး လူ့ရွှင်တော် ရာဂျူးက ထူးဆန်းတဲ့ ပြကွက်များနဲ့ တင်ဆက် ဖျော်ဖြေပါတော့မယ် ခင်ဗျား"

ရာဂျူး၏မျက်လုံးအစုံတွင် မျက်ရည်တွေ လျှံကျနေသည်။ သူက မဟိန္ဒာကို စေ့စေ့ကြည့်ရင်း မေးခွန်းထုတ်နေမိသည်။

"ဒါက ဘယ်လိုမျက်လုံးမျိုးလဲ ဆရာ၊ ကျွန်တော့်ကို တမင်စမ်းနေ တာလား၊ ကျွန်တော်ဟာ လူသားတစ်ယောက်ဆိုတာ ဆရာ စဉ်းစားမိရဲ့ လား"

မဟိန္ဒာက ရာဂျူး၏ မျက်ရည်ရွှဲနေသည့် မျက်လုံးများထဲက အသံ တိတ် မေးခွန်းကို သဘောပေါက်၍ ရာဂျူးအား ဆွဲထူပြီး မျက်နှာကို တည့် တည့်ကြည့်၍ ပြောသည်။

"ရာဂျူး... နောက်ဆုံးတော့ ဒီနေ့မှာ လူ့ရွှင်တော်တစ်ယောက်ရဲ့ နှလုံးသားဟာ ဘယ်လောက် ကြီးကျယ်တယ်ဆိုတာကို ပရိသတ်က သိရ လိမ့်မယ်"

"ဟင့်အင်း... ဟင့်အင်း၊ ဒီနေ့ ကျွန်တော် လုံးဝ မဖြေဖျော်နိုင်ဘူး" ဟူသော သဘောဖြင့် ဦးခေါင်းကို တွင်တွင်ခါယမ်းနေသည်။ ထို့နောက် နောက်ပြန်လှည့်ပြီး

သူ၏ အဝတ်အစားလဲ တဲဆီသို့ ခပ်သုတ်သုတ် လျှောက် ထွက်သွားသည်။

မဟိန္ဒာသည် အလောင်းကို စောင်နှင့် အုပ်လိုက်သည်။ ရှားဆင်းက တစ်ယောက်ယောက် ယူလာသည့် လူရှင်တော်ရုပ်ကလေးကို မဟိန္ဒာအား ကမ်းပေးရင်း...

"ဒီအရုပ်ကလေးကို ရာဂျူးအမေ ထိုင်ခဲ့တဲ့ ကုလားထိုင်ပေါ်မှာ တွေ့ရတယ်တဲ့"

မဟိန္ဒာသည် အရုပ်ကလေးကို ကိုင်ကာ တော်တော်ကြာကြာ ကြည့်နေသည်။ ကိုယ့်အသည်း ကွဲနေတာတောင်မှ သူများတွေကို ရယ်အောင် လုပ်ပြနိုင်တဲ့ ဆပ်ကပ်လူရှင်တော်ရဲ့ ပုံတူအရုပ်ကလေးပါလား။

ထိုနေ့ညကို ပရိသတ်က တစ်သက်မမေ့တော့မည် မဟုတ်။ ရာဂျူးသည် အကောင်းဆုံး ပြကွက်များဖြင့် ဖျော်ဖြေနိုင်သည်ဟု အားလုံးက ချီးကျူးကြသည်။ သူသည် သီချင်းဆိုသည်၊ ကသည်၊ အသံတု ဟန်တုလုပ်ပြသည်။ ယခင်က တစ်ခါမှ မလုပ်ခဲ့ဖူးသော ပြကွက်များဖြင့် ရယ်စရာ လုပ်ပြသည်။ ပရိသတ်က တဝါးဝါး ရယ်သည်။ သူ့အသည်းကတော့ ကွဲနေပြီ။ နောက်ဆုံးတွင် လောလောဆယ် သူ ခံစားနေရသည့် ဝေဒနာကို ဖော်ကျူး သော သီချင်းတစ်ပုဒ်ကို ဆိုပြသည်။ ဆပ်ကပ်လူရွှင်တော်၏ခံယူချက် ဒဿနကို လှစ်ပြသည့်သီချင်း ဖြစ်သည်။

“ဒီလောက ဒီကမ္ဘာ၊ တကယ့်ကို ဆပ်ကပ်ပွဲကြီးပါ၊ ပြပွဲချိန် သုံးနာရီကြာ ..။

“ပထမတစ်ချိန်ဟာ ကလေးဘဝပါ၊ ဒုတိယတစ်ချိန်ဟာ လူငယ်ဘဝပါ၊ တတိယတစ်ချိန်ဟာ လူအိုဘဝပါ ...။ “ပြီးတော့... ပြီးတော့... မိတ်ဆွေရာ၊ အဖေ အမေလည်း မရှိပါ၊ ညီအစ်ကို မောင်နှမလည်း မရှိပါ၊ ချစ်သူ ခင်သူလည်း မရှိပါ၊ ဒီဟာလည်း မရှိပါ၊ ဟိုဟာလည်း မရှိပါ၊ နောက်ဆုံးတော့ ဘယ်အရာမှ မကျန်ပါ၊ လူ့ဘဝဟာ ဗလာနတ္ထိပါ...”

※

သည်သီချင်းကို ကြားရတော့ ရာဂျူး၏အမေ သေသွားပြီဆိုတာ သိတဲ့ လူတွေက မျက်ရည်ကျကြသည်။

မဟိန္ဒာ၏ မျက်လုံးအိမ်တွင်လည်း မျက်ရည်တွေ ရွှန်းလို့။

လူသန်ကြီး ရှားဆင်းကလည်း ကလေးငယ်တစ်ယောက်ပမာ ငိုနေ ရှာ၏။

အလွန်ပျော်တတ်သည့် ရုရှလူရွှင်တော် ဆီရီဒေါ့တောင်မှ တရှုံ့ရှုံ့နှင့် မျက်ရည်သုတ်နေ၏။

မာရီနာ၏ မျက်လုံးလှလှကလေးများတွင်လည်း မျက်ရည်တွေ ပြည့်လျှံနေသည်။ သူမသည် ဝမ်းနည်းကြေကွဲခြင်း နောင်တရခြင်းတို့ဖြင့် ယူကျုံး မရ ဖြစ်နေရှာ၏။ သူမသည် ဖြစ်နိုင်လျှင် ရာဂျူးအမေ၏ အိပ်မက်ထဲက နတ်မိမယ်ကလေး ဖြစ်ချင်၏။ ရာဂျူး ဖြေသိမ့်နိုင်အောင် တစ်စုံတစ်ရာ လုပ်ပေးချင်၏။

ရာဂျူး၏ သီချင်းသံ ဆက်လက်ပေါ်ထွက်လာပြန်သည်။ “နောက်ဆုံးတော့ ဘယ်အရာမှ မကျန်ပါ၊ လူ့ဘဝဟာ ဗလာနတ္ထိပါ၊ လူမရှိတဲ့ ထိုင်ခုံတွေ၊ ဗလာဟင်းလင်း ဇာတ်ခုံတွေ၊ ထာဝရစွန့်ပစ်သွားတဲ့ ငှက်သိုက်တွေ၊ အဲဒါတွေပဲ ကျန်ခဲ့တာ...”

သီချင်းသံသည် ဆွဲဆွဲငင်ငင်နှင့် ကြေကွဲစရာကောင်းလှသည်။ ရာဂျူးသည် တယောကလေးကို ကောက်ယူပြီး အဆွေးတေးသွားကို တီးသည်။ တယောသံကိုက ငိုသံပါနေသည်။ သို့သော်လည်း တယောဆရာ ကတော့ လုံးဝမငို။ လူရွှင်တော်ဆိုတာ လုံးဝ မငိုရဟု တားမြစ်ထားသော ကြောင့် ဖြစ်သည်။

※

မနက်ခင်း အလင်းရောင်အောက်တွင် ဆပ်ကပ်ရုံကြီးတစ်ခုလုံး ဗလာကျင်းနေသည်။ တိတ်ဆိတ်နေသည်။ ထိုင်ခုံတွေပေါ်မှာ လူတစ်ယောက်မှ မရှိတော့။

ဆပ်ကပ်ပွဲ ပြီးဆုံးသွားပြီ။ ပရိသတ်အားလုံး ပြန်ကုန်ကြပြီ။ မကြာသေးခင်က ရယ်မောသံ၊ လက်ခုပ်သံများဖြင့် သောသောညံ နေခဲ့သည့် ဆပ်ကပ်ရုံကြီးသည် ယခုအခါ လူသူကင်းမဲ့ပြီး တစပြင်ပမာ လုံးဝ တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပြီ။ ရွက်ဖျင်တဲကို လေတိုက်ခတ်သံမှ တစ်ပါး အခြားဘာအသံမှ မကြားရတော့။ ရာဂျူးသည် ယခင်ဆပ်ကပ်အဖွဲ့သို့ စတင်လာရောက်စဉ်ကအတိုင်း အဝတ်အစား အဟောင်းအနွမ်းကို ဝတ်ပြီး ကျောပိုးအိတ်ကို ပခုံးတွင်လွယ်ကာ လမ်းမပေါ်သို့ထွက်ရန် အသင့် ဖြစ်နေလေပြီတည်း။

မဟိန္ဒာသည် သူ၏ရွက်ဖျင်တဲ ရုံးခန်းတွင် ထိုင်ကာ ရာဂျူးကို စောင့်နေသည်။ မနေ့ညက ပွဲသည် ရာဂျူးအတွက် နောက်ဆုံးပွဲဖြစ်ပြီး သူဆပ်ကပ်အဖွဲ့မှ လုံးဝ ထွက်သွားတော့မည်ဆိုတာကို မဟိန္ဒာက ကြိုတင်တွက်ထားပြီးဖြစ်၏။ သို့သော်လည်း ရာဂျူးသည် ထွက်မသွားခင် သူ့ကို လာရောက်နှုတ်ဆက်လိမ့်မည်ဟုလည်း သူက မျှော်လင့်ထားသည်။

ရာဂျူး သူ့ဆီသို့ လာနေသည်ကို လှမ်းမြင်ရသည်။ ရာဂျူး၏ မျက်နှာအမူအရာက မဟိန္ဒာ၏ စိုးရိမ်မှုကို ထောက်ခံနေ၏။

"ဆရာ မဟိန္ဒာ... ပွဲလည်း ပြီးသွားပြီ၊ ကျွန်တော် သွားတော့မယ်"

"မသွားပါနဲ့ ရာဂျူးရာ၊ ငါနဲ့အတူ နေနေပါ"

"ဘယ်သူမှ ဘယ်သူနဲ့အမြဲတမ်း အတူတူ မနေနိုင်ပါဘူး ဆရာ၊ ကျွန်တော့် အမေတောင် ကျွန်တော်နဲ့အတူတူ မနေနိုင်ပါဘူး" သူ ပြောရင်း မျက်ရည်ကျလာသည်။ "ကျွန်တော့်ပြစ်မှုအတွက် ဆရာက ပြစ်ဒဏ်ပေး ခဲ့ပြီးပြီ၊ ကျွန်တော်လည်း ပြစ်ဒဏ်ကို ခံခဲ့ပြီးပြီ၊ ကျွန်တော့်ကို သွားခွင့်ပြုပါ တော့ ဆရာ"

"ဘယ်ကို သွားမလို့လဲ"

"ကမ္ဘာကြီးကလည်း ဆပ်ကပ်ပွဲလိုပါပဲ၊ တစ်နေရာရာကို တစ်နည်း နည်းနဲ့ သွားမှာပေါ့၊ တစ်နေရာရာမှာတော့ ကျွန်တော် ဖြေဖျော်ခွင့်ရပါ လိမ့်မယ်"

"ဒါပေမဲ့ ငါ့စိတ်ထဲက အလိုလို သိနေတယ်၊ တစ်နေ့နေ့မှာ မင်း ငါတို့ဆီ ပြန်လာရမှာပါ"

"ဟုတ်ပါတယ်၊ ကျွန်တော် ကတိပေးပါတယ်၊ ကျွန်တော် မသေခင် နောက်ဆုံးနှုတ်ဆက်ပွဲကို တင်ဆက်ဖို့ ဆရာတို့ဆီ ကျွန်တော် ဆက်ဆက် ပြန်လာခဲ့ပါ့မယ်"

မဟိန္ဒာက အနက်ရောင်မျက်မှန်ကိုယူပြီး စားပွဲပေါ် တင်ပေးရင်း...

"ငါရဲ့ နှုတ်ဆက်လက်ဆောင်အနေနဲ့ ဒါကလေးကိုတော့ ယူသွားပါ"

"ဒါနဲ့ ကျွန်တော် ဘာလုပ်ရမှာလဲ"

"မင်း မျက်နှာမှာ တပ်ဖို့ပေါ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းက လူရွှင်တော်မဟုတ်လား၊ ဒီမျက်မှန် တပ်ထားရင် မင်းမျက်လုံးထဲက မျက်ရည်တွေကို လူတွေ မမြင်နိုင်ဘူးပေါ့"

ရာဂျူးက မျက်မှန်ကို ကောက်တပ်သည်။ သို့ပေမဲ့ မျက်ရည်တွေကတော့

ပါးပြင်ပေါ် စီးကျလာဆဲပင်။ သူ ထိုင်ရာမှ ထရပ်လိုက်သည်။

"ကျွန်တော် သွားတော့မယ် ဆရာ"

"ငါ့ကို ဆရာလို့ မခေါ်ပါနဲ့၊ မဟိန္ဒာလို့ပဲ ခေါ်ပါလို့ မင်းကို ငါ ဘယ်နှကြိမ် ပြောခဲ့ပြီးပြီလဲ"

"ဟုတ်ကဲ့ပါ ...မဟိန္ဒာ...ဆရာ"

သူ လှည့်ထွက်သွားသည်။ သူ၏သုံးနေကျ ပြက်လုံးကြောင့် မဟိန္ဒာ က ရယ်လိုက်မိလေ၏။

မာရီနာသည် လူသူကင်းမဲ့ပြီး တိတ်ဆိတ်နေသည့် ဆပ်ကပ်ပွဲခင်းကို ဖြတ်လျှောက်လာရင်း သူ လိုက်ရှာနေသူကို လှမ်းမြင်လိုက်သည်။ ရာဂျူးသည် ရုံထောင့် တစ်နေရာတွင် ရပ်နေသည်။ သူ့နောက်မှာတော့ ရယ်မောနေသည့် သူ့ရုပ်ပုံပိုစတာကားချပ်ကြီး။

မာရီနာသည် ရာဂျူးအနီးသို့ လျှောက်လာသည်။ ရာဂျူးက မျက်မှန် နက်ကြီး တပ်လို့ပါလား။

"ရာဂျူး" ကြင်နာမှုအပြည့်ပါသည့်အသံ။"မင်း ငိုနေသလား"

"ကျွန်တော့်မှာ အမေမရှိတော့ဘူး၊ အခုတစ်ခါ မမကလည်း ထွက် သွားပြန်တော့မယ်"

မာရီနာက ရုရှလို တစ်စုံတစ်ရာကို ပြောသည်။ ရာဂျူးက နား မလည်။

"ယာ နို ပန်နိမယူ" ရာဂျူးက သူ နားမလည်ကြောင်း ရုရှလို ပြန်ပြောလိုက်သည်။

"နပဟိန်း ဆမ်ဂျပေး" သူမ ဆက်မပြောတတ်တော့။ "ငါက ဒေါစဗိဒါနိယ လို့ ပြောတာပါ။ နောက်မှ ပြန်ဆုံကြမယ်၊ တို့ အခုလို ခွဲခွာကြတော့မှ နောက်တစ်ခါ ပြန်တွေ့နိုင်ကြမှာပေါ့"

"ကျွန်တော်က အတွေးအခေါ်သမားမဟုတ်ဘူး"

"လူ့ရှင်တော်တိုင်းဟာ အတွေးအခေါ်သမားပဲ၊ အတွေးအခေါ်သမား ဖြစ်ရမှာပဲ၊ ငါ့ကိုကြည့်စမ်းပါ ရာဂျူး၊ ငါ မင်းကို သိပ်ချစ်တယ်၊ ခွဲရတော့မယ် ဆိုတဲ့ အသိကြောင့် ငါ့နှလုံးသားက ငိုနေတယ်၊ ဒါပေမဲ့ ငါကတော့ ပြုံးနေတယ်၊ ငါတို့ဟာ ခွဲခွာဖို့အတွက် တွေ့ဆုံကြတာပဲ၊ ပြန်ပြီးတွေ့ဆုံဖို့အတွက် ခွဲခွာကြရတာပဲ၊ အဲဒါ ဘဝပဲ"

"အဲဒါ ဘဝဆိုရင် သေဆုံးခြင်းဆိုတာက ဘာလဲ"

"အို ... အဲဒါတွေ ငါ မသိဘူး"

ခေတ္တတိတ်ဆိတ်နေသည်။ ပြီးတော့မှ မာရီနာက မေးသည်။

"ရာဂျူး... မင်း စိတ်ဆိုးနေသလား"

ရာဂျူးက ဦးခေါင်းကို ခါယမ်းပြသည်။

"ဒါဖြင့် မင်း ဝမ်းနည်းနေသလား"

ရာဂျူးက ဦးခေါင်းကို ခါယမ်းလိုက်ပြန်၏။

"ဒါဆို မင်းမျက်မှန်ကြီး ချွတ်လိုက်ပါ"

ရာဂျူးက မျက်မှန်ကို ဖြည်းဖြည်း ပြန်ချွတ်သည်။ သူ့မျက်လုံး ထဲတွင် မျက်ရည်လုံးဝမရှိ။ သူ့မျက်နှာက ပြုံးနေသည်။ သို့သော် စိတ်ထဲမှာ တော့ ကြေကွဲနေ၏။

ဆိုဗီယက်ဆပ်ကပ်အဖွဲ့ဝင်များ မော်စကိုသို့ မထွက်ခွာမီ အိန္ဒိယဆပ်ကပ်အဖွဲ့ဝင်များက လေယာဉ်ကွင်းတွင် ပန်းစည်းလက်ဆောင်ပေး၍ နှုတ်ဆက်ကြသည်။ အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဖက်ယမ်းနှုတ်ဆက်ကြသည်။ လက်ဆွဲနှုတ်ဆက်ကြသည်။ မဟိန္ဒာက ဆိုဗီယက်ဆက်ကပ်အဖွဲ့ ခေါင်းဆောင်အား နှုတ်ဆက်သည်။ ရုရှလူ့ရွှင်တော် ဆီရီဒေါ့ကလည်း ပထမဆုံးနေ့တုန်းက သူ့ကို ဆက်ကပ်ရုံထဲက မောင်းထုတ်ဖို့ လုပ်ခဲ့သည့် ပထန်အမျိုးသား ရုံစောင့်နှင့် အားရပါးရဖက်၍ နှုတ်ဆက်နေသည်။ မာရီနာ ၏မျက်လုံးတွေက ရာဂျူးကို လိုက်ရှာနေသည်။ နောက်ဆုံး၌ လေယာဉ်ကွင်း လက်ရန်းတန်းနောက်ဘက်တွင် အိန္ဒိယဆပ်ကပ် အဖွဲ့သားများကြားမှာ ရပ်နေသည့် ရာဂျူးကို တွေ့ရသည်။ ရာဂျူးသည် ယခင်ကအတိုင်း ကျောပိုး အိတ်ကို ပခုံးတွင်လွယ်ကာ တစ်ကိုယ်တော် ခရီးထွက်ရန် အရန်သင့် ဖြစ်နေသည်။

မာရီနာက သူ့ဆီ အပြေးကလေး လိုက်သွားပြီး စိတ်လွတ်ကိုယ်လွတ် ပွေ့ဖက်လိုက်သည်။ သူတို့နှစ်ဦး နှုတ်ခမ်းချင်း အကြာကြီး ဂဟေဆက်ကာ အပြန်အလှန် နမ်းနေကြသည်။

ရုရှဆပ်ကပ်အဖွဲ့သားများ လေယာဉ်ပေါ်သို့ စတင်တက်နေကြပြီ။ ရာဂျူးက အတောင်ပါသော ဝေါယာဉ်(လေယာဉ်ပျံ)ကို လက်ညှိုးထိုးပြသည်။ ရာဂျူး၏အိပ်မက်ထဲက နတ်မိမယ်ကလေးသည် တောင်ပံပါ သော သည်ဝေါယာဉ်ကို စီးကာ သူ့နိုင်ငံသို့ ပြန်သွားပေတော့မည်။

မာရီနာမှာ ပြောစရာတွေ အများကြီး ရှိသည်။ သို့ပေမဲ့ ဟိန္ဒူစတန်နီ ဘာသာနှင့် မပြောတတ်၊ ထို့ကြောင့် ရုရှလိုပင် ပြောသည်။

“ရာဂျူး… “အဝါရာ”ရုပ်ရှင်ကားထဲက သီချင်းကို ဆိုပြပါလား၊ အဲဒီသီချင်းကို ငါ ကျောင်းသူ ကလေးဘဝကတည်းက သိပ်ပြီး ကြိုက်ခဲ့တယ်၊ အဲဒီသီချင်းကြားရရင် အိန္ဒိယနိုင်ငံကို အမြဲတမ်း သတိရနေတယ်၊ အခုလည်း မင်းကို သတိရနေလိမ့်မယ်”

မာရီနာက ရာဂျူးကို ထပ်မံပွေ့ဖက်လိုက်ပြန်သည်။ နှုတ်ခမ်းနှစ်စုံ ချင်းလည်း ထပ်မံဆုံစည်းကြ ပြန်သည်။ သို့ပေမဲ့ လေယာဉ်က ထွက်ခွာတော့မည့်ဆဲဆဲမို့ သိပ်တော့မကြာ။ မာရီနာသည် မျက်ရည်ကို အနိုင်နိုင် ထိန်းရင်း လေယာဉ်ပေါ်သို့ ပြေးတက်သွားသည်။

ရာဂျူး၏ဘေးတွင် ရပ်နေသည့် ဆပ်ကပ်ဆရာ ရှားဆင်းက ရာဂျူး ကို မေးသည်။

“မာရီနာက မင်းကို အချစ်ကိစ္စပြောနေတာ တို့ကြားလည်း ကြားတယ်၊ မြင်လည်း မြင်တယ်၊ ဒါပေမဲ့ သူက လျှောက်သွားရင်း မင်းကို ရုရှလိုပြောတာက ဘာကို ပြောတာလဲ”

“သူက ကျွန်တော့်ကို ဂန္ဓဝင်သီချင်းတစ်ပုဒ်အကြောင်း ပြောတာပါ” လေယာဉ်ပျံကြီးသည် ပြေးလမ်းပေါ်တွင် စတင်ပြေးနေပြီ။ ရာဂျူး၏ သီချင်းသံ

ပေါ်ထွက်လာသည်။ လမ်းပေါ်က ခြေသလုံးအိမ်တိုင် တစ်ယောက် အကြောင်း။ သို့သော်လည်း ဘယ်တော့မှ စိတ်ခတ်မကျကြောင်း၊ အမြဲတမ်း မျှော်လင့်ချက်ထားကြောင်း၊ အမြဲတမ်း အကောင်းမြင်ကြောင်း။

လေယာဉ်သည် ကောင်းကင်သို့ အရှိန်ဖြင့် ပျံတက်ခဲ့လေပြီ။ ပြတင်းပေါက်နားတွင် ထိုင်နေသည့် မာရီနာက ရာဂျူးကို လှမ်းကြည့်နေသည်။

ရာဂျူးသည် တဖြည်းဖြည်းနှင့် ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့သည်။ သူသည် လေယာဉ်ကွင်းထဲတွင် ရပ်နေဆဲပင်ဖြစ်သည်။ တကယ် ဝေး၍ ဝေး၍ သွား တော့ မာရီနာပါတကား။

※

ရာဂျူးသည် ကျောပိုးအိတ်ကို ပခုံးတွင်လွယ်ရင်း “ဘဝခရီးလမ်း”ကို တစ်ဖန် လျှောက်လာခဲ့ပြန်ပြီ။

သူသည် လျှောက်လာရင်း ခြေသလုံးအိမ်တိုင် သီချင်းကို တိုးတိုး ညည်းလာသည်။

သူ့နှလုံးသားထဲတွင် မေရီနှင့် မာရီနာတို့ ရှိနေကြသည်။

သူ့ကျောပိုးအိတ်ထဲမှာတော့ အခြားလိုအပ်ရာရာ ပစ္စည်းများနှင့် အတူ သူ၏ ဘဝအဖော်၊ သူ၏ ဘဝလမ်းညွှန် လူ့ရှင်တော်ရုပ်ကလေး...

※※※

တတိယပိုင်း

အောင်မြင်မှုဝေဒနာ

[၁]

သူတစ်ယောက်တည်း လျှောက်လာသည်။ သူ့မှာ အဖေလည်း မရှိတော့၊ အမေလည်း မရှိတော့။ မိတ်ဆွေလည်း မရှိတော့။ အိမ်နီးချင်းလည်း မရှိတော့။ သို့သော်လည်း ကမ္ဘာကြီးသည် သူ့အိမ် ဖြစ်သည်။ သူ့နှလုံးသားကို အားလုံးအတွက် ဖွင့်လှစ်ထားသည်။ လူတိုင်း သူ့မိတ်ဆွေ၊ သူ့အပေါင်း အသင်း၊ သူ့အိမ်နီးချင်း ဖြစ်သည်။

ကုန်လွန်သွားခဲ့သည့်ခုနှစ်များက ရာဂျူး၏မျက်နှာတွင် အရေးအကြောင်းများ ထင်စေ ခဲ့သည်။ သူ၏ အပြာရောင် မျက်လုံးများတွင် ဝမ်းနည်းကြေကွဲခြင်း ပုံရိပ်များ ပေါ်လွင်နေသည်။ သို့ပေမဲ့ သူ၏ ဘဝအဖော် လူရွှင်တော်ရုပ်ကလေးကတော့ သူ၏ ပင်ကိုစရိုက်အတိုင်း လောကကြီးကို အပြုံးမျက်နှာဖြင့် အမြဲတမ်း ကြည့်နေသည်။ တကယ်တော့ ဘဝဆိုတာ တကယ့်ရယ်စရာကြီး ပါလား၊ တကယ့် ကစားပွဲကြီးပါလား။ အလင်းနှင့် အမှောင်၊ နေ့နှင့် ည၊ ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းခြင်းတို့ ဒွန်တွဲနေတဲ့ ကစား ပွဲကြီးပါလား။ သည်ကစားပွဲကြီးကို ဘယ်သူ ဖန်တီးတာလဲ။ ဘာကြောင့် ဖန်တီးတာလဲ။ ပညာရှိ သုခမိန်တွေတောင်မှ အဖြေကို သိနိုင်ကြမည် မဟုတ်။ သို့သော်လည်း သည်ရယ်စရာ၊ သည်ပြက်လုံးကတော့ ထာဝရ တည်ရှိနေ၏။ လူ့ဘဝ၏ အမြီးအမောက် မတည့်မှုများ၊ ရှုပ်ထွေးမှုများ၊ ပုံမမှန်မှုများ၊ ကလေးကလားဆန်မှုများနှင့် ချို့ယွင်းချက်များကို ကြည့်ပြီး အမြဲတမ်း ပြောင်လှောင် ရယ်မောနေသည့် မဟာလူရွှင်တော်ကြီးတစ် ယောက်တော့ ရှိကို ရှိလိမ့်မည်။

ရာဂျူးသည် တစ်နေရာပြီး တစ်နေရာ ဆက်လက် ထွက်ခွာလာခဲ့သည်။ သို့ပေမဲ့ သူသည် ဘယ်နေရာကိုမှ မရောက်။ သူ့အဖြစ်က ထောင် ချောက်ထဲ ရောက်နေသည့် ကြွက်တစ်ကောင်လို ဖြစ်နေ၏။ ထောင်ချောက် ထဲမှာပင် မရပ်မနား လှည့်ပတ်ပြေးလွှားနေ၏။ သူ့ခရီးကား သွားပါများပေ မယ့် ခရီးမပေါက်သည့် ခရီးပါတကား။ သူသည် ဘုံဘေမြို့မှ စတင်ခရီးထွက် ခဲ့၏။ နောက်ဆုံးတွင် ဘုံဘေမြို့သို့ပင် ပြန်ရောက်နေ၏။ တစ်ချိန်တုန်းက သူသည် အိမ်နှင့် ရာနှင့် နေခဲ့ရ၏။ ယခုအခါ သူ့မှာ နေစရာ အိမ်မရှိတော့။ သူသည် ပင်လယ်ရေလှိုင်းပုတ်သံကို နားထောင်ရင်း သဲမွှေ့ရာပေါ်တွင်သာ ညတိုင်း အိပ်နေရ၏။

တစ်နေ့မှာတော့ သူသည် သဲသောင်ပေါ်တွင် ထိုင်နေ၏။ ဘဝရပ် တည်မှုအတွက် ရှန်းကန်နေရခြင်းကြောင့် တော်တော်ပင် မောပန်းနေ၏။ သူ့မှာ အလုပ်အကိုင်လည်း မရှိ၊ ပိုက်ဆံလည်း မရှိ။ ထမင်းမစားတာလည်း နှစ်ရက်တိတိ ရှိခဲ့ပြီ။ ပညာရှိ သူတော်စင်ကြီးတစ်ပါးက ပြောဖူးသည်။ ဆာလောင် မွတ်သိပ်နေသူအတွက် ဘုရားသခင်သည် အစားအစာအဖြစ် ပေါ်ပေါက်လာလိမ့်မည်တဲ့။ ထမင်းငတ်နေသည့် လူရွှင်တော်သည် စိတ်ညစ်နေသည့် လူရွှင်တော် ဖြစ်သည်ဆိုတာ ရာဂျူး သဘောပေါက်မိသည်။ ရယ်မော ပျော်ရွှင်ခြင်းသည်လည်း ထမင်းငတ်၍ သေရတော့မှာပါတကား။ ဒါဆိုရင်

လူ့ဘဝရဲ့အဓိပ္ပာယ်က ဘာလဲ။ ရည်ရွယ်ချက်က ဘာလဲ။ ဝမ်းဗိုက် ထဲတွင် အစာဟောင်းလောင်းနှင့် အသက်ရှင်ရေးအတွက် ကြိုးပမ်း အားထုတ် နေလို့ ဘာအကျိုးရှိတော့မှာလဲ။ ပင်လယ်ရေပြင်ကြီးက အေးစက်ပြီး နက်ရှိုင်း နေ၏။ ချစ်စရာ၊ မြတ်နိုးစရာ ဖြစ်နေ၏။ အလွယ်ဆုံးလမ်းကို လိုက်တာ အကောင်းဆုံး မဖြစ်နိုင်ဘူးလား။

ရာဂျူးသည် ကျောပိုးအိတ်ထဲမှ အရုပ်ကလေးကို ထုတ်ယူလိုက်သည်။ အရုပ်ကလေးက သူ့ကို ကြည့်၍ ရယ်နေသည်။ လွယ်လွယ်ကူကူ စိတ်ခတ်ကျတာ၊ အရှုံးပေးတတ်တာကို ပြက်ရယ်ပြုနေသည့်ပုံမျိုး။

“ဒါဟာ သိပ်လွယ်တဲ့ နည်းလမ်းပဲ” ရာဂျူးက ရင်ထဲမှ ခါးသီးစွာဖြင့် သူ့ကိုယ်သူ ပြောလိုက်၏။ “မင်းကို ငါ သင်ခန်းစာတစ်ခုပေးမယ်၊ ငါ့ဘဝကို အဆုံးမစီရင်ခင် မင်းကိုအရင် ရေထဲချပစ်မယ်”

သူက ပြောပြောဆိုဆို အရုပ်ကလေးကို ရေထဲတအားလွှင့်ပစ်လိုက်သည်။ ရေမျက်နှာပြင်တွင် စက်ဝန်းဂယက်ကလေးများ ဖြစ်ပေါ်သွားပြီး အရုပ်ကလေး ရေအောက်သို့ နစ်ဆင်းသွားသည်။ လူနောက်ကလေးတော့ တစ်ခါတည်း ကိစ္စချောပြီဟု ရာဂျူးက တွေးလိုက်မိ၏။ သို့ပေမဲ့ သူ့မျက်နှာ မှာတော့ သူ့ကိုယ်သူ သတ်သေလိုက်သူတစ်ယောက်၏အသွင်မျိုး ပေါ်လွင် နေသည်။

သူ့နောက်မှ ခွေးဟောင်သံ ရုတ်တရက် ပေါ်ထွက်လာသည်။ လှည့်ကြည့်လိုက်တော့ ဗန္ဓုတ်ခွေးကလေးတစ်ကောင် သဲသောင်ပြင်ပေါ် ပြေးလာနေသည်ကို မြင်လိုက်ရ၏။ ခွေးကလေးသည် ရေထဲသို့ ဈွေ့ခနဲ ခုန်ဆင်းကာ ရေပြင်ပေါ် ပေါ်ချည် မြုပ်ချည် ဖြစ်နေသည့် အရုပ်ကလေးဆီသို့ ကူးသွားသည်။ ခဏအကြာတွင်ပင် ခွေးကလေးသည် အရုပ်ကလေးကို ပါးစပ်နှင့် ကိုက်ချီကာ ပြန်ကူးလာပြီး ရာဂျူးရှေ့တွင် လာချသည်။ အရုပ်ကလေး တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။ သို့သော်လည်း သူ့မျက်နှာကတော့ ထုံးစံ အတိုင်း ပြုံးရယ်လျက်။ “လူ့ရှင်တော်ကို ခင်ဗျား လွယ်လွယ်နှင့် သတ်လို့ မရပါဘူး”ဟု ပြောနေသလိုပင်။

ခွေးကလေးလည်း တစ်ကိုယ်လုံး ရေတွေနှင့် ရွှဲနစ်နေသည်။ သူက အမြီးကလေး တယမ်းယမ်းနှင့် ဟောင်နေသည်။ ဒီလိုအလုပ်မျိုး နောက်ထပ် ဘယ်တော့မှ မလုပ်ပါနှင့်ဟု ရာဂျူးကို သတိပေးနေသလို ထင်ရ၏။

ရာဂျူးက ခွေးကလေး၏ ရေစိုအမွေးများကို လက်ဖြင့် ပွတ်သပ် ရင်း ...

“ငါ ရေနစ်နေတာကို မင်းက ဘာလို့ လာကယ်ရတာလဲ... ကောင်ကလေးရယ်”

ခွေးကလေးက မျက်လုံးကလေး ပေကလတ် ပေကလတ်နှင့် ကြည့် ကာ လက်တစ်ဖက်ဖြင့် အရုပ်ကလေးကို ညွှန်ပြနေသည်။“သူ ရေနစ်ပြီး သေသွားမှာ စိုးလို့ ကျွန်တော် ကယ်လိုက်တာပါ”ဟု ပြောနေသည့်အလား။

ရာဂျူးက အရုပ်ကလေးကို ကြည့်ရင်း စိတ်ထဲက အသံတိတ် ပြော နေသည်။

“ဒီမှာ... သူငယ်ချင်း၊ ဒီအရုပ်ကလေးဟာ ကလေးကစားစရာ အရုပ်ကလေးမဟုတ်၊ အဲဒါ ငါပဲ၊ ရာဂျူးပဲ။ ကုသိုလ်မကောင်းလို့ ဘယ်သူမှ

မလိုချင်တဲ့ ကစားစရာ အရုပ်ကလေး ဖြစ်နေရတာ။ မေရီရော၊ မာရီနာရော ငါ့ကို လက်မခံချင်ဘူး၊ ငါ့ကို မပိုင်ချင်ဘူး။ ငါ အေးအေးကလေး သေသွား ချင်တယ်။ ဒါပေမဲ့ လူငယ်စကောက်လုပ်ပြီး ငါ့ကို လာကယ်တယ်။ ဒီ အတွက် မင်းမှာ အပြစ်ရှိတယ်၊ လူမိုက်ကလေး”

သို့သော်လည်း သည်အချိန်တွင် စိတ်ပျက်ခြင်း၊ အားငယ်ခြင်းတွေ လုံးဝမရှိတော့။ သူက မြူးရွှင်စွာဖြင့် ရေမျောကမ်းတင် သစ်သားကလေး တစ်ချောင်းကို ပင်လယ်ထဲသို့ ပစ်ချလိုက်သည်။ ခွေးကလေးက ချက်ချင်းပင် လှိုင်းလုံးတွေကြား ခုန်ဆင်းပြီး ပြန်လည်ဆယ်ယူလာခဲ့သည်။

ရာဂျူးက ပျော်ရွှင်ဝမ်းသာစွာဖြင့် ခွေးကလေးကို ပြောလိုက်သည်။ “မင်းက သိပ်တော်တာပဲ၊ ပုလိပ်အရာရှိလုပ်ဖို့ ကောင်းတယ်”

ထို့နောက် ရာဂျူးသည် စောစောက သစ်သားချောင်းကလေးဖြင့် သဲသောင်ပြင်တွင် စက်ဝိုင်းကြီး တစ်ခု ဆွဲလိုက်သည်။ ခွေးကလေးက စက်ဝိုင်းကို လှည့်ပတ်ပြေးရင်း ဆက်တိုက် ဟောင်နေသည်။

“တော်တယ်... သူငယ်ချင်း... သိပ်တော်တယ်” ရာဂျူးက မြူးရွှင်စွာ လက်ခုပ်တီးရင်း ပြောသည်။ “မင်းက အခုလို ဝိုင်းကြီးပတ်လည် လှည့်ပတ်ပြီး တဟောင်တည်း ဟောင်နေတာ သိပ်လှတယ်၊ နိုင်ငံရေးသမား လုပ်ဖို့ ကောင်းတယ်”

ထို့နောက် သူက ခွေးကလေးကို ကောက်ချလိုက်ပြီး...

“မင်းက သိပ်လိမ္မာတာပဲ၊ ဒါကြောင့် ငါ့လို အိမ်မဲ့ရာမဲ့ ခြေသလုံး အိမ်တိုင် ဖြစ်နေတာပေါ့၊ ဒါနဲ့ မင်း ငါနဲ့အတူ နေမလား”

ခွေးကလေးက ခေါင်းကို တွင်တွင်ခါပြသည်။ ရာဂျူးနှင့် အတူတူ မနေချင်ဆိုသည့်သဘော။

“မိုတီရေ... မိုတီရေ”

တစ်ယောက်ယောက် အော်ခေါ်လိုက်သည့် အသံဖြစ်၏။ ခွေး ကလေးသည် ရာဂျူး၏လက်ထဲမှ အတင်းရုန်းထွက်ပြေးသွားသည်။

ရာဂျူး လှမ်းကြည့်လိုက်တော့ သောင်ပြင်တွင် ဧရာမကြော်ငြာ ဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့ရသည်။ နာမည်ကျော် ရုပ်ရှင်မင်းသား ကူးမား ပါဝင်သည့် “ချစ်သူ”ဇာတ်ကား ကြော်ငြာဖြစ်၏။ လှေကားထိပ်ပေါ်တွင် ရပ်နေသည့် ကလေးတစ်ယောက်က ခွေးကလေးကို လှမ်းခေါ်နေသည်။

“မိုတီ... မိုတီ”

ကောင်ကလေးသည် ဆိုင်းဘုတ်ကြီးတွင် ကြော်ငြာကပ်ပြီးသွား၍ သူ့ခွေးကလေးကို လှမ်းခေါ်ခြင်း ဖြစ်၏။ ခွေးကလေးကလည်း မြူးရွှင်စွာဖြင့် လှေကားပေါ် ချိတ်တက်နေသည်။

ကောင်ကလေးသည် လှေကားပေါ်မှ မဆင်းမီ နာမည်ကျော် ရုပ်ရှင်မင်းသားကြီး၏ ပုံတူ ပန်းချီကားချပ်ကြီးကို ကြည့်ပြီး စိတ်ထဲက ချဲလင့်လုပ်

လိုက်သည်။

"ဒီမှာ မစ္စတာကူမား ခင်ဗျား ဘာပြောမလဲ၊ ကျွန်တော့်မျက်နှာလည်း တစ်နေ့မှာ ပိုစတာကြော်ငြာပေါ် ရောက်ရမယ်၊ ကျွန်တော့်မျက်နှာက ခင်ဗျား မျက်နှာထက်တောင် ပိုကြီးဦးမယ်"

ရာဂျူးသည် လျှောက်လာရင်း ပိုစတာကြော်ငြာအနီးသို့ ရောက်လာသည်။ သူက ခွေးကလေးနှင့် မိတ်ဆွေဖွဲ့ရန် ကြိုးစားပြန်သည်။ သို့ပေမဲ့ လေ့ကားပေါ်မှ ဆင်းလာသည့် ခွေးရှင် ကောင်လေးနှင့် ရင်ဆိုင်တိုးရသည်။ ကောင်လေးသည် အင်္ကျီအဟောင်းအနွမ်းနှင့် ဂျင်းဘောင်းဘီ အစုတ်အပြဲကို ဝတ်ထားသည်။ ရှူးဖိနပ်ကလည်း ပေါက်ပြဲနေပြီ။ သားရေဂျက်ကက် အဟောင်းကြီးကလည်း လူကြီးဝတ် ပွပွကြီး။ သူက ရာဂျူးကို သံသယ မျက်လုံးနှင့် ကြည့်သည်။ ရန်ပြုလိုသည့်လက္ခဏာ ပေါ်လွင်နေသည်။

"ခင်ဗျားက သူခိုးပဲ" ကောင်လေးက ဒေါသတကြီး ပြောသည်။ "ခင်ဗျားက ကျွန်တော့်ခွေးလေးကို ခိုးပြေးဖို့ ကြံနေတာ မဟုတ်လား"

ရာဂျူး အံ့အားသင့်သွားသည်။ ဆယ့်သုံးလေးနှစ်သားအရွယ် သည် ကောင်လေးသည် မောင်းချဓားကို ဆွဲထုတ်ပြီး သူ့ကို စိန်ခေါ်နေသည်။ ဓားသွားကလည်း တော်တော်ထက်ပုံရသည်။ သည်ကောင်လေးက ရုပ်ရှင် ထဲက တကယ့်လူဆိုးကလေးပဲ။ သူ့ပုံပန်းက တကယ်လုပ်မယ့်ပုံပဲဟု ရာဂျူး တွေးလိုက်မိသည်။

"ဒီဓား ဘယ်လောက်ထက်တယ်ဆိုတာ ပြရမှာလား"

ကောင်လေးက မေးလိုက်သည်။ ရာဂျူးက ဘာမှ ပြန်မပြောခင် မှာပင် ကောင်လေးက ရာဂျူးကို မောင်းချဓားဖြင့် တိုက်ခိုက်တော့သည်။ ရာဂျူးသာ မလျင်ပါက သူ့လက်မောင်းကို ဓားသွားထိသွားမှာ သေချာသည်။ သို့သော်လည်း ကံအားလျော်စွာ ဆပ်ကပ်ထဲ လုပ်ခဲ့တုန်းက သူ့ဆရာ ရှားဆင်းထံတွင် "ဂျူဂျစ်ဆု"သိုင်းပညာ သင်ခဲ့ဖူးလို့ လျှပ်တပြက် တိုက်ခိုက်ခြင်းကို ကောင်းစွာ ရှောင်နိုင်ခြင်းဖြစ်သည်။ ကောင်လေးက ရှေ့ကို အတင်း ဝင်လာတော့ သူက ဘေးသို့ အသာရှောင်ပေးလိုက်ပြီး ကောင်လေး၏ လက်ကို လိမ်ချိုးလိုက်သည်။ လက်ထဲကဓား လွတ်ကျသွားပြီး ကောင်လေး လည်း မြေကြီးပေါ် မှောက်လျက် လဲကျသွားသည်။

ရာဂျူးက မောင်းချဓားကို ကောက်ယူပြီး အသွားကို ပြန်ပိတ်လိုက်သည်။ ထို့နောက် လက်ကောက်ဝတ်ကို ပွတ်သပ်နေသည့် ကောင်လေးကို ပြောလိုက်သည်။

"ကလေးဆိုတာ ဒီလို အန္တရာယ်များတဲ့ ကစားစရာမျိုးနဲ့ မကစား သင့်ဘူး၊ ဒါနဲ့ ငါက မင်းခွေးကို ခိုးပြေးတယ်ထင်သလား"

ကောင်လေးက ခေါင်းညိတ်သည်။

"ငါကိုယ်တိုင်က ထမင်းငတ်နေတဲ့အချိန်မှာ ငတ်နေတဲ့ ခွေးတစ် ကောင်ကို မွေးဖို့ စိတ်ကူးရင် ငါ့ထက်ရူးတဲ့လူ သည်ဇမ္ဗူမှာ ရှိပါဦးမလား ညီလေးရဲ့" သူက ခွေးကလေးဘက်လှည့်ပြီး"ကဲ... မိုတီ... ပြောစမ်းပါ၊ မင်းကို ငါ ခိုးဖို့ ကြံသလား...ဟင်"

ခွေးကလေးက ခေါင်းခါပြသည်။

ကောင်လေးသည် မြေကြီးပေါ်မှ ကုန်းထပြီး မျက်နှာပုပ်သိုးသိုးဖြင့် သူ့ခွေးကို ခေါ်လိုက်သည်။

"မိုတီ... လာ... ပြန်မယ်"

"ဟေး... ကောင်လေး" ရာဂျူးက လှမ်းခေါ်လိုက်သည်။ "ဒါနဲ့ မင်း နာမည်က ဘယ်လိုခေါ်လဲ"

"မီနူး" ကောင်လေးက ပြန်လှည့်ပြီး ရပ်နေသည်။ "ခင်ဗျားနာမည်က ရော"

"ရာဂျူး၊ မင်း ဘာလုပ်သလဲ"

မီနူးက ပိုစတာကြော်ငြာဆိုင်းဘုတ်ကြီးကို လက်ညှိုးထိုးပြရင်း...

"တစ်ခါတလေ အဲဒီကြော်ငြာတွေ လိုက်ကပ်ရတယ်"

"အိုး... မင်းက ဒီရုပ်ရှင်ဇာတ်လိုက်တွေ ကြော်ငြာပေးတဲ့ အလုပ်လုပ် နေတာကိုး၊ ဒီအလုပ်မရှိတဲ့အခါမှာရော ဘာအလုပ် လုပ်သလဲ"

"ဘာမှမလုပ်ဘူး"

"ဒါဆို ငါနဲ့ အလုပ်အတူတူပဲပေါ့၊ မင်းလည်း ဘာမှမလုပ်ဘူး၊ ငါလည်း ဘာမှမလုပ်ဘူး၊ ဒါနဲ့ "နက်ဂတစ်" နှစ်ခုပေါင်းရင် "ပိုဆစ်တစ်" တစ်ခုဖြစ်တယ်ဆိုတဲ့ သဘောတရား မင်းကြားဖူးသလား၊ ဒီတော့ တို့နှစ် ယောက်ရဲ့ "ဘာမှမဟုတ်တာ" နှစ်ခုပေါင်းရင် "ဟုတ်တာ"တစ်ခုတော့ ဖြစ်မှာပဲကွ၊ ရာဂျူးနဲ့ မီနူး... မဟုတ်ဘူးလား"

မိုတီက သူလည်း ရှိနေကြောင်း သိစေချင်သောကြောင့် ရုတ်တရက် ထဟောင်နေသည်။

"ဒီမှာ မိုတီလည်း ရှိသေးတယ်" မီနူးက ခွေးကလေးကို ချစ်ခင်စွာ ကြည့်ရင်း "ဒါဖြင့် ကျွန်တော်တို့ သုံးယောက်ပေါင်းရင်ကော ဘာဖြစ်မလဲ" "ဟာ... မင်း တော်တယ်" ရာဂျူးက လက်ကို ကမ်းပေးရင်း "တို့သုံး ယောက်ပေါင်းရင်း မလုပ်နိုင်တာ ဘာရှိနိုင်မှာလဲ"

ရာဂျူးနှင့် မီနူးတို့ နှစ်ယောက်သား ချစ်ကြည်စွာ လက်ဆွဲနှုတ်ဆက် လိုက်ကြသည်။ မိုတီကလည်း သူ့လက်ကို တင်လိုက်သည်။ သုံးယောက် သား သဘောတူ ပေါင်းစည်းမှုသဘော ဖြစ်၏။

လမ်းဘေးတွင် အဝတ်စုတ်တစ်ခုဖြန့်ကာ ပိတ်ကားထောင်ထားသည်။ ပိတ်ကားပေါ်တွင် အကြမ်းစား ပန်းချီလက်ရေးဖြင့် “အိန္ဒိယလမ်းလျှောက် ဆပ်ကပ်အဖွဲ့ကြီး”ဟူ၍ ရေးဆွဲထား၏။

ကလေးတွေ အများဆုံးပါဝင်သည့် ပွဲကြည့်ပရိသတ်က ပတ်လည် ဝိုင်းထားသည်။ အလယ်တွင် မီနူးက ဗုံတီးပြီး ရာဂျူးက ကြေးလင်းကွင်း တီးနေသည်။ ခွေးကလေး မိုတီကတော့ ကျားရေအကွက် ဆင်အင်္ကျီကို ဝတ်ထားပြီး နောက်ခြေနှစ်ချောင်းဖြင့် ပတပ်ရပ်ကာ ပရိသတ်ကို အလေးပြုနေသည်။ ပရိသတ် အတော်ကလေး များလာသောအခါ ရာဂျူးက တကယ့် ဆပ်ကပ်ပွဲ ကြေညာသူ ဟန်ပန်မျိုးဖြင့် …

“လေးစားအပ်တဲ့ ရွှေပွဲလာ ပရိသတ်ကြီးခင်ဗျား” စကားကို ခေတ္တ ရပ်ပြီး ကြေးလင်းကွင်းကို တစ်ချက်နှစ်ချက် တီးလိုက်ပြီးတော့မှ “အခု အချိန်ကစပြီး ကျွန်တော် သတင်းကောင်းတစ်ခု ကြေညာပါ့မယ်၊ သိပ်ပြီး စိတ်ဝင်စားစရာ ကောင်းတဲ့ သတင်းကောင်းဖြစ်ပါတယ်၊ တခြားမဟုတ်ပါ ဘူးခင်ဗျား၊ “အိန္ဒိယလမ်းလျှောက်ဆပ်ကပ်အဖွဲ့ကြီး” လူကြီးမင်းတို့ ရှေ့မှောက်ကို ရောက်ရှိလာပြီ ဆိုတဲ့ သတင်းပဲ ဖြစ်ပါတယ်”

“အခု လောလောဆယ်မှာပဲ ကျွန်တော်တို့ရဲ့ နာမည်ကျော် ကျွမ်းဘားပညာသည် ဆရာ မီနူးက သူ့ကိုယ်သူ ရော်ဘာဘောလုံးကလေးလို သဘောထားပြီး ထူးဆန်းတဲ့ ပြကွက်မျိုးစုံနဲ့ ခုန်ပျံကျော်လွှား ပြပါလိမ့်မယ်၊ ရှုစားတော်မူကြပါ ခင်ဗျာ” ထို့နောက် မီနူးဘက်ကို လှည့်လျက် “ကိုင်း… ဆရာမီနူး… တတ်သည့်ပညာ မနေသာတဲ့၊ ရွှေပွဲလာ ပရိသတ် ကြီးကို အံ့မခန်း ဆရာ့အစွမ်းတွေကို ပြသပါဦး”

မီနူးက တကယ့်ဆပ်ကပ်အနုပညာသည် တစ်ယောက်ပမာ ကျွမ်းဘားပညာမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ပြသွားသည်။

“ကောင်းတယ် … သိပ်ကောင်းတယ်… ဆရာမီနူး” ရာဂျူးက လက်ခုပ်တီး၍ ချီးကျူးလိုက်သည်။ ထို့နောက် ပရိသတ်ကို ဝေ့ကြည့်လိုက်ပြီး “ကလေးတွေ… ဆရာမီနူးကို အားပေးလိုက်ကြပါဦး”

ကလေးတွေက သံပြိုင်အော်ကာ လက်ခုပ်တီးလိုက်ကြသည်။

ထို့နောက် မီနူးက ရာဂျူးအား ညီးညွတ်၍ အလေးပြုလိုက်ပြီး နောက်…

“ပရိသတ်ကြီးခင်ဗျား…. အခုတစ်ခါ ဆက်လက်ပြီး ကျွန်တော်တို့ လမ်းလျှောက်ဆပ်ကပ် အဖွဲ့ကြီးရဲ့ ခေါင်းဆောင်နာမည်ကျော် လူရွှင်တော် ဆရာရာဂျူးက ဖြေဖျော်ပါလိမ့်မယ် ခင်ဗျား”

လူရွှင်တော် မျက်နှာဖုံးစွပ်ထားသည့် ရာဂျူးက ပရိသတ်ကို ဦးညွှတ် အလေးပြုလိုက်သည်။ ထို့နောက် ညာဘက်လက်ကို အပေါ်မြှောက်လျက် “မီရာ နာမ် ..” (ကျွန်တော့်နာမည်)

"လူ့ရှင်တော်…လူ့ရှင်တော်" ကလေးတွေက သံပြိုင်အော်လိုက်ကြသည်။

ရာဂျူးက ယခင်ဆပ်ကပ်အဖွဲ့တုန်းက သူ တတ်လာခဲ့သမျှ ကျွမ်းဘားပညာတွေကို စိတ်ပါလက်ပါ ကြိုးစားပြသည်။ ပြီးတော့ သူက ကြေညာလိုက်သည်။

"အခုတစ်ဖန် ဆက်လက်ပြီး အာဖရိကတောနက်က ရလာတဲ့ တကယ့်ကို ကြောက်စရာကောင်းတဲ့ ခြင်္သေ့ကြီးက ဖြေဖျော်ပါလိမ့်မယ်၊ သူ့နာမည်က မိုတီလို့ ခေါ်ပါတယ်။ ရှုစားတော်မူကြပါ ခင်ဗျား"

ကလေးတွေက လက်ခုပ်တီးလိုက်ကြသည်။ ခွေးကလေး မိုတီက ခြေစုံရပ်ပြီး ပရိသတ်ကို အလေးပြုလိုက်သည်။

မီနူးက သံကွင်းကို ကိုင်ထားသည်။ သူက အချက်ပြလိုက်တော့ မိုတီက သံကွင်းထဲ ခုန်ဝင်လိုက်သည်။ ထို့နောက် ခုန်ကျော်ပြီး ပြန်ထွက်သည်။ သည်ပုံစံအတိုင်း အကြိမ်ပေါင်းများစွာ လုပ်ပြသည်။

ကလေးတွေရော၊ လူကြီးတွေပါ တဝါးဝါး ရယ်မောရင်း လက်ခုပ် တဖြောင်းဖြောင်း တီးကြသည်။ သူတို့တစ်တွေ အလွန်ပျော်နေကြသည်။ မြို့စွန် မြို့ဖျားမှ ဆင်းရဲသူ ဆင်းရဲသားများ ဖြစ်၍ သည်လို ပျော်စရာကောင်းသည့် လမ်းဘေးဆပ်ကပ်ပွဲကို တစ်ခါမှ မကြည့်ဖူးကြချေ။

ယခုတစ်ကြိမ်တွင် ရာဂျူးသည် ကြိုးတန်းပေါ်၌ ရပ်နေသည်။ လက်ထဲတွင် တုတ်တစ်ချောင်း ကိုင်ထားသည်။ တုတ်ချောင်းကို လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်ရင်း ကြိုးတန်းပေါ်တွင် စတင်လမ်းလျှောက်သည်။ ပါးစပ်ကလည်း အဆက်မပြတ် ပြောနေသည်။

"သျှတ္တရကျမ်းမှာ ရေးထားတယ်၊ ဘယ်လိုလဲဆိုတော့ အမှန်တရား ရဲ့ လမ်းဟာ သင်တုန်းဓားသွားနဲ့ တူတယ်တဲ့။ ဒါပေမဲ့ အခု ကျွန်တော် လျှောက်နေတဲ့ ကြိုးတန်းလျှောက် ကြိုးတန်းကတော့ "နိုင်ငံရေးလမ်း" ဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေဟာ ဖြောင့်တန်းကျဉ်းမြောင်းတဲ့ ဒီလမ်းကို စိတ်ချလက်ချ လျှောက်…"

သူ့စကား မဆုံးခင်မှာပင် ရာဂျူးသည် ဟန်ချက်လွတ်ပြီး အောက်သို့ ပြုတ်ကျသွားသည်။ ဤသည်မှာ နိုင်ငံရေးသမားတွေ ရာထူးမှ ရုတ်တရက် ပြုတ်ကျတတ်သည်ကို ရည်ညွှန်း၍ တမင်တကာ လုပ်ပြခြင်းဖြစ်၏။

ပရိသတ်က ဤပြကွက်ကို သဘောကျ၍ လက်ခုပ်တဖြောင်းဖြောင်း တီးကြသည်။ ဤသည်ကို အခွင့်ကောင်းယူကာ မီနူးက ပိုက်ဆံတောင်းခံ တော့သည်။

"ကဲ … ငါးပြား ဆယ်ပြား နည်းများမဆို စေတနာရှိသလောက် မ စ ကြပါခင်ဗျား၊ ငါးပြား ဆယ်ပြားမှ မဟုတ်ပါဘူး၊ တစ်ပြားဆိုရင်လည်း ရပါတယ်ခင်ဗျား"

ပရိသတ်က ပိုက်ဆံပြားစေ့တွေ ပစ်ပေးကြသည်။ ရာဂျူးက ကလေးတွေကို" အိန္ဒိယလမ်းလျှောက် ဆပ်ကပ်အဖွဲ့ကြီး

အစွန်ရှည်တည်တံ့ပါစေ”ဟု အော်ခိုင်းသည်။ ကလေးတွေ သံပြိုင်လိုက်အော်ကြသည်။ ခွေးကလေး မိုတီက ရာဂျူး၏ ဦးထုပ်ကို ပါးစပ်နှင့်ကိုက်ချီကာ ဆပ်ကပ်ဝိုင်းထဲတွင် လှည့်ပတ်ပြီး ပိုက်ဆံလိုက်ခံသည်။ ပရိသတ်က သူ့ထက်ငါ အလုအယက် ပိုက်ဆံပြား စေ့တွေ ပစ်ထည့်ကြသည်။

"အိန္ဒိယလမ်းလျှောက်ဆပ်ကပ်အဖွဲ့ကြီး… အစွန့်ရှည်တည်တံ့ပါစေ" ဟု ရေးထားသည့် ကြေညာပိတ်ကားကို ကိုင်မြှောက်ကာ ဆပ်ကပ်အဖွဲ့သား သုံးယောက်တို့ မြို့ပြင်ရပ်ကွက်ထဲသို့ ဝင်လာကြသည်။ ပတ်ဝန်းကျင်တစ်ခွင် တွင် ရေဆင်းပိုက်လုံးကြီးနှင့် ပြည့်နှက်နေ၏။ ရာဂျူးနှင့် မီနူးတို့က ဆပ်ကပ်သုံးပစ္စည်းတွေကို ဝါးထမ်းပိုးဖြင့် ထမ်းလာကြသည်။ မီနူးက လမ်းပြအဖြစ် ရှေ့ဆုံးက လျှောက်လာသည်။ လူတစ်ကိုယ်စာဆန့် ပိုက်လုံး ကြီးထဲသို့ မီနူးလေးဘက်ထောက် ဝင်သွားပေမယ့် ရာဂျူးကတော့ ကိုယ်ကို မနည်းကျုံ့ပြီး ဝင်ရသည်။

"ဟေး… ဆရာလေး၊ မင်းက ငါ့ကို ရေပုပ်မြောင်းကြီးထဲ ခေါ်လာ တာလား"

"ရေပုပ်မြောင်းလို့ မပြောပါ နဲ့ အစ်ကိုရဲ့၊ ကျွန်တော့်ရိပ်သာကို သွား တဲ့လမ်းပါ"

ပိုက်လုံးအဆုံး ရောက်သောအခါ တဲစုတ်တဲပျက်တစ်ခုကို တွေ့ရ၏။ လူသူမနေဘဲ ပစ်ထားတာ ကြာပြီနှင့် တူသည်။

"ဒါ ကျွန်တော့်ရိပ်သာပဲ အစ်ကို"

တစ်တဲလုံးတွင် တစ်ခန်းတည်းသာ ရှိသည်။ ဝါးနှင့် သစ်တိုသစ်စ များဖြင့် ကပိုကရို ဆောက်ထားပြီး သွပ်စုတ်သွပ်ဟောင်း အပိုင်းအစများနှင့် မလုံမခြုံ မိုးထားသည်။

"အင်း… မင်းရိပ်သာက တော်တော်ခမ်းနားတာပဲကွ" ရာဂျူးက ရယ်ပြီး ပြောသည်။ "ဒီရိပ်သာအတွက် မင်းအနေနဲ့ အနည်းဆုံး ရူပီးနှစ်ထောင် သုံးထောင်လောက်တော့ စပေါ် ပေးရလိမ့်မယ် ထင်တယ်"

"ဟင့်အင်း… တစ်ပြားမှ မပေးရဘူး၊ အလကား ရထားတာ"

မီနူးက တံခါးပေါက်မှ ဝင်သွားပြီး တစ်ခုတည်းသော ပြတင်းပေါက် ကို ဖွင့်လိုက်သည်။ နေဝင်ခါနီး ဆည်းဆာရောင်ကြောင့် တဲထဲတွင် တော် တော် လင်းသွားသည်။ မီနူးသည် ပြတင်းပေါက်၌ ရပ်နေရင်း…

"ဒီတဲပိုင်ရှင်က ရထားတိုက်လို့ သေသွားပြီလေ၊ လူတွေကတော့ ပြောကြတာပဲ၊ ဒီတဲမှာ တစ္ဆေခြောက်တယ်တဲ့"

ရာဂျူး နောက်ပြန်လှည့်ကြည့်လိုက်သည်။ ခပ်ဝေးဝေးမှ ရထား တစ်စီး လာနေသံကြားရ၏။ ထို့နောက် တဲထဲ မျက်လုံးဝေ့ကြည့်လိုက်ပြီး….

"တစ္ဆေခြောက်တယ်ဆိုတာ တကယ်လားကွ"

"လူတွေက ဒီလိုပဲပြောကြတယ်လေ၊ အဲဒါကြောင့် ဒီတဲနား ဘယ်သူ မှ မလာရဲတာပေါ့"

ရာဂျူးက တဲထဲသို့ ဝင်လာသည်။ ကြိုးတန်းပေါ်တွင် တဘက် တစ်ထည်နှင့် အင်္ကျီလုံချည် အစုတ်အပြဲတွေ တွဲလောင်းဆွဲထားသည်။ အခန်းထောင့်တွင် ရေကရားတစ်ခုရှိပြီး အလယ်တိုင်တွင် မှန်အိမ်တစ်လုံး ရှိသည်။

"မီနူး... မင်း တစ္ဆေမကြောက်ဘူးလား" ရာဂျူးက တဲအတွင်း မျက်လုံးကစားကြည့်ရင်း မေးလိုက်သည်။

မီနူးသည် မှန်အိမ်ထွန်းရန် မီးခြစ်လိုက်ရှာနေရင်းမှ ...

"ကျွန်တော် တစ္ဆေတွေကို နေ့လယ်ကြောင်တောင် မြင်ဖူးတယ် အစ်ကို၊ ဒီလောကကြီးမှာ တစ္ဆေတွေ ပြည့်နှက်နေတာပဲ၊ ဆင်းရဲသား တစ္ဆေ ကို ဘာလို့ ကြောက်ရမှာလဲ" သူ မီးထွန်းလိုက်သည်။

မီးရောင်ကြောင့် အခန်းအနေအထားကို ထင်ထင်ရှားရှား မြင်လာ ရသည်။ လူနှစ်ယောက်သုံးယောက် ချောင်ချောင်ချိချိ နေထိုင်နိုင်လောက်သည်။ ရာဂျူးက ပြောလိုက်သည်။

"မင်းပြောတာ မှန်ပါတယ် မီနူး၊ ငါလည်း တစ္ဆေမကြောက်ပါဘူး"

မီနူးက သိပ်ပြီး နားမရှင်းသဖြင့် ...

"အစ်ကို ဘာကိုဆိုလိုတာလဲ"

"ဩော်... ငါက ဒီမှာနေဖို့ ဆုံးဖြတ်လိုက်ပြီလို့ ဆိုလိုတာပါ"

ရာဂျူးက သူ့အိတ်ကို နံရံမှာ ချိတ်ထားလိုက်သည်။

"ဒါနဲ့... မင်း အိမ်လခ ဘယ်လောက်ပေးရသလဲ"

"ဘာမှမပေးရဘူး၊ ဒါပေမဲ့..."

"ကဲ... ဒီတော့ ဒီနေ့ကစပြီး အဲဒီ ဘာမှမပေးရတဲ့ အထဲက တစ်ဝက် ငါ ပေးမယ်"

မီနူးက လုံးဝ မရယ်ဘဲ ...

"ဒါပေမဲ့ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ၊ တဲအိမ်က သေးသေး လေး၊ ကွပ်ပျစ်ကလည်း တစ်ခုတည်း ရှိတာ၊ ကျွန်တော်တို့ ဘယ်လို လုပ် အိပ်မှာလဲ"

"ရပါတယ်၊ မင်းက ကွပ်ပျစ်နဲ့အိပ်၊ မိုတီက မင်း အောက်ကအိပ်၊ ငါက ဒီကြမ်းပြင်မှာပဲ အိပ်မယ်"

"အအေးပတ်ပြီး သေကုန်မှာပေါ့"

"အဲဒါဆို ငါနဲ့ မိုတီနဲ့ နှစ်ယောက်သား မင်းစောင်ကို ဆွဲခွာပြီး ဖက်အိပ်ကြမှာပေါ့"

"တော်စမ်းပါ၊ အစ်ကိုကလည်း အဓိပ္ပာယ်မရှိတာ မပြောစမ်းပါနဲ့"

“အေးပါ ...အေးပါ၊ ငါ တောင်းပန်ပါတယ်၊ မင်းပဲ နှင်းဆီမွှေ့ရာ ခုတင်ပေါ်မှာ တစ်ယောက်တည်း အိပ်ပါ၊ ငါက လမ်းပေါ်အိပ်လာတာ ရိုးနေပြီ၊ ဒါနဲ့ တို့ စားစရာ ဘာများရနိုင်မှာလဲ”

သို့သော် မီနူးက စားစရာထက် ပိုက်ဆံကိုသာ ပိုပြီးစိတ်ဝင်စား နေသည်။

“နေဦး၊ ပထမဆုံး ပိုက်ဆံဝေစုခွဲကြရအောင်၊ ဘယ်လောက်ရလာ သလဲ၊ အားလုံးထုတ်ပါ”

“ရပါတယ်” ရာဂျူးက အိတ်ကပ်ထဲမှ ပိုက်ဆံအကြွေတွေကို ထုတ်ပြီး ရေသည်။ “အားလုံး ၃ ရူပီးနဲ့ ၄၅ ပြားရတယ်၊ သုံးယောက်ဝေလိုက်ရင် တစ်ယောက်ကို တစ်ရူပီးနဲ့ ၁၅ ပြားစီ ရမယ်”

မီနူး အံ့အားသင့်သွားပြီး ...

“ဟင် မိုတီအတွက်လည်း ဝေစုခွဲမလို့လား”

“ဘာလို့ မခွဲရမှာလဲ၊ တို့ဆပ်ကပ်အဖွဲ့မှာ သူလည်း တစ်ယောက် အပါအဝင်ပဲ မဟုတ်လား”

နှစ်ယောက်သား ရယ်လိုက်ကြသည်။ တကယ်တော့ သုံးယောက် စလုံး ရယ်လိုက်ကြသည်ဟု ပြောလို့ရသည်။ အဘယ်ကြောင့်ဆိုသော် မိုတီက လည်း မြူးရွှင်စွာဖြင့် ဟောင်လိုက်သောကြောင့် ဖြစ်၏။

“ဟုတ်ပြီ၊ ဒါနဲ့ တို့ရဲ့ လမ်းလျှောက်ဆပ်ကပ်အဖွဲ့ကို မင်း ဘယ်လို မြင်သလဲ မီနူး”

“သိပ်အောင်မြင်တာပေါ့ အစ်ကိုရဲ့”

“ဒါဆို တို့လက်ဆွဲနှုတ်ဆက်ကြရအောင်”

နှစ်ယောက်သား ပျော်ရွှင်စွာဖြင့် အားရပါးရ လက်ဆွဲနှုတ်ဆက် ကြသည်။ ဤတွင် ရာဂျူးက ထူးဆန်းချက်တစ်ခုကို သတိပြုမိ၏။ အခြား မဟုတ်။ မီနူး၏ လက်သည် ယောကျ်ားကလေးလက်နှင့် မတူဘဲ အလွန် ပျော့အိနူးညံ့နေခြင်း ဖြစ်၏။ သို့ဖြင့် သူက ရယ်လျက်...

“ဘုရားရေ...မင်းလက်ကလည်း နူးညံ့လှချည်လား မီနူး၊ မိန်းကလေး လက်ကျနေတာပဲ”

မီနူးသည် အစော်ကားခံလိုက်ရသည့်အလား ရုတ်တရက် ဒေါသ ပေါက်ကွဲပြီး မောင်းချားကို ဆွဲထုတ်လိုက်သည်။

“ခင်ဗျား ကျွန်တော့်ကို မိန်းကလေးလို့ နောက်တစ်ခါခေါ်ရင် ခင်ဗျား ကို အသေသတ်မယ်... သိလား”

ရာဂျူးက တအံ့တသြ စိုက်ကြည့်နေမိသည်။ သူ မဝေခွဲတတ်အောင် ဖြစ်နေသည်။ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးဆို၍ တစ်ပင်တစ်မြီးမှ မရှိတဲ့ ယောကျ်ားကလေး၊ လက်ချောင်းကလေးတွေကလည်း အရိုးမရှိသလို

ပျော့အိနူးညံ့လို့၊ လက်ထဲမှာလည်း မောင်းချခားကြီး ကိုင်လို့။

ထိုနေ့ညတွင် မိုတီက တံခါးဝမှာ စောင့်အိပ်သည်။ ရာဂျူးက ကြမ်းပြင်မှာ အိပ်သည်။ သူ၏ ဂျက်ကက်အကျီစုတ်ကြီးကို ခြုံအိပ်ပေမဲ့ ကိုယ်တစ်ပိုင်းသာ လုံသည်။ တစ်ခါတလေ ခြေထောက်မလုံ။ တစ်ခါတစ်လေ ဦးခေါင်းနှင့် ပခုံးမလုံ။ ချမ်းလွန်းလို့ အိပ်ချင်မူးတူးဖြင့် ဒူးနှစ်လုံးကို ကွေးအိပ်တော့ သူ့ပုံက ပုဇွန်တုပ်ကွေးလို ဖြစ်နေသည်။

မီနူးက ကွပ်ပျစ်ပေါ်အိပ်ပေမယ့် လုံးဝ အိပ်မပျော်၊ မျက်လုံးတွေ ကျယ်နေသည်။

ရာဂျူးက အိပ်နေရင်းမှ စူးစူးဝါးဝါး ညည်းကာ ခြေနှစ်ချောင်းကို ဆန့် လိုက်တော့ သံဘူးခွံတစ်ခုကို တိုက်မိပြီး သံဘူးလိမ့်သွားသည်။ မီနူး ဖျတ်ခနဲ လန့်နိုးလာသည်။ သူ့လက်က အိပ်ရာဘေးမှ မောင်းချစားဆီ ရောက်သွားသည်။ သို့သော်လည်း ဘယ်သူ့ကိုမှ မတွေ့ရ။ သူ့ကိုယ်သူ အချမ်းလုံအောင် ပုံပျက်ပန်းပျက် ကွေးအိပ်နေသည့် ရာဂျူးကိုသာ တွေ့ရ၏။ မီနူးက ထထိုင်ပြီး သူ့စောင်ကို ရာဂျူးအပေါ် လွှမ်းပေးလိုက်သည်။

အဝေးကြီးမှ ရထားခုတ်မောင်းလာသံ ကြားရသည်။ မနက်လေး နာရီ မြို့ပတ်ရထား ဖြစ်မည်။ မီနူး တွေးမိသည်။ အိပ်ရာခင်းတစ်စကို ယူပြီး ခြုံအိပ်သည်။ မကြာခင် အိပ်ပျော်သွား၏။

※

မိုတီ အိပ်ရာမှထသည်။ ဦးခေါင်းကို ဘယ်ပြန်ညာပြန် ခါရမ်းလိုက်သည်။ ကိုယ်ရောစိတ်ပါ လန်းဆန်းသွားသည်။ ရာဂျူး စောင်ကို ခြေနှင့် ကန်ချ လိုက်တာ မြင်ရသည်။ စောင်အနားစွန်းကို ပါးစပ်ကိုက်ပြီး ပြန်ခြုံပေးလိုက်သည်။ ထို့နောက် မီနူးအိပ်ရာသို့ လာခဲ့သည်။ အိပ်ရာပေါ်မှ ဘယ်သူမှမရှိ၊ အပြင်ဘက်မှ ရေလောင်းချသံ ကြားရသည်။ တံခါးပေါက်မှ ထွက်၍ မီနူး ဆီသို့ လျှောက်လာခဲ့သည်။

ရာဂျူးနိုးလာပြီး စောင်ကိုမြင်တော့ အံ့သြနေသည်။ သို့ပေမဲ့ အေးစက်နေသည့် ကျောက်တုံး ကြမ်းပြင်တွင် အိပ်ရသောကြောင့် တစ်ကိုယ်လုံး မာတောင့်နေ၏။ သမ်းဝေပြီး လက်နှင့် ခြေကို ဆန့်တန်းလိုက်သည်။ မီနူး၏ အိပ်ရာတွင် ဘယ်သူမှ မရှိတာမြင်တော့ ကလေးတွေ စောစော နိုးတတ် သည်ကို အံ့သြမိသည်။ ထို့နောက် ရေလောင်းချသံ ကြားရသည်။

"ကောင်းတယ်... ငါ့ညီ" သူ နောက်ဘက်သို့ထွက်လာပြီး ပြောလိုက်သည်။ ငှက်ပျောပင် နောက်ကွယ်တွင် မီနူး ရေချိုးနေ၏။ "မင်း ရေချိုး ပြီးပြီ၊ ဒါဆို မနက်ပိုင်း ဘုရားရှိခိုးဖို့ အဆင်သင့်ပဲပေါ့။ ဒါပေမဲ့ ငါ့ဆရာရဲ့ ဩဝါဒကတော့ တစ်ခြားပဲ။ ဗိုက်ဟောင်းလောင်းနဲ့ ဘယ်တော့မှ ဘုရားမရှိခိုး ရဘူးတဲ့၊ ဒီတော့ မနက်စာ စားစရာဘာရှိသလဲ"

မီနူး ငှက်ပျောပင်နောက်ကွယ်မှ ထွက်လာသည်။ ရေစိုမျက်နှာသုတ် ပဝါကို ပခုံးပေါ် တင်ထားသည်။ သူ့ဆံပင်တိုနှံ့နှံ့ပေါ်မှ ရေတွေ တစ်စက်စက် ကျနေသည်။

သူက ပြန်ပြောလိုက်သည်။

"အစ်ကိုက မနက်စာ စားဖို့ကိစ္စပဲ တွက်နေတယ်၊ စားစရာဝယ်ဖို့ ပိုက်ဆံလိုတယ်၊ အဲဒါ တွေးမိရဲ့လား"

"အဲဒီအတွက် ဘာမှမပူနဲ့ ငါ့ညီ" ရာဂျူးက မျက်နှာသစ်နေရင်းမှ ပြန်ပြောလိုက်သည်။ "ဒီနေ့ည ဘုံဘောဝါဝင်ပွဲတော်မှာ "အိန္ဒိယလမ်းလျှောက် ဆပ်ကပ်အဖွဲ့ကြီး" ဝင်နွှဲလိုက်ရင် ပိုက်ဆံတွေ တစ်ထောကြီး ရလိမ့်မယ်၊ မင်း မယုံရင် စောင့်သာကြည့်"

ဝါဝင်ပွဲတော်ဝင်း တစ်ခုလုံး လျှပ်စစ်မီးရောင်စုံဖြင့် ထိန်ထိန်လင်းနေသည်။ ဝိုင်းကြီးပတ်လည် ချားရဟတ်များ၊ ဧရာမ လှည်းဘီးကြီးများ၊ မျက်လှည့်ပြခန်းများနှင့် အခြားပျော်စရာ ရွှင်စရာ ဖြေဖျော်မှုမျိုးစုံဖြင့် ပြည့်နှက်နေ၏။

ယင်းတို့ အနီးတွင် ရာဂျူး၊ မီနူးနှင့် မိုတီတို့၏ ခမ်းခမ်းနားနား မရှိလှသော "အိန္ဒိယ လမ်းလျှောက်ဆပ်ကပ်ပြပွဲကြီး"လည်း ပါဝင်သည်။ သူတို့၏ ခမ်းခမ်းနားနား မရှိသော်လည်း အားပေးသည့် ပရိသတ်ကတော့ မနည်းလှ ချေ။

ပြပွဲပြီးသောအခါ ရာဂျူးက ပရိသတ်အား မေတ္တာရပ်ခံ စကားပြောသည်။

"လေးစားအပ်ပါသော ရွှေပွဲလာ ပရိသတ်ကြီးခင်ဗျား၊ ကျွန်တော်တို့ရဲ့ ဆပ်ကပ်ပွဲက လက်မှတ် မရောင်းပါဘူး၊ အခမဲ့ပွဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ စားဝတ်နေရေးအတွက်" သူက အသံချဲ့စက်ဖြင့် ဆက်လက်ပြီး အော်ပြောလိုက်သည်။ "လေးစားချစ်ခင်အပ်တဲ့ ပရိသတ်ကြီးက ကျွန်တော်တို့အပေါ် စေတနာမေတ္တာထားပြီး နည်းများမဆို တစ်ပြားတစ်ချပ် စွန့်ကြဲပေးကမ်းကြပါ ခင်ဗျား ၂၅ ပြား၊ ၁၀ ပြား၊ ငါးပြားပေးရင်လည်း အများကြီး ကျေးဇူးတင်ပါတယ် ခင်ဗျား"

ပရိသတ်များက ပိုက်ဆံအကြွေများကို အိတ်ထဲနှိုက်ရှာနေကြသည်။ ထိုအချိန်တွင် တင်ပါးပေါ် "မဟာရာရှတ္တရ"ဆာရီများကို ဝတ်ထားသည့် လမ်းလျှောက်ဖြေဖျော်ပွဲ (တမာရှာ) ကချေသည်မလေး နှစ်ဦးတို့သည် သီဆိုကခုန်ရင်း အနီးသို့ ရောက်ရှိလာသည်။ သူတို့၏ ညုတုတု ခရာတာတာ အမူအရာနှင့် ဆွဲဆောင်မှုရှိသော သီချင်းသံကြောင့် ရာဂျူးတို့ပွဲမှ ပရိသတ် များသည် တစ်ခဏအတွင်းမှာပင် တမာရှာပွဲဘက်သို့ ရောက်သွားကြ တော့သည်။ ကချေသည်မလေးများ၏ ပထမဦးစွာ အခမဲ့ အစမ်းဖြေဖျော် ပွဲကို ကြည့်ရှုရသောအခါ သူတို့၏ဆပ်ကပ်ပွဲထက် လူစည်နိုင်ကြောင်း ရာဂျူး သဘောပေါက်သွား၏။

သူတို့ပြပွဲတွင် သူတောင်းစား ကလေးငယ် လေးငါးဆယ်ယောက် သာ ကျန်နေတော့သဖြင့် ရာဂျူးနှင့် မီနူးတို့က ပြပွဲကို ရပ်ပစ်လိုက်တော့သည်။ ရာဂျူးသည် ဦးထုပ်ထဲ ငုံ့ကြည့်လိုက်၏။ ပိုက်ဆံနှစ်ပြားသာ တွေ့ရ သဖြင့် သူတောင်းစားကလေးငယ်များဆီသို့ ပစ်ပေးလိုက်လေ၏။

※

ရာဂျူး၊ မီနူးနှင့် မိုတီတို့ သုံးဦး သူတို့၏ တဲအိမ်ကလေးသို့ ပြန်ရောက်လာကြသည်။ သူတို့ ထမင်းအလွန်ဆာနေကြပြီ။

"ဒီည ကျွန်တော်တို့ ဘာစားကြမလဲ" မီနူးက မေးလိုက်၏။

"ဘာမှမရှိဘူး" ရာဂျူးက ပြန်ပြောသည်။

"ဘာမှမရှိဘူး ဟုတ်လား" မီနူးက တအံ့တဩ ပြန်မေးသည်။

"ဟုတ်တယ် မီနူး၊ ဘာမှမရှိတာဟာ ချပါတီတို့၊ ဂျလေဘီတို့ထက် ပိုပြီး အရသာ ရှိပါတယ် ကွာ"

"ဘာလဲ... ခင်ဗျားက အရေးထဲ နောက်နေပြန်ပြီ"

"ငါ နောက်နေတာ မဟုတ်ဘူး မီနူး၊ ငါ အတည်ပြောနေတာ၊ ငါတို့ နိုင်ငံမှာ လူပေါင်း သန်းပေါင်းများစွာဟာ အဲဒီ "ဘာမှမရှိတာ"ကိုပဲ မြိန်မြိန်ရှက်ရှက် စားနေကြရတယ်"

"ဒါဆိုလည်း ပြီးရောဗျာ" သူက အော်၍ပြောလိုက်သည်။"ကျွန်တော် တို့ ဆပ်ကပ်တော့ သွားပြီ၊ ဒီအတိုင်းဆို ဆက်လုပ်ဖို့ မလွယ်တော့ဘူး၊ မနက်စာလည်း မစားရ၊ ညစာလည်း မစားရ။ အဲဒီ တမာရှာ ကောင်မ နှစ်ကောင် ဂြိုဟ်မွှေတာပဲ၊ သေခြင်းဆိုး ကမြင်းမတွေ၊ ငါတို့ကို ဘဝပျက် အောင်လုပ်တာ နင်တို့ပဲ ဒီကောင်မတွေရဲ့ တဲထဲမှာ ဘယ်လိုဆွဲဆောင်မှု တွေများ ရှိသလဲ မသိဘူး"

ဆွဲဆောင်မှုက တဲထဲမှာ မရှိဘူး မီနူး၊ တဲအပြင်မှာ ရှိတာ၊ မင်း မမြင်ဘူးလား၊ ဒီကောင်မတွေက ညတုတု ခရာတာတာ သီချင်းတွေ၊ အမူအရာတွေနဲ့ လူတွေကို မြူဆွယ်နေကြတာ။ ဒါပေမဲ့ ဘာမှမစိုးရိမ်ပါနဲ့၊ တို့ဆပ်ကပ်အဖွဲ့မှာလည်း အားလုံး ပြည့်စုံပါတယ်ကွ" သူက မိုတီကိုရော၊ မီနူးကိုရော၊ သူ့ကိုယ် သူရော လက်ညှိုးထိုးပြပြီး "တို့မှာ ခြင်္သေ့လည်းရှိတယ်၊ ကျွမ်းဘားသမားလည်း ရှိတယ်၊ လူရွှင်တော်လည်းရှိတယ်၊ တို့မှာ လိုနေ တာက တစ်ခုပဲကွ"

"အဲဒါ ဘာလဲ"

"မိန်းကလေး၊ ဟုတ်တယ်၊ တို့အဖွဲ့မှာ မိန်းကလေးတစ်ယောက်ပဲ လိုနေတာ"

"မိန်းကလေး... ဟုတ်လား" မီနူးက မကျေနပ်သံဖြင့် ပြန်မေးလိုက်၏။

"ဟုတ်တယ် မီနူး၊ တို့မှာ မိန်းကလေးတစ်ယောက်သာ ရမယ်ဆိုရင် အဲဒီ တမာရှာကောင်မတွေကို အလဲထိုးပစ်လိုက်နိုင်တယ်"

ရာဂျူးက မီနူး၏မျက်နှာကို စေ့စေ့ကြည့်ပြီး ပါးပြင်ကို လက်ဖြင့် အသာထိတို့လိုက်သည်။ မီနူး တုံ့ခနဲ နောက်ဆုတ်သွား၏။ သို့သော်လည်း ရာဂျူးကတော့ ဝှက်ထားသည့် ရွှေအိုးကို ရုတ်တရက် ရှာတွေ့သလို အော် ပြောလိုက်သည်။

"ငါ တော်တော် အတွဲအကောင်ပဲ၊ အရင်က လုံးဝ မစဉ်းစားမိခဲ့ဘူး၊ ဒီမယ်...ငါပြောမယ်၊ မင်းဟာ အဆင်းရှိပြီးသား မိန်းကလေးပဲ မီနူး၊ မင်းကို ငါ မိတ်ကပ်လိမ်းပြီး ဆာရီဝတ်ပေးလိုက်ရင် မိန်းကလေးအစစ်နဲ့ ခွဲမရအောင် ဖြစ်သွားလိမ့်မယ်၊ အဲဒါဆိုရင် လူတွေက မင်းကို တမ်းတမ်းစွဲ သွားမှာ ကျိန်းသေပဲ"

သည်စကားကို ကြားရတော့ မီနူး အကြီးအကျယ် ဒေါကန်သွားသည်။

"ဒီမှာ... အစ်ကိုရာဂျူး၊ ခင်ဗျားကို ကျွန်တော် တစ်ခါတည်း ပြောလိုက်မယ်၊ ဒီအကြောင်းကို နောက်ထပ်ပြောရင် ခင်ဗျားကို ကျွန်တော် သတ်မယ် ... သိရဲ့လား"

မီနူး၏ ခြိမ်းခြောက်စကားကြောင့် ရာဂျူး လန့်သွားပြီး မီနူးကို ပြန်ချော့သည်။

“ကောင်းပါပြီဗျာ၊ မင်းမကြိုက်ရင် ငါ နောက်ထပ်မပြောတော့ပါဘူး၊ ဒါနဲ့ မင်းက ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ဆိုးရတာလဲ၊ ငါက ဖြစ်နိုင် တာကို အပြောင်အပြက်သဘောနဲ့ ပြောတာပါ၊ တမာရှာ ကောင်မလေး အများစုဟာလည်း ယောက်ျားကလေးတွေပဲကွ၊ သူတို့က မိန်းကလေးလို ဝတ်စားထားကြတာ။ အဲဒီတော့ အခု မင်းက မိန်းကလေးလို သရုပ်မဆောင် ချင်ဘူးဆိုရင် တို့အဖွဲ့အတွက် အင်္ဂါစုံအောင် မိန်းကလေးစစ်စစ် တစ်ယောက်တော့ မရ ရအောင် ရှာကို ရှာရတော့မှာပဲ”

သည်အဆိုကိုလည်း မီနူးက လုံးဝလက်မခံ။ သူက အပြင်းအထန် ကန့်ကွက်၏။

“ကျွန်တော်တို့အဖွဲ့ထဲ မိန်းကလေးရောက်လာတဲ့နေ့ဟာ ခင်ဗျားနဲ့ ကျွန်တော်နဲ့ မိတ်ဆွေဘဝ ပြတ်စဲတဲ့နေ့ပဲ”

မိန်းကလေးအကြောင်း ပြောရုံမျှနှင့် မီနူးတစ်ယောက် ဘာကြောင့် သည် လောက်တောင် တူးတူးခါးခါး ဆန့်ကျင်နေရတာလဲ၊ ရာဂျူး မစဉ်း စားတတ်အောင် ဖြစ်နေမိသည်။ သူလည်းပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ငါ့လိုပဲ ကြေကွဲစရာ အဖြစ်မျိုးနဲ့ ကြုံခဲ့ရလေသလား...။

လွန်ခဲ့သည် ညပွဲတုန်းက စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ နောက်တစ်နေ့ ညတွင် ဝါဆိုပွဲတော်ဝင်းအတွင်း၌ ရာဂျူးတို့၏ လမ်းလျှောက်ဆပ်ကပ်ပွဲကို ထပ်မံတင်ဆက်ကြပြန်သည်။ "တမာရှာ" ကချေသည်မကလေးများနှင့် အခြားသူများ၏ ဖျော်ဖြေပွဲတွေ မျိုးစုံရှိနေပြားသော်လည်း ရာဂျူးတို့က သူတို့ပွဲကို ယုံကြည်ချက်အပြည့်ဖြင့် တင်ဆက်ကြ၏။ သည်တစ်ကြိမ် သူတို့က ပြကွက် အသစ်အဆန်းတွေဖြင့် တီထွင်ဖျော်ဖြေကြသည်။ မီနူးက မီးလျှံတွေ လောင်စွဲနေသည့် သံကွင်းကို ကိုင်ထားရာ မိုတီက မီးကွင်းထဲ ခုန်ဝင်လိုက် ပြန်ခုန်ထွက် လုပ်ပြသည်။ ရာဂျူးက အသံကျယ်ကျယ်ဖြင့် အော်၍ ကြေညာသည်။

"ပရိသတ်ကြီးခင်ဗျား... ရှုစားကြပါ၊ အာဖရိက ခေါ်လာတဲ့ ကြောက်စရာ ခြင်္သေ့ကြီးက မီးကွင်းထဲ ရဲရဲဝံ့ဝံ့ ခုန်ဝင် ခုန်ထွက် လုပ်ပြ နေပါပြီ။ အခု ဆက်လက်ပြီး ဆရာမီနူးကလည်း အံ့မခန်းပြကွက်များကို တင်ဆက်ပါလိမ့်မယ်၊ အသွားထက်တဲ့ ဓားလေးချောင်း တပ်ထားတဲ့ သံကွင်း ထဲကို သူက ကျွမ်းဘားကစားပြီး အဝင်အထွက် လုပ်ပြပါလိမ့်မယ်၊ ဒီဓား တွေက အသွားအထက်ဆုံး ဓားရှည်တွေထက် ပိုပြီး ထက်ပါတယ်ခင်ဗျာ့။ ဆရာမီနူးဟာ အသက်ငယ်ငယ်သာ ရှိပါသေးတယ်၊ ဒါပေမဲ့ သူ့အသက် အန္တ ရာယ်ကို မငဲ့ဘဲ ပရိသတ်ကြီး ပျော်ရအောင် ဖျော်ဖြေပါလိမ့်မယ်၊ ရွှေပွဲလာ ပရိသတ်ကြီး ရှုစားတော်မူကြပါ ခင်ဗျား"

ရာဂျူးက အရောင်တလက်လက် ထွက်နေသည့် ဓားလေးချောင်း တပ် သံကွင်းကို ကိုင်ထားရာ ကာကီအင်္ကျီပွကြီးနှင့် ဘောင်းဘီတိုပွပွကြီး ဝတ်ထားသည့် မီနူးက ခုန်ဝင်ရမည်ဖြစ်၏။

မီနူးသည် ချွန်ထက်သော ဓားသွားတွေအနီးမှ ဖြတ်လျှောက်စဉ် အင်္ကျီပွကြီး၏ ရင်ဘတ်ကို ဓားသွားနှင့် အမှတ်တမဲ့ ချိတ်မိသဖြင့် အင်္ကျီ စုတ်ပြဲသွားရာ သူနှစ်အတော်ကြာ လျှို့ဝှက်ထိန်းသိမ်းလာခဲ့သည့် "ဖုံးကွယ် မှု"ကြီးမှာ ဘူးပေါ်သလို ပေါ်သွားလေတော့သည်။ ဘုရားရေ... လက်စသတ်တော့ မီနူးက ယောကျ်ားကလေး မဟုတ်ပါလား၊ မိန်းကလေး ဖြစ်နေပါရောလား။

ရာဂျူးသည် လျှပ်တစ်ပြက် မြင်လိုက်ရသော မြင်ကွင်းကြောင့် အဖြစ်မှန်ကို ရှင်းရှင်းကြီး သိရလေတော့သည်။ သူနှင့် လက်ပွန်းတတီး ပေါင်းသင်း ဆက်ဆံလာခဲ့သည့် ကောင်ကလေးမှာ မိန်းကလေးစစ်စစ် ဖြစ်နေသည်။ သူ အလိမ်ခံလိုက်ရပြီ။ အရှုးလုပ်ခံလိုက်ရပြီ။

သူသည် မေရီနှင့် မာရီနာတို့ကြောင့် နှစ်ကြိမ်နှစ်ခါ အသည်းကွဲ ဖူးခဲ့ပြီ။ ထိုကတည်းက သူသည် မိန်းမဆိုလျှင် အနီးကပ်မခံဘဲ ဝေးဝေးက ရှောင်ခဲ့သည်။ ယခုတစ်ဖန် ယောကျ်ားကလေးယောင် ဆောင်ထားသည့် မိန်းကလေး၏ "အနှပ်"ကို ခံလိုက်ရပြန်ပြီ။ သူသည် ခေါင်မိုးတစ်ခုတည်း အောက်မှာ ထိုမိန်းကလေးနှင့်အတူ ရက်ပေါင်း နေ့ပေါင်း တော်တော် ကြာကြာတောင် နေနေခဲ့ပြီး ပါပကောလား။

ရာဂျူးသည် စူးစူးဝါးဝါး ဒေါသတကြီးဖြင့် မီနူးအနားသို့ ဖြည်း ဖြည်း

ကပ်လာသည်။ မီနူးက ပေါ်နေသည့် သူ့ရင်သားကို လက်ဝါးအုပ်၍ ကြမ်းပြင်တွင် တစောင်းလှဲနေရာမှ အလျင်အမြန် လူးလဲထကာ တစ်ချိုး တည်း ထွက်ပြေးလေတော့သည်။ ပြေးလမ်းတွင် တစ်ပတ်လည်၍ ဖြည်း ဖြည်းချင်း ကျလာသည့် ချားရဟတ်နှင့် ပက်ပင်းဝင်တိုးရာ ချားရဟတ်ပေါ် သို့ ရုတ်တရက် ခုန်တက်လိုက်၏။ တစ်ပြိုင်တည်းတွင် နောက်မှ ပြေးလိုက် လာသော ရာဂျူးကလည်း ဖြည်းဖြည်းချင်း လည်နေသည့် ချားရဟတ်ကို လှမ်းဆွဲပြီး ခုန်တက်လိုက်သည်။ ရောမစက်ဝိုင်းပေါင်ကြီးတွင် တပ်ထားသည့် သစ်သားမြင်းရုပ်များသည် တဖြည်းဖြည်းနှင့် အရှိန်ပြင်းပြင်း လည်ပတ်စပြုလာပြီ။ ရာဂျူးသည် နောက်ဆုံးတွင် မီနူးအနားသို့ ရောက်သွားသည်။ သို့သော်လည်း သူတို့နှစ်ယောက်ကြားတွင် စီးသူမပါသည့် မြင်းရုပ်တစ်ခုက ခြားထား၏။ ထိုအရုပ်အပေါ်သို့ တက်သွားသောအခါ မီနူး၏ရင်သားအစုံကို ကွယ်ထားပြီး အောက်သို့ ပြန်ဆင်းလာသောအခါ အတိုင်းသား မြင်နေ ရသည်။

ပွဲခင်းတစ်ခုလုံး အသံမျိုးစုံဖြင့် ပွက်ပွက်ညံနေ၏။ ဂီတသံများ နှင့်အတူ ကလေးသူငယ်များ၏ ရယ်မောသံများ၊ အော်ဟစ်သံများလည်း နားကွဲမတတ် ပေါ်ထွက်နေ၏။ သည်ကြားထဲတွင် မီနူးကလည်း ရာဂျူးအား ပျာပျာသလဲ တောင်းပန်နေသည်။

"ကျွန်မကို ခွင့်လွှတ်ပါ အစ်ကိုရာဂျူး၊ ကျွန်မပြောတာကို ယုံပါ၊ အစ်ကို့ကို ကျွန်မ တမင်လှည့်စားတာ မဟုတ်ပါဘူး၊ ကျွန်မပြောတာကို ယုံပါ အစ်ကို ရာဂျူး"

ဒေါသကြောင့် ရာဂျူး၏ မျက်လုံးတွေ နီရဲနေသည်။ သူ ဘာစကားမှ ပြန်မပြော။ တက်သွားလိုက် ကျသွားလိုက် ဖြစ်နေသည့် မြင်းရုပ်ကိုသာ စိုက်ကြည့်နေ၏။ မြင်းရုပ်က သူ့ကို ပြောင်ချော်ချော် ပြန်ကြည့်နေသလို ခံစားရသည်။ သူ့ကို လူနုံ လူအဖြစ်အောင် လုပ်ခဲ့သည့် လျှို့ဝှက်ချက်ကြီးက ယခုတော့ ဘွင်းဘွင်းကြီး ပေါ်လာခဲ့ပြီ။

မီနူးက ဆက်ပြီး တောင်းပန်နေသည်။

"ကျွန်မ ရှင်းပြပါရစေ အစ်ကိုရာဂျူး၊ ကျွန်မ အခုလို ဘာဖြစ်လို့ ယောကျာ်းကလေးယောင် ဆောင်ရတယ်ဆိုတာ ရှင်းပြပါရစေ"

သို့သော်လည်း ရာဂျူးကတော့ ဘာစကားမှ လုံးဝ မကြားချင်တော့။ အရှိန်ဖြင့် လည်ပတ်နေသည့် ချားရဟတ်ပေါ်မှ ရုတ်တရက် ခုန်ဆင်းပြီး လူအုပ်ကြီးထဲ ရောဝင်သွားလေတော့သည်။

မီနူးမှာ အသံမျိုးစုံ ပွက်ပွက်ညံနေသည့် လူအုပ်ကြီးထဲတွင် တစ်ယောက်တည်း ရပ်ကျန်ခဲ့၏။

ချားရဟတ်စက်ဝိုင်းကြီးက တဝီဝီ လည်ပတ်နေသည်။

ဝါဆိုပွဲတော်ကြီးတစ်ခုလုံးလည်း ချာလည် လည်နေသည်။

ကမ္ဘာကြီးတစ်ခုလုံးလည်း တရစပ် လည်ပတ်နေသည်။

မီနူးတစ်ယောက်တည်းသာ ပွဲခင်းထဲတွင် မလည်ပတ်ဘဲ မျက်လုံး အကြောင်သားနှင့် အားငယ်စွာ ရပ်ကျန်ရစ်ခဲ့တော့သည်။

မီနူးသည် သူ့တဲအိမ်ကလေးထဲတွင် တံခါးဖွင့်ထားရင်း တစ်ညလုံး ရာဂျူးကို စောင့်နေသည်။ သို့သော် ရာဂျူးကား ပြန်မလာ။

မီနူးသည် တံခါးဝတွင် သွားရပ်သည်။ ပြတင်းနားတွင် သွားထိုင်သည်။ လုံးဝမအိပ်ဘဲ တစ်ယောက်တည်း ထိုင်စောင့်နေ၏။ ကွပ်ပျစ်ပေါ် လှဲ အိပ်သည်။ လုံးဝ အိပ်၍မပျော်။

ညအမှောင် ကင်းပျောက်၍ အရုဏ်ဦးအလင်းရောင် ဝင်ရောက်လာသည်။ ခပ်ဝေးဝေး သံလမ်းတွေပေါ်မှ မီးရထား ဖြတ်မောင်းသွားသံတွေ ကြားရသည်။ သို့သော် ရာဂျူးကား လုံးဝ ပေါ်မလာသေး။

ခြေသံကြားရသောအချိန်တွင် မိုးစင်စင်လင်းနေပြီ။ ရာဂျူးကို လှမ်းမြင်တော့ မီနူး ထရပ်လိုက်သည်။ ရာဂျူးလက်ထဲတွင် အထုပ်တစ်ထုပ် ပါလာသည်။

မီနူးက သူ့မှာ မေးပိုင်ခွင့်ရှိသည်ဟု ယုံကြည်၍ မေးလိုက်သည်။ "အစ်ကို အခုမှပဲ ပြန်လာတော့တယ်နော်၊ ဒါနဲ့ တစ်ညလုံး ဘယ် သွားနေတာလဲ...ဟင်"

"ငါ သွားချင်ရာ သွားတယ်" ရာဂျူး ဒေါသမပြေသေး။ "ငါ့ကို ဒီလို မေးရအောင် မင်းက ဘယ်သူလဲ"

"ကျွန်တော်က အစ်ကို့ညီ မောင်မီနူးပဲပေါ့"

"မင်း... မင်း၊ မောင်... မောင်မီနူး မဟုတ်ဘူး၊ မင်းက... မင်းက မမီနူး၊ ဒါကြောင့် မင်း... မင်း... အိုး ... ဘယ်တော့မှ... လုံးဝ... လုံးဝ ငါ့မိတ်ဆွေ မဟုတ်တော့ဘူး"

"ဘုရားရေ... အစ်ကိုက ဒီစကားမျိုး ပြောရလောက်အောင် ကျွန်မက ဘာအပြစ်များ ကျူးလွန်မိလို့လဲ"

"ဒီမှာ ... မီနူး" သူ့အတိတ်ဒဏ်ရာက အနာမကျက်သေး။ "မင်းအပြစ်က လိမ်ညာတဲ့အပြစ်ပဲ၊ ငါဟာ အများကြီး ခံစားခဲ့ရတယ်၊ အများကြီး အောင့်ခံခဲ့တယ်၊ အချစ်မရှိတဲ့၊ မျှော်လင့်ချက်မရှိတဲ့ ငါ့ဘဝကို ငါ အား တင်းပြီး ဖြေသိမ့်ခဲ့တယ်၊ ဒါပေမဲ့... လိမ်ညာတာကို ငါ မဖြေသိမ့်နိုင်ဘူး၊ ငါ့ကို လိမ်ညာပြီး အရူးလုပ်တာကို ငါ သည်းမခံနိုင်ဘူး၊ မင်းရဲ့ "မောင်မီနူး" ဘဝဟာ လိမ်ညာတာ၊ အစစ်အမှန် မဟုတ်ဘူး၊ အတုအယောင်... အတု အယောင်

"ကောင်းပြီ" သူ့အသံက ဒေါသသံ ပါသည်။"ကျွန်မ လိမ်တယ်၊ ညာတယ်၊ ဟုတ်တယ်၊ လိမ်တယ်၊ ညာတယ်၊ အဲဒီတော့ အဲဒီလို လိမ်ရတာ၊ ညာရတာ ဘယ်သူ့ကြောင့်လဲ... သိလား၊ ရှင့်ကြောင့်... ရှင့်ကြောင့်"

"ဟင်... ငါ့ကြောင့်... ဟုတ်လား" ရာဂျူး လန့်ဖျပ်သွားသည်။ "ဟုတ်တယ်... အစ်ကို့ကြောင့်" မီနူး၏ အသံတွင် နာကြည်း

သံပါသည်။"အစ်ကိုကိုယ်တိုင်ကြောင့် မဟုတ်ပေမယ့် အစ်ကို့လို ယောကျ်ားသားတွေကြောင့် အစ်ကို့လို ယောကျ်ားဆိုတဲ့ လူသားတွေကြောင့်၊ မိဘမရှိတဲ့ ခိုကိုးရာမယ့် မိန်းကလေးတစ်ယောက်အနေနဲ့ ယောကျ်ားတွေ အနိုင်ကျင့် တဲ့ဘဝမှာ ဘယ်လိုဖြစ်သွားမယ်ဆိုတာ အစ်ကို သိရဲ့လား၊ ကျွန်မဟာ ရုပ်ရှင်လောကဝင်ပြီး ရုပ်ရှင်မင်းသမီးဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ ဘုံဘေမြို့ကို လာခဲ့တယ်၊ ဒါပေမဲ့ ကျွန်မလို တစ်ကောင်ကြွက် ခြေသလုံးအိမ်တိုင် မိန်းကလေး တစ်ယောက်အနေနဲ့ ဒီမြို့ကြီးမှာ အဲဒီလို ဖြစ်လာဖို့မပြောနဲ့ လေးလေးစားစား ဆက်ဆံခံရဖို့တောင် သိပ်ပြီး ခက်ခဲပါတယ်၊ ကျွန်မ သွားလေရာတိုင်းမှာ လူယောင်ဆောင်ထားတဲ့ ဝံပုလွေတွေနဲ့ပဲ တွေ့နေရတယ်၊ ကျွန်မကို မြင်တဲ့လူတိုင်းက ကျွန်မကို လွယ်လွယ်ရမယ့် သားကောင်လို့ပဲ ထင်ကြတယ်၊ ဒါကြောင့်မို့လို့ ကျွန်မရဲ့ သိက္ခာကိုထိန်းဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်၊ ဒီလိုမှမလုပ်ရင် ကျွန်မ သေရပါလိမ့်မယ်" သူ့အသံ ကြေကွဲစွာ ဆို့နင့်သွားသည်။ "အဲဒါကြောင့် ဆံပင်ရှည်ရှည်နဲ့ မဟီနာနေရာမှာ ခေါင်းမြှောင်ကိုင်တဲ့ လမ်းသရဲ မောင်မီနူး ရောက်လာရတာ၊ အဲဒါကျွန်မရဲ့ အဖြစ်မှန်ပါပဲ"

ရာဂျူးက ညင်သာသည့်အသံဖြင့်...

"ကဲ... ဒီအချိန်ကစပြီး ဟန်ဆောင်တာ ပြီးဆုံးသွားပြီ၊ ရော့... ဒါကို ယူပါ" သူက လက်ထဲမှ အထုပ်ကို ကမ်းပေးသည်။

"ဒါက ဘာလဲ" မီနာက အထုပ်ကို လှမ်းယူရင်း ပြန်မေးလိုက်သည်။ "ဒါဟာ ရာဂျူးနဲ့ မီနူးတို့ရဲ့ မိတ်ဆွေဘဝ ခြုံလွှာပဲ၊ အဲဒီအယောင် ဆောင် အစုတ်အပြဲတွေကို ချွတ်ပစ်လိုက်တော့၊ ဒီ ဆာရီကိုဝတ်ပြီး လောက ကြီးကို အမှန်အတိုင်း ရင်ဆိုင်တော့"

တောက်တောက်ပြောင်ပြောင် အနီရောင်အနားကွပ်နှင့် ညိုဝါရောင် ဆာရီကို လှမ်းယူပြီး မီနာ အလွန်ဝမ်းသာကြည်နူးသွားသည်။ အဝေးကြီးမှ ချိုလွင်လွင် တေးသံကို ကြားယောင်လာပြီး နှုတ်ခမ်းဖျားတွင် ကြေကွဲရိပ် ပါသည့် အပြုံးပန်းကလေး ပွင့်လန်းလာသည်။

မီနာ ခန်းဆီးနောက်ကွယ်သို့ ဝင်လာသည်။ ဆာရီကို ဖြန့်ပြီး ပါးပြင် မှာ ကပ်ကြည့်သည်။ ပြီးတော့ ရင်ဘတ်ပေါ်တွင် ဖိကပ်ထားလိုက်၏။

"ကျွန်မကိုယ်ပေါ်မှာ ဆာရီမကပ်တာ ဘယ်နှစ်လရှိပြီဆိုတာ ရှင်မသိဘူး၊ အခုအချိန်မှာ ကျွန်မ ဘယ်လိုခံစားနေရတယ်ဆိုတာ ရှင်မသိဘူး၊ ကျွန်မကိုယ် ကျွန်မ အသစ်ပြန်မွေးလာသလို ခံစားနေရတယ်... သိရဲ့လား" သူသည် ခန်းဆီးလိုက်ကာကို ဆွဲချပြီး ရုပ်အကျီကို ချွတ်သည်၊ ဆာရီကို ကိုယ်ပေါ်တွင် ပတ်လိုက်သည်။ ပြီးတော့ တတမ်းတတနှင့် တက်ကြွစွာ တတွတ်တွတ် ပြောနေသည်။ "ရုပ်ကြမ်း၊ နှုတ်ကြမ်း "မောင်မီနူး" ဟာ တစ်ချိန်တုန်းက အရှက်အကြောက်ကြီးတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့တယ်ဆိုရင် ရှင်ယုံမှာမဟုတ်ဘူး၊ ကျွန်မဟာ သိပ်လှ သိပ်ချောတယ်လို့လည်း လူတွေက ပြောကြတယ်၊ ကျောင်းမှာတုန်းက ဆိုရင် သီချင်းလည်းဆိုတယ်၊ ကလည်း ကတယ်၊ တစ်နေ့ကျရင် ကျွန်မဟာ လူတိုင်း ငေးကြည့်ရတဲ့ နာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်မယ်လို့ လည်း လူတိုင်းက နိမိတ်ဖတ်ကြတယ်"

ထို့နောက် သူ အပြင်သို့ထွက်လာသည်။ ရာဂျူးက သူ့ကို တအံ့ တသြ

ကြည့်နေသည်။ အတွင်းခံ ဘော်လီမပါဘဲ လွှမ်းပတ်ခြုံဝတ်ထားသည့် ဆာရီသည် အချိုးကျလှသော သူ့ခန္ဓာကိုယ်၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ် ကို အထင်းသား ဖော်ပြလျက်ရှိသည်။

"ကဲ…ကျွန်မရဲ့ အစစ်အမှန်ပုံရိပ်သဏ္ဌာန်ကို အခု အစ်ကိုမြင်ရပြီ မဟုတ်လား"

မီနာက မေးလိုက်သည်။

"ဟုတ်တယ်၊ မြင်ရပြီ၊ ဒါပေမဲ့ ငါ့အနေနဲ့ သိပ်ပြီးအံ့သြမိတယ်လို့ တော့ ငါမထင်ဘူး" သူ့စိတ်မျက်စိထဲတွင် မေရီနှင့် မာရီနာတို့ကို မြင်ယောင် လာသည်။ ပြီးတော့… ယခု မီနာကို မြင်ရသည်။ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါ့အသည်း သုံးခါကွဲ မခံနိုင်ဘူး၊ အဲဒါကို ငါ ခံနိုင်ရည်မရှိတော့ဘူး၊ ဒါကို ဖြစ်တဲ့နည်းတဲ့ ရှောင်ကို ရှောင်ရမယ်၊ ငါ သွားမှဖြစ်မယ်၊ ငါ့ကို မြူဆွယ် နှောင့်ယှက်နေတဲ့ သူ့အနားက ထွက်သွားမှဖြစ်မယ်။

သူ လှည့်ထွက်သွားရန် ခြေလှမ်းပြင်လိုက်တော့ မီနာက လှမ်းခေါ် လိုက်သည်။

"အစ်ကို… အစ်ကို ထွက်သွားတော့မလို့လား"

"ဟုတ်တယ် . .. မီနာ၊ ငါ နေ နေလို့ မဖြစ်ဘူး"

"ဒါဆို ကျွန်မကို တစ်ယောက်တည်း ထားပစ်ခဲ့တော့မှာပေါ့ ဟုတ်လား" သူ့အသံက စိုးရိမ်သံနှင့် တောင်းပန်သံ ရောနေသည်။

"မင်းက ငါနဲ့ မတွေ့ခင်ကတည်းက တစ်ယောက်တည်း နေ နေခဲ့ တာပဲ၊ အဲဒီတော့ ငါထွက်သွားပြီးတဲ့နောက်မှာလည်း ဘာလို့ တစ်ယောက် တည်း မနေနိုင်ရမှာလဲ"

"အစ်ကို မစဉ်းစားမိလို့ပါ၊ "မောင်မီနူး"က တစ်ယောက်တည်း နေနေလို့ ရတယ်၊ သူ့ကိုယ်သူ ကာကွယ်စောင့်ရှောက်နိုင်တယ်၊ ဒါပေမဲ့ "မီနာ"က ကာကွယ်စောင့်ရှောက်သူ မရှိဘဲ တစ်ယောက်တည်း နေ နေလို့ မရဘူး" မီနာက ရာဂျူး၏ရှေ့မှ ဆီးရပ်ကာ သူ့အခွင့်အရေးကို တောင်း ဆိုသည်။"မီနူးကို မီနာအဖြစ် ဘဝပြောင်းလိုက်တာ အစ်ကိုပဲ၊ အဲဒီတော့ အစ်ကို ကျွန်မကို တစ်ယောက်တည်း ထားပစ်ခဲ့လို့ မရဘူး၊ အစ်ကို ဘယ်ကိုမှ မသွားရဘူး"

"မဟုတ်သေးဘူး မီနာ၊ ငါ တောင်းပန်ပါတယ်၊ ငါ တောင်းပန် ပါတယ်" နှစ်ခါနာထားသည့် သူ့အသည်းနှလုံးက အော်၍ ပြောလိုက်၏။ "အချစ်ကစားပွဲမှာ ငါ အမြဲတမ်း ရှုံးခဲ့တယ်၊ ငါရင်ကွဲမတတ် ခံစားခဲ့ရတယ်၊ ဒီကစားပွဲဟာ သိပ်ပြီး အန္တရာယ်ရှိတယ် မီနာ"

သူသည် ယင်းအန္တရာယ်တွေကို လူပုဂ္ဂိုလ်အနေဖြင့် မြင်ယောင်လာသည်။ ချောမောလှပသော ညှို့စားဆွဲဆောင်သော အမြဲတမ်း ခြောက်လှန့် နေသော အန္တရာယ်တွေ။ မေရီ… ပြီးတော့ မာရီနာ… ယခုတစ်ဖန် သူတို့ အနားတွင် ရပ်နေသော မီနာ…။

ရာဂျူး ဖျတ်ခနဲ နောက်ပြန်လှည့်လိုက်သည်။ ဇတ်ခနဲ လှမ်းထွက်လာခဲ့သည်။ သူ မီနာနှင့် ဝေးရာသို့ ထွက်ပြေးတာလား၊ သို့မဟုတ် မေရီနှင့် ဝေးရာသို့ ထွက်ပြေးတာလား၊ သို့မဟုတ် မာရီနာနှင့် ဝေးရာသို့ ထွက်ပြေး တာလား။ သို့မဟုတ် သူကိုယ်တိုင်နှင့် ဝေးရာသို့ ထွက်ပြေးတာလား။

မီနာ၏ လှိုက်လှဲပြင်းပြသော အသံက သူ့ကို ပြန်ခေါ်နေ၏။

"အစ်ကို ရာဂျူး... အစ်ကိုရာဂျူး၊ ကျွန်မရဲ့အချစ်ကို အထင်မလွဲပါ နဲ့ အစ်ကိုရာဂျူး"

သို့သော်လည်း ရာဂျူးကတော့ နောက်ပြန်လှည့်၍ပင် မကြည့် တော့ဘဲ ပြတ်ပြတ်သားသား ထွက်သွားလေပြီတကား။

※

ရာဂျူးပြန်အလာကို မီနာခမျာ တစ်နေ့တာလုံး စောင့်မျှော်နေရှာ၏။ ညနေဆည်းဆာချိန် ရောက်တော့လည်း စောင့်မြဲ စောင့်တုန်း။ စိတ်လှုပ်ရှားစွာနှင့် သွေးရူးသွေးတန်းဖြင့် ပတ်ဝန်းကျင်နယ်မြေတစ်ခွင် ပြေပြေစင် လိုက်ရှာသည်။ သို့ပေမဲ့ ရာဂျူး၏ အရိပ်အယောင်မျှကိုပင် မတွေ့ရ။

သည်အချိန်မှာတော့ မီနာသည် သူ၏ခံစားချက်ကို မျိုသိပ်ထား၍ မရနိုင်တော့။ ရာဂျူးအပေါ်ချစ်သော အချစ်၊ သူ့အပေါ်မှာပင် အားကိုးမှီခိုနေရသည့်အဖြစ်၊ အထီးကျန်ဘဝကို ကြောက်လန့်စိတ်၊ သည်ခံစားချက်အားလုံးသည် သူ့တစ်ကိုယ်လုံးကို ခြုံလွှမ်းဖမ်းစားထားလေတော့သည်။ သူသည် သည်အချိန်တွင် ပြင်းထန်သော မုန်တိုင်းကြီးနှစ်ခုကို ရင်ဆိုင် ဖြတ်သန်းနေရ၏။ ပထမမုန်တိုင်းက သူ့အဖြစ်မှန်ကို ရာဂျူး သိသွားပြီး သည့်အချိန်မှစ၍ သူ့ဘဝတစ်ခုလုံးကို လှုပ်ခါ ပစ်လိုက်သည့် သူ့အသည်း နှလုံးထဲက မုန်တိုင်း။ ဒုတိယမုန်တိုင်းကတော့ မုတ်သုံမိုး ဝင်ရောက်လာပြီ ဖြစ်ကြောင်း ကြော်ငြာမောင်းခတ်လိုက်သည့် လေ, ရေ, မိုးကြိုးနှင့် လျှပ်စီး တည်းဟူသော သဘာဝရာသီဥတု မုန်တိုင်း။

မီနာသည် သည်မုန်တိုင်းကြီး နှစ်ခုနှင့် တစ်ညလုံး တိုက်ပွဲဆင် နေရ၏။ ညာသံပေး၍ သဲကြီးမဲကြီး တဝုန်းဝုန်း တဖြုန်းဖြုန်း ရွာချနေသည့် မိုးကြီးသည်ပင်လျှင် သူ၏ စိတ်အားထက်သန်မှုကို အံမတုနိုင်ခဲ့။ အနိုင် မယူနိုင်ခဲ့။ သူသည် လုံးဝစိတ်မလျှော့ဘဲ ရာဂျူးကို ဆက်လက်ရှာဖွေ နေဆဲပင်။ အဘယ်ကြောင့်ဆိုသော် ရာဂျူးမရှိလျှင် သူ့ဘဝသည် ဘယ်လိုမှ မပြည့်စုံနိုင်ဟု သူက စွဲမြဲစွာ ခံယူထားပြီးဖြစ်သောကြောင့် ဖြစ်၏။

တစ်ကိုယ်လုံး ရေတွေရွှဲရွှဲနစ်နေပေမယ့် သူသည် ရာဂျူးကို မရပ် မနား လိုက်ရှာနေတုန်းဖြစ်သည်။ မိုးလင်းခါနီးတော့ တဖြည်းဖြည်းနှင့် မိုးစဲသွားသည်။

အရုဏ်ဦး မှုန်ဝါးဝါးအလင်းရောင်ထဲ တွင် ခပ်လှမ်းလှမ်းမှ လူရိပ်မည်းမည်းတစ်ခုကို လှမ်းမြင်လိုက်ရ၏။ ရေပုပ်ထုတ် ပိုက်လုံးကြီးတစ်ခု ဘေးတွင် ထိုင်နေသည်။

မီနာသည် ရင်တလှပ်လှပ် ခုန်လျက် ဝမ်းသာလှစွာဖြင့် သူ့ဆီသို့ ပြေးသွားပြီး သူ့ဘေးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ထိန်းထားခဲ့သမျှ မီနာ၏

စိတ်စွမ်းအင် အားလုံးသည် ရာဂျူး၏ ရင်ခွင်ထဲတွင် လုံးဝဥဿုံ အရည်ပျော်သွားလေတော့သည်။ တကယ်တော့ မီနာသည် သူ့ကိုယ်သူ လက်နက်ချလျက် ရာဂျူးအား အချစ်၏အကျဉ်းသားအဖြစ် လက်ထိတ် ခတ်လိုက်ခြင်းပင် ဖြစ်တော့သည်။

ရာဂျူးအတွက် ဘဝသစ် စတင်ခဲ့လေပြီ။

သူနှင့် မီနူးတို့နှစ်ယောက် မိတ်ဆွေဘဝဖြင့် အတူတူ နေခဲ့စဉ်က အိမ်မှုကိစ္စအဝဝကို နှစ်ယောက်စလုံး အတူတူ ခွဲဝေတာဝန်ယူခဲ့ကြ၏။ ယခုအခါတွင်မူ မောင်မီနူးက မမီနာဘဝသို့ တစ်ဖြစ်လဲခဲ့ပြီဖြစ်၍ ရာဂျူးက မီးဖိုချောင်ရိက္ခာ ဖြည့်တင်းရေးကို တာဝန်ယူသည်။ မီနာကတော့ ချက်ပြုတ် ရေးကို တာဝန်ယူသည်။ ရာဂျူးသည် မိခင်ကြီးနှင့် နေခဲ့စဉ်ကတည်းကပင် ဈေးဝယ်ဈေးပြု ကျွမ်းပြီးသား ဖြစ်၏။

တစ်နေ့နံနက်တွင် ရာဂျူးသည် ဟင်းသီးဟင်းရွက်၊ ပဲနီလေး၊ ဆား၊ သကြားနှင့် ဆီစသည့် တစ်ပတ်စာ ရိက္ခာပစ္စည်းများကို ဝယ်၍ တဲအိမ်ထဲသို့ ဝင်လာရာ တဲထဲမှ ညင်သာသော အမိန့်သံ ပေါ်ထွက်လာ၏။

“အပြင်မှာပဲ ခဏနေပါဦး၊ အထဲဝင်မလာနဲ့၊ ကျွန်မ အဝတ်အစား လဲနေတယ်”

ရာဂျူး တံ့ခနဲ ခြေလှမ်းရပ်သွားပြီး စိတ်တိုသံဖြင့် ပြန်ပြောလိုက်၏။ “ဒါဆို မြန်မြန်လုပ်၊ ငါတို့ ပြပွဲအသစ်အတွက် အစီအစဉ် လုပ်စရာရှိတယ်၊ အဲဒါ မင်းနဲ့ ဆွေးနွေးစရာရှိတယ်၊ မင်း အဝတ်လဲနေတုန်း ငါ အပြင်က စောင့်နေမယ်”

တဲအိမ်ခန်းကို နှစ်ပိုင်းခွဲပြီး အလယ်တွင် ရာဂျူးဝယ်လာခဲ့သည့် ဆာရီကို လှမ်းထားသည်။ မီနာက ဆာရီကို ကန့်လန့်ကာ သဘောထားပြီး အပေါ်မှ ခေါင်းပြူ၍ လှမ်းပြောလိုက်သည်။

“ဘာဖြစ်လာတာလဲ၊ သူ့စိတ်ကလည်း တိုလိုက်တာ”

ရာဂျူး သက်မတစ်ချက်ချလိုက်ပြီး...

“ဘာဖြစ်ရမှာလဲ... မီနာ၊ ဒီဆာရီကလည်း တို့နှစ်ယောက်ကြားမှာ တံတိုင်းကြီးခြားထားသလို ဖြစ်နေပါရောလား”

မီနာက ရာဂျူးအား ပြည်တည်တည်မှုဟန်ဖြင့် ကြည့်လိုက်သည်။ ပြီးတော့ ဆာရီကိုကြည့်ကာ တိုးတိုးကလေး ရေရွတ်လိုက်၏။

“ရှင် အရူးပဲ၊ ဘယ့်နှယ် ဒီဆာရီက တံတိုင်းကြီးဖြစ်နိုင်ပါ့မလား”

ရာဂျူး အပြင်သို့ထွက်လာပြီး ခွေးကလေး မိုတီအနားတွင် ထိုင်သည်။ မိုတီသည် မျက်နှာငယ်ငယ်ဖြင့် မြေကြီးပေါ်တွင် လှဲနေ၏။

ရာဂျူးက ဈေးမှဝယ်လာသည့် ဘီစကွတ်မုန့်များကို ထုတ်ကျွေးပြီး မိုတီအား တိုးတိုးတိတ်တိတ် ပြောနေသည်။

“လာပါ မိုတီ၊ မင်းကို ငါ ပြောစရာရှိတယ်၊ လူတွေက ပြောကြတယ်ကွ၊ ခွေးဟာ လူထက် သစ္စာရှိတယ်တဲ့၊ ပြီးတော့ အသိဉာဏ်လည်း ပိုရှိတယ်တဲ့၊

ဒီကိစ္စက တော်တော်အရေးကြီးတယ်၊ ပြဿနာ ထပ်ပြီးပေါ် လာပြန်ပြီ၊ ငါက မိအေးနှစ်ခါ နာခဲ့ဖူးပြီး နောက်တစ်ခါထပ်ပြီး အနာမခံနိုင် တော့ဘူး၊ အဲဒါ ငါ ဘာလုပ်သင့်သလဲ၊ မင်း စဉ်းစားကြည့်ပါဦး၊ အကြံ ကလေး ဘာကလေး ပေးပါဦး… ကောင်လေးရဲ့”

မိုတီက စဉ်းစားနေသလို ခပ်တွေတွေ လုပ်နေသည်။ သူ့ထံမှ ဟောင် သံပေး၍ စကားပြန်မရမီမှာပင် မီနာသည် အဝတ်အစားလဲပြီး၍ ခန်းဆီးနောက်ကွယ်မှ ထွက်လာ၏။ မီနာ၏ ထူးခြားသောအလှကို မြင်လိုက်ရ တော့ ရာဂျူးမှာ မျက်လုံး မျက်ဆန်ပြူးပြီး ပါးစပ်အဟောင်းသားနှင့် တအံ့ တသြဖြစ်နေသည်။ စောစောတုန်းက ခန်းဆီးတံတိုင်းကြီး ဖြစ်နေခဲ့သည့် ဆာရီမှာ ယခုအခါ မီနာ၏ကိုယ်ပေါ်တွင် ဆွဲဆောင်မှုအပြည့်ရှိသော ဝတ်စုံ ဖြစ်နေ၏။

သူ့အလှကြောင့် ရာဂျူး စိတ်လှုပ်ရှားသွားရကြောင်း အကဲခတ်မိသည့် မီနာက ခံစားချက်ပါသော ချိုသံသာလေးဖြင့် …

“ကဲ… တွေ့ပြီ မဟုတ်လား၊ ကျွန်မတို့နှစ်ယောက်ကြားမှာ တံတိုင်း မခြား တော့ဘူးလေ”

ရာဂျူးက ငေးကြည့်နေရာမှ…

“ဟုတ်တယ်၊ တို့နှစ်ယောက်ကြားမှာ တံတိုင်းမခြားတော့ဘူး မီနူး”

“မီနူးမဟုတ်ဘူးလေ၊ မီနာ… မီနာ”

“သြော်… အဲ… မီနာ… မီနာ”

သူတို့နှစ်ယောက်၏ မျက်လုံးနှစ်စုံတွင် တောင့်တခြင်း၊ မွတ်သိပ်ခြင်း၊ စွဲလမ်းခြင်း အရိပ်အရောင်များ ပေါ်လွင်နေ၏။

ရာဂျူး ရှေ့ကို တိုးလာသည်။ သူ့လက်ဝါးနှစ်ဖက်သည် မီနာ၏ ပါးပြင်မျက်နှာနှင့် ကိုယ်ခန္ဓာတို့ကို တို့ထိသည်။ မီနာ့တစ်ကိုယ်လုံးကို ကြုံးဖက်ပြီး အားရပါးရ နမ်းပစ်လိုက်ချင်သည်။ သို့သော်လည်း မီနာက သိမ်မွေ့စွာ နောက်သို့ တစ်လှမ်းဆုတ်လိုက်သည်။

ရာဂျူး စိတ်ပျက်သွားပြီး မယုံကြည်နိုင်သည့် မျက်လုံးများဖြင့် ကြည့်ရင်း…

“ဘာဖြစ်လို့လဲ”

မီနာက အသစ်စက်စက် သူ့ဆာရီကို ကြည့်သည်။ ပြီးတော့ ဆီနှင့် မီးသွေးမှုန့်တွေ ပေကျံနေသည့် ရာဂျူး၏ လက်တွေကို လက်ညှိုးထိုးပြသည်။

ရာဂျူးက ညစ်ပတ်နေသည့် သူ့လက်တွေကို ကြည့်လိုက်သည်။ ပြီးနောက် အလှကြီး လှနေသည့် မီနာ့၏မျက်နှာကို ကြည့်သည်။ မီနာ၏ မျက်နှာတွင် ရင်ထဲမှ ခံစားမှုမီးလျှံကြောင့် အရောင်တောက်နေသည်။ ရာဂျူး သည် နောက်သို့ တစ်လှမ်းပြန်ဆုတ်ကာ သူ့စိတ်ကို ပြန်ထိန်းပြီး ခရီးသွား ဟန်လွှဲ လေသံဖြင့် ပြောလိုက်သည်။

“ကဲ… တို့ နောက်ထပ်ပြပွဲအတွက် ကမ်းလှမ်းလာတဲ့ကိစ္စ

ဆွေးနွေးကြရအောင်”

"အိန္ဒိယလမ်းလျှောက်ဆပ်ကပ်အဖွဲ့ကြီး"နေရာတွင် "ဆပ်ကပ်ဘုရင် ရာဂျူး နှင့် ဆပ်ကပ်ဘုရင်မ မီနာ ပါဝင်သော အထူးဆပ်ကပ်အဖွဲ့ကြီး" ရောက်လာသည်။

အထူးဆပ်ကပ်အဖွဲ့ကြီးသည် ပထမနေ့ ဖြေဖျော်ပွဲမှာပင် အကြီး အကျယ် အောင်မြင်သည်။ ပွဲကန်ထရိုက်က ရာဂျူးနှင့် မီနာတို့အား တစ်ည လျှင် ရူပီးငွေ ၅၀စီ ပေးသည်။ မီနာကလည်း ပြက္ခက်ဆန်းများကို တီထွင် ဖြေဖျော်ပြီး ဂန္ထဝင်တေးကဗျာများကို သီဆိုကပြသည်။ ပရိသတ်၏ လက်ခုပ် သြဘာသံများ ရုံလျှံသွားသည်။

ဤသို့လျှင် သူတို့သည် ယခုအခါ အတော်အတန် ကောင်းစား လာကြပြီ ဖြစ်သည်။ တစ်ပတ်နှမ်း အိမ်ထောင်ပရိဘောဂများဖြင့် တဲအိမ်ကို အလှဆင်နိုင်ကြပြီ။ သို့သော်လည်း တဲအိမ်မှာပင် ဆက်လက်နေထိုင်ကြသည်။ သည်တဲအိမ်သည် သူတို့အဖို့ လာဘ်ကောင်းသော ဘူမိနက်သန် ဖြစ်သည်ဟု ယုံကြည်ကြသည်။ သူတို့နှစ်ယောက်သည် သည်တဲအိမ်မှာပင် ပထမဦးဆုံး တွေ့ခဲ့ကြသည်။ အေးအတူ ပူအမျှ အတူတကွ နေထိုင်ခဲ့ကြသည်။ တစ်ယောက်၏အချစ်ကို တစ်ယောက် ရှာဖွေတွေ့ ရှိခဲ့ကြသည်။

တစ်နေ့တွင် ပိုက်ဆံတွေကို ရေတွက်ပြီးနောက် ဗီရိုထဲ မထည့်သေးမီ ရာဂျူးက…

"ဒါနဲ့ … မီနာ၊ တို့ အထူးဆပ်ကပ်အဖွဲ့ကြီးအကြောင်းကတော့ မြို့ထဲက လူတိုင်းပါးစပ်ဖျား ရောက်ကုန်ပြီ၊ မီနာနဲ့ ရာဂျူးအကြောင်းကိုပဲ လူတိုင်း ပြောနေကြပြီ"

"မဟုတ်ဘူး၊ ရာဂျူးက ပထမ၊ နောက်မှ မီနာ၊ ဆရာက ပထမ၊ တပည့်က ဒုတိယလေ"

"မဟုတ်ဘူး မီနာ" ရာဂျူးက ဗီရိုကိုသော့ခတ်ရင်းမှ "တို့အလုပ်က အချစ်လိုပဲ၊ ဘယ်သူမှ ပထမ မဟုတ်ဘူး၊ ဘယ်သူမှ ဒုတိယမဟုတ်ဘူး၊ လူနှစ်ယောက်၊ သံစဉ်နှစ်ခု… အားလုံး တစ်ခုတည်းဖြစ်သွားတယ်" သူက ဗီရိုထဲမှ လူရွှင်တော် ရုပ်ကလေးကို ထုတ်ယူလိုက်ပြီး…

"မင်း မယုံရင် သူ့ကို မေးကြည့်ပါလား"

"အဲဒါက ဘာလဲ"

"မင်း မမှတ်မိဘူးလား၊ ဒါ ငါလေ"

"ဒါက လူရွှင်တော်ရုပ်ပဲ"

"ငါလည်း လူရွှင်တော်ပဲလေ၊ သူ့ကို ဦးဖောက်လှန်လိုက်၊ သူရယ် မှာပဲ၊ သူ့ကို အခန်းထောင့် လွှင့်ပစ်လိုက်၊ သူရယ်မှာပဲ၊ မင်း သူ့ကို ပစ်ထား၊ ပါးရိုက်

နားရိုက် တစ်ကိုယ်လုံးရိုက်လည်း သူ ရယ်မှာပဲ”

မီနာက အရုပ်ကလေးကို လှမ်းယူပြီး ရင်ဘတ်တွင် တယုတယ အပ်ထားရင်းမှ…

“သူ့ကို အခုလို ချစ်ချင်ခင်ခင် ဖက်ထားရင်ကော”

“အဲဒါဆိုလည်း သူရယ်မှာပဲ”

“ဒါဆို သူ့ကို ကျွန်မ တစ်သက်လုံးသိမ်းထားမယ်”

“မင်းအသည်းနှလုံးက သူနဲ့ဆံ့အောင် ကြီးပါ့မလား”

“ဆံ့ပါတယ်၊ ကြီးပါတယ် အစ်ကို၊ ဘာလဲ…. အစ်ကိုက မယုံလို့ လား

အမှန်ပင် သူ မယုံနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် သူ့အတွက် သို့မဟုတ် အရုပ်ကလေးအတွက် အခြား ဘယ်မိန်းကလေးမှ အသည်းနှလုံး တွင် နေရာမပေးနိုင်သောကြောင့် ဖြစ်၏။ မီနာက အခြားမိန်းကလေး တွေနှင့်တော့ မတူ၊ တခြားစီ ဖြစ်သည်။ သို့ဆိုလျှင် ရာဂျူးအနေဖြင့် အန္တ ရာယ်များသော အချစ်ကစားပွဲကို စိတ်တည်ငြိမ်စွာဖြင့် ကစားနိုင်ပါ့ မလား။

မီနာသည် အရုပ်ကလေးကို ရင်ဘတ်တွင် အပ်ထားရင်းမှ ရာဂျူး အနားသို့ ကပ်လာသည်။ သူ့အသက်ရှူငွေ့က ရာဂျူး၏မျက်နှာကို လာဟပ်သည်။ အချိန်ကာလသည် ခဏတာမျှ ရပ်တန့်သွား၏။

ထိုအခိုက်တွင် ခွေးကလေးမိုတီ၏ ထူးထူးခြားခြား ဟောင်သံ ထွက် ပေါ်လာသည်။ အချိန်ကာလသည် ပုံမှန်အတိုင်း ပြန်လည်ရွေ့လျားလာပြီ။

ရာဂျူးက ပြောလိုက်၏။

“မိုတီ ဘာဖြစ်နေသလဲ မသိဘူး”

သူသည် ပြောပြောဆိုဆို ခွေးကလေးကို ရှာရန် ပြေးထွက်လာခဲ့သည်။ ရာဂျူး အပြင်ဘက်ရောက်တော့ ခွေးလေ ခွေးလွင့်များနှင့် ပြည့် ကျပ်နေသည့် မြူနီစီပယ်အဖွဲ့ ကားကြီးကို တွေ့ရ၏။ သူက ကားနောက်မှ အတင်းအော်၍ ပြေးလိုက်လာသည်။ “ကျွန်တော့်ခွေးက ခွေးလေခွေးလွင့် မဟုတ်ဘူး၊ ပြန်ပေးခဲ့ပါ၊ ပြန်ပေးခဲ့ပါ”

သို့သော် ကားက အရှိန်နှင့် မောင်းထွက်သွားပြီ။ မကြာခင်မှာပင်

ဖုန်မှုန့်တွေ အလိပ်လိပ်ကြားတွင် ပျောက်ကွယ်လေတော့သည်။ ရာဂျူး ပြန်ဝင်လာတော့ မီနာသည် အရုပ်ကလေးနှင့် ကစားနေ၏။ ရာဂျူး၏ ပုပ်သိုးသိုး မျက်နှာကို မြင်တော့ စိုးရိမ်တကြီးဖြင့်…

“ဘာဖြစ်တာလဲ… ဟင်… အစ်ကို”

“မိုတီကို မြူနီစီပယ်အဖွဲ့က ဖမ်းသွားပြီ” သူက ညှိုးရော်ရော် မျက်နှာ ဖြင့်“ဒီလူတွေ သူ့ကို သတ်ပစ်ကြမှာပဲ” ရာဂျူးက မီနာ၏ မျက်နှာကို ကြည့်

လိုက်သည်။ မိုတဲ့အတွက် ဝမ်းနည်းခြင်း အရိပ်အရောင် လုံးဝမမြင်ရ။ မီနာက အေးစက်စက်လေသံဖြင့်…

“ဒါပေါ့… လမ်းပေါ်က ခွေးတွေကို သူတို့က အဲဒီလိုပဲ လုပ်မှာပေါ့” “တို့ခွေးက လမ်းပေါ်ကခွေး မဟုတ်ဘူးကွ”ရာဂျူးက သူတို့သုံး ယောက်သား သဘောတူခဲ့ကြသည့် ကတိစကားကို သတိရမိသည်။ “သူလည်း တို့လမ်းလျှောက်ဆပ်ကပ်အဖွဲ့ရဲ့ ဖက်စပ်အဖွဲ့ဝင်တစ်ယောက်ပဲ” “ဒါပေမဲ့ လမ်းလျှောက်အဖွဲ့ကမှ မရှိတော့တာ” မီနာက ပြောသည်။ “အထူးဆပ်ကပ်အဖွဲ့ကြီးက အရမ်းအောင်မြင်နေပြီပဲ၊ မိုတီကို မလိုအပ်တော့ ပါဘူး”

ပါးကို အရိုက်ခံလိုက်ရသလို ရာဂျူး ခံစားရသည်။ သူ့စိတ်ထဲတွင် အလင်းရောင်တစ်ခု ဖျတ်ခနဲ လင်းလက်သွားသည်။ မီနာ၏အစစ်အမှန် မျက်နှာကို သူမြင်လိုက်ရပြီ။ သူ ဒေါသတကြီး အော်ပြောလိုက်၏။ “ဒါဖြင့် မင်းက မင်းအတွက် လိုအပ်မှ တစ်ယောက်ယောက်ကို ချစ်တာပေါ့… ဟုတ်လား၊ မိုတီကို မင်းလိုအပ်နေတုန်းက တုန်မတတ် ချစ်ခဲ့တယ်၊ အခု မင်းမလိုအပ်တော့ သတ်ပစ်မယ့်လူလက် ထိုးအပ်လိုက် ပြီပေါ့ … ဟုတ်လား၊ ဟုတ်တယ်၊ ကနေ့မိုတီကို ထိုးအပ်လိုက်တယ်၊ မနက်ဖြန်ကျတော့ ငါ့ကိုလည်း ထိုးအပ်လိမ့်မယ်”

မီနာ သူ့အမှားကိုသူ ပြန်သတိရပြီး အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်သွားသည်။ ရာဂျူး၏ မျက်နှာကို ကြည့်လိုက်သည်။ မျက်နှာတစ်ပြင်လုံး ဒေါသဖြင့် နီရဲနေသည်။ မီနာ လန့်သွားသည်။

“အစ်ကို ရာဂျူး… ” သူ့အသံက တောင်းပန်သံ။ “ကျွန်မ မှားသွားပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ၊ တကယ်တော့ ကျွန်မက အဲဒီလိုသဘောနဲ့ ပြောတာ မဟုတ်ပါဘူး၊ အစ်ကိုရဲ့ မီနာကို ခွင့်လွှတ်ပါ” သူက အရုပ် ကလေးကို မြှောက်ပြရင်း “ဒီမှာကြည့်ပါ၊ ကျွန်မကို ခွင့်လွှတ်ဖို့ သူက တောင်းပန်ပေးနေတယ်လေ၊ ဒီ လူရွှင်တော်ကလေး … စိတ်ဆိုးလည်း ရယ်နေတဲ့ လူရွှင်တော် ကလေးလေ”

“ဟုတ်တယ်၊ ဘယ်လိုပဲဖြစ်လာဖြစ်လာ လူရွှင်တော်ကတော့ ရယ်နေမှာပဲ”

သူက ပြောရင်း အားတင်းပြီး ပြုံးလိုက်လေ၏။

သို့ပေမဲ့ သူ့ရင်ထဲ မှာတော့ ပျော်ရွှင်မှု မရှိတော့။ ထူးဆန်းသော မတည်ငြိမ်မှု၊ အမည်မဖော်နိုင်သည့် စိုးရိမ်ကြောက်လန့်မှုနှင့် အတိတ်က အရိပ်မည်းကြီးများသာ ဝင်ရောက်လာလေ၏။

သို့သော်လည်း သူသည် လူရွှင်တော်တစ်ယောက် ဖြစ်နေဆဲပင်။ ကိုယ်တိုင် ရယ်မောနေဖို့၊ အခြားသူများကို ရယ်အောင်လုပ်ဖို့သည် သူ့ အလုပ်၊ သူ့တာဝန်၊ သူ့ကမ္မ၊ သူ့ဓမ္မပင် ဖြစ်၏။ ထို့ကြောင့် သူက ပြော လိုက်သည်။

“တွေ့လား … ငါ ရယ်နေတယ်လေ”

မီနာ ပျော်သွားသည်။ သူ့မျက်နှာတွင် အပြုံးပန်းပွင့်လာသည်။ သို့သော်လည်း ရာဂျူး၏ အရယ်အပြုံးတွင် မျက်ရည်တွေ ဖုံးနေတာကိုတော့ မီနာ မသိပါချေ။

[၁၀]

ဖြေဖျော်ပြသမှု ပြီးဆုံးသွားပြီးနောက် ရာဂျူးနှင့် မီနာတို့ အလှပြင်ခန်းသို့ ဝင်လာကြသောအခါ ထည်ဝါခံ့ညားသည့် လူတစ်ယောက် ထိုင်စောင့်နေ သည်ကို တွေ့ရ၏။ ထိုပုဂ္ဂိုလ်က မဂိုထီးသုံးနန်းသုံး စကားဖြင့် ဝေဝေဆာဆာ နှုတ်ဆက်ပြီးနောက် သူ့နာမည် –ကလနာရိန်း ဒီလ်ဂီးယား”ဖြစ်ပြီး “ဂရင်းပြဇာတ်ကုမ္ပဏီ” ပိုင်ရှင်ဖြစ်ကြောင်း ပြောကြသည်။

“ကျွန်တော်တို့ ဘာအကူအညီ ပေးရမလဲခင်ဗျား”ဟု ရာဂျူးက မေးလိုက်၏။

“မောင်ရင်တို့ ကျုပ်ကုမ္ပဏီမှာလုပ်ရင် ကျုပ် သိပ်ပြီး ကံကောင်း တာပဲ၊ ကျုပ်နဲ့ ပူးပေါင်းရင် မောင်ရင်တို့နှစ်ယောက်စလုံး တခြားမင်းသား မင်းသမီးတွေကို ကျော်တက်သွားမှာ သေချာတယ်”

“မင်းသား၊ မင်းသမီး” ဟူသော စကားကြားလိုက်ရတော့ မီနာ အလွန် စိတ်ဝင်စားသွား၏။

“ဒါဆို ကျွန်မ မင်းသမီးဖြစ်နိုင်တယ်လို့ ဦးက ဆိုလိုတာလား”

“ဒါပေါ့… သေချာတာပေါ့ မီနာဘိုင်” ပြဇာတ်ကုမ္ပဏီပိုင်ရှင်က အခိုင်အမာ ပြောသည်။“မင်း သီချင်းဆိုတာ၊ ကတာတွေ မြင်ရကတည်းက မင်း မင်းသမီးဖြစ်နိုင်တယ်ဆိုတာ ကျုပ်က သေချာပေါက်သိတာ၊ မင်းက တကယ့် ပါရမီရှိတဲ့ မင်းသမီးပဲ”

မီနာက အပျော်ကြီး ပျော်သွားပြီး ရာဂျူးဘက်လှည့်ကာ… “ကြားလား… အစ်ကို၊ ကျွန်မက ပါရမီရှိတဲ့ မင်းသမီးတဲ့၊ ဒီဦးက ပြောနေတယ်လေ”

ရာဂျူးက ဘာမှမပြောနိုင်မီ ပြဇာတ်ကုမ္ပဏီပိုင်ရှင်က ဆက်လက်၍…

“မင်းတို့နှစ်ယောက်ကို လူမှုရေးပြဇာတ်၊ သမိုင်းပြဇာတ်၊ အော်ပရာနဲ့ ဘဲလေးအကတွေမှာ ဇာတ်ခုံအဆင်အပြင် အသစ်အဆန်းတွေ၊ ဆွဲဆောင်မှု ကောင်းတဲ့ တေးဂီတတွေနဲ့ တင်ဆက်မယ်”

“တကယ်” မီနာက တအံ့တဩ မေးလိုက်သည်။

“တကယ်ပေါ့၊ ပြီးတော့ မင်းတို့နှစ်ယောက်ကို တစ်လမှာ ရူပီးငွေ ငါးရာစီ ချီးမြှင့်မယ်”

ရာဂျူးက များလွန်းသည်ဟုထင်ပြီး အလန့်တကြား ပြန်ပြောလိုက်၏။

“ရူပီးငွေ ငါးရာ… ဟုတ်လား”

ရာဂျူးက ငွေငါးရာ နည်းလွန်းသည်ဟု ထင်သွားသလားယူဆပြီး ပြဇာတ် ကုမ္ပဏီပိုင်ရှင်က ထပ်တိုးပေးလိုက်သည်။

"ကောင်းပြီ၊ ဒါဆို ခြောက်ရာစီပေးမယ်၊ အခုပဲ တစ်ခါတည်း စာချုပ် မယ်၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်၊ မင်းတို့အနေနဲ့ ဒီနေ့ကစပြီး အခြား အပေါ်စား ပွဲတွေမှာ လုံးဝ မဖြေဖျော်ရတော့ဘူး" "ဒီလိုဆို ကျွန်တော်တို့ လက်ရှိအဖွဲ့ကို တစ်ယောက်ယောက်က ကြိုတင် စရန်ငွေပေးပြီး လာငှားရင် ဘယ်လိုလုပ်မလဲ"

"ကျွန်မတို့ လက်ရှိအဖွဲ့ မလိုတော့ဘူး အစ်ကို" မီနာက ဆုံးဖြတ်ချက် ဒိုးဒိုးချလိုက်ပြီး ဖြစ်သည်။ "အခု ကျွန်မတို့ ပြဇာတ်ရုံမှာ ဖြေဖျော်ရတော့ မယ်လေ"

ကျွန်မတို့ မိုတီကိုလည်း မလိုတော့ဘူး။

လက်ရှိအဖွဲ့ကိုလည်း မလိုတော့ဘူး။

ပြီးတော့ ... ပြီးတော့ ရာဂျူးကိုလည်း မလိုတော့ဘူး။ ရာဂျူးနားထဲ ကြားယောင်လာမိသော စကားများဖြစ်၏။ မီနာက "မင်းသမီး" အလွန်ဖြစ်ချင်နေသည်။ အောင်မြင်မှုဝေဒနာ အပြင်းအထန် စွဲကပ်နေသည်။

နောက်ဆုံးတွင် မီနာသည် ပြဇာတ်အဖွဲ့သားများနှင့်အတူ ရထား ပေါ်သို့ တက်သည်။ (သူ၏ဘဝပန်းတိုင် ရထားဖြစ်လေသလား)။ ရထား ကြီးသည် ဥသြဆွဲကာ ဂျုံးဂျုံးဂျက်ဂျက် အော်မြည်ရင်း အရှိန်နှင့် ခုတ်မောင်းလာသည်။ သို့သော်လည်း မီနာ၏ နားထဲတွင်တော့ ရထားခုတ် မောင်းသံအစား "မင်းသမီး မင်းသမီး မင်းသမီး" ဟူသော အသံကိုသာ ကြားနေရလေ၏။

"ဂရင်းပြဇာတ်ကုမ္ပဏီ"သည် ဒေသခံပရိသတ်အကြိုက် ပြဇာတ်များကို ရုံသွင်းသည်။

လပ်ကနောင်မြို့တွင် "ဝါဂျစ်အလီရှား" ဘုရင်၏ အတ္ထုပ္ပတ္တိကို အော်ပရာ ဇာတ်လမ်းဆင်၍ ကပြသည်။

ရာဂျူးသည် နာမည်ကျော် သက်ဦးဆံပိုင် အုပ်ချုပ်ခဲ့ရှင် ဘုရင်ဝါဂျစ် အလီရှားအဖြစ် သရုပ်ဆောင်သည်။ အလီရှားဘုရင်သည် ဂန္ထဝင်တေးဂီတကို အလွန်ဝါသနာထုံသည်။ တေးသီချင်းများကို ကိုယ်တိုင် ရေးဖွဲ့တတ်ရုံ သာမက တူရိယာများကို ကိုယ်တိုင် တီးမှုတ်တတ်၏။ မီနာကတော့ ရွှေနန်း တော်တွင် ဖြေဖျော်ရင်း ထီးမှုနန်းရာ အသုံးအနှုန်းများကို လေ့လာနေသည့် အလှမယ် နန်းတွင်းကချေသည်မကလေး ဖြစ်သည်။

ဇာတ်လမ်းတွင် မီနာသည် နန်းတွင်းကချေသည်အဖြစ် ဘုရင် မင်းမြတ်၏ ခြေတော်ရင်း၌ ထိုင်ရသည်။ ရာဂျူးက ထီးသုံးနန်းသုံး လေသံ ဖြင့် ...

"လိုင်လာ... အဲသည်မှာ မထိုင်ပါနဲ့၊ လာပါလေ့၊ ငါ့အနားမှာ ထိုင်ပါလေ့"

"အရှင်မင်းကြီး" လိုင်လာ (သို့မဟုတ် မီနာ)က ရိုသေလေးစားစွာ လျှောက်ထား၏။ "အကျွန်ုပ်ရဲ့ နေရာဟာ အရှင်မင်းကြီးရဲ့ ခြေတော်ရင်း မှာသာ ရှိပါတယ်"

"မဟုတ်ပေဘူး... လိုင်လာ၊ သင့်ကို ငါရဲ့နှလုံးသား ပလ္လင်ပေါ်မှာ နန်းတင်ထားပြီး ဖြစ်ပေတယ်" အလီရှားဘုရင်က လိုင်လာအား ပြောလိုက်၏။ ဒါမှမဟုတ် ရာဂျူးက မီနာအား ပြောလိုက်တာများလား။

မီနာသည် ပြဇာတ်ကနေခြင်းကို မေ့သွားပြီး တိုးတိုးကလေး ပြန်ပြော လိုက်လေသည်။

"တကယ်ပြောတာလား ... အစ်ကိုရာဂျူး"

"ဟုတ်တယ်... မီနာ" ရာဂျူးကလည်း ပြဇာတ်ထဲမှ စကားပြောကို တစ်မျိုးထွင်ကာ "သင်ဟာ အမြဲထာဝရ ငါ့နှလုံးသားရဲ့ ဧကရီ ဖြစ်ပေတယ်"

ပြကွက်အဆုံးတွင် ပရိသတ်ထံမှ လက်ခုပ်သြဘာသံများ အဆက် မပြတ် ပေါ်ထွက်လာ၏။

※

အချိန်ကာလတည်းဟူသော တော်လှန်ရေးသမားကြီးသည် လက်တွေ့ ဘဝမှာကဲ့သို့ပင် ဇာတ်ခုံပေါ် တွင်လည်း သရဖူကို ဖယ်ရှားပြီး ဘုရင်ဧကရာဇ် များအား နန်းချပစ်တတ်သည်။ ရာဂျူးသည် သည်ဖြစ်စဉ်ကို မကြာမီမှာပင် တွေ့မြင်ရတော့သည်။

ပြဇာတ်အဖွဲ့သားများ အခြားတစ်နေရာသို့ ခရီးဆက်ရန် လပ်က နောင်ဘူတာသို့ ရောက်လာ၏။ မိမိအား လေအေးစက်တပ် တစ်ယောက် အိပ်ခန်းတွဲတွင် နေရာချပေးသောအခါ မီနာက မေးကြည့်သည်။

"ဒါနဲ့ အစ်ကိုရာဂျူးအတွက်ကော"

"ကျွန်တော်တို့က လေအေးစက်တွဲမှာ ကပ်ရက် အိပ်ခန်း နှစ်ခန်းပဲ ရတယ်" ဟု မန်နေဂျာက ပြန်ပြောသည်။ "ဒါကြောင့် တစ်ခန်းကို မမလေး အတွက်၊ နောက်တစ်ခန်းကို ပြဇာတ်ပိုင်ရှင် ဆရာ့အတွက် ချပေးထားတယ်"

ပြဇာတ်ပိုင်ရှင်မှာ အဆီပြန်မျက်နှာနှင့် လူဝကြီးဖြစ်သည်။ လက်ချောင်း တွေအပြည့် စိန်လက်စွပ်တွေ ဝတ်ထားပြီး သူ့ပါးစပ်မှ အရက်နံ့ မပြတ်ထွက်နေ၏။

မီနာက အံ့သြသွားဟန်ဖြင့် ပြန်မေးလိုက်သည်။

"ဩော်... ပိုင်ရှင်ဆရာလည်း ကျွန်မတို့နဲ့အတူ ပါလာသလား၊ ကျွန်မက သူ့မှာ အခြားအလုပ်ကိစ္စတွေ အများကြီးရှုပ်နေမယ်ထင်တာ"

"ဟုတ်ပါတယ်၊ အခြားကိစ္စတွေ အများကြီးပဲ" မန်နေဂျာက အလွန် ကျိုးနွံလေးစားဟန်ဖြင့် ပြောသည်။ "ဒါပေမဲ့ ပိုင်ရှင်ဆရာက မင်းသမီးကို စိတ်ဝင်စားရင်... ကျွန်တော်ဆိုလိုတာက မင်းသမီးရဲ့ အလုပ်ကို ပြောတာ ပါ၊ အဲဒါဆိုရင်တော့ သူက ပြဇာတ်အဖွဲ့အကျိုးအတွက် အခြားစီးပွားရေး လုပ်ငန်းအားလုံး ပစ်ထားလိုက်တာပဲ"

ပြဇာတ်နှင့် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် သူဌေးကြီးတွေအကြောင်း မီနာ အများကြီး ကြားဖူးသည်။ သူတို့သည် မင်းသမီးများ၏ "အလုပ်"ကို အထူး စိတ်ဝင်စားကြသည်ဟု ဆိုသည်။ မီနာ အတွေးနက်နေမှန်း ရိပ်စားမိသော မန်နေဂျာက...

"ပိုင်ရှင်ဆရာကြီးက ကပ်လျက်အခန်းမှာ ပါလာပါတယ်၊ အကြောင်းရှိရင်

သူ့အခန်းတံခါး ခေါက်လိုက်ရုံပါပဲ”

“ဒီမှာ. . . ကျွန်မပြောတာက… ”

မီနာ စကားမဆုံးမီတွင်ပင် မန်နေဂျာ အခန်းထဲမှ ထွက်သွားလေပြီ။

မီနာသည် သူ့အခန်းကလေးကို မျက်လုံးကစားကြည့်လိုက်သည်။ ပြီးတော့ ကပ်လျက် အခန်းနှင့် ဆက်ထားသည့် တံခါးကို ကြည့်လိုက်သည်။ တံခါးချက်ကို ချထားသည်။ ဘယ်သူမဆို အခြားတစ်ဘက်မှ အချိန်မရွေး ဝင်လာနိုင်သည်။ သည်အချက်ကို တွေးမိပြီး တံခါးချက်ကို ပြန်ထိုးရန် ထိုင်ရာ ထရပ်လိုက်သည်။ ထိုအခိုက် ရုတ်တရက် တံခါးပွင့်လာပြီး ပိုင်ရှင် ဆရာကြီး ဝင်လာသည်။ သူ အရက်သောက်ထားပုံရသည်။ နှုတ်ခမ်းမွေးကို လည်း ဆေးဆိုးထားသလို ထင်ရသည်။ ရင်းတိုက်သားလို မည်းနက်နေသည့် သူ့မျက်နှာက အဆီပြန်နေ၏။ သူသည် လက်ကို ရှေ့သို့ဆန့်လိုက်ရာ စိန်လက်စွပ်တွေက အရောင်တဖြတ်ဖြတ် တောက်သွားသည်။ သူက မီနာ အား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်နေ၏။

မီနာမှာ မခေါ်ပင့်ဘဲ ဝင်ရောက်လာသူကြောင့် အံ့အားကြီး သင့်သွားပြီး ဘာပြောလို့ ဘာလုပ်ရမှန်း မသိ ဖြစ်နေမိ၏။

ပိုင်ရှင်ဆရာကြီး၏ နှုတ်ခမ်းမွေးထူထူအောက်မှ ပါးစပ်ပွင့်လာသည်။ ဆေးချေးနှင့် ကွမ်းချိုးကပ်နေသည့် မညီမညာသွားတွေကို မြင်ရ၏။ “ထိုင်ပါရှင့်” နောက်ဆုံး၌ မီနာက ပြောလိုက်သည်။ ပိုင်ရှင်ဆရာကြီးသည် ပြတင်းပေါက်နားက အိပ်စင်တွင် ဝင်ထိုင် လိုက်သည်။ အမှတ်မထင်သဘောဖြင့် လိုက်ကာကို ဆွဲချပြီး မီနာအားလည်း ထိုင်ခိုင်း၏။

ရာဂျူးသည် စင်္ကြံလမ်းတွင် ရပ်လျက် မိမိအား ကြည့်နေသည်ကို မီနာက မှန်တံခါးကိုဖောက်၍ မြင်နေရသည်။

မီနာက မိမိ ဘယ်လိုမှ မတတ်နိုင်ကြောင်း မျက်ရိပ်ပြလိုက်သည်။ ပိုင်ရှင်ဆရာကြီး ရောက်လာတာကို သူ့အနေနှင့် ထွက်ပြေး၍ ဘယ်လိုဖြစ်နိုင်ပါ့မလဲ။

ပိုင်ရှင်ဆရာကြီးက မီနာနှင့် ရာဂျူးတို့၏ အသံတိတ်ဆက်သွယ်မှုကို သတိပြုမိပြီး ထိုင်ရာမှ ထရပ်လိုက်သည်။ မီနာ သက်မချလိုက်၏။ သူက သည်လူကြီး သူ့အခန်းကို ပြန်သွားတော့မည်ဟု ထင်သည်။ သို့သော်လည်း သူက မပြန်၊ မှန်တံခါးလိုက်ကာကိုသာ ဆွဲချလိုက်၏။ အထည်စတစ်ခုသည် ရာဂျူးနှင့် မီနာတို့ကြားတွင် တံတိုင်းခြားသွားပြန်လေ၏။ ပိုင်ရှင်ဆရာကြီး ပြန်ထိုင်သည်။ တံခါးလိုက်ကာကို ပြန်ကြည့်လိုက်သည်။ ချောင်းကြည့်ချင်သူအတွက် ချောင်းကြည့်ပေါက် ရှိနေသေးသလား၊ မရှိတော့ဘူးလား ဆိုတာ သေချာအောင်ဖြစ်၏။

“သောက်ရှက်မရှိတဲ့ အကောင်တွေ၊ မိန်းကလေးချောချောမြင်ရင် ဣန္ဒြေသိက္ခာမရှိ တန်းစီပြီး ချောင်းချောင်းကြည့်ကြတယ်” ထို့နောက် အချိန်မရွေး ထပြေးရန် ဖင်တကြွကြွ ဖြစ်နေသည့် မီနာအား ကြည့်ပြီး “သက်သောင့် သက်သာ နေပါ… မိန်းကလေး၊ ဘာမှ မစိုးရိမ်ပါနဲ့”ဟု ပြောလိုက်သည်။ မီနာက ထိုလူကြီးနှင့် ခပ်ခွာခွာတွင် ပြန်ထိုင်သည်။ ထိုလူကြီး စိတ်ချသွားစေရန်ဖြစ်၏။ သို့သော်

အခြေအနေ မဟန်လျှင်တော့ အချိန်မရွေး ထပြေးရန် ဆုံးဖြတ်ထား၏။

"မိန်းကလေးက အကသိပ်တော်တာပဲ" သူက အင်္ကျီအိတ်ထဲမှ ငွေကွမ်းဘူးကို နှိုက်ပြီး ကွမ်းတစ်ယာ ထုတ်ယူလိုက်သည်။

"အခုလို ပြောတာ အများကြီး ကျေးဇူးတင်ပါတယ် ဆရာကြီး၊ တကယ်တော့ ကျွန်မက အခုမှ စသင်ရတာပါ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ သတင်းတွေအားလုံးက ရေးကုန်ကြပြီ၊ မစ္စမီနာဟာ အရမ်းတော်တဲ့ မင်းသမီးကလေးပဲ၊ ငါက ဓာတ်ပုံတွေလည်း ဖြန့်ဝေထားပြီးပြီ၊ တို့က မင်းသမီးကောင်းတစ်လက်ရရင် နာမည်ကျော်သည်ထက်ကျော်အောင်၊ လူတွေပါးစပ်ဖျား ရေပန်းစားနေအောင် ကြော်ငြာ တွေ အများကြီး ထည့်တယ်"

"အများကြီး ကျေးဇူးတင်ပါတယ် ဆရာကြီး"

"ဘယ့်နှယ်... ကျေးဇူးတင်နေရတာလဲ... မီနာရဲ့"

သူက အတင့်ရဲလာပြီး စိန်လက်စွပ်တွေ တလက်လက်နှင့် ရင်းတိုက်သားရောင် လက်မည်းကြီးကို မီနာ၏ဖြူဖွေးနုညက်သည့် လက်ချောင်းကလေးတွေပေါ် ရွရွကလေး တင်လိုက်ရင်း...

"တကယ်တော့ ဒီပြဇာတ်အဖွဲ့ကို မင်းပဲ ပိုင်တာ၊ ငါဆိုလိုတာက မင်းတို့လို အနုပညာရှင်တွေကို ပြောတာပါ"

မီနာက ထိုလူကြီး၏ ချွေးပြန်နေသည့် လက်ဝါးအောက်မှ သူ့လက်ကို အသာအယာ ပြန်ရုပ်လိုက်သည်။

ထိုလူကြီးက နောက်ထပ် ဆက်ပြောပြန်၏။

"ဒါနဲ့ မင်း ကနေတုန်းက ဝတ်ထားတဲ့ လက်ဝတ်လက်စားတွေကို သဘောကျရဲ့လား"

ယင်းတို့မှာ ကျောက်မျက်ရတနာ အတုတွေနှင့် လက်ရာအကြမ်းများသာဖြစ်ကြောင်း မီနာ သိ၏။ သို့သော်လည်း လူမှုဆက်ဆံရေးသဘော အရ...

"ဟုတ်ကဲ့. . .သဘောကျပါတယ်ရှင့်၊ သိပ်ပြီးလှတာပဲ"ဟု ညာပြောလိုက်ရ၏။

"ဒါဆိုရင် အဲဒါတွေကို မင်းပဲ ယူထားပါ၊ တို့အဖွဲ့ထဲမှာ အလုပ် လုပ်နေသမျှ အဲဒါတွေကိုပဲ ဝတ်ဆင်ပါ"

"ဟုတ်ကဲ့၊ အများကြီး ကျေးဇူးတင်ပါတယ်ရှင့်"

"လာပြန်ပြီ၊ ဒီ "ကျေးဇူးတင်ပါတယ်" စကား၊ ဒါနဲ့ ဒီကုမ္ပဏီတစ်ခု လုံးကို ဘယ်သူပိုင်တယ်"

သူ လိုချင်သည့် အဖြေကိုပင် မီနာက ပေးလိုက်၏။

"ကျွန်မ ပိုင်ပါတယ်"

"အေး...သိပ်မှန်တယ်၊ သိပ်ကောင်းတယ်၊ မင်းအနေနဲ့ ဒီအချိန်က စပြီး အရည်အချင်းပြည့် မင်းသမီးတစ်ယောက် ဖြစ်သွားပြီလို့သာ မှတ်ပေ တော့"

ထို့နောက် သူ ပြန့်ထလိုက်သည်။ မီနာအား တဖြည်းဖြည်း သိမ်းသွင်း၍ ရမည့်အလားအလာကို မြင်ပြီး သူ တော်တော် ကျေနပ်သွား၏။ သို့သော်လည်း သူက မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှ အကြမ်း နည်းဖြင့် အလောတကြီး မစည်းရုံး။ ကြိုးရှည်ရှည်ဖြင့် အချိန်ဆွဲထားခြင်း ကိုသာ သူ ကျင့်သုံးသည်။ အချိန်တန်တော့ သူ့ရင်ခွင်ထဲ ရောက်လာရမည်မှာ မလွဲ။ ထို့ကြောင့် မီနာအား အပြုံးဖြင့် နှုတ်ဆက်ပြီးနောက် သူ့အခန်းသို့ ပြန်လာခဲ့သည်။ တံခါးကို ပြန်စေ့ထားလိုက်၏။ သို့သော် တံခါးချက် ကိုတော့ ချထားသည်။ သို့ဖြင့် မီနာသည် ဖြည်းဖြည်းလျှောက်သွားပြီး တံခါးချက်ကို အသံမထွက်အောင် အသာကလေး ပြန်ထိုးထားလိုက်၏။ ထို့နောက် အခန်းတံခါးကို ဖွင့်၍ စင်္ကြံခန်းသို့ ထွက်လာခဲ့သည်။ အခန်းအစွန်တွင် ပြတင်းပေါက်ကို မှီ၍ ရပ်နေသည့် ရာဂျူး၏ အရိပ်ကို လှမ်းမြင်ရလေ၏။

[၁၁]

မီနာသည် ရာဂျူးဆီသို့ လျှောက်လာပြီး တိုးတိုးကလေး ခေါ်လိုက်၏။

"အစ်ကို ရာဂျူး… အစ်ကို ရာဂျူး"

ရာဂျူးက ပြန်၍မထူး၊ လှည့်၍လည်း မကြည့်။ ပြတင်းအပြင်ဘက် ကိုသာ ကြည့်မြဲကြည့်နေ၏။ မီးရထားဖြတ်မောင်းနေစဉ် ညအမှောင်ထု ကြီးမှတစ်ပါး တခြားဘာကိုမှ မမြင်ရ။ "အစ်ကို ရာဂျူး" မီနာက ထပ်၍ခေါ်ပြန်သည်။ သူ့မျက်နှာက မှောင်ရိပ်ထဲ ရောက်နေသည်။ ထို့ကြောင့် သူ့မျက်လုံးအိမ်ထဲမှ ကြေကွဲမှုကို မီနာ မမြင်ရ။ ထို့နောက် သူ ပြတင်းပေါက်ဘက် ပြန်လှည့်သွားပြန်၏။

"အစ်ကို ရာဂျူး… အစ်ကို ဘာကို ကြည့်နေတာလဲ… ဟင်"

သည်တော့မှ သူ စကားပြောသည်။

"ကမ္ဘာကြီး နောက်ပြန်ဆုတ်နေတာကို ကြည့်နေတယ်"

"အမှောင်ထဲမှာ အစ်ကို မြင်ရလို့လား"

"ဇာတ်စင်အောက်ခြေ ဆလိုက်မီးတွေကြောင့် မျက်လုံးတွေ ပြာဝေ မှုန်ဝါး သွားနိုင်တယ်၊ ဒါပေမဲ့ အမှောင်ထဲမှာတော့ တဖြည်းဖြည်းနဲ့ ကြည် ကြည်လင်လင် မြင်လာနိုင်တယ်" ရာဂျူးက ဘာကို ရည်ရွယ်၍ ပြောကြောင်း မီနာ သဘောပေါက်သည်။ သို့သော်လည်း မသိသလိုဟန် ဖြင့်…

"အစ်ကို ဘာဆိုလိုတယ်ဆိုတာ ကျွန်မ မသိဘူး"

"သိတာဟာ အန္တရာယ်ရှိတယ်၊ တစ်ခါတလေ ဘဝတောင်ပျက်နိုင်တယ်"

မီနာက ရာဂျူး၏လက်ကို စိတ်ပါလက်ပါ နမ်းရှုပ်လိုက်သည်။

"ကျွန်မတော့ အစ်ကို့ကို ချစ်တာကိုပဲ သိတယ်၊ အစ်ကို့တစ်ယောက် တည်းကိုပဲ ချစ်တယ်"

"အဲဒါ ဘယ်သူပြောတာလဲ"

"အစ်ကို့ရဲ့ မီနာ ပြောတာပေါ့"

"အဲဒါက လိုက်ကာနောက်ကွယ်မှာ ပြဇာတ်ပိုင်ရှင်နဲ့ တိတ်တိတ် ကလေး တွတ်ထိုးနေခဲ့တဲ့ အခြားမီနာတစ်ယောက်လား" နောက်ဆုံးတော့ သူက သူ့ခန္ဓာကိုယ်ထဲမှ အဆိပ်ကို အန်ထုတ်လိုက်၏။

"ဒါကြောင့် ပြောတာပေါ့" မီနာက မျက်လုံးကလေး ထောင့်ကပ်ပြီး ကြာမှုပါပါဖြင့် "ယောက်ျားတွေဟာ မသင်္ကာစိတ်များတယ်၊ မနာလိုစိတ် များတယ်လို့၊ ပြဇာတ်ပိုင်ရှင် ရုတ်တရက် ဝင်လာတာကို ကျွန်မ ဘယ်လိုလုပ် သိပါ့မလဲ၊ ပြီးတော့ သူက ကိုယ့်အလုပ်ရှင်လည်းဖြစ်တော့ ဘယ်လိုလုပ်ပြီး

နှင်ထုတ်လို့ကောင်းပါ့မလဲ”

“မင်းက ဘယ်နှင်ထုတ်နိုင်ပါ့မလဲ” ခါးသီးသော ခံစားချက်ကြောင့် သူ့အသံ မာကြောနေသည်။ “လေအေးစက်တပ် အခန်းချင်းကလည်း ကပ် လျက် တံခါးပေါက်ကလည်း တစ်ဆက်တည်း၊ လိုက်ကာချပြီး နှစ်ယောက် သားရော တောရှိ ကရောဟ် လွတ်လွတ်လပ်လပ် နေနိုင်တာကိုး၊ ချစ်သူ နှစ်ယောက်အတွက် အဲဒီထက်ကောင်းတာ ဘာရှိဦးမှာလဲ”

ရာဂျူး ဒေါသပေါက်ကွဲပြီး ပြောနေမှန်း မီနာသဘောပေါက်၏။ သို့သော်လည်း သူ့စကားကို မှန်သည်ဟု ပြောလို့မရ။ မီနာက မိမိ၏ အားနည်းချက်ကို သိသည်၊ အခွင့်အလမ်းကို တမ်းတမ်းစွဲ မက်မောသည်။

သူ့အနေဖြင့် ပြဇာတ် ပိုင်ရှင်ကို မောင်းထုတ်၍မဖြစ်။ သူက ပြဇာတ်မင်းသမီး အလွန်ဖြစ်ချင်နေ၏။ တတ်နိုင်လျှင် ရုပ်ရှင်မင်းသမီးအထိ ဖြစ်ချင်နေ၏။ ဤသည်မှာ အောင်မြင်မှု ဝေဒနာဖြစ်သည်။ ထို့ကြောင့် သူ အပြစ်သက်သာ ရန်အတွက် ရာဂျူးအား ပလူးပလဲလုပ်ပြီး အရူးအမူး နမ်းသည်။ ပြီးတော့ သွေးရူးသွေးတန်း ပြောသည်။

“အစ်ကို... အစ်ကိုရာဂျူး၊ ကျွန်မဟာ ဒီကမ္ဘာမှာ အစ်ကို့အချစ်က လွဲပြီး ဘာကိုမှ မလိုချင်ပါဘူး၊ နာမည်ကြီးဖို့လည်း မလိုချင်ဘူး၊ ပိုက်ဆံချမ်း သာဖို့လည်း မလိုချင်ဘူး၊ ကျွန်မကို ဒီပြဇာတ်အဖွဲ့မှာ အစ်ကို မလုပ်စေချင် ရင် ကျွန်မ အခုချက်ချင်း ထွက်ပါ့မယ်၊ ကျွန်မတို့နှစ်ယောက် “လမ်းလျှောက် ဆပ်ကပ်အဖွဲ့”ကို ပြန်ပြီး ထူထောင်ကြမယ်လေ... နော်... အစ်ကို”

“မီနာ” သူ့လည်ပင်းမှ မီနာ၏လက်ကို ဖယ်ပစ်လိုက်ပြီး ညင်သာစွာ သို့သော်လည်း ခိုင်မာစွာဖြင့် “မိုတီလည်း မရှိတော့ဘူး၊ တို့ရဲ့ လမ်းလျှောက် ဆပ်ကပ်အဖွဲ့လည်း မရှိတော့ဘူး၊ အခုအချိန်မှာ မင်းက နာမည်ကျော် မင်းသမီး ဖြစ်နေပြီ လေအေးပေးစက်အရသာကိုလည်း ယဉ်ပါးနေပြီ”

“ဒါဆို အစ်ကိုက ကျွန်မရဲ့ သစ္စာတရားကို စမ်းသပ်ကြည့်ချင် သလား” မီနာက မျက်ကလူးဆန်ပျာဖြင့် မေးလိုက်ပြီးနောက် “ဟောဒီမှာ .. တွေ့လား”ဟု ပြောပြီး အရေးပေါ် အချက်ပေးသံကြိုးကို လှမ်းဆွဲရန် ခြေလှမ်း လိုက်၏။ သို့သော်လည်း ရာဂျူးက သူ့လက်ကို ချက်ချင်း အချိန်မီ ဖမ်းဆုပ် ထားလိုက်ရာ လူသူကင်းမဲ့သော စကြံခန်း ကျဉ်းကျဉ်းကလေးထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ မီနာက သူ့လက်သည်းရှည်များဖြင့် ရာဂျူးအား ဒေါသတကြီး ကုတ်ခြစ်နေသည်။ ဤတွင် ရာဂျူးက သည်းမခံနိုင်တော့ဘဲ မီနာ၏ပါးကို တစ်ချက်ရိုက်လိုက်သည်။ မီနာသည် ရာဂျူး၏ ပခုံးပေါ်တွင် မေးတင်ကာ ရှိုက်ကြီးတငင် ငိုနေ၏။

ရာဂျူးက မီနာ၏ပခုံးကို ညင်သာစွာ ပွတ်သပ်ရင်း...

“တစ်ချိန်လုံး ပြဇာတ်ထဲကအတိုင်းချည်း လုပ်မနေနဲ့ ညီမလေး၊ အဲဒီလိုလုပ်ရင် မင်းရဲ့ကျန်းမာရေးကို ထိခိုက်လိမ့်မယ်၊ မင်းရဲ့အလှ ပျက်သွား လိမ့်မယ်”

[၁၂]

ပန်ဂျပ်ပြည်နယ် အနှံ့အပြား မြို့ကြီးများတွင် "ဟီယာ ရန်ဂျာ" အော်ပရာ ပြဇာတ်ကို ကပြကြသည်။ သို့သော်လည်း ထိုပြဇာတ်မှာ ရိုးရိုးပြဇာတ်မဟုတ်၊ ထိုပြဇာတ်ထဲတွင် အခြားပြဇာတ်တစ်ပုဒ်လည်း ပါသေးသည်။

ဟီယာအဖြစ် သရုပ်ဆောင်သူ မီနာသည် သတို့သမီးအဆောင် ထဲတွင် ထိုင်နေသည်။ သူသည် အဖိုးတန် ပိုးသားဝတ်စုံကို ဝတ်ဆင်ထားသည်။ မင်္ဂလာ ခုတင်ပေါ်တွင်လည်း ပန်းတွေ ခင်းထားသည်။ ရန်ဂျာအဖြစ် သရုပ်ဆောင်သူ ရာဂျူးက ဟောင်းနွမ်းနေသော အဝါ ရင့်ရောင် ဝတ်ရုံကို ဝတ်ဆင်က ဖုန်းတောင်းယာစကာ သီချင်းကို သီဆိုရင်း တစ်အိမ် ပြီးတစ်အိမ် တောင်းခံလာသည်။

သူ့အသံကို ကြားတော့ ဟီယာက နောင်တရစွာဖြင့် လှမ်းခေါ် လိုက်၏။

"ရန်ဂျာ... ရန်ဂျာ"

ရန်ဂျာက အိမ်ထဲဝင်လာပြီး ဝါရစ်ရှား၏ ကဗျာကို ရွတ်ဆိုကာ အဖြေပေးလိုက်သည်။

"ယာ... ဘက် နိတိယ၊ ချန်ဂီ ကွိုင် န ကိတိယ၊ ဆာဒါ ဒစ်လ် မုဒေ ဒေ"

(အို ... သစ္စာမဲ့သော မိတ်ဆွေ ငါ့အသည်းနှလုံးကို ပြန်ပေးပါလော့)

ထို့နောက် ဟီယာ(မီနာ)က ပြန်၍ ရွတ်ဆိုလိုက်၏။

"ဒေါရ့် ကွိုင် န တေရိ ဟီယာ ဒါ၊ ရက်ဘ် မယ် ကိတ ရက်ဘ် ဒူရ် ကိတ၊ ဇတေ ခေလ် ဆာရာ တတ်ဒီယာ ဒါ"

(သင်၏ ကံဆိုးသည့် ဟီယာကို အပြစ်မတင်ပါနှင့်၊ ကျွန်မတို့ကို ပေါင်းစည်းပေးတာ ဘုရားသခင်ပါ၊ ကျွန်မတို့ကို ခွဲခြားပစ်တာ ဘုရားသခင်ပါ၊ ထိုအရာအားလုံး ကျွန်မတို့၏ ကံကြမ္မာ ကစားပွဲကြီးပါ)

ယခုအခါ ဟီယာနှင့် ရန်ဂျာ (မီနာနှင့် ရာဂျူး)တို့သည် မျက်နှာချင်း ဆုံမိကြပြီ။

ခေတ္တ ငြိမ်ဆိတ်နေပြီးတော့မှ (ရန်ဂျာ မဟုတ်သည့်) ရာဂျူးက (ဟီယာ မဟုတ်သည့်) မီနာအား...

"မင်းက ဘာဖြစ်လို့ ဘုရားသခင်ကို အပြစ်တင်ရတာလဲ၊ မင်း လုပ်ရပ်အတွက် ကံကြမ္မာကို တာဝန်မယူခိုင်းပါနဲ့" "ကျွန်မကို အထင်မလွဲပါနဲ့" မီနာက အော်ပြောလိုက်၏။ ပြီးတော့မှ လေသံကလေးဖြင့်... "အစ်ကို ရာဂျူး" "မင်းကို ငါ ပြောဖူးတယ်မဟုတ်လား... မီနာ၊ သိတာဟာအန္တရာယ် ရှိတယ်၊ တစ်ခါတလေ ဘဝတောင် ပျက်စေနိုင်တယ်လို့" ပြဇာတ်ထဲက ပြဇာတ်ကို ဘာမှမသိသော ပန်ချာဘီ ပွဲကြည့် ပရိသတ်မှာ သူတို့အသည်းစွဲ "ရန်ဂျာ"နှင့် "ဟီယာ" ရိုးရာပုံပြင်ကို သရုပ်ဆောင် ကပြသည့် ရာဂျူးနှင့် မီနာတို့၏ အဆိုအကကို

အလွန်ဘောကျပြီး လက်ခုပ်တဖြောင်းဖြောင်း တီးကာ အားပေးကြ၏။

※

ရထားဘီးများသည် လွင်ပြင်များကို ဖြတ်ကျော်ကာ ပြဇာတ်အဖွဲ့ကို မဒရပ်မြို့သို့ ခေါ်ဆောင် လာခဲ့သည်။ မီနာ၏ ကျော်ကြားမှုနှင့် လူကြိုက်များမှုကလည်း တစ်နေ့ထက်တစ်နေ့ တိုးပွားလာသည်။ လပ်ကနောင်မှာတုန်းက ရာဂျူးသည် အုဓပြည့်ရှင် ဝါဂျစ်အလီရှားဘုရင်အဖြစ်၊ မီနာက ဘုရင့် ဒါဘာပွဲတော်တွင် ဖြေဖျော်ရသည့် နန်းတွင်းကချေသည်အဖြစ် သရုပ်ဆောင်ခဲ့သည်။ ပန်ဂျပ်ပြည်နယ်မှာတော့ ဟီယာနှင့် ရန်ဂျာတည်းဟူသော ချစ်သူတွေအဖြစ် သရုပ်ဆောင်ခဲ့ကြ၏။ ယခု မဒရပ်မြို့၌ ဖြေဖျော်သောအခါ မီနာသည် မြင်သူတိုင်း ငေးရသည့် အလုပဂေး သမီးတော်ကလေးအဖြစ် ကပြသည်။ ရာဂျူးကတော့ အိန္ဒိယတောင်ပိုင်း ဂီတပညာရှင်အဖြစ် မိတ်ကပ်ခြယ်ကာ ဂီတဝိုင်းတွင် မထင်မရှား ထိုင်နေရသည်။

မီနာသည် ကခုန်ဖြေဖျော်နေရင်းမှ သူ့မျက်စိက ပရိသတ်အပြည့် ခန်းမကြီးထဲသို့ ရောက်နေသည်။ ရှေ့တန်းတွင် မဒရပ်မြို့မှ မျိုးကြီးဆွေကြီး အထက်တန်းလွှာ သူဌေးသူကြွယ်များနှင့် အသိပညာရှင် အတတ်ပညာရှင်များ ထိုင်နေကြသည်။ ယင်းတို့အနက် မီနာ မျက်စိအကျဆုံးပုဂ္ဂိုလ်မှာ ရှေ့ဆုံးထိုင်ခုံတန်းတွင် ထိုင်နေသူ နာမည်ကျော် ရုပ်ရှင်မင်းသား ဒါရိုက်တာ ကုမ္ပဏီပိုင်ရှင် ကုမာရ ဖြစ်၏။

နာမည်ကျော် ရုပ်ရှင်မင်းသားကို မြင်လိုက်ရသောအခါ သူ့၏ ကချေသည်နှင့် ပြဇာတ်မင်းသမီး အတတ်ပညာသည် အထွတ်အထိပ်သို့ ရောက်ခဲ့ပြီ ဟု မီနာ ခံစားရသည်။ သူ့၏မုဒြာမျိုးစုံဖြင့် တင်ဆက်သော ဂန္ဓဝင် ကကွက်များနှင့် တေးသီချင်းများသည် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်တစ်ဦးအား အမှန်တကယ် ဆွဲဆောင်နိုင်လိမ့်မည် ဟု မီနာ အလေးအနက် ယုံကြည်သည်။

ရာဂျူးကလည်း မီနာ၏ ကကွက်များကို သဘောကျသည်။ သို့သော် လည်း လှုပ်ရှားမှုတိုင်းကို စေ့စေ့စပ်စပ်ကြည့်ပြီး ချို့ယွင်းချက်များကို ရှာကြည့် နေသည်။ မီနာ၏ ကကွက်များသည် အလွန်လှသည်။ သို့သော်လည်း ပြီးခဲ့သည့် ပွဲတုန်းကလိုပင် နည်းနည်းလေး မာနေသည်။

မီနာ၏ ကကွက် အထွတ်အထိပ်သို့ ရောက်သောအခါ ပရိသတ်က ရုံပွင့်ထွက်လုမတတ် အုတ်အော်သောင်းတင်း လက်ခုပ်တီးကြသည်။ ဇာတ်ခုံ ပေါ်မှ ကန့်လန့်ကာမှာ ကျလာလိုက် တက်သွားလိုက် ဖြစ်နေ၏။ ပရိသတ်က ထပ်တလဲလဲ ပွဲတောင်းနေသောကြောင့်ဖြစ်သည်။ မီနာက လက်ဝါးနှစ် ဘက် ဆုပ်ကာ အသိအမှတ်ပြုလိုက်သည်။ သို့သော်လည်း သူ့မျက်လုံးများက တစ်ယောက်သောသူဆီသို့သာ ရောက်နေ၏။ ထိုသူသည် အားတက်သရော လက်ခုပ်အတီးဆုံး ဖြစ်သည်။ မီနာ အလွန်ကျေနပ်သွားသည်။

နောက်ဆုံးပိတ် ကန့်လန့်ကာ ကားလိပ်ကျလာသည်။ မီနာသည် ခြေချင်းဝတ်မှ ချူသီးခေါင်းလောင်း ကလေးတွေကို ဖြုတ်နေရင်း ရာဂျူးဆီသို့ လှမ်းအော်မေးလိုက်သည်။

“အစ်ကို ရာဂျူး၊ ပရိသတ်ထဲမှာ ကျွန်မ မြင်မိတဲ့လူကို သိသလား”

တီးဝိုင်းထောင့်ထဲ ရောက်နေသူ ရာဂျူးမှာ ပြန်ဖြေရန် အချိန်မရလိုက် တော့။ ပရိသတ်အုပ်ကြီးက ဇာတ်ခုံအပေါ်ကိုဝသို့ တိုးကြိတ်ဝင်လာသော ကြောင့် ဖြစ်၏။ ယင်းတို့အထဲတွင် ပြဇာတ်ပိုင်ရှင်၊ မန်နေဂျာ၊ အကနည်း ပြဆရာ၊ ဓာတ်ပုံသတင်းထောက် များနှင့် အော်တိုမှတ်စု လိုက်တောင်းသူ များလည်း ပါဝင်သည်။ အထူးခြားဆုံး တစ်ယောက်ကတော့ ပရိသတ် အသည်းစွဲ အရပ်သွယ်သွယ် လူချောလူလှ ရုပ်ရှင်မင်းသား ကုမာရ ဖြစ်၏။ ကုမာရ လာနေတာကို မြင်တော့ မီနာမှာ စိတ်လှုပ်ရှားလွန်း၍ လက်ထဲမှ ချူသီးများပင် လွတ်ကျသွားသည်။ သူသည် ရာဂျူးကိုပင် သတိမရတော့ဘဲ မင်းသားကိုသာ ပါးစပ်အဟောင်းသားဖြင့် တကြည့်တည်း ကြည့်နေတော့သည်။

“မစ္စ မီနာ” ပြဇာတ်ပိုင်ရှင်က ခေါ်လိုက်သည်။ “ကျေးဇူးပြုပြီး ဒီနေ့ည အထူးဧည့်သည်တော်ကို ပန်းကုံးစွပ်ပေးပါ”

သူက ပန်းကုံးကို လှမ်းယူသည်။ ရင်တွေ တဒိန်းဒိန်း ခုန်နေသည်။

ကုမာရအနီးသို့ လျှောက်လာသည်။ ဓာတ်ပုံသတင်းထောက်တွေက ကင်မရာ နှင့် ချိန်ကြသည်။ မီနာက ပန်းကုံးကို မမြှောက်မီမှာပင် ကုမာရက လက်ကာ ပြလိုက်ပြီး...

“ဒီနေ့ည ပန်းကုံးတွေအားလုံးနဲ့ ထိုက်တန်သူက မင်းပါပဲ”

ယင်းသို့ပြောရင်း ပန်းကုံးကိုယူပြီး မီနာ၏ လည်ပင်းတွင် စွပ်ပေး လိုက်သည်။

လျှပ်တစ်ပြက် မီးတွေ ဖျတ်ခနဲ ဖျတ်ခနဲ လင်းသွားသည်။ ဓာတ်ပုံ ဆရာတွေက တဖျပ်ဖျပ်နှင့် အဆက်မပြတ် ရိုက်ကြသည်။ ထို့နောက် ကလေးပရိသတ်နှင့် အော်တိုတောင်းသူများအပါအဝင် သူတို့အားလုံးကို အပြင်သို့ ပထုတ်လိုက်သည်။

“ကျေးဇူးတင်ပါတယ်၊ အများကြီး ကျေးဇူးတင်ပါတယ်” ကုမာရ ဆာဟာစ်မီနာက စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

“မီနာက ကျုပ်နာမည်ကို သိသလား”

“မသိတဲ့လူ ဘယ်သူရှိသေးလို့လဲ”

“ဟုတ်ပါတယ်၊ ကျုပ်နာမည်ကို အားလုံးသိကြတယ်” သူက သက်မ ချရင်း “ဒါပေမဲ့ ကျုပ်ကို မှတ်မိတဲ့လူက နည်းတယ်”

မီနာက အားတက်သရောဖြင့်...

“ကျွန်မက ဆာဟာစ်ရဲ့ အသည်းစွဲပရိသတ်ပါ၊ အခုလို မဒရပ်မှာ တွေ့ရလိမ့်မယ်လို့ လုံးဝ မထင်ဘူး၊ ရုပ်ရှင်စတူဒီယိုက ဘုံဘေမှာပဲ ရှိတယ် မဟုတ်လား”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီကိုရောက်နေတာက ရုပ်ရှင်ကားသစ် ရိုက်ဖို့ ကိစ္စအတွက်ပါ၊ သရုပ်ဆောင်အသစ်တွေ လာရှာတာ” သူက မီနာ၏ လက်ကို

ဆုပ်ကိုင်လိုက်ပြီး “လာပါ… အထဲကို ဝင်ပါ”

မီနာအား ဇာတ်ခုံထောင့်သို့ ခေါ်လာပြီးနောက် ပြဇာတ်ပိုင်ရှင်အား ပြောလိုက်သည်။

“စိတ်မရှိပါနဲ့၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မစ္စမီနာနဲ့ စကား ပြောချင်ပါတယ်”

“ရပါတယ်…ရပါတယ်၊ ပြောပါပြောပါ ကုမာရဆာဟစ်” ထို့နောက် မန်နေဂျာဘက်လှည့်လျက် “ကဲ… တို့ အပြင်ထွက်ကြရအောင် နာမည်ကျော် အနုပညာရှင်နှစ်ယောက် အေးအေးဆေးဆေး ပြောကြပါစေ”

ယခုအခါ နာမည်ကျော် အနုပညာရှင်နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြပြီ။ ကုမာရက လိုရင်းကို တိုက်ရိုက်ပြောလိုက်၏။

“မင်း ကျုပ်နဲ့အတူ ရုပ်ရှင်ရိုက်မလား”

ရုတ်တရက်ကြီးမို့ မီနာ အလန့်တကြား အံ့အားသင့်သွားသည်။ ဘာစကားပြန်ပြောရမှန်းပင် မသိတော့။ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည် နေ၏။ သူ့ဦးခေါင်းလည်း ကမ္ဘာကြီးနှင့်အတူ ချာလည်လည်နေသည်။ နောက်ဆုံး သူ့စိတ်ကို ထိန်းပြီး မေးလိုက်၏။

“ကျွန်မက ဆာဟစ်နဲ့အတူ တကယ် ရုပ်ရှင်ရိုက်ရမှာလား”

“တကယ်ပေါ့၊ တကယ်ရိုက်ရမှာ၊ ဒါပေမဲ့ ပထမအနေနဲ့တော့ အစမ်း ရိုက်ကြည့်ရဦးမယ်၊ မင်း မနက်ဖြန် ဘုံဘေကို လေယာဉ်နဲ့ လိုက်နိုင်မလား”

“ရှင်” သူ့နားကို သူမယုံနိုင်အောင် ဖြစ်နေသည်။

“မနက်ဖြန် ကျွန်မ ဘုံဘေကို လိုက်ရမယ်…ဟုတ်လား”

“ဟုတ်တယ်၊ မနက်ဖြန် လိုက်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ ဘုံဘေ နောက်ဆုံးလေယာဉ် ထွက်သွားပြီ၊ မင်းအတွက် လက်မှတ် မနက်ဖြန် မနက် လာပေးလိမ့်မယ်”

ရာဂျူးကို ချက်ချင်း သတိရလိုက်သည်။ သို့ဖြင့် သူက … “ကုမာရဆာဟစ်… လက်မှတ်က တစ်စောင်နဲ့ မရဘူး၊ နှစ်စောင်ရမှ ဖြစ်မယ်၊ အစ်ကိုရာဂျူးလည်း ကျွန်မနဲ့အတူ လိုက်လိမ့်မယ်” သူက ဟိုဟိုသည်သည် လှမ်းကြည့်ပြီး “အစ်ကိုရာဂျူး… အစ်ကိုရာဂျူး”ဟု အော်ခေါ်လိုက်သည်။

ထောင့်ကြိုထောင့်ကြား မှောင်ရိပ်ထဲမှ ရာဂျူးထွက်လာတော့ မီနာက….

“အစ်ကို ရာဂျူး… ရှင် ဘယ်သွားနေတာလဲ၊ ကျွန်မက တစ်ချိန်လုံး လိုက်ရှာနေတာ၊ ရှင် ဘယ်ပျောက်နေမှန်း မသိဘူး”

“ငါ ဘယ်မှ မပျောက်ပါဘူး” ရာဂျူးက ညင်သာစွာဖြင့်“မင်းအနား မှာပဲ ရှိနေပါတယ်၊ ဒါပေမဲ့ မင်းကမှ ပြန်မကြည့်တာ”

ထို့နောက် မီနာက မိတ်ဆက်ပေးသည်။

“ကုမာရဆာဟာစ်... ဒါ... ဒါ... ကျွန်မမိတ်ဆွေ အစ်ကို ရာဂျူးပါ၊ ကျွန်မ တတ်တာတွေအားလုံး သူ့ဆီက ရတာတွေချည်းပဲ”

ကုမာရ စကားမစမီ ရာဂျူးက လက်ဝါးနှစ်ဘက်ဆုပ်ပြီး...

“မီနာပြောတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ သူပြောတာ မမှန်ပါ ဘူး၊ အမှန်အတိုင်း ပြောရရင် သူ့ဆီကသာ ကျွန်တော် အများကြီး ရခဲ့တာပါ”

မီနာမှာ အလွန်စိတ်အား တက်ကြွနေသောကြောင့် ရာဂျူး၏ စကား ရိပ်ကို နားမလည်၊ သူက အားတက်သရောဖြင့် . ..

“အစ်ကိုရာဂျူး၊ ကုမာရဆာဟာစ်က နောက်ရိုက်မယ့် ရုပ်ရှင်ကားမှာ ကျွန်မကို မင်းသမီးလုပ်ဖို့ ပြောနေတယ်၊ ဝမ်းသာစရာကောင်းလိုက်တာ၊ ကျွန်မတို့ မနက်ဖြန် ဘုံဘေကို လေယာဉ်နဲ့ သွားကြရမှာ”

“မနက်ဖြန်... ဟုတ်လား” ရာဂျူးက တအံ့တသြ မေးလိုက်သည်။ “ဒါဆို ပြဇာတ်လုပ်ငန်း ဘယ်လိုလုပ်မလဲ”

မီနာက စဉ်းစားမနေဘဲ ချက်ချင်းပင်...

“ရုပ်ရှင်မှာ အလုပ်ရရင် ပြဇာတ်အလုပ် ဘာလုပ်ဖို့ လိုအပ်တော့မှာလဲ”

ကုမာရက သူတို့စကားကို ဂရုမစိုက်၊ ဂရုစိုက်မိသော်မှ အမူအရာ လုံးဝမပြ။ သူက အချိန်ဆွဲမနေတော့ဘဲ တစ်ချက်လွှတ် ဆုံးဖြတ်လိုက်၏။

“ကဲ ... အဲဒါပဲ မစ္စမီနာ၊ မနက်ဖြန်မနက် လက်မှတ်နှစ်စောင် ပို့ခိုင်းလိုက်မယ်၊ ဒါပေမဲ့ တစ်ခုတော့ ပြောပါရစေ၊ နောက်တော့မှ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု မလွဲစေချင်ဘူး၊ ကျုပ်နှလုံးသားက ကျုပ်ရဲ့အနုပညာသမားတွေနဲ့ ဈေးဆစ်နေတာမျိုး ဝါသနာမပါဘူး၊ ကျုပ်က စိတ်ခံစားချက်ကြောင့် အလုပ်ပျက်မခံဘူး၊ ကဲ... သွားလိုက်ဦးမယ်”

သူ ဟန်ပါပါနှင့် ပြန်ထွက်သွားသည်။ လူသူကင်းမဲ့နေသည့် ဇာတ်ခုံပေါ်တွင် ဘုရားကျောင်း အခင်းအကျင်းများနှင့်အတူ ရာဂျူးနှင့် မီနာတို့ နှစ်ယောက်သာ ကျန်ရစ်တော့သည်။ မီနာ၏နောက်မှ အကနတ်ဘုရား “နာတာရာ့ဂျ်”၏ ကြေးရုပ်ကို ရာဂျူး သတိပြုမိသည်။ သူ့ရှေ့မှာတော့ မြင်းပုံရုပ်တုတွေ ရှိနေကြသည်။ လူပုကလေးများက မြင်းပုံတွေကို ဇက်ထိန်း ပြီး စီးနေကြသည်။

အတန်ကြာ တိတ်ဆိတ်နေပြီးတော့မှ မီနာက စတင်ပြောသည်။

“ပြောစမ်းပါဦး ... အစ်ကိုရာဂျူး၊ ကျွန်မ လုပ်လိုက်တာ မှားများ မှားသွားသလား”

“ဟင့်အင်း... မမှားဘူး”

“ဒါဖြင့်... ကျွန်မ ဘာလုပ်ရမှာလဲ... ဟင်”

"ကုမာရဆာဟာစ်ပြောသလို မင်းလုပ်ရမှာပဲ၊ စိတ်ခံစားမှုကြောင့် အလုပ်မပျက်ပါစေနဲ့" သူက မြင်းရုပ်တွေကို ကြည့်လိုက်ပြီး "မင်းရဲ့ မြင်းပျံကို ဘယ်သူမှ ဇက်သတ်လို့ မရနိုင်ဘူး၊ အမြင့်ကို မျှော်မှန်းပါ၊ နောင်တရမနေနဲ့၊ ရှက်ကြောက်မနေနဲ့၊ အဲဒါဆို မင်း နတ်မြင်းပျံနဲ့ ဘုံစဉ်ခုနစ်ထပ် ရောက်သွားမှာပဲ"

သူ့ကြောင့် ရာဂျူး တော်တော် ခံစားနေရကြောင်း မီနာ သိသည်။

သို့သော်လည်း သူ ဘာပြောလို့ ဘာလုပ်ရမှန်းမသိ။ သူ့ပါးစပ်မှ "အစ်ကို ရာဂျူး"ဟူသော စကားတစ်ခွန်းသာ ထွက်လာသည်။ သူမ၏အချစ်ကို ထိုစကားတစ်ခွန်းတည်းဖြင့်ပင် အပြည့်အဝ ဖော်ပြပြီး ဖြစ်၏။

သို့သော်လည်း ရာဂျူးကတော့ ဘာမှမပြောတော့ဘဲ မြင်းပျံရုပ် များကိုသာ စိုက်ကြည့်နေသည်။ တစ်နေ့သောအခါ သည်မြင်းပျံများက မီနာအား သူနှင့် ဝေးရာသို့... ဘုံစဉ်ခုနစ်ထပ်သို့ မလွဲမသွေ ခေါ်ဆောင် သွားကြလိမ့်မည်။

ထိုနေ့သို့ ရောက်ရန် အဝေးကြီး ကျန်သေးသည်။ သို့သော်လည်း လောလော ဆယ်မှာတော့ မြင်းပျံအား ထောင်ပေါင်းများစွာရှိသည့် လေယာဉ်ပျံကြီးက သူတို့အား မိုးကောင်းကင်သို့ ခေါ်ဆောင် သွားလေပြီ။ လေယာဉ်လက်မှတ် နှစ်စောင်ရသည်။ သို့သော်လည်း မီနာ၏ ထိုင်ခုံက ရာဂျူး၏ ထိုင်ခုံနှင့် အဝေးကြီး။ မီနာက ရှေ့တန်းတွင် ကုမာရဆာ ဟာစ်နှင့်ဘေးချင်းကပ်လျက် "ဗွီအိုင်ပီ" ထိုင်ခုံရသည်။ ရာဂျူးကတော့ လေယာဉ်နောက်ပိုင်း ထိုင်ခုံတွင်သာ ထိုင်ရ၏။

လေယာဉ်သည် တစ်နာရီလျှင် မိုင်ခြောက်ရာနှုန်းဖြင့် မှန်မှန် ပျံသန်းနေသည်။ ခရီးသည် အများစုက ငိုက်မြည်းနေကြသည်။ သို့သော် လည်း လူနည်းစုကတော့ သတင်းစာနှင့် မဂ္ဂဇင်းများ ဖတ်နေကြ၏။ ယင်းတို့ အထဲတွင် ကုမာရဆာဟာစ်၊ မီနာနှင့် ရာဂျူးတို့လည်း ပါသည်။ သူတို့သည် ကိုယ့်အတွေးနှင့်ကိုယ် စာမျက်နှာများကို တစ်ရွက်ပြီးတစ်ရွက် လှန်လှော နေကြသည်။

ကုမာရဆာဟာစ်က "ခနေ"(Fortune) မဂ္ဂဇင်းကို ဖတ်နေသည်။ ခနေသည် လူတစ်ယောက်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးသော ရုပ်ဝတ္ထု ပစ္စည်းဖြစ်သည် ဟု သူက ခံယူ၏။

မီနာက "အချိန်ကာလ" (Time) မဂ္ဂဇင်းကို လှန်လှောရင်း သူမ၏ ဘဝ တိုးတက်ရေးအတွက် အကောင်းဆုံး အချိန်ကာလသို့ ရောက်လာပြီ ဟုတွေးကာ အတိုင်းမသိ ဝမ်းသာကြည်နူးနေသည်။

ရာဂျူးကတော့ "ဘဝ" (Life)မဂ္ဂဇင်းကို လှန်ဖတ်ရင်း လူ့ဘဝ၏ အတက်အကျ၊ အနိမ့်အမြင့်၊ အလင်းအမှောင်တွေ အကြောင်းကို စဉ်းစားနေသည်။ ဘဝဆိုတာ ရှည်လျားမှောင်မည်းနေသည့် လိုဏ်ခေါင်းကြီးတစ်ခု သို့မဟုတ် ရှည်လျားသော စကြံလမ်းကြီးတစ်ခုဖြစ်ပြီး အခြားသော အဆုံး တစ်ဘက်ကို ဘယ်သူမှ မသိနိုင်ဟု သူက စဉ်းစားမိသည်။

※

ကုမာရရုပ်ရှင် စတူဒီယို စင်္ကြံလမ်းသည် ဘဝကဲ့သို့ပင် ရှည်လျားပြီး အဆုံး မရှိသလို ထင်ရ၏။ အဆုံးတစ်ဘက်ရှိ ခုံရှည်ပေါ်တွင် မီနာကို စောင့်ရင်း ရာဂျူး ထိုင်နေသည်။ ဘယ်နှနာရီ ကြာသွားပြီဆိုတာ သူ လုံးဝမသိ။ အခြား အစွန်းတစ်ဘက် ပေတစ်ရာခန့်အကွာ (ရာဂျူးကတော့ မိုင်တစ်ရာလောက် အကွာဟု ထင်၏။)ရှိ မိတ်ကပ်ခန်းတွင် မီနာအား မိတ်ကပ်ခြယ်ပေးနေ ကြသည်။ ရုပ်ရှင်အစမ်း ရိုက်ကြည့်ရန်အတွက် ဖြစ်၏။

ထိုအခန်းသည် သရုပ်ဆောင် ဒါရိုက်တာ ထုတ်လုပ်သူ ကုမာရ ဆာဟာစ်၏ ကိုယ်ပိုင်မိတ်ကပ်ခန်း ဖြစ်သည်။ အခန်းကျယ်သည်။ လေအေး ပေးစက် ရှိသည်။ ခေတ်မီ ပရိဘောဂအသုံးအဆောင်ပစ္စည်းတွေ စုံသည်။ မိတ်ကပ်ဆရာ၊ ဆံပင်အလှပြင်ဆရာမတို့နှင့်အတူ ကိုယ်လုံးပေါ်မှန်ကြီး ရှေ့တွင် ထိုင်ရင်း ငါလည်း တစ်နေ့မှာ ဒီလိုအခန်းကြီးမျိုး ပိုင်ရမယ်ဟု မီနာက ဆုံးဖြတ်ချက်ချလိုက်သည်။

မီနာ၏နောက်ဘက် ကုလားထိုင်တွင် ကုမာရ ထိုင်နေသည်။ အလှပညာရှင်က အလှဆင်နေစဉ် မှန်ထဲတွင် မြင်ရ သည့် မီနာ၏ရုပ်ရည်ကို သူက အကဲခတ်နေခြင်း ဖြစ်၏။ မီနာက ကုမာရ အား မှန်ထဲတွင် မြင်ရသဖြင့် သူ့မျက်နှာကို ကြည့်ရန် နောက်ပြန်လှည့် လိုက်သည်။

"မင်းက ငါ့ကို ဘာလို့ကြည့်နေရတာလဲ" သူက မှန်ကို လက်ညှိုးထိုး ပြပြီး "ဟိုကို ကြည့်"

"ကုမာရဆာဟစ်ကို အဲဒီမှာလည်း ကျွန်မ မြင်ရတယ်၊ လေးဘက် လေးတန်စလုံးမှာ မြင်ရတယ်" မီနာက မြှောက်ပြောလိုက်သည်။

"ဒီမှာ. . .မီနာ၊ တခြားလူတွေကို မကြည့်နဲ့" သူ၏ အတ္တဆန်သည့် ဒဿနကို ပြောပြသည်။ "ကိုယ့်ကိုယ်ကိုယ်သာ ကြည့်။ ကိုယ့်အလှ၊ ကိုယ့် မျက်နှာ၊ ကိုယ့်ခန္ဓာ၊ ကိုယ့်မိတ်ကပ်၊ ကိုယ့်အဝတ်အစား၊ ကိုယ့်စကား၊ ကိုယ့်ဇာတ်ကွက်၊ ကိုယ့်ဇာတ်ကား...အဲဒါတွေကိုသာ စိတ်ဝင်စားပါ၊ တိုတိုပြောရရင် မင်းကိုယ်မင်းပဲ ချစ်ပါ၊ အဲဒါထက် တခြားဘယ်ဟာမှ အရေးမကြီးဘူး"

ကုမာရဆာဟစ် ပြောတာကို မီနာ တစ်စွန်းတစ်စမျှသာ နားလည်သည်။ သို့သော်လည်း သူက မှန်ထဲမှ သူ့ရုပ်သွင်ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ မိတ်ကပ်ဆရာနှင့် အလှဖန်တီးရှင် ဆရာမတို့၏ ပညာစွမ်းကို ဝမ်းသာအံ့သြ ဖြစ်မိသည်။ "ငါက တကယ့်ကို ချောသွားပြီ" သူတွေးနေသည်။ "အစ်ကို ရာဂျူးသာ မြင်ရရင် ဘယ်လောက်ဝမ်းသာလိမ့်မလဲ"

အတွင်းတံခါးမှ မီနာ ထွက်လာသောအခါ ရာဂျူးသည် စကြံလမ်း က ခုံရှည်တွင် ထိုင်နေတုန်း ရှိသေး၏။ မီနာသည် နောက်ထပ် အခန်း ကျယ်ကြီး တစ်ခုထသို့ ရောက်လာသည်။ ထိုအခန်းမှာ အဝတ်အစား စတိုခန်းဖြစ်၏။ ခန်းမကြီး၏ လေးဘက်လေးတန်နံရံများတွင် မှန်ဗီရိုတွေ တန်းစီနေသည်။ ယင်းတို့အထဲတွင် ဆာရီ၊ ဘလောက်အင်္ကျီ၊ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ ရဲဝတ်စုံ၊ စစ်ဝတ်စုံ၊ ရာဇပုတ်ဝတ်စုံ၊ အာရပ် ဝတ်စုံနှင့် စိတ်ကူးယဉ်ဇာတ်ကားများတွင် အသုံးပြုသည့် နိုင်ငံစုံမှ အထူး အဆန်းဝတ်စုံများ အပြည့်ရှိသည်။

ကုမာရဆာဟစ်က ပိုးသားဆာရီဝတ်စုံကို ရွေးယူလိုက်ပြီး မီနာအား အဝတ်အစားလဲခန်းတွင် သွားလဲရန် ပြောသည်။ မီနာက ကျိုးနွံစွာ လိုက်နာသည်။ သူ့ရုပ်ရည်မှာ ဆာရီဝတ်စုံနှင့် ပဏာရလှ၏။ အစ်ကိုရာဂျူးသာ မြင်ရရင်တော့ သိပ်သဘောကျမှာပဲဟုလည်း တွေးလိုက်မိသည်။

သို့သော်လည်း ကုမာရဆာဟစ်ကတော့ သဘောမကျ။ ဆာရီကို ဝတ်ထားပုံက အချိုးမကျ၊ ပွယောင်းယောင်းကြီး ဖြစ်နေသည်။ သို့ဖြင့် သူက အပ်ချိတ်တွေယူပြီး အတွန့်အခေါက်တွေကို တင်းတင်းရင်းရင်း အချိုး ကျကျ ပြုပြင်ပေးသည်။ မီနာက သူ့ကိုယ်သူ လေးဘက်လေးတန် ကိုယ်လုံး ပေါ် မှန်တွေထဲ ပြန်ကြည့်လိုက်သည်။ ဆာရီဝတ်စုံက အသားနှင့်ကပ်ပြီး ကိုယ်ခန္ဓာ၏ အချိုးအဆစ်၊ အမို့အမောက်တွေကို ပကတိအတိုင်း ဖော်ပြနေ သလို ထင်ရသည်။ သည်ပုံစံကို မီနာသဘောမကျချင်။ သို့သော်လည်း ကုမာရဆာဟစ်ကတော့ အလွန်ကျေနပ်နေပုံရသည်။ အမှန်တော့လည်း သူကျေနပ်ဖို့က အဓိကမဟုတ်လား။ သူက ပြောသည်။

"မစ္စမီနာ... ဆာရီပဲဖြစ်ဖြစ် ဘာအဝတ်အစားပဲဖြစ်ဖြစ် အလှကို ဖုံးထားဖို့အတွက် ဝတ်တာ မဟုတ်ဘူး၊ အလှကို ဖော်ပြဖို့အတွက် ဝတ်တာ"

ထို့နောက် အဝတ်အစားလဲခန်းမှ ထွက်ပြီး ပုံသွင်းအလုပ်ရုံသို့ လျှောက်လာခဲ့ကြသည်။ လက်မှုပညာသည်တစ်ယောက်က တစ်ဝက်ဖော် အမျိုးသမီး ရုပ်လုံးတစ်ခုကို သွင်းလုပ်နေသည်။ ဓာတ်ဝင်ခန်းတွင် အသုံးပြုရန်ဖြစ်၏။ ကုမာရဆာဟာစ်က သူ့အား မင်းသမီးသစ် အထင်ကြီး သွားစေရန်အတွက် လက်မှုပညာသည်ကို ဘေးဖယ်ခိုင်းလိုက်သည်။ ထို့နောက် သူက ရွှံ့စေးတွေကို ယူပြီး စောစောက အမျိုးသမီးရုပ်တွင် ဖြည့်သင့် သည့်နေရာ ဖြည့်သည်၊ ဖဲ့သင့်သည့်နေရာ ဖဲ့သည်။ ပွတ်သင့်သည့်နေရာ ပွတ်သည်။ မကြာမီမှာပင် ရုပ်တုသည် ပို၍ ပီပြင်လာသည်။ ပို၍ လှလာသည်။ အထူးသဖြင့် အမျိုးသမီး၏ ရင်သားအလှသည် ပို၍ကြွလာသည်။

"ဘယ့်နှယ်နေသလဲ... မီနာ၊ ပိုပြီး လှမသွားဘူးလား"

"သိပ်လှတာပဲ၊ ဆာဟာစ်က သိပ်တော်တဲ့ အနုပညာရှင်ကြီးပဲနော်၊ ကျွန်မကိုလည်း တစ်ခုလောက် လုပ်ပေးပါလား...ဆာဟာစ်"

"စိတ်ချ၊ နောက်တော့ လုပ်ပေးမယ်"

ထို့နောက် သူက မီနာအား စူးစူးစိုက်စိုက် ကြည့်နေသည်။ သူ့မျက်စိတွင် မီနာအား သွေးနှင့်ကိုယ် သားနှင့်မိန်းကလေးတစ်ယောက်ဟူ၍ မမြင်၊ အချောသတ် မွမ်းမံပေးလိုက်လျှင် ထူးထူးခြားခြား အသက်ဝင်လာမည့် ရွှံ့စေးရုပ်ကလေးတစ်ခု အဖြစ်သာ မြင်နေ၏။

သူတို့သည် စတူဒီယို ဝင်းကြီးထဲသို့ ဝင်လာကြသည်။ ကုမာရဆာ ဟာစ်၏ ရှည်မျောပြောင်လက်နေသည့် ဇိမ်ခံကားကြီးက အသင့်စောင့်နေ၏။

"မီနာ... ဒီနေ့ မင်း တော်တော်လေး ပြင်းပြင်းထန်ထန် အလုပ်လုပ် လိုက်တာပဲ၊ တော်တော် ပင်ပန်းသွားမယ်ထင်တယ်"

"သိပ်ပြီးတော့ မပင်ပန်းပါဘူး ဆာဟာစ်"

"လာပါ ...မင်းကို ငါ"ဂျူဟူး"ကို ကားနဲ့လိုက်ပို့မယ်၊ "ဆန်းအင် ဆင်းဒ်" မှာ လက်ဖက်ရည် သွားသောက်ကြရအောင်၊ ဘယ့်နှယ်လဲ"

"ဟုတ်ကဲ့ ... ဆာဟာစ်"

"ကဲ ... ဒါဆို သွားကြစို့"

သူကိုယ်တိုင် ကားမောင်းသည်။ မီနာက သူ့ဘေးတွင် ထိုင်သည်။ စက်အားကောင်းလှသည့် ကားကြီးသည် စတူဒီယိုခြံဝင်းဂိတ်ဝမှ အရှိန်ပြင်း စွာ မောင်းထွက်သွားလေ၏။

ရာဂျူးသည် စကြံ့လမ်းတွင် ထိုင်ကာ မီနာထွက်အလာကို စောင့်နေတုန်း ရှိသေးသည်။ တဖြည်းဖြည်းနှင့် အမှောင်ရိပ်သမ်းလာသည်။ လုံခြုံရေးဝန် ထမ်းက လျှပ်စစ် မီးတွေလိုက်ဖွင့်ရင်း ရာဂျူးကို တွေ့သည်။

“အား…ကိုယ့်ဆရာ၊ ဒီမှာ ဘာလာလုပ်နေတာတုန်း”

ရာဂျူးသည် သူ့ကိုယ်သူ မလုံမလဲဖြစ်သွားပြီး…

“ကျွန်တော် မစ္စမီနာကို စောင့်နေတာ၊ သူ မိတ်ကပ်ခန်းမှာ ရှိတယ်”

“မရှိတော့ဘူး၊ စောစောကပဲ ပြန်ထွက်သွားပြီ”

“ဟာ…မဖြစ်နိုင်တာပဲ၊ ခင်ဗျား လူမှားပြီး ပြောတာ ဖြစ်မှာပါ”

“မမှားဘူး…ကိုယ့်ဆရာ၊ ကျွန်တော်တို့က ဒါမျိုး ဘယ်တော့မှ မမှားဘူး၊ ခင်ဗျားရဲ့မစ္စမီနာဟာ ကုမာရဆာဟစ်နဲ့အတူ ကားထဲ လိုက်ပါ သွားတယ်၊ ကျွန်တော့်မျက်စိနဲ့ သေချာမြင်လိုက်တာ”

အဖြစ်ကတော့ ပြဇာတ်ထဲမှ ဇာတ်ဝင်ခန်းအသစ်တစ်ခုနှင့် တူနေသည်။ မျှော်လင့်သည်ထက်စောပြီး ကန့်လန့်ကာ တင်ခဲ့လေပြီ။

ရာဂျူးသည် ယမန်နေ့ညက ဟိုတယ်ပေါ်မှ ဇာတ်လမ်းကို သတိရသည်။ ဟိုတယ်သို့ သူတို့ ရောက်ခါစဖြစ်၏။ ကုမာရဆာဟစ်၏ အတွင်း ရေးမှူးက သူတို့ကို ခေါ်လာပြီး မီနာ တည်းခိုရမည့် ဇိမ်ခံအခန်းကို လိုက်ပြသည်။ ရာဂျူးအတွက်ကိုတော့ အတွင်းရေးမှူးက ဟိုတယ်အမှုထမ်းအား “မစ္စတာရာဂျူးရဲ့ ပစ္စည်းတွေကို အခန်းနံပါတ် (၈၁၂)ကို ယူသွားပါ”ဟု ပြောလိုက်သည်။ ဤတွင် မီနာက စိုးရိမ်မျက်နှာဖြင့်…

“အဲဒီလို မဟုတ်ဘူး၊ အစ်ကိုရာဂျူးက ကျွန်မနဲ့အတူ အမြဲနေတာ”

“ဒါပေမဲ့ ကုမာရဆာဟစ်က သူ့အတွက် ဒီအထပ်မှာပဲ သီးသန့် တစ်ခန်း ငှားထားပါတယ်”

ဟိုတယ်ဝန်ထမ်းကလေးသည် ရာဂျူး၏ လက်ဆွဲသေတ္တာ အစုတ် ကြီးနှင့် ကာကီကျောပိုးအိတ်တို့ကို ဆွဲယူသွားသည်။

ရာဂျူးက ပြောလိုက်သည်။ “ရပါတယ်… မီနာ၊ ကုမာရဆာဟစ်က မင်းအခန်းထက် ပိုကောင်းတဲ့ အခန်းမှာ ငါ့ကို နေရာချပေးမှာပါ”

ထိုနေ့ည ဟိုတယ်အခန်းကျဉ်းကလေးထဲတွင် ရာဂျူးထိုင်နေစဉ် တယ်လီဖုန်းလာသည်။ သူ စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

“ဟဲ လို…ဘယ်သူပါလဲ၊ ဪ…မီနာလား၊ ဘာကိစ္စရှိလဲ”
“အို…အစ်ကိုရာဂျူးရေ” တစ်ဖက်မှ အသံက အလွန်တက်ကြွ နေသည်။
“ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ ကျွန်မအတွက် ကုမာရဆာဟစ် ငှားပေးတဲ့ အခန်းကြီးကလည်း ခမ်းနားလိုက်တာက မပြောပါနဲ့တော့၊ မခမ်းနား ဘဲ နေပါ့မလား၊ ဈေးကိုလည်း မေးကြည့်ပါဦး၊ တစ်နေ့ကို နှစ်ရာကြီးတောင် ပေးရသတဲ့၊ ဒါနဲ့…အစ်ကိုအခန်းကရော… ဘယ်လိုလဲ…ဟင်”

ရာဂျူးက သူ့အခန်းစုတ်ကလေးကို တစ်ချက်ကြည့်လိုက်ပြီး တော့မှ..

“အို… ကောင်းပါတယ်၊ ကောင်းပါတယ်၊ သိပ်ကောင်းတယ်”

"ကုမာရဆာဟာစ်က သိပ်ပြီး စေတနာကောင်းတာပဲနော် အစ်ကို၊ ကျွန်မတို့ အဆင်ပြေအောင် ဒီလိုလုပ်ပေးတာ သိပ်ပြီး ကျေးဇူးတင်စရာ ကောင်းတာပဲနော်"

ရာဂျူးက စိတ်ထဲမှ ရယ်ပစ်လိုက်သည်။ သို့သော် သူ့မျက်နှာမှာ တော့ ပြုံးရိပ်တစ်ပွင့်ပင် ပေါ်မလာ။

"ဟုတ်တယ်၊ ငါ့အတွက် ပိုပြီးတောင် လုပ်ပေးသေးတယ်၊ ဒါနဲ့ မင်းစိတ်ထဲမှာ ဘယ်လိုခံစားရသလဲ"

"ကျွန်မ ကြောက်နေသလိုပဲ အစ်ကို"

"ဟိုတယ်ထဲမှာ ကြောက်နေတယ် ဟုတ်လား၊ ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ မင်းရဲ့ တစ္ဆေခြောက်တဲ့ တဲစုတ်မှာ နေခဲ့တုန်းကတောင်မှ မကြောက်ဘဲနဲ့"

"အဲဒီမှာက ကျွန်မတစ်ယောက်တည်းမှ မဟုတ်တာ၊ ပထမ မိုတီနဲ့ နေတယ်၊ နောက်တော့ အစ်ကိုနဲ့နေတယ်၊ ဒီမှာကျတော့ ကျွန်မ ကြောက်တယ် အစ်ကို၊ အခန်းကြီးကလည်း ကျယ်လိုက်တာ"

ရာဂျူးက တယ်လီဖုန်းခွက်ကို လက်နှင့်ပိတ်၍ ညည်းပြော ပြောနေ၏။

"အင်း... ဒါဟာ အောင်မြင်မှုဝေဒနာရဲ့ ပထမအဆင့်ပဲ ရှိသေးတယ်၊ အခန်းတွေက တဖြည်းဖြည်း ကြီးလာမယ်၊ အသည်းနှလုံးက တဖြည်းဖြည်း ငယ်သွားမယ်၊ နောက်တော့ ဘာမှခံစားလို့ရတော့မှာ မဟုတ် တော့ဘူး"

မီနာက တောင်းပန်နေသည်။

"အစ်ကိုလာပြီး မသိပ်ရင် ကျွန်မတော့ တစ်ညလုံး အိပ်ပျော်မှာ မဟုတ်တော့ဘူး အစ်ကို၊ ကျေးဇူးပြုပြီး..."

"မင်း မသိဘူးလား မီနာ၊ ဒီဟိုတယ်ကြီးတွေက သိပ်ပြီး စည်းကမ်း ကြီးတာ၊ မိန်းမအခန်းကို ညနက်သန်းခေါင် ယောကျ်ားဝင်ခွင့်မပြုဘူး၊ ဒါဟာ ဟိုတယ်စည်းကမ်း... လောကစည်းကမ်းပဲ"

"ဒါပေမဲ့... ကျွန်မ အစ်ကိုနဲ့ တွေ့ချင်တယ်၊ ခဏမြင်ရရုံပဲ ဖြစ်ဖြစ် ပေါ့၊ ဟုတ်ပြီ၊ ကျွန်မ စင်္ကြံလမ်းကို ထွက်လာခဲ့မယ်"

※

စင်္ကြံလမ်းတွင် ကော်ဇောခင်းထားသည်။ လူသွားလူလာ ကင်းမဲ့နေ၏။ ဟိုတယ်တွင် တည်းခိုသည့် ဧည့်သည်တိုင်း မိမိတို့၏ ဖိနပ်များကို အခန်း အပြင်ဘက်တွင် ထားကြရသည်။ မနက်ကျတော့ သန့်ရှင်းရေးဝန်ထမ်းများ က တိုက်ချွတ်နိုင်ရန် ဖြစ်၏။ တစ်ချို့အခန်းများတွင် ဖိနပ်နှစ်ရံ ရှိတတ်သည်။ တစ်ရံက ယောကျ်ားစီး၊ နောက်တစ်ရံက မိန်းမစီး။

မီနာသည် အခန်းအပြင်သို့ ထွက်လာပြီး ရာဂျူးအား အတင်းပွေးဖ က် လိုက်သည်။ ထို့နောက် သူက အခန်းတံခါးရှေ့မှ ဖိနပ်နှစ်ရံကို လက်ညှိုး ထိုးပြပြီး...

"ဟိုမှာ ကြည့်လိုက်စမ်း အစ်ကို"

သူ့ဖိနပ်နှင့် ရာဂျူး၏ဖိနပ်။ ရာဂျူးက ပြုံးလိုက်ပြီး…

“အဲဒီအတွက် မင်း လိုင်စင်လိုတယ်၊ လက်ထပ်စာချုပ်”

“ဒါလည်း စည်းကမ်းပဲလား”

“ဟုတ်တယ် မီနာ၊ ဒါလည်း၊ စည်းကမ်းပဲ၊ ကဲ… မင်းက လိမ္မာတဲ့ မိန်းကလေးပါ၊ အခန်းပြန်ပြီး သွားအိပ်ချေတော့”

“ကျွန်မကို ချော့သိပ်မယ့်လူမှ မရှိတာ၊ ဘယ်လိုလုပ် အိပ်ပျော်နိုင်ပါ့ မလဲ”

“သွားအိပ်စမ်းပါ၊ အောင်မြင်မှုအိပ်မက်တွေကို မက်ရင်း အိပ်ပျော် သွားပါလိမ့်မယ်၊ ဒီအချိန်ကစပြီး အောင်မြင်မှုတေးသံဟာ မင်းအတွက် သားချော့သီချင်းပဲ”

မီနာသည် စူစူအောင့်အောင့်နှင့် ဒေါကန်ပြီး ပြန်လှည့်ထွက်သွား၏။ သူ့တံခါးကို တစ်အားဆောင့်ပိတ်လိုက်သောကြောင့် စကြံလမ်းတစ်ခုလုံး ပဲ့တင်သံ ဟိန်းသွားသည်။ ရာဂျူးက စိတ်ထဲမှ ပြောလိုက်၏။

“ညီမလေး…တစ်နေ့ကျတော့ မင်းဟာ မင်းရဲ့ နှလုံးသားတံခါးကို ဒီလို ဟိန်းသံမျိုးနဲ့ ဆောင့်ပိတ်ရလိမ့်မယ်”

[၁၄]

ညဘက်တွင် ဟိုတယ်ခန်းသို့ မီနာ ပြန်လာပြီး တံခါးကို ဖွင့်သောအခါ ပြတင်းပေါက်နားက အမှောင်ထဲတွင် ရပ်နေသည့် လူရိပ်ကို လှမ်းမြင်ရ၏။ လျှပ်စစ်မီးကို ဖွင့်လိုက်သည်။

"ဟင်...အစ်ကိုရာဂျူး၊ ဒီမှာ ဘာလုပ်နေတာလဲ...ဟင်

"စောင့်နေတာ" သူက ဒေါသသံမပါဘဲ ပြောသည်။ သို့သော်လည်း မျက်နှာတွင် ဝမ်းနည်းပြုံးကလေး တော့ မြင်ရ၏။ "ဒီအချိန်မှာ ငါက ဒါပဲ လုပ်နိုင်တာကိုး"

"ကျွန်မ တောင်းပန်ပါတယ် အစ်ကို၊ ကျွန်မ စတူဒီယိုက အမြန် ထွက်သွားရလို့ပါ"

"ဒါပေမဲ့ ညဉ့်နက်သန်းခေါင် ပြန်လာတဲ့အခါတော့ မမြန်တော့ဘူး မဟုတ်လား"

"အစ်ကို ဘာဆိုလိုတာလဲ"

"ငါဆိုလိုတာက... အဲလေ... ဒီကိစ္စ ထားလိုက်ပါတော့၊ ဒါနဲ့ မင်း ခေါင်းပေါ်က နှင်းဆီပန်းက ဘယ်သူပန်ပေးတာလဲ"

"ဘယ်သူပန်ပေးတယ်ဆိုတာ အရေးကြီးလို့လား၊ နှင်းဆီပန်းပန်တာ အပြစ်ရှိလို့လား"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဘယ်သူက အဲဒီလိုပြောလို့လဲ၊ ဒါဟာ ကြီးကျယ်တဲ့ လူမှုရေးဝန်ဆောင်မှုပဲ၊ ဒါကြောင့် မလိုအပ်တောင်မှပဲ အဲဒီ စေတနာရှင် နာမည်ကို ငါ သိချင်တာ"

"အစ်ကို ဘာတွေ လျှောက်ပြောနေတာလဲ"

"မင်းရဲ့အသည်းကျော်ကြီး ကုမာရဆာဟစ်က သူ့အချစ်တော် မင်းသမီးကလေးကို ဟိုတယ်ညွှေ့ခန်းထိ ဘာလို့လိုက်မပို့တာလဲ"

"သူ ဂျူဟူးကနေပြီး ဟိုတယ်အထိ တစ်လျှောက်လုံး ကျွန်မနဲ့ အတူတူ ပြန်လာခဲ့တယ်လေ၊ နည်းတဲ့ခရီး မဟုတ်ဘူး၊ ဆယ့်ငါးမိုင်ကြီး တောင် ဝေးတာ"

"ဆယ့်ငါးမိုင် ဟုတ်လား"

သူတို့နှစ်ယောက်ကြားမှ အကွာအဝေးကို သူ တွက်ကြည့်သည်။ "တချို့လူတွေအဖို့ ဆယ့်ငါးပေ ခရီးတောင် သိပ်ပြီး ဝေးနေတတ်တယ်၊ ဒါပေမဲ့ ဒီညခရီးမှာ မင်းက တော်တော်များများ ချုံ့ပစ် လိုက်တယ်လို့ ငါထင်တယ်"

"ရှင် ဘာဖြစ်နေတာလဲ...ဟင်" သူ့မျက်နှာတွင် မျက်ရည်တွေ စီးကျလာသည်။ "ကျွန်မက တစ်ရက် နှစ်ရက်အတွင်းမှာ ကုမာရဆာဟစ်ကို

ချစ်နေပြီလို့ ရှင် ထင်သလား...ဟင်”

ရာဂျူးက သက်မချလိုက်သည်။

“အချစ်ကို အချိန်နဲ့ချည်ထားလို့ မရဘူး မီနာ၊ အချစ်ပင်ဟာ နှစ်မိနစ်အတွင်းမှာလည်း ပွင့်နိုင်တယ်၊ နှစ်နှစ်ကြာပေမယ့်လည်း အမြစ်ထွက်ချင်မှ ထွက်တတ်တယ်”

“အစ်ကိုရာဂျူး... အစ်ကို ဘာလိုချင်တာလဲ၊ ကျွန်မ အစ်ကို့ခြေထောက်ဖက်ပြီး တောင်းပန်ရမှာလား”

“မီနာ ... ငါလိုချင်တာက... ” သူ ရှေ့သို့ တစ်လှမ်း လှမ်းလိုက်သည်။ ပြီးတော့ ရပ်နေလိုက်သည်။ “မီနာ... ငါလိုချင်တာက မနက်ဖြန် ကင်မရာရှေ့မှာ လုပ်ရမယ့် အခန်းတွေကို ထပ်တလဲလဲ လေ့ကျင့်ထားဖို့ပဲ၊ အစမ်းရိုက်တဲ့အခါမှာ မင်း အောင်မြင်စေချင်တယ်၊ ရိုက်ရမယ့်အခန်းက အချစ်ခန်း၊ မင်း ကောင်းကောင်း သရုပ်ဆောင်နိုင်ဖို့အတွက် အချစ်ရဲ့ အဓိပ္ပာယ်ကို ပိုပြီးသိအောင် လေ့လာထားပါ”

ရာဂျူး၏ မျက်လုံးများတွင် ကြင်နာမှု၊ ချစ်ခင်မှုနှင့် စွဲလမ်းမှု အလင်းရောင်တွေကို မီနာ ပထမဆုံးအကြိမ် မြင်ရသည်။ သူ့ စိတ်ထဲတွင် ကြောက်သလိုလို ခံစားမိ၏။

[၁၅]

ပြတင်းပေါက်များမှ ဝင်လာသည့် ညလေ ညင်းအေးကလေးထဲတွင် ပါးလွှာသော လိုက်ကာများ တဖျပ်ဖျပ် လှုပ်ရှားလွင့်ပါးနေကြသည်။ ရာဂျူးနှင့် မီနာတို့၏ ပုံရိပ်မည်းများကလည်း နံရံပေါ်တွင် ထင်ဟပ်နေကြသည်။

မီနာသည် ညအိပ်ဝတ်ရုံကို ဝတ်ကာ ကော်ဇောခင်း အိပ်ခန်းမကြီး၏ အလယ်တွင် လှဲနေရင်းမှ သူ့ဆီသို့ တဖြည်းဖြည်း လျှောက်လာသည့် ရာဂျူး အား ကြောက်လန့်စွာ စိုက်ကြည့်နေသည်။

“ဟင့်အင်း... ဟင့်အင်း၊ မဖြစ်ဘူး... မဖြစ်နိုင်ဘူး” မီနာက အော်၍ပြောသည်။ “ရှင့်အနေနဲ့ ကျွန်မရဲ့ အပျိုစင်ဘဝကို တန်ဖိုးမထားရင်တောင်မှ ရှင့်ရဲ့ ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တကို ထောက်ထားသင့်ပါတယ်၊ တစ်ချိန်တုန်းက ရှင့်ရဲ့ မျက်နှာပေါ်မှာ သူတော်ကောင်းစိတ်ထားကို ကျွန်မ မြင်ခဲ့ဖူး ပါတယ်'

“ဒါဆိုရင် ဒီနေ့မှာ အဲဒီမျက်နှာပေါ်မှာပဲ သူယုတ်မာစိတ်ထားကို မြင်ရလိမ့်မယ်” ရာဂျူး၏ မျက်လုံးများသည် ပြင်းထန်သော ရမ္မက်စိတ်ကြောင့် ရဲရဲနီနေသည်။ “မနက်ဖြန်ကျရင် မင်းဟာ အိမ်ရှေ့မင်းသားရဲ့ ကြင်ရာတော် ဖြစ်ရတော့မယ်၊ ဒါပေမဲ့ အဲဒီလိုမဖြစ်ခင်မှာ မင်းအပေါ် သစ္စာရှိရှိ စွဲချစ်ခဲ့တဲ့ ငါ့ရဲ့ အချစ်ကို မင်း လက်မခံနိုင်ဘူးလား”

“ဟင့်အင်း... ဟင့်အင်း” မီနာက မျက်ရည်စက်လက်နှင့် တောင်းပန် နေသည်။ “ကျွန်မက ရှင့်ကို နောက်ဆုံးနှုတ်ဆက်ဖို့ လာခဲ့တာပါ၊ မနက်ဖြန် ကျရင် ကျွန်မ လိုက်သွားရတော့မယ်... အစ်ကိုရာဂျူး”

“ဟာ. . .ဒုက္ခပါပဲ” ရာဂျူးက ဒေါသတကြီး အော်ပြောလိုက်၏။ “စကားပြောခန်းကို မေ့ကုန်ပြန်ပြီ၊ ရာဂျူး မဟုတ်ဘူး၊ နီမား... နီမား...နီမား” သူက လက်ထဲမှ စာရွက်များကို ကိုင်မြှောက်ပြရင်း “မင်းက ဒီဇာတ်ညွှန်းထဲက စကားပြောခန်းအတိုင်း အတိအကျ ပြောရမှာ၊ တခြား ဘာစကားမှ မပြောရဘူး”

မီနာ ထရပ်လိုက်ပြီး ရာဂျူးအနားသို့ လျှောက်လာသည်။ ပြီးတော့ မျက်နှာကို စေ့စေ့ကြည့်လျက် “ကျွန်မ ဘယ်လိုလုပ်တတ်နိုင်မှာလဲ အစ်ကို၊ ကျွန်မက ဒီရာဂျူး... ရာဂျူးဆိုတဲ့ နာမည်ကိုပဲ အကျင့်ပါပြီး စွဲနေတာ” “အဲဒီနာမည်ကို မင်း မေ့ပစ်ရမယ်၊ မင်းနှလုံးသားထဲက ထုတ်ပစ် လိုက်၊ မှတ်ဉာဏ်ထဲက ဖျက်ပစ်လိုက်” ရာဂျူးက အော်ပြောရင်း စာရွက်ထပ် ကို မီနာဆီသို့ ပစ်ပေးလိုက်သည်။ “ကဲ ... စကားပြောခန်းကို မမှတ်မိရင် အဲဒီဇာတ်ညွှန်းထဲမှာ ဖတ်'

“မဖြစ်ဘူး၊ မဖြစ်တော့ဘူး အစ်ကို၊ ကျွန်မ သိပ်မောနေပြီ၊ အသက် တောင် မရှူနိုင်တော့ဘူး”

ရာဂျူးကိုယ်တိုင်လည်း မောနေပြီ၊ သူက တိုးတိုးပြောသည်။

“တို့မှာ အချိန်သိပ်မရှိတော့ဘူး မီနာ၊ ဒီတစ်ညပဲ လေ့ကျင့်နိုင်တာ၊ ကဲ... လာပါ၊ ပြန်ပြီး ပြောကြည့်ပါဦး”

မီနာက ဇာတ်ညွှန်းကို စိတ်မပါဘဲ ဖတ်နေသည်။

"ဟင့်အင်း... ဟင့်အင်း... ကျွန်မက ရှင့်ကို နောက်ဆုံး နှုတ်ဆက်ဖို့ လာခဲ့တာပါ၊ မနက်ဖြန်ကျရင် ကျွန်မ လိုက်သွားရတော့မယ်"

"မနက်ဖြန်ကျရင် ကျွန်မ လိုက်သွားရတော့မယ်" ရာဂျူးက မီနာ၏ အသက်မပါသည့် စကားကို ထပ်ပြောလိုက်သည်။"အဲဒီစကားကို ပြောနေ တုန်းမှာ မင်းစိတ်ထဲ ဘယ်လိုမှ မခံစားရဘူးလား"

မီနာက ကလေးတစ်ယောက်လို စူအောင့်ပြီး...

"အဲဒါဆို ဘယ်လိုပြောရမလဲ၊ အစ်ကို ပြောပြလေ"

"စကားလုံးတိုင်း အသည်းနှလုံးထဲက ထွက်လာရမယ်၊ ပထမဦးဆုံး အခြေအနေ အဖြစ်အပျက်ကို တွေးကြည့်၊ ပြီးတော့ အဲဒါရဲ့ စိတ်ခံစားမှုကို နားလည်၊ အဲဒီနောက် ပြောချလိုက်တော့။ ချစ်သူနဲ့ ခွဲရတော့မယ့် မိန်းကလေး တစ်ယောက် ဘယ်လို ခံစားရမလဲ၊ ဘယ်လို ခံစားရနိုင်သလဲ၊ အဲဒီ ခံစားချက် ကို စာရေးဆရာက စကားလုံးတိုင်းထည့်မှာ ထဲရေးထားတာ၊ ဖတ်ကြည့်စမ်း"

မီနာက ဇာတ်ညွှန်းကို ဖတ်ပြသည်။

"မိန်းကလေးသည် အပြစ်ကျူးလွန်မိသလို ခံစားရသည်၊ ရှက်လည်း အလွန်ရှက်မိသည်။ မျက်နှာကို အောက်ငုံ့ထားရမည်။ စကားပြောသောအခါ ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောမထွက်သလို ဖြစ်နေရမည်"

"အေး... အဲဒါတွေ အားလုံး ခံစားကြည့်၊ ပြီးတော့ ပြောကြည့်"

သည်အကြိမ်တွင်တော့ မီနာသည် တကယ့်ခံစားချက်အပြည့်ဖြင့် စိတ်ပါလက်ပါ ပြောသည်။

"နီမား...မနက်ဖြန်ကျရင် ကျွန်မ လိုက်သွားရတော့မယ်၊ ဒါပေမဲ့ ကျွန်မ နှလုံးသားထဲမှာ ရှင့်ကို အမြဲသတိရနေမှာပါ"

ရာဂျူးကလည်း တကယ့်ခံစားချက်ဖြင့် . .

"လိုက်သွားပါ... ရတ်ဂျီ... လိုက်သွားပါ ၊ ရောက်လေရာမှာ မင်း စိတ်ချမ်းသာပါစေလို့ ငါ ဆုတောင်းလိုက်ပါတယ်"

"စိတ်ချမ်းသာဖို့အကြောင်း မပြောပါနဲ့... နီမား၊ စိတ်ချမ်းသာမှု အစစ် အမှန်ကို ရှင့်ဆီမှာသာ ကျွန်မ ရခဲ့တာပါ၊ ကျွန်မဟာ အစကတည်းက ရှင့်တစ်ယောက်တည်းကိုသာ ချစ်ခဲ့ပါတယ်... အစ်ကိုရာဂျူး"

"ထွတ်သရီး" ရာဂျူး စိတ်တိုနေပြီ။ "မေ့သွားပြန်ပြီ၊ ဒီစကားပြောခန်း၊ ဒါဟာ မင်းသမီးတစ်ယောက် အဖို့ ခွင့်မလွှတ်နိုင်တဲ့ ချို့ယွင်းချက်ပဲ၊ ရာဂျူး မဟုတ်ဘူး၊ နီမား...နီမား...နီမား၊ ဒီမှာ မီနာ...မင်း ရုပ်ရှင်မင်းသမီး ဖြစ်ချင်ရင် ဇာတ်ညွှန်းကိုတော့ တစ်သဝေမတိမ်း လိုက်နာရမှာပဲ"

မီနာက ဇာတ်ညွှန်းစာရွက်များကို လွှင့်ပစ်လိုက်သည်။ စာရွက်တွေ

လေထဲလွင့်သွားသည်။ သူက ဒေါသတကြီး အော်ပြောလိုက်၏။

“နီမားမဟုတ်ဘူး၊ ရာဂျူး... ရာဂျူး... ရာဂျူး... သိလား၊ ဒီနာမည်ကို ကျွန်မတစ်သက်လုံး ခေါ်လာတာ၊ အဲဒါ ရှင် မသိဘူးလား”

ထို့နောက် ရာဂျူးကို ပြေးဖက်လိုက်ပြီး...

“အစ်ကိုရာဂျူး... ပထမဆုံးနဲ့ နောက်ဆုံး ကျွန်မ တကယ်ပြောတာ ပါ၊ ကျွန်မ ရှင့်ကို ချစ်တယ်၊ ရှင့်တစ်ယောက်တည်းကိုပဲ ချစ်တယ်၊ ရှင် ကျွန်မကို ဘာကြောင့် မယုံတာလဲ၊ ဘာကြောင့် မယုံနိုင်ရတာလဲ”

အနှိုင်းမဲ့ ကြင်နာမှုဖြင့် ရာဂျူးက မီနာ၏ ဆံပင်တွေကို တယုတယ ပွတ်သပ်ပေးနေသည်။ ထို့နောက် လိုက်ကာချထားသည့် ပြတင်းပေါက်သို့ မီနာ့ကို ပခုံးဖက်၍ ဖြည်းဖြည်းညင်သာ ခေါ်လာခဲ့၏။ ရာဂျူးက လိုက်ကာကို ဘေးသို့ ဆွဲဖယ်လိုက်သည်။ အပြင်ဘက်တွင် တိမ်ဖုံးသော ကောင်းကင်၌ နေရောင်ခြည်များ ကွက်ကျား ကွက်ကျား ထွက်ပေါ်လာခဲ့ပြီ။

“တွေ့လား... မီနာ” ရာဂျူးက လက်ညှိုးထိုးပြရင်း “ဟောဟိုမှာ... နေထွက်လာပြီ၊ မိုးလင်းတော့မယ်”

[၁၆]

ရုပ်ရှင်စတူဒီယို၏ အမှောင်ထုကို လျှပ်ကူးမီးခွက်များ၏ အလင်းရောင်က ဝါးမျို ခြုံလွှမ်းထားသည်။

အစမ်းရုပ်ရှင်ရိုက်ကူးရန်အတွက် မီနာသည် ညတုန်းက ရာဂျူးနှင့် လေ့ကျင့်ခဲ့သည့် စကားများကို ပြောရမည်ဖြစ်၏။ သူသည် ကင်မရာကို မျက်နှာမူ၍ စကားပြောသည်။ စွမ်းအားကောင်းသော မီးမောင်းတွေက သူ့ကို ဝိုင်းထိုးထားကြသည်။ သို့သော်လည်း သူသည် ဇာတ်ညွှန်းထဲမှ ဇာတ်ဝင်ခန်း စကားများကို မူဟန်ပါပါ ခံစားချက်အပြည့်ဖြင့် အောင်မြင်စွာ ပြောဆိုနိုင်သည်။ ဝါရင့်မင်းသမီး တစ်ယောက်ပမာ ရဲရဲဝံ့ဝံ့ ကျွမ်းကျွမ်းကျင် ကျင် သရုပ်ဆောင်သွားသည့် မင်းသမီးသစ်ကလေး၏အစွမ်းကို ကင်မရာ ဆရာများ၊ လက်ထောက်များ၊ အသံဖမ်းပညာသည်များနှင့် မီးထိုးလုပ်သား များအားလုံးပင် ရင်သပ်ရှုမော အံ့ဩနေကြသည်။

အစမ်းရိုက်ကူးပြီးသောခါ မီနာ၏သရုပ်ဆောင်မှု၊ အသံပီသမှုနှင့် လေယူလေသိမ်းတို့ကို လူတိုင်းက ချီးကျူးကြသည်။ မီနာက ကုမာရဆာဟစ်၏ ဆုံးဖြတ်ချက်ကို ရင်တဖိုဖိုဖြင့် စောင့်နေ၏။ သို့သော်လည်း ကုမာရဆာဟစ်က ဘာမှမပြော။ ထို့ကြောင့် မီနာမှာ စိုးရိမ်တကြီးဖြင့် မအောင့်နိုင်တော့ဘဲ ဖွင့်မေးလိုက်တော့သည်။

"ကုမာရဆာဟစ်... ကျွန်မ မိတ်ကပ်တွေ ဖျက်ပြီး ပြန်သွားရတော့ မလား"

"ဟုတ်တယ်၊ မင်း တစ်နေကုန် တော်တော်ပင်ပန်းသွားပြီ" သူက အမှတ်မထင် သဘောဖြင့်ပင် ပြောသည်။ "ကဲ... ဒီတော့ ဟိုတယ်ပြန်ပြီး အေးအေးဆေးဆေး အနားယူလိုက်တော့၊ မနက်ဖြန်ညနေကျမှ သတင်းစာ ဆရာတွေနဲ့ အင်တာဗျူးလုပ်ရမှာ"

"ဟင်... သတင်းစာ အင်တာဗျူး... ဟုတ်လား" မီနာသည် အံ့ဩ ဝမ်းသာ ဖြစ်သွားပြီး "အဲဒါဆို..."

"အဲဒါဆို ငါက ငါ့ရဲ့မင်းသမီးသစ်ကို သတင်းစာဆရာတွေနဲ့ မိတ်ဆက်ပေးရမှာပေါ့၊ မင်းက စမ်းသပ်မှုအားလုံး အောင်သွားပြီ၊ ဒါပေမဲ့ တစ်ခုတော့ ကျန်သေးတယ်"

မီနာ အလွန်အမင်း ဝမ်းသာသွားသည်။ သို့သော်လည်း သူက စိုးရိမ်တကြီးဖြင့် မေးလိုက်၏။

"အဲဒီ တစ်ခုအတွက် ကျွန်မ ဘာလုပ်ရမှာလဲ ...ဟင်"

"အဲဒါအတွက် မင်း ဘာမှလုပ်စရာမလိုဘူး၊ အဲဒီစမ်းသပ်မှုအတွက် မင်းရဲ့ရာဂျူးကိုပဲ လိုအပ်တယ်၊ သူ့ကိုပြောလိုက်၊ မနက်ကျတော့ ငါနဲ့ လာတွေ့ပါလို့"

ထို့နောက် မီနာအား ဟိုတယ်သို့ပြန်ရန် ပြောပြီး သူ့လူများအား

လိုအပ်သည်များကို ညွှန်ကြားနေ၏။

ရာဂျူးကိုလည်း အစမ်းရိုက်ဦးမှာလားဟု မေးကြည့်ရန် မီနာစိတ်ကူး မိသေးသည်။ သို့သော် အခြေအနေအရ သူ မမေးရဲတော့။

ထိုနေ့ညနေတွင် ရာဂျူးနှင့်တွေ့တော့ မီနာက ပြောသည်။

"မနက်ဖြန် မနက်မှာ ကုမာရဆာဟစ်က စတူဒီယိုကို လာခဲ့ပါတဲ့၊ စကားပြောစရာ ရှိတယ်တဲ့"

"မင်းအကြောင်းလား"

"ကျွန်မအကြောင်း၊ ဒါမှမဟုတ် ရှင့်အကြောင်းဖြစ်မှာပေါ့၊ အို....ဒါမှမဟုတ် ကျွန်မတို့နှစ်ယောက်စလုံး အကြောင်းလည်း ဖြစ်ချင် ဖြစ်မှာပေါ့"

ထိုနေရာတွင် မီနာမရှိ၊ သို့သော်လည်း ရာဂျူးစိတ်ထဲကတော့ မီနာရှိနေသလို ထင်မိသည်။ ကိုယ်နေဟန်အမျိုးမျိုးဖြင့် ရိုက်ကူးထားသည့် မီနာ၏ တစ်ကိုယ်လုံးပေါ် ဆေးရောင်စုံ ဓာတ်ပုံကားချပ်ကြီး တွေကို သုံးချောင်းထောက်ခုံများ ဖြင့် စတူဒီယိုထဲတွင် ဝေဝေဆာဆာ တခမ်းတနား ပြသထားသည်။ အခန်း ထဲသို့ ရာဂျူး ဝင်လာချိန်တွင် ဓာတ်ပုံဆရာက ကုမာရဆာဟာစ်၏ ထင်မြင် ချက်ယူဖို့အတွက် ယင်းတို့ကို နေရာတကျ စီစဉ်ခင်းကျင်းနေ၏။

"ဪ… ကြွပါ၊ ကြွပါ၊ မာစတာ ရာဂျူး" ကုမာရဆာဟာစ်က လှိုက်လှဲစွာ ဖိတ်ခေါ်လိုက်သည်။ "ခင်ဗျားကို ကျုပ် အဆင်သင့် စောင့်နေပါတယ်၊ ထိုင်ပါ" ထို့နောက် ဓာတ်ပုံဆရာအား အပြင်ထွက်ခိုင်းလိုက်ပြီး "ငါ နောက်မှ ပြန်ခေါ်မယ်"

သူသည် ရာဂျူးဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ ရွှေစီးကရက် ဘူးကို ထုတ်၍ ရာဂျူးအား တည်သည်။

"နေပါစေ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မသောက်တတ်လို့ပါ" "ဒါဆို ကျုပ်သောက်တာ ခွင့်လွှတ်ပါ"ဟု ပြောပြီး စီးကရက်တစ်လိပ် ထုတ်ယူသည်။ မီးညှိပြီး တစ်ရှိုက် ရှိုက်ကာ မီးခိုးများကို မှုတ်ထုတ်လိုက်သည်။

မီးခိုးငွေ့တွေကြားက ကြည့်ပြီး ပြောသည်။

"ကဲ…. ကျုပ်တို့နှစ်ယောက် ဝါသနာတူ၊ လုပ်ငန်းတူ အနုပညာသည် မိတ်ဆွေအဖြစ်နဲ့ စကားပြောကြရအောင်"

တစ်ပြိုင်တည်းတွင် မီနာ၏ ဓာတ်ပုံများကို နှစ်ယောက်စလုံး မျက်လုံး ဝေ့ကြည့်လိုက်ကြ၏။ စကားဝိုင်းသို့ မီနာလည်း ရောက်နေသလိုပင်။

"မစ္စမီနာက ခင်ဗျားကို သိပ်ပြီး အမွှမ်းတင်ပြီး ပြောတယ်" ကုမာရဆာဟာစ်က စဉ်းစဉ်းစားစား အမူအရာဖြင့် စတင်ပြောသည်။"ခင်ဗျားဟာ ဆပ်ကပ်မှာရော၊ ပြဇာတ်မှာရော အရမ်းတော်တယ်လို့ သူက ပြောတယ်၊ ဒါပေမဲ့… စိတ်တော့ မရှိပါနဲ့၊ အဲဒါတွေကို ကျုပ်က မြင်ဖူးတာ မဟုတ်ဘူး"

ရာဂျူးသည် မီနာ၏ဓာတ်ပုံများမှ မျက်နှာမျိုးစုံကို လှည့်ကြည့်လိုက်သည်။

"တကယ်တော့ ကုမာရဆာဟာစ်က အဲဒါတွေကို မြင်ပါတယ်၊ ဒါပေမဲ့ အဲဒါတွေကို ကျွန်တော်ရဲ့ ဖန်တီးမှုတွေအဖြစ် မမှတ်မိတာ ဖြစ်မှာပါ" ရာဂျူး၏ စကားကို ကုမာရဆာဟာစ် ဘယ်လိုသဘောပေါက်သလဲ တော့ မသိ။ သူက ဘာမှပြန်မပြောဘဲ ငြိမ်နေ၏။ ခဏကြာတော့မှ အသံ တည်တည်ငြိမ်ငြိမ်ဖြင့်…

"ခင်ဗျား စိတ်မရှိဘူးဆိုရင် ကျုပ် တစ်ခုမေးချင်တယ်"

"မေးပါ" သူ ဘာကိုမေးမယ်ဆိုတာ ရာဂျူးက သိပြီးသား။ ကုမာရဆာဟာစ်သည် ရာဂျူး၏မျက်နှာကို စေ့စေ့ကြည့်လျက် ဒွိတိုး ကြီး

မေးလိုက်၏။

"မီနာကို ခင်ဗျား ချစ်နေသလား"

ရာဂျူးက အမူအရာမပျက်ဘဲ ပြန်ပြောလိုက်သည်။

"မီနာကို ခင်ဗျား ချစ်နေသလား... ဟုတ်လား၊ အမှန်က "ခင်ဗျား ချစ်နေသလား"လို့ မေးတာကမှ ပိုကောင်းလိမ့်မယ်၊ ဒီကမ္ဘာကြီးမှာ အရာရာတိုင်းကို ချစ်နေတယ်၊ အားလုံးကို ချစ်နေတယ်၊ ယောကျ်ားတွေကိုလည်း ချစ်တယ်၊ မိန်းမတွေနဲ့ ကလေးတွေကိုလည်း ချစ်တယ်၊ ပြီးတော့ သစ်ပင်တွေ၊ ပန်းတွေနဲ့ ကျောက်ခဲတွေကိုလည်း..."

ကုမာရဆာဟစ်က သရော်ပြုံး ပြုံးလျက် ကြားဖြတ်ပြီး... "အဲဒီပန်းတွေနဲ့ ကျောက်ခဲတွေထဲမှာ မီနာဆိုတဲ့ မိန်းကလေး ပါသလား'

"ဟုတ်တယ်၊ ပါတယ်"

"ဒါဆိုရင် ကျုပ်တစ်ခုပြောမယ်" သူ ထရပ်လိုက်ပြီး ဂဏ္ဍာမငြိမ် လမ်းသလားနေရင်းမှ "မီနာမှာက နာမည်ကျော် မင်းသမီးဖြစ်မယ့် အလား အလာတွေ ရှိတယ်"

ရာဂျူးက ဖြတ်ပြီး...

"သူ့ကို နာမည်ကျော်မင်းသမီး ဖြစ်အောင် ကုမာရဆာဟစ် လုပ်ပေး နိုင်တယ်လို့ ပြောတာလား"

"ဟုတ်တယ်၊ ဒါပေမဲ့ ခင်ဗျား သူနဲ့တွဲနေသမျှ ကာလပတ်လုံး မီနာအနေနဲ့ သူ့ရဲ့အရည်အချင်းကို ဘယ်တော့မှ ဖော်ထုတ်နိုင်မှာ မဟုတ် ဘူး၊ ခင်ဗျားရဲ့အရိပ်ကြီးက သူ့ကို အမြဲတမ်း လွှမ်းမိုးနေလိမ့်မယ်၊ ခင်ဗျားရဲ့ အရှိန်အဝါအောက်မှာ သူ လောင်းရိပ်မိနေလိမ့်မယ်"

"ဒီတော့ ကျွန်တော်ကလည်း အလားတူ မေးခွန်းကိုပဲ ပြန်မေးချင်တယ်" သူ့နှုတ်ခမ်းတွင် ပြုံးရိပ်သမ်းသွားသည်။ "ကုမာရဆာဟစ်ကရော မီနာ့ကို ချစ်မနေဘူးလား"

သူက ချက်ချင်း မဖြေသေး၊ အခန်းထောင့်မှ ကင်မရာ ကရိန်းကြီး ဆီသို့ လျှောက်သွားသည်။ ထို့နောက် သံမဏိကရိန်းကြီးကို အားပြုမှီ နေရင်းမှ ...

"လူတွေကတော့ ပြောကြတာပဲ၊ ကျုပ်က ကျုပ်နဲ့တွဲရိုက်တဲ့ မင်းသမီး တိုင်းကို ချစ်တတ်တယ်လို့၊ တချို့ကလည်း ကျုပ်ဟာ ကျုပ်ကိုယ်ပဲ ချစ်တဲ့ လူဆိုပြီး ပြောကြသေးတယ်"

"ဘာကို ဆိုတာလဲ"

"ဆိုလိုတာက ... ကျုပ် ချစ်တတ်တယ်၊ ဒါပေမဲ့ ကျုပ်အချစ်က ခင်ဗျားထင်တဲ့ အချစ်မျိုးမဟုတ်ဘူး၊ တခြားလူတွေထင်တဲ့ အချစ်မျိုး မဟုတ်ဘူး၊ အဲဒီအချစ်အတွက် ကျုပ်မှာ ဇနီးမယား ရှိတယ်၊ ချစ်စရာကောင်းတဲ့ သားသမီးလေးယောက် ရှိတယ်၊ ကျုပ်က မီနာရဲ့ကိုယ်တွင်းမှာရှိတဲ့ မင်းသမီးကို

ချစ်တာ၊ တစ်နေ့မှာ ကမ္ဘာကျော်လာမယ့် မင်းသမီးကို ချစ်တာ၊ အဲဒီလိုဖြစ်ဖို့အတွက် ကျုပ်အနေနဲ့ အများကြီး ပင်ပန်းခံရမှာ၊ ခင်ဗျားအနေ နဲ့တော့...”

“... နည်းနည်းလေးပဲ စွန့်လွှတ်ရမှာ၊ အဲဒီလို မဟုတ်လား” ရာဂျူးက သူ့စကားကို ဖြည့်ပေးလိုက်သည်။ ပြီးတော့ ထိုင်ရာမှ ထရပ်လိုက်သည်။ ယခုအချိန်တွင် သူ့ကိုယ်သူ ထိန်းနိုင်သွားပြီ။ “ကုမာရဆာဟစ်” သူ ဆက်ပြောသည်။ “ခင်ဗျားဟာ နာမည်ကျော် ရုပ်ရှင်မင်းသား ဖြစ်ကောင်း ဖြစ်မယ်၊ ဒါပေမဲ့ လူ့ရှင်တော်တစ်ယောက်ရဲ့ စရိုက်လက္ခဏာကိုတော့ ခင်ဗျားသိမှာ မဟုတ်ဘူး။ တစ်ခါက ကဗျာဆရာတစ်ယောက်ကို တစ်ယောက်ယောက်က ပြောသလို “ခြေနှစ်ချောင်းနှင့် ဘောင်းဘီဝတ်ထားတဲ့ တိမ်လွှာ”ကို ဘယ်သူမှ ကြိုးနဲ့ချည်ထားလို့ မရနိုင်ပါဘူး၊ လူ့ရှင်တော်ဆိုတာ အမြဲတမ်း လမ်းပေါ် က ခြေသလုံးအိမ်တိုင်ပါ၊ သူ့ကို ရွှေကြိုးနဲ့ ချည်ထားလို့လည်း မရဘူး၊ အချစ်ကြိုးနဲ့ ချည်ထားလို့လည်း မရဘူး” ထို့နောက် သူသည် ကုမာရဆာ ဟစ်ရှေ့သို့ လျှောက်လာပြီး မျက်နှာကို စေ့စေ့ကြည့် လျက် “ခင်ဗျားက မီနာ့ကို ဘဝသစ် ဖန်တီးပေးလိုက်ပြီ၊ လူတစ်ယောက်ရဲ့ ကံကြမ္မာကို တာဝန် ယူတာဟာ သိပ်ပြီး တာဝန်ကြီးပါတယ်၊ အဲဒါကို အထူးသတိထားပါ”

ရာဂျူး၏ ပြင်းပြသောခံစားမှုနှင့် လေးနက်သော စကားကြောင့် ကုမာရဆာဟစ်အနေဖြင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူ အလွန် စိတ်လှုပ်ရှားသွားနေသည်။ သို့သော်လည်း သူကလည်း ပါးနပ်လိမ္မာသည့် လက်တွေ့သမားတစ်ယောက်ပင် ဖြစ်၏။

“ဒါနဲ့ ... စကားမစပ် နောက်သိပ်ကြာခင်မှာ မီနာနဲ့ သတင်းစာ ဆရာတွေ တွေ့ဆုံပွဲ စတော့မယ်၊ မီနာ့ကို ကမ္ဘာကသိအောင် လုပ်မယ့်ပွဲ ဆိုပါတော့၊ ဒီတော့ ခင်ဗျားလည်း သူနဲ့အတူ ပါလာမယ်ထင်တယ်”

“ပါလာချင်လည်း ပါလာမယ်၊ မပါလာချင်လည်း မပါလာဘူး၊ ဒါပေမဲ့ မပူပါနဲ့၊ ခင်ဗျားဆီကို မီနာ လတ်လတ်ဆတ်ဆတ်နဲ့ အချိန်မီ ရောက်လာပါလိမ့်မယ်”

ထို့နောက် သူက မလွှဲမရှောင်သာ ထုံးစံအရ “နာမစတေး” ဟု နှုတ်ဆက်လိုက်ပြီးနောက် လှည့်ထွက်သွားတော့သည်။ စတူဒီယိုကြမ်းပြင်ကို လျှောက်သွားသည့် သူ့ခြေသံများလည်း တဖြည်းဖြည်းနှင့် ဝေး၍ ဝေး၍ သွားလေတော့သည်။

ရာဂျူး ထွက်သွားပြီးနောက် ကုမာရဆာဟစ်က တိုးတိုးကလေး ရေရွတ်လိုက်၏။

“ကျေးဇူးပါပဲ...မိတ်ဆွေကြီးရာ”

ထို့နောက် မီနာ၏ ဓာတ်ပုံတွေကို ကြည့်လိုက်သည်။ သူ အကြာ ကြီး... အကြာကြီး ကြည့်နေသည်။ သိပ်ချောသိပ်လှတဲ့ မိန်းကလေး၊ အသစ်စက်စက် လတ်လတ်ဆတ်ဆတ်ကလေး။ သူ့အတွေးတွေ ဆူပွက် လာသည်။ “ရာဂျူးကို ငါ အမှန်အတိုင်း ပြောလိုက်မိသလား မီနာ့ကို ငါ တကယ်ချစ်နေမိပြီလား”

မီနာသည် ပိုးသားဆာရီဝတ်စုံကို ဝတ်ပြီး ဒေါင့်မြင့်ဖိနပ် စီးထားသည်။ ရာဂျူးက အငှားကားကို ရပ်ခိုင်းလိုက်ပြီး မီနာအား သူ့နောက်မှ လိုက်ခဲ့ရန် ခေါ်သည်။ ပထမတွင် မြို့စွန်ရပ်ကွက်ကို မီနာက မမှတ်မိသလို ဖြစ်နေ၏။

“ရှင်က ကျွန်မကို ဘယ်ကို ခေါ်လာတာလဲ... ဟင်” ညစ်ပတ်နံစော်နေသည့် သည်ရပ်ကွက်ကို သူ မနှစ်သက်တာကတော့ သေချာသည်။

“မင်းက မောင်မီနူးနဲ့ သူ့ ရဲ့ သုခဘုံ တဲကလေးကို မေ့သွားပြီလား၊ သူ့မှာ တဲလခပေးစရာ ဘာမှလည်း မရှိဘူး၊ စားတော့လည်း “ဘာမှမရှိ” တာကိုပဲ မြိန်မြိန်ရှက်ရှက် စားနေခဲ့တယ်လေ”

မီနာက ဘာမှပြန်မပြော၊ လုံးဝ နှုတ်ပိတ်နေ၏။ နှစ်ယောက်သား တဲအိမ်ကလေးသို့ ရောက်လာကြသည်။ နဂိုအတိုင်းပင် ရှိနေသေးသည်။ ဘယ်သူမှမနေ၊ အထီးကျန်ဟောင်းလောင်း။ ဖုန်မှုန့်တွေ အလိန်းလိန်း တက်နေသည်၊ ပင့်ကူအိမ်တွေ ပွေလိမ်ရှုပ်နေသည်။ “တစ်အိမ်လုံး ညစ်ပတ်နေတာပဲ၊ နံလိုက်တာကလည်း မပြောနဲ့” မီနာက နှာခေါင်းရှုံ့ပြီး ပြောလိုက်သည်။ ပြီးတော့ ရေမွှေးဆွတ် လက်ကိုင် ပဝါကို ထုတ်၍ နှာခေါင်းကို ပိတ်ထားရင်း “ကြည့်စမ်းပါဦး၊ တစ်အိမ်လုံး ပင့်ကူအိမ်တွေချည်းပဲ၊ တစ္ဆေခြောက်တဲ့အိမ်နဲ့တူတယ်”

“ဟုတ်တယ် မီနာ၊ အတိတ်က အရိပ်တွေက ခြောက်နေတာ”

“ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်မကို ဒီနေရာကို ဘာလို့ ခေါ်လာရတာလဲ”

“မီနာ...အခုအချိန်မှာ မင်းက ဘဝသစ်ကို ကူးပြောင်းသွားပြီ၊ ငါက မင်းရဲ့နှလုံးသားထဲမှာ ဒီတဲအိမ်ကလေးကို အမှတ်တရ ဖြစ်နေစေ ချင်လို့ပါ၊ တစ်နေ့ကျရင် ဒီတဲအိမ်ကလေးဟာ မင်းအတွက် လိုအပ်ချင် လိုအပ်လာနိုင်တယ်၊ လူတစ်ယောက်ဟာ တောင်ထိပ်ရောက်တဲ့အခါ တောင် အောက်ကိုလည်း ပြန်ကြည့်သင့်ပါတယ်”

“ဒါနဲ့ ရှင်က ဒီဘဝမှာ ကျွန်မနဲ့အတူ လိုက်မနေတော့ဘူးလား” သူက စိုးရိမ်တကြီးနှင့် မေးလိုက်သည်။ “ရှင့်အကူအညီ မရရင် ကျွန်မ ဘာလုပ်နိုင်မှာလဲ”

“မလိုတော့ဘူး မီနာ၊ ဒီအချိန်မှာ မင်းအတွက် ငါ့အကူအညီ မလိုတော့ပါဘူး၊ မကြာခင်မှာ မင်းကို ငွေရောင်ပိတ်ကားပေါ်မှာ မြင်ရတော့မယ်၊ မြင်ကွင်းကျယ် ဆေးရောင်စုံ ပိတ်ကားပေါ်မှာ မြင်ရတော့မယ်၊ မင်းရဲ့ ပရိသတ်အဖြစ်နဲ့လည်း ငါ ဝမ်းသာနေပါ့မယ်”

“ဒါဆိုရင် ရှင်က ဘာလုပ်မှာလဲ”

“ငါ့အတွက် တံခါးတစ်ချပ်ပဲ ပိတ်သွားတာ၊ တခြားတံခါးတွေ အားလုံး ပွင့်နေပါသေးတယ်၊ ငါ့အတွက် လုံးဝမပူပါနဲ့... မီနူး၊ ငါ နောက် ဆုံးအနေနဲ့

ဒီနာမည်ကို တစ်ကြိမ်တော့ ခေါ်ပါရစေ”

မီနာသည် တဲအိမ်ကလေးထဲမှ ပစ္စည်းတွေကို ကြည့်ပြီး အတိတ်ကို ပြန်လည်သတိရနေသည်။ အတိတ်က အရိပ်တွေကို မောင်းထုတ်ရင်း သူ အလွန်စိတ်လှုပ်ရှားပြီး ဂနာမငြိမ်ဖြစ်နေသည်။

ထိုအခိုက် ရာဂျူးက မီနာအား သူဝယ်ပေးခဲ့သည့် ဆာရီကို သွားမြင်မိသည်။ အဝတ်ဟောင်းပုံထဲ ရောက်နေပြီ။ ဖုန်မှုန့်တွေနှင့် ပင့်ကူအိမ်တွေ ဖုံးနေပြီ။ ဆာရီအစွန်းတစ်စမှာ နံ့ရုံမှာ သံမှိုတွင် ချိတ်နေ၏။ ရာဂျူးက ဆာရီကို ယူပြီး ကြမ်းပြင်ပေါ် ဖြန့်ခင်းလိုက်သည်။

“မီနူး… ဒီမှာကြည့်ပါဦး၊ ဒီဆာရီက ခန်းဆီးနံရံ ဖြစ်သွားပြန်ပြီလေ”

မီနာက ဘာမှပြန်မပြော၊ ငြိမ်ချက်သား ကောင်းနေသည်။ တကယ်တော့ သူသည် အတိတ်ကာလ ပင့်ကူအိမ်ထဲ မှာ ငြိတွယ်လုံးထွေးနေခြင်း ဖြစ်၏။

“ပွမ်…ပွမ်…ပွမ်”

စူးရှကျယ်လောင်သော ကားဟွန်းသံကြောင့် မီနာသည် အတွေးအိပ်မက်ထဲမှ ပြန်နိုးလာ၏။ သတင်းစာဆရာများနှင့် တွေ့ဆုံပွဲအတွက် စတူဒီယို မှ ကားလွှတ်ပြီး မီနာအား လာခေါ်ခြင်းဖြစ်သည်။

“မီနာ… သွားတော့၊ သွားတော့၊ နောက်ကျနေလိမ့်မယ်၊ သတင်းစာ ဆရာတွေက မင်းကို မျှော်နေကြရော့မယ်” သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီးနောက် “မင်းရဲ့ ပွဲဦးထွက်ဇာတ်ကား ရုံတင်ရင်တော့ ငါ့ဆီ ဖိတ်စာ ပေးဖို့ မမေ့ပါနဲ့”

မီနာက တံခါးဝမှ ပြန်လှည့်ပြီး …

“ရှင် ကျွန်မနဲ့အတူ တကယ်မလိုက်ဘူးလား၊ ရှင့်ကို ကျွန်မ လိုအပ်တယ်”

“မလိုအပ်ပါဘူး မီနာ” ရာဂျူးက ပြန်ပြောသည်။ “တစ်ခုတော့ သတိရပါ၊ မင်း ပြန်သွားတဲ့အခါ နောက်ကို ပြန်မကြည့်ပါနဲ့၊ ဒီနေ့လည်း မကြည့်နဲ့၊ မနက်ဖြန်လည်း မကြည့်နဲ့”

မီနာသည် ဒေါသဖြင့် ခြေဆောင့်ပြီး ပြန်ထွက်သွားသည်။

ယခုအခါ ရာဂျူးတစ်ယောက်တည်းသာ ကျန်ရစ်တော့သည်။ အမှန်ကတော့ သူတစ်ယောက်တည်း မဟုတ်။ သူ၏ဘဝအဖော်မွန် မိတ်ဆွေဟောင်းကြီး ရှိနေပါသေးသည်။ လူရွှင်တော်ရုပ်ကလေးသည် ပင့်ကူမျှင်တွေ တွယ်ပြီး ဖုန်အလိမ်းလိမ်းနှင့် ညစ်ပတ်ပေရေနေသည်။ တစ်ချိန်က သူ အမြဲတမ်း သိမ်းဆည်းထားပါမည်ဟု ပြောခဲ့သော်လည်း ယူမသွားဘဲ ပစ်ထားခဲ့သည်။ သူ မေ့သွားတာလည်း ဖြစ်ကောင်းဖြစ်မည်။ သို့သော်လည်း မေ့တယ်ဆိုတာကလည်း တမင်တကာ မေ့ချင်မှသာ မေ့လို့ရသည် မဟုတ် လား။ ရာဂျူးသည် ပင့်ကူအိမ်တွေထဲမှ အရုပ်ကလေးကို ဖြုတ်ယူလိုက်သည်။ မျက်နှာပေါ်မှ ဖုန်မှုန့်တွေကို သုတ်ပစ်လိုက်သည်။ ပြီးတော့ သူ့ရှေ့မှ ကြမ်းပြင်ပေါ်တွင် ချထားလိုက်၏။

ဤအရုပ်ကလေးသည် သူ့ဝိညာဉ်… သူ့ဘဝဖြစ်သည်။ သုံးကြိမ် တိုင်တိုင် သူပေးပစ်ဖို့ ကြိုးစားခဲ့ဖူးသည်။ မေရီအား တစ်ကြိမ်၊ ပြီးတော့ မာရီနာအား တစ်ကြိမ်၊ နောက်ပြီး မီနာ့အား တစ်ကြိမ်။ သို့သော်လည်း အသုံးမဝင်သည့် ပြားစေ့ကလေးလို အကြိမ်တိုင်း သူ့ထံ ပြန်ရောက်လာ ခဲ့သည်ချည်း ဖြစ်သည်။

ယနေ့တွင် ပင့်ကူအိမ်ထဲ ငြိတွယ်နေသည့် အရုပ်ကလေးကို သူ ပြန်တွေ့ရ၏။ သူကိုယ်တိုင်လည်း ပင့်ကူအိမ်ထဲ ငြိတွယ်နေသည်။

အချစ်ပင့်ကူအိမ်၊ ဆန္ဒပင့်ကူအိမ်၊ အတိတ်ပင့်ကူအိမ်၊ ကြေကွဲမှု ပင့်ကူအိမ်နှင့် အထီးကျန် ပင့်ကူအိမ်တွေ ဖြစ်၏။

သူသည် ပင့်ကူတစ်ကောင်က ငင်ထုတ်လိုက်သည့် ပင့်ကူမျှင်တွေထဲတွင် ငြိတွယ်နေသည်။ ထိုပင့်ကူသည်ပင် သူ၏ကံကြမ္မာ ဖြစ်သည်။ ထို့နောက် အတိတ်က အရိပ်တွေထဲတွင် ငြိတွယ်ပြန်သည်။ မေရီ၏ အရိပ်၊ မာရီနာ၏ အရိပ်၊ ပြီးတော့… မီနာ၏အရိပ်…။

မီနာသည် စောစောကပဲ ထွက်ခွာသွားပြီ။ တစ်သက်လုံး ထွက်ခွာသွားပြီ။ ဘယ်တော့မှ ပြန်မလာတော့၊ ဘယ်တော့မှ ပြန်မကြည့်တော့။ သို့သော်လည်း သူ ထားပစ်ခဲ့သည့် ရေမွှေးနံ့ကတော့ ဖုန်မှုန့်တွေထဲတွင်၊ ပင့်ကူအိမ်တွေထဲတွင် တငွေ့ငွေ့ လွင့်မျောကျန်ရစ်သေး၏။ ယခုအချိန်တွင် မီနာလည်း အတိတ်၏ အရိပ်ဖြစ်သွားခဲ့ပြီ။ သို့ဆိုလျှင် အတိတ်၏ အရိပ်သည်လည်း မွှေးရနံ့ပေလား၊ ခဏတာကလေးသာ မွှေးပျံ့လေသလား။

ရာဂျူး၏မျက်လုံးအစုံတွင် မျက်ရည်တွေ ဝဲလာ၏။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဆပ်ကပ်ဆရာ မဟိန္ဒာ ပြောခဲ့သည့် စကားကို ကြား ယောင်လာမိသည်။

"လူရွှင်တော်ရဲ့ မျက်လုံးထဲမှာ ဘယ်သူမှ မျက်ရည်မမြင်ချင်ဘူး…ရာဂျူး"

ထို့ကြောင့် သူ မျက်မှန်ကို ထုတ်ယူလိုက်သည်။ မဟိန္ဒာ၏ ခွဲခွာခြင်း အထိမ်းအမှတ် လက်ဆောင်ဖြစ်၏။ မျက်မှန်တပ်လိုက်သည်။ မျက်ရည်တွေ က ပါးပြင်ပေါ် သို့ စီးကျလာနေဆဲ။

သူ ထိုနေရာတွင် ဘယ်လောက်ကြာကြာ ထိုင်နေခဲ့ပြီလဲ၊ သူ လုံးဝ မသိ။ သူ ဘာတွေကို တွေးတောနေခဲ့မိသလဲ၊ သူ လုံးဝမသိ။ သူ တစ်စုံတစ်ရာကို တွေးတောနေမိခဲ့တာကော ဟုတ်ပါရဲ့လား၊ အဲ … ဒါကိုလည်း သူ လုံးဝမသိ။ သူ့အတွေးတွေ၊ သူ့ခံစားချက်တွေအားလုံး သူ့ကို ခွာပြေး ချင်ကြသည်၊ သူ့ထံမှ ထွက်ပြေးချင်ကြသည်၊ ညစ်ပတ်ပေရေ နံစော်စုတ်ပြတ် နေသည့် သည်တဲအိမ်ကလေးထဲက ထွက်ပြေးချင်ကြသည်၊ ထွက်ပြေးရန် အကြိမ်ကြိမ် အလီလီ ကြိုးစားခဲ့ကြသည်။ သို့သော်လည်း ပြေး၍မလွတ်။ နေရာတကာတွင် ပင့်ကူမျှင် အထပ်ထပ် ငြိတွယ်ရစ်ပတ်နေ၏။ သူတို့ တစ်တွေ ဘယ်လောက်ပင် မြင့်မြင့်ပျံပျံ "ကံကြမ္မာ"ပင့်ကူကြီးက ကာဆီး ပိတ်ဆို့ထား၏။ အသိစိတ်တွင် ရေးဟောင်း သီချင်းတစ်ပုဒ်ကို သတိရမိသည်။

ဘယ်မှာလဲကွယ် မေရီရယ် … ငါ တွေးနေမိတယ်၊

ဘယ်မှာလဲကွယ် မာရီနာရယ် … ငါ တွေးနေမိတယ်၊

ဘယ်မှာလဲကွယ် မီနာရယ် … ငါ တွေးနေမိတယ်။

※

သတင်းစာဆရာများနှင့် တွေ့ဆုံပွဲကို နာမည်ကြီး ဇိမ်ခံဟိုတယ်ကြီးတွင် ကျင်းပသည်။ မီနာအား ဖက်ရှင်ဆန်း အဖိုးတန် အကောင်းဆုံးဝတ်စုံဖြင့် ဆင်သပြီး သတင်းစာဆရာ ပရိသတ်ရှေ့သို့ “ပွဲထုတ်”လာသည်။

ဤသည်မှာ အနုပညာဖြစ်သည်၊ ကြော်ငြာဖြစ်သည်၊ စီးပွားရေးဖြစ်သည်။ သို့သော်လည်း ယင်းထို့ထက် ပိုသည်။ ကုမာရဆာဟစ်၏စကားနှင့် ပြောရလျှင် “အတ္တ”ဖြစ်သည်။ ယခင်က အခြားသူများ မလုပ်ဖူးသော အလုပ်ကို လုပ်ခြင်းဖြင့် ကိုယ့်ကိုယ်ကို ကျေနပ်မှုရှာခြင်း ဖြစ်သည်။ အခြား သူများလည်း သူတို့၏ မင်းသမီးသစ်ကလေးတွေကို သတင်းစာဆရာများ ရှေ့တွင် “ပွဲထုတ်” ခဲ့ကြဖူးသည်။ သို့သော်လည်း ကုမာရဆာဟစ်က သူတို့ အားလုံးကို အပြတ်အသတ် ကျော်တက်သွား၏။ သူက ဖက်ရှင်ဆန်းပြပွဲကို တခမ်းတနား စီစဉ်ထားသည်။ ဆန်းကြယ်လှပသော အခင်းအကျင်းများဖြင့် မွမ်းမံပြင်ဆင်ထားသည့် ဆုံလည်ဇာတ်ခုံကြီးကို တီထွင်ကာ သူ၏ ထုတ်ကုန်၊ သူ၏ပစ္စည်း၊ သူ၏မင်းသမီး၊ သူ၏မီနာကို ပရိသတ်ရှေ့မှောက်တွင် ကြီးကြီး ကျယ်ကျယ် တင်ပြသည်။

ပရိသတ်ထဲတွင် သတင်းစာဆရာများအပြင် သီးသန့်ဖိတ်ကြားထား သည့် ရုပ်ရှင်ထုတ်လုပ်သူများနှင့် ကုမာရဆာဟစ်၏ ရင်းနှီးသော မိတ်ဆွေ များလည်း ပါဝင်သည်။ ကုမာရဆာဟစ်အနေဖြင့် မင်းသမီးသစ် အရွေးတော် ကြောင်း ပရိသတ်အားလုံးလိုလိုပင် အလွန်အကျွံ မြှောက်ပင့် ချီးကျူးကြသည်။

“တော်တယ်ဗျာ၊ ကုမာရဆာဟစ် သိပ်တော်ပါပေတယ်၊ အမှန်ကတော့ လူကြီးမင်းအနေနဲ့ ရွှေတွင်းကို တွေ့လိုက်တာပဲဗျ”

“ကျေးဇူးပဲ၊ ကျေးဇူးပဲ၊ ဒါနဲ့ … မင်းသမီးကို ဘယ်လိုမြင်ပါသလဲ”

“အချောအလှအရာမှာတော့ စံတင်ရလောက်အောင် လှပါပေတယ်၊ သရုပ်ဆောင်မှုနဲ့ ပတ်သက်ရင်တော့ စောင့်ကြည့်ရဦးမှာပေါ့ဗျာ”

“မင်းသမီးအနေနဲ့ ရုပ်ချောရင် “ထော” ပြီပေါ့ဗျ၊ သရုပ်ဆောင်မှုကတော့ ကုမာရဆာဟစ် လက်ထဲရောက်ရင် အလိုလို တောက်ပြောင် လာမှာပဲ”

ထို့နောက် မင်းသမီးနှင့် သတင်းစာဆရာများ၏ တွေ့ဆုံမေးမြန်းပွဲ စတင်သည်။ မီနာသည် မြင်သူတိုင်း ငေးရလောက်အောင် အချိုးကျသည့် ငွေရောင် အဖိုးတန်ဝတ်စုံကို ဝတ်ဆင်ထားသည်။

မေးခွန်းတွေက မဆန်းလှသည့် မေးနေကျ မေးခွန်းတွေဖြစ်သော်လည်း အဖြေက ဆန်းသည်၊ စိတ်ဝင်စားစရာကောင်းသည်။

“မစ္စမီနာကို ဘယ်တုန်းက မွေးခဲ့ပါသလဲ”

“ဒီနေ့ပါ … ဒီနေ့ပဲ ရုပ်ရှင်မင်းသမီးအဖြစ် ကျွန်မကို မွေးဖွားခဲ့ပါတယ် ရှင်”

မီနာက ကုမာရဆာဟစ်အား ကျေးဇူးတင်အကြည့်ဖြင့် တစ်ချက်

ဝေ့ကြည့်လိုက်သည်ကို သတင်းစာ ဆရာတွေက သတိပြုမိကြသည်။

"အချစ်နဲ့ပတ်သက်လို့ မစ္စမီနာ ဘယ်လိုသဘောထားပါသလဲ"

"သိပ်ပြီး အန္တရာယ်ရှိပါတယ်၊ ဒါပေမဲ့ အနုပညာရှင်တစ်ယောက် အဖို့တော့ မရှိမဖြစ် လိုအပ်ပါတယ်"

လက်ခုပ်သံများနှင့် ရယ်မောသံများ ဆူညံသွားသည်။

"သိပ်ကောင်းတယ်၊ သိပ်တော်တယ်"

"မင်းသမီးအနေနဲ့ အခုလို အောင်မြင်မှုရရှိလာတာဟာ အဓိကအားဖြင့် ဘယ်သူ့ကြောင့်ပါလဲ၊ ဘယ်သူက အရေးအပါဆုံးလဲ"

မီနာသည် ချက်ချင်းမဖြေသေးဘဲ အဖြေကို စဉ်းစားနေသည်။ သူ့အပေါ် စုပြုံထိုးထားသော လျှပ်စစ်မီးမောင်း တစ်ပြုံတစ်ခေါင်းကို စူးစိုက် ကြည့်နေသည်။ ယင်းတို့အထဲတွင် အလွန်တရာကြီးမားသော ပြောင်လက်လက် ပင့်ကူအိမ်ကြီးတစ်ခုကို မြင်ရ၏။ ယင်းပင့်ကူအိမ်ကြီးထဲတွင် ရာဂျူးသည် ယက်ကန်ယက်ကန်ဖြင့် ငြိနေသည်။ သူ ကိုယ်တိုင်လည်း ရာဂျူးနှင့် အတူ တစ်ပါတည်း ငြိနေ၏။ ပြီးတော့ သူ့ဘဝတွင် အပျော်ရွှင်ဆုံး၊ အချိုမြိန် ဆုံး အတိတ်ဖြစ်စဉ်တွေ အားလုံးလည်း သူတို့နှစ်ဦးနှင့်အတူ ပင့်ကူအိမ် ကြီးထဲ တွင် လုံးထွေး ငြိတွယ်နေကြ၏။

ထို့နောက်တွင်.... နန်းတော်တမျှ ခမ်းနားလှသော ဟိုတယ်ကြီး၊ ဆန်းကြယ်ထူးခြားလှသော ဇာတ်ခုံကြီး၊ သားနားခံ့ညားလှသော ပရိသတ် ကြီးနှင့်တကွ သူ့ပတ်ဝန်းကျင်ရှိ အားလုံး... အားလုံးသော အရာဝတ္ထု များသည် တဖြည်းဖြည်း... တဖြည်းဖြည်းနှင့် ဝေဝါးမှေးမှိန်သွားပြီး နောက်ဆုံးတွင် အားလုံးပျောက်ကွယ်သွားကြလေ၏။ သို့သော်လည်း မီနာကတော့ ရှိနေဆဲပင်။ သူ့နှုတ်ခမ်းအစုံတွင် မဲ့ပြုံးကလေး တစ်ပွင့် ပွင့်လျက်...။

မီနာသည် သတင်းစာဆရာများနှင့် တွေ့ဆုံပွဲတွင် မရှိတော့။ သူသည် တစ်စုံတစ်ယောက်၏ နှလုံးသားထဲသို့ ရောက်နေ၏။ ထိုနှလုံးသားသည် အစိတ်စိတ် အမွှာမွှာ ပြိုကွဲပြန့်ကြဲသွားသည်။ ပြိုကွဲသွားသော နှလုံးသား အစိတ်စိတ် အမွှာမွှာ အသီးသီးထဲတွင် မီနာ၏ ရုပ်ရှင်ဆန်သော မဲ့ပြုံးကလေးတွေ ကိုယ်စီ ပွင့်လန်းနေကြလေ၏။

※※※

မဆုံးသေးသော ဇာတ်လမ်း

မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်နေသည့် ဂီတလေလှိုင်းသံနှင့်အတူ နာမည်ကျော် ဝါရင့်လူရွှင်တော်ကြီး ရာဂျူးဦးဆောင်သော ဆပ်ကပ်ပွဲကြီးကလည်း အားရ ပါးရ ဖြေဖျော်ပြသနေဆဲ ဖြစ်သည်။

ဖန်သားအသည်းနှလုံးကွဲမှ အပိုင်းအစများသည် ကြမ်းပြင်တွင် ဟိုတစ်စ သည်တစ်စ ပြန့်ကြဲနေသည်။ ဇရာအိုလူရွှင်တော်ကြီး ရာဂျူးသည် ဖန်သားအသည်းနှလုံးကွဲ အပိုင်းအစများကို တစ်စစီ တစ်စစီ သတိကြီးစွာ၊ ချစ်မြတ်နိုးစွာ ကောက်ယူပြီး လက်တွန်းလှည်းပေါ်သို့ ထည့်နေသည်။ ထို့နောက် လက်တွန်းလှည်းကို ပင်ပန်းကြီးစွာဖြင့် ဆပ်ကပ်ဝိုင်းအပြင် ဘက်သို့ တွန်းယူလာ၏။

ဆပ်ကပ်ဝိုင်း အပြင်ဘက်သို့ ရာဂျူးရောက်လာသောအခါ ရာပေါင်း များစွာသော လူရွှင်တော်တွေ၊ ကာယအလှမောင်မယ်တွေ၊ ကျွမ်းဘားသမား တွေ၊ အချောအလှလူငယ်တွေနှင့် လုံမငယ်တွေ သီဆိုကခုန်ရင်း ပြေးထွက် လာကြသည်။ ကမ္ဘာပေါ်တွင် အကြီးအကျယ်ဆုံး ဆပ်ကပ်ပွဲကြီး၏ နောက်ဆုံး ဖြေဖျော်တင်ဆက်ပွဲ ဖြစ်၏။

အဖွဲ့သားအားလုံး ဂီတဝိုင်း၏ သံစဉ်အတိုင်း စည်းချက်ကျကျ သီချင်းသံပြိုင်ဆိုနေကြသည်။

"ဂျီနာ ယာဟန် မာနာ ယာဟန်၊

အစ္စ ကေ ဆီဝါ ဂျာနာ ကာဟန်"

သံပြိုင်ဆိုရာတွင် ရာဂျူး၏အသံက အားလုံးအပေါ် လွှမ်းမိုးနေသည်။

လူရွှင်တော်ကြီးသည် ကချေသည်များနှင့်အတူ ဇာတ်ခုံအလယ်သို့ ပြန်လျှောက်လာပြီး တစ်ကိုယ်တော် သီဆိုဖြေဖျော်သည်။

"မနက်ဖြန်ဆိုရင် ငါ့ကစားပွဲကြီးတွင် ...

ငါ ပါဝင်ချင် ပါဝင်မယ်၊ မပါဝင်ချင်လည်း မပါဝင်၊ သို့ပေမဲ့ ... အာကာယံတွင် ကြယ်တာရာတွေ ထာဝစဉ် လင်းလက်နေမယ်...၊

မင်းကိုလည်း မေ့သွားလိမ့်မယ်၊ သူတို့ကိုလည်း မေ့သွားလိမ့်မယ် ...

သို့ပေမဲ့ ... ငါကတော့ ထာဝစဉ်...ကျန်ရစ်နေတယ်" နောက်ဆုံးနှစ်ပိုဒ်ကို သီဆိုရင်း ရာဂျူးက မေရီ၊ မာရီနာနှင့် မီနာတို့ကို လှမ်းကြည့်လိုက်သည်။ သူတို့သည် ရှေ့တန်း ထိုင်ခုံများတွင် ထိုင်ကာ ရာဂျူးကို မျက်တောင်မခတ် ကြည့်နေကြသည်၊ ရင်တလှပ်လှပ်နှင့် ရှုစား နေကြသည်။

ထို့နောက်တွင်... ရာဂျူးသည် တဖြည်းဖြည်းနှင့် အပေါ်သို့ မြင့်တက်လာသည်။ အခြား အားလုံးသော လူရွှင်တော်များနှင့် ဖြေဖျော်သူများ၏ အပေါ်သို့ ရောက်လာသည်။ ဤတွင် ရာဂျူးက အချက်ပြလိုက်ရာ ဂီတသံများ၊

သီချင်းသံများအားလုံး ရုတ်ခြည်း ရပ်စဲသွားကြသည်။ ဆပ်ကပ်ဝိုင်းကြီး တစ်ခုလုံး အပ်ကျသံကြားရမတတ် တိတ်ဆိတ်သွားလေသည်။ ထို့နောက် ရာဂျူး၏ ကြားရခဲသော ကြေညာသံ ပေါ်ထွက်လာ၏။

"လေးစားအပ်သော ရွှေပွဲလာပရိသတ်များ ခင်ဗျား... အခုအချိန်ကစပြီး ဆပ်ကပ်ပွဲကို ခေတ္တ ရပ်နားပါလိမ့်မယ်" သူက မာရီနာဘက်သို့ ပြုံးကြည့်လိုက်ပြီး "အီတို အင်းထရက်... ရပ်နားချိန်ဟာ ထုံးစံအတိုင်း ၁၅ မိနစ်လည်း ဖြစ်နိုင်ပါတယ်၊ ၁၅ နာရီလည်း ဖြစ်နိုင်ပါတယ်၊ ၁၅ လ လည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျေးဇူးပြုပြီး ထမပြန်ကြပါနဲ့လို့ မေတ္တာရပ်ခံပါတယ်၊ ကျွန်တော့်ဇာတ်လမ်းက မပြီးဆုံးသေးလို့ပါ၊ လူရွှင်တော်ရဲ့ ပြပွဲက မပြီးဆုံးသေးလို့ပါ၊ မပြီးဆုံးသေး..."

ပရိသတ်က တစ်ခဲနက် လက်ခုပ်သြဘာ ပေးလိုက်ကြသည်။ ဆပ်ကပ်ဝိုင်းထဲတွင် အဖွဲ့ဝင်တွေ ကခုန် သီဆိုနေကြသည်။ ရာဂျူးလည်း သူတို့နှင့်အတူ သီဆိုနေသည်။ ပရိသတ်ကလည်း ရာဂျူးနှင့်အတူ လိုက်ဆိုနေသည်။ ထိုအချိန် ထိုခဏတွင် ဖြေဖျော်သူများနှင့် ပရိသတ်များသည် တစ်သားတည်း ဖြစ်သွားသည်။ နှလုံးသားချင်း၊ ခံစားချက်ချင်း ပေါင်းစည်း သွားပြီး သံပြိုင်သီဆိုနေကြသည်။

အားလုံးတို့အလယ်တွင် ဇရာအို လူရွှင်တော်ကြီး ရာဂျူးက စီးမိုးနေ၏။ သူလည်း သီဆိုနေသည်။ ပရိသတ်ကိုလည်း အသံကျယ်ကျယ် သီဆိုရန် တိုက်တွန်းနေသည်။ အားလုံးသည် သူ့မိတ်ဆွေတွေချည်း ဖြစ်သည်။ လက်နှစ်ဖက်ကို ဖေ့ရမ်းကာ သူ့မိတ်ဆွေများကို နှုတ်ဆက်နေသည်။ သူ ရယ်နေသည်။ တစ်ကမ္ဘာလုံး သူနှင့်အတူ ရယ်ကြရန် သူဖြေဖျော်နေသည်။

သို့သော်လည်း ... သို့သော်လည်း ... ယင်းသို့လျှင် ဖြေဖျော်သူများ ရော၊ ပွဲကြည့်ပရိသတ်များရော ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် ကခုန် သီဆိုနေချိန်တွင်..

လူရွှင်တော်ကြီး ရာဂျူးသည် သူ့အသည်းနှလုံး တည်ရှိရာ ရင်ဘတ်ကို လက်ဖြင့် ခဏခဏ ဖိနှိပ်ရင်း မခံမရပ်နိုင်အောင် နာကျင်လှသောကြောင့် မျက်နှာလည်း ရှုံ့တွန့် ရှုံ့တွန့် ဖြစ်သွားရသည်မှာ အခြားကြောင့်မဟုတ်။ သူ့အသည်းနှလုံးက အလွန်ကြီးထွား၍ လောကကြီးက အလွန်သေးငယ် နေသောကြောင့် ဖြစ်ပါသတည်း။

မောင်ပေါ်တွန်း [၁၁၊ ဩဂုတ်၊ ၀၅]

Whisper Of Words